

စောပြည့်ချမ်းသာ

လမင်းကြီးလည်းသာ
ကြယ်တွေလည်းစုံ
ကုံယ်နဲ့မင်းလည်းဆုံ

ပထမပိုင်း

ခိုင်ခိုင်သိန်း ရွှေကြည်
2007

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး	ဒို့အရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၇၄၂၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၀၇၂၁၀၇၀၇

ထုတ်ဝေသူ - ဒေါ်စိန်လှလှသန်းရင် (၃၆၆၀)
စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊
(၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့် ကျီကြာဆံလမ်း၊
မျိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်း၊
တာမွေပြိုနယ်၊ ရန်ကုန်။

မျက်နှာဖုံးနှင့် - ဒေါ်ခင်ခင်ဝင်း (ကလျာပုံနှိပ်တိုက်) (၀၂၆၇၀)
အတွင်းပုံနှိပ်သူ (၁၅၂)၊ ကျွန်းရွှေပြိုင်လမ်း၊
စုပေါင်းအိမ်ယာရပ်ကွက်၊
သဃ်ိန်းကျွန်းပြိုနယ်၊ ရန်ကုန်ပြို့။

အဖုံးပန်းချီ - သိန်းရွှေကြည်

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊
ဩဂုတ်လ။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၂၀၀ ကျပ်

ဖြန့်ချိရေး - ဖိုးထပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊ ၃၁လမ်း
ပန်းဘဲတန်းပြိုနယ်၊ ရန်ကုန်ပြို့။
☎ - 095163764

စောပြည့်ခြမ်းသာ

လမင်းကြီးလည်းသာ ကြယ်တွေလည်းဝုံ
ကိုယ်နဲ့မင်းလည်းဆုံ

(ပထမပိုင်း)



ပြုံးလေးပြည့်စာပေ

အမှတ်(၂၂၃)၊ အခန်း(C-4)

(၃၁)လမ်း (အထက်)၊ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်မြို့။

ဖုန်း - ၀၉၅၁၆၃၇၆၄

– တစ် –

ပြင်ဦးလွင်မြို့၊ ရက္ခဗေဒဥယျာဉ်ကြီးအတွင်းရှိ ရေကန်ကြီးနားတွင်ပါ။ မေအုပ်စိုးသည် ခရီးဆောင်အိတ်တစ်လုံးနှင့် စလင်းဘက်ကလေးကို တွန်စဘက်ကလွယ်၊ တစ်ဘက်ကဆွဲပြီး တစ်လှမ်းခြင်း လမ်းလျှောက်လာခဲ့၏။ မေအုပ်စိုးအသွင်လှလှလေးသည်ကလွှဲ၍ဟာမှ ဝမ်းနည်းခြင်း၊ ရက်လန့်ခြောက်ခြင်းခြင်းနှင့် လောကကြီးအား စိတ်ပျက်စိတ်ကုန်နေရာသည့် အရိပ်များလွှမ်းမိုးနေသည်ပါ။

မှန်သည်။ မေအုပ်စိုးသည် စိတ်ဒုက္ခဖိစီးမှုတွေ့ဖြင့် ရေကန်ကြီးနံဘေး တစ်လှမ်းခြင်းလမ်းလျှောက်လာခဲ့ရာမှ လူရှင်းသည့် တစ်နေရာအရောက် မေအုပ်စိုးသည် ရေစပ်အနီးတွင် သွားရောက်ရပ်လိုက်သည်။ ပြီးတော့ စိမ်းမှောင်နေသည့် ရေပြင်ဆီ မေအုပ်စိုး ငေးကြည့်သည်။ သူမအသွင်လေးသည် ဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော်ရန်အတွက် မိမိစိတ်နှင့်ကိုယ်အား ငြိမ်သက်မှုရှိစေရန် ကြိုးစားနေဖြစ်၏။

များ၌ နေကာမျက်မှန်ကိုတပ်ပြီး မျက်မမြင်တို့ကိုင်သည့် တုတ်တစ်ချောင်းကိုကိုင်ကာ စမ်း စမ်းပြီး မှန်မှန်လေးလျှောက်လာနေသည့် မင်းအုပ်စိုးသည်လည်း တိုက်ဆိုင်စွာဖြင့် သူဦးတည်ရာသည် မေအုပ်စိုး ရှိရာသို့ ဖြစ်နေလေ၏။

မှန်သည်။ မင်းအုပ်စိုး၏အသွင်သည်ဖြင့် တည်ငြိမ်နေသည်ပါ။ မင်းအုပ်စိုးသည် မျက်မမြင်ဘဝနှင့် စိတ်ဒုက္ခရောက်နေရသည် မှန်သော်လည်း သူ့မျက်နှာချောချောကဖြင့် လောကကြီးအား အရုံးမပေးတတ်သည့် လူစားမျိုးပုံပေါ်လွင်နေသည်ဟုဆိုကာ အမှန်ဆုံးဖြစ်၏။ သို့သော်လည်း သူသည် ယခုချိန်တွင်မတော့ အတတ်နိုင်ဆုံး လူတွေနှင့် ရောင်ရှားနေဖြစ်သည်။ အထူးသဖြင့် မိန်းမတွေနှင့် မပတ်သက်ချင်၊ မိန်းမတွေကို သူစိတ်ပျက်သည်။ စိတ်ပျက်ခြင်းသည် စိတ်နာခြင်းကို ဆိုလိုခြင်းဖြင့်မဟုတ်ပါ။

လက်ရှိအခြေအနေ၌ သူသည် လူတွေနှင့် ခပ်ကင်းကင်း နေချင်သည်၊ အထူးသဖြင့် မိန်းမတွေနှင့် ပို၍ကင်းရှင်းစွာနေချင်နေ၏။ သည့်အတွက်ကြောင့်လည်း သူသည် သူ့ပတ်ဝန်းကျင်နှင့် ဝေးသည့်နေရာသို့ ထွက်လာခဲ့ခြင်းပါ။ ခုဆို ပြင်ဦးလွင်တွင် သူနေနေသည်မှာ သုံးလပင်ပြည့်တော့မည်ဖြစ်သည်။ ယခင်နေ့များကဖြင့် သူသည် ကိုသိန်းနှင့်အတူ အမြဲလာသည်။ ခုဖြင့် အကျင့်ရသွားပြီမို့ သူတစ်ယောက်တည်းပင် သွားလာတတ်နေပြီဖြစ်၏။ မှန်သည်။ မင်းအုပ်စိုးသည်လည်း သူ့အလေ့အကျင့်နှင့်သူ တုတ်နှင့်စမ်းကာ လှမ်းလာနေဆဲ မေအုပ်စိုးသည်လည်း မိမိစလင်းဘက်ထဲ ရှာဖွေငံ့ကြည့်ပြီး စလင်းဘက်ကိုပြန်အပိတ်၊ မင်းအုပ်စိုး၏တုတ်သည် မေအုပ်စိုးရပ်နေသည့် ခြေနှစ်ချောင်းကြားထဲရောက်လာခိုက် မေအုပ်စိုးမှာ မြွေအမှတ်နှင့် ကို့ရိုးကားရားဖြစ်ကာ လန့်ဖြန့်ခုန်မိသွားလိုက်

ပြီးမှ မေအုပ်စိုးသည် ရေပြင်မှအကြည့်ကို ရုပ်သိမ်းပြီး မိမိလက်ခလယ်ဖောင်းဖောင်းအိအိလေးတွင် ဝတ်ထားသည့် စိန်တစ်လုံးလက်စွပ်ကလေးကို ခုမှသတိရသလိုငံ့ကြည့်ပြီး ချက်ချင်းချွတ်လိုက်သည်။ ပြီးတော့ ရေကန်ထဲသို့ အဝေးဆုံးရောက်အောင် လွှင့်ပစ်လိုက်၏။ မေအုပ်စိုးသည် နှုတ်ခမ်းလေးအား ပြုတ်ထွက်မတတ် ဖိကိုက်ထားသည်။ တစ်ဆက်တည်းလည်း မိမိကိုယ်မိမိ ရှက်လန့်နာကြည်းမှုတွေဖြင့် မျက်ရည်တွေသည် စီးကျလာ၏။ ခံစားရလွန်း၍လည်း ရှိက်သံလေးပင် ချုပ်တီးသည့်ကြားမှ တစ်ချက်ပေါက်ကွထွက်လာ၏။

"ငါကိုယ်ငါ စိတ်ပျက်လိုက်တာ၊ ငါဟာ ဒီလောက်တောပျော့ညံ့ရသလား၊ ဒီလောက်တောင်ပဲ နှုံ့အထုံထိုင်းရသလား၊ ဒီလောတောင်ပဲ အယုံလွယ်ပြီး လူကဲခတ်ညံ့ရသလား၊ တကယ်တော့လည်ငါ့ရဲ့ရိုးသားဖြောင့်မတ်မှုကို အခွင့်ကောင်းယူလိုက်တာပါပဲ၊ စာစ်ာလူရဲ့ ရိုးသားဖြူစင်မှုနဲ့ ယုံကြည်မှုတွေအပေါ် အခွင့်ကောင်းယူတ်ဆိုကတည်းက အဲဒီလူဟာလည်း လူကောင်းမဟုတ်လို့ပဲပေါ့၊ ငါ့အဖြစ်တွေကို ငါဆက်တောင်မတွေးရဲဘူး၊ ငါရှက်လိုက်တာ၊ ဆေပစ်လိုက်ဖို့ပဲကောင်းတယ်၊ ဟုတ်တယ် ဒီလိုအရှက်တကွဲ အရနည်းဖြစ်ရပ်ကြီးကို ငါရင်မဆိုင်ရဲဘူး၊ ငါသေဖစ်လိုက်တာပဲ ကောတယ်. . .

မေအုပ်စိုးတစ်ယောက် မိမိဘာလုပ်ရမည်ကိုစဉ်းစားပြီး ငံ့ကိုယ်မိမိ ငံ့ကြည့်သည်။ ပြီးတော့ မိမိခရီးဆောင်အိတ်၊ စလင်းဘအိတ်နှင့် အိတ်ထဲမှမိမိ၏ဟဲန်းဖုန်း၊ မှတ်ပုံတင်၊ မှတ်စုစာအုပ်တိုလိမိုလီပစ္စည်းလေးတွေဆီ မွေ့နှောက်ကာ ငံ့ကြည့်နေဆဲအ

ရသည်မတော့. . .

"ဟာ ငါ့မျက်မှန်. . ."

"ဗွမ်း. . ."

"အမလေး ကယ်ပါဦး ကယ်ပါဦး. . ."

"အို ငါ့တုတ်လည်း ဘယ်ရောက်သွားပြီလဲမသိဘူး၊ ငါ့မျက်မှန်လည်း ဘယ်နားကျသွားလဲမသိဘူး၊ ဒုက္ခတော့ဖြစ်ပြီ. . ."

"ဟုတ်တယ်၊ ဒုက္ခဖြစ်နေတယ်၊ ဒီမှာဆွဲတင်ပါဦး၊ ဆွဲတင်ပါ၊ မြန်မြန်ဆွဲတင်ပါ၊ ကျွန်မရေမကူးတတ်ဘူး၊ ကျစောမယ်၊ အားလုံးကျတော့မယ်၊ ဆွဲပါရှင့် မြန်မြန်ဆွဲပါ. . ."

"ဟင် ဘယ်မှာလဲ၊ ဘယ်နားမှာလဲ. . ."

အသံကြားနေရ၍ မင်းအုပ်စိုးမှာလိုက်စမ်းသည်တွင် သူ့မျက်မှန်ကို ပြန်စမ်းမိသွား၍ ပြန်ကောက်တပ်လိုက်သည်။ ပြီးတော့ သူသည် သူ့တုတ်ကိုပြန်ရှာဖွေကြည့်နေပြန်၍ ရေထဲတစ်ကိုယ်လုံး ကျတော့မည့် မေအုပ်စိုးမှာ မြက်ပင်တွေကိုဆွဲထားရင်းက သူ့ထံ

"ဒီမှာ ဒီမှာရှင့်၊ ကျွန်မရေထဲကျတော့မယ်၊ တစ်ပိုင်းတော်ောင် ရေထဲရောက်နေပြီ၊ ကျွန်မကို မြန်မြန်ဆွဲတင်ပါ၊ ကူညီပါ၊ ရှင့်ပစ္စည်းတွေ ကျွန်မဝိုင်းရှာပေးပါ့မယ်. . ."

"ဆွဲတင်ပါ့မယ်၊ စိတ်မရှိပါနဲ့၊ ခင်ဗျား ကျွန်တော့်ကို အသံပေးနေ၊ ဘယ်မှာလဲ အသံပေး. . ."

"ဒီမှာ ဒီမှာ. .ရှေ့နည်းနည်းတိုးလေ၊ ရှင်ကလည်း မမြင်ဘူးလား၊ ကျွန်မမြက်တောထဲမှာ၊ လက် – လက်ကိုဆွဲလေ. ."

"ဟုတ်ကဲ့ ဟုတ်ကဲ့. . ."

မင်းအုပ်စိုးဆိုရင်း ဒူးထောက်လေးဘက်ကုန်းပြီး မြက်ပင်

ထွေကိုစမ်းသည်။ ပြီးမှ မြက်ပင်တွေကြားမှ လက်ကလေးတစ်ဘက်ကို မင်းအုပ်စိုး စမ်းကိုင်မိသွား၏။

"ဆွဲ. .နည်းနည်းဆွဲလေ၊ မလွတ်နဲ့နော်၊ မလွတ်လိုက်နဲ့နော်. . ."

"စိတ်ချပါ၊ ဆွဲထားတယ် မလွတ်ဘူး. . ."

သူတို့စကားတွေဆိုရင်း တစ်ယောက်ကဆွဲတင်သည်။ တစ်ယောက်ကလည်း ရေစပ်မှကုန်းပေါ်ကြိုးစားတက်လိုက်ရသည်။ ပြီးမှ သူတို့နှစ်ဦးသားမှာ ရေစပ်လေးတွင် ထိုင်ဖြစ်သွားကြပြီး စိတ်တွေလှုပ်ရှားသွားကြရ၍ မောဟိုက်နေကြတော့၏။ မင်းအုပ်စိုးသည်ကမျက်နှာချင်းဆိုင်သာ ထိုင်နေရသည်။ ဘာမှမမြင်၍ ဘာမှစကားဆက်မဆိုပဲရှိနေ၏။ မေအုပ်စိုးသည်လည်း ခုမှသူ့ကိုသတိထားမိသွားရပြီး. . .

"ရှင် မျက်လုံးမမြင်ဘူးလားဟင်. . ."

"ဟုတ်တယ်. . ."

"ဩော် အားနာလိုက်တာ၊ ကျွန်မက ရှင်မြင်နေတယ်ထင်လို့ပါ. . ."

"ကိစ္စမရှိပါဘူးဗျာ၊ ရပါတယ်. . ."

"စောစောက ကျွန်မလက်နဲ့ထိပြီး ရှင့်မျက်မှန်ပြုတ်ကျသွားတာထင်တယ်. . ."

"ဟုတ်တယ်. . ."

"ရှင့်မျက်လုံးအကောင်းကြီးတွေကို တွေ့လိုက်တော့ ကျွန်မလည်း ရှင်မြင်နေတယ်ထင်လို့ပါ. . ."

"ကိစ္စမရှိပါဘူးဗျာ၊ ရပါတယ်. . ."

"စောစောက ကျွန်မလက်နဲ့ထိပြီး ရှင့်မျက်မှန်ပြုတ်ကျသွား

"အမလေး အိုး. . ."

သူ့အနီးသို့ မေအုပ်စိုး အပြေးရောက်သွားပြီး ညင်သာစွာ ဖေးမကူညီ၍ ထူမလိုက်၏။

"ကျွန်မစိတ်မကောင်းလို့ကတာ၊ ကျွန်မလိုက်ပို့မယ်နော်၊ သွားရင်းနဲ့လည်း တူတာတစ်ခုခုရှာတာပေါ့၊ ခဏရပ်နှေဦးနော်၊ ဟိုမှာ ကျွန်မအိတ်ကလေးတွေ သွားယူလိုက်ဦးမယ်. . .

ဆိုရင်း မေအုပ်စိုးလည် သူ့ကိုခဏထားခဲ့ပြီး ခရီးဆောင်အိတ်လေးကို သွားပြေးယူလိုက်သည်။ ပြီးတော့ မေအုပ်စိုးသည် လက်တစ်ဘက်က သူ့ကိုတွဲပြီး ကျွန်လက်တစ်ဘက်က စလင်းဘက်နှင့် ခရီးဆောင်အိတ်ကိုဆွဲကာ နေရာမှလှမ်းထွက်ခဲ့လိုက်ကြလေ၏။

"အားနာလိုက်တာဗျာ၊ ကျွန်တော့်ကိုလိုက်ပို့တော့ ခင်ဗျား မိသားစုကလိုက်ရှာရင် ဘယ်လိုလုပ်မလဲ. . .

"စိတ်ချပါ၊ ကျွန်မတစ်ယောက်တည်းပါ၊ မိသားစုမရှိပါဘူး" ဗျာ တစ်ယောက်တည်းနေတာလား၊ ပြင်ဦးလွင်ရဲ့ဇည့်သည်လား. . .

"ဟုတ်ကဲ့၊ ကျွန်မ ပြင်ဦးလွင်ရဲ့ဇည့်သည်ပါ၊ ဒါပေမယ့် ကျွန်မ ဒီမှာပဲအလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ. . .

ဘာအလုပ်လဲဟင်. . .

"ကျွန်မက ကလေးတွေကို စန္ဒယားတီးသင်ပေးတဲ့ ဆရာမပါ၊ ဒီမြို့မှာ စန္ဒယားအတီးသင်တဲ့သင်တန်းကျောင်းလေး ဖွင့်ထားတယ်၊ ကျွမ်းကျင်တဲ့ဆရာမလည်း ခေါ်ထားလို့ ကျွန်မဒီကိုလာခဲ့တာပါ. . .

"ဩော် ဒါနဲ့ ဆရာမနာမည်က ဘယ်လိုခေါ်လဲ. . .

"ကျွန်မနာမည် မေအုပ်စိုးပါ. . .

တာ ထင်တယ်. . ."

"ဟုတ်တယ်. . ."

"ရှင့်မျက်လုံးအကောင်းကြီးတွေကို တွေ့လိုက်တော့ ကျွန်မလည်း ရှင်မြင်နေတယ်ထင်လို့ပါ. . ."

"ဒါပေါ့ ထင်စရာပဲလေ၊ ဒါနဲ့ ကျွန်တော့်တုတ်တစ်ချောင်း အဲဒီနားမှာ တွေ့မိလား. . ."

"စိတ်မကောင်းပါဘူးရှင်၊ ရှင့်တုတ်လည်း ရေထဲကျသွားပြီ"

"ဩော် ဟုတ်လား၊ ကျွန်တော်လည်း တောင်းပန်ပါတယ်၊ ကျွန်တော့်ကြောင့် ဖြစ်သွားတာထင်တယ်. . ."

"အင်း ဟုတ်တယ်၊ ရှင့်တုတ်က ကျွန်မခြေထောက်ကြားထဲဝင်လာတော့ မြွေထင်ပြီး ကျွန်မလည်း လန့်ခုန်မိတာ. . .

"တောင်းပန်ပါတယ်ဗျာ. . .

"ကိစ္စမရှိပါဘူးရှင်၊ အခု ရှင်ဘယ်လိုလုပ်မလဲဟင်. . ."

"ရပါတယ်၊ ကျွန်တော် ဖြည်းဖြည်းသွားမယ်. . ."

သူဆိုရင်းနေရာမှထလိုက်သည်။ ပြီးတော့ သူ ဘယ်ဘက်လည်ရမှန်းမသိဖြစ်နေ၍ မေအုပ်စိုးကပင် သူ့ကိုကိုင်ကာ လှည့်ပေးလိုက်သည်။

"သွားပြီနော်. . ."

"ဟုတ်ကဲ့. . ."

သူ တစ်လှမ်းချင်းထွက်သွားလိုက်သည်။ မေအုပ်စိုးသည် သူ့ကိုလှမ်းကြည့်ပြီး စိတ်ဖူနေမိသည်။ သူ့အတွက် ဘယ်လိုစီစဉ်ပေးရင်ဒေါင်းမလဲဟု စဉ်းစားနေဆဲပင် မင်းအုပ်စိုးသည် မလှမ်းမကမ်းဘရောက်၍ ခလုတ်တိုက်လဲသွားလိုက်ရလေ၏။

"အား. . ."

တော့ ရပါတယ်၊ ရော့ ကိုင်ထား. . ."

ဆိုရင်း သူ့လက်ထဲ မေအုပ်စိုး တုတ်ကလေးထည့်ပေးသည်။ စကားတွေဆိုလာပေမယ့် မေအုပ်စိုးသည် သူ့ကိုတစ်လှမ်းချင်းတွဲ၍ ဂရုတစိုက်ရှိလာသည့် နွေးထွေးမှုတွေကို သူ့စိတ်က အလို အလျောက် ခံစားရရှိနေသလိုပါ။

"ဒါနဲ့ အိမ်ကဘယ်မှာလဲဟင် ဝေးလား၊ ဆေးရင် ကားငှားပြီး ပြန်ပို့ပေးပါ့မယ်. . ."

"မဝေးပါဘူး မေအုပ်စိုး၊ လမ်းလျှောက်ကောင်းရုံလေး လောက်ပဲရှိပါတယ်၊ (× ×)လမ်းမှာပါပဲ. . ."

"ဩော် ဒါဆိုနီးနီးလေးပဲ၊ ဒါကြောင့် ကိုစိုးစိုးက ဒီကို လမ်းအမြဲလျှောက်နေတာထင်တယ်. . ."

"ဟုတ်တယ်. . ."

တဖြည်းဖြည်းလျှောက်ရင်း မင်းအုပ်စိုးနေသည့်ခြံနှင့် နီးလာပြီဖြစ်သည်။ မေအုပ်စိုးမှာ မိမိလည်းသွားရဦးမည်ဖြစ်၍ နာရီလေးဆယ် တစ်ချက်ကြည့်လိုက်ပြီး နေရာတွင်ရပ်လိုက်သည်တွင် မင်းအုပ်စိုးလည်း ရပ်လိုက်သည်။

"ပြပါဦး ကိုစိုးစိုးနေတဲ့ခြံက ဘယ်ခြံလဲ. . ."

"အခုရပ်နေတာက ခြံနဲ့ဘယ်လောက်ဝေးလဲ. . ."

"ကိုက်ငါးဆယ်လောက်ပဲ လိုပါတော့တယ်. . ."

"ဒါဆိုရင်တော့ အခုလက်ညှိုးထိုးပြလိုက်မယ်။ အခု လက်ညှိုးထိုးပြတဲ့နေရာတစ်ခြမ်းပဲ၊ အဲဒီမှာ ကိုယ်နေတယ်. . ."

"ဟုတ်ပြီ မှတ်ထားလိုက်မယ်နော်၊ ကဲ တုတ်ကလေးနဲ့စမ်းပြီး သွားကြည့်ပါဦး. . ."

"ကိုယ့်အိမ်နားရောက်မှတော့ ကိုယ်ဘယ်လိုသွားသွား

"ဗျာ ဘယ်လို မေအုပ်စိုးဟုတ်လား အဟွန်း ဟွန်း. ."

"ဟုတ်တယ်၊ ရှင် ဘာရယ်တာလဲဟင်. . ."

"ဩော် နာမည်လေးလှလို့၊ သဘောကျလို့ပါဗျာ၊ ဒါနဲ့ မေအုပ်စိုးကျောင်းက ဘယ်မှာရှိတာလဲဟင်. . ."

"(× ×)လမ်းမှာပါ၊ ခြံနံပါတ်(× ×)မှာ သင်တန်းဖွင့်ထားတယ်၊ ရှင်ကော စန္ဒာယားတီးတတ်လား. . ."

"ကျွန်တော်မတီးတတ်ပါဘူး၊ ဒါပေမယ့် အနုပညာကို ကျွန်တော်ဝါသနာပါတယ်၊ စန္ဒယားသံကို ကျွန်တော်အနှစ်သက်ဆုံးပဲ. . ."

"ကျေးဇူးတင်ပါတယ်ရှင်၊ ဒါနဲ့ ရှင့်နာမည်လည်း ပြောပြပါဦး. . ."

"ကျွန်တော့်နာမည် .အင်း. .ကျွန်တော့်နာမည်က စိုးစိုးပါ. . ."

"ဟုတ်ကဲ့ သိရတာဝမ်းသာပါတယ်၊ ကိုစိုးစိုးကရော ဒီကပဲလားဟင်. . ."

"ကျွန်တော်လည်း ဇည့်သည်ပါ၊ ဒါနဲ့ မေအုပ်စိုးကျောင်းကို ကျွန်တော်လာရင်ရမလား. . ."

"ကျောင်းပရှင် ရတာပေါ့၊ အခု လောလောဆယ်မှာ ကျွန်မက လုပ်အားပေးသဘောပဲ လုပ်ပေးနေပါသေးတယ်၊ အလုပ်လက်မခံရသေးပါဘူး၊ ရှင် အနုပညာကို စိတ်ဝင်စားရင် လာလို့ရပါတယ်"

သူတို့စကားတွေဆိုရင်း ရက္ခဗေဒဥယျာဉ်ကြီး အပြင်ဘက်သို့ ရောက်လာကြပြီဖြစ်၏။ တစ်နေရာအရောက်၌ မေအုပ်စိုးသည် တုတ်တစ်ချောင်းကိုတွေ့၍ ကောက်ယူလိုက်ပြီး. . .

"အတော်ပဲ တုတ်ကလေးတစ်ချောင်း၊ အခု ခဏလေးသုံးလို့

ရန်ကုန်အထိသွားပြီး အလုပ်တစ်ခုခုရှာမည်ဟု ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်ကမဖြစ်ဘဲ ကိုယ့်ဟာနှင့်ကိုယ် စိတ်ဒုက္ခတွေဖြစ်ပြီး ရက္ခဗေဒဉာဏ်သို့ ရောက်သွားခဲ့၏။ ထိုကမှ မထင်မှတ်တာတွေ ဖြစ်ပြီး မျက်မမြင်ကိုစိုးစိုးနှင့်တွေ့ပြီး မိမိအိမ်သို့ပင် ပြန်ရောက်လာခဲ့ ဖြစ်လေ၏။

"ဟူး ညြော် လောကမှာ လူတွေဟာ ဖြစ်ချင်တိုင်းလည်း မဖြစ်ရ၊ မဖြစ်ချင်တာတွေလည်း ဖြစ်ရဆိုတာ ငါကိုပြောတာနဲ့တူတယ်၊ ခုကြည့်လေ ငါစီစဉ်နေတာကတစ်မျိုး၊ ငါလုပ်နေတာက တစ်မျိုးဖြစ် နေတယ်မဟုတ်လား၊ ဟင်း ငါဒီမှာပဲ အေးအေးဆေးဆေးလေးနေပြီး ငါ့စိတ်တွေငြိမ်သက်သွားမှ ငါတစ်ခုခုဆုံးဖြတ်တာပိုပြီးကောင်းမယ်"

အတွေးနှင့် မေအုပ်စိုးသည် ခရီးဆောင်အိတ်လေးကို အိပ်ခန်းထဲ ပြန်သွင်းခဲ့လိုက်ပြီး အိပ်ယာထက်၌ညင်သာစွာ လှဲအိပ်ချလိုက်လေ၏။ သည့်နောက် မေအုပ်စိုးသည် ခေါင်းရင်းရှိ စားပွဲထက်မှ အယ်လ်ဘမ်စာအုပ်လေးကို လှမ်းယူကြည့်လိုက်သည်။ ထိုဓာတ်ပုံတွေက မိမိ၏ဇာတိမြေ ကလောမြို့တွင်ရိုက်ထားသည့် ဓာတ်ပုံတွေပါ။ မိမိသည် ကလောမြို့တွင်လည်း ကလေးတွေကို စန္ဒယားတီးသင်ပေးသည့် ဆရာမအလုပ်ကိုသာ လုပ်ကိုင်ခဲ့၏။ မိမိနှင့်သင်တန်းသူလေးများ၊ မိမိနှင့်သူငယ်ချင်းများ၊ မိမိနှင့်ဆရာမကြီးများစသည်ဖြင့် ဓာတ်ပုံတွေကို အမှတ်တရရိုက်ဖြစ်ခဲ့သည်။ ဓာတ်ပုံတွေကြည့်ရင်းမှ သင်တန်းဆင်းပွဲ အထိမ်းအမှတ်အဖြစ် ရိုက်ထားသည့် ဓာတ်ပုံလေးဆီ ကြည့်မိလိုက်သည်မတော့. . .

"ဘယ်မလဲ မေအုပ်စိုးဆိုတဲ့ ကောင်မ၊ ဟိုကောင်မလား မေအုပ်စိုးဆိုတာ ညီးကိုစာရင်းရှင်းဖို့လာတာ၊ ညီးနဲ့ စာရင်းရှင်းစရာရှိတယ်၊ အရှက်မရှိတဲ့မိန်းမ၊ ရုပ်ကလေးကြည့်တော့ လှတပတနဲ့

သွားတတ်ပါတယ်ဗျာ အဟွန်း. . ."

သူဆိုရင်း ပြီးရင်းက တုတ်ကလေးနှင့် စမ်းသွားလိုက်သည်။ မေအုပ်စိုးသည် သူ့ကိုစိတ်ချရသည်အထိ လှမ်းကြည့်နေပြီးမှ နေရာမှ လှမ်းထွက်သွားလိုက်လေ၏။ မင်းအုပ်စိုးသည်က မေအုပ်စိုးထွက်သွားလိုက်ပြီကိုမသိ။ သူနှင့်အတူပါလာတယ်ထင်ပြီး စကားတွေပြော၍ ခြေရှေ့သို့ရောက်လာခဲ့လေ၏။ သူ့ကိုမြင်သည်တွင် ကိုသိန်းက အပြေးထွက်၍ကြိုသည်။

"ကဲ ဝင်ပါဦး မေအုပ်စိုး၊ ဒါကိုယ့်ရဲ့အိမ်ပဲ၊ ကိုသိန်း... ဧည့်သည်ကိုခေါ်ပါဦး. . ."

"ဗျာ သူဌေး၊ သူဌေးနဲ့အတူ ဘယ်သူမှလဲ မပါပါဘူး"

"ဟင်. . ၊ ညြော်. . .

ကိုသိန်းပြောသည့်စကားတွင် သူသည် ငြိမ်သက်သွားလိုက်ရလေသည်။ တစ်ဆက်တည်းလည်း သူ့စိတ်ထဲ၌ တစ်ခုခုလိုအပ်သလို ခံစားမှုမျိုး သူခံစားမိလိုက်သလိုပါ။ သူ့အသွင်သည်လည်း ရုတ်ချည်းငြိမ်ကျချွတ်သွားသည်။ သည့်နောက် သူသည် ဧည့်ခန်းထဲသို့ ဝင်ခဲ့ပြီး ဆိုဖာကြီးတစ်ခုတွင် ညင်သာစွာလှဲအိပ်ချလိုက်လေ၏။ မှန်သည်။ သူသည် ငြိမ်သက်စွာဖြင့် မေအုပ်စိုးအကြောင်းအားတွေးနေဖြစ်သည်က အမှန်ပါတည်း။

× × × × ×

ပြင်ဦးလွင်မြို့၏ တိုးချဲ့မြို့သစ်နေရာလေးတွင် ဝယ်ထားသည့် ခြံလေးနှင့်တိုက်ပုလေးဆီသို့ မေအုပ်စိုး ပြန်လာခဲ့သည်။ အိမ်တံခါးဖွင့်ပြီး အိမ်ထဲသို့ဝင်ခဲ့သည်။ ပြီးတော့ ပြူတင်းတံခါးတွေကို ဖွင့်လိုက်သည်။ တယ်တော့ သည်နေ့မနက်လေးဆင်းမည်၊ ဖြစ်နိုင်လျှင်

ညီး ဒီလောက်တောင်ပဲ လင်ရှားသလားအေ့. . .”

“အိုး ဟင် ဟာ. . .”

သင်တန်းဆင်းပွဲသို့ တက်ရောက်ချီးမြှင့် အားပေးကြသည့် ကလေးမိဘလူကြီးဧည့်သည်များအား လုံးထံမှ အာမေဋိတ်သံတွေ ပြိုင်တူထွက်ပေါ်လာကြရသည်။

“ဒီမှာ ဒါဖိတ်စာက ညီးရဲ့မင်္ဂလာဖိတ်စာမဟုတ်လား၊ အရှက်မရှိလိုက်တာ၊ ဟဲ့ လင်ခိုးမရဲ့၊ အဲဒါ ငါ့လင်ဟဲ့၊ ဟင် ညီးက ငါ့လင်နဲ့မှမင်္ဂလာဆောင်ချင်သေးတယ်ပေါ့ ဟုတ်လား၊ ငါ့လင်က သူ့မှာအိမ်ထောင်ရှိပါတယ်လို့ ညီးကိုဒီလောက်တောင်းပန်နေတာတောင်မှ ညီးက မရမက ငါ့လင်နဲ့မှ မင်္ဂလာဆောင်ချင်တယ်ဟုတ်လား၊ ညီး ဒီလောက်လင်ရှားသလား၊ ညီး ဒီလောက် ငါ့လင်ကိုမှ မက်သလား၊ အေး ညီးမှအရှက်မရှိပဲ၊ အရှက်မရှိတဲ့ မိန်းမကို ငါကလည်း ဖြောင့်အရှက်လာခွဲတယ်၊ ကဲ ညီးအဲဒီလိုကြိုက်တယ် မဟုတ်လား၊ ဒီမှာဟဲ့ ညီး ငါ့လင်နဲ့တော့ မင်္ဂလာဆောင်ရဘူး၊ ဟောဒီငါ့လက်ဝါးနဲ့ ညီးပါးနဲ့ပဲ ညားပစေ – ဖြန်း ဖြန်း. . .”

“အမ်ေ. . .”

အရှက်တကွဲ အကျိုးလည်းနည်းရ၊ နာကြည်းခံပြင်းစရာလည်း ကောင်းလှသည့် အတိတ်ပုံရိပ်ကြောင့် မေအုပ်စိုးသည် ရှက်လန့်တုန်ခိုက်စွာဖြင့် ဓာတ်ပုံစာအုပ်လေးပင် ပိတ်ပစ်လိုက်မိပါတော့၏။ အတိတ်ဆိုးသည် အရိပ်လိုကပ်နေသကဲ့သို့ ရှိ၍ မိမိ၏ရှက်လန့်ကြောက်ရွံ့စိတ်များသည် ခုတိုင် မိမိကိုယ်နှင့်စိတ်တွင် စွဲထင်နေရဆဲပါ။ မှန်သည်။ မိမိသည် လူပုံအလယ်တွင် အရှက်ကွဲခဲ့ရသည်။ ကိုယ်ကျိုးနည်းခဲ့ရသည်။ မိမိသည် ခုတိုင်ဘာမှပြန်၍ ဘယ်သူ့ကိုမှ မဖြေရှင်းပြနိုင်ခဲ့ပါ။ မိမိတွင်ပြောဆိုချင်စိတ်တွေလည်း မရှိတော့ပါ၊

ညံ့ဖျင်းလွန်းသော မိမိကိုယ်မိမိသာ အပြစ်ပုံချထားပြီးပါပြီ။

မှန်သည်။ မိမိသည် ခေတ်ပညာတတ်တစ်ဦးဖြစ်ပါလျက် အလွန်မှ ညံ့ဖျင်းသည့် မိန်းမတစ်ယောက်မို့ မိမိသည် အိမ်ထောင်ရှိပြီး စိတ်ဓာတ်ရော ကိုယ်ကျင့်တရားပါမကောင်းသည့် အမျိုးသားတစ်ယောက်နှင့် ပတ်သက်ခဲ့မိဖူးပါ၏။ ထိုအမျိုးသားနှင့် မိမိသည် မင်္ဂလာဆောင်တော့ရန် ဖိတ်စာများရိုက်ပြီးသည့်အချိန်ထိ ပတ်သက်ခဲ့၏။ သို့သော် မိမိသည် ထိုအမျိုးသားနှင့် နှစ်ဦးတည်းမချိန်းတွေ့ခဲ့ဖူးပါ။ သူလာလျှင် သူငယ်ချင်းများနှင့် ဆရာမကြီးများရှေ့တွင်သာ စကားပြောဖြစ်ခဲ့ကြပါသည်။

ထိုအမျိုးသားသည် သန့်ပြန့်ချောမောသည့် သူ့ရုပ်ရည်ကို ဗန်းပြပြီး အမျိုးကောင်းသမီးများအား မည်မျှဖျက်ဆီးခဲ့ပြီကို ခန့်မှန်း၍ မရတော့ပါ။ မိမိသည် သူ့ရုပ်ရည်သန့်ပြန့်မှုကို အထင်ကြီးခဲ့မိသည်။ သူ့စကားတွေကို ယုံကြည်မိသည်။ အထင်ကြီးစွာ ဟန်လုပ်နေထိုင်ပြောဆိုခဲ့သည့် သူ့အသွင်အား နည်းနည်းမှသံသယမဖြစ်ခဲ့။ ရိုးသားစွာ အထင်ကြီးခဲ့မိပါ၏။ ထိုလူက မိမိ၏ရိုးသားခြင်းအား အသုံးချသွားသည်။ ကံကောင်းသည်ဟုဆိုရမည်၊ မိမိ၏စည်းကမ်းရှိခြင်းနှင့် နှုံးညံ့သိမ်မွေ့စွာနေထိုင်တတ်ခြင်း၏ ရလဒ်အဖြစ် မိမိသည်ဘဝအဆုံးတိုင် နစ်နာမှုမရှိခဲ့သည်ကိုပင် ကျေးဇူးတင်ရပေမည်မဟုတ်ပါလား။

အတိတ်ပုံရိပ်တွေကို မြင်ယောင်ကာ တွေးရင်း ကြောက်ရွံ့ရွက်လန့်မှုတွေနှင့် စီးကျလာသည့် မျက်ရည်တွေက မေအုပ်စိုး မျက်နှာလေးထက်တွင် ရွှဲနစ်နေရသည်ပါ။ ယောကျ်ားတွေကို မေအုပ်စိုး အနေနှင့် ကြောက်လန့်သွားရပြီဖြစ်၍ နောင်များ ယောကျ်ားတွေနှင့် မပတ်သက်တော့ရန် မေအုပ်စိုးဆုံးဖြတ်လိုက်၏။ သို့သော်လည်း

(နှစ်)

သည်နေ့ ဈေးသို့စောစောသွားပြီး မေအုပ်စိုးသည် ကိုစိုးစိုးအတွက် ကျိုက်ထီးရိုးလုပ်ပုံစံ ဝါးလုံးတုတ်တစ်ချောင်းကို ဝယ်လာခဲ့သည်။ ကိုစိုးစိုးသည် မျက်မြင်ဒုက္ခိတလည်းဖြစ်၊ မိမိကြောင့် သူ့တုတ်လည်း ရေထဲကျသွားရ၍ စာနာထောက်ထားမှုနှင့် သူ့အခက်အခဲကိုဖြေရှင်းပေးရလည်းရောက်အောင် ကိုစိုးစိုးအတွက် တုတ်ကို ဝယ်ခဲ့ခြင်းပါ။ ဈေးမှ တုတ်ဝယ်ပြီးသည်တွင် မြင်းလှည်းငှားပြီး မေအုပ်စိုးထွက်ခဲ့လိုက်သည်။ ထိုအချိန်များ၌ပင် မင်းအုပ်စိုးသည်လည်း ဈေးသို့သွားပြီး တုတ်တစ်ချောင်းဝယ်ရန်အတွက် အိမ်မှထွက်ရန်ပြင်ဆင်နေ၏။

"သူဌေး. .အပြင်ထွက်မလို့လား. . ."

"ဟုတ်တာပေါ့. . ."

"ကျွန်တော်လိုက်ခဲ့ရမလား၊ ကျွန်တော် ဘာလုပ်ပေးရမလဲ သူဌေး. . ."

"ကိစ္စမရှိပါဘူး ရတယ်၊ မနေ့က တုတ်ကလေးသာပေးပါ"

"ဟုတ်ကဲ့ခင်ဗျာ. . ."

ကိုသိန်းတစ်ယောက် မနေ့ကတုတ်ကလေးကို သွားယူပေးလိုက်သည်။

"သူဌေး. .ဒီတုတ်က. . ."

"ဟုတ်တယ်၊ ကိုယ့်တုတ်မျောက်သွားတယ်၊ အခုဈေးသွားပြီး ကိုယ် တုတ်သွားဝယ်မယ်. . ."

"ဒါဆိုဖြစ်ပါ့မလား၊ ကျွန်တော်လိုက်ပေးမယ်လေ. . ."

မေအုပ်စိုးသည် ဝင်ကိုယ်စရိုက်ကိုက နူးညံ့သိမ်မွေ့လွန်းသည်။ ဝင်းပကြည်စင်၍ သွယ်ပျောင်းသော ရုပ်ကလေးနှင့်လိုက်ဖက်စွာပင် မေအုပ်စိုးသည် နူးညံ့သည်၊ နှိမ့်ချသည်၊ သည်းခံသည်၊ ယဉ်ကျေးသိမ်မွေ့သူလေးဖြစ်၏။ စကားနည်းပြီး အေးဆေးသည်၊ တည်ငြိမ်သည်။ သူမစိတ်ဆိုးဒေါသဖြစ်သည်ပင် သူမ၏အသွင်သည် သိပ်ပြောင်းလဲသွားခြင်းမရှိသလိုပါ။

အနုပညာသည်လေးမို့လည်း စိတ်နလုံးကပျော့ပျောင်းသည်။ ငယ်စဉ်ကတည်းက အေးချမ်းစွာ နေထိုင်လာခဲ့ရသူလေးမို့လည်း သူမ၏စိတ်ရင်းခံသည် တစ်ဘက်သားအပေါ်၌ ကြင်နာသနားတတ်၏။ အပြစ်မမြင်ဘဲ ခွင့်လွှတ်တတ်သည်။ တစ်ဘက်လူအား ကူညီတတ်သည်၊ အနှစ်နာခံပေးနိုင်စွမ်းလည်း ရှိသည်။ မည်သို့ဖြစ်စေ အရင်းခံစိတ်ဓာတ်ကလေးကဖြင့် ဖျောက်ဖျက်၍မရသည့်အတွက်ကြောင့်လည်း မေအုပ်စိုးသည် သည့်နေ့ကိုစိုးစိုးနှင့်တွေ့သည်တွင် လိုက်၍ကူညီပေးခဲ့ဖြစ်ခြင်းပါ။

နောက်ဆုံး မေအုပ်စိုးသည် မိမိထံသို့ မမျှော်လင့်ဘဲရောက်လာပြီး ရိုင်းစိုင်းကြမ်းတမ်း ခက်ထန်စွာဖြင့် မိမိအားပြောဆိုဆက်ဆံသွားသည့် အမျိုးသမီးကြီးနှင့် သူမ၏ခင်ပွန်းပါဟု ပြောဆိုသွားသည့် မိမိနှင့်ပတ်သက်ခဲ့ဖူးသည့် လူတွေ၏မျက်နှာတွေကို မိမိအာရုံတွေမှ ဖျောက်ဖျက်ကာ မျက်ရည်တွေကိုသုတ်ပစ်ပြီး မိမိဘဝရှေ့လျှောက်ရမည့်လမ်းကိုသာ စဉ်းစားရွေးချယ်ဖြစ်ရပါတော့သတည်း။ ။

❖

"ရပါတယ် နေခဲ့ပါ. . ."

သူဌေးကဆိုနေတော့လည်း အလုပ်သမားဖြစ်သည့် ကိုသိန်းသည် ထပ်မကွန့်ရဲတော့။ သည့်အတွက် အိမ်တံခါးနှင့်ခြံတံခါးကို လိုက်ဖွင့်ပေးလိုက်သည်။ သည့်နောက် သူသည် မနေ့က မေအုပ်စိုးပေးခဲ့သည့် တုတ်ကလေးကိုသာကိုင်ပြီး စမ်း၍လျှောက်ခဲ့၏။ ထိုအချိန်များ၌ မေအုပ်စိုးသည်လည်း မြင်းလှည်းကိုတစ်နေရာတွင် ရပ်ခိုင်းခဲ့ပြီး မင်းအုပ်စိုးပြသည့်ခြံက မရေရာ၍ စမ်းတဝါးဝါးဖြင့် လျှောက်လာခဲ့လေ၏။ တစ်နေရာအရောက်မတော့ မင်းအုပ်စိုးတစ်ယောက် မနေ့က မိမိပေးလိုက်သည့်တုတ်ကလေးနှင့်ပင် စမ်းပြီး လမ်းလျှောက်လာနေသည်ကို တွေ့လိုက်ရသည်တွင် မေအုပ်စိုးသည် စိတ်မကောင်းဖြစ်သွားရပြီး သူ့ထံသို့ ပြေးသွားဖြစ်ရလေ၏။

"ကိုစိုးစိုး. . ."

"ဗျာ မေအုပ်စိုးလား. . ."

"ဟုတ်တယ်၊ ကိုစိုးစိုး ဘယ်သွားမလို့လဲဟင်. . ."

"ဟို ကျွန်တော် ဒီလိုပဲလမ်းလျှောက်တာပါ. . ."

"အို တုတ်လည်းမကောင်းပဲနဲ့ လမ်းမလျှောက်ပါနဲ့၊ ပြီးတော့ တစ်ယောက်တည်းဆိုတော့ အန္တရာယ်များပါတယ်ရှင်. . ."

"မေအုပ်စိုးကရော ဘယ်ကိုလာတာလဲ၊ ကျွန်တော့်ဆီလာတာလား. . ."

"ဟုတ်တယ်၊ ကျွန်မ ရှင့်အတွက် ဈေးမှာတုတ်သွားဝယ်လာခဲ့တာ၊ ဒါကြောင့် ရှင့်ကိုလာပေးတာ၊ ရှင်နဲ့တွေ့ပြီဆိုတော့ ကျွန်မ ရှင့်အိမ်ကိုရှာစရာမလိုတော့ဘူးပေါ့၊ ကဲ ရော့ ဒီမှာ တုတ်၊ ဟိုတုတ်ကို လွှင့်ပစ်လိုက်တော့နော်. . ."

မေအုပ်စိုးဆိုရင်း သူ့လက်ထဲမှ တုတ်ကိုလွှင့်ပစ်ပြီး တုတ်

အသစ်ကို သူ့လက်ထဲပြန်ထည့်ပေးလိုက်သည်။ ပြီးတော့ မေအုပ်စိုးသည် မျက်မှန်တပ်ထားသည့် သူ့မျက်နှာချောချောဆီပြုံး၍ကြည့်လိုက်ပြီး. . .

"ဘယ်သူက ရှင့်ကိုမျက်မမြင်လို့ထင်မှာလဲ၊ မြင်လိုက်တဲ့သူတွေအဖို့တော့ မျက်မှန်နဲ့ တုတ်ကောက်နဲ့ဆိုတော့ စတိုင်နဲ့ဂလိုင်နဲ့ လမ်းလျှောက်နေတဲ့လူတစ်ယာက်လို့ပဲ ထင်မှာပဲ. . ."

"တကယ်အဲဒီလိုထင်စရာဖြစ်နေလားဟင်. . ."

"ဖြစ်နေတာပေါ့၊ အဟင်း ဟင်း. . ."

"မေအုပ်စိုး. . ."

"ရှင်. . ."

"မေအုပ်စိုးရဲ့စကားသံလေးက သိပ်ပြီးနားထောင်ကောင်းတယ်ဗျာ၊ နူးညံ့ပြီးချိုလွင်အေးမြတယ်. . ."

"အဟင်း ကျေးဇူးတင်ပါတယ်ရှင်၊ ရှင့်ရဲ့စကားသံဟာလည်း ယောက်ျားဖီသပြီး အသံသြဇာနဲ့ပြည့်နေပါတယ်၊ နားထောင်လို့သိပ်ကောင်းပါတယ်ရှင်. . ."

"ကိုယ်လည်းပဲ ကျေးဇူးတင်ပါတယ်ဗျာ၊ မေအုပ်စိုးရဲ့ အသွင်ကတော့ ဘယ်လိုရှိမလဲမသိဘူးနော်. . ."

"ဒါတော့ ကျွန်မလည်းမပြောတတ်ဘူးလေ၊ ရှင့်အသွင်ကတော့ ယောက်ျားပီသတယ်၊ ပြီးတော့ ရှင်ဟာစိတ်သဘောကောင်းမယ့် ယောက်ျားတစ်ယောက်လို့ ကျွန်မထင်ပါတယ်၊ ကဲ ခွင့်ပြုပါဦးရှင်၊ ကျွန်မမှာအလုပ်ရှိနေသေးလို့ပါ၊ သွားပြီနော် နှုတ်ဆက်ပါတယ်"

စကားအဆုံး မေအုပ်စိုးကား သူ့အနားမှလှမ်းထွက်သွားလိုက်ပြီဟူသော အသိသည် သူ့ရင်အား မောဟိုက်၍နွမ်းကျသွားစေ

သလိုလို၊ သူ့အားအထီးကျန်ဆန်သွားစေသလိုပါ။ မေအုပ်စိုးသည် သူ့ထံလှည့်ကြည့်မကြည့်တော့ သူမသိ၊ သူကတော့ ရော်ရမ်းကာ နေရာ၌ငေးမောကြည့်ကျန်ရစ်ခဲ့ရှိလေ၏။ နောက်ဆုံးမတော့ သူသည် ဝန်းကျင်မှဆိတ်ငြိမ်မှုတွေကို သတိထားရင်း သူသည် ခြောက်သွေ့သည့် လည်ချောင်းတစ်လျှောက် တံထွေးတစ်ချက်ကို မြိုချလိုက်၏။ သည့်နောက် သူသည် ဘယ်မှသွားလာချင်စိတ်မရှိတော့ဘဲ မေအုပ်စိုး ပေးသွားသည့် တုတ်ကလေးကိုကိုင်ကာ စမ်းရင်း အိမ်သို့ပင် လှည့်ပြန်ခဲ့လိုက်လေ၏။

"ဟင် သူဌေး. .ပြန်လာတာမြန်လှချည်လား၊ တုတ်လည်း ဝယ်ပြီးပြီပဲ၊ မြန်လိုက်တာ. . ."

သူ ပြန်လာသည်နှင့် သူ့ကိုကြိုရင်း ကိုသိန်းက အံ့သြစွာ ဆိုသည်။ သူသည် ဆိတ်ဆိတ်ပင်တိုက်ထဲသို့ ဝင်ခဲ့သည်။ ပြီးတော့ သူသည် ဧည့်ခန်းတွင်ပင်မထိုင်၊ အိပ်ခန်းထဲသို့ပင် တန်းဝင်သွားလိုက်လေ၍ ကိုသိန်းတစ်ယောက်မှာ သူ့ထံနားမလည်စွာ လှမ်းကြည့်ကျန်ရစ်ခဲ့လေ၏။

× × × × ×

တောင်ကြီးမြို့၏ လူကုံထံကြီးများနေထိုင်သည့် ခြံကြီးဝင်းကြီးနှင့် တိုက်ကြီးများရှိသည့် ရပ်ကွက်ကြီးတစ်ခုတွင်ပါ။ မှန်သည်။ သာယာလှပ၍ ကျယ်ဝန်းလှသော ခြံကြီးနှင့် ခမ်းနားထည်ဝါလွန်းသော တိုက်ဖြူကြီးတစ်လုံး၏ ဧည့်ခန်းဆောင်ကြီးထဲတွင် ဖြစ်၏။ ဒေါ်လှိုင်လှိုင်သွင်သည် ဝတ်ကောင်းစားလှများဆင်မြန်းကာ မျက်နှာတွင် မိတ်ကပ်တွေပါ လိမ်းခြယ်ပြင်ဆင်ထားပြီး အိစက်သည့်

ဆိုဖာကြီးထက်တွင် မာန်ထည်ထည်ဖြင့်ထိုင်ရင်းက. . .

"ဟဲ့ အလုပ်သမားတွေ လာကြစမ်း. . ."

"ဟုတ်ကဲ့ လာပါပြီ မမကြီး. . ."

အလုပ်သမကြီးသုံးယောက် ဒေါ်လှိုင်လှိုင်သွင်ရှေ့သို့ ရောက်လာပြီး ခန်းလုံးပြည့်ခင်းထားသည့် မွေးပွကော်ဇော်နီကြီးပေါ် ကျုံ့ကျုံ့ရုံရုံထိုင်ကြရ၏။ ဒေါ်လှိုင်လှိုင်သွင်သည်က မျက်နှာကို ဟန်တစ်ခွဲသား ချိထားရင်း. . .

"နင်တို့ရဲ့သခင်လေး မင်းအုပ်စိုးသတင်း ဘာကြားမိသေးလဲ"

"ကျွန်မတို့တော့ ခုထိဘာမှမကြားမိပါဘူး မမကြီး၊ ဆရာတော့ သိမှာပါ၊ ဆရာ့ကိုမေးကြည့်ပါလား မမကြီး. . ."

"တော်စမ်း ဒါ နင်ပြောမှလားဟဲ့၊ သူ့မေးရဲမှတော့ သူ့ကိုပဲ ငါမေးတော့မှာပေါ့၊ သွား သွား နင်တို့အားလုံးသွားကြတော့၊ ငါ အခုအပြင်ထွက်မလို့. . ."

မကျေနပ်နှင့် ဒေါ်လှိုင်လှိုင်သွင် အော်ပစ်လိုက်သည်။ အလုပ်သမားအမျိုးသမီးကြီးသုံးယောက်မှာ ဒေါ်လှိုင်လှိုင်သွင်ထံကြည့်ပြီး တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်ရင်း နေရာမှထသွားလိုက်ကြ၏။ ဧည့်ခန်းကြီးထဲမတော့ ဒေါ်လှိုင်လှိုင်သွင်တစ်ယောက်မှာ စဉ်းစားရင်း မချင့်မရဲစိတ်တွေနှင့် ရှိနေဆဲအချိန်များ၌ ထမင်းစားခန်းထဲမတော့ ချူးနှင့်ဂျူးတို့မောင်နှမနှစ်ယောက်မှာလည်း နံနက်စာ စားနေကြရင်းမှ. . .

"မမချူး. . ."

"ဘာလဲ. . ."

"အကောင်းပြောမလို့ ခေါ်တာပါ. . ."

"နင့်ဟာနင် ပြောချင်ပြော မပြောချင်နေ၊ ငါဘာမှနားမထောင်

တော့မည်မို့ ချူးသည် စိတ်ပျက်ပျက်နှင့် အိပ်ယာထက်ထိုင်နေလိုက်၏။ မကြာလိုက်၊ ချူးအခန်းထဲသို့ မိခင် ဒေါ်လှိုင်လှိုင်သွင် ရောက်လာသည်။ ပြီးတော့ အရွယ်တင်တင့်နှင့် နုနုနယ်နယ်လေးရှိသော သမီးဖြစ်သူထံ ဒေါ်လှိုင်လှိုင်သွင်ကြည့်ပြီး. . .

"သမီး. .သမီးက ဆယ်တန်းကို သုံးနှစ်တက်နေတဲ့ ကျောင်းသူလေးတစ်ယောက်နော်. . ."

"အဲဒါဘာဖြစ်လဲ မေမေကလည်း. . ."

"မေမေ့ကို ပြန်မပြောနဲ့၊ အခုသမီးအသက်ဘယ်လောက် ရှိပြီလဲ ပြော. . ."

"ဆယ့်ရှစ်နှစ်. . ."

"အေး သမီးမောင်လေးက ခုမှဆယ့်နှစ်နှစ်ရှိသေးတာ၊ သမီးက မောင်လေးနဲ့ ဖက်ပြိုင်ပြီးအမြွှန်ဖြစ်တယ်၊ ကိုယ့်မောင်လေးနဲ့ ကိုယ် တစ်ခါမှချစ်ချစ်ခင်ခင် ကြင်ကြင်နာနာမနေဘူး၊ မောင်လေးနဲ့ ချစ်ချစ်ခင်ခင်နေမှ မောင်လေးကို ဂရုစိုက်ပြီး သမီးက မိန်းကလေးပီပီ တည်တည်ငြိမ်ငြိမ်ကလေးနဲ့ နေထိုင်ပြတတ်မှ သမီးမောင်လေးရဲ့ ဖေဖေ ဦးဇေယျက ငါ့သမီးလေး ရှေ့ရေးကိုစဉ်းစားပေးမှာပေါ့. . ."

"သမီးက ဘယ်လိုနေနေလို့လဲ မေမေကလည်း. . ."

"သမီးကိုယ်သမီး မသိဘူးမဟုတ်လား၊ အေး မေမေပြောမယ်၊ သမီးနေတာထိုင်တာတွေက ပေါ့ဆတယ်၊ ကလေးဆန်တယ်၊ သမီးမှာ ပညာအရည်အချင်းကလည်းမရှိ၊ ဘာမှထိန်းသိမ်းတတ်မှုကလည်း မရှိတော့ မေမေ့စိစဉ်မှု စိတ်ကူးမှုတွေကို အကောင်အထည်ဘယ်လို ဖော်မလဲ၊ ကဲ သမီးကို မေမေ မေးမယ်။ သမီးမှန်မှန်ဖြေ. . ."

"ဟုတ်ကဲ့. . ."

"သမီး ကိုကိုမင်းအုပ်စိုးကို မချစ်ဘူးလား၊ စိတ်မဝင်စား

ဘူး. . ."

"ဒါဖြင့် မမချူး အပြင်ကကောင်လေးတွေနဲ့ အီစီကလိုရိုက်ပြီး ဖုန်းပြောနေတဲ့အကြောင်းတွေ ချူး ဖေဖေနဲ့တိုင်ပြောလိုက်ရမလား"

"ဟင် နင် ဘာပြောတယ်၊ ငါက နင့်ထက်အများကြီး ကြီးတယ်နော် ချူး၊ နင် ငါ့ကို မလေးမစားမပြောနဲ့. . ."

"ချူးက မုန်တာပြောတာပဲလေ. . ."

"ချူး. .နင် ငါ့ကိုဒေါသထွက်အောင် မလုပ်နဲ့နော်၊ ငါ ကိတ်မုန့်နဲ့ပစ်ပေါက်လိုက်မယ်. . ."

"ပစ်လေ စားပစ်လိုက်မှာပေါ့. . ."

"ခွေးကောင် ကဲဟယ်. . ."

"သမီးရေ. . .စာတ်. . ."

"ဟင် မေမေ. . ."

"ဟာ မေမေ့မျက်နှာကို ထိသွားပြီ၊ မေမေ အဲဒါ မမချူး ပစ်လိုက်တာ၊ သား မဟုတ်ဘူးနော်. . ."

"ချူးပစ်တာက သူ့ကိုပစ်တာ မေမေ၊ ချူးက သမီးကို လိုက်စနေတာ၊ သမီးကမခံနိုင်. . ."

"မဟုတ်ဘူး မဟုတ်ဘူး၊ သား လုံးဝမစဘူး၊ သားသွားပြီ တားတာ. . ."

"ချူး နင်. . ."

"ကဲ တော်ပါတော့ သမီးရယ်၊ သမီးကို မေမေပြောစရာတွေ ရှိတယ်၊ သွား သမီးအိပ်ခန်းထဲမှာ သွားစောင့်နေ၊ မေမေမျက်နှာသစ်ပြီး တက်ခဲ့မယ်. . ."

မိခင်ဆိုတော့ မျက်နှာလေးစူပုတ်ကာ အခန်းထဲသို့ တက်ခဲ့လိုက်သည်။ အခန်းထဲအရောက်မတော့ မိခင်၏တရားတွေနာရဦး

ညစရာတောင်မလိုဘူး သိလား၊ မင်းအုပ်စိုးက အဲဒီလောက်အထိ မော်ဒယ်မကို စွဲခဲ့တာ၊ ပြီးတော့ မော်ဒယ်မက ချောလည်းချော၊ အညာကလည်းတော်တယ်လေ၊ မင်းအုပ်စိုး မျက်လုံးပြန်ကောင်းရင် သူကပြန်မချဉ်းကပ်ဘူးလို့ ဘယ်သူပြောနိုင်လဲ. . .

မိခင်ပြောသည့်စကားတွေကလည်း မှန်နေ၍ ချူးမှာ ငြိမ်ကျသွားသည်။

"ဒီမှာ သမီး၊ သမီးဘာမှအားမငယ်နဲ့၊ မေမေတစ်ယောက်လုံးရှိတယ်၊ မေမေ့စကားပဲ သမီးနားထောင်၊ မေမေခိုင်းသလိုပဲ သမီးကလုပ်၊ ဒါဆို အားလုံးနဲ့အမြန်ဆုံး အဆင်ပြေမှာပဲ၊ သမီး ဖေဖေဦးဇေယျက သူ့ရဲ့တူမင်းအုပ်စိုးကို အရမ်းချစ်တာ၊ မင်းအုပ်စိုးကို အရမ်းချစ်တာ၊ မင်းအုပ်စိုးကို ငယ်ငယ်ကတည်းက ကျွန်တစ်ယောက်လို အားလုံးလိုက်လုပ်ပေးခဲ့တာ၊ သူ့တူကို သိပ်ဂရုစိုက်တာ၊ မေမေကလည်း သိသိသာသာကြီးတော့ သမီးနဲ့ဒီကိစ္စတွေကို သမီးဖေဖေကိုမပြောရဲပါဘူး၊ နည်းနည်းပါးပါးရှိပ်မိယုံလောက်ပဲ ပြောရတာ. . .

သူထိုကိုလည်း မေမေက ကျော်မလုပ်ဝံ့ဘူးလေ၊ သူတို့မိုးရိုးက ကိန်းကြီးခမ်းကြီးမျိုးရိုးမဟုတ်လား. . .

"သမီးသိပါတယ်၊ သူတို့က စော်ဘွားမျိုးဆိုတာ ဒါပေမယ့် ဖေဖေက မေမေ့ကိုယူခဲ့ပြီးပြီပဲ။ ကိုကိုလည်း သူကြိုက်တာယူမှာပဲ၊ ဖေဖေလည်း ကန့်ကွက်မှာမဟုတ်ဘူး. . .

ဟုတ်တယ်လေ သူတို့ကြိုက်တဲ့မိန်းမ သူတို့ယူပေမယ့် သူတို့သွေးနဲ့ဗီဇတွေကတော့ မပျောက်ပျက်ပါဘူး၊ သူတို့ဟာ တိကျမှန်ကန်ပြီး ပြောင်းလဲနေတဲ့ခေတ်နဲ့လျော်ညီစွာ နေထိုင်တတ်တယ်။ ပျော်ပျော်နေတတ်ကြတယ်ဆိုပေမယ့် သူတို့ရဲ့မာန်တွေကတော့ ရှိနေ

ဘူးလား၊ မှန်မှန်ပြော မေမေက သမီးကို ကြည့်တာနဲ့သိတယ်နော်"

သမီးချောဏ်အိပ်ယာခေါင်းရင်းထက်မှ ထောင်ထားသည့် မင်းအုပ်စိုးဓာတ်ပုံချောချောဆီ ဒေါ်လှိုင်သွင်အကြည့်တစ်ချက်ရောက်ပြီး သမီးချောအား စုစုကြည့်ကာမေးသည်တွင် ချူးသည် ရှက်ရောင်ဝင်ဖြင့် မျက်နှာလေးရဲကာ နီးမြန်းသွားရရင်း ခေါင်းလေးညိတ်ပြလိုက်၏။

"အေး သမီးစိတ်ဝင်စားတယ်ဆိုရင် မေမေ့မှာလည်း အစီအစဉ်တွေရှိတယ်၊ သမီးကိုကိုမှာ ဘယ်လောက်အထိ ပိုင်ဆိုင်မှုတွေ စည်းစိမ်တွေရှိတယ်ဆိုတာ သမီးထက်မေမေပိုသိတယ်၊ ဒါကြောင့် ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲပဲပြန်ဖိတ်ရအောင် မေမေက မင်းအုပ်စိုးနဲ့ သမီးကိုဖြစ်စေချင်တယ်၊ ဒါကြောင့် ကိုဇေယျကို မေမေနားချနေတယ်၊ ဒီအတွက် သမီးမှာအရည်အချင်းရှိဖို့လိုတယ်၊ သမီးကလေးမဆန်ရဘူး၊ ကိုဇေယျက ပထွေးဆိုပေမယ့် သမီးကို သမီးရင်းတစ်ယောက်လို ကြည့်ရှုစောင့်ရှောက်ခဲ့တာပဲမဟုတ်လား. . ."

"ဟုတ်ပါတယ် မေမေကလည်း၊ သမီးလည်း ဖေဖေ့ကို ချစ်တာပါပဲ. . ."

"အေး အရေးကြီးတာက သမီးဖေဖေဦးဇေယျနဲ့ သမီးကိုကို မင်းအုပ်စိုးတို့က သမီးကိုပိုပြီးသဘောကျကြဖို့လိုတယ်၊ ကာယကံရင် မင်းအုပ်စိုးကိုတော့ ပြောလို့ကမဖြစ်ဘူးလေ၊ သူကလည်း သူ့ချစ်သူနဲ့ ကွဲသွားတာ ခြောက်လတောင်မပြည့်သေးဘူးဆိုတော့ ခံစားနေရဦးမှာပေါ့. . ."

"အိုး မေမေကလည်း. .ကိုကို့ချစ်သူမော်ဒယ်မက အခုယောကျ်ားတောင်ရသွားပြီဟာ၊ ကိုကိုလည်းသိတာပဲ. . ."

"သူသိပေမယ့် ဟိုမော်ဒယ်မက မင်းအုပ်စိုးကို တစ်ချက်

ကြသေးတာပဲ၊ ဒါကိုသမီးမသိဘူး၊ ဒါကြောင့် မေမေပြောချင်တာက သမီး မေမေ့စကားနားထောင်၊ မေမေခိုင်းသလိုလုပ် ကြားလား.. ."

"ဟုတ်ကဲ့ပါ. . ."

"သမီးကိုကို မင်းအုပ်စိုးပြန်လာတဲ့အခါ သမီးက ကောင်းကောင်းဂရုစိုက်ပြ၊ သူ့ကိုယ်ရေးကိုယ်တာ အလုပ်တွေ့ လုပ်ပေး၊ သူနဲ့အနီးကပ်ဆုံးနေ၊ သူ့ကိုယုယ ပြုစု၊ ဒါဆိုရင် သံယောဇဉ်တွေ ဖြစ်လာမှာပဲ၊ သမီးက မေမေပြောသလိုလုပ်ရင် ကျန်တဲ့အပိုင်းက မေမေ့တာဝန်၊ သမီး မင်းအုပ်စိုးနဲ့ရရင် မေမေလည်းစိတ်ချမ်းသာမယ်၊ တစ်သက်လုံးလည်း မေမေတို့မိသားစုဘဝ မကြောင့်မကျနဲ့ ပျော်ရွှင်သွားကြရမယ် ကြားလား၊ သမီး မေမေ့စကားနားထောင်ပြီး မေမေခိုင်းတာလုပ်နော်. . ."

"ဟုတ်ကဲ့ပါ မေမေ. . ."

သည်တစ်ခါ မေမေ့စကားတွေက ယခင် မေမေသုံးနေကျ ဓာတ်ပြားဟောင်းကြီးမဟုတ်တော့ပဲ ချူးတစ်ယောက်ရင်ခုန်စရာစကားတွေမို့ ချူးသည် စိတ်လှုပ်ရှားမှု၊ ရင်ခုန်မှု၊ စိတ်ကူးယဉ်မှုတွေနှင့် မသိမသာ မင်းအုပ်စိုး၏ ဓာတ်ပုံချောချောဆီ ငဲ့ကြည့်ဖြစ်လိုက်ရလေ၏။

× × × × ×

ပြင်ဦးလွင်မြို့၏ ဘုံကျောင်းတွင်ပါ။ မေအုပ်စိုးသည် ပြင်ဦးလွင်မြို့သို့ရောက်တိုင်း ဘုံကျောင်းသို့အရောက်လာပြီး လျှဒါန်းသည်။ ပြီးတော့ ဘုရားရှိခိုးစာချပြီး ဘုံကျောင်းတွင် အေးဆေးစွာ လျှောက်ကြည့်ပြီးမှ ပြန်တတ်သည့်အကျင့်လေးတစ်ခုရှိ၏။ ယခုလည်း ပြင်ဦးလွင်မြို့သို့ရောက်လာပြီမို့ မေအုပ်စိုးသည် ဘုံကျောင်းသို့က တစ်ခေါက် အရောက်လာခဲ့ပြီး ဘုရားရှိခိုးပြီး စာချလိုက်သည်။

နေ့ခင်းချိန်လည်းဖြစ်၊ ကြားရက်လည်းဖြစ်သည်မို့ ဘုံကျောင်းတွင် လူရှင်း၍ တိတ်ဆိတ်အေးချမ်းစွာ ရှိနေလေ၏။ မေအုပ်စိုးသည် စာချလိုက်သည့် တုတ်နံပါတ်(× ×)ကိုကြည့်ပြီး စာအုပ်တွင် သွားရောက်ရှာဖွေနေဆဲ. . .

"ဒေါက်. .ဒေါက်. .ဒေါက်. . ."

တစ်ဒေါက်ဒေါက်ဒေါက်နှင့်လေးကြားလိုက်ရ၍ မေအုပ်စိုးသည် မိမိ၏စာနံပါတ်ကို ရှာနေရာမှ လှမ်းကြည့်လိုက်သည်မတော့ ကိုစိုးစိုးကို တွေ့လိုက်ရ၍ အံ့သြသွားရပြီး မေအုပ်စိုးသည် စိုးရိမ်စွာဖြင့် မိမိ၏စာနံပါတ်ကိုမဖတ်ဖြစ်တော့ဘဲ စာရွက်လေးကိုခေါက်ခဲ့ပြီး မင်းအုပ်စိုးအား ကူညီရန် အပြေးကလေးသွားရောက်ဖေးဖတ်ခေါလိုက်ရင်း..

"ကိုစိုးစိုး. .မေအုပ်စိုးပါ၊ ရှင်လည်း ဘုံကျောင်းလာတာလား"

"အဟွန်း ဟုတ်တယ်ဗျာ၊ ကိုယ့်ရဲ့စိတ်ကူးတွေ မှန်နေတာပဲ"

"ရှင် ဘယ်လိုစိတ်ကူးမို့ မှန်တာလဲဟင်. . ."

"ကိုယ့်စိတ်ထဲမှာ ဘုံကျောင်းပဲလာချင်နေတယ်၊ ပြီးတော့ ဘုံကျောင်းကိုရောက်ရင် မေအုပ်စိုးနဲ့တွေ့မယ်လို့လည်း ယုံကြည်နေမိတယ်၊ ဒါကြောင့် ကိုယ်လာခဲ့တာ၊ ခုတော့ ကိုယ့်စိတ်ထဲကအတိုင်းပဲ ဖြစ်နေတယ်. . ."

"ဩော် အဟင်း ဟင်း၊ ကဲ လာ ဘုရားရှိခိုးပြီး စာချ မလား.. . ."

"မေအုပ်စိုးက ကိုယ့်ကိုကူညီမှာလား. . ."

"ရှင်မပြောလည်း လိုအပ်လာရင် ကျွန်မစိတ်နဲ့ကျွန်မ ကူညီမှာပါပဲ၊ ကဲ ဘုရားအရင်ရှိခိုးလိုက်ပါနော်၊ ပြီးမှ စာချတာပေါ့.."

"ကောင်းသလို လုပ်ပေးပါ. . ."

သူဆိုတော့ မေအုပ်စိုးသည် ခုံတစ်ခုဆီခေါလာပြီး ခုံတန်း

တွင် ဒူးထောက်စေလိုက်သည်။

"ဒီမှာ ဒူးထောက်နော်၊ ရှေ့မှာဘုရားရှိတယ်၊ ဘုရားရှိခိုးလိုက်ပါ၊ ပေး ကျွန်မ တုတ်ကိုင်ထားပေးမယ်. . ."

မေအုပ်စိုးဆိုသမျှ သူလိုက်၍လုပ်သည်။

"ပြီးပြီလား. . ."

"အင်း. . ."

"ဒါဖြင့် လာ စာချမယ်။ ဒီမှာ တုတ်. . ."

သူ့ကိုတုတ်ပေးပြီး စာချဖို့အတွက် မေအုပ်စိုးသည် နေရာမှ သူ့ကိုတွဲခေါ်သည်။ ပြီးတော့ တစ်နေရာတွင် သူ့ကိုရပ်ခိုင်းလိုက်ပြီး...

"ဒီမှာရပ်နေ၊ ပေး တုတ်၊ ရော့ ဒီမှာ ဒီဘူးကိုကိုင်ပြီး ဆုတောင်းပြီးတော့ လှုပ်၊ ဘုံကျောင်းမှာ စာချဖူးတယ်မဟုတ်လား"

"အင်း ချဖူးပါတယ်. . ."

သူပြုံး၍ဆိုသည်။ မေအုပ်စိုးလည်း သူ့ကိုပြုံး၍ကြည့်နေသည်ပါ။ သူ ဘူးကိုလက်နှစ်ဘက်နှင့်ကိုင်ပြီး လှုပ်လိုက်သည်။ မကြာလိုက်၊ သူ၏ကံတရားအား သိစေမည့် တုတ်တစ်ချောင်း ကျလာသည်နှင့်. . .

"ရပြီ ရပ်တော့. . ."

မေအုပ်စိုးသည် သူ့လက်ထဲမှ ဘူးကို နေရာတွင်ပြန်ထားပြီး ကျနေသည့်တုတ်ကို ကောက်ယူကြည့်လိုက်သည်မတော့. . .

"ဟင်. . ."

မေအုပ်စိုး အံ့သြသွားသည်။ သူ့နံပါတ်နှင့် မိမိ၏နံပါတ်သည် အတူတူဖြစ်နေသောကြောင့်ပါတည်း။ မင်းအုပ်စိုးသည်လည်း မေအုပ်စိုးထံမှ အာဇဉ်တ်သံလေးလို ကြားမိလိုက်သလိုကြောင့်...

"မေအုပ်စိုး. .ဘာဖြစ်လို့လဲဟင်. . ."

"ဩော် ဘာမှမဖြစ်ပါဘူး၊ ကဲ ရှင့်နံပါတ်က (x x)တဲ့၊ ကျွန်မဖတ်ပြမယ်နော်. . ."

"အင်း. . ."

မေအုပ်စိုးသည် မိမိမဖြစ်ဖြစ်သေးဘဲ ခေါက်ထားသည့် စာရွက်လေးကိုဖွင့်လိုက်ပြီး မင်းအုပ်စိုးကြားအောင် ဖတ်ပြလိုက်သည်။ ကဗျာလေးလိုရေးထားသည့် ရှေ့အလားအလာ ကံတရားအကြောင်းဆွေပင်ဖြစ်၏။

"ဆုံးသွားပြီလား. . ."

"အင်း. . ."

"ဘယ်ဆိုးလို့လဲ၊ ရှေ့မှာ ကိုယ်ကစစ်မှန်ပြီး ထိုက်တန်တဲ့ ကြင်သက် သက်လျာဇနီးချောကို ရမှာပဲ. . .

"ဒါပေမယ့် ရှင့်မှာ အဖျက်အစီး၊ အတားအဆီးနဲ့ အနှောင့်အယှက်တွေလည်း ရှိဦးမှာပဲလေ. . ."

"ဒါကဘာဆန်းလဲဗျာ၊ အချစ်စစ်အချစ်မှန်ကိုတွေ့ဖို့ အနှောင့်အယှက်ကတော့ ရှိမှာပဲဖေါ့၊ ကိုယ် ဒါတွေကို ခံနိုင်ရည်ရှိပါတယ်၊ ပြီးတော့ စာထဲမှာ ကိုယ်ကဇနီးချောတစ်ယောက်ကို အမြန်ဆုံး ရမယ်ဆိုလား၊ မမျှော်လင့်ပဲနဲ့ ဇနီးကောင်းကို ရမှာဆို. . ."

"မသိဘူးလေ၊ စာထဲမှာရေးထားတာပဲ. . ."

သူ၏အပြုံးတွေနှင့် ရွှင်လန်းတက်ကြွသလိုပြောနေသည့် မျက်နှာဆီ မေအုပ်စိုးမှာ လိပ်ပြာမလုံသလို မျက်နှာရဲရဲလေးနှင့် မော့ကြည့်ရင်းပြောဖြစ်ရ၏။

"ဒါနဲ့နေပါဦး၊ မေအုပ်စိုးရော စာချပြီးပြီလား. . ."

"အင်း ချပြီးပါပြီ. . ."

"ဘယ်လိုလဲဟင် ကိုယ့်လိုပဲကောင်းလား. . ."

"မဆိုးပါဘူး. . ."

"အဟွန်း. .အဟွန်း. . ."

"ဘာရယ်တာလဲ၊ ကျွန်မသွားတော့မယ်၊ ရှင်ကော. . ."

"ကိုယ်လည်း လိုက်ပါ့မယ်. . ."

သူ့ကိုဖေးမတွဲခေါ်ရင်း ဘုံကျောင်းထဲမှ သူတို့အတူ ထွက်ခဲ့လိုက်ကြသည်။ အေးဆေးစွာ လမ်းလျှောက်ရင်း သူတို့ကစကားတွေလည်း ပြောဆိုဖြစ်ကြ၏။

"ကိုစိုးစိုး. . ."

"ဟင်. . ."

"ရှင့်ရဲ့မျက်လုံးတွေ ပြန်မြင်လာဖို့အတွက် ဆေးမကုတော့ဘူးလား၊ ဆရာဝန်တွေနဲ့ကော ပြပြီးပြီလား၊ ဆရာဝန်က ဘာပြောထားလဲ. . ."

"ကိုယ့်မျက်လုံးကိုလား၊ ဆရာဝန်ကတော့ ခွဲစိတ်ရင် ပြန်ကောင်းလာမယ်လို့ ပြောပါတယ်၊ ခွဲစိတ်ကုသခံဖို့ ကြိုးစားနေပါတယ်. . ."

"ငွေကြေးလိုအပ်နေလို့လားဟင်. . ."

"လိုအပ်တယ်ဆိုရင် မင်းကူညီနိုင်မလား. . ."

"အတတ်နိုင်ဆုံးတော့ ကူညီလို့ရပါတယ်၊ မျက်စိခွဲရင် ဘယ်လောက်ကုန်မလဲဆိုတာ ကျွန်မဆေးရုံမှာ သွားစုံစမ်းကြည့်လိုက်ဦးမယ်. . ."

"ဘယ်ဆေးရုံလဲ. . ."

"ဒီပြင်ဦးလွင်က ဆေးရုံပဲပေါ့၊ အဲဒီက မေထရွန်ကြီးနဲ့ ကျွန်မနဲ့ ရင်းနှီးတယ်၊ ကျွန်မ ရှင့်အတွက် အတတ်နိုင်ဆုံး ကူညီသွားမယ်. . ."

"ဆေးရုံကို ဘယ်တော့သွားမလဲ. . ."

"ဒီနေ့ပဲ ကျွန်မသွားလိုက်မယ်. . ."

"အချိန်ကရော. . ."

"အချိန်တော့ အတိအကျပြောမရဘူး၊ ကျွန်မမှာ တခြားအလုပ်တစ်ခုလည်း ရှိနေသေးလို့ပါ၊ အဲဒီကိစ္စပြီးမှ ကျွန်မသွားမယ်၊ အဲ အချိန်မမီပဲနေမယ်၊ ကျွန်မသွားမယ်နော်။ ရှင့်ကို ဘယ်ပို့ခဲ့ရမလဲဟင်. . ."

"ရပါတယ်၊ ကိုယ့်ကို မြင်းလှည်းလာခေါ်လိမ့်မယ်၊ ကိုယ် ဒီမှာပဲစောင့်နေလိုက်မယ်. . ."

"ဒါဖြင့် ကျွန်မသွားပြီနော်. . ."

"ကောင်းပါပြီ. . ."

သူ့ကိုနှုတ်ဆက်ပြီး မေအုပ်စိုးထွက်သွားသည်တွင် သူသည် ပြုံး၍ချောမောသော မျက်နှာဖြင့် ရောင်ရမ်းကာ လှမ်းကြည့်ကျန်ရစ်ခဲ့လေ၏။ မှန်သည်။ သူ့စိတ်ထဲမတော့ ထိုမျှနှုးညံ့သိမ်မွေ့ပြီး ကြင်နာတတ်၊ ဂရုစိုက်တတ်လွန်းသည့် အမျိုးသမီးလေးအား တွေ့ချင်မြင်ချင်လွန်းသည့် စိတ်ဆန္ဒများဖြစ်ပေါ်နေရလေသည် မဟုတ်ပါတကား။ ဘာကြောင့်မှန်းမသိပါ၊ နေ့နေ့ညည သူမစကားသံတွေကိုသာ ကြားယောင်ပြီး သူမ၏နွေးထွေးသည့် ကြင်နာမှုလေးတွေကိုသာ အမှတ်ရနေမိတော့၏။ စိတ်သည် သူမကြောင့် ပျော်ရွှင်ကြည်နူးနေမိရသည်ပါ။

× × × × ×

"မမြင့်တော့တဲ့ မျက်လုံးနှစ်လုံးကို ခွဲစိတ်ရမှာဆိုတော့ ကုန်တော့ ကုန်မှာပေါ့ မေအုပ်စိုးရယ်. . ."

"တော်တော်ကုန်မှာလားဟင်. . ."

"ကုန်နိုင်တယ်. . ."

"ဒါဖြင့် ကျွန်မ ကလောကအိမ်နဲ့ခြံကိုရောင်းလိုက်မယ်၊ ကလောမှာလည်း ကျွန်မအဖို့နေလို့မှမကောင်းတော့တာ. . ."

"ဘာဖြစ်လို့လဲ၊ ကလောသူလေးက ဘယ်ပြောင်းပြီး နေတော့မှာလဲ. . ."

"ဘာမှတော့မဖြစ်ပါဘူး၊ ကျွန်မရန်ကုန်ပြောင်းနေမလား လို့ပါ၊ ရန်ကုန်မှာလည်း အလုပ်တစ်ခုခုရှာမယ်၊ ကျွန်မက ပြင်သစ် စကားတတ်တော့ ဂိုက်လုပ်ရင်လည်း ကောင်းမလားပဲ၊ အိုး ဒါတွေက စဉ်းစားထားတာပါလေ. . ."

"မေအုပ်စိုးအနေနဲ့ကတော့ ဖြစ်နိုင်မှာပါ၊ ဘာကြောင့်လဲ ဆိုတော့ ရုပ်ရည်ရော ပညာပါပြည့်စုံလို့လေ၊ ဒါနဲ့ မျက်စိခွဲစိတ်မယ့် သူက ဘယ်သူလဲ. . ."

"မိတ်ဆွေတစ်ယောက်ပါ၊ သူ့ကိုကူညီဖို့ပါ၊ ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းတောင်းတင့်နေတဲ့ လူရွယ်တစ်ယောက်အဖို့ ကုသရင် ပြန်ကောင်းနိုင်တဲ့ မျက်လုံးအခြေအနေရှိပါရဲ့နဲ့ မကုသနိုင်လို့ အချိန် တွေဖြုန်းနေသလိုဖြစ်နေတယ်၊ တန်ဖိုးရှိတဲ့ အချိန်တွေ အလဟသ ဖြစ်နေတယ်။ ဒါကြောင့် သူ့ကိုမျက်လုံးတွေအမြန်ဆုံးပြန်ပြီး မြင်စေ ချင်တယ်၊ သူ့မျက်လုံးတွေ ပြန်ကောင်းလာရင် အချိန်တွေကို တန်ဖိုးရှိရှိ သူ အသုံးချသွားနိုင်မယ်လို့ မျှော်လင့်ချက်နဲ့ သူ့ကို ကူညီချင်တယ်. . .

ချမ်းသာလို့တော့ မဟုတ်ဘူး၊ တတ်နိုင်သလောက်နဲ့ ကူညီ တာပါ၊ ကူညီထိုက်လို့ ကူညီရတယ်ပဲမှတ်ပါတယ်၊ သူ့ကိုကူညီ မယ့် ရေစက်က ပါခဲ့တယ်ထင်ပါတယ်. . ."

"ဘယ်သူများလဲ၊ ဘယ်သူ့ကိုရည်ရွယ်ပြီး ပြောနေတာလဲ

မေအုပ်စိုး. . ."

"သူ့နာမည်က ကိုစိုးစိုးပါ မေထရွန်၊ သူ့နာမည်နဲ့ မျက်လုံး မြင်တာကလွဲရင် သူ့အကြောင်းကို ဘာမှမသိပါဘူး၊ သိဖို့လည်း မလိုအပ်ပါဘူး၊ တကယ်လို့ သူမျက်လုံးခွဲမယ်ဆိုရင် သူ့ကိုမေထရွန်နဲ့ အပ်ခဲ့ပြီး ကျွန်မကတော့ ရန်ကုန်သွားပြီးအလုပ်ရှာတော့မယ်၊ ဒါကြောင့် ဘယ်လောက်ကုန်မလဲဆိုတာ ကျွန်မလာစုံစမ်းတယ်၊ ဘဲ မေထရွန်လည်းမအားဘူး၊ ကျွန်မကို ခွင့်ပြုပါဦးနော်. . ."

"ကောင်းပါပြီ မေအုပ်စိုး. . ."

"ဩော် မေထရွန်. .ဒီအသံဖမ်းစက်လေး သူလာရင် သူ့ကို ပေးပေးပါ. . ."

"သူလာမယ်လို့ ပြောလား. . ."

"ကျွန်မ သူ့ဆီဖုန်းဆက်ထားတယ်၊ သူ့မျက်လုံးစစ်ဆေးဖို့ မေထရွန်နဲ့တွေ့ဖို့လေ. . ."

"ဩော် ကောင်းပြီ သူလာရင် ပေးလိုက်ပါ့မယ်. . ."

မေထရွန်ကိုနှုတ်ဆက်ပြီး မေအုပ်စိုးသည် မေထရွန်အခန်း ထဲမှ ထွက်ခဲ့လိုက်ပြီး တစ်နေရာတွင် စောင့်ကြည့်နေလိုက်သည်။ ကြာကြာမစောင့်လိုက်ရပါ၊ သူဖုန်းဆက်ထားသည့်အတိုင်း မင်းအုပ်စိုး တစ်ယောက် တုတ်ကလေးနှင့် တစ်ဘက်ကစမ်းပြီး တစ်ဘက်က လူတစ်ယောက်တွဲကာ ဆေးရုံသို့ရောက်လာသည်ကို တွေ့လိုက် ရလေ၏။ ပြီးတော့ မေထရွန်အခန်းထဲသို့ ဝင်ရောက်သွားသည်။ တစ်အောင့်ခန့်ကြာသည်တွင် အသံဖမ်းစက်ကလေးကိုင်ကာ ပြုံး၍ ပြန်ထွက်လာသည့် သူ့ကိုမြင်တွေ့လိုက်ရ၍ မေအုပ်စိုးသည် ကျေနပ် စွာပြုံးရင်း ဆေးရုံမှလှမ်းထွက်သွားလိုက်ပါတော့၏။

× × × × ×

ဆေးရုံမှပြန်ပြီးနောက် မေအုပ်စိုးသည် ကလေးတွေသင်တန်
ကျောင်းကိုပြန်လာပြီး ကြည့်ရှုသင်ကြားပေးသည်။ ကျောင်းဆင်းတော
မေအုပ်စိုးသည် စားသောက်ဆိုင်တစ်ဆိုင်သို့ သွားပြီး ထမင်းပေါင်
နှစ်ပွဲနှင့် ကြက်ကင်နှစ်ပွဲကိုမှာလိုက်သည်။ ပြီးတော့ မေအုပ်စိုးသည်
အထုပ်နှစ်ထုပ်ကိုဆွဲကာ မြင်းလှည်းငှားပြီး မင်းအုပ်စိုးနေထိုင်သည်
ရပ်ကွက်သို့ ထွက်ခဲ့လိုက်လေ၏။

"ကိုစိုးစိုးတို့နေထိုင်တဲ့ရပ်ကွက်ကတော့ တကယ့်ရပ်ကွက်
ကောင်းပဲ၊ ခြံဝင်းတွေကလည်း အကျယ်ကြီးပဲ၊ တိုက်ကြီးတွေကလည်း
ကောင်းတယ်၊ ဒါပေမယ့် ကိုစိုးစိုးကတော့ ခြံစောင့်နဲ့ အတူနေတာ
ထင်တယ်၊ ခြံစောင့်ကလည်းအလုပ်ရှိသေးတော့ သူ့ကိုကောင်းကော
ဂရုစိုက်နိုင်မှာမဟုတ်ဘူး ဟင်း. . ."

စိတ်မကောင်းစွာတွေးရင်း မေအုပ်စိုးသည် မင်းအုပ်
နေထိုင်သည့်ရပ်ကွက်သို့ ရောက်လာ၏။ ပြီးတော့ ခပ်လှမ်းလှမ်းတွ
မြင်းလှည်းကိုရပ်ခိုင်းခဲ့ပြီး မေအုပ်စိုးသည် မင်းအုပ်စိုးလက်ညှိုးထိုး
ခဲ့သည့် ခြံတစ်ခြံထဲမှ တဲသာသာအိမ်လေးရှိရာသို့ လှမ်းခဲ့လိုက်
၏။ ခြံရှေ့အရောက် မေအုပ်စိုးလှမ်းခေါ်ကြည့်သည်။

"ကိုစိုးစိုး. . .ကိုစိုးစိုး. . .ကိုစိုးစိုး. . ."

ခြံထဲမှ ထူးသံမကြား၍ မေအုပ်စိုးသည် စားစရာအထုပ်
ခြံစည်းရိုးတိုင်တွင် ချိတ်ထားခဲ့လိုက်ပြီး ခြံရှေ့မှထွက်သွားမည်အ
တစ်ဘက်ခြမ် ကိုသိန်းတစ်ယောက် ထွက်လာသည်ကိုမြင်လိုက်ရ

"ဩော် ဒီမှာ အစ်ကိုကြီး. . ."

"ဘာလဲ ညီမ. . ."

"ဒီဘက်ခြံက ကိုစိုးစိုးကို မတွေ့မိဘူးလားဟင်၊ သူ
မျက်စိမမြင်ဘူးလေ၊ သူ့အင်္ကျီ ကျွန်မညစာစားဖို့ လာပို့ပေး

သူက မရှိဘူးလား. . ."

"ဗျာ. . ."

"သူ ပြန်လာမယ်မဟုတ်လားဟင်. . ."

"သြော် အင်း ရှိ၊ အဲ သူပြန်လာမှာပေါ့. . ."

"ဟုတ်ကဲ့ ပြန်လာရင် ပြောပြလိုက်ပါနော်၊ ကျွန်မကို
မြင်းလှည်းစောင့်နေလို့ သွားလိုက်ပါဦးမယ်. . ."

စကားအဆုံး မေအုပ်စိုးထွက်လာခဲ့လိုက်သည်။ မေအုပ်စိုး
ထွက်သွားသည်နှင့် ကိုသိန်းမှာ ခြံထဲသို့ အမြန်ဆုံးပြန်ဝင်ပြီး တိုက်ထဲ
သို့ ဝင်ခဲ့ရင်းက. . .

"သူဌေး. .သူဌေး. . ."

"ဘာလဲ ကိုသိန်း. . ."

မင်းအုပ်စိုးမှာ အသံဖမ်းစက်လေးထဲမှ မေအုပ်စိုးပြောနေသည့်
အချိန်မဖြုန်းဘဲ မျက်လုံးကိုခွဲစိတ်ကုသဖို့ သူမလည်း အတတ်နိုင်ဆုံး -
ကူညီရန်နှင့် ကံအကြောင်းမလှ၍ မျက်လုံးပြန်မမြင်လည်း မျက်မမြင်
တွေသင်ကြားရန် စသည်ဖြင့် ကူညီမှုနှင့် အားပေးမှုတွေ ပြောကြား
အသံသွင်းထားသည့် စကားတွေကို နားထောင်နေဆဲ ကိုသိန်းခေါ်သံ
ကြောင့် ခလုတ်လေးပိတ်ကာ ကိုသိန်းကိုလှမ်းကြည့်ဖြစ်လိုက်ခြင်းပါ။

"သူဌေး. .အမျိုးသမီးလေးတစ်ယောက်က သူဌေးအတွက်ပဲ
ခြင်းမယ်။ ညစာစားဖို့အတွက်တဲ့ စားစရာတွေလာပို့သွားတယ်. ."

"ဟင် ဘယ်သူလဲ၊ ဘာတွေပြောသွားလဲ. . ."

"အဲဒါတော့မသိဘူး၊ အမျိုးသမီးလေးက ချောတာကတော့
ဆာ်ဆာ်ချောတယ်၊ သူ့တစ်ကိုယ်လုံး ဝင်းပမှုန့်နေတာပဲ၊ စကားပြော
တဲ့ အသံလေးကလည်း အေးမြတယ်၊ သူက သူဌေးနောက်ထပ်ဝယ်
ထားတဲ့ လူမရှိတဲ့ခြံမှာ ကိုစိုးစိုးလို့ သွားခေါ်နေ. . ."

"အဟင့် ဟင့် ဟင့် သွား သွား မဟုတ်ဘူး မဟုတ်ဘူး၊ ကျွန်မဟာ ဒီလိုမိန်းကလေးမျိုးမဟုတ်ဘူး အဟင့် ဟင့်. . ."

တွေးမိလေတိုင်း ထိတ်လန့်စွာမြင်ယောင်ရင်း ရုက်လန့်နေရသည့် မေအုပ်စိုးအဖြစ်ပါ။ ခုလည်း မေအုပ်စိုးသည် မြင်ယောင်ကြားယောင်ရင်း ရုက်လန့်တကြား ငိုယိုရင်း ပြောဆိုရင်းမှ ကိုကျော်လွင်နှင့် နှစ်ယောက်အတူတွဲ၍ရိုက်ထားသည့် ဓာတ်ပုံလေးအား အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဆွဲဆုပ်ဖစ်လိုက်ပါတော့သတည်း။ ထိုအချိန်၌ပင် မေအုပ်စိုးဟန်းဖုန်းလေးက မြည်လာသည်။ မေအုပ်စိုးသည် မျက်ရည်တွေကိုသုတ်ပြီး ဖုန်းလေးကို နားထောင်လိုက်၏။

"ဟဲလို. . .

"မေ. .ငါပါ၊ ချိုချို၊ ငါ အခုမန္တလေးရောက်နေတယ်"

"ဟင် ဟုတ်လား၊ ဘာကိစ္စနဲ့လဲ ချို. . ."

"ငါ့ကိစ္စအသာထားပါ မေ၊ နင်အခုဘယ်မှာလဲ၊ ပြင်ဦးလွင်ကနဲ့အိမ်မှာလား. . ."

"ဟုတ်တယ် ချို၊ ဘယ်သူမှမပြောနဲ့နော်၊ ပြီးရင် ငါရန်ကုန်သွားတော့မယ်. . ."

"သြော် သူငယ်ချင်းရယ်၊ နင် ပြင်ဦးလွင်မှာဆိုလို့ ငါ ခံတ်အေးသွားပါပြီ၊ မေ အဆင်မပြေပါ့မလားလို့ စိတ်ပူလိုက်ရတာ"

ချိုတစ်ယောက် အခန်းထဲတွင် ဖုန်းပြောနေသော အခန်းအပြင်တွင်ကား တံခါးနားတွင် ချိုချို့အားနောက်ယောင်ခံလိုက်နေသည့် ကိုကျော်လွင်တစ်ယောက် ချောင်းနားထောင်နေသည်မို့ အခန်းထဲမှ ချိုချိုပြောသည့်စကားတွေ အားလုံးကြားသွားလိုက်ရပြီမဟုတ်ပါလား။

မှန်သည်။ ကိုကျော်လွင်သည် မေအုပ်စိုးဘယ်မှာ ရှိနေကြောင်းအား သိလိုက်ရပြီဖြစ်၍ ချိုချို့အခန်းရှေ့မှ ကျေနပ်ပြုံးနှင့်

"ဟင်. .သူ သူ အခုတယ်မှာလဲ၊ ကိုသိန်း မြန်မြန်သွားရှာပါဦး. . ."

"ဗျာ ဟုတ်ကဲ့ သူဌေး. . ."

ကိုသိန်းစကားပင်မဆုံး၊ သူ အလောတကြီးဆိုသည်တွင် ကိုသိန်းသည် ကပျာကယာပြေးထွက်ကာ မေအုပ်စိုးအား ရှာသော်လည်း မေအုပ်စိုးကား မရှိပါလေတော့။

× × × × ×

ရေမိုးချိုးပြီး ညစာစားပြီးချိန်တွင် အနားယူရင်း စာဖတ်တော့မည်ဟူသော စိတ်ကူးနှင့် မေအုပ်စိုးသည် စာကြည့်စားပွဲတွင်ထိုင်ကာ စာအုပ်လေးကိုလှန်လိုက်သည်မတော့ စာအုပ်ကြားထဲမှ ဓာတ်ပုံတစ်ရွက်လွှာထွက်လာ၍ မေအုပ်စိုး ကြည့်လိုက်ဖြစ်၏။ ထိုအခါ တွေ့လိုက်ရသည့် ဓာတ်ပုံကြောင့် မေအုပ်စိုးသည် နှုတ်ခမ်းလေးတွေကို တင်းတင်းစေ့ကိုက်၊ တစ်ကိုယ်လုံးကရုတ်စိတ်နှင့် ကြက်သီးများထသွားရကာ အတိတ်မြင်ကွင်းတစ်ခုကို ထိတ်လန့်စွာမြင်ယောင်ဖြစ်လိုက်ရလေ၏။

မှန်သည်။ ဒေါ်မြမြသွင်သည် မိမိအား လိမ်လည်ကလက်ထပ်ရန် ဖိတ်စာပင်ရိုက်ပြီး၍ လက်ထပ်တော့မည့်ရက်ကို စောနေဆဲအချိန်၌ ပေါ်ထွက်လာသည့် အမျိုးသမီး၊ လူပုံအလယ်တွင် မိမိအား အရှက်အကြိမ်ကြိမ်ခွဲ၍မှ အားမရနိုင်သည့် အမျိုးသမီး မိမိအားလူပျိုပါဟု လိမ်လည်ခဲ့သည့် ကိုကျော်လွင်၏ဇနီးတစ်ယောက်

"ဟဲ့ လင်ခိုးမ၊ နင် ဒီလောက် လင်ရှားသလားဟဲ့၊ ကြိုစမ်း. .ဒီမှာ ဖိတ်စာ၊ ညီးက ငါ့လင့်ကိုများ တခမ်းတနား မင်္ဂလာဆောင်ဦးမယ်ပေါ့လေ၊ အရှက်မရှိတဲ့မိန်းမ၊ ဖြန်း ဖြန်း

လျင်မြန်စွာ လစ်ထွက်သွားလိုက်ပါတော့သတည်း။ အခန်းထဲမှ ချီချိုကား မသိ၊ မေအုပ်စိုးနှင့်စကားတွေပြောပြီး စိတ်ချစွာ ဖုန်းချလိုက်ပြီဖြစ်၏။



(သုံး)

"ဟင် ကိုစိုးစိုး. .ဘယ်သွားမှာလဲဟင်၊ တစ်ယောက်တည်း လျှောက်သွားနေလိုက်ဟာ၊ အခက်အခဲနဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ ရှင်. . ."

"ကိုယ်လျှောက်မသွားပါဘူး၊ ဒီကိုပဲလာတာပါ၊ အခက်အခဲနဲ့ တွေ့မှာစိုးလို့ ဒီကိုအားကိုးပြီးလာတာပဲလေ. . ."

ကလေးတွေကိုသင်ပေးသည့် မိမိအချိန်ပြီးပြီမို့ ဈေးဝယ်ပြီး အိမ်ပြန်ရန် ကျောင်းမှထွက်ခဲ့သည်မတော့ ခြံပြင်ရောက်သည်နှင့် ကိုစိုးစိုးကိုတွေ့လိုက်ရသည်တွင် အံ့သြသွားရရင်း မေးဖြစ်လိုက်ခြင်းပါ။ ကိုစိုးစိုး၏မိမိအပေါ်၌ ယုံကြည်အားကိုးနေသောစိတ်နှင့် ပြောလိုက်သည့်စကား ကြားရပြန်တော့လည်း မေအုပ်စိုးသည် တစ်ဘက်လူက ယုံကြည်ရသလို မိမိကလည်း စေတနာသန့်သန့်

သေးဖြင့် ပြန်၍ပြုစုစောင့်ရှောက် ကူညီပေးချင်သွားရပြန်ပါ၏။ ဒါက မေအုပ်စိုး၏ဒုက္ခရောက်နေသူများအပေါ်၌ အမြဲကူညီချင်နေသည့် စိတ်စေတနာတွေရှယ်ပါတည်း။ မေအုပ်စိုးသည် ကရဏာပြုံးနှင့် သူ့ကိုပြုံးကြည့်ရင်း. . .

"ကဲ အခုနေ့လည်စာစားပြီးပြီလားဟင်. . ."

"မစားရသေးဘူး၊ မေအုပ်စိုးကို ထမင်းစားဖို့လာခေါ်တာ"

"မလုပ်ပါနဲ့၊ ရှင်ကျွေးတာ မစားပါရစေနဲ့၊ မေကပဲ ကျွေးပါရစေ၊ ကဲ လာ လာ ဆာရောပေါ့၊ သွားစားကြရအောင်နော်"

မေအုပ်စိုးဆိုရင်း သူ့ကိုလက်တစ်ဘက်က ဆွဲ၍ခေါ်သွားသည်။ သူတို့အတူလမ်းလျှောက်ခဲ့သည်တွင် မင်းအုပ်စိုးစိတ်ထဲ၌ မိမိဘဝအတွက် လုံခြုံစိတ်ချခြင်းနှင့်အမျှ ကြည်နူးစွာလည်း ခံစားနေဖြစ်ရလေ၏။ တစ်ဆက်တည်းလည်း သူ့စိတ်သည် သူ့မျက်လုံးထွက်ကို လျင်မြန်စွာ ခွဲစိတ်ကုသခံချင်နေတော့သည်။ အကြောင်းရင်းက မေအုပ်စိုးဟာသော အမျိုးသမီးလေးအား သူတွေ့ချင်မြင်ချင်လွန်းသော စိတ်ကြောင့်ပါတည်း။

"ရှင့်ကို စားသောက်ဆိုင်မှာ ကျွန်မကျွေးမယ်. . ."

"ကိုယ်ကျွေးပါ့မယ်. . ."

"မေပဲကျွေးပါရစေ၊ ခုချိန်မှာ ရှင်ကျွေးတာ မေ မစားပါရစေနဲ့ဦး. . ."

"ဒါဖြင့် ဘယ်တော့မှကိုယ်ကျွေးတာ စားမှာလဲ. . ."

"အဟင်း ဟင်း ဒါတော့ကြုံကြိုက်တဲ့အခါပေါ့ရှင်၊ ဒါတွေ စိတ်ထဲမထားပါနဲ့လေ. . ."

သူ့ကိုတွဲပြီး တဖြည်းဖြည်း လမ်းလျှောက်လာခဲ့ရင်းက သူတို့စကားတွေ အေးဆေးစွာ ပြောဆိုခဲ့ကြခြင်းပါ။ မေအုပ်စိုး

စိတ်ထဲမည်သို့ရှိမည်မသိသော်လည်း သူ့ရင်ထဲမတော့ အေးချမ်းမှုတွေနှင့် သာယာမိန်းမူးနေရသည်မှာအမှန်ပါ။

"ကဲ စားသောက်ဆိုင်ရောက်ပြီ။ အခုတံခါးပေါက်ကိုဝင်တော့မယ်နော်၊ နည်းနည်းသတိထားပါ၊ ဖြည်းဖြည်း ဟုတ်ပြီ. . ."

သူ့ကိုဂရုစိုက်တွဲခေါ်ကာ ဆိုင်ထဲဝင်ခဲ့ကြသည်။ ဆိုင်ထဲအရောက် စားပွဲတစ်ခုတွင် သူ့ကိုပေးထိုင်လိုက်ပြီး မေအုပ်စိုးသည် ဆိုင်ထဲဝေ့ဝဲကြည့်ကာ ဆိုင်၏အနေအထားနှင့် သန့်ရှင်းမှုတွေကို ပြောပြ၏။

"အခု မေတို့ထိုင်တဲ့စားပွဲနေရာက ဆိုင်ရဲ့ဘေးနားမှာ လောက်မှာရှိပြီး ပြူတင်းတစ်ခုနားမှာရှိတယ်၊ အလင်းရောင်အများကြီးရပြီး လေဝင်လေထွက်ကောင်းတယ်၊ အပြင်ဘက်မှာ ပန်းခြံရှိတယ်၊ ဒီစားသောက်ဆိုင်က သန့်ရှင်းတယ်၊ ဒီဆိုင်မှာ မေ စားနေကျပါပဲ၊ စားနေကျဆိုပေမယ့် ပြင်ဦးလွင်ကိုရောက်မှပါ၊ အခုတစ်ခါနဲ့ဆိုမှသုံးခါပဲရှိပါသေးတယ်၊ အစားအသောက်လည်း မဆိုးလှဘူး၊ ဆိုင်ကမြို့လည်ခေါင်မကျပေမယ့် လူစည်ကားတယ်၊ စားသောက်သူများတယ်၊ ခုတော့ နေ့လည်ချိန်မို့ နည်းနည်းလူရှင်းတယ်၊ စားပွဲထိုးလေးတွေကလည်း တော်ကြတယ်၊ ကဲ ဒီလောက်ပြောရင် ဆိုင်ရဲ့အခြေအနေကို သဘောပေါက်လောက်ပါပြီနော်. . ."

သူ့ကိုတပည့်ကျောင်းသားလေးလို၊ ကလေးတစ်ယောက်လို၊ ဧည့်သည်တစ်ယောက်လို ဂရုတစိုက်နှင့် ပြောဆိုရှင်းလင်းပြနေသည့် မေအုပ်စိုး၏စကားသံလေးတွေကို သူသည် မိန်းမောစွာနားထောင်နေဖြစ်လေ၏။ သူ့ရင်ထဲစိမ့်စမ်းရေလေး စီးဝင်နေသလိုပါ။ သူ့နားထဲချိုလွင်သော စောင်းခတ်သံလေးလိုပါ။ မှန်သည်။ သူမ၏စကားသံလေးသည် ကရုဏာသံလေး၊ ချိုလွင်အေးမြသာယာသည်၊ ငြိမ်းချမ်း

ပြီး သိမ်မွေ့သည်၊ နူးညံ့သည်။ ဘဝတွင် အမျိုးသမီးများ၏ ချဲ့နွဲ့သော စကားသံတွေကိုသာ သူကြားဖူးခဲ့သည်။ ထိုသို့သော အေးမြသာယာပြီး နူးညံ့သိမ်မွေ့ ကရုဏာသံမျိုး သူ မကြားဖူးခဲ့ပါ။

သူသည် ထိုအသံလေးနှင့် ငြိမ်သက်စွာ မိန်းမောနေရပြီး မိမိကိုယ်မိမိလည်း ဆန်းစစ်နေဖြစ်ရလေ၏။ မိမိသည် သူမအကြောင်းအား နေ့နေ့ညညတွေးနေဖြစ်ရပြီး သူမစကားသံလေးအားလည်း အချိန်ပြည့်ကြားချင် နားထောင်နေချင်ရသည်။ သူမနှင့်အတူလည်း မိမိနေချင်သည်။ မိမိအနား သူမ ရှိနေလျှင် မိမိဘဝသည် အန္တရာယ်မရှိ၊ အခက်အခဲမရှိ၊ လုံခြုံစိတ်ချနေရသည်ဟု မိမိထင်မိ၏။ မိမိစိတ်သည် သူမအား အမှန်ပင်ယုံကြည်အားကိုးနေမိရလေသည်။ သည့်အတွက် မိမိအနားတွင် သူမအား အမြဲရှိနေစေချင်တော့၏။

"ကိုစိုးစိုး. . ."

"ဗျာ. . ."

"ဘာတွေတွေးနေလဲ၊ မေ ပြောပြတာတွေကြားရဲ့လား"

"ကြားပါတယ်၊ ကိုယ်နားထောင်နေတယ်၊ မေ့ရဲ့စကားသံတွေက နေနေ့ညည ကိုယ့်ရင်ထဲစီးဝင်နေတယ်. . ."

"အဟင်း ကျေးဇူးတင်ပါတယ်၊ မေ့အပေါ်ယုံကြည်မှုရှိတစ်ယောက်ကို မေ ဂရုစိုက်ရကျိုးနပ်ပါတယ်၊ ကဲ စားစရာမှာမယ်၊ ဘာစားချင်လဲဟင်. . ."

"မေပဲ စီစဉ်ပါလား. . ."

"ဒါဆို ငါးချိုချဉ်ကြော်ရယ်၊ ဝက်သားပေါင်းနဲ့ ဆယ့်နှစ်မျိုးဟင်းချို၊ အစိမ်းကြော်တစ်ပွဲ၊ ဒါပဲစားမယ်နော်၊ ငါး၊ အသား၊ ဟင်းရွက်နဲ့ ဟင်းချိုစုံနေပြီပဲ၊ မဟုတ်လားနော်. . ."

"ကိုယ်က ဘာမဆိုစားပါတယ်၊ အထူးသဖြင့် မေ ကျွေး

ချင်တာသာတွေး၊ စားမယ်. . ."

"အဟင်း ကလေးက ဆရာမအကြိုက်ကို သိပ်ပြောတတ်တာပဲကိုး. . ."

"အဟွန်း ဒီလိုထင်တာကောင်းပါတယ်၊ ကိုယ်လည်း မေ့လက်ထဲက ကလေးပဲဖြစ်ချင်ပါတယ်၊ မေ့လက်ထဲမှာ ရှိတဲ့ကလေးဟာ ဘယ်တော့မှဒုက္ခမရောက်ဘူးဆိုတာ ယုံကြည်တယ်လေ. . ."

"ကျေးဇူးတင်ပါတယ်ရှင်၊ မေ့ကိုယုံကြည်လို့ပါ. . ."

"အားလည်း ကိုးချင်ပါတယ်. . ."

"အားကိုးလို့လည်းရပါတယ်၊ အဟင်း ကဲ မေ စားစရာမှာလိုက်ဦးမယ်. . ."

ဆိုရင်း မေ စားစရာမှာလိုက်သည်။ စားစရာမှာပြီးသည်တွင် မေအုပ်စိုးသည် သူ့အတွက် ဖျော်ရည်အေးအေးလေးတစ်ခွက် သူ့လက်ထဲထည့်ပေးရင်း. . .

"လိမ္မော်ရည်မွေးမွေးလေး အစာအစားခင် နည်းနည်းသောက်ထားပါ. . ."

မေအုပ်စိုးဆိုပြီး သူ့ကိုယ်ပေါ်တွင် လက်သုတ်ပုဝါဖြူကို ဖြန့်ခင်းပေးလိုက်သည်။ ပြီးတော့ သူ့အနားတွင် ရေတစ်ခွက်ကိုလည်း ထည့်ထားပေးသည်။ သူသည် မေ လုပ်ပေးသမျှ ငြိမ်သက်စွာ နေ၏။ ညင်သာလွန်းသော မေ၏အပြုအစုသည် သူ ဘာနှင့်မှနှိုင်း၍မရသလိုပါ။ တစ်အောင့်ခန့်ကြာသည်တွင် စားစရာတွေ ရောက်လာသည်။ ထမင်းနှင့်ဟင်းလျာများစုံသည်တွင်. . .

"ရတယ် မောင်လေး၊ မမကိုယ်တိုင်ပဲ ထမင်းခူးပေးပါ့မယ်"

စားပွဲထိုးလေးကို မေအုပ်စိုးဆိုပြီး သူ့အတွက် ထမင်းပန်းကန်ကို မေကိုယ်တိုင် ခူးပေးသည်။ ပြီးတော့ မေသည် သူ့

အတွက် ဇွန်းနှင့်ခရင်းကိုယူပြီး သူ့လက်ထဲထည့်ပေးရင်းက. . .

"ကိုစိုးစိုး. .ဒီမှာ ဇွန်းခရင်း၊ ရှေ့မှာ ထမင်းပန်းကန်၊ စားစရာတွေကို မေထည့်ပေးမယ်၊ ဖြည်းဖြည်းစားပါနော်. . ."

မေဆိုရင်း ငါးအသားကိုဖဲ့ပြီး သူ့ပန်းကန်ထဲထည့်ပေးသည်။ ပြီးတော့ ဝက်သားပေါင်းကို တစ်လုပ်စာဖဲ့ပြီး သူ့ပန်းကန်ထဲထည့်ပေးသည်။ မေအုပ်စိုး၏စိတ်ရှည်လက်ရှည်နှင့် စနစ်တကျ ပြုစုဂရုစိုက်မှုတွေသည် သူ့ရင်အား လွန်စွာ ကြည်နူးချမ်းမြေ့စေနေရပါ၏။

"ကိုစိုးစိုး. . ."

"ဗျာ. . ."

"ဖြည်းဖြည်းစားနော်၊ စိတ်ထဲမှာအားငယ်စိတ်တွေ မရှိပါစေနဲ့၊ တစ်နေ့ကျရင် အနှေးနဲ့အမြန်ဆိုသလို မျက်လုံးတွေပြန်ကောင်းလာမှာပဲမဟုတ်လား၊ စိတ်ဓာတ်မကျနဲ့၊ အားတင်းထားနော်၊ မျှော်လင့်ချက်တွေ အများကြီးရှိတယ်မဟုတ်လား၊ ရည်ရွယ်ချက်တွေ ထားထားတာလည်း ရှိတယ်မဟုတ်လား. . ."

"ဟုတ်တယ် ရှိတယ်၊ ကိုယ့်ရည်ရွယ်ချက်တွေ မျှော်လင့်ချက်တွေ အဆင်ပြေလာပါ့မလား မေ. . ."

"ပြေရမှာပေါ့ရှင်၊ ဒါကြောင့် စိတ်ဓာတ်မကျဖို့ အားမလျော့ဖို့ ပြောတာပေါ့၊ အဓိကစိတ်ပဲ၊ စိတ်မပျက်နဲ့နော်. . ."

"မှန်တာပြောရရင် အစကတော့ ကိုယ်စိတ်ပျက်နေတယ်၊ စိတ်ဓာတ်တွေလည်း ကျနေတယ်၊ မေနဲ့တွေ့ဆုံပြီးတဲ့နောက်မှာတော့ ကိုယ် အဲဒါတွေပျောက်သွားတယ်၊ ကိုယ် မေ့ကိုယုံကြည်တယ်၊ အားကိုးတယ်၊ တကယ်လို့ လိုအပ်ရင် မေ ကိုယ့်ကိုကူညီမလားဟင်"

"တတ်နိုင်တဲ့ဘက်ကဆိုရင် မေက ကိုစိုးစိုးကိုမှမဟုတ်ဘူး၊

အခက်အခဲနဲ့ တွေ့တဲ့သူတိုင်းကို ကူညီချင်တဲ့သူပါ၊ ပြီးတော့ ကိုစိုးစိုးကိုလည်း မေအေတတ်နိုင်ဆုံး ကူညီဖို့ စီစဉ်ထားတာပဲလေ. . .”

“ဟုတ်ပါတယ် ကိုယ်သိပါတယ်၊ တကယ်လို့ ကိုယ်က ငွေအကူအညီမလိုဘဲ တခြားတစ်ခုခုလိုအပ်တယ်ဆိုရင် မေ ကူညီနိုင်မလား. . .”

“မေတစ်နိုင်တာကို ကူညီပါ့မယ်လို့ ပြောထားပြီးပြီပဲ၊ ကဲ ထမင်းကိုဝင်အောင်စားပါ၊ ပြီးမှစကားပြောတာပေါ့၊ ဖြည်းဖြည်းစားပါ. . .”

မေအုပ်စိုးဆိုရင်း သူ့ကိုဖြည်းဖြည်းစားစေသည်။ ဂရုတစိုက်လည်း စောင့်ရှောက်၍ကျွေးသည်။

“စားကောင်းရဲ့လားဟင်. . .”

“သိပ်စားကောင်းတယ်၊ မေ့ရဲ့စေတနာနဲ့ ဂရုစိုက်မှုကြောင့် ဝိုပြီးလည်းစားဝင်ပါတယ်. . .”

“ကျေးဇူးတင်ပါတယ်၊ ထပ်စားဦးမလားဟင်. . .”

“ဝပါပြီ၊ ဓမ္မော ကိုယ့်ကြောင့် စားသောက်ပျက်နေပြီလား”

“ဘယ်လိုပျက်မလဲ၊ မေလည်းစားနေတာပဲလေ၊ အခု မေလည်းပြီးပြီ၊ ကဲ ဒီမှာ အချိုရည်နည်းနည်းထပ်သောက်ပါဦးနော်၊ ဒါနဲ့ စကားမစပ်မေးပါရစေ၊ မေးရမလားဟင်. . .”

“မေးပါ၊ အားလုံးရတယ်၊ ဘာတစ်ခုမှ လျှို့ဝှက်ကန့်ကွက်စရာမရှိဘူး. . .”

“တခြားမဟုတ်ပါဘူး၊ မျက်လုံးက ဘယ်လိုစဖြစ်တာလဲ ထိုအမေးအတွက် သူသည် အတိတ်ကိုမြင်ယောင်ဖြစ်ပုံး သက်မမောအားချဖြစ်လိုက်ရလေသည်။ ပြီးမှ သူသည် စကားကို အေးဆေးစွာဆို၏။

“ကိုယ်ကတောင်ကြီးမှာနေပါတယ်. . .”

တောင်ကြီးမှာနေသည်ဟုဆိုသဖြင့် မေအုပ်စိုးမှာ တစ်ချက် မျက်နှာပျက်သွားရသည်။ ကိုစိုးစိုးက မျက်လုံးမမြင်၍သာပင် ကော်တော့သည်။ တကယ်တော့ မေ့အား လိမ်လည်လှည့်စားခဲ့သည့် ကိုကျော်လွင်သည် တောင်ကြီးတွင်ပင် နေထိုင်သည့်သူဖြစ်သောကြောင့်ပါတည်း။

“တစ်နေ့ တောင်ကြီးကို ရည်မွန်လှိုင် ပြန်လာလို့၊ ကိုယ်တို့နှစ်ဦး လျှောက်လည်ကြတယ်၊ ရည်မွန်လှိုင်ဆိုတာကတော့ ကိုယ် ဆွေးချယ်ထားတဲ့ ကိုယ့်ချစ်သူတစ်ယောက်ပါ၊ သူက မော်ဒယ်မင်းသမီး တစ်ယောက်ပဲ၊ ကိုယ့်ရဲ့ဦးလေးကတော့ သူ့ကိုသဘောမကျလှပါဘူး၊ တိုတိုပြောရရင် သူပြန်လာလို့ လျှောက်လည်ရာက ကားမောက်ပြီး ကိုယ့်မျက်လုံးတွေ ကွယ်သွားတာပါ. . .

“အိုး ဖြစ်ရလေ၊ သူကောဘာဖြစ်သွားသေးလဲဟင်. . .”

“သူ ဘာမှမဖြစ်ပါဘူး၊ ခုတော့ သူလည်း အိမ်ထောင်ကျသွားပြီလို့ သတင်းကြားပါတယ်. . .”

“အဖြစ်အပျက်တွေက ဘယ်လောက်ကြာသွားပြီလဲဟင်”

“တစ်နှစ်လောက်တော့ ရှိတော့မယ်ထင်တယ်. . .”

“ရှင်. . .တစ်နှစ်ရှိတော့မယ်၊ ဘာလို့အဲဒီလောက် အချိန်ဆွဲထားရတာလဲ. . .”

“ကိုယ်စိတ်ပျက်ပြီး စိတ်ဓာတ်ကျနေတာလည်းပါလို့ပါ၊ ီးတော့ လူတွေကိုလည်း ကိုယ်မယုံချင်တော့ဘူး၊ ဒါပေမယ့် ကိုယ် လည်း အားနာတတ်တယ်၊ စိတ်ပျော့တယ်ဆိုမလားပဲ. . .”

“အားနာတာနဲ့ စိတ်ပျော့တာတွေဟာ တကယ်မလိုလား အပ်တဲ့ အရာတွေပါ၊ အထူးသဖြင့် ရှင့်လိုယောကျ်းတစ်ယောက်မှာ

"ကရင်း ရင်း ရင်း. . ."

အိမ်ရှေ့မှဖုန်းသံကြောင့် ကိုသိန်း ပြေးကိုင်ဖြစ်ရင်း နားထောင်လိုက်သည်။

"ဟဲလို ပြင်ဦးလွင်ကပါ. . ."

"ဟဲလို ဟုတ်ကဲ့၊ ကျွန်တော် ရန်ကုန်ကဆက်နေတာပါ၊ ခင်းအုပ်စိုးရဲ့သူငယ်ချင်းပါ၊ ဒေးဗစ်ပါ. . ."

"ဟာ ကိုဒေးဗစ်၊ ကျွန်တော် ကိုသိန်းပါ၊ အခု သူဌေးက အပြင်သွားနေတယ်. . ."

"ဟင် ဘယ်လိုလုပ်သွားလဲ၊ ကိုသိန်းလည်း မပါဘဲနဲ့"

"ကျွန်တော်မလိုတော့ဘူးလေ ကိုဒေးဗစ်ရဲ့၊ အခုသူဌေးနားမှာ ချွေနတ်သမီးလေးတစ်ပါးရှိနေတယ်. . ."

"ဟင်း အမှတ်မရှိသေးဘူးကိုး၊ ဒီအမျိုက်တွေကလည်း အရေးထဲ. . ."

"ကိုဒေးဗစ်ရေ အခုကတော့ အမျိုက်မဟုတ်ဘူးဗျာ၊ တကယ့်ကို သန့်ရှင်းဖြူစင်ပြီး ရိုးသားဖြောင့်မတ်တဲ့ ချွေမင်းသမီးလေးပါဗျာ၊ သူဌေးလည်းမျက်လုံးမမြင်ဘဲနဲ့ တောင် တော်တော်ကို စွဲလန်းနေပုံရတယ်၊ သူ စွဲလန်းမယ်ဆိုလည်း စွဲလမ်းထိုက်ပါတယ်၊ သိပ်ကို လှပကျက်သရေရှိပြီး စိတ်စေတနာနဲ့ ပြည့်စုံတဲ့ မိန်းမချောလေးပါပဲဗျာ၊ ဒီတစ်ခါတော့ ကျွန်တော်အာမခံပါတယ်၊ တကယ်ပြောပါ ကိုဒေးဗစ်. . ."

"အင်း ကြည့်လိုက်ချင်သေးသဗျာ၊ ရန်ကုန်မှာရှိတဲ့ သူ့ရဲ့ မော်ဒယ်မကတော့ သူ့လိုဒုက္ခိတကောင်ကို ရှိတယ်လို့ တောင် ဆောင်တော့ဘူး. . ."

ပိုပြီးမရှိသင့်ဘူး၊ ဒီလိုအားနာပြီး စိတ်ပျော့တဲ့စိတ်တွေဟာ တစ်နေ့ ရင့်ဘဝကို ဆိုးဆိုးဝါးဝါးဖြစ်စေလိမ့်မယ်၊ ကျွန်မလည်း အဲဒီစိတ်တွေ ရှိလို့ ဘဝမှာအရုတ်တရွဲအကျိုးနည်းဖြစ်ခဲ့ရပြီးပါပြီ၊ အဲဒီစိတ်တွေကို ကျွန်မတို့ကိုယ်ထဲက မောင်းထုတ်ပစ်ရမယ်. . ."

"သိပ်မှန်တာပေါ့ဗျာ၊ ကိုယ်တို့ကြိုးစားရမယ်၊ ကိုယ်တို့လုပ်နိုင်မှာပါ. . ."

"ဟုတ်တယ်၊ မေလည်း ဒီလိုပဲဆုံးဖြတ်တယ်၊ ကဲလေ ဒါတွေထားပါ၊ အခုရှင်စိတ်ဓာတ်မကျနဲ့တော့၊ စိတ်မပျက်နဲ့တော့၊ အချိန်လည်းမဖြုန်းနဲ့တော့၊ ဘဝကိုအချိန်ဖြုန်းနေမယ့်အစား မြန်မြန် ဆေးကုပြီး ဘဝခရီးမှာ အဓိပ္ပါယ်ရှိရှိ ဆက်လျှောက်ဖို့ကြိုးစားပါတော့"

"အားပေးတာ ကျေးဇူးတင်ပါတယ်၊ မေက ကိုယ့်ဘဝရဲ့ မီးအိမ်ရှင်မလေးပါပဲ. . ."

"ဒီလိုလည်း မတင်စားပါနဲ့၊ ကျွန်မ ဒီလောက်လည်း မဟုတ်သေးပါဘူး. . ."

"ကိုယ်ကတော့ ဒီလိုပဲခံယူထားတယ်၊ ပြီးတော့ ကိုယ့် အတွက် မေ ကူညီပါဦး၊ မေ့ရဲ့အကူအညီလိုအပ်တယ်. . ."

"ဘာကူညီရမလဲ. . ."

"အဲဒီကိစ္စတွေ ဖြည်းဖြည်းပြောတာပေါ့၊ မေကူညီမယ်လို့ တော့ ကိုယ်မျှော်လင့်ပါတယ်. . ."

"ကောင်းပြီလေ၊ ကဲ ဒါဆို ကျွန်မတို့အခုသွားကြရအောင်"

"အင်း. . ."

ဆိုရင်း မေအုပ်စိုးသည် သူ့ကို ဂရုတစိုက်တွဲခေါ်ရင်း စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့လိုက်ကြလေ၏။

× × × × ×

"ဒါတွေနဲ့တော့ အခုကတခြားစီပါ ကိုဒေးဗစ်ရဲ့၊ ဟော ပြောရင်းဆိုရင်း သူဌေးပြန်လာပြီထင်တယ်၊ ဘဲလ်သံကြားတယ်၊ ကျွန်တော်တံခါးသွားဖွင့်ပေးလိုက်ဦးမယ်၊ ဖုန်းကိုင်ထားနော်. . ."

"ကောင်းပြီ ကောင်းပြီ. . ."

ကိုသိန်းဆိုရင်း ကဗျာကယာပြေး၍ တံခါးသွားဖွင့်ပေးသည်။ ထင်သည့်အတိုင်း မင်းအုပ်စိုးပြန်လာသည်ကိုတွေ့၍ အိမ်ထဲတွေ့ခေါ်ခဲ့ရင်း. . .

"ကိုဒေးဗစ်ဆီက ဖုန်းလာနေတယ် သူဌေး၊ နားထောင်လိုက်ပါဦး. . ."

ဆိုရင်း သူ့ကိုဖုန်းပေးလိုက်သည်နှင့် သူလည်း အချစ်ဆုံးသူငယ်ချင်း ဒေးဗစ်ထံမှဖုန်းမို့ ပျော်ရွှင်ကျေနပ်သွားရရင်း. . .

"ဟဲလို ဒေးဗစ် ဘယ်လိုလဲ၊ ကိုယ့်ကိစ္စတွေစုံစမ်းထားပေးတာ အဆင်ပြေလား. . ."

"ဘာမပြေစရာရှိလဲ မင်းအုပ်စိုးရာ သိပ်ပြေတာပေါ့၊ မင်းပဲလာဖို့လိုတယ်၊ တစ်ခုတော့ရှိတယ်၊ မင်းမျက်လုံးခွဲပြီးရင်နဲ့ မခွဲခင် မင်းကိုအနီးကပ်ပြုစုစောင့်ရှောက်ဖို့ လူတစ်ယောက်တော့လိုအပ်. . ."

"စိတ်ချ. .အတော်ဆုံးလူတစ်ယောက်ကို ကိုယ်ခေါ်ခဲ့မယ်"

"ဘယ်သူလဲ၊ မင်း ဦးလေးရဲ့မယားပါသမီးဆိုတာလား"

"အဲဒါကမင်းအတွက်၊ အခုကိုယ်ရွေးချယ်မယ့် ကြင်ယာလောင်းက အသင့်ရှိနေပြီ၊ ကိုယ် သူ့ကိုလက်ထပ်ပြီးခေါ်ခဲ့မယ်"

"ဟင် ဒီလောက်တောင်ပဲ သူကလွယ်သလား၊ မင်းနဲ့က ဘယ်မှာတွေ့တာလဲ၊ ဘယ်တုန်းကတွေ့တာလဲ. . ."

"နားထောင်ပါဦးကွာ၊ မင်းကသူ့ကို အထင်သေးနေတာကိုး၊ ကိုယ်ကလည်း သူ့ကို အရင်ဆုံးအပေးအယူတစ်ခုအနေနဲ့

အကူအညီတောင်းမှာပါ. . ."

"ဟုတ်မှလည်းလုပ်ပါ မင်းအုပ်စိုးရာ. . ."

"မင်းကြည့်နေလေ၊ မင်းတွေ့မှ သုံးသပ်ဆုံးဖြတ်ပါကွာ၊ ဦးဘော့ မျက်မမြင်လူတစ်ယောက်ကို ကြည့်ဖို့ဆိုတာကလည်း လောက်ပွန်းတဲ့ကြည့်ရမှာဆိုတော့ ကိုယ့်ရဲ့ဇနီးမယားမှပဲ ပိုအဆင်ပြေမယ်မဟုတ်လား၊ ကိုယ်တို့ချင်းမပေါင်းသေးခင်တော့ ကိုယ်နဲ့သူ့ရဲ့ကြားမှာ ကတိကဝတ်နဲ့အပေးအယူတော့ ရှိမှာပါ. . ."

"အေးလေ မင်းကောင်းမယ်ဆိုရင်တော့ လုပ်ပေါ့ကွာ၊ မင်းဟာတာ တစ်ချို့တစ်ဝက်တော့လည်း မှန်ပါတယ်၊ မျက်မမြင်ဒုက္ခိတကို ကြည့်ရှုဖို့က မင်းကလည်းလူမျိုး၊ ကြည့်တဲ့သူကလည်း အပျိုဆိုတော့ ကိုက်တော့မကိုက်ဘူး၊ လက်ထပ်ထားတဲ့သူတွေဆိုရင်တော့ အားမနာရဘူးပေါ့. . ."

"ဟုတ်တယ်၊ အဲဒီအချိန်ကာလတွေမှာ ငါတို့တစ်ယောက်အကြောင်းလည်း စာစီယောက်ပိုသိလာမယ် မဟုတ်ဘူးလား. . ."

"ဟုတ်ပါတယ် ဟုတ်ပါတယ်၊ မင်းဆန္ဒအတိုင်းလုပ်ပါ၊ ကိုယ်ကတော့ တွေ့မှပဲလေ့လာတော့မယ်၊ ကဲ အခုပြော မင်းဘယ်တော့ရန်ကုန်လာမလဲ. . ."

"မလောနဲ့လေ၊ ကိုယ်လည်းဒီမှာ အဆင်ပြေအောင် ကိစ္စအားတွေလုပ်ရဦးမှာဆိုတော့ အချိန်နည်းနည်းပေးရဦးမှာပေါ့၊ ပြီးတော့ သူနဲ့အဆင်ပြေရင် တောင်ကြီးပြန်ပြီး ရန်ကုန်လာဖို့အစီအစဉ်လုပ်ရမယ်. . ."

"မြန်မြန်လာဖို့လုပ်ကွာ၊ ရန်ကုန်ရောက်ရင်လည်း မင်းမျက်လုံးက ချက်ချင်းခွဲရဦးမှာမဟုတ်သေးဘူး၊ မင်းကို ဆေးတွေဘာတွေစစ်ဦးမှာ၊ အနည်းဆုံးတော့ တစ်ပတ်နှစ်ပတ်ကြာဦးမှာ. .

"အေးပါ ကိုယ်ကလည်း ... ဆို မင်းထက်တောင်အမြန်လို
သေးတယ်. . ."

"အေးပါ အေးပါ၊ ဒါဖြင့်လည်း ပြီးရော၊ ကိုယ် ဖုန်းထ
ခေါ်မယ်. . ."

"ကောင်းပြီ. . ."

ဖုန်းပြောအပြီး ဖုန်းချလိုက်သည်။ ပြီးတော့ သူ့စိတ်သ
မေအုပ်စိုးထံသို့ အော်တိုမစ်တစ် ရောက်ရှိသွားလိုက်ရလေ
မှန်သည်။ သူ့စိတ်များသည် နေ့နေ့ညည်ပင် မေအုပ်စိုးထံတွင်သ
ရှိနေရပြီမို့ ပါတည်း။

× × × × ×

တောင်ကြီးမြို့၏ ခမ်းနားလှပသော တိုက်ကြီးထဲတွင်ဖြစ်
ထမင်းစားခန်းထဲတွင် ဦးဇေယျနှင့် ဒေါ်လှိုင်လှိုင်သွင်တို့ မိသားစု
ထမင်းစားနေကြ၏။ ထမင်းစားရင်း ထုံးစံအတိုင်း ဂျူးက ချူး
ပြုံးစိစိနှင့်ကြည့်နေသည်ကို ချူးက သတိထားမိလိုက်၍. . .

"ဂျူး. . နင် ငါ့ကိုဘာကြည့်တာလဲ၊ ပြီးတော့ ပြုံးစိစိနဲ့
သားနှင့်သမီးထံမှ စကားသံတွေကြားတော့ မိဘတွေ
ထမင်းစားရင်း သားနှင့်သမီးထံ ကြည့်ဖြစ်လိုက်ကြသည်။ ဒေါ်လှ
လှိုင်သွင်မှာ သမီးဖြစ်သူအား ကလေးမဆန်ရန်နှင့် မောင်လေး
သင့်မြတ်ရန်နေဖို့ မျက်ရိပ်ပြသော်လည်း ကလေးဆန်သည့် ချူး
မသိ၊ သဘောမပေါက်၊ မိမိအား မချို့မချဉ်ပြုံးကြည့်နေသ
မောင်လေးထံ မကျေမနပ်ကြည့်ရင်း. . .

"ဂျူး နင်ပြောမှာသာပြော၊ ငါ့ကို ဒီလိုမကြည့်နဲ့. . .

"ပြော် မမက အလိုလိုနေရင်း အိုးမလုံအုပ်နေပြန်

"ဟင် ကြည့် . . နင် သိမယ်. . ."

"ဟဲ့ သမီး. .သား. . ."

"ဟား ဟား ဟား၊ အိုးမလုံ အုံပွင့်. . ."

"သေမယ်နော်. . ."

ဂျူးကအော်ပြီး စပြီးပြေးသည်။ ချူးကနောက်မှ ကြိမ်းဝါးပြီး
ပြေးလိုက်သည်။ မိခင်ကခေါ်သော်လည်းမရ၊ ဦးဇေယျက ကလေး
ဆွအနေနှင့်ကြည့်ကာ ပြုံး၍နေရင်း ထမင်းကိုမှန်မှန်ဆက်စားနေလိုက်
သည်။ ဒေါ်လှိုင်လှိုင်သွင်မှာ ခင်ပွန်းသည်အခြေအနေကို မသိမသာ
ဆေ့လာကြည့်ပြီးကာမှ. . .

"အင်း လှိုင်တို့သားအမိတွေကတော့ တိုက်ကြီးမှာ အေးအေး
ဆေးဆေးနဲ့၊ မင်းအုပ်စိုးကတော့ ဘယ်ရောက်နေလဲမသိဘူးနော်"

"သူဘယ်မှာနေနေပေါ့ကွာ၊ ဒါတွေ မင်းအလုပ်မဟုတ်ဘူး"

"ပြော် လှိုင်ကလည်း ရှင်နဲ့ပတ်သက်လို့ အဒေါ်မဟုတ်
လား၊ ပူရတာပေါ့။ ပြီးတော့ မျက်လုံးကလည်းမမြင်တော့. . ."

"ဟင်း မလှိုင်၊ မင်းဘယ်တုန်းများ ဘာအတွက် စိတ်ပူ
တတ်လို့လဲ၊ စိတ်မပူတတ်ပဲ စိတ်ပူဟန်ဆောင်မနေစမ်းပါနဲ့၊ မင်း
သိထားဖို့က ငါ့တူဟာ အလေနတောမဟုတ်ဘူး၊ သူ့ဘဝကိုလည်း
သူ ဘယ်တော့မှ ရေစုန်မမျောဘူး၊ ငါ့တူစိတ်ချမ်းသာသလို နေပါစေ၊
ဘာမဆိုလုပ်ပေးရမှာက ငါ့တာဝန်ပဲ၊ မင်း အနေသာကြီး. . ."

"သိပါတယ်ရှင်၊ ရှင့်တာဝန်တွေဆိုတာ၊ သူဘယ်တော့
ပြန်လာမလဲမသိဘူး. . ."

"မင်း အနေသာကြီးလို့ ပြောတယ်မဟုတ်လား. . ."

"မဟုတ်ပါဘူး၊ ကျွန်မက အိမ်သားတစ်ယောက်အနေနဲ့
ပေးတာပါ၊ ပြန်လာရင် သူ့ညီမချူးကို သူ့အတွက် အနီးကပ်ပြုစု

ဆောင့်ရောက်ခိုင်းမလို့ပါ၊ နင့်အစ်ကိုကို ဂရုစိုက်လို့. သမီးကိုလည်း
ပြောထားတယ်၊ သမီးကလည်း ကြည့်ပါ့မယ်တဲ့. . ."

"အေးပါကွာ၊ ပြန်လာတော့လည်း ဓိသားစုအားလုံးက ဝိုင်း
ကြည့်တြရမှာပဲပေါ့၊ ကဲ ကဲ စား၊ စားပြီးသွားစရာရှိသေးတယ်

"အဖေကြီးက ဘယ်သွားဦးမှာလဲ၊ မိုးချုပ်ပြီပဲ. . ."

"သစ်တော်ခြံဘက် ခဏပါကွာ. . ."

ကြည်ကြည်လင်လင်နှင့် လူကြီးတွေစကားပြောနေကြသည်
ချိုးမှာ ဂျူးအလစ်တွင် လာ၍ချောင်းကြည့်နေဖြစ်သည်။ လူကြီးတ
စကားသံကိုကြားသည်တွင် ချိုးသည် ကျေနပ်ကြည်နူးစွာ ပြုံးဖြစ်သွ
လိုက်ရလေ၏။ ။

❖ ❖ ❖

(လေး)

သာယာသော စန္ဒရားသံလေးအား ခံပြင်ကပင်
ငေးအုပ်စိုးကြားနေရသည်။ သူသည် တူရိယာသံစဉ်များတွင် စန္ဒရား
သံကို အနှစ်သက်ဆုံးပါ။ စန္ဒရားသံလေးကို နားထောင်ရင်း သူ
သည် တုတ်ကလေးနှင့်စမ်းကာ စမ်းကာဖြင့် ကျောင်းရှေ့သို့ ရောက်
လာ၏။ ခြံဝနားအရောက်၌ ဂိတ်စောင့်ကာ သူ့ကိုထွက်ပြီး ဖေးမ
ကွဲခေါ်သည်။

"ဆရာ ဘယ်သွားမလဲ၊ ဒီကိုပဲလား. . ."

"ဟုတ်ပါတယ်၊ ဆရာမမေအုပ်စိုးနဲ့. လာတွေ့တာပါ..."

"ညော် ဟုတ်ကဲ့ ရှိပါတယ် ဆရာ၊ ကျောင်းထဲအထိ
ကျွန်တော်လိုက်ပို့ပေးပါ့မယ်. . ."

"ကျေးဇူးပါပဲဗျာ. . ."

သူ့ကိုကျောင်းထဲအထိ ဂိတ်စောင့်ကခေါ်ခဲ့သည်။ ကျောင်းထဲ
အရောက်မတော့ အနည်းငယ်မျှလှမ်းသွားရပြီး တစ်နေရာတွင် ရပ်
လိုက်၏။

"ဆရာ ဒီအခန်းပါပဲ၊ ဟိုမှာ ဆရာမ စန္ဒရားတီးရင်း
ဆရာ့ကိုမြင်သွားပါပြီ၊ ပြီးရင် ဆရာမထွက်လာပါလိမ့်မယ်၊ ကျွန်တော့်
ကို ခွင့်ပြုပါဦး. . ."

"ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ်ဗျာ. . ."

"ရပါတယ် ဆရာ. . ."

အစောင့်ထွက်သွားသည်တွင် သူသည် အစောင့်ထားခဲ့သည့်
နေရာတွင်ပင်ရပ်နေလိုက်ပြီး မေအုပ်စိုး၏စန္ဒရားလက်သံလေးအား

ကြည်နူးစွာနားထောင်နေလိုက်လေ၏။ မအုပ်စိုးကလည်း သူ့ထံသို့ အားနာစွာနှင့် လှမ်းချကြည့်သည်။ တီးလက်စအပိုဒ်ပေးပြီးသည်တွင် မအုပ်စိုးသည် ကလေးတွေကို ကျင့်ထားခိုင်းပြီး သူ့ထံသို့လှမ်းခဲ့၏။

"ကိုစိုးစိုး.. .ကျောင်းကိုလာတာလား.. . ."

"ဟုတ်တယ်၊ ကျွန်တော်လည်း စန္ဒရားသံကို နှစ်သက်တဲ့သူမို့ လာနားထောင်တာပါ၊ ပြီးတော့ ပြောစရာလည်းရှိတယ်၊ ပြောစရာထက် ဆွေးနွေးတယ်ဆိုရင် ပိုမှန်မှာပါ၊ ဒါပေမယ့် ခုတော့ မဟုတ်ပါဘူးဗျာ. . ."

မအုပ်စိုးသည် မျက်မှန်တပ်ထားသည့် သူ့မျက်နှာချောချောဆီ မော့ကြည့်ရင်း နားထောင်နေဖြစ်၏။

"မအုပ်စိုး.. . ."

"ရှင်. . ."

"ကျွန်တော်ပြောတာ ကြားပါတယ်နော်. . ."

"ဟုတ်ကဲ့ ကျွန်မနားထောင်နေတယ်လေ. . ."

"ဆရာမ. .ကျွန်မကလေးကို သင်တန်းလာအပ်တာပါ"

"ဩော် ဟုတ်ကဲ့၊ အသစ်နော် အစ်မ. . ."

"ဟုတ်ကဲ့ ဆရာမ၊ အသစ်ပါ၊ ခုပဲ ဆရာမကြီးဆီမှာ အပ်ခဲ့ပါတယ်၊ ဒီအခန်းကိုလာပို့ဆိုလို့ပါ. . ."

"ဟုတ်ကဲ့ရှင့်၊ ကျွန်မ ခုပဲစာရင်းသွင်းပါ့မယ်၊ ကိုစိုးစိုး.. ကျွန်မကိုခွင့်ပြုပါဦးရှင်. . ."

"ကိုယ်က အနှောင့်အယှက်လာပေးသလို ဖြစ်နေတာပါ၊ ကိုယ့်ကိုခွင့်ပြုပါဦး၊ နောက်မှတွေ့မယ်. . ."

"ဟုတ်ကဲ့ ကောင်းပါပြီရှင်. . ."

ကျောင်းသားသစ်ရောက်လာမှန်း သိလိုက်ရ၍ မင်းအုပ်စိုး

သည် အလိုက်သိစွာနှင့် မေအုပ်စိုးအား နှုတ်ဆက်ပြီး တစ်လှမ်းချင်း လှမ်းထွက်သွားလိုက်လေ၏။ မည်သို့ဖြစ်စေ မင်းအုပ်စိုးရင်ထဲဖြင့် ကြည်နူးနေရသည်ကအမှန်ပါ။

× × × × ×

"ဟူး မန္တလေးမှာ ပူလွန်းတယ်ကွာ၊ ငါတို့တောင်ကြီးနဲ့ တစ်စက်မှမတူဘူး. . .

ဇနီးဖြစ်သူ ဒေါ်မြမြသွင်ထံ မသိမသာစွေကြည့်ရင်း ကျော်လွင်တစ်ယောက် ပြင်ဦးလွင်သို့သွားရန် အကြံနှင့် စကားစ ချီလိုက်သည်။ ဒေါ်မြမြသွင်ကလည်း မိမိယူထားသည့် ယောဂျ်ား အကြောင်းကို နောကျေအောင်သိနေသူမို့ ဘာအကြံတွေနှင့် ဘယ်လို ခြေလှမ်းလှမ်းချင်သေးတာလဲဟူသော အကြည့်မျိုးနှင့် ခင်ပွန်းဖြစ်သူ ကိုကျော်လွင်ထံ မျက်နှာထားနှင့် စွေကြည့်လာရင်းက. . .

"ဒီစကားက နင်ရူးလို့ပြောတဲ့စကားပဲ၊ ဒီလောက်ကွာခြားပြီး အထင်ကရမြို့ကြီးနှစ်မြို့က တူနိုင်မလားဟဲ့ အရူးရဲ့. . ."

"ဟဲ ဟဲ မမမြကလည်း မောင်က အပူဒဏ်မခံနိုင်လို့ ပြောတယ်. . ."

"ဟိုဘက်ခန်းမှာ အဲယားကွန်းရှိနေတာပဲ ပူသေးလား"

"အပြင်ထွက်ရင် ပူတာပေါ့ မမကလည်း. . ."

"ဟဲ့ စီးပွားရေးနဲ့သွားလာနေရတာ ဒီလောက်တော့ရှိမှာပေါ့၊ နင့်ကိုတစ်ယောက်တည်း သွားခိုင်းရင်လည်း ရောက်တဲ့အရပ်မှာ အတက်ထွက်ချင်တဲ့အကောင်၊ နင့်ကိုဘယ်နေရာမှာ စိတ်ချရလို့လဲ၊ နင့်လိုအကောင်ကလေ ငါလိုမိန်းမနဲ့မှတန်ကာကျတယ်. . .

"မမမြကလည်း မောင်က မမမြမှမမမြတစ်ယောက်တည်းပဲ၊

ခုခေတ်မိန်းကလေးတွေအကြောင်းလည်း မမမြသိတာပဲမဟုတ်လား၊ မောင့်မှာ မိန်းမရှိတယ်ဆိုတာ သိသိကြီးနဲ့ မောင့်ကိုပဲကပ်နေကြတာ၊ မောင်ကယောကျ်ားပဲလေ၊ ဒါပေမယ့် အခိုန်တန်တော့လည်း မောင်က မမဆီပဲပြန်လာတာပဲမဟုတ်လား၊ ဒါကိုကြည့်ခြင်းအားဖြင့် မမမြကို မောင်ဘယ်လောက်ချစ်တယ်ဆိုတာ သိသာနေတာပဲ. . . "

"ဟင်း အပြောကောင်း. . . "

ကျော်လွင်ဆိုတော့ မြမြသွင်တစ်ယောက် အရည်ပျော်သွားရသည်။ တကယ်တော့ ကျော်လွင်နှင့်မြမြသွင်တို့က လိုက်လည်း လိုက်တဲ့လင်မယား၊ အသွင်တူ၍ အိမ်သူဖြစ်သည်ဟုလည်း ဆိုရမည်။ ကျော်လွင်ထက် မြမြသွင်က အသက်ငါးနှစ်ကြီးသည်။ ကျော်လွင်က ရုပ်နှင့်စားနေသည့် တကယ့်လူရုပ်၊ လူလည်တစ်ယောက်၊ မြမြသွင်ကလည်း ဘာမှမဟုတ်လိုနေရမည်၊ အခြေခပ်ကြီးကြီးထဲက မိန်းမမျိုး။ ကျော်လွင်ရော မြမြသွင်ပါ အညာသူအညာသားတွေ။ သို့သော်လည်း သူတို့ရုပ်တွေက အညာရုပ်တွေဖြင့် မပေါက်။ နစ်ဦးသားမတွေ့ခင်ကတည်းက စီးပွားရှာရင်း နေရာအနှံ့သွားလာကြသည်။ ပြီးတော့ တောင်ကြီးတွင်အချိန်များများနေဖြစ်ရာက တောင်ကြီးမြို့တွင်ဖင် အဆင်ပြေသလို နေထိုင်ဖြစ်သွားကြသူတွေဖြစ်၏။

ကျော်လွင်ကရိုးကောင်းကောင်းနှင့် ယောင်ခြောက်ဆယ်၊ သူများခိုင်းသည့် အလုပ်ကိုလုပ်သည်။ မြမြသွင်က မိုးကုတ်၊ မန္တလေး၊ ရန်ကုန်၊ တောင်ကြီးမြို့တွေဆီသွားပြီး အလုပ်လုပ်သည်။ သို့သော်လည်း ကျော်လွင်နှင့်မြမြသွင်သည် ဘယ်မှာမှမတွေ့။ တောင်ကြီးမှာပင် နှစ်ယောက်သားတွေ့ကြပြီး တစ်ယောက်ကိုတစ်ယောက် အထင်ကြီးပြီး အိမ်ဖမ်းယူလိုက်ကြခြင်းဖြစ်၏။ မြမြသွင်က ကျော်လွင်ရုပ်နှင့်

စတိုင်တွေကို အထင်ကြီးသည်။ ကျော်လွင်ကလည်း မြမြသွင်၏ အလုပ်ကိုအထင်ကြီးပြီး ယူထားခြင်းဖြစ်၏။

သူတို့နှစ်ယောက်သားသွားတော့ မြမြသွင်ကဟန်၊ ကျော်လွင်က အဆံမရှိကြောင်းသိကြရသည်။ မည်သို့ဖြစ်စေ ကျော်လွင်က အလုပ်မလုပ်ပဲလည်း ထိုင်စားရှိရသည်။ မြမြသွင်က ရှာကျွေးသည်။ ပြီးတော့ မြမြသွင်၏အစ်မတစ်ယောက်ကလည်း တောင်ကြီးမြို့မှ စော်ဘွားမျိုးလူကုံထံကြီးတစ်ယောက်နှင့်ရသွား၍ မြမြသွင်အတွက် အထောက်အပံ့တွေရပြီး အခြေအနေတွေက ပို၍ကောင်းသွားရ၏။ သည့်အတွက် ကျော်လွင်ကလည်း ပို၍ဓိမဂ္ဂကာ ပို၍ရုပ်ကောင်းတော့သည်။

စီးပွားရှာနေသည့် မြမြသွင်ကမသိ၊ မြမြသွင်သိသည့်အချိန်တွင် ကျော်လွင်နာပြီ။ မြမြသွင်က ရုပ်တော့ဖြင့်မဆိုးသော်လည်း နှတ်ကြမ်းအာကြမ်း၊ အမူအယာကလည်းကြမ်း၊ လင်ကိုထိမ်းကြည့်၊ အရှက်အကြောက်ဟူသည် လုံးလုံးမရှိတော့။ လင်နှင့်ပတ်သက်လာလျှင် ဘာမှဂရုမစိုက်တော့သည့်မိန်းမ၊ သည်လင်မှသည်လင်၊ သည်လင်မှမရှိတော့လျှင် မဖြစ်တော့သည့်မိန်းမစားမျိုး။ ကျော်လွင်ကလူလည် လူရုပ်၊ အနုအရွ အလှအပတွေကို စုံလင်အောင်ကြိုက်တတ်သည့် လူစား။ လူကသာ ယောကျ်ား၊ ပြောလိုက်သည့်စကားတွေက မိန်းမလိုမိန်းမရစကားတွေ၊ သတ္တိကဖြင့် နည်းနည်းမှမရှိ။ အပျော်မက်ပြီး အကြံအဖန်တွေထုတ်တတ်သည့် ယောကျ်ားပိုင်းလုံးဆိုကပို၍မှန်၏။

ပြီးတော့ ကျော်လွင်လိုလူစားက အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစားတတ်သည့် ယောကျ်ား၊ ယောကျ်ားတစ်ယောက်၏ သိက္ခာမျိုးလုံးဝမရှိ။ မထား၊ စိတ်ဓာတ်ကနည်းနည်းလေးမှ

မကောင်း။ မိန်းမချောဆိုလျှင် နည်းနည်းမှအလွတ်မပေးချင်။ ငါးမရလည်း ရေချိုးပြန်တတ်သည့် လူစားမျိုး။ ဘာဖြစ်ဖြစ် လောကကြီးထွင် ကျော်လွင်အကြောက်ရဆုံး လူတစ်ယောက်တော့ရှိသည်။ ထိုလူက သူ့ဇနီးမြမြသွင်ပင်ဖြစ်သည်။ မြမြသွင်အသံကြားလျှင် ကျော်လွင်ငြိမ်သွားပြီ။ အပိုးကျိုးသွားပြီဖြစ်သည်။

မည်သို့ဖြစ်စေ မြမြသွင်အား ကျော်လွင်ကြောက်တာကဖြင့် ကြောက်သည်။ သို့သော် ကျော်လွင်ပိုးကိုဖြင့် သတ်၍မရ။ မှန်သည်။ ကျော်လွင်သည် မေအုပ်စိုးအား လတ်လွတ်လိုက်ရ၍ မချင့်မရဲကြီးဖြစ်နေရသည်မဟုတ်ပါလား။ တကယ်တော့ ကျော်လွင်သည် မေအုပ်စိုးအကြောင်းအား ကောင်းစွာသိရှိထားပြီးပြီဖြစ်သည်။ မေအုပ်စိုးသည် မိဘနှစ်ပါးစလုံးမရှိတော့ပြီဖြစ်သော်လည်း သူမဘဝတစ်လျှောက်တော့ဖြင့် သူမပညာတွေဖြင့် ဖြည့်စွက်လျှင် ဖူလုံနေကြောင်း၊ သူမသည် ချောမောလှပခြင်းနှင့် ကျွန်ုပ်သိကွာရှိခြင်း၊ နူးညံ့သိမ်မွေ့ခြင်းများသည် သူမအားပို၍စိတ်ဝင်စားမှုကို ဖြစ်ပေါ်စေရ၏။

သူမ၏ရွေနတ်သမီးကဲ့သို့လှပခြင်းများနှင့် သူမ၏ဖြူစင်ရိုးသားမှု၊ သူမ၏ပိုင်ဆိုင်မှုများအား လက်မတင်လေး လက်လွတ်ဆုံးရှုံးသွားရသည့် ကျော်လွင်အတွက်ကဖြင့် အနှစ်နာဆုံးဟု ဆိုရပါမည်။ သူမအား ကျော်လွင်လက်မလွတ်ချင်သေးပါ။ ဖြစ်သည့်နည်းနှင့် ထပ်၍ကြိုးစားချင်သေးသည်။ မှန်သည်။ သည့်အတွက် ကျော်လွင် ကြိုးစားနေဆဲပါတည်း။ မြမြသွင်အား သူကြောက်ရသည့် မှန်သော်လည်း မြမြသွင်ကိုလည်း တစ်ချက်မည်မချွဲရပါ။ မြမြသွင်အရည်ပျော်ပါ၏။ ခုလည်း မြမြသွင်အရည်ပျော်သွားပါပြီ။ ထိုအချက်ကို နှင်း၍ ကျော်လွင်သည် မြမြသွင်ကိုဖက်ကာ တစ်ချက်နမ်းလိုက်ပြီး. . .

"မောင်စိတ်ကူးတစ်ခုရတယ် မမမြ၊ မောင်တို့ပြင်ဦးလွင်မှာ သွားအနားယူကြရအောင်၊ မောင်တို့အလုပ်တွေလည်းပြီးပြီဆိုတော့ ပြင်ဦးလွင်မှာ သုံးလေးရက်လောက် သွားအနားယူကြရအောင်နော် မကောင်းဘူးလား. . .

"အင်း မောင့်အကြံလည်းမဆိုးပါဘူး၊ ကောင်းသားပဲ၊ ဘယ်တော့သွားမလဲ မောင်. . ."

"မမမြကိစ္စတွေလည်းပြီးပြီပဲ၊ ဒီညနေပဲ တက်သွားကြတာပေါ့၊ ညဆိုရင် ဟိုမှာအေးအေးဆေးဆေး အိပ်လို့ရပြီ. . .

"အင်း ကောင်းတယ်၊ သွားကြမယ်၊ ကဲ ပစ္စည်းတွေသိမ်းတော့. . ."

"မမမြအနားယူပါ၊ မောင်ပဲ သိမ်းပါ့မယ်၊ နေရာတကာမမပဲလုပ်နေရတာ မောင်က မကြည့်ရက်ဘူး၊ ကဲ ကဲ မမမြဒိမ်းလေးနဲ့နေလိုက်၊ မောင်က ပစ္စည်းတွေသိမ်းလိုက်မယ် ဟဲ ဟဲ"

ဒီပုံစံအချိုးက မယုံသင်္ကာစရာကောင်းသော်လည်း ကျော်လွင်၏ အချွဲနှင့် အချော့တွင် မြမြသွင်သည် မျက်စောင်းနှင့်စွေကြည့်နေဖြစ်သကဲ့သို့ ကျော်လွင်ကလည်း တစ်ဘက်လှည့်လိုက်သည်နှင့် နှုတ်ခမ်းမဲ့ကာ ကျေနပ်ပြုံးနှင့် ရှိနေရပါသတည်း။

× × × × ×

ညနေစောင်းအချိန်လေးတွင် နန်းမြင့်မျော်စင်ဆီသို့ သူတို့နှစ်ဦးရောက်လာခဲ့သည်။ ထိုင်ကောင်းမည့် နေရာလေးတွင် သူတို့နှစ်ဦးသည် အတူထိုင်လိုက်ပြီး တစ်ချက်ဖြင့်ဆိတ်ငြိမ်စွာ လတ်ဆတ်အေးမြသည့်လေကို သူတို့ရှုရှိုက်ဖြစ်နေကြ၏။ ပြီးမှ တိတ်ဆိတ်နေ၍ မင်းအုပ်စိုးသည် မိမိနံဘေးတွင် မေအုပ်စိုးမရှိရဲ့လားအထင်ဖြင့်

သူ့ဘေးကို စမ်းကြည့်လိုက်သည်။ ထိုအခါ သူ့လက်က မေအုပ်စိုး လက်ဆေါ်ကျရောက်သွားသည်။ သူသည် မေအုပ်စိုး၏ လက်နုနုလေး အား ဆုပ်ကိုင်ဖြစ်ရင်း. . .

"မေအုပ်စိုး. . ."

"ရှင်. . ."

"အသံတိတ်နေလို့ ကိုယ်စမ်းကြည့်တာ. . ."

"မေရိတယ်လေ၊ ရှင့်ကိုထားသွားဖို့ စိတ်မပျူပါနဲ့၊ လတ်ဆတ်တဲ့လေတွေကို ဝဝကြီးရှူနေသေးလို့ပါ. . ."

"အဟွန်း. .ဆောရီးနော်၊ ကိုယ်ကစိုးရိမ်သွားလို့. . ."

"မစိုးရိမ်ပါနဲ့၊ အခု မေတို့နှန်းမြင့်မျှော်စင်ရဲ့ရှေ့ နေရာလေးမှာ ရောက်နေတယ်၊ ဒီနေရာလေးကတော့ အေးဆေးတာကလွဲရင် ဘာနဲ့တော့ ထုးထွေမမြင်ရပါဘူး၊ တောအုပ်ကလေးတွေပဲ မြင်ရတယ်၊ မျှော်စင်ပေါ်က တက်ကြည့်မယ်ဆိုရင်တော့ အားလုံးကို မြင်ရတာပေါ့၊ ဒီနေရာလေးကတော့ မဆိုးဘူး၊ တိတ်ဆိတ်ပြီး အေးဆေးတယ်၊ ထိတွေ့လာတဲ့လေက လတ်ဆတ်နေတယ် မဟုတ်လား. . ."

"အင်း လတ်ဆတ်ပြီး အေးမြတဲ့ခံစားမှုကို သတိထားမိပါတယ်. . ."

"ဩော် ဒီမှာ ရော့. . ."

ဆိုရင်း မေအုပ်စိုးသည် သူ့လက်ကိုကိုင်ပြီး သူ့လက်ဝါ စာအိတ်တစ်အိတ်ကို ထည့်ပေးလိုက်သည်။ မင်းအုပ်စိုးသည် လက်ထဲမှ စာအိတ်ပါးပါးလေးကို စမ်းကိုင်ကြည့်ပြီး. . .

"အဲဒါဘာလဲ မေအုပ်စိုး. . ."

"စာအိတ်တစ်အိတ်ပါ. . ."

"ဘာစာအိတ်လဲ. . ."

"ချက်လက်မှတ်တစ်စောင် ထည့်ထားတယ်၊ အများကြီးဆော့ မဟုတ်ဘူး၊ သိန်းသုံးဆယ်ပါပဲ၊ ဒါပေမယ့် ဒီသိန်းသုံးဆယ်က ကျွန်မဘဝအတွက်တော့ အများကြီးပါပဲ၊ ဒါပေမယ့် ကျွန်မဟာ ရှင့်လိုဒုက္ခိတတစ်ယောက်ကို ကူညီခွင့်ရလို့ ဝမ်းသာရပါတယ်၊ ဘာကယ်တော့ ရှင်ကကျန်းမာသန်စွမ်းတဲ့ လူရွယ်တစ်ယောက်ပါ။ အချိန်ဖြုန်းမနေဘဲ မျက်လုံးတွေကို ကုသပြီး အမြန်ဆုံးကောင်းအောင် လုပ်ဖို့လိုတယ်၊ ရှင့်ရဲ့ခွန်အားတွေ ရှင့်ရဲ့လုပ်အားတွေကို အသုံးချဖို့လိုအပ်တယ်၊ ဘာပြောပြော ရှင်ကလည်း နိုင်ငံတော်အတွက် တစ်ဆောင့်တစ်နေရာမှာ အသုံးဝင်နိုင်တဲ့လူဖြစ်နိုင်သေးတယ် မဟုတ်လား တကယ်လို့ ကျွန်မဟာ အသက်လေး ငါး ခြောက်ဆယ်၊ ခုနစ်ဆယ်အရွယ် မျက်မမြင်တွေကို ကူညီမယ်ဆိုရင် သူတို့အနေနဲ့ ဆေကအလင်းကိုပြန်ရမယ်၊ ဒါပေမယ့် သူတို့ရဲ့အချိန်က နေဝင်ချိန်ဖြစ်နေပြီ၊ ခုမှာက ကျွန်မကရွေးချယ်ပြီးတော့ ကူညီတာမဟုတ်ပါဘူး၊ ကျွန်မနဲ့ကြုံကြိုက်လာတဲ့သူ၊ ရလာတဲ့အခွင့်အရေးတစ်ခုအနေနဲ့၊ ပြီးတော့ ရှင့်ရဲ့ကံတရားနဲ့ တိုက်ဆိုင်ပြီး ကူညီဖြစ်သွားတာပါ ခုဆို ကျွန်မဟာ မျက်မမြင်ဒုက္ခသည်တွေကို ကူညီခဲ့တာ ရှင်အပါအဝင် ဆယ့်တစ်ယောက်မြောက်ဖြစ်ပြီး ဒီနှစ်ကျွန်မရဲ့မွေးနေ့ရောက်ရင် ဘုန်းကြီးကျောင်းမှာပဲ ဆွမ်းသွားကျွေးရဲပဲရှိပြီ. . ."

မေအုပ်စိုးပြောသမျှ စကားတွေကို သူနားထောင်နေဖြစ်သည်။ မေအုပ်စိုး၏ ဖြူစင်သောမေတ္တာနှင့် စေတနာကွေကို သူ အလေးဂရုဖြစ်သည်။ တစ်ဆက်တည်းလည်း မေအုပ်စိုး၏အကြောင်းတွေကို ပြန်ထက် သူပိုသိချင်နေမိသည်။

"မေအုပ်စိုး. . ."

"ရှင်. . ."

"မေးချင်တယ်. . ."

"မေးလေ၊ သိသမျှဖြေမယ်. . ."

"မဟုတ်ဘူး၊ မေအုပ်စိုးအကြောင်း. . ."

"ရပါတယ်၊ ဖုံးကွယ်စရာတော့ ဘာမှမရှိပါဘူး. . ."

"အိမ်ထောင်ရှိလား. . ."

"ရှိရင် ကျွန်မဒီလိုနေလို့ ရမလား. . ."

"မိဘတွေကော. . ."

"ကျွန်မပညာပြည့်စုံတဲ့အချိန်မှာပဲ ဆုံးကုန်ကြပါပြီ. ."

"သြော် ဒါဆိုကိုယ့်လိုပဲပေါ့၊ မေအုပ်စိုးက အခုဘယ်သူနဲ့နေလဲ. . ."

"တစ်ယောက်တည်းပဲ၊ ကျွန်မဘဝကို ကျွန်မခြေထောက်ပေါ်မှာ ရပ်တည်တယ်. . ."

သူဆက်ပြီး မေးချင်ပြောချင်နေသည့် စကားတွေရှိနေသော်လည်း သူ မေးရခက်နေသလိုဖြစ်နေ၍ စဉ်းစားချင့်ချိန်နေဆဲ မေအုပ်စိုး စကားတွေဆက်ဆို၏။

"ကျွန်မ ဆုံးဖြတ်ပြီးပြီ၊ ကျွန်မ ရန်ကုန်သွားပြီး အလုပ်လုပ်ဖို့၊ အခုအလုပ်ကတော့ လုပ်အားပေးရုံသက်သက်ပါပဲ၊ ရှင့်မျက်လုံးတွေကို ခွဲစိတ်ဖို့အမြန်ဆုံးလုပ်ပါနော်၊ ကျွန်မကတော့ ကြိုးစားရဦးမှာမို့ သွားရမယ်၊ နောက်တစ်ကြိမ်ကံဆုံလို့ ပြန်ကြုံရင် ရှင့်မျက်လုံးတွေ ပြန်မြင်နေပါစေလို့ ကျွန်မဆုတောင်းပါတယ်၊ ကဲ မှောင်တော့မယ်၊ ကား တို့ ပြန်ကြရအောင်. . ."

စကားအဆုံး မေအုပ်စိုးသည် သူ့ကိုဖေးမတွဲလာ၍ သူတို့အိမ်ပြန်ရန် မြင်းလှည်းရပ်ထားသည့်နေရာသို့ လှမ်းထွက်ခဲ့လိုက်ကြ



ကြ။ လမ်းတစ်လျှောက်လုံး၌ သူကဆိတ်ဆိတ်ပင် လိုက်ပါလာခဲ့သည်။ မေအုပ်စိုးသည်က ပြင်ဦးမြို့၏တိုးချဲ့ကျယ်ပြန့် စည်ကားပုံအကြောင်းအား တစ်လမ်းလုံး ပြောဆိုပြခဲ့လေ၏။ တစ်နေရာရောက်မတော့ မြင်းလှည်းပေါ်မှ မေအုပ်စိုးက အရင်ဆင်းသွား၏။ အားကောင်းမွန်စွာ လိုက်ပို့ပေးရန်အတွက် မေအုပ်စိုးက မြင်းလှည်းသမားကို မှာကြားနေသည့်စကားအား သူကြားလိုက်ရ၏။ လမ်းတစ်လျှောက်၌ သူသည် အတွေးတို့ဖြင့်သာ ရှိလာခဲ့၏။ တစ်အောင့်ကြာသည်တွင် သူ အိမ်သို့ပြန်ရောက်လာသည်။

မြင်းလှည်းဆရာက သူ့ကိုကောင်းမွန်စွာ မြင်းလှည်းပေါ်မှ ချေးသည်။ ကိုသိန်းက သူ့ကိုထွက်ကြိုသည်။ အိမ်ထဲရောက်သည်နှင့် သူသည် အိပ်ယာထဲသို့ တန်းဝင်ခဲ့လေ၏။ အိပ်ယာထဲအရောက်တော့ သူသည် မေအုပ်စိုးပေးလိုက်သည့် စာအိတ်လေးကို ကိုင်ကာ ရင်ခွင်တွင်ကပ်ထားရင်း မေအုပ်စိုးပြောထားသည့် စကားတွေကို ပြန်လည် ကြားယောင်နေဖြစ်ရလေ၏။ မှန်သည်။ မေအုပ်စိုး၏ စကားများနှင့်အတူ သူသည် နှလုံးသားလေး နွေးလိုက်ခုန်ကာ ရင်တုန်ကြည်နူးရင်း မေအုပ်စိုးအား တမ်းတနေဖြစ်ရပါသတည်း။

× × × × ×

ပြင်ဦးလွင်မြို့ (× ×)တွင်ပါ။

"အား ဗိုက်ကျပ်လိုက်ဘာ. . ."

"အကြောင်းရှာပြီး ဘယ်သွားဦးမှာလဲ. . ."

ဆိုရင်း အနွေးထည် ထ,ဝတ်နေသည့် ခင်ပွန်းသည် ဦးလွင်ဆီ မျက်နှာထားနှင့် လှမ်းကြည့်ရင်း မြေသွင်လှမ်းမေးတော့ ဦးလွင်မှာ မှင်သေသေမျက်နှာချိုသွေးရင်း. . .

"ဗိုက်ကျပ်နေတာ လမ်း ကျောက်မလား လို့ပါ မမမြရယ်"
"ခရီးလည်းပမ်း၊ ဗေ ကလည်းအေး၊ ဗိုက်ကျပ်နေတာ
ဆိုလည်း အိပ်လိုက်ပါတော့လား၊ မနက်ကျမှ လျှောက်ပေါ့. . .
"မောင် လမ်းလျှောက်မှာက ဒီခြေထဲတွင်ပါ မမရဲ့. . .
"ဒါဖြင့်သွားလျှောက်လေ၊ ဒီပြူတင်းကနေ လှမ်းကြည့်
မယ်၊ မတွေ့ရင်တော့ အသေပဲ. . .
"ကဲ မောင့်ကိုဒီလောက်လေးမှ စိတ်မချရင်လည်း ကိုယ်
မိန်းမရဲ့အမိန့်တော်အတိုင်းပဲ၊ အိပ်လိုက်ပါတော့မယ်ဗျာ၊ အိပ်လိုက်
တော့ အိပ်ရေးတောင်ဝပါသေးတယ်၊ မနက်ကျမှပဲ စောစောထပြီး
လမ်းလျှောက်တော့မယ်. . ."

မနက်လမ်းလျှောက်သလိုနဲ့ လစ်ထွက်တော့ရန် စကား
ထားပြီး ကျော်လွင်တစ်ယောက် မြမြသွင်ကိုဖက်ကာ တစ်ချက်
နမ်းလိုက်ပြီး အိပ်လိုက်ပါတော့၏။ မြမြသွင်ကလည်း အရည်လျော
သွား၏။ သို့သော်လည်း လင်မယားနှစ်ယောက်က တစ်ယောက်က
ဘာရမလဲဟူသော ကိုတ်ပြိုးနှင့် ရှိနေသကဲ့သို့ တစ်ယောက်ကလည်း
မလျှော့သောအကြံနှင့်သာ စိတ်ထဲကိုယ်စီရှိနေကြရပါသတည်း။

❖ ❖ ❖

(၎)

မနက်စောစောပင် လမ်းလျှောက်ဟန် အကြံအစည်နှင့်
ကျော်လွင်တစ်ယောက် လစ်ထွက်ခဲ့သည်။ မြမြသွင်ကလည်း
ကျော်လွင်မသိအောင် နောက်မှမျက်ခြေမပြတ်လိုက်ပါလာ၏။ သူတို့
လမ်းလျှောက်မည့်အချိန်က နံနက်ခုနစ်နာရီပင်ခွဲနေပြီဖြစ်၏။ သူများ
တွေက ရုံးသွားကျောင်းသွား အလုအယက် ဖြစ်နေကြသည့်အချိန်
တွင် ကျော်လွင်နှင့် မြမြသွင်တို့ကလည်း အပြေးအလွှား အလုအယက်
ဖြစ်နေကြရ၏။ ဆိုက်ကယ်ဂိတ်သို့အရောက် ကျော်လွင်က ဆိုင်ကယ်
တစ်စီးငှားပြီး ရှေ့မှထွက်သွားသည်တွင် မြမြသွင်ကလည်း ဆိုင်ကယ်
တစ်စီးငှားပြီး နောက်မှလိုက်၏။

"နောက်ကနေပဲလိုက်၊ ဖြည်းဖြည်းလိုက်၊ မျက်ခြေတော့
မပြတ်စေနဲ့. . ."

ဆိုင်ကယ်သမားကို မြမြသွင်ကဆိုသည်။ ကျော်လွင်က
လည်း ဆိုင်ကယ်သမားကို ဟိုကွေ့ဒီကွေ့နှင့် လက်ဟန်ခြေဟန်တွေ
ပြပြီး. . .

"ကျွန်တော် တစ်ခေါက်တော့ရောက်ဖူးတယ်၊ ဒါပေမယ့်
မှန်နေတာ၊ လမ်းတွေလည်း သိပ်မမှတ်မိတော့ဘူး. . ."
"ခင်ဗျားက ဘာကိုရှာနေတာလဲ. . ."
"အမျိုးသမီးတစ်ယောက်ပါ. . ."
"ဒီမြို့ကပဲလား၊ ဘာလုပ်လဲ. . ."
"ဒီမြို့ကတော့ မဟုတ်ဘူးဗျာ၊ သူကစန္ဒရားတီးသင်တဲ့
ဆရာမ၊ ကလေးတွေကို သင်ပေးတယ်. . ."

"ခင်ဗျားကလည်း လွန်လွယ်လေးကို ခက်အောင်လုပ်နေ
တယ်၊ စန္ဒရားဆရာမဆိုရင် အဲဒီသင်တန်းကျောင်းမှာ သွားရှာရင်
တွေ့ပြီပေါ့၊ ဘယ်လိုလဲသွားမလား. . ."

"ဒါဖြင့်လည်း သွားကြည့်ဗျာ. . ."

ဆိုင်ကယ်သမားပြောသလိုပင် ကျော်လွင်တစ်ယောက်
သဘောတူလိုက်သည်။ သူ့ဆိုင်ကယ်နောက်တွင် ဇနီးဖြစ်သူ မြမြသွင်
ဆိုင်ကယ်ပါလာသည်ကိုဖြင့် ကျော်လွင်တစ်ယောက် မသိ။ သင်တန်း
ရှိရာ (× ×)လမ်းသို့ အရောက် ကျော်လွင်ပဲကံကောင်းဖို့လား
မေအုပ်စိုးပဲ ကံဆိုးဖို့ဖြစ်ရသည်ပဲလားမဆိုနိုင်။ မေအုပ်စိုးသည်လည်း
ကျောင်းသို့ဆိုင်ကယ်လေးနှင့် ရောက်လာပြီး ကျောင်းထဲဝင်သွား
လိုက်သည်ကို ကျော်လွင်ရော မြမြသွင်ပါ လှမ်းတွေ့လိုက်ရလေ၏။
ကျော်လွင်က ဝမ်းသာသွားရပြီး မြမြသွင်က ဒေါသတွေထောင်းခ
ထွက်သွားလိုက်ရလေ၏။

သင်တန်းကျောင်းသို့ ကျောင်းသားမိဘတွေကလည်း
လာရောက်ပို့ကြချိန်မို့ ကျောင်းတွင် လူတွေကများနေရသည်
နွေရာသီသင်တန်းချိန်လေးသာ ဖွင့်ထားသည့်ကျောင်းမို့လည်း
ကျောင်းသားမိဘတွေမှာ သားသမီးတွေကို ဂရုစိုက်၍ ကျောင်းထဲ
လာရောက်ပို့ကြ၏။ မေအုပ်စိုးကလည်း ကျောင်းသားမိဘတွေဆီ
ကလေးတွေကို ကြိုဆိုလက်ခံသည်။ ထိုအချိန်၌ပင် ကျော်လွင်သည်
မေအုပ်စိုးဝင်သွားသည့် ကျောင်းထဲသို့ ပြေးဝင်ခဲ့ပြီး မေအုပ်စိုး
ရှာတွေ့သွားသည်နှင့်. . .

"မေအုပ်စိုး. . ."

"ဟင်. . ."

ကြားလိုက် မြင်လိုက်ရသော ကျော်လွင်ကြောင့် မေအုပ်

အံ့သြမှင်သက်နေဆဲ ကျော်လွင်သည်က မေအုပ်စိုးအနားသို့
ရောက်လာပြီဖြစ်၏။ တစ်ဆက်တည်းလည်း ကျော်လွင်သည်
မေအုပ်စိုးလက်ကို ဆွဲကိုင်ထားလိုက်ပြီး. . .

"မေအုပ်စိုး. .အစ်ကိုရှင်းပြပါဦးမယ်၊ အစ်ကိုနဲ့လိုက်ခဲ့ပါဦး၊
အစ်ကို မေအုပ်စိုးကိုရှာနေတာ ကြာပြီ. . ."

"အို အို ကိုကျော်လွင်. .ရှင်ဘယ်လိုလူလဲ၊ လွတ်ပါ၊
ကျွန်မနဲ့ရှင်က ဘယ်လိုမှမပတ်သက်တော့ပါဘူး၊ ရှင်းပြစရာလည်း
လိုတော့ပါဘူး၊ ကျွန်မကို ဘာကြောင့် ဒီလောက်အရှက်လိုက်ခဲ့
နေရတာလဲ. . ."

"အထင်မလွဲပါနဲ့ မေအုပ်စိုးရယ်၊ အစ်ကိုပြောပြတာပဲ
နားထောင်ပါ၊ အစ်ကိုက မေအုပ်စိုးကိုပဲချစ်. . ."

"အို လွတ်ပါ၊ ရှင် စည်းကမ်းရှိပါ. . ."

"ဟင် ဟဲ့ သြော် လက်စသတ်တော့ နင်တို့အကြံတွေက
ဒီလိုကိုး၊ ဟဲ့ ကျော်လွင်. . ."

"ဟား ဒုက္ခပဲ. . ."

ကျော်လွင် တုန်သွားသည်။ ဖြူသွားသည်။ မျက်လုံးတွေ
ပြူးသွားသည်။ နတ်ဆိုးထိုးသဲကြီးနှင့် မြမြသွင်သည် သူတို့ရှိရာ
ပြေးဝင်လာရင်းက. . .

"ငါ မသက်သလို့လိုက်ကြည့်တာ၊ နင်တို့အချိုးက ဒီအချိုး
ကိုး၊ ဟင် အရှက်မရှိတဲ့ကောင်မ၊ ကဲ ဖြန်း ဖြန်း. . ."

"အိုး အမေ့၊ ဒေါ်မြမြသွင် ရှင်လွန်လှပြီ၊ ပြောရမှာ ရှင့်
ယောကျ်ားကိုပါ၊ ကျွန်မက ဘာမှမသိဘူး၊ ကျွန်မအလှမ် ကျွန်မ
လုပ်နေတာ၊ ရှင့်ယောကျ်ားကရောက်လာတာလေ. . ."

အရိုက်ခံလိုက်ရသည့် ပုံးလေးနှစ်ဘက်ကိုအုပ်ရင်း

မေအုပ်စိုး အသည်းရော ရင်ရော နာကြည်းစွာနှင့်ဆို၏။ မိန်းမလျှ
ကျော်လွင်က သတ္တိမရှိတော့။ လင်တရူးမ မြမြသွင်ကလည်း လင်
ဓားကြည့်ဆိုသည့်စကားက သူမအတွက်မို့ ဒေါသတွေနှင့် ဘာ
မမြင်တော့ဘဲ အော်ကြီးဟစ်ကျယ် မေအုပ်စိုးကိုသာ ရန်တွေ့
တော့သည်။

"ဟဲ့ လင်ခိုးဇ၊ ကြောင်တောင်နှိုက်မ၊ ငါ မိန်းမကြီးရှိနေတ
ကို သိရက်နဲ့ ငါ့လင်နဲ့အဆက်မဖြတ်နိုင်ဘူးလား ဟဲ့ ကောင်မ
ငါ့လင်ရောက်လာရတာက နင်ဆက်သွယ်လို့ ဖြစ်မှာပေါ့၊ နင်ခေါ်
သာ လာတာဖြစ်မှာပေါ့. . ."

"မဟုတ်ပါဘူး၊ ရှင့်ယောကျ်ားကို ရှင်ပြန်မေးကြည့်ပါ၊ ရှ
ယောကျ်ားကိုပဲ ရှင်စစ်ဆေးရမယ့်ကိစ္စပါ၊ ကျွန်မနဲ့မဆိုင်ပါဘူး၊ ကျွန်
ကို ဒီလောက်အထိ အရှက်လိုက်မခွဲကြပါနဲ့. . ."

ကြားလိုက်ရသည့် စကားတွေက စိတ်မချမ်းသာစရာ၊ စိ
မသက်သာစရာတွေပါပင်၊ ပြီးတော့ သူ စိတ်မကောင်းလည်း ဖြစ်
ရသည်။ အသံတွေကိုသာ ကြားနေရပြီး သူ့အနေနှင့် ဘာမှမမြင်
တော့လည်း ဘယ်လိုမှမတတ်နိုင်။ ပြဿနာတွေက ဘယ်လိုမှ
မသိ၍လည်း အမှားအမှန်တွေကို သူဝေခွဲ၍မရ၊ ပြော၍မနိုင်။ မည်
ဖြစ်စေ မေအုပ်စိုး၏ရှိုက်သံလေးကို သူကြားနေသည်။ မေအုပ်
ကိုတော့ သူသနားကြင်နာနေမိသည်။ မေအုပ်စိုးအပေါ် သူအပြ
အမြင်၊ အပြစ်မတင်မိသည်မှာလည်း အမှန်ပါ။ မှန်သည်။ မင်းအုပ်
သည်လည်း သည်နေ့မနက်မှ တိုက်တိုက်ဆိုင်ဆိုင် မေအုပ်စိုး
ရောက်လာရပြီး မမျှော်လင့်ဘဲကြားသိလိုက်ရသည့် မေအုပ်
ဇာတ်လမ်းတစ်စပါတည်း။

"ဟဲ့ ကျော်လွင်. .လာ ပြန်မယ်၊ နင် ငါ့အကြောင်းသိမယ်

"အ အမလေးဗျာ မဟုတ်ပါဘူး မမမြရယ်၊ သူ့ကိုမမျှော်
လင့်ဘဲတွေ့လို့. . ."

"ဘာမမျှော်လင့်ဘဲတွေ့လို့လဲ၊ နင်ထွက်လာကတည်းက
ငါ လိုက်လာတာ၊ သေဖို့ပြင်၊ ဒီကောင်မလည်း မကျေနပ်သေးဘူး၊
အရှက်ကိုထပ်ခွဲပစ်ဦးမယ်၊ အကြောင်းပြရသေးတာပေါ့. . ."

သူ့နားမှဖြတ်သွားရင်း ပြောသွားကြသည့် ကျော်လွင်နှင့်
မြမြသွင်တို့စကားတွေကိုပါ မင်းအုပ်စိုး ကြားလိုက်ရသည်။ တစ်
ဆက်တည်းလည်း မေအုပ်စိုး၏ရှိုက်သံလေးတွေကိုပါ သူ ကြားနေရ
သည်။ မေအုပ်စိုးမှာလည်း ကလေးမိဘတွေက ဝိုင်းကြည့်ခြင်း
ခံနေရ၍ ရှက်ခြင်း၊ ကြောက်ခြင်း၊ ဝမ်းနည်းခြင်း၊ ခံပြင်းခြင်း၊
နာကြည်းခြင်းတွေဖြင့် ရှိုက်ငိုနေဖြစ်ရခြင်းပါ။ ပြီးမှ ကျောင်းသားမိဘ
တွေ အလိုက်သိစွာဖြင့် ထွက်သွားလိုက်ကြသည်။ မေအုပ်စိုးသည်
ရှိုက်ငိုနေဆဲမှ တုတ်သံလေးတဒေါက်ဒေါက်ဖြင့် ကျောင်းထဲလှမ်းဝင်
လာသည့် မင်းအုပ်စိုးအားတွေ့လိုက်ရသည်။ ထိုအခါ မေအုပ်စိုး
သည် ပို၍ဝမ်းနည်းသွားလိုက်ရလေ၏။

"မေအုပ်စိုး. .မငိုပါနဲ့၊ တောင်းပန်ပါတယ်၊ ကိုယ်လည်း
အကုန်ကြားပါတယ်၊ မင်းရှက်မယ်ဆိုလည်း ရှက်စရာပါပဲလေ၊
ဒါပေမယ့် မင်းကို ကိုယ်အားပေးပါရစေ၊ ဒါဟာလည်း လောကဒဏ်
တစ်ခုပဲလို့ မှတ်ယူလိုက်ပါ. . ."

"အဟင့် ဟင့် ဟုတ်ပါတယ်၊ ဒါတွေဟာ ကျွန်မရဲ့အပြစ်
တွေပါ၊ ကျွန်မကမစူးစမ်း မဆင်ခြင်ခဲ့မိလို့ပါ၊ လူတွေရဲ့စိတ်တွေကို
မသိနားမလည်ခဲ့လို့ပါ၊ ဒါကြောင့် လောကကြီးက ကျွန်မကို ဒဏ်
ခတ်တာပါ၊ ဒါပေမယ့် ကျွန်မက ကျွန်မမှားတာကိုသိလို့ ကျွန်မ
ကိုယ် ကျွန်မအပြစ်တင်ပြီး ဒီလိုလူတွေနဲ့ဝေးရာမှာ ကျွန်မနေတာပါ၊

ဒီလူတွေကြောင့် ကျွန်မဘယ်အထိအရှက်ရခဲ့ရတယ်ဆိုတာ၊ ကျွန်မ
အိုးအိမ်မြို့ရွာမှာတောင် မနေရဲတော့အောင် ဖြစ်ခဲ့ရတယ်၊ ဒါကြောင့်
ဝေးသည်ထက်ဝေးရာကို ကျွန်မထွက်ခဲ့တယ်၊ ဒီလူက ဘယ်လိုသ
သွားလဲမသိဘူး၊ အခု ကျွန်မဒီမှာဆက်နေလို့ မဖြစ်တော့ပြန်ဘူး

"ဒါဆို မင်းဘယ်သွားဦးမှာလဲ၊ မင်း ဘယ်လိုဆုံးဖြတ်ဦ
မှာလဲ. . ."

"အခုလောလောဆယ်တော့ ကျွန်မလည်း ဘယ်သွားရမ
မှန်း မသိသေးပါဘူး၊ အမြန်ဆုံးတော့ ကျွန်မဆုံးဖြတ်ချက်တစ်
ချရမှာအမှန်ပါပဲရှင့်. . ."

စကားအဆုံးမတော့ မေအုပ်စိုးကား သူ့အနားမှ လှမ်းထွ
သွားလိုက်ပါတော့၏။ မင်းအုပ်စိုးသည် မိမိအနားမှဖြတ်သွားသည့
ခြေသံလေးကို နားစွင့်ရင်း. . .

"မေအုပ်စိုး. .မေအုပ်စိုး. . ."

သူခေါသော်လည်း မေအုပ်စိုးကား သူ့ထံလှည့်မကြည့်
ဖြစ်တော့။ ဝမ်းနည်းစွာဖြင့် ဆက်၍လှမ်းထွက်သွားလိုက်လေပြီဖြစ်၏။

× × × × ×

"သူဌေး. .ကိုဒေးဗစ်ဆီကဖုန်းပါ. . ."

ဖုန်းကိုယူလာပေးရင်း ကိုသိန်းဆိုသဖြင့် မင်းအုပ်စိုး
တစ်ယောက် ဆွေးမြိုင်ငေးမေနေရာမှ ဖုန်းကိုလှမ်းယူနားထောင်လိုက်
၏။

"ဟဲလို. . ."

"အသံကဘယ်လိုဖြစ်နေလဲ၊ အားပြတ်နေတဲ့ အသံမျိုးပဲ

"အင်း ဟုတ်တယ်၊ ကိုယ်အားပြတ်နေတယ်. . ."

"ဆိုပါဦး အကြောင်းရင်းက. . ."

"သူ့အတွက်ပါ. . ."

"သူ့အတွက်. .ဘယ်လိုဖြစ်လို့လဲ. . ."

"သူ့အတွက်စိတ်မကောင်းတာပါ၊ ပြီးတော့ ကိုယ်မပျော်တူး"

"မပျော်တူးမပြောနဲ့လေ၊ မျက်စီခွဲမယ့်ကိစ္စတွေလည်း လုပ်ရဲ့
လား. . ."

"အင်း လုပ်ပါ့မယ်၊ လုပ်တော့မှာပါ၊ သူနဲ့ဆွေးနွေးဦးမယ်၊
ဒါပေမယ့် ခုအခြေအနေမှာ သူနဲ့ဆွေးနွေးလိုက်ရင်လည်း အဆင်
ပြေသွားမယ်လို့ ကိုယ်ထင်တယ်. . ."

"ထင်ရင်လည်း လက်တွေ့အကောင်အထည်ဖော်လေဗျာ၊
ဒီမှာကဖြင့် သူလာနိုးနဲ့စောင့်နေတာ၊ ခုထိတောင် တောင်ကြီးမပြန်
သေးဘူး၊ ခက်တဲ့လူပဲ. . ."

"ကိုယ်လာပါ့မယ်၊ ကိုယ့်အိမ်ကိုလည်း သန့်ရှင်းရေးတွေ
သွားလုပ်ထားခိုင်းနော်၊ ကိုယ်မလာမချင်း လုပ်ထားခိုင်းပါ. . ."

"နေ့တိုင်းလူခေါ်ပြီး လုပ်ထားခိုင်းတယ် စိတ်ချ၊ မင်းလာဖို့
သာ မြန်မြန်လေးလုပ်. . ."

"စိတ်ချ ကိုယ်လည်မျက်လုံးကို သိပ်ပြန်မြင်ချင်နေပါပြီ"

"သူ့ကိုကြည့်ဖို့အတွက်လား. . ."

"ဒီစကားကအမှန်ဆုံးပဲ၊ တိုသိန်းကတော့ သူ့ကိုတင်စား
နေတယ်. . ."

"ဘယ်လိုတဲ့လဲ. . ."

"ရွေနတ်သမီးလေးတဲ့. . ."

"တယ်ဆိုတဲ့စာပါလား၊ ကိုသိန်းကတောင် ဒီလောက်ပြောရင်
ဒီအမျိုးသမီးက တော်တော်လိုလို့ပဲဖြစ်မယ်၊ လှတာကအရေးမကြီး

သူ အလွန်အမင်းအံ့သြနေမိရသည်။ မေအုပ်စိုးသည် သူ့နှလုံးသားထဲ၌ နေရာယူထားနှင့်နေပြီကို သူကောင်းစွာသိနားလည်လိုက်ရလေ၏။

တကယ်တော့ မေအုပ်စိုး၏စကားသံလေးသည် သူ့ရင်ထဲဦးစွာခိုအောင်းနေခဲ့သည်ဟုဆိုက ပိုမှန်မည်ဖြစ်သည်။ မှန်သည်။ သူသည် မေအုပ်စိုးအား လူကိုမမြင်တွေ့ရသေးပဲ အသံလေးကြားစကတည်းကပင် ထိုအသံလေးအား သတိထားမိပြီး မှတ်တရရဖြင့် စွဲလန်းခဲ့ရသည် မဟုတ်ပါလား။ ခုဖြင့် သူသည် မေအုပ်စိုးအား မတွေ့ရတော့ဘူးဟူသော အသိနှင့် မေအုပ်စိုးနှင့် သွားလာခဲ့သည့် နေရာလေးတွေဆီ သူသွားရန်ဆုံးဖြတ်လိုက်သည်။ ဆုံးဖြတ်ချက်အတိုင်းလည်း သူသည် မေအုပ်စိုးနှင့်သွားခဲ့သည့် မျှော်စင်သို့ မြင်းလှည်းငှားပြီးထွက်ခဲ့လိုက်၏။ မျှော်စင်သို့အရောက်မတော့ သူသည် မေအုပ်စိုးနှင့်အတူထိုင်ခဲ့သည့် နေရာလေးဆီ တုတ်ကလေးနှင့် စမ်းရင်းလျှောက်ခဲ့သည်။

တစ်နေရာအရောက်မတော့ သူသည် ရပ်နေလိုက်ပြီး အိတ်ထဲမှတစ်စုံတစ်ရာကို ထုတ်ယူလိုက်သည်။ စာအိတ်ကလေးတစ်အိတ်၊ ချက်လက်မှတ်လေးထည့်ထားသော မေအုပ်စိုးပေးထားသည့် စာအိတ်ကလေးပါ။ စာအိတ်ကလေးကို ကိုင်ထားပြီး သူ့ရင်ထဲ ထိထိခိုက်ခိုက်ကြီး ခံစားနေဖြစ်ရလေ၏။ တကယ်တော့ သည်စာအိတ်ကလေးကို မေအုပ်စိုးအားပြန်ပေးပြီး သူသည် မေအုပ်စိုးနှင့်ပြောဆိုဆွေးနွေးရန် ဆုံးဖြတ်ချက်တွေနှင့် ရှိခဲ့သည်ပါ။ ခုဖြင့် သူသည် မေအုပ်စိုးအား မတွေ့နိုင်တော့၊ မေအုပ်စိုးထွက်သွားပြီဟူသော အသိက သူ့ရင်အား ထိခိုက်တုန်လှုပ်စေနေရပါလေ၏။

"ကိုစိုးစိုး.. ကိုစိုးစိုး. . .

ဘူး၊ ရာဇဝင်ကအရှေးကြီးတယ်၊ လေ့လာထားရဲ့လား. . ."

"အင်း ကိုယ်အားလုံးဆုံးဖြတ်ထားပါတယ်၊ ကိုယ်ဖုန်းပြန်ဆက်ပါ့မယ်၊ အခု ကိုယ်နားပါရစေ. . ."

"ဟင်း တကယ်စိတ်ညစ်တယ်၊ ကဲ နား နား ဖုန်းချလိုက်ပြီ ညီးတွားရင်း ဒေးဗစ် ဖုန်းချသွားသည်နှင့် မင်းအုပ်စိုးသည်လည်း သက်မမောချကာ စဉ်းစားနေဖြစ်ရပါသတည်း။

× × × × ×

မင်းအုပ်စိုးတစ်ယောက် မေအုပ်စိုးရှိရာသင်တန်းကျောင်းသို့ ထွက်ခဲ့သည်။ ကျောင်းဆင်းချိန်တွင် မေအုပ်စိုးနှင့်များတွေ့မလား ဟူသောမျှော်လင့်စိတ်နှင့် သူလာခဲ့ခြင်းပါ။

"ဩော် ဒီကဇယ်သည်. . ."

"ဟုတ်ကဲ့ ဆရာမထင်တယ်. . ."

"ဟုတ်ပါတယ်၊ ရှင် မေအုပ်စိုးနဲ့လာတွေ့တာလား"

"ဟုတ်ပါတယ်၊ သူရှိလား. . ."

"သူ့မနက်ကတည်းက ထွက်သွားပါပြီ၊ သူ ဒီကိုလာတော့မှာ မဟုတ်ဘူး၊ သူ ဖုန်းဆက်ပြောတယ်၊ သူသွားတော့မယ်တဲ့.."

ဆရာမစကားကိုနားထောင်ပြီး သူ မျက်နှာပျက်နေရပြီဖြစ်သည်။ ပြီးတော့ သူသည် ဆရာမကိုပင် နှုတ်ဆက်မိခဲ့ရဲ့လားမသိ၊ သူ သတိရချိန်တွင် သူသည် သင်တန်းကျောင်းဝင်းထဲမှ လှမ်းထွက်လာခဲ့ပြီဖြစ်၏။ သူ့ရင်ထဲမတော့ ဟာ၍နေသည်။ မောပမ်း၍နေသည်။ မေအုပ်စိုးထွက်သွားပြီ၊ မရှိတော့ဘူးဟူသောအသိက သူ့ရင်အားပိုရှိဖိစီးကာ စိတ်သောကကို ပိုရှိဖြစ်ပေါ်နေစေသလိုပါ။ ခုချိန်မှ မေအုပ်စိုးကို သူပိုရှိတမ်းတနေမိသည်။ သူ့စိတ်ကိုပင်

"ဟင်. . ."

မဖြစ်စဖူး အဖြစ်ထူးသော ခံစားမှုနှင့် ထိခိုက်စွာ သူခံစားနေရဆဲ နှောက်ဘက်မှ မေအုပ်စိုးခေါ်သံကြောင့် သူ့နားကိုပင် မယုံနိုင်အောင်ဖြစ်ရင်း သူအံ့သြသွားရသည်။ မေအုပ်စိုး၏ထပ်ခေါ်လိုက်သည့် အသံကြားတော့မှ သေချာသွားရပြီး သူ အပျော်ကြီးပျော်သွားရ၏။ သူ့မျက်နှာချောချောထက်၌ အပြုံးရိပ်များပြန်၍ လွှမ်းလာချိန်တွင် မေအုပ်စိုးသည် သူ့ရှေ့၌ရပ်လာသည့်အသိကို သူခံစားလိုက်ရလေ၏။ တစ်ဆက်တည်းလည်း သူသည် မေအုပ်စိုးလက်ဆီ စမ်း၍ကိုင်ထားလိုက်ပြီး. . .

"မေအုပ်စိုး. . ."

"ရှင်. . ၊ ကျွန်မက ရှင့်ကိုနှုတ်ဆက်ဖို့ လိုက်ရှာနေတာ၊ ရှင်က ဒီရောက်နေတာကိုး၊ ကောင်းတယ်၊ ရှင့် ဒီလိုလျှောက်သွားနိုင်တော့ လေကောင်းလေသန့်ရှူနိုင်ပြီး စိတ်လည်းချမ်းသာ ကိုယ်လည်း ကျန်းမာတာပေါ့ရှင်. . ."

"ကိုယ် မေအုပ်စိုးကို ပြောစရာရှိတယ်. . ."

"စိတ်မကောင်းပါဘူး၊ ကျွန်မအချိန်မပေးနိုင်တော့လို့ပါ၊ ကျွန်မ ဒီညပဲခရီးထွက်တော့မယ်၊ ဒါကြောင့် အိမ်တောင်တံခါးပိတ်ပြီး ပစ္စည်းတွေနဲ့ တစ်ခါတည်းထွက်လာခဲ့တာ၊ ကျွန်မထွက်လာတဲ့ အချိန်မှာပဲ မြင်းလှည်းပေါ်ရှင်တက်သွားတာမြင်လို့ ကျွန်မနောက်က လိုက်လာခဲ့တာ၊ ရှင့်ကို ကျွန်မနှုတ်ဆက်ပါတယ်ရှင့်၊ ကျွန်မခုပဲသွားတော့မယ်၊ ရှင့်ကိုယ်ရှင် ဂရုစိုက်ပါနော်. . ."

"မေအုပ်စိုး. .နေပါဦး၊ မသွားပါနဲ့ဦး၊ မင်းသွားတော့မယ်ဆိုတာသိလို့ ကိုယ်လည်းမင်းနဲ့ဆွေးနွေးဖို့ ဆုံးဖြတ်လိုက်တာပါ၊ ဒီမှာ မင်းပေးတဲ့စာအိတ်ကလေး မင်းပြန်ယူပါ. . ."

"ရှင် ကျွန်မကိုစိတ်မကောင်းအောင် လုပ်တာလား. . ."

"ကိုယ့်စကားတွေကို ဆုံးအောင်နားထောင်ပါလား၊ မင်းကို ကိုယ်ကယုံကြည်တယ်၊ အားကိုးတယ်၊ ကိုယ်စိတ်ချယုံကြည်ပြီး အားကိုးတဲ့သူက ထွက်သွားတော့မယ်ဆိုတော့ ကိုယ်ဘယ်လို ဒီမျက်လုံးတွေကို ခွဲစိတ်ခံဝံ့မလဲ. . ."

"ဘယ်လိုဖြစ်လို့လဲဟင်. . ."

"ကိုယ့်အတွက် မင်းစဉ်းစားပေးပါဦး၊ ကိုယ့်မျက်စိခွဲဖို့အတွက် ကိုယ်အနားမှာ ယုံကြည်စိတ်ချရတဲ့သူ၊ ကိုယ်အားကိုးထိုက်တဲ့သူ လိုအပ်တယ်မဟုတ်လား၊ ကိုယ့်ကိုပြုစုရုစိုက်ပေးဖို့အတွက်လေ၊ ကိုယ့်အတွက် မျက်စိခွဲဖို့ ငွေမလိုအပ်ပါဘူး၊ လောကမှာ ကိုယ် အလိုအပ်ဆုံးက ကိုယ့်အတွက် ယုံကြည်အားကိုးရမယ့်သူပါ၊ အထူးသဖြင့် မင်းကကိုယ်လိုအပ်တယ်. . ."

"ရှင်. . ."

"မအုံ့သြပါနဲ့ မေအုပ်စိုး၊ ကိုယ့်မျက်လုံးတွေကို မင်းပြန်မြင်စေချင်တယ်ဆိုရင် ကိုယ့်အတွက် မင်းစဉ်းစားပေးပါ၊ ကိုယ့်ကိုပြုစုဂရုစိုက်မယ့်လူတစ်ယောက် ကိုယ့်အနားမှာမရှိဘဲ ကိုယ်ဘယ်လို လုပ်မလဲ၊ ကိုယ့်အနားမှာရှိတဲ့သူကလည်း ကိုယ်စိတ်ချယုံကြည်အားကိုးရမယ့်သူမျိုးပဲဖြစ်သင့်တယ်မဟုတ်လား၊ မင်း ကိုယ့်ကိုမျက်လုံးခွဲစေချင်သလား၊ ကိုယ့်မျက်လုံးတွေကို မင်းတကယ်ပြန်မြင်စေချင်တဲ့ဆန္ဒရှိသလား၊ ဒါဆို ကိုယ့်အတွက် မင်းစဉ်းစားပေးပါလား. . ."

"ဒါဆို ကျွန်မက ရှင့်ကိုဘယ်လိုကူညီပေးရမလဲ. . ."

"ပတ်ဝန်းကျင်အမြင့်နဲ့လည်းကောင်းအောင် မင်း ကိုယ့်ကို လက်ထပ်ပါ. . ."

"ရှင်. . ."

သူ့စကားအတွက် မေအုပ်စိုးမျက်လုံးလေး ဝိုင်းစက်သွားရသည်။

"မလန့်ပါနဲ့ မေအုပ်စိုး၊ ဒါမှ မင်း ကိုယ့်ကို ကိုယ်ဖိရင်ဖိပြုစုကျရိုက်နိုင်မယ်မဟုတ်လား၊ မင်းက အပျို၊ ကိုယ်က လွတ်လပ်သူဆိုတော့ ဘယ်လွယ်မလဲ၊ ကိုယ်တို့ချင်းရင်းနှီးမှုဖြစ်မယ်မဟုတ်လား၊ အဲဒီအတွက် မင်းကိုယ့်ကို တရားဝင်လက်ထပ်ပါ. . ."

"ကိုစိုးစိုး. .လက်ထပ်တယ်ဆိုတာ ကလေးကစားစရာမဟုတ်ဘူးနော်. . ."

"ဒါကြောင့်လည်း တရားဝင် မင်းကိုယ့်ကိုလက်ထပ်ပါလို့ ပြောတာပေါ့၊ ကလေးကစားစရာလို့ထင်မှတော့ လင်မယားတမ်းပဲ ကစားသလို ပြုစုခိုင်းတော့မှာပေါ့ဗျ. . ."

"အိုး ရှင်ကလည်း. . ."

"ကိုယ်က တကယ်ပြောနေတာပါ မေအုပ်စိုး၊ မင်းဆီက လက်ထပ်ခွင့်တောင်းနေတာ. . ."

"ဟင်း ကျွန်မကို ရှင်မမြင်ဘဲ ဘယ်လိုလက်ထပ်မလဲ၊ နောက်မှ. . ."

"မင်းရဲ့အသံလေးကို ကြားစကတည်းက ကိုယ်ချစ်တယ်"

"အိုး မဟုတ်တာ၊ မနောက်ပါနဲ့. . ."

"ကိုယ်မနောက်ဘူး၊ တကယ် မင်းရဲ့အသံလေးကို ကိုယ် စပြီးချစ်ခဲ့တယ်၊ ပြီးတော့ မင်းကကိုယ့်ကို ဂရုစိုက်တယ်၊ အလေးထားတယ်၊ ဒါတွေကို ကိုယ်သိပ်သဘောကျမိ မင်းကိုယုံကြည်အားကိုးပါရစေ၊ ကိုယ့်ဘဝအတွက် အတွက်ရော ဆိုပါတော့. . ."

သူ့စကားတွေကိုနားထောင်ပြီး မေအုပ်စိုးသည် စဉ်းစား

သလို ငြိမ်သက်သွားပြီးမှ. . .

"တကယ်လို့ ကျွန်မတို့နှစ်ယောက်က လက်ထပ်ပြီးမှ အဆင်မပြေကြဘူးဆိုရင်ကော. . ."

"ဒါက ကိုယ်တို့နှစ်ဦးစလုံး သည်းခံရမယ့်ကိစ္စတွေပါ၊ ကိုယ့်တစ်ယောက်တည်းလည်း မဖြစ်သလို မင်းတစ်ယောက်တည်းလည်း မဖြစ်ဘူး၊ ကိုယ်တို့နှစ်ဦးစလုံးရဲ့ နားလည်မှုတွေပါ၊ မင်းကိုယ့်ကို တကယ်ပဲမျက်လုံးပြန်မြင်စေချင်တယ်မဟုတ်လား. . ."

"ကောင်းပြီလေ၊ ကျွန်မ ရှင့်ကိုကူညီမယ်။ ဒါပေမယ့်..."

"ပြောလေ၊ ဘာဒါပေမယ့်လဲ. . ."

"ရှင့်မျက်လုံးတွေပြန်မြင်မှ ကျွန်မတို့ချင်း ရှေ့ဆက်ရမယ့်ကိစ္စတွေကို ထပ်ပြောကြတာပေါ့၊ ဒါမှ ရှင့်ဘက်က တရားမျှတမှုရှိမယ်မဟုတ်လား. . ."

"ကောင်းပြီ ကိုယ်သဘောတူတယ်၊ ဒါပေမယ့် ကိုယ့်ကို ပြုစုတဲ့အခါမှာတော့ တွန့်တိုမှုမရှိပါစေနဲ့နော်၊ အဲဒီလိုတွန့်တိုမှုရှိမှာကြောင့်လဲ ကိုယ်က တရားဝင် မင်းကိုလက်ထပ်ဖို့ ပြောတာ"

"စိတ်ချပါ၊ ကျွန်မ ဂရုစိုက်ပြုစုတတ်ပါတယ်. . ."

"ဒါဖြင့် မင်းလက်ခံပြီလား. . ."

"အင်း. . ."

"ဒါဆို ကိုယ်တို့မနက်ဖြန် ပြင်ဦးလွင်မှာပဲ လက်ထပ်သွားမယ်၊ ပြီးရင် ကိုယ့်အိမ်ကို မင်းကိုခေါ်သွားမယ်၊ ပြီးရင် ကိုယ့်မျက်လုံးတွေ ခွဲစိတ်ဖို့အတွက် ပြင်ဆင်ကြမယ်၊ ဘယ်လိုလဲ. . ."

"ရှင်စီစဉ်သလိုပါပဲ၊ အရေးကြီးတာက ရှင့်မျက်လုံးတွေ အမြန်ဆုံးခွဲစိတ်ကုသခံရဖို့ပဲလေ. . ."

"ကောင်းပြီ၊ မင်းကို ကိုယ်သိပ် တင်တယ်၊ ပြီးတော့."

"ပြီးတော့ ဘာဖြစ်လဲ၊ ကျွန်မကို သနားနေတာလား.. .."

"မဟုတ်ဘူး မင်းကိုကိုယ်ချစ်တာ. . ."

"အို ဒီစကားကို အခု ရှင်မပြောပါနဲ့ဦး၊ အဓိပ္ပါယ်မရှိဘူး"

"ဘာဖြစ်လို့ အဓိပ္ပါယ်မရှိတာလဲ. . .."

"ရှင်မှ မျက်လုံးမမြင်သေးတာ၊ ရှင့်မျက်လုံးတွေမြင်မှ ကျွန်မကို သေချာကြည့်ပြီးပြောပါ. . ."

"မလိုပါဘူး၊ မင်းကိုကိုယ်ချစ်တယ်၊ ယုံကြည်တယ်၊ စိတ်ချတယ်၊ အားကိုးတယ်၊ လေးစားတယ်. . .."

"တော်ပါတော့၊ သိပ်များနေပြီ အဟင်း ဟင်း.. . .."

"အဟွန်း ဟွန်း ကိုယ်သိပ်ဝမ်းသာသွားပြီ မေအုပ်စိုး၊ တကယ် တကယ်. . .."

သူတို့နှစ်ဦးသား လက်ချင်းမြဲခြစ္စာ ဆုပ်ကိုင်ထားရင်း ပြောဆိုရယ်မောဖြစ်ကြ၏။

"ကဲ ကျွန်မတို့ပြန်ကြရအောင်၊ ဟိုမှာ မြင်းလှည်းတွေစောင့်နေတယ်၊ ရှင့်ကို မြင်းလှည်းပေါ်တင်ပေးမယ်၊ ကျွန်မလည်း ကျွန်မမြင်းလှည်းနဲ့ ဒီညတော့အိမ်ပြန်လိုက်ဦးမယ်. . .."

"ကောင်းပြီ၊ မနက်ဖြန်မနက် ကိုးနာရီအဆင်သင့်ပြင်ထား၊ လက်ထပ်ဖို့ ကိုယ်လာခေါ်မယ်၊ ပြီးရင် ကိုယ်တို့ခရီးထွက်မယ်၊ ဒါနဲ့ မေအုပ်စိုး.. . .."

"ရှင် ဘာလဲ. . .."

"အခု မှောင်နေပြီလား.. . .."

"မှောင်ရိပ်ပျိုးစအချိန်ပေါ့. . .."

"ကြယ်ကလေးတွေရှိလား.. . .."

"အင်း ကြယ်ကလေးတွေရဲ့ အရိပ်အယောင်တင်မကဘူး၊

လမင်းကြီးရဲ့ အရိပ်မယောင်လည်း ပေါနေတယ်. . ."

"ဟုတ်လား၊ တကယ်ကြည်နူးစရာကောင်းတဲ့ အချိန်လေးပဲနော်၊ လမင်းကြီးလည်းသာ ကြယ်တွေလည်းစုံ၊ ကိုယ်နဲ့မင်းလည်း ဆုံရတဲ့ အထိမ်းအမှတ်ကလေးပေါ့ဗျာ၊ မင်းကော မကြည်နူးဘူးလား ဟင်. . ."

"ရှင်ကလည်း မျက်လုံးမမြင်ဘဲနဲ့မှား စာဖွဲ့နေပြန်ပြီ. ."

"ဒါစိတ်နဲ့ခံစားတာပဲလေ၊ ပြောပါ မင်းကြည်နူးလား၊ ကိုယ့်ကို မင်းချစ်လား.. . .."

"အို့ မပြောဘူး၊ ရှင်မျက်လုံးမြင်ခဲ့ပြောရမယ့်စကားကို ကျွန်မ ခုမပြောဘူး.. . .."

"မင်းက ကိုယ့်ကိုမြင်နေရတယ်လေ၊ ကိုယ့်ရဲ့ဥပဓိရုပ်ကို၊ မင်းကို ကိုယ်က အကြောပေးထားတာ၊ မင်း ကိုယ့်ကိုချစ်တယ် ခချစ်ဘူးလို့ ကြိုတင်ပြောထားလို့ရတယ်၊ ပြောပါလား.. . .."

"မပြောဘူး လူလည် အဟင်း ဟင်း ဟင်း.. . .."

"ဟား ဟား ဟား.. . .."

မထက်မှတ်ပါပဲနှင့် နှစ်ဦးသားသည် သာယာကြည်နူးချမ်းမြေ့စွာဖြင့် ရယ်မောဖြစ်ခဲ့ကြရပါသတည်း။

❖ ❖ ❖

"ဟုတ်ကဲ့ ခြံထဲမှာလည်း အလုပ်သမားတွေအားလုံး ပန်းဒဲ့
တွေ အဆင်ပြေရဲ့လားဆိုတာ. . ."

"ဟုတ်ကဲ့ ခြံထဲမှာလည်း အလုပ်သမားတွေအားလုံး လိုက်
ကြည့်နေပါတယ် ဦးရီးတော်. . ."

နားထောင်ရသည့် စကားတွေက တစ်မျိုးလိုလို၊ ဒေါ်လှိုင်သွင်
နားထောင်ရင်း စဉ်းစားမရဖြစ်နေသည်။ ပြီးတော့ ခင်ပွန်းသည်
အိုပ်ကိုကြည့်ပြီး ဟန်မပျက် အိမ်ရှေ့သို့ပြန်ထွက်ခဲ့လိုက်၏။ ဦးဇေယျ
သည်က ခမ်းနားကြီးကျယ်လွန်းသည့် တိုက်ကြီးတစ်ဆောင်လုံးကို
အောက်ထပ် အပေါ်ထပ်တွေပါမကျန် လိုက်၍ကြည့်ရှုသည်။
နေ့သည်။ နေရာတကာ ကိုယ်တိုင်ပါဝင်မှု စိတ်တိုင်းကျသည့်
ဦးဇေယျတစ်ယောက် တောင်ကြီးမြို့၏ မင်းအုပ်စိုးဖြစ်အိမ်ကြီးတွင်
အလုပ်တွေများနေဆဲအချိန်များ၌ ကိုစိုင်းမောင်းသည့် နောက်ဆုံးပေါ်
ကားလှလှလေးသည်လည်း တောင်ကြီးမြို့မှ လိုက်လဲစွာ ကြိဆိုပါ၏
ဟူသော မြို့ဝင်မုခ်ဦးအား ဖြတ်ကျော်ဝင်ရောက်ခဲ့လေပြီဖြစ်၏။

မင်းအုပ်စိုးသည် နံဘေးမှ မေအုပ်စိုး၏သက်မချသံလေး
အား ကြားလိုက်မိ၍ မေအုပ်စိုးလက်ကလေးဆီ စမ်းကိုင်လိုက်သည်
ကွင် မေအုပ်စိုးသည် လမ်းတစ်လျှောက်အတွေးများနှင့် နစ်မျော
လာဆဲ. . .

"ဟင် ဘာလို့အပ်လဲ ကိုစိုးစိုး. . ."

သူ့လက်ကိုပြန်ဆုပ်ကိုင်ပြီး မေအုပ်စိုး ဆိုမေးလာတော့
သူသည် တစ်ချက်ပြုံးဖြစ်ရင်း. . .

"မင်းရဲ့သက်မချသံလေးတွေကို ကြားနေရလို့ပါ။ ဘာဖြစ်
လို့လဲ. . ."

"ဖြစ်လို့တော့မဟုတ်ပါဘူး၊ ကျွန်မအကြောင်းကို ကျွန်မ

(ခြောက်)

"မလို့င်. .သမီးတို့ သားတို့ကော၊ ဒီနေ့ သူတို့ကိုကိုလာ
မယ်လေ၊ ကြိုဆိုဖို့အသင့်လုပ်ထားကြဖို့ ပြောထားရဲ့လား. . .

"ပြောထားပါတယ်ရှင့်. . .

ဦးဇေယျတစ်ယောက် အလုပ်တွေများနေရသည်။ မှန်သည်
သည်နေ့ တိုက်ကြီး၏အရှင်သခင်၊ တစ်ဦးတည်းသောတူချော
တူချစ်ကလေး မင်းအုပ်စိုးတစ်ယောက် သည်နေ့လက်ထပ်ပြီး
ကြင်ဖက်သက်လျာနှင့် အတူတူပြန်ရောက်လာမည့်အကြောင်းအ
ကြိုတင်ဖုန်းဆက်ထားသောကြောင့်ပါတည်း။ ဦးဇေယျသည် ဇ
ဖြစ်သူနှင့် သားသမီးတွေကိုပါ ပြောဆိုပြီး အလုပ်သမားများရှိရာသို့
လှမ်းထွက်ခဲ့သည်။ ဒေါ်လှိုင်သွင်သည်က ခင်ပွန်းသည်တစ်ယောက
ဘာတွေလုပ်၍ ဘာတွေပြောမည်ကို လိုက်၍ချောင်းမြောင်းကြည့်ရင်
နားထောင်းရင်းဖြင့်ရှိ၏။ ယခုကဲ့သို့ တူချောအထွက် သည်းသည်
လုပ်တတ်သည့် ခင်ပွန်းသည်၏လုပ်ရပ်များကိုဖြင့် ဒေါ်လှိုင်သွင်
သည် ဆဘောပေါက်နားလည်ထားပြီးသားပါ။

"ဒေါ်ကြင်မှု. . ."

"လာပါပြီ ဦးရီးတော်. . ."

"ပြောထားတဲ့အတိုင်း အိပ်ယာခင်းနားကို သေချာလုပ်ထား
ရဲ့လား. . .

"အားလုံးပြင်ဆင်ထားပြီးပါပြီ ဦးရီးတော်. . ."

"တစ်ခြားလုံးကိုလည်း လိုက်ကြည့်ခိုင်းထားဦး၊ အားလုံး
ပန်းအိုးတွေ အဆင်ပြေရဲ့လားဆိုတာ. . .

စဉ်းစားလာခဲ့တာပါ၊ ကျွန်မဟာ လ ၂ထပ်ဖို့အားလုံးပြင်ဆင်ထ
ပြီးတဲ့အချိန်ကတော့ လက်မထပ်ဖြစ်ပဲ လက်ထပ်ရဖို့ကိစ္စ
ခေါင်းထဲမှာမရှိတော့တဲ့အချိန်ကျတော့ ကျွန်မလက်ထပ်ပြီးသွားတ

"အဲဒါဘာဖြစ်လဲ မေအုပ်စိုး၊ ကိုယ့်ကိုလက်ထပ်ရ
နောင်တရနေတာလား. . ."

"ကျွန်မ ရှင့်ကိုကူညီတာလေ၊ ကူညီတာကို ကျွန်မ နောင်
ဘယ်တော့မှမရပါဘူး၊ ဒါပေမယ့် ရှင်နဲ့လက်ထပ်ဖြစ်တာကတော
သိပ်မြန်သွားသလားလို့ပါရှင်. . ."

"ခုတွေ့၊ ခုကြိုက်၊ ခုယူဆိုတဲ့စကားလည်းရှိတာပဲ၊ ခုခေတ်
သုံးနှစ်သုံးမိုးဆိုတဲ့စကား မသုံးတော့ဘူး. . ."

"ဒါဖြင့် ခုကွဲဆိုတဲ့စကားကရော. . ."

"မင်းက ကိုယ့်ကိုထားသွားမှာလား. . ."

"ကျွန်မက ရှင့်ကိုဘယ်တော့မှမထားခဲ့ပါဘူး၊ ရှင်ယုံပါ

"ကိုယ်ကလည်း မင်းနဲ့ဘယ်တော့မှ အကွဲမခံဘူးဆိုတ
မင်းယုံထားပါ. . ."

"ရှင့်ကိုတော့ ကျွန်မစကားပြောလို့ မနိုင်ပါဘူး. . ."

"မင်းကိုပဲ အနိုင်ပေးပါတယ်. . ."

"အဟင်း ဟင်း. . ."

"အဟွန်း ဟွန်း. . ."

သူတို့စကားပြောရယ်မောဆဲ ကိုစိုင်းမောင်းသော ကားဟ
သည် ခမ်းနားလွန်းသော ခြံဝင်းကြီးထဲသို့ မောင်းဝင်ခဲ့ပြီ။ မေအုပ်
သည် ဟိုတယ်ကြီးတစ်ခုခု၊ ပြတိုက်ကြီးတစ်ခုခုသို့ ဝင်သည်ဟူသော
အတွေးဖြင့် မျက်မှောင်ကြုတ်လေးတွန့်သွားရရှင်း. . .

"ကားက ဘယ်ကိုဝင်လာတာလဲ. . ."

မေအုပ်စိုးအမေးအား မကြားသလိုပင် မင်းအုပ်စိုး နေနေ
ကြီးသည်။ မေအုပ်စိုးမှာလည်း ဘာရယ်မဟုတ်သလိုပင် နေလိုက်ပြီး
ဆောင်းမွန်လွန်းသည့် မိမိစီးလာခဲ့သည့်ကားကို ပြန်ဂရုစိုက်ကြည့်ဖြစ်
ခြင်းရင်းက. . .

"တော်သင့်ရုံကားပဲ ငှားရင်ရတာပဲ၊ ဒီကားက စျေးသိပ်
ကြီးမှာပေါ့၊ ဒီလောက်ကောင်းလွန်းတဲ့ကားကို ဘာဖြစ်လို့ ငှားရ
တာလဲ၊ တစ်ရက်ကို ဘယ်လောက်နဲ့ငှားခဲ့တာလဲဟင်. . ."

မေအုပ်စိုး မေးပြန်သည်။ မင်းအုပ်စိုးသည် မကြားသလိုပင်
နေပြန်၏။ ထိုအချိန်များ၌ မင်းအုပ်စိုး၏စံအိမ်ကြီးထဲတွင်လည်း
ဦးဇယျတို့မိသားစုနှင့် အလုပ်သမားများအားလုံးသည် မင်းအုပ်စိုး
ကား မောင်းဝင်လာသည်ကိုတွေ့သည်နှင့် အားလုံးဆင်ဝင်အောက်
သို့ ပြေးထွက်ကာ ရပ်စောင့်ကြိုဆိုနေကြပြီဖြစ်လေ၏။ ထိုအချိန်၌ပင်
ရှင်ဘာကိုစိုင်းသည် ကားကိုဆင်ဝင်အောက်၌ ညင်သာစွာရပ်လိုက်
ပြီဖြစ်၏။ မေအုပ်စိုးသည်က ကားမှန်မှတဆင့် အပြင်ဘက်သို့
ငေးကြည့်ရင်း. . .

"ဘာဖြစ်လို့ရပ်တာလဲ၊ ဒီမှာဘာလုပ်ဦးမလို့လဲ. . ."

မေအုပ်စိုးမေးသည်တွင် ဒရိုင်ဘာကိုစိုင်းက ကားတံခါးအား
ဖွင့်ပေးလိုက်သည်တွင် မင်းအုပ်စိုးသည် ကားပေါ်မှစမ်း၍ဆင်းဆော့
သည်ပြုနေ၍. . .

"အို ဘာလို့ဆင်းမှာလဲ၊ မဆင်းနဲ့၊ တံခါးပြန်ပိတ်၊ ဒရိုင်ဘာ
က သူ့ကိစ္စနဲ့သူဆင်းတဲ့ဟာ၊ အပင်ပန်းခံပြီး ဘာလို့လိုက်ဆင်းဦး
မှာလဲ. . .

ပြောပြောဆိုဆိုနှင့် မေအုပ်စိုးသည် ကားတံခါးကို ကျိုင်းခနဲ
ပြန်ပိတ်လိုက်၍ အပြင်တွင်ထွက်ကြိုနေသည့် လူတွေအားလုံးမှာ

အံ့သြသွားကြရ၏။ အထူးသဖြင့် ကားထဲမှအမျိုးသမီးတစ်ယောက်၏ အရိပ်နှင့် စကားသံသာသာလေးကို ကြားလိုက်ရသည့် ဒေါ်လှိုင်သွင်တို့သားအမိနှစ်ယောက်မှာ ပို၍အံ့သြသွားလိုက်ကြရလေ၏။ ဦးဇေယျသည်ကမူ အေးဆေးသောအပြုံးနှင့်ပင် ရှိနေလေသည်။ မင်းအုပ်စိုးသည် ကားတံခါးကိုပြန်စမ်းဖွင့်ပြီး လက်တစ်ဘက်က မေအုပ်စိုးလက်ကို ဆွဲကိုင်ကာ ကားပေါ်မှအတူဆင်းလိုက်ဖြီး. . .

"မင်္ဂလာပါ ဦးရီးတော်၊ ကျန်းမာပါရဲ့လားခင်ဗျာ. . ."

"မင်္ဂလာပါ မင်းအုပ်စိုး၊ လူလေးရော ပျော်ရွှင်ပါတယ်နော်"

"ဟင်. .မင်း အုပ် စိုး. . ."

ကြားလိုက်ရသော အမည်တစ်ခုကြောင့် မေအုပ်စိုးသည် မင်းအုပ်စိုးထံဖြတ်ခနဲကြည့်ဖြစ်ရသည်။ သို့သော်လည်း ခမ်းနားကြီးကျယ်လွန်းသည့် ခြံကြီးတိုက်ကြီးနှင့် လူတွေကြောင့်လည်း မေအုပ်စိုးအတွက် အရာအားလုံးသည် အံ့သြနေရသည်ချည်းပို့ ဘယ်စကားတွေကို ဘယ်ကစပြီး ပြောရမည်မှန်းတောင် မသိအောင် ဖြစ်နေရတော့၏။ မေအုပ်စိုးတစ်ယောက် ဘာတွေဖြစ်နေသည်ကို မင်းအုပ်စိုးသည် သိလျက်နှင့်ပင် ဘာမှအလေးမထားဘဲ မေအုပ်စိုးကို ပုခုံးလေးမှ သိုင်းဖက်ထားလိုက်ရင်းက. . .

"အားလုံးနဲ့မိတ်ဆက်ပေးရဦးမယ်၊ သူ့က ကိုယ့်ရဲ့ချစ်ဇနီး မေအုပ်စိုးတဲ့. . .

"သြော် ဟို ဟုတ်ကဲ့ရှင်၊ မင်္ဂလာပါရှင်. . ."

"ဟင်. . ."

ကြားလိုက်ရသည့်စကားကြောင့် ဒေါ်လှိုင်လှိုင်သွင်နှင့် ချူးတို့သားအမိနှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး လွန်စွာအံ့သြတုန်လှုပ်မှုတွေဖြင့် မျက်နှာတွေပျက်သွားကြရသည်။

"အို သူဌေးလေးရဲ့ကြင်ယာတော်ကိုး၊ ချောလိုက်တာ၊ ကြွေရုပ်လေးအတိုင်းပဲ. . .

"မင်းသမီးလေးနဲ့တူတယ်. . ."

"သူဌေးလေးရဲ့ကြင်ယာတော်က ချောလည်းချော၊ ချစ်စရာလည်း အရမ်းကောင်းတာပဲ. . ."

"အင်း လူလေးမင်းအုပ်စိုးအတွက် ခုမှ ဦးရီးတော် စိတ်ချမ်းသာရပါပြီ၊ ကဲ ကဲ အထဲဝင်အနားယူပါ၊ ခရီးပန်းလာကြတယ်"

ဦးဇေယျဆိုတော့ မင်းအုပ်စိုးသည် သူ့စအိမ်ကြီးမို့ ကျွမ်းကျင်ရာသူဖြစ်၍ မေအုပ်စိုးလက်ကို ဆွဲကိုင်ကာ တုတ်လေးနှင့်စမ်းရင်း လှမ်းဝင်ခဲ့လေ၏။ ဂျူးဂျူးကလည်း သူတို့နှင့်အတူပင် လိုက်ပါလာခဲ့သည်။ အလုပ်သမားတွေအားလုံးကလည်း ပြာနေအောင်ပင် အလုပ်ဆွဲဆက်လုပ်ကြသည်။ ဦးဇေယျသည်က အေးဆေးသောအပြုံးနှင့် လှေကားပေါ်လှမ်းတက်သွားကြသည့် မင်းအုပ်စိုး၊ မေအုပ်စိုးနှင့် ချူးတို့ထံတစ်ချက်လှမ်းကြည့်ပြီး မိမိ၏အလုပ်ခန်းကြီးထဲသို့ လှမ်းဝင်သွားလိုက်လေ၏။

ဆင်ဝင်အောက်တွင်ကား ဒေါ်လှိုင်လှိုင်သွင်တို့သားအမိနှစ်ယောက်သာ ခဲလေသမျှ သဲရေကျအဖြစ်နှင့် မေအုပ်စိုးအပေါ် ကျေမနပ်ဖြစ်ကာ မျက်နှာတွေပျက်ကာနှင့် ကျန်ရစ်ခဲ့ကြရပါသတည်း။

× × × × ×

အိပ်ခန်းထဲဝင်လိုက်သည်နှင့် မေအုပ်စိုးမှာ လန့်ဖြန့်သွားလိုက်ရသည်။ မင်းအုပ်စိုးအား တွဲထားသည့်လက်တို့လည်း ဖြတ်ခနဲ လွတ်လိုက်ဖြစ်၏။ မှန်သည်။ မေအုပ်စိုးသည် ဇနီးမောင်နှံအိပ်စက်

ရမည့် ဖဲသားနှင့်အတိုပြီးသော အိစက်လှပခမ်းနားလွန်းဘည့် အိမ်ယာကြီးအား တွေ့လိုက်ရသောကြောင့်ပါတည်း။

"ဘယ်လိုဖြစ်သွားတာလဲ မေ. . ."

"ဟို ဒီအိမ်ခန်းကြီးက. . ."

"အင်းလေ မင်းနဲ့ကိုယ်နဲ့အတွက်ပေါ့ မေရယ်. . ."

"အို ရှင် ဟိုမှာပြောတုန်းကတစ်မျိုး၊ ခုတော့တစ်မျိုးပါလား၊ ကျွန်မကိုလည်း လူတွေအားလုံးရဲ့ရှေ့မှာ ရှင့်ဇနီးပါလို့ ရှင်ပြောသေးတယ်. . .

"ဟင် မဟုတ်လို့လား၊ မင်းက ကိုယ့်ရဲ့ဇနီးပဲလေ၊ မင်းနဲ့ကိုယ်နဲ့ ပြင်ဦးမှာစာရားဝင်လက်ထပ်ခဲ့ကြတာပဲမဟုတ်လား၊ ကိုယ့်အနေနဲ့က ဘာမှမမြင်ရပဲနဲ့ ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ မင်းကို ရွေးချယ်ခဲ့တာပါ. . ."

"မဟုတ်ဘူး ရှင် ညာတာ. . ."

"အင်းလေ၊ ဘာဖြစ်ဖြစ် မင်းကို ကိုယ် စမ်းသပ်ရွေးချယ်ခဲ့တာတော့ အမှန်ပဲ၊ ကိုယ်ကမှမမြင်ရပဲကွာ၊ အနည်းနဲ့အများတော့ စမ်းသပ်ရွေးချယ်ရမှာပေါ့. . ."

"ရှင် ကျွန်မကို ညာတာတွေတစ်ပုံကြီး. . ."

"ဘာညာလို့လဲ၊ ကဲ မင်းပြောပါဦး. . ."

"ရှင် ဆေးကုမယ်ဆို. . ."

"ဟုတ်တယ်လေ၊ ကိုယ်ဆေးကုဖို့ပဲ. . ."

"ဒါဆို ဒီအိမ်ကြီးက. . ."

"အဟွန်း မင်းမြင်တဲ့အတိုင်းပဲလေ၊ ဒါကိုယ့်ရဲ့အိမ်၊ ဒီအိမ်ကို ပြန်လာပြီးမှ ဆေးကုဖို့ကိုယ်သွားရမယ်၊ ဦးရီးတော်က အားလုံးစီစဉ်ပေးလိမ့်မယ်. . ."

"ဒါနဲ့ ရှင်ပြောတော့ ရှင်က ဘာမှမရှိဘူးဆို. . ."

"ကိုယ် ဒီလိုပဲ ပြောခဲ့မိလို့လား မေ၊ ပြန်စဉ်းစားပါဦးကွယ်၊ မေကိုကိုယ်ပြောခဲ့မိလို့လား. . ."

"ရှင် ဘာလို့မပြောခဲ့တာလဲ. . ."

"မေက ကိုယ့်ကိုမေးခဲ့လို့လား၊ မေက ကိုယ့်အကြောင်းမေးပဲ ကိုယ်ကဘယ်လိုပြောပြရမလဲ၊ ပြီးတော့ မေ့ကို ကိုယ်ပြောဖူးတယ်၊ ကိုယ့်အနေနဲ့ ကိုယ်ယုံကြည်စိတ်ချ အားကိုးချင်တယ်လို့၊ ကိုယ့်အပေါ် သစ္စာရှိမယ့် ဇနီးတစ်ယောက်ကို ကိုယ်မရွေးချယ်သင့်ဘူးလား မေ. . .

သူက မေအုပ်စိုးအသံကြားရာ မှန်းကြည့်ရင် အပြုံးချောချောတွေဖြင့် ဆိုသည်။ သူပြုံးတော့ မေအုပ်စိုးသည် သူ၏ပါးချိုင့်နှစ်ဘက်နှင့် ဆွဲဆောင်မှုရှိသော မျက်နှာချောချောတွေဆီ ငေးကြည့်မိရင်းမှ. . .

"ရှင်ညာထားတာ ရှိသေးတယ်. . ."

"ဘာလဲ. . ."

"ရှင့်နာမည်. . ."

"အဟော် ကိုယ်က မေ့နာမည် မေအုပ်စိုးဆိုတာ သိနေပြီးမှ ကိုယ့်နာမည်မင်းအုပ်စိုးဆိုတာကို ဘယ်လိုလုပ်ပြောထွက်တော့မလဲဟ၊ ကိုယ်ပြောခဲ့ရင်လည်း မေယုံချင်မှယုံမယ်မဟုတ်လား၊ ဒါကြောင့် အခု ကိုယ့်နာမည်မှန်ကို မေ့အနေနဲ့ သံသယကင်းစင်နဲ့ သိလိုက်ရပြီဟုတ်လား၊ ကိုယ်က အဲဒီရည်ရွယ်ချက်နဲ့ ကိုယ့်နာမည်ကို အပြည့်အစုံမပြောတော့တာ၊ ကဲ မေ. .ဘာပြောဦးမလဲ ပြောလေ. . .

"ဟင်း ရှင့်ကိုပြောလည်း မနိုင်တော့ပါဘူး၊ ရှင်ကကောင်းခြေများလို ခြေလက်များတဲ့လူ. . .

"အဟွန်း. .ဒါဆို ခြေလက်တွေများတဲ့သူမို့ မေတော့လွယ်မှာမဟုတ်ဘူးနော့. . ."

"ရှင်နော်. . ."

"အဟတ် ဟား ဟား. . ."

မျက်လုံးလေးဝိုင်းစက်ကာ မေအုပ်စိုးအော်တော့ မင်းအုပ်စိုးသည် သဘောကျကာ ရယ်မောဖြစ်လိုက်ရလေ၏။

× × × × ×

"ဟင်း ကိုဇေယျ၊ ရှင့်တူသခင်လေး လုပ်ခဲ့ပုံက ကျွန်မတော့မပြောချင်တော့ဘူး၊ ဘယ်ကမှန်းမသိ၊ ဘယ်လိုဟာမမှန်းမသိ၊ ဘယ်အမျိုးအစားထဲကမှန်း မသိပဲနဲ့ တိုက်ကြီးပေါ်ခေါ်တင်လာရတယ်လို့ ရှင်. . ."

အလုပ်ခန်းကြီးထဲ၌ ဦးဇေယျတစ်ယောက် အလုပ်တွေလုပ်နေဆဲ အခန်းထဲဝင်လာပြီးပြောလာသည့် ဇနီးဖြစ်သူ ဒေါ်လှိုင်သွင်စကားတွေကြောင့် ဦးဇေယျသည် အေးဆေးသောအသွင်ဖြင့် တစ်ချက်တော့ မော့ကြည့်ဖြစ်လိုက်ပြီး အလုပ်တွေကိုသာ ပြန်ဆက်လုပ်နေလိုက်၏။

"ကိုဇေယျ. .ရှင့်ကို ကျွန်မ အားမရတာ အဲဒါတွေပဲ. ."

"မင်းဘာတွေလာပြောနေတာလဲ မလှိုင်. . ."

"ရှင် မကြားဘူးလား၊ ကျွန်မပြောနေတာတွေ၊ ရှင့်တူအကြောင်းကိုပြောနေတာ၊ ရှင့်ကို ဦးလေးတစ်ယောက်အနေနဲ့တော့ သူတိုင်ပင်သင့်တာပေါ့၊ ခုတော့ တစ်ခါတည်းအိမ်ပေါ်ခေါ်တင်လာတော့တာပဲ. . ."

"ဘယ်သူကပြောလဲ၊ ငါ့တူက ငါနဲ့မတိုင်ပင်ပဲ မိန်းမယူတယ်

လို့၊ မင်းကို ဘယ်သူကပြောလဲ. . ."

"ဟင် ဒါဆို ဒီကိစ္စတွေ ရှင်လည်းသိတာပေါ့. . ."

ဇနီးသည်အား စိတ်မရှည်သလိုကြည့်ပြီး ဦးဇေယျသည် အလုပ်ကို ပြန်ဆက်လုပ်သည်။

"ကိုယ့်အိမ်ထဲသူစိမ်းတစ်ယောက်ဝင်လာတာကို ရှင်က သဘောတူတယ်ပေါ့၊ တကယ်ဆို ရှင့်အနေနဲ့ကလည်း စဉ်းစားသင့်တယ်၊ ကိုယ့်အိမ်ထဲ သူစိမ်းဝင်လာတယ်ဆိုရင် ကိုယ့်မိသားစုတွေအတွက် ရေရှည်ဆက်ဆံရေးတွေ ဘယ်လိုရှိ. . ."

"ဒီမှာ မလှိုင်၊ မင်းကိုတောင် ငါ ဒီတိုက်ကြီးနဲ့ ငါတို့အသိုင်းအဝိုင်းထဲကို ခေါ်ဝင်ခဲ့သေးတာပံ၊ မင်းဟာ တစ်ခုလပ်ဖြစ်ပြီး သမီးတစ်ယောက်ရှိတဲ့အကြောင်းတွေ ငါ့ကို မင်းဖုံးကွယ်ထားခဲ့တယ်၊ ဒါတွေငါသိတော့ ငါဒေါသထွက်ခဲ့ပေမယ့် ငါဘာမှမပြောခဲ့ဘူး၊ ငါ့အမှားပဲဆိုပြီးထားခဲ့တယ်၊ မင်း ဒီတိုက်ပေါ်ရောက်လာတာ ငါ့တူက ခွင့်ပြုခဲ့လို့ ငါခေါ်လာရဲတာ၊ မင်းကရောဘာလဲ၊ ငါတို့မျိုးနွယ်ထဲက မှ့လို့ ပြောနေတာလား၊ မင်းကိုယ်မင်းဘယ်လိုထင်ပြီး ပြောနေတာလဲ. . ."

"မင်းအုပ်စိုးက ငါ့ရဲ့တူဆိုပေမယ့် သူက ဒီစည်းစိမ်တွေရဲ့အရှင်သခင်၊ သူ့ကိုနေရာတကာ လိုက်ပြောရလောက်အောင် ငါ့မှာအခွင့်အရေးမရှိဘူး၊ ငါ့တာဝန်က ငါ့တူကို ငါစောင့်ရှောက်ပြီး သူ့လုပ်ငန်းတွေကို အကျိုးတူခံစားခွင့်နဲ့ ငါလုပ်ပေးနေတာ၊ ဒီအခွင့်အရေးကို ငါ့တူကငါ့ကိုပေးခဲ့တာ၊ တကယ်တော့ မင်းကိုယူလိုက်ကတည်းက ငါကအားလုံးကို စွန့်လွှတ်ခဲ့ရပြီးသား၊ မင်းက ဘာသိလို့ဘာတွေဝင်စွက်ချင်တာလဲ၊ မင်းကို ငါပြောထားမယ်၊ နောက်ကို ထပ်မပြောဘူး၊ မင်းနေရာနဲ့ မင်းကောင်းအောင်ပဲနေပါ၊ ဒါပဲ. ."

စကားအဆုံး စားပွဲမှထကာ ဦးဇေယျသည် အလုပ်ခန်းကြီးထဲမှ ထွက်သွားလိုက်ပါတော့၏။ ဒေါ်လှိုင်သွင်မှာ ခင်ပွန်းသည်က ပြတ်သားစွာ ပြောဆိုသွားသည့်စကားတွေကြောင့် တစ်ချက်မျှ ထွေလာကာ ရှိသော်လည်း ဒေါ်လှိုင်သွင်၏အဆင့်အတန်း အတွေးအခေါ်နှင့် တကိုယ်ကောင်းဆန် လောဘစိတ်တွေက ဒေါ်လှိုင်သွင်အား မည်ကဲ့သို့ ဆက်လက်ကြိုးစားလုပ်ရမည်ကို အကြံဉာဏ်တွေထုတ်ရင်း ရှိကျန်ရစ်ခဲ့ရပါသတည်း။ မှန်သည်။ ဒေါ်လှိုင်သွင်တစ်ယောက်လည်း လက်မလျှော့သည့် အကြံဉာဏ်တွေထုတ်ကာရှိနေဆဲအချိန်များ၌ အပြင်ဘက်ရှိ အလုပ်သမားများ၏အသိုင်းအဝိုင်းတွင်မလည်း ကိုစိုင်းက အားပါးတရကြီး ဖောက်သည်ချပြောဆိုပြနေသည်ပါ။

"ဟင် ဒါဆို ပြင်ဦးလွင်မှာပဲ၊ သူဌေးနဲ့သူဌေးကတော်က တွေ့ကြတာပေါ့၊ ဟုတ်လား မောင်စိုင်း။ . .

"ဒါပေါ့ လိုက်ဖက်တယ်မဟုတ်လား။ . ."

"အို အရမ်းကိုလုက်တာပဲ၊ ခုမှ တကယ့်သူဌေးရဲ့ကြင်ယာအမှန်၊ ဖူးစာအမှန်ပဲ။ . ."

"သိပ်ဟုတ်တာပေါ့၊ သူဌေးကတော်လေးရဲ့ တစ်ကိုယ်လုံးက ဝင်းမွှေနေတာပဲ၊ ကြည့်တာနဲ့ အပြစ်ကင်းစင်နေတဲ့အသွင်က ပေါ်လွင်နေတာ၊ မျက်နှာလေးကလည်း ပြုံးချိနေတာပဲ၊ မာန်မာနတွေကင်းစင်ပြီး ပြည့်ဝတဲ့စိတ်က တစ်ကိုယ်လုံးမှာ ပေါ်လွင်နေတယ်။ . ."

"အင်း ကျွန်တော်တို့ရဲ့ သူဌေးလေးက မျက်လုံးတွေမြင်စဉ်က မရွေးချယ်တတ်ပဲ၊ မျက်လုံးမမြင်မှပဲ ရွေးချယ်မှုတွေက မှန်နေတော့တယ်ဗျာ။ . ."

"ညော် မောင်စိုင်းရယ်၊ ဒါက ဟိုမော်ဒယ်မလေးက သိပ်ကပ်လွန်းလို့ပါ၊ တို့သူဌေးကလည်း သိတဲ့အတိုင်း၊ ရုပ်ချောသလောက်

အားနာတတ်တာလည်း လွန်ရောမဟုတ်လား။ . ."

"ဟုတ်ပ၊ တို့သူဌေးက အရမ်းအားနာ အရမ်းသနားပြီး အရမ်းယုံလွယ်လို့ ဟိုမော်ဒယ်မလေး ကြိုးဆွဲရာပါနေတာပါ၊ တကယ်တော့ ဒီလောက်လည်းချစ်တာမဟုတ်ပါဘူး၊ ဒါနဲ့ စကားမစပ် ကျွန်မအသံကြားမိတယ်။ . ."

"ဘာလဲ မိလုံး၊ ဘာကြားတာလဲ။ . ."

"အဲဒီမော်ဒယ်မလေးက အခုအိမ်ထောင်ကျပြီးနောက်ပိုင်း သူ့အလုပ်တွေလည်း သိပ်မလုပ်ရတော့လို့ ဒီမှာပဲပြန်နေကြတယ်တဲ့၊ သူယူတဲ့ယောကျ်ားကလည်း စီးပွားရေးသမားတစ်ယောက်ပဲတဲ့၊ (××)ရပ်ကွက်မှာ တိုက်ကြီးမှတ်နံးလို့ဆိုပဲ၊ ဒါပေမယ့် အဲဒီတိုက်ကို သူတို့က စပ်တူဝယ်ထားတာတဲ့။ . ."

"ဗျင် ဒါဆို အဲဒီမော်ဒယ်ရည်မွန်လှိုင်က ဒီမှာရှိနေတာပေါ့"

"ရှိနေတာကြာပြီတဲ့၊ ခုဆို သုံးလတောင်ကျော်ပြီထင်တယ်"

"အို ဟာပဲဖြစ်ဖြစ်၊ သူလည်း သူ့အိမ်ထောင်နဲ့သူ၊ တို့သူဌေးကလည်း သူ့အိမ်ထောင်နဲ့သူဖြစ်သွားပြီ၊ ဘာမှရှုပ်ရှုပ်ယှက်ယှက်တွေမရှိကြတော့ပါဘူး၊ အားလုံးပြီးကုန်ပြီပဲ။ . ."

"အင်း ဟုတ်တယ်။ . ."

အလုပ်သမားတွေလည်း ဝမ်းသာအားရနှင့် ထင်ရာမြင်ရာဆွေ ပြောဆိုနေကြဆဲအချိန်များ၌ ချူးချူးတစ်ယောက်ကား မိမိအိပ်ခန်းဆဲဝင်ခဲ့ပြီး အခန်းထဲတွင် မကျေမနပ်လည်းဖြစ်၊ စိတ်ဂဏာမငြိမ်သည်းဖြစ်ရင်း ခန်းလုံးပြည့်လမ်းလျှောက်ရင်း ဘယ်လိုလုပ်ရမည်ကို စားနေဖြစ်၏။ တစ်ချိန်မတော့ ချူးသည် တစ်စုံတစ်ရာကိုစဉ်းစားသလိုဖြစ်ပြီး ညှိုပုတ်နေသည့် မျက်နှာက အကြံဖြင့် လင်းလက်သွားရသည်။ တစ်ဆက်တည်းလည်း ချူးသည် မှန်တင်ခုံစားပွဲပေါ်ထဲ

သေးသည့်အသွင်ဖြင့် ရည်မွန်လှိုင်တစ်ယောက်မေးရင်း အတွေး
ဘွေလည်း ယောက်ယက်ခတ်သွားလိုက်ရလေ၏။ မှန်သည်။ ရည်
မွန်လှိုင်နှင့်ချူးတို့ အခန်းထဲ၌ ဖုန်းဆက်စကားတွေပြောဆိုနေကြဆဲ
အချိန်များ၌ မေအုပ်စိုးသည် အိပ်ယာဝင်တော့မည်မို့ မင်းအုပ်စိုး
အတွက် လုပ်ပေးရမည့်အလုပ်တွေကို မိမိကိုယ်တိုင်လုပ်ပေးရန်
အတွက် အိပ်ခန်းရှိရာသို့ လှမ်းလာခဲ့သည်တွင် တစ်နေရာအရောက်
၌ အလုပ်သမားအမျိုးသမီးကြီးနှစ်ဦးနှင့် မေအုပ်စိုးတွေ့လိုက်ရပြီး...

"သူဌေးကတော်. .အိပ်ယာဝင်တော့မလား၊ ခြေထောက်
ကလေးသုတ်လိုက်ရအောင်နော်. . ."

အဖြူဆွတ်ဆွတ် ခြေသုတ်ပုဝါကြီးကိုင်ကာ မိမိခြေထောက်
ဆီသို့ မိမိထက်အသက်ကြီးသည့်သူတွေက သုတ်ပေးတော့မည်အပြု
အမူစိုးသည် ရုက်လန့်စွာဖြင့် ခြေကလေးနောက်ဆုတ်လိုက်ပြီး...

"အို. .မဟုတ်တာ၊ မလုပ်ပါနဲ့ရှင်၊ မေ ငရဲကြီးပါ့မယ်၊
မလည်း မအိမ်သေးပါဘူး၊ မေက ကိုမင်းအုပ်စိုးအတွက် ဘာ
ဆိုအုပ်မလဲဆိုတာ အခန်းထဲဝင်ကြည့်မလို့ပါ၊ နောက်ကို ဒေါ်ဒေါ်
ဘို့က ကိုမင်းအုပ်စိုးအတွက် ဘာမှလုပ်ပေးစရာမလိုတော့ဘူး၊ မေပဲ
အားလုံးတာဝန်ယူလုပ်ပေးပါတော့မယ်. . ."

"သူဌေးကတော်လေးကလေ သိပ်သဘောကောင်းပြီး လုပ
ဘာလည်းအရမ်းပဲ၊ ကျွန်မတို့မျက်လုံးထဲမှာ သူဌေးကတော်လေးရဲ့
တန်ကိုယ်လုံးဟာ ဝင်းထိန်နေတာပဲ. . ."

"မေ့ကိုချီးမွမ်းတာ မေ ကျေးဇူးတင်ပါတယ်ရှင်၊ ဒါပေမယ့်
မေ့ကို သူဌေးကတော်လို့တော့ မခေါ်ပါနဲ့ရှင်. . ."

"သူဌေးကတော်အမှန်ဖြစ်လို့ သူဌေးကတော်လို့ခေါ်ကြတာ၊
ဘာဖြစ်လဲ မေ၊ မေနဲ့ကိုယ်တို့က ဇ အင်နဲ့တွေဖြစ်နေပြီပဲ. ."

မှ ဓာတ်ပုံတစ်ပုံကိုထုတ်ပြီးကြည့်လိုက်၏။ ဓာတ်ပုံက မင်းအုပ်စိုးနှင့်
ချစ်သူဟောင်းမော်ဒယ်မင်းသမီးလေး ရည်မွန်လှိုင်တို့အတူတွဲ၍ ရိုက်
ထားသည့် ဓာတ်ပုံပါ။

"ဟုတ်ပြီ၊ ငါ ရည်မွန်လှိုင်ဆီ ဖုန်းဆက်လိုက်မယ်၊ ရည်မွန်
လှိုင်ကလည်း သူ့ယောကျ်ားကို စိတ်ပျက်နေတာ၊ သူ့ယောကျ်ား
ကလည်း သူ့ကိုရွေ့ထားပြီးတောင် ဖြောင်ကြီးမိန်းမရှပ်တယ်တဲ့၊
ရည်မွန်လှိုင်က မော်ဒယ်မင်းသမီးဆိုတော့ အချွဲလည်းတော်တယ်၊
ချဉ်းကပ်တာလည်းဆော်တယ်၊ ကိုကိုတို့ကလင်မယားကွဲအောင် သူ့ကို
ပြန်ချဉ်းကပ်ခိုင်းမယ်၊ ကိုကိုတို့လင်မယားကွဲတာနဲ့ ငါကနေရာဝင်
ယူလိုက်မယ်၊ ဘာဖြစ်ဖြစ် ရည်မွန်လှိုင်က သူ့ယောကျ်ားကြီးရှိနေ
တော့ ကိုကို့ကို ယူလို့မရဘူး၊ သူ့ယောကျ်ားက သူ့ကိုတယ်နည်းနဲ့မှ
ကွာပေးမှာမဟုတ်ဘူး. . ."

ဒေါ်လှိုင်သွင်သမီးမို့ ကြံစည်စိတ်ကူးမှုတွေကဖြင့် မခေ။
စိတ်ကူးနှင့်တစ်ဆက်တည်း ချူးသည် ရည်မွန်လှိုင်ထံချက်ချင်း ဖုန်း
ဆက်လိုက်တော့သည်။

"ဟဲလို ရည်မွန်လှိုင်ပါ၊ အခုပြောတာ ဘယ်သူလဲမသိဘူး"

"မမရည်မွန်. .ချူးပါ၊ ချူးလေ. .ကိုကိုမင်းအုပ်စိုးတိုက်က
ချူးပါ. . ."

"သြော် ညီမ၊ အင်း ပြော ဘာကိစ္စလဲ. . ."

"ကိုကိုမင်းအုပ်စိုး အခုအိမ်ပြန်ရောက်လာပြီ၊ သူ့မိန်းမလည်း
ပါလာတယ်. . ."

"ဟင် ဘာ ကိုမင်းအုပ်စိုးက အိမ်ထောင်ကျသွားပြီ
ဟုတ်လား၊ ဘယ်သူလဲ ဘယ်ကလဲ. . ."

မယုံသလို၊ သဝန်တိုသလို၊ မကျေနပ်သလို၊ ယှဉ်ပြိုင်ချင်

"အို သူ. . ."

တုတ်သံလေးတစ်ခေါက်ခေါက်နှင့်အတူ မင်းအုပ်စိုး၏ စကားသံတွေကိုပါ ကြားလိုက်ရသည့် မေအုပ်စိုးသည် ရုက်လန့်တကြားလေး လှမ်းကြည့်ဖြစ်ရင်း နှုတ်မှတီးတိုးဆိုကာ အလုပ်သမားတွေရှေ့ ကွန်ဒြေးနှင့်ငြိမ်နေဖြစ်သွားရ၏။ မင်းအုပ်စိုးရောက်လာသည်နှင့် အလုပ်သမားတွေမှာ ထွက်သွားကြသည်။

"မေ. . ."

"ရှင်. . ."

"သူဌေးကတော်လို့ ခေါ်တာ ဘာဖြစ်လို့လဲ. . ."

"ရှင့်ရဲ့ဂုဏ်ပုဒ်ကို တပ်ခေါ်စရာမလိုအပ်ဘူးလို့ ထင်ပါတယ်. . .

"ဒါပေမယ့် ဒါကတော့ ကိုယ်တို့ရဲ့ထုံးစံတွေပဲလေ၊ မေ ဘာပြောပြော သူတို့ကတော့ မေ့ကိုဒီလိုပဲခေါ်ကြမှာပဲ၊ အဲဒါ သူတို့အလုပ်ပဲ၊ သူတို့အလုပ် သူတို့လုပ်တာလုပ်ပါစေ၊ မေလုပ်ရမှာက မေလိုအပ်သမျှ အရာအားလုံး သူတို့ကိုပြောနိုင်တယ်၊ သူတို့က လုပ်ပေးလိမ့်မယ်၊ မေအလိုရှိတာမှန်သမျှ ဦးရီးတော်ကိုပြောပါ၊ ဦးရီးတော်က စီစဉ်ပေးမယ်၊ မေကမပြောလည်း သူတို့ကတော့ ဦးရီးတော်ကအစပေါ့၊ လိုအပ်သမျှတွေ စီစဉ်ပေးသွားလိမ့်မယ်၊ အဲဒါ ဘာကြောင့်လဲ မေ သိလား. . ."

"မေ မသိပါဘူး. . ."

"မေကကိုယ့်ရဲ့မိန်းမဖြစ်သွားလို့ပါ၊ မေက ဒီတိုက်ကြီးရဲ့ သခင်မ၊ မေ့ကို သူတို့ကဂရုစိုက်မှာပဲ. . ."

"မေ့အတွက် မလိုအပ်ပါဘူး. . ."

"မလိုအပ်လည်း သူတို့အလုပ် သူတို့လုပ်ကြရမှာပဲ၊ ဒါ

ဒီတိုက်ကြီးရဲ့ထုံးစံ၊ ကိုယ်တို့မျိုးနွယ်ရဲ့ အစဉ်အလာပဲ. . ."

"ဘာဖြစ်ဖြစ်လေ၊ မေကလည်း ရှင့်ကိုဂရုစိုက်ရမှာပဲ. . ."

"ဒါပေါ့ ကိုယ်ကလည်း ကိုယ့်မိန်းမရဲ့ပြုစုဂရုစိုက်မှုကိုတော့ ခံခင့်ဘဲသူပါ။ ဘယ်သူကပဲ ဂရုစိုက်စိုက်၊ ကိုယ့်ဇနီးမယားရဲ့ ပြုစုဂရုစိုက်တာနဲ့တော့ ခြားနားတယ်၊ ပြီးတော့ ကိုယ်လိုအပ်နေတာ၊ ကလည်း မင်းရဲ့ယုယကြင်နာမှုနဲ့ ပြုစုဂရုစိုက်မှုတွေပါ. . ."

"စိတ်ချပါ၊ ကျွန်မဘက်က မပျက်ကွက်စေရပါဘူး. . ."

"မင်းပြောပုံက ဘယ်လိုလဲ၊ လင်မယားမျိုးမဟုတ်ပဲ ဝတ္တရားဖြစ်နေတယ်. . ."

"ဟုတ်တယ်လေ၊ ဒီကိစ္စတွေက ရှင်မျက်လုံးကောင်းမှန်မယ့်ကိစ္စတွေပဲ. . ."

"ဒါဖြင့် မင်းကကိုယ့်အနားမနေပဲ ကိုယ့်ကိုပစ်ထားမှာလား"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ ရှင့်ကိုပြုစုဂရုစိုက်မှာပါ"

"အဟွန်း. . .တော်သေးတာပေါ့၊ ကဲ ကိုယ်လည်းမအိပ်သေးပါဘူး၊ ဦးရီးတော်နဲ့စကားပြောရဦးမယ်၊ မင်းလည်း စိတ်ချမ်းသာအောင် ပျော်ရွှင်အောင်နေပါလို့ ကိုယ်ပြောပါရစေ၊ ခုချိန်မှာ ကိုယ်ကမျက်လုံးတွေမမြင်သေးတော့ မင်းအပေါ်မှာ တာဝန်တွေကျေနိုင်သေးတာတွေအတွက် နားလည်ပေးကြပါ. . ."

စကားကိုတစ်ခွန်းချင်း ပြတ်သားစွာနှင့် နွေးထွေးစွာဆိုပြီးနောက် မင်းအုပ်စိုးကား မေအုပ်စိုးအနီးမှ မျက်မမြင်တို့ကိုင်သည့် ခေါက်တုတ်အကောင်းစားလေးနှင့် စမ်းကာ စမ်းကာ တဒေါက်ဒေါက်ဖြင့် လှမ်းထွက်သွားလေပြီဖြစ်၏။



(ခုနစ်)

မနေ့ကဖုန်းဆက်ပြီး ချိန်းထားကြသည်မို့ တောင်ကြီးမြို့၏ စားသောက်ဆိုင်တစ်ဆိုင်တွင် ချူးနှင့်မော်ဒယ်မင်းသမီးရည်မွန်လှိုင်တို့ တွေ့ဆုံကာ စကားတွေဆိုနေဖြစ်ကြလေ၏။

"မမရည်မွန်ကလည်း အိမ်တောင်လာဖော်မရဘူး. . ."

"အေးကွယ်၊ အပြစ်တင်လည်း ခံရမှာပဲ၊ မမက အလုပ်များလို့ပါ၊ ဒါနဲ့ကိုမင်းအုပ်စိုးအကြောင်း ပြောပြပါဦး ညီမရယ်၊ သူတကယ်အိမ်ထောင်ကျသွားတာလား. . ."

"ဒီကိစ္စက ညာပြောလို့ရတဲ့ကိစ္စမှ မဟုတ်တာ မမရည်မွန်ကလည်း၊ မယုံရင် အိမ်လာကြည့်ပါလား. . ."

"အင်း မမလည်း ကိုကျော်လွင်နဲ့လက်ထပ်ပြီးမှ စိတ်သဘောချင်းမတိုက်ဆိုင်ကြပါဘူးကွယ်၊ ဒါကြောင့် မမတို့အိမ်ထောင်ရေးက အဆင်မပြေလှဘူး. . ."

"မထူးပါဘူး မမရည်မွန်ရယ်၊ ကြည့်ရတာ ကိုကိုတို့အိမ်ထောင်ရေးကလည်း သိပ်အဆင်ပြေပုံမရပါဘူး၊ ကိုကိုကတော့ ခပ်မှန်မှန်ပဲ၊ ဟိုမိန်းမကလည်း အေးစက်စက်ကြီးပဲ၊ ဒါပေမယ့် စည်းစိမ်အပြည့်နဲ့ဆိုတော့လည်း ဟိုမိန်းမကအောင့်အီးနေမှာပေါ့. . ."

"သူတို့က တကယ်လက်ထပ်လိုက်ကြတာလား. . ."

"တကယ်ပါဆို၊ ပြင်ဦးလွင်မှာကတည်းက လက်ထပ်လာခဲ့ကြတာ၊ လက်ထပ်ပြီးခေါ်လာတာ . . ."

"ဟုတ်လား၊ မင်းအုပ်စိုးက သူတို့တော်တော်ချစ်ပုံရလား"

"ခပ်မှန်မှန်ပဲလို့ ပြောပြီးပြီလေ. . ."

လမင်းကြီးလည်းသာ၊ ကြယ်တွေလည်းစုံ၊
ကိုယ်နဲ့မင်းလည်း ဆုံ. . .

"အဲဒီအမျိုးသမီးကရော လှလား. . ."

"မမရည်မွန်လောက်တော့ မလှပါဘူး. . ."

တစ်ယောက်ကလည်း သဝန်တိုစိတ်၊ မနာလိုစိတ်အကြည့်[illegible]နှင့် သိချင်တာတွေကိုမေးသည်။ တစ်ယောက်ကလည်း မနာလို[illegible] သဝန်တိုစိတ်တွေနှင့် ပြောပြသည်။ နှစ်ဦးစလုံးကဖြင့် တစ်ဦးကို[illegible]ဦး လျှော့တွက်ထားကြသည်။ အကြံဉာဏ်တွေနှင့် အကြံတူ[illegible]တူတွေချည်းပါပင်။

"သူတို့ကိုဘယ်သူမှ သဘောမတူပါဘူး၊ ဒါကြောင့် မမက[illegible]တို ဟိုတုန်းကလို အဝင်အထွက်လာလုပ်ပါ၊ ဒါမှ ဟိုမိန်းမ[illegible]ကပြီးထွက်သွားလိမ့်မယ်. . ."

ရည်မွန်လှိုင်ဆီ လှစ်ခနဲတစ်ချက်ကြည့်ပြီး ချူးချူးက[illegible]ည်။ ရည်မွန်လှိုင်ကလည်း ချူးချူးထံလှစ်ခနဲတစ်ချက်ကြည့်ပြီး[illegible]သာပြုံး၏။ မှန်သည်။ ထိုအပြုံးတွေနှင့်အတူ လှုပ်ရှားမှုတွေ[illegible] ကပ်ပါလာတော့မည် မဟုတ်ပါတကား။

× × × × ×

"မေအုပ်စိုး. . ."

မေအုပ်စိုးသည် မင်းအုပ်စိုးအတွက် စားသောက်စရာတွေကို[illegible]တိုင်ချက်ပြုတ်စီမံကာ ပြင်ဆင်ပေးနေဆဲ ထမင်းစားခန်းကြီးထဲ[illegible]ကလာပြီး ဦးရီးတော်၏ခေါ်သံကြောင့်. . .

"ရှင် ဦးရီးတော်၊ ကျွန်မဘာလုပ်ပေးရမလဲ. . ."

"ငါ့တူမလေးက ဘာမှလုပ်ပေးစရာမလိုပါဘူးကွယ်၊ ဖြစ်နိုင်[illegible]သမီးရဲ့လုပ်လက်စတွေထားခဲ့ပြီး ဒီကမဖွားတို့ မနန်းတို့နဲ့အတူ[illegible]အခန်းကို တစ်ချက်လိုက်တက်သွားပေးစေချင်တယ်. . ."

"ဩော် ဟုတ်ကဲ့ ဦးရီးတော် ရပါတယ်. . ."

စကားတွေဆိုရင်း အားလုံးထမင်းစားဆောင်မှ ထွက်လာ
ပြီး ခမ်းနားသောလေကားကြီးမှ အပေါ်ထပ်သို့တက်သွားလိုက်ကြ
သည်။ ထို့နောက် မင်းအုပ်စိုးနှင့် မေအုပ်စိုးတို့အတူနေသည့် အိပ်ခန်
ကြီးရှေ့အရောက်မတော့ ဦးရီးတော်သည် အခန်းဝင်ခွင့်ကျန်ရစ်ပြီး အလု
သမနှစ်ဦးနှင့် မေအုပ်စိုးတို့သည် အိပ်ခန်းထဲသို့ဝင်ရောက်ခဲ့ကြ၏

"ဟင် အခန်းကရောက်စကထက် ပိုကျယ်သွားပါလား
အို ဘီဒိုကြီးတွေလည်း လေးငါးလုံးတောင်ထပ်တိုးလာတယ်. .

"ဟုတ်ကဲ့ သူဌေးကတော်၊ ဒီပစ္စည်းတွေကြောင့် အခန်း
နှစ်ခန်းတစ်ခန်းဖွင့်ချလိုက်တာပါ၊ ဒီအခန်းက အရှင်ထားတာလေ
အစကတည်းကလည်း သူဌေးက သူအိမ်ထောင်ကျရင်ဆို
အစီအစဉ်နဲ့ ဒီအခန်းကိုခုလိုစီစဉ်ထားတာပါ၊ သူဌေးကတော်. .ဒီ
သူဌေးကတော်အတွက် အားလုံးစီစဉ်ထားပြီးပါပြီ။ ကြည့်ပါ
နှစ်သက်ပါရဲ့လား၊ ဘာများထပ်ပြီးလိုအပ်ပါသေးသလဲ. . ."

ဆိုရင်း အလုပ်သမားနှစ်ဦးက ဘီဒိုအားလုံးကိုလိုက်
ဖွင့်ပြထားလိုက်သည်မတော့ မြင်လိုက်ရသည့်မြင်ကွင်းတွင် မေအုပ်
သည် မှင်သက်အံ့သြသွားရရှာ. .

"ဟင် အိုး. .အဝတ်တွေ၊ ဖိနပ်တွေ၊ လက်ကိုင်အိတ်တွေ
အပြည့်ပါပဲလား၊ ကျွန်မအတွက် ဒါတွေမလိုဘူး. . ."

"မလိုလည်း လုပ်ပေးရမှာပါ၊ ဒါသူဌေးရဲ့အစီအစဉ်တွေ
သူဌေးကတော်၊ အခုဒီကဒီဇိုင်းဆရာမက သူဌေးကတော်ကို ပွတ်
မယ့်ဒီဇိုင်းပြင်ဆင်ပေးပါမယ်၊ သူဌေးကတော် ခဏလောက်သည်
ပေးပါရှင်. . ."

အလုပ်သမားများ၏စကားအရ မေသည် ဒီဇိုင်းဆရာ
ပြုပြင်ဆင်မြန်းခြယ်သပေးမှုကို ခံလိုက်ရသည်။ တစ်အောင့်ခန့်

သည်တွင် ပြင်ဆင်ပြီးစီးသွား၏။ မေအုပ်စိုးကို အလုပ်သမားတွေရော
ဒီဇိုင်းဆရာမပါမကျန်အောင် ငေးမောသွားလိုက်ကြရလေသည်။

"ဩော် မေ့နေလိုက်တာ၊ သူဌေးကတော်ရဲ့အလှမှာ ကျွန်မ
တို့ မျောသွားကြရတယ်. . ."

"အရမ်းလှတာပဲ၊ ကျက်သရေလည်းရှိတယ်. . ."

"ဟုတ်ပ. . ."

ဒီဇိုင်းဆရာမ၏စကားအား အလုပ်သမားနှစ်ဦးက ထောက်ခံ
ဆို၏။

"သူဌေးကတော်. .ပြင်ဆင်ပြီးရင် အောက်ထပ်ခဏဆင်း
လာပါတဲ့. . ."

"ရှင်. .အောက်ထပ်ဆင်းသွားရမယ် ဟုတ်လား. . ."

"ဟုတ်ကဲ့ ဦးရီးတော်က မှာထားခဲ့လို့ပါ. . ."

အလုပ်သမားတွေဆိုတော့ မေအုပ်စိုးသည် သဘောပေါက်
ကာဖြင့် အခန်းထဲမှလှမ်းထွက်ခဲ့ဖြစ်၏။ မေအုပ်စိုးဘဝတစ်လျှောက်
တွင် မိမိသည် ထိုမျှလှပကြောင်းနှင့် ကျက်သရေရှိကြောင်းအား
ဘယ်တုန်းကမှ မိမိကိုယ်မိမိ မထင်ခဲ့ဖူးပါ။ ခုဖြင့် မိမိကိုယ်မိမိပင်
သည်း မယုံနိုင်အောင်ဖြစ်နေရသည်။ မိမိသည် မယုံနိုင်စရာ မည်မျှ
သပကျက်သရေရှိကြောင်း မိမိကိုယ်မိမိလည်း ခုမှပင်သိတော့သည်။
ဒီဇိုင်းဆရာမကလည်း- တော်သည်။ ပွဲတက်ပုံဆင်မြန်းပေးသည်က
ဖိနပ်မှစ၍ ဆံပင်ပုံစံ၊ လက်ဝတ်ရတနာနှင့် ဝတ်စုံပုံစံတွေက လွန်စွာမှ
သပခြင်းနှင့် ကျက်သရေရှိစွာ တင့်တယ်နေရသည်မဟုတ်ပါလား။
အအုပ်စိုးသည်လည်း မိမိကိုယ်မိမိကြည့်ကာ စဉ်းစားရင်းဖြင့် လေကား
ဆိပ်အရောက်၌ အေးချမ်းလှပသော အပြုံးလေးနှင့် လေကားမှ
တစ်လှမ်းချင်းဆင်းလာခဲ့လေ၏။

"ဟင် သြော် သမီး ဆင်းလာပြီလား၊ လှေကားတစ်ဝက်
ရပ်နေလိုက်ပါ သမီး. . ."

မေအုပ်စိုးထံလှမ်းပြောလိုက်သည်တွင် မင်းအုပ်စိုးသည်လ
ရင်တွေခုန်သွားလိုက်ရ၏။ တစ်ဆက်တည်းပင် ဦးဇေယျသ
သူ့ကိုယ်ကို လှေကားဆီသို့ လှည့်စေလိုက်ပြီး. . .

"စိတ်နဲ့ပုံဖော်လိုက်ပါ သား၊ မေအုပ်စိုးရဲ့ အလှကျက်သ
တွေကို ဦးရီးကတစ်ခုချင်းပြောပြသွားမယ်. . ."

"ဦးရီးတော်. .သူတကယ်ပဲ သိပ်လှတာပဲလားဟင်.

"လှတယ်ဆိုတာထက် ပိုလှတယ်. . ."

"ဒီလောက်တောင်ပဲလား ဗျာ. . ."

"နားထောင်၊ စိတ်ထဲက ပုံဖော်ကြည့်ပါ၊ မေအုပ်စိုး
လှပချောမွေ့သလောက် ကျက်သရေလည်းရှိတယ်၊ ဆံပင်ကော
မိန်းကလေးလည်းဖြစ်တယ်၊ သူ့ဆံပင်တွေက ဖြန့်ချထားမယ်
သူ့ခါးကျော်ကျော်လေးမှာရှိတယ်၊ သူ့ဆံပင်တွေက ပိတုန်းရော
တောက်ပနေတယ်၊ ပြီးတော့ သူ့မျက်နှာဟာ မဲ့တစ်ပေါက်မှ
မရှိဘူး၊ ပန်းချီဆရာတစ်ယောက် စိတ်ကြိုက်ရေးဆွဲထားတဲ့ လ
အမြောက်ဆုံးပုံသဏ္ဌာန်လို သူဟာ မျက်ခုံးမထူမပါးရှိတယ်။ မ
မျက်လုံး၊ နှာတံနဲ့ နှုတ်ခမ်းလေးတွေအကုန် တိကျသေသပ်လှပ
သူ့မျက်နှာပုံအကျလည်း လှပပြေပြစ်တယ်၊ သူ့မျက်နှာပြင်ရဲ့
အပတွေကို ပိုပြီးဆွဲဆောင်မှုရှိစေတာကတော့ သူ့ရဲ့ယာဘက်နှ
ပါးချိုင့်လေးနဲ့ သူ့ရဲ့မေးနှစ်ခွလေးပါပဲ. . .

မင်းအုပ်စိုးသည် နှုတ်ခမ်းကိုဖွဖွစေ့ကာ ငြိမ်သောအ
နားထောင်နေဖြစ်၏။ သူ့မျက်နှာချောချောမှ အပြုံးတွေကမူ လင်
နေသည်ပါ။ ဦးရီးတော်က စကားဆက်ဆိုသည်။

"သူဟာ အရပ်လည်းလှတယ်၊ ခန္ဓာကိုယ်အချိုးအစားလည်း
ပြေပြစ်တယ်၊ ကောက်ကြောင်းလှပတယ်၊ သူ့ရဲ့ခန္ဓာကိုယ်ကောက်
ကြောင်း လှပကျော့ရှင်းသလို ကျက်သရေရှိတဲ့ မိန်းကလေးလည်း
ဖြစ်တယ်၊ သူ့တစ်ကိုယ်လုံးမှာလည်း မဲ့တစ်ပေါက်အစွန်းမရှိဘူး၊
သူ့ရဲ့ဝင်းပမှုနုလွန်းတဲ့ အသားရောင်ဟာ သူ့တစ်ကိုယ်လုံးကို လင်း
လက်ထင်ရှားစေတယ်၊ ကဲ ဒီလောက်ပဲ ဦးရီးတော်လည်းပြောတတ်
တော့တယ်၊ ပြည့်စုံရဲ့လား. . ."

"ဦးရီးတော်ပြောတဲ့စကားအရဆိုရင် သူဟာ ရွှေရုပ်လေး
တစ်ရုပ်လိုပဲပေါ့. . ."

"တင်စားသမျှတွေနဲ့ ထိုက်တန်တဲ့မိန်းကလေးတစ်ယောက်
ပါ၊ သူ့မျက်နှာပေါ်က အေးချမ်းတဲ့အပြုံးဟာ မင်္ဂလာအရှိဆုံးပဲ"

"သူ့အလှက တစ်သောင်းမှာတစ်ယောက်၊ တစ်သိန်းမှာ
တစ်ယောက်ပဲရှိတဲ့ ရှားမှရှားတဲ့အလှပိုင်ရှင်မလေးပေါ့၊ ဟုတ်လား
ဦးရီးတော့်. . ."

"သေချာတာပေါ့၊ သေချာဆုံးက ဘယ်လိုအလှနဲ့မှ ယှဉ်လို့
မရဘူး၊ ဦးရီးအနေနဲ့မှတ်ချက်ချချင်တာကတော့ သူဟာ အလွန်လှပ
ချောမောတယ်၊ သူ့ရဲ့စိတ်ထားကြောင့်လည်း သူပိုပြီးလှပနေတယ်၊
တကယ်ပဲ သူ့အလှဟာ ထွန်းလင်းတောက်ပတယ်. . ."

"ကျေးဇူးတင်ပါတယ် ဦးရီးတော်၊ ကျွန်တော်ကံကောင်းပါ
တယ်နော်၊ ကျွန်တော် သူ့လက်ကို မြဲမြံဆွဲထားပါ့မယ်. . ."

ပြုံး၍ သူ တီးတိုးဆိုလိုက်သည်။ ဦးဇေယျသည်လည်း
တူဖြစ်သူအတွက် စိတ်အေးချမ်းသာရပြီဖြစ်သော ပီတိပြုံးတွေနှင့်
ပါတည်း။

× × × × ×

"ဟူး. . ."

မိတ်ကပ်ဆရာမ၊ ဒီဇိုင်းနာဆရာမတွေနှင့် တစ်နေကုန်နီးပါး ပြင်ဆင်ပြီး ဝတ်စုံတွေထည်လဲဝတ်လိုက်ရ၍ မေအုပ်စိုးမှာ မောပန်းနွမ်းနယ်သွားလိုက်ရလေ၏။ သည်အတွက် မေအုပ်စိုးသည် အနားယူရန်အတွက် ပေါ့ပါးမှုရှိသော အဝတ်တွေကိုလဲလိုက်သည်။ ဖိနပ်တွေကိုချွတ်၊ လက်ကိုင်အိတ်တွေကို သိမ်းဆည်းပြီး နေရာတကာထားလိုက်သည်။ အားလုံးပြီးစီးတော့ အနားယူမည်ပြင်ဆဲ အခန်းတံခါးခေါက်သံနှင့်အတူ အခန်းထဲသို့ တုတ်ကလေးနှင့်စမ်းပြီး မင်းအုပ်စိုးဝင်လာသည်ကို မေအုပ်စိုးသည် လှမ်းကြည့်လိုက်ပြီး-

"ကိုမင်းအုပ်စိုး. .ဘာခိုင်းစရာရှိလဲဟင်၊ ဘာလုပ်ပေးရမလဲ"

"ခိုင်းစရာမလိုပါဘူး၊ မင်းကို ကိုယ်လာမေးတာ၊ မင်းအတော်ပဲ မောသွားလား. . ."

"ဟုတ်တယ်၊ ကျွန်မအတော်လေးပင်ပန်းသွားတယ်၊ မေးပါရစေ၊ ရှင် ကျွန်မကို ဘယ်လိုတွေလုပ်ခိုင်းနေတာလဲ၊ ကျွန်မက ရုပ်ရှင်မင်းသမီးမဟုတ်ဘူး၊ အရေးကြီးတာက ရှင့်ရဲ့မျက်လုံးတွေကို အမြန်ဆုံးကုသရဖို့ပဲ မဟုတ်လား၊ ရှင် ဘယ်တော့ရန်ကုန်သွားမလဲ ပြောပါဦး. . ."

"ဒါရန်ကုန်သွားဖို့ စီစဉ်နေတာပဲလေ၊ ခရီးထွက်ပြီဆိုတာနဲ့ ဝတ်ကောင်းစားလှတွေကို မင်းအမြဲဝတ်ဆင်ရတော့မယ်၊ မင်းဟာ သာမန်အမျိုးသမီးမဟုတ်တော့ဘူး၊ မင်းဟာကိုယ့်ရဲ့ဇနီးမယားအနေနဲ့ ကိုယ်နဲ့အတူ ပွဲတက်ရတော့မယ်မဟုတ်လား. . ."

"လောလောဆယ်က ကျွန်မတို့ပွဲတက်ရမှာမဟုတ်ဘူးလေ ရှင့်မျက်လုံးတွေကို ကုသရမှာပါ. . ."

"ဘယ်ပြောနိုင်မလဲ မေအုပ်စိုးရယ်၊ ရန်ကုန်ရောက်ရင် ဟိုဟာ

သည်း ကိုယ့်အသိုင်းအဝိုင်းက ကျယ်ပြန့်တယ်လေ၊ ကိုယ်ရောက်လာတာသိကြရင် သူတို့တွေက ကြိုဆိုကြမှာပဲ၊ ဒီတော့ ကိုယ်နဲ့အတူ မင်းက တစ်ပါတည်းပါနေရမှာမဟုတ်လား၊ အသိုင်းအဝိုင်းတစ်ခုလုံးက မင်းအုပ်စိုးယူတဲ့ ဇနီးကြင်ယာကို ပိုပြီးစိတ်ဝင်စားကြလိမ့်မယ်၊ အဲဒါကို မင်းသိစေချင်တယ်. . ."

"ကျွန်မက အဲဒါတွေကို သိပ်မတွေးထားဘူး၊ အဓိကကျွန်မစိတ်ထဲထားတာ ရှင့်မျက်လုံးတွေ ပြန်မြင်ဖို့ပဲ၊ ရှင့်မျက်လုံးတွေ အမြန်ဆုံးမြင်လာဖို့အတွက် ကျွန်မ ရှင့်ကို ကူညီတာပါ. . ."

"ဒီစကားနဲ့ပတ်သက်ပြီး မင်းကို ကိုယ်ပြောချင်သေးတယ်၊ ကိုယ့်ကိုကူညီတယ်ဆိုတဲ့ စကားမျိုး နောက်ထပ်မင်းမပြောပါနဲ့၊ အထူးသဖြင့် လူတွေရှေ့မှာ ဒီစကားကို မင်းမပြောရဘူး၊ ဘာကြောင့်လဲဆိုတော့ ကိုယ်ဟာမင်းကိုလက်ထပ်ယူထားတာ၊ လက်ထပ်တယ်ဆိုတာ အပျော်တမ်းလက်ထပ်လို့ရတာမှမဟုတ်ဘဲ၊ မင်းကို ကိုယ်ဟာဥပဒေနဲ့အညီ လက်ထပ်ထားတာပါ၊ အကြင်လင်မယားမြောက်ပါတယ်၊ ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲမလုပ်သေးတာက ကိုယ့်ရဲ့မျက်လုံးကြောင့်ပါ၊ နောက်တစ်ချက်က မင်းရဲ့တောင်းဆိုမှုကို ကိုယ်အလေးထားတာပါ. . ."

သူ့စကားတွေအတွက် မေအုပ်စိုးသည် နားထောင်ရင်းသူ့ကိုကြည့်နေဖြစ်သည်။ သူ့မျက်နှာချောချော၊ သူ့အသွင်ထည်ထည်က အမှန်ပင်သြဇာနှင့်ပြည့်နေသည်ဟု မေအုပ်စိုးမှတ်ချက်ချဖြစ်၏။

"မေအုပ်စိုး. . ."

"ရှင်. . ."

"ကိုယ်ပြောတာ မင်းသိတယ်နော်. . ."

"ဟုတ်ကဲ့ သိပါတယ်. . ."

"ကောင်းပြီ၊ နောက်တစ်ခါ မင်းဆီက ကူညီတာပါဆိုတ
စကားကြားရရင် မင်းကိုကိုယ်ဒဏ်ခတ်မယ်. . .

"ရှင် ဒဏ်ခတ်မယ် ဟုတ်လား၊ ရှင် ဘယ်လိုဒဏ်ခ
မှာလဲ. . .

"ဒါတော့ မင်းထပ်ပြောကြည့်တဲ့အခါမှ သိမှာပေါ့၊ ကို
ခကြိုက်တဲ့စကားက အဲဒီစကားပဲ. . .

စကားအဆုံး မင်းအုပ်စိုးသည် တုတ်လေးနှင့်စမ်းကာ အခ
ထဲမှ လှမ်းထွက်သွားလိုက်လေပြီ။ အခန်းထဲမှအထွက် မင်းအုပ်
သည် ပြုံး၍သွား၏။ အခန်းထဲကျန်ရစ်သည့် မေအုပ်စိုးသည်လည်
သူ့နောက်ကျောပြင်ဆီကြည့်ပြီး မကျေမနပ်ဟန်လေးနှင့် ပြုံးဟန်
လေး ရှိကျန်ရစ်ခဲ့သည်ပါ။

❖ ❖ ❖

(ရှစ်)

မင်းအုပ်စိုးနှင့် မေအုပ်စိုးတို့ ဇနီးမောင်နှံနှစ်ယောက် ရွေ
တစ်ပါတ်တွင် ခရီးထွက်ကြတော့မည်မို့ ဦးရီးတော်ဦးဇေယျနှင့် အလုပ်
သမားအမျိုးသမီးကြီးတို့မှာ အဘက်ဘက်က လိုအပ်သမျှတွေကို
ပြည့်စုံအောင်လိုက်၍ လုပ်ဆောင်ပေးကြသည်ပါ။ မှန်သည်။ အထူး
သဖြင့် ဦးရီးတော်ဦးဇေယျသည်က အလုပ်အများဆုံး၊ အလုပ်အရှုပ်ဆုံး
ဖြစ်နေရ၏။ နိုင်ငံခြားမှအလုပ်ကိစ္စတွေကိုလည်း ဖုန်း၊ အီးမေးနှင့်
ဖက်စ်တို့ဖြင့် တစ်ကိုယ်တည်း ဆက်သွယ်လုပ်ကိုင်နေရသကဲ့သို့
ပြည်တွင်းမှအလုပ်ကိစ္စတွေကိုလည်း ဖုန်း၊ ဖက်စ်တို့ဖြင့် လုပ်ကိုင်
နေရသည်ပါ။

တူဖြစ်သူမင်းအုပ်စိုး မျက်လုံးမမြင်တော့သည့်အခိုန်ထဲမှ
ဦးဇေယျသည် တာဝန်တွေပိနေရသော်လည်း တစ်ချက်မျှမညီးညူ
တူချစ်ကိုကျိုးနွံစွာ ပြုစုစောင့်ရှောက်ပေးရင်း စီးပွားရေးတွေကိုလည်း
မလစ်ဟင်းစေရန် ကြိုးစားလုပ်ကိုင်၏။ ယခုလည်း တူဖြစ်သူ
ဇနီးမောင်နှံတို့အတွက် ခရီးသွားခြင်းမှအစ လိုအပ်သမျှကိစ္စတွေကို
ဦးဇေယျတစ်ယောက် လုပ်ကိုင်ထားပေးပြီး၍ နောက်ထပ်လုပ်အပ်
ဦးမည့်ကိစ္စတွေအတွက်ပါ ကြိုတင်ပြင်ဆင်ကာ စာရင်းဇယားတွေ
လုပ်ကိုင်နေဆဲ ဇနီးဖြစ်သူသားအမိနှစ်ယောက် ဈေးမှပြန်လာကြသည့်
အသံတွေကို ကြားလိုက်ရ၏။

မှန်သည်။ ဒေါ်လိုင်သွင်တို့သားအမိနှစ်ယောက်မှာလည်း

မိမိတို့အကြံတွေနှင့်အတူ တစ်ပါတ်တစ်ခါ ဈေးဝယ်ရာမှ ပြန်လာခဲ့ကြပြီး ဇွန့်ခန်းထဲသို့အရောက် ဒေါ်လှိုင်သွင်ရော သမီးဖြစ်သူ ချူးပါ ဦးဇေယျထံမျက်လုံးနှင့် စွေကြည့်လိုက်ကြသည်။ ဦးဇေယျကလည်း တစ်ချက်လှမ်းကြည့်ပြီး မိမိအလုပ်ကိုဆက်လုပ်နေ၏။ ထိုအချိန်၌ပင် ဒေါ်လှိုင်သွင်သည် စားပွဲထက်တင်ထားသည့် မေအုပ်စိုးအတွက် ဝယ်ခြမ်းထားသည့် ပစ္စည်းစာရင်းတွေကိုတွေ့သွားသည်မတော့ ဒေါ်လှိုင်သွင်သည် မျက်လုံးပြူးကာ ရင်ဘတ်ကြီးကို ဘုံးခနဲတစ်ချက်ရိုက်ဖြစ်ရင်းက. . .

"အမလေး ကိုဇေယျ. . အမလေး ကြည့်စမ်း၊ ဟိုမိန်းမအတွက်များ ဒီလောက်သိန်းပေါင်းများစွာ အကုန်ခံထားတယ် ဟုတ်လား .. ."

"ဟင် ဘာတွေဝယ်ထားလို့လဲ မေမေ၊ ဘယ်လောက်တောင် သုံးထားလဲ. . ."

ချူးချူးဆိုရင်း စာရင်းကိုသွားကြည့်တော့ မျက်လုံးပြူးသွားရသည်။ တစ်ဆက်တည်းလည်း ချူးသည် မကျေမနပ်နှင့် သဝန်တိုစိတ်တွေ အားကြီးသွားရ၏။ သည့်အတွက် ပေါက်ကွဲမှုတွေဖြင့် ချူးသည်အပေါ်ထပ်သို့ တက်သွားလိုက်တော့၏။ ဦးဇေယျကလည်း မဖြစ်တော့၍ နေရာမှထခဲ့လိုက်ပြီး ဇနီးဖြစ်သူလက်ထဲမှ ဖိုင်လုပ်ထားသည့် စာရင်းဖိုင်ကို လုယူလိုက်ပြီး. . .

"မလှိုင်သွင်. .ဒါမင်းအလုပ်မဟုတ်ဘူး၊ မင်းဝင်ပြီး မစပ်စုနဲ့.

"ကျွန်မအလုပ်မဟုတ်တာ သိပါတယ်၊ ဒါပေမယ့် ဒီမိန်းမအတွက် ဒီလောက်အကုန်ခံတာ တန်ရဲ့လား. . ."

"မတန်ဘူးလို့ မင်းကိုဘယ်သူကပြောလဲ၊ မင်းအုပ်စိုးအနေနဲ့ သူ့ဇနီးအတွက် သူလုပ်ပေးတာ နည်းတောင်နည်းသေးတယ်. .

"ဟင် နည်းသေးတယ် ဟုတ်လား. . ."

"မလှိုင်သွင်. .မင်းဘာဖြစ်နေတာလဲ၊ ဒီလိုကွန်ဒြေမရတဲ့အလုပ်ချိုးကို ငါ့ရှေ့မှာနောက်တစ်ခါ မင်းမလုပ်မိပါစေနဲ့. . ."

ခင်ပွန်းသည်က မာန်ပါပါမျက်နှာထားကြီးနှင့်ဆိုမှ ဒေါ်လှိုင်သွင်တစ်ယောက် ဖြူဖြူငြိမ်ကျသွားရ၏။ မှန်သည်။ ဒေါ်လှိုင်သွင်လိုမိန်းမက အလိုက်မသိ၊ အကင်းမပါး၊ လောဘသက်သက်ကြီးသည့် မိန်းစားသာဖြစ်၏။ ခင်ပွန်းသည်အား မလွန်ဆန့်၍သာပင်၊ ခင်ပွန်းသည်က မျက်နှာသာပေးလျှင် ခေါင်းပေါ်ကဆင်းမည်မထင် တော့သည့် မိန်းမစားမျိုးပါ။ ဦးဇေယျကလည်း သိသည်။ သည့်အတွက် သားလေးချူးကျူးမျက်နှာကိုထောက်ပြီး မလျှော့လွန်း၊ မတင်းလွန်း ချိုးနှိမ်ထားခြင်းသာဖြစ်၏။

× × × × ×

ခုမှပင် ရည်မွန်လှိုင်သည် အိပ်ယာမှနိုးလာ၏။ စဉ်းစားခလွန်း၍ ညကတစ်ညလုံး ရည်မွန်လှိုင်အိပ်မပျော်ခဲ့ခြင်းပါ။ မှန်သည်။ စဉ်းစားရင်း စိတ်တွေလှုပ်ရှားရင်း မိမိကိုယ်လည်း မိမိအထင်ကြီးရင်းဖြင့် ရည်မွန်လှိုင်သည် အိပ်ယာမှနိုးလာသည်နှင့် ချက်ချင်းပင် ရေမိုးချိုး၊ အလှတွေပြင်ဆင်ပြီး ဝတ်ကောင်းစားလှတွေ ဝတ်ဆင်ကာ အောက်ထပ်သို့ဆင်းလာခဲ့လေ၏။ အောက်ထပ်ရောက်သည်တွင် အိမ်ဖော်အမျိုးသမီးက ရည်မွန်လှိုင်အား စာအိတ်တစ်အိတ် လာပေးရင်း. . .

"မမလေး. .(× ×)စားသောက်ဆိုင်က လာပို့သွားတဲ့ ကြွေးဘရင်းဘောက်ချာပါ. . ."

"ဟင် ကျက်သရေမရှိ၊ မင်္ဂလာမရှိ၊ စောစောစီးစီး ကြွေး

တောင်းရတယ်လို့၊ ဟိုသေချင်းဆိုးကြီး ညကဘယ်များသွားဖြုန်း
ခဲ့လဲမသိဘူး. . ."

ပြင်ဆင်ထားသည့် ရုပ်ကလေးနှင့်မှမလိုက်၊ ရည်မွန်လှိုင်
တစ်ယောက် ပြောဆိုကျိန်ဆဲရင်း စာအိတ်ထဲမှဘောက်ချာကို
ထုတ်ကြည့်လိုက်သည်မတော့. . .

"ဟင် သုံးသိန်း၊ အမလေး တစ်ညတည်း သုံးသိန်းတောင်
ကုန်အောင်သုံးခဲ့ရအောင် သူကဘာဝင်ငွေတွေရှိနေလို့လဲ၊ ငါကရော
ပုံမှန်ဝင်ငွေရှိနေလို့လား၊ သေချင်းဆိုး သိမယ်. . ."

ဒေါသတွေနှင့်ကျိန်းဝါးရင်း ရည်မွန်လှိုင်သည် အပေါ်ထပ်
သို့ ပြန်တက်ခဲ့ပြီး ခင်ပွန်းသည်ရှိရာအခန်းသို့ ရောက်လာခဲ့လေ၏။
အခန်းတံခါးကိုတွန်းဖွင့်ဝင်လိုက်သည်မတော့ ခင်ပွန်းသည်အခန်းထဲမှ
အမျိုးသမီးတစ်ယောက် ပြင်ဆင်ပြီး ထွက်သွားသည်ကိုတွေ့လိုက်ရ
သည်တွင် ရည်မွန်လှိုင်သည် နှုတ်ခမ်းကိုစေ့လိုက်ပြီး. . .

"ဟဲ့ အကောင် မောင်မောင်ထွန်း၊ ရော့ ဒီမှာ နင့်အကြွေး
ဘောက်ချာ၊ (× ×)ဆိုင်ကလာပေးသွားတာ. . ."

ရည်မွန်လှိုင်စာရွက်ကို ပစ်ပေးရင်းဆိုတော့ မောင်မောင်ထွန်း
သည် တစ်ချက်ကောက်ကြည့်လိုက်ပြီးမှ ရည်မွန်လှိုင်ထံပစ်ပေးလိုက်
ပြီး. . .

"ကောင်မ. .ငါ့လာပြနေသေးတယ်၊ နင်သွားပေးလိုက်ပါ
လား. . ."

"ဘာပြောတယ်၊ နင်ဖြုန်းတာ နင့်ကိစ္စနင်ရှင်းပေါ့ဟဲ့၊ နင်က
တစ်ညကိုဒီလောက်ဖြုန်းနေရအောင် နင်ကဘာကောင်လဲ. . ."

"ငါဘာကောင်လဲဆိုတာ နင်သိလို့နင်ယူထားတာပဲ မဟုတ်
လား၊ ခုမှငါဘာကောင်လဲလို့ နင်မေးနေရသေးလား၊ ဘာဖြစ်လဲ၊

ငါသုံးတယ် နင်ပြောစရာမလိုဘူး. . ."

"ပြောရမယ်၊ နင်သုံးဖြုန်းနေတာကို ငါကလက်ပိုက်ကြည့်
နေရမှာလား. . ."

"အေး နင်ကြည့်နေရမယ်၊ နင်မကြည့်လို့ နင်ကဘာလုပ်
ချင်လို့လဲ. . ."

"အဲဒါလုပ်တယ်၊ ဖြန်း. . နင့်စာရင်းနင့်ဟာနင်ရှင်း၊ ငါ
ဘာရမစိုက်ဘူး. . ."

"ဟင် ကောင်မ၊ နင်က နင့်ကိုယ်နင်ဘာထင်နေလဲ၊ ငါ့များ
နင်ရိုက်စရာလား၊ ငါ့ပါးကိုနင်တစ်ချက်ရိုက်ရင် နင့်ပါးကို ငါနှစ်
ချက်ရိုက်မယ် ကောင်မ. . ."

မောင်မောင်ထွန်းဆိုရင်း ရည်မွန်လှိုင့်ဆံပင်ကို ဆောင့်ဆွဲ
တာ ပါးကိုနှစ်ချက်ဆင့်ရိုက်ချမစ်လိုက်သည်။ ဖြန်း ဖြန်း အသံနှင့်
အတူ ရည်မွန်လှိုင်သည် အခန်းထောင့်နားထဲ ကပ်သွားလိုက်ရလေ
၏။ သို့သော်လည်း ရည်မွန်လှိုင်သည် ချောင်ပိတ်ရိုက်ခံရသည့်
ခွေးတစ်ကောင်လိုပင် မောင်မောင်ထွန်းထံ စူးတောက်သည့် ဒေါသ
မျက်လုံးတွေနှင့်ကြည့်ရင်း. . .

"ကွာမယ်၊ နင်နဲ့ ငါအခုကွာမယ်၊ လူပါးမဝနဲ့၊ အကောင်
ဆုတ်ရဲ့. . ."

"ဝတယ်၊ သိပ်ဝတယ်၊ ဒီမှာ ငါကနင့်ကိုယူခဲ့တာမဟုတ်ဘူး၊
နင်က ငါ့ကိုယူခဲ့တာ၊ ငါမကွာရင် နင်ဘာလုပ်မလဲ၊ မှတ်ထား
နင့်ကိုဘယ်တော့မှ ငါကွာမပေးဘူး၊ နင်ရှာသမျှ ငါသုံးပစ်မယ်၊
နင့်ကို ကောင်းကောင်းခိုင်းစားပြီး ဆုံးမပြမယ်၊ မှတ်ထား ငါ့ကို
ထာမစမ်းနဲ့၊ သေသွားမယ်မှတ် ကောင်မ. . ."

"အား ခွေးသူတောင်းစား၊ နင့်ကို ငါသတ်ချင်တယ်၊

တစ်ဘက်မှ ချူးကလည်း မိမိစိတ်ကူးအကြံတွေနှင့် ရည်မွန်လိုင်ကို အယုံသွင်းသည်။ ရည်မွန်လိုင်ကလည်း မိမိကိုယ်မိမိ အထင်ကြီးသည့်စိတ်နှင့် ပြုံးနေဖြစ်၏။

"ပြီးတော့ မမကိုပြောရဦးမယ်၊ ကိုကိုက ရန်ကုန်မှာ မျက်စိသွားကုမှာတဲ့. . ."

"ဟင် ဟုတ်လား၊ ဘယ်တော့သွားမှာလဲ. . ."

"ရက်အတိအကျတော့ မသိဘူး၊ ရှေ့တစ်ပါတ်ထဲလို့တော့ ပြောသံကြားတာပဲ. . ."

ရည်မွန်လိုင် စိတ်တွေလှုပ်ရှားသွားသည်။ မင်းအုပ်စိုးကို ပြန်ချဉ်းကပ်ရန်လည်း ဆုံးဖြတ်ချက်ချလိုက်သည်။ မောင်မောင်ထွန်းကို ယူမိ၍ ရည်မွန်လိုင်နောင်တရသည်မှာလည်း ကြာပါပြီ။ သို့သော်လည်း ပြင်၍မရတော့၍ ရည်မွန်လိုင်မှာ သည်အတိုင်းနေနေရခြင်းပါ။

"မမရည်မွန်. .ချူးပြောတာတွေ သဘောပေါက်ရဲ့လား၊ ချူးနဲ့မေမေကတော့ မမနဲ့ပဲပြန်ဖြစ်စေချင်တယ်၊ ကိုယ့်တစ်မြို့တည်းသားချင်းမဟုတ်လား၊ မမချူးတို့ဆီလာခဲ့နော်၊ ကိုကိုနဲ့လာတွေ့နော်၊ ချူးတို့စောင့်နေမယ် သိလား ဒါပဲနော် မမ. . ."

"အင်း အင်း. . ."

ရည်မွန်လိုင်ဆိုတော့ တစ်ဘက်မှ ချူးတစ်ယောက် ကျေနပ်ဟန်ဖုန်းကိုချလိုက်သည်။ ချူးလို ပထမနှစ်ကျောင်းသူလေးက ရည်မွန်လိုင်အတွေ့အကြုံများနေပြီဖြစ်သည့် မော်ဒယ်အမျိုးသမီးတစ်ယောက်ကို ပညာပြိုင်ချင်နေသည်ကိုက ရယ်စရာပင်ဖြစ်တော့သည်။ ပွဲကစသော်၍ အကြောင်းမသိသေးသော်လည်း ပြိုင်ပွဲကြီးစလျှင်တော့ ဒေါ်ဝင်စားစရာကောင်းမည်က သေချာမည်ပါ။ ခုဖြင့် ချူးလည်း

သေချင်းဆိုး နင်မြန်မြန်သေမှ အေးမယ် အကောင်. . ."

သံကုန်ခြစ်၍ အော်ဟစ်ပြောဆိုပြီး ရည်မွန်လိုင်ကား မောင်မောင်ထွန်းအခန်းထဲမှ ထွက်သွားလိုက်လေတော့၏။ မိမိအခန်းထဲအရောက်မတော့ ရည်မွန်လိုင်သည် မှန်ကိုကြည့်လိုက်သည်။ မိမိ၏ဆံပင်တွေလည်း ပွရောင်းကုန်ပြီ၊ မိမိမျက်နှာထက်၌ နီရဲနေသည့် ဒဏ်ရာတွေလည်း ထင်ကုန်ရပြီဖြစ်၍ မှန်ကြည့်ပြီး ရည်မွန်လိုင်သည် မကျေမနပ်နှင့် ဒေါသတွေထွက်နေရတော့၏။ မှန်သည်။ ရည်မွန်လိုင်သည် မှန်ထဲကြည့်ပြီး ဒေါသတွေနှင့်အတူ မိမိကိုယ်မိမိ စိတ်ပျက်နေဆဲ စားပွဲထက်မှ ဟန်းဖုန်းလေးကမြည်လာ၍ စိတ်တွေလှုပ်ရှားကာ ရည်မွန်လိုင်နှာထောင်လိုက်၏။

"ဟဲလို. . ."

"ဟဲလို မမရည်မွန်. .ချူးပါ၊ မမကို ချူးပြောပြစရာတွေ အများကြီးပဲရှိတယ်၊ မမက ချူးတို့ဆီမလာဘူးလား၊ မမရည်မွန်အချိန်မဆွဲနဲ့နော်၊ ကိုကိုက မမရည်မွန်ကိုချစ်တာ မမလည်းသိတာပဲ မဟုတ်လား၊ ဘာဖြစ်ဖြစ် မမက ကိုကို့ကိုပြန်ချဉ်းကပ်ရင် ရပါတယ်၊ ခုဆိုရင် ကိုကိုကလေ ဟိုအမျိုးသမီးကို ဝယ်ပေးထားတာမျှ သိန်းနှစ်ရာဖိုးလောက်ရှိတယ် သိလား. . ."

"ဟင် သိန်းနှစ်ရာ ဟုတ်လား၊ ဘာတွေဝယ်ပေးထားလို့လဲ"

"အစုံပဲ၊ အစုံပဲ မမရေ၊ အဲဒီစာရင်းကို ချူးရော မေမေပါမြင်တယ်၊ မသိရင် နိုင်ငံခြားထွက်ကြမယ့်အတိုင်းပဲ၊ ချူးကတော့ မမနဲ့ပဲသဘောတူတယ်၊ မမရည်မွန်လည်း အိမ်ထောင်ရေးအဆင်မပြေဘူးမဟုတ်လား၊ ကိုကို့ကိုပြန်ချဉ်းကပ်ပါ၊ ကိုကိုက မမကိုချစ်လက်စရှိတော့ ဘယ်တော့မှစိမ်းကားမှမမဟုတ်ဘူးဆိုတာ ချူးယုံတယ်၊ ကိုကို့စိတ်ဆိုးလည်းခဏပေါ့၊ မမတစ်ချက်ခွဲတာနဲ့ ကိုကိုကပျော့ပြီးသားပဲ

မိမိအကြံအစည်နှင့်မိမိ ကျေနပ်နေသကဲ့သို့ ရည်မွန်လိုင်ကလည်း ယောကျ်ားကရိက်ထား၍ မျက်နှာတွင်မိတ်ကပ်တောင်မလူးနိုင်အောင် ဖြစ်နေရပါသတည်း။

× × × × ×

ညစာစားဖို့အတွက် စားဖိုမှူးအမျိုးသမီးကြီးနှင့် မင်းအုပ်၏ အခန်းအား သန့်ရှင်းရေးလုပ်ပေးရသည့် အလုပ်သမားအမျိုးသမီး နှစ်ဦးသည် တိုင်ပင်ပြောဆိုရင်း ညစာအတွက် ပြင်ဆင်နေကြသော မေအုပ်စိုးသည် ထမင်းစားခန်းဆီသို့ရောက်လာပြီး. . .

"ဒေါ်ဒေါ်. .ညစာအတွက် ပြင်ဆင်တာလား. . ."

"ဩော် ဟုတ်တယ် သမီး. . ."

"စောပါသေးတယ် ဒေါ်ဒေါ်၊ သူ့ကိစ္စတွေ ကျွန်မလုပ်သေး ပါရစေ. . ."

"မလုပ်ပါနဲ့. သူဌေးကတော်ရယ်၊ သူဌေးနားပဲနေပါရှင်"

"သူဌေးကတော်လို့မခေါ်ပါနဲ့. ဒေါ်ဒေါ်ရယ်၊ ကျွန်မ နာမည်ပဲခေါ်ပါနော်. . ."

"အို နာမည်က သူဌေးနဲ့တူနေတော့ မခေါ်ဝံ့ပါဘူးကွယ်"

"အဟင်း ဒါဖြင့်လည်း မေ့ကို မေလို့ခေါ်လေ. . ."

"အင်း အဲဒီလိုခေါ်စေချင်ရင်တော့ ခေါ်ပါမယ်ကွယ်၊ ဟိုက သမီး အပြင်ပဲသွားနေပါကွယ်၊ ဒီမှာဒေါ်ဒေါ်တို့ပဲလုပ်ပါမယ်"

"မဟုတ်တာ ဒေါ်ဒေါ်ရယ်၊ သူ့အတွက်ကို မေပဲလုပ်ချင်ပါတယ်၊ ဒါနဲ့အခုညစာကို ဘာပြင်ဆင်ထားလဲဟင်. . ."

"ဂဏာန်ပေါင်းနဲ့ ကြက်ကြော်၊ ပြီးတော့ ကြက်စွပ်ပြုတ်"

"အဲဒါတွေချက်ပြီးပြီလား ဒေါ်ဒေါ်. . ."

"မချက်ရသေးပါဘူးကွယ်. . ."

"ဒါဖြင့် အဲဒါတွေမလုပ်ပါနဲ့တော့ ဒေါ်ဒေါ်၊ ဒီညစာကို အမ စီစဉ်လိုက်ပါ့မယ်. . ."

မေအုပ်စိုးဆိုရင်း မီးဖိုဆောင်ဘက်ဝင်ခဲ့သည်။ ပြီးတော့ အနည်းငယ်သေးသည့် ရွှေဖရုံသီးကိုထိပ်ဖြတ်ပြီး အစာသွပ်ပေါင်းပေး ခဲ့ မေအုပ်စိုးပြင်လိုက်သည်။ ဝက်အချင်းတိုင်နှင့် ဝက်အူချိုနည်းနည်း၊ ပြီးတော့ ငါးအသားနည်းနည်း၊ ဂေါရဂါးသီးနည်းနည်းနှင့် ကြက်ဥ ဘို့ထည့်ပြီးပေါင်းရန် ပြင်ဆင်၏။ ပြီးတော့ ကြက်သားနည်းနည်း ကို ကင်ပေးသည်။ တစ်ယောက်စာကြက်စွပ်ပြုတ်လေးတစ်ပွဲကိုလည်း ပေါင်းပေး၏။ အားလုံးလိုးဖြတ်ပြင်ဆင်ပြီးသည်တွင် ပေါင်းအိုးထဲ သည့်ပေါင်းထားလိုက်သည်။

"မေကတော်လိုက်တာ၊ အလုပ်လုပ်တာလည်း မြန်တယ်၊ သမီးလေးလေ ကောင်းခြင်းငါးဖြာနဲ့ပြည့်စုံတဲ့ မယားကောင်း ဘစ်ယောက်ပါ၊ ဘိုဌေးလေးအရမ်းကံကောင်းတယ်ကွယ်၊ အားလုံးက သူဌေးလေးအတွက် ခုမှပြည့်စုံသွားတယ်လို့ ထင်ကြတယ်၊ ပြီးတော့ သမီးရဲ့မျက်နှာလေးပေါ်မှာ ဖြူစင်ရိုးသားမှုအရိပ်တွေကြောင့် ပြီးကျက်သရေရှိနေရတယ်. . ."

"အဟင်း ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်ရယ်၊ မေလည်း သူ့အပေါ်မှာအတတ်နိုင်ဆုံး ပြုစုဂရုစိုက်နိုင်ဖို့အတွက် ကြိုးစားသွား ပါ၊ ဩော် ဒါနဲ့ ဒေါ်ဒေါ်က သူ့အခန်းကိုသန့်ရှင်းရေးလုပ်ရ ဘာနော်. . ."

"ဟုတ်တယ်ကွယ်၊ ဘာဖြစ်လို့လဲ သမီး. . ."

"ဘာမှမဖြစ်ပါဘူး ဒေါ်ဒေါ်၊ သူ့အသုံးအဆောင် ပစ္စည်း တွေကို ကျွန်မသိထားချင်လို့ပါ၊ သူဘာတွေသုံးတတ်လဲ၊ သူဘာတွေ

ကို နှစ်သက်လဲ၊ ပြီးတော့ သူ့ရဲ့အချို့ဖာရင်းတွေကို သိချင်တယ်
ဒါမှ သူ့အတွက် မေ လုပ်ပေးတတ်မယ်လေ. . .”

“ဟုတ်တာပေါ့၊ အဒေါ်ပြောပြပါ့မယ်. . .”

“ပြီးတော့ သူစားသောက်တတ်တဲ့ အစားအစာ၊ သူနှစ်သက်
တဲ့ အစားအသောက်တွေကိုလည်း ဒေါ်ဒေါ်ကပြောပြပါနော်. . .

“အေး သူကြိုက်တာက အသားတွေကိုကင်တာ ပိုကြိုက်
တယ်၊ ငါးကိုလည်း ကင်ပေးတာ သူပိုကြိုက်တယ်၊ အချိုရည်ထဲ
သူသောက်တာက လိမ္မော်ရည်နဲ့ စပျစ်ရည်ပဲ၊ လတ်လတ်ဆတ်ဆတ်
သူ့ကိုဖျော်တိုက်ရတယ်၊ အရက်ထဲမှာ သူသောက်တာတွေက နိုင်ငံခြား
အရက်အကောင်းစားတွေ၊ ဒေါ်ဒေါ်တို့ကတော့ မသိဘူး၊ ဦးရီးတော်
အတူ သောက်တတ်တယ်. . .”

“ဟုတ်ကဲ့ ဒါလောက်ဆိုရင် ကျွန်မနားလည်ပါပြီ ဒေါ်ဒေ
ကဲ အခု မေ ရေချိုးခန်းနဲ့ သူ့အသုံးအဆောင်ပစ္စည်းတွေကို သူ
ကြည့်မယ်၊ ပြီးရင် သူ့အတွက်ညစာကို မေကိုယ်တိုင်ပြင်ဆင်ပေး
မယ်. . .”

“အေး အေး၊ ကောင်းပါပြီကွယ်. . .”

မေဆိုရင်း သန့်ရှင်းရေးသမားနှင့်အတူ အပေါ်ထပ်တက်
သည်။ ပြီးတော့ မင်းအုပ်စိုး၏ရေချိုးခန်းထဲသို့ဝင်ခဲ့ပြီး မင်းအုပ်
နှစ်သက်စွာသုံးစွဲတတ်သည့် ပစ္စည်းအသုံးအဆောင်တွေကို ဆပ်
မှအစ မေအုပ်စိုး မှတ်ထားလိုက်သည်။ ပြီးတော့ အသုံးအဆောင်
ပစ္စည်းအထားအသိုတွေကို စနစ်တကျပြင်ဆင်ထားပေးလိုက်၏။ သ
နောက် မေအုပ်စိုးသည် အောက်ထပ်သို့ပြန်ဆင်းခဲ့ပြီး မင်းအုပ်စိ
ထမင်းကျွေးရန် ပြင်ဆင်၏။ ထမင်းစားပန်းကန်၊ အသားပန်းက
ဟင်းချိုပန်းကန်နှင့်၊ ရွှေဖရုံသီးပေါင်းပန်းကန်တွေကို စနစ်တ

ခေါ်သားပြီး ဇွန်း၊ ခက်ရင်း၊ ဓားတွေကိုလည်း အစဉ်အတိုင်း စနစ်ကျစွာ
ချသားပေး၏။

“သမီးပြင်ထားတာ သိပ်စနစ်ကျတာပဲကွယ်. . .”

“ဟုတ်ကဲ့၊ မေလည်း အဲဒီပညာတွေကို သင်ကြားထားတာပါ
ရှင်၊ ကဲ မေ သူ့ကိုညစာစားဖို့သွားခေါ်တော့မယ်နော်. . .”

မေအုပ်စိုးဆိုရင်း မင်းအုပ်စိုးကိုညစာစားရန် ကိုယ်တိုင်
သွားခေါ်သည်။ မကြာလိုက်၊ မေအုပ်စိုးနှင့်အတူ သူလိုက်ခဲ့သည်။
အုပ်စိုးသည် နေရာထိုင်ခင်းကအစ ဂရုစိုက်ပေးသည်။ ပြီးတော့
သူ့ကိုရွှေဖရုံသီးပေါင်း အရင်ချကျွေးသည်။ သူ့လက်ထဲကို ဇွန်းထည့်
ပေးလိုက်ပြီး. . .

“အခုက ရွှေဖရုံသီးပေါင်းပါ၊ စားကြည့်ပါဦးနော်၊ အသားက
ကင်ထားပေးပါတယ်၊ စွပ်ပြုတ်လည်းလုပ်ထားပေးပါတယ်. . .”

မေဆိုရင်း ရွှေဖရုံသီးပေါင်းကို တစ်ဇွန်းခပ်ပြီးစားစေသည်။
ခင်းအုပ်စိုးသည် အရသာရှိလွန်းသည့် ရွှေဖရုံသီးပေါင်းကိုစားပြီး
သိမသာလေးကျေနပ်စွာပြုံးဖြစ်သွားရလေ၏။ သို့သော်လည်း စား
ကြည့်ပြီး သူ့အသွင်က ခပ်တည်တည်နှင့် ငြိမ်ငြိမ်ပင်ရှိနေသည်။
ားဖိုမှူးအမျိုးသမီးနှင့် မေအုပ်စိုးတို့က သူ့အခြေအနေကိုကြည့်ပြီး
သုဘာပြောမည်ကို နားစွင့်နေမိသည်။

“အဟွန်း ဒီစားစရာကို ဘယ်သူလုပ်တာလဲ၊ အရသာက
ဘိုတုန်းကနဲ့မတူဘူး. . .”

သူ့စကားအတွက် မေအုပ်စိုးရော စားဖိုမှူးအမျိုးသမီးကြီးပါ
ငိုးရိမ်သွားသည်။ ပြီးမှ မေအုပ်စိုးမှာ သူ့အနားကပ်လာပြီး. . .

“တစ်ခုခုများလိုအပ်သလားဟင်၊ ဘယ်လိုအရသာမျိုး စား
ချင်လဲ၊ ပြန်ပြင်ပေးမယ်လေ၊ ဒါမှမဟုတ် အသားကင်ကို ပြောင်းစား

ကြည့်မလား. . ."

"ဒီစားစရာကို ဘယ်သူလုပ်တာလဲ. . ."

"မေလုပ်တာပါ၊ စိတ်မရှိပါနဲ့၊ တစ်ခုခုပြောပါ၊ ဘယ်လိုပြန်ပြင်ပေးရမလဲ. . ."

"ကိုယ့်အနားတိုးလာပါဦး မေ. . ."

"အနားမှာပဲလေ. . ."

မေဆိုရင်း သူ့လက်ကိုထိကိုင်လာတော့ သူသည်လည်း မေ့လက်ကိုပြန်ကိုင်ထားရင်း . . .

"မေ. .အရသာရှိလွန်းတဲ့စားစရာတွေကို အရသာရှိရှိ ကိုယ်စားပါရစေ၊ ကိုယ့်ဟာကိုယ်စားရတာ အဆင်မပြေလှဘူးလို့ မင်းမထင်ဘူးလား၊ မင်းကိုယ်တိုင်ခွံ့ကျွေးပါလား၊ ဘယ်လိုလဲ မေ"

"သြော် ဟုတ်ကဲ့. . ."

မေအုပ်စိုးမှာ သူ့စကားကြားလိုက်မှပင် ရှက်ပြုံးလေးပြုံးသွားရရင်း သူ့ကိုခွံ့ကျွေးလိုက်သည်။ စားဖိုမှူးအမျိုးသမီးကြီးကလည်းပြုံးသွားရ၏။ မေအုပ်စိုးက ရွှေဖရုံသီးပေါင်းကို တစ်ဇွန်းချင်းခကပ်ကာ သူ့ကိုခွံ့ကျွေးတော့ သူက မေ့လက်ကလေးကိုကိုင်ကာ စား၏။

"ဘယ်လိုလဲ စားကောင်းရဲ့လား. . ."

"သိပ်ကောင်းတယ်၊ မင်းက ခုလိုတယုတယခွံ့ကျွေးနေလို့လည်း ပိုပြီးအရသာရှိတယ်၊ မင်းတကယ်ပဲ ကိုယ့်အပေါ်အမြဲဒီလိုပဲ ဂရုစိုက်ပြုစုသွားနိုင်ပါ့မလား. . ."

"ရှင်ကဘယ်လိုထင်ထားလဲ. . ."

"ကိုယ်ကတော့ မျှော်လင့်တာပေါ့ဗျာ. . ."

"အဟင်း ကျွန်မရဲ့ရင်ထဲမှာ အမြဲတမ်းဖြူစင်တဲ့စေတနာ အပြည့်အဝရှိပါတယ်၊ ရှင့်ကို ဂရုစိုက်ရတာ ကျွန်မစိတ်ထဲမှာ ဘယ်

ဘော့မှဝန်ထုပ်တစ်ခုလို့ မသတ်မှတ်ပါဘူး၊ ဒါကြောင့် ရှင့်ကို ကျွန်မအတတ်နိုင်ဆုံးဂရုစိုက်ပြုစုသွားမှာပါ ယုံပါ. . ."

မေအုပ်စိုးစကားတွေကိုနားထောင်ပြီး သူ့မျက်နှာချောချောသည် ကြည်လင်ခြင်းဖြင့် ငြိမ်သက်လျက်ရှိ၏။ သူ့ရင်ထဲမတော့ မေ့စကားသံလေးတွေကိုပင် သူနှစ်သက်မြတ်နိုးလွန်းစွာဖြင့် ထွေးပွေ့ထားချင်နေသည်ပါ။ သူ့ဆန္ဒတွေကလည်း မေ့ကို သူသိပ်တွေ့ချင်မြင်ချင်နေရသည်။ မေ့အပေါ်လည်း သူတာဝန်ကျေချင်နေရ၏။ မေ့သည်။ မေစကားလုံးလေးတွေနှင့် စကားသံစဉ်လေးတွေအတွက် သူသည်ကြည်နူးကျေနပ်နေရသည်ပါ။ သူတွေးရင်း ရင်ထဲခံစားမှုတွေဖြင့် မေအုပ်စိုးလက်ကလေးအား တစ်ချက်ဖျစ်၍ ဆုပ်ကိုင်ဖြစ်လိုက်သည်။ မေအုပ်စိုးသည် သူကိုင်ထားသည့်လက်ဆီ ငုံ့ကြည့်ဖြစ်ရင်း...

"ဘာပြောချင်လဲဟင်. . ."

"မင်းကိုချစ်တယ်၊ မင်းရင်ထဲမှာ ကိုယ်နေပါရစေ. ."

"ရှင်ပြောတော့ ရှင်နဲ့ကျွန်မလက်ထပ်ထားတာဆို၊ လက်ထပ်တယ်ဆိုတာ အပျော်တမ်းလက်ထပ်လို့မရဘူးဆို. . ."

"ဟုတ်ပြီ ဒါဆိုအဲဒီလက်ထပ်တာကို မင်းလက်ခံပြီပေါ့"

"အဟင်း တစ်ပိုင်းလက်ခံထားတယ်၊ တစ်ပိုင်းကတော့ ရှင့်မျက်လုံးတွေပြန်မြင်လာမှပါ၊ ဒါကလည်း ရှင့်အတွက်ပါ၊ ရှင်ကျွန်မကို မျက်လုံးနဲ့ကြည့်ပြီး ထပ်ဆုံးဖြတ်ပါ၊ ရှင့်အတွက်ပြောတာ"

"မင်းဘက်ကသေချာတယ်လား. . ."

"ကျွန်မဘက်ကလည်း ရှင်မျက်လုံးမြင်မှပဲ အလုံးစုံကို ဆုံးဖြတ်မယ်၊ ဒါဟာဘာတစ်ခုမှ အမှားအယွင်းမရှိနိုင်တဲ့ကိစ္စလို့ ကျွန်မထင်တယ်. . ."

"ကောင်းပြီလေ၊ ဘာဖြစ်ဖြစ် မင်းသဘောကိုလိုက်ပါ့မယ်"

သူတို့စကားလေးတွေ ညင်သာစွာဆိုရင်း သူ့ကိုညစာကျွေး၍ပြီးသွားသည်။ မေအုပ်စိုးသည် သူ့နှုတ်ခမ်းကို လက်ကိုင်ပုဝါလေးနှင့် တို့သုတ်ပေးသည်။ မေအုပ်စိုး၏ပြုစုဂရုစိုက်ပုံ၊ စိတ်လက်ရှည်ပုံနှင့် ကြင်နာမှုတွေအတွက် မင်းအုပ်စိုးကား နှစ်သက်ကြည်နူးမဆုံးနိုင်အောင်ပါတည်း။

❖ ❖ ❖

(ကိုး)

"ဟဲ့ ကျော်လွင်. .ပြင်လို့ဆင်လို့က မပြီးသေးဘူးလား ဒီတစ်ခါ ငါ့ကိုဘတ်မယ်စိတ်မကူးနဲ့နော်၊ နင်သေသွားမယ်မှတ်"

"မမသွင်ကလည်း မောင့်ကိုမယုံဘူးလား. . ."

"နင်က ယုံစရာလား. . ."

"မောင်က မောင့်ဟာမောင်နေတာ၊ သူက ဆက်သွယ်ပြီးခေါ်လို့ မောင်သွားရတာ၊ မောင်ကယောကျ်ားပဲ အရှုံးမရှိဘူး၊ ဘာဖြစ်ဖြစ် မောင်က မမသွင်မှ မမသွင်ပဲ. . ."

"ဟင်း ငါ့ကိုလာမချော့နဲ့၊ ကိစ္စတွေပြီးပြီ၊ ဒီနေ့တောင်ကြီးပြန်မယ်. . ."

"မောင်က ပြန်ချင်နေတာကြာပြီ၊ အလုပ်တွေမပြတ်သေးလို့ နေရတာ၊ ကဲ ကဲ မမသွင်. .မောင် ဒီပစ္စည်းတွေသိမ်းလိုက်မယ်၊ မသွင်သက်တောင့်သက်သာနေနော်၊ ဟဲ ဟဲ မမသွင်ကိုလေ ဒီနေ့မောဒယ်မတွေနဲ့တောင် မလဲနိုင်ဘူးသိလား. . ."

ကျော်လွင့်စကားကြောင့် မြမြသွင်မှာ သဘောကျသည့်မျက်စောင်းနှင့်စွေကြည့်လိုက်သည်။ ကျော်လွင်က အထာကျွမ်းသည်။ မြမြသွင်ကို မြှောက်ပင့်ပြောဆိုချဉ်းကပ်တတ်သည်။ မြမြသွင်ကလည်း အမြှောက်ကြိုက်ပြီးသားဖြစ်၏။

"ဒါပဲနော် မောင်၊ နောက်တစ်ခါ ဒါမျိုးတွေ့မမ မတွေ့ချင်ဘူး၊ တွေ့ရင်လည်း သည်းခံမှာမဟုတ်ဘူး. . .

"မိန်းမတွေ့က ကဲတာပါ မမရယ်၊ မောင်ကပြောပြီးသားငါ့မှာမိန်းမရှိတယ်လို့၊ သူတို့ကမယုံဘူး. . ."

"အေး မယုံတဲ့ကောင်မတော့ သိမယ်လေ၊ ဒီလက်ဝါးကပါးရွေးတာမဟုတ်ဘူး. . ."

မြမြသွင်ဆိုတော့ ကျော်လွင်တစ်ဘက်လှည့်၍ တွန့်ပြီးမဲ့သည်။ မှန်သည်၊ ကျော်လွင်လိုအကောင်က သစ္စာနည်းနည်းမှမရှိသည့်၊ မိန်းမလိုမိန်းမရ စကားပြောတတ်သည့်အကောင်၊ မြမြသွင်ကလည်း လင်ထိမ်းကြည့်အစားမျိုးထဲက မိန်းမကြမ်း၊ လိုက်လည်းလိုက်သည့်လင်မယားပါပင်။

× × × × ×

မင်းအုပ်စိုးအိပ်ယာမှနိုးလျှင် သွားတိုက် မျက်နှာသစ်ရန်အတွက် မေအုပ်စိုးသည် ရေချိုးခန်းထဲဝင်ပြီး သွားတိုက်ဆေးတွေထည့်၊ ရေနွေးခလုတ်တွေဖွင့်ထားလိုက်သည်။ တစ်ချိန်တည်းပင်

မင်းအုပ်စိုးသည်လည်း မိမိအခန်းမို့သွားနေကျဖြစ်၍ တုတ်မပါပဲ ရေချိုးခန်းထဲသို့ဝင်ရောက်လာ၏။ ရေချိုးခန်းထဲတွင် မေအုပ်စိုး ရှိသည်ကို သူ မသိ၊ သူသည် ရေနွေးစိမ်ရန် ညဝတ်အင်္ကျီကိုချွတ်မည်အပြု၊ မေအုပ်စိုးကလည်း သူ့အတွက် သွားတိုက်တံကို နေရာတွင် အသင့်ထားပေးပြီး ကိုယ်လေးကိုအလှည့်. . .

"အား နေဦး နေဦး၊ မေရှိနေတယ်. . ."

မင်းအုပ်စိုးက အင်္ကျီတွေချွတ်ချတော့မည်လုပ်နေ၍ မေအုပ်စိုးလန့်၍ အော်ဖြစ်သွားရသည်။

"ဟင် မေ. . .

သူလည်း လန့်သွားရပြီးမှ ချောမွေ့စွာပြုံးသွားရပြီး မင်းအုပ်စိုးသည် မေအုပ်စိုးအသံကြားရာအနီး စမ်း၍လှမ်းခဲ့ပြီး မေအုပ်စိုး အနီးရောက်မှ တိုက်မိသလိုနှင့် မေအုပ်စိုးအား သိုင်းဖက်ထားလိုက်လေ၏။

"အိုး နေဦး၊ မေထွက်မယ်၊ မေ အခုပဲသွားမယ်. . ."

"ဟင့်အင်း မသွားပါနဲ့ဦး၊ လင်မယားပဲဆို၊ ဘာရှက်စရာရှိလဲဗျာ. . ."

"အို သူနော် မကဲနဲ့၊ လွှတ်ပါ၊ ဟိုမှာ အားလုံးပြင်ဆင်ပြီးပြီ၊ အေး အားဆေးဆေး သွားတိုက်ပြီးရေနွေးစိမ်ပါ. . ."

"ဟင့်အင်း မရှိမှု၊ ကိုယ်ချောင်လဲကျရင် ဘယ်လိုလုပ်မှာလဲ၊ ကိုယ့်ကြောက်တယ်၊ မရှိမှဖြစ်မှာ. . ."

"ဟင် အစကတော့ သူ့တစ်ယောက်တည်း ချိုးနေပြီးတော့"

"အစက အစပဲလေ၊ ခုက မိန်းမယူထားပြီးပြီဆိုတော့ မိန်းမအယူအယခံချင်တာပေါ့. . ."

"အို အဲဒီလိုတော့ မကဲပါနဲ့၊ တောင်းပန်ပါတယ်၊ လွှတ်ပါ

နော်. . ."

"ကိုယ့်မိန်းမကို ဖက်တာလေးတောင် မရဘူးလား. . ."

"အခုဖက်ထားတာက အကြာကြီးဖြစ်နေပြီလေ၊ မျက်နှာသစ်တော့နော်. . ."

"ဒါဆို အနားမှာနေ. . ."

"အင်း နေမယ် လွှတ်. . ."

"တကယ်နော်. . ."

"အင်းပါ လွှတ်ပါ. . ."

သူလွှတ်လိုက်သည်နှင့် မေအုပ်စိုးကား ခြေကိုဖွဲ့ပြေးပါပြီ။

"မေ. .မေ. .မေ. .အဟွန်း ဟွန်း. . ."

သူ မေ့ကိုအော်ခေါ်သည်။ ပြီးတော့ သူသည်ကြည်နူးစွာ ပြုံး၍ကျန်ရစ်၏။

× × × × ×

ခမ်းနားလှပလွန်းသည့် ဧည့်ခန်းကြီးထဲတွင် အလုပ်သမားအမျိုးသမီးတွေနှင့်အတူ မေအုပ်စိုးလည်းရှိနေ၏။ ဧည့်ခန်းထဲရှိခန်းဆီးများနှင့် ဆိုဖာစုပ်တွေကို အသစ်လဲတပ်ပြီး ပန်းအိုးတွေပြင်ဆင်ခြင်း၍ မေအုပ်စိုးလည်း ဝိုင်းကူလုပ်ပေးနေသည်ပါ။ ထိုအချိန်၌ အပေါ်ထပ်မှ ရေမိုးချိုးအဝတ်လဲပြီး၍ စမတ်ကျချောမွေ့စွာနှင့် ဘုတ်ကလေးနှင့်စမ်းကာ မင်းအုပ်စိုးသည် ဆင်းလာခဲ့၏။ သူ့ဌေးဆင်းလာပြီမို့ အလုပ်သမားတွေက ငြိမ်သက်တိတ်ဆိတ်သွားသည်။ ဘုတ်ထောက်သည့်အသံကြား၍ မေကလှည့်ကြည့်သည်။ သူ့ကိုတွေ့သည်တွင် မေသည် သွားရောက်တွဲခေါ်လိုက်ပြီး ဆိုဖာတွင်ထိုင်စေလိုက်၏။

သည်တွင် မေအုပ်စိုးသည် ပြုံး၍ကြည့်လိုက်သည်။ ပြီးတော့ အမှတ်မဲ့ဆောင် ဖုန်သုတ်နေသည့်လက်က ဓာတ်ပုံလေးကိုတိုက်မိသည်တွင် ဓာတ်ပုံလေးမှာ ကျကွဲသွားရ၏။

"အိုး ဒုက္ခပဲ. . ."

မေအုပ်စိုး စိတ်မကောင်းဖြစ်သွားရပြီး ဓာတ်ပုံလေးကိုပြန်ကောက်လိုက်သည်မတော့ မင်းအုပ်စိုးဓာတ်ပုံနောက်ကျောတွင်ရှိနေသည့် ဓာတ်ပုံတစ်ပုံကိုပါ မေအုပ်စိုးတွေ့လိုက်ရလေ၏။ မေအုပ်စိုး ဓာတ်ပုံလေးကိုကြည့်လိုက်သည်မတော့ မင်းအုပ်စိုးနှင့် အမျိုးသမီးချောလေးတစ်ယောက် တွဲရိုက်ထားသည့်ပုံကို တွေ့လိုက်ရ၏။ မေအုပ်စိုးမှာ မိမိကြောင့်ကွဲသွားရသည်မို့ စိတ်မကောင်းဖြစ်ပြီး မှန်ကွဲစလေးတွေကို ကပျာကယာကောက်ငင်သိမ်းဆည်းလိုက်သည်။ ပြီးတော့ ဓာတ်ပုံလေးတွေကို မှန်မပါပဲ ပြန်ထောင်ထားဦးမည့်အပြု တိုက်ဘိုက်ဆိုင်ဆိုင်ပင် ရည်မွန်လှိုင်သည် မေအုပ်စိုးနောက်သို့ ရောက်လာပြီး. . .

"ဩော် မေအုပ်စိုးဆိုတာလား. . ."

"ရှင် ဩော် ဟုတ်ကဲ့. . ."

မေအုပ်စိုး အံ့သြသွားသည်။ တစ်ဆက်တည်းလည်း ဓာတ်ပုံထဲမှတွေ့လိုက်ရသည့် အမျိုးသမီးဖြစ်ကြောင်း ရည်မွန်လှိုင်အားမြင်သည်နှင့် မေအုပ်စိုးသိလိုက်၏။ ရည်မွန်လှိုင်သည် လက်ပိုက်ပြီး မေအုပ်စိုးတစ်ကိုယ်လုံးကို ဆန်ချည်ပြန်ချည် ကြည့်လိုက်သည်။ ရည်မွန်လှိုင်၏ မျက်လုံးကြီးတွေထဲ၌ မနာလိုစိတ်များ၏ အရိုးအငွေ့များသည် လျှံထွက်နေသကဲ့သို့ ရှိ၏။

"မောင်ကော. . ."

"ရှင်. . ."

"မေ ဘာလုပ်နေလဲ. . ."

"စန္ဒရားတီးတဲ့အခန်းထဲမှာ ပန်းအိုးထားဖို့ ပြင်ဆင်နေတာပါ. . ."

"သူဌေး. .ကျွန်မတို့က မလုပ်ခိုင်းပါဘူး၊ သူဌေးကတော့က အားလုံးဝိုင်းလုပ်တာပါ၊ ပြီးတော့ သူဌေးရဲ့ဝေယျာဝစ္စကိစ္စတွေလည်း သူဌေးကတော်ကပဲလုပ်မယ်ဆိုလို့ ကျွန်မသွားမလုပ်ရတော့တာပါ. . ."

"ဒေါ်ဒေါ်ရယ် ရပါတယ်၊ ဒီအလုပ်က သာမန်အလုပ်မျှပါရှင်၊ မေ့အနေနဲ့ ဒီလောက်မှမလုပ်ရင်လည်း ဘာလုပ်ရတော့မလဲ မိန်းမတစ်ယောက်ကတော့ ဘာဖြစ်ဖြစ် အိမ်အလုပ်လုပ်ရမှာပဲမဟုတ်လား၊ အိမ်အလုပ်လုပ်ရတာ ကိုယ်လက်လှုပ်ရှားမှုတစ်ခုပဲမဟုတ်လား"

"မေ့သဘောပါဗျာ၊ ဒါပေမယ့် ကိုယ့်ထက်တော့ ဘယ်အရာမှ ဦးစားမပေးရဘူးနော်. . ."

သူကဘာမှမမြင်သူတစ်ယောက်မို့ မျက်နှာပူရမှန်းမသိ အလုပ်သမားတွေရှေ့မို့ မေကမျက်နှာလေးရဲသွားသည်။ မေမှာ ပန်းအိုးလေးထိုးပြီးနေရာမှ ထရပ်လိုက်ရင်း. . .

"မေ ပန်းအိုးသွားထားလိုက်ဦးမယ်. . ."

မေဆိုရင်း ဧည့်ခန်းထဲမှလှမ်းထွက်သွားလိုက်သည်။ အလုပ်သမားတွေလည်း ဧည့်ခန်းထဲမှထွက်သွားကြသည်တွင် မင်းအုပ်စိုးသည်လည်း ပြုံး၍ သူ့အလုပ်ခန်းဆီသို့ လှမ်းဝင်သွားလိုက်လေ၏။ အနုပညာနှင့်အနာဃာသည့် အခန်းထဲတွင်ကား မေအုပ်စိုးသည် စားထက်ပန်းအိုးလေးကိုတင်ပြီး ကြက်မွေးလေးနှင့် ဖုန်ခါလိုက်သည်။ ပြီးတော့ စန္ဒရားကြီးကိုဖုန်သုတ်သည်။ စန္ဒရားပေါ်တင်ထားသည့် မင်းအုပ်စိုးတစ်ယောက်တည်းရိုက်ထားသည့် ဓာတ်ပုံလေးကိုတွေ့

"မောင်ဆိုတာ ကိုမင်းအုပ်စိုးကိုမေးနေတာ၊ ရှင်နားမလည်ဘူးလား၊ ရှင့်ကြည့်ရတာ တုံးတုံးအအတော့မဟုတ်လောက်ပါဘူး"

"ဟုတ်ကဲ့ ရုတ်တရက်မို့ ကျွန်မနားမလည်ဖြစ်သွားတာပါ၊ ကိုမင်းအုပ်စိုးရှိပါတယ်၊ ကျွန်မခေါ်ပေးဖို့ လိုအပ်သလား၊ ဒါမှမဟုတ် ရှင့်ဟာရှင်ပဲသွားတွေ့မလား. . ."

"ရတယ် ရတယ်၊ ကိုယ့်ဟာကိုယ်ပဲ သွားတွေ့မယ်၊ ရှင် သိလား ကျွန်မနဲ့မောင်နဲ့ ဘယ်လိုပတ်သက်သလဲဆိုတာ. . ."

"ဟုတ်ကဲ့ ကိုမင်းအုပ်စိုးက ပြောပြဖူးပါတယ်၊ ကျွန်မကနားလည်ပေးတတ်ပါတယ်. . ."

"ရှင်က အလာကြီးပဲ၊ မောင်နဲ့တို့က သိပ်ချစ်ခဲ့ကြပြီး သိပ်တွဲခဲ့ကြတာ. . ."

"သြော်. . ."

ရည်မွန်လှိုင်၏သဝန်တိုစိတ်၊ မနာလိုစိတ်တွေနှင့် ကြွားဝါဂုဏ်ဖော်ပြီးပြောနေသည့် စကားများအတွက် မေအုပ်စိုးသည်ကအေးဆေးစွာပင်ဆို၏။ ထိုအချိန်၌ပင် အလုပ်သမားအမျိုးသမီးကြီးတွေမှာလည်း ရည်မွန်လှိုင်ရောက်လာသည်ကိုတွေ့၍ တစ်ယောက်ကို တစ်ယောက်အကြောင်းကြားပြီး အခြေအနေကို စောင့်ကြည့်နေကြသည်ပါ။ အလုပ်သမားတွေမို့ စောင့်ကြည့်နေရုံမလွဲ၍ ဘာမှမတတ်နိုင်အလုပ်သမားတွေမှာ စိတ်ပူစွာနှင့်စောင့်ကြည့်နေဆဲပင် မင်းအုပ်စိုးသည် မေအုပ်စိုးရှိရာသို့ရောက်လာ၏။

"မေ ဘယ်သူရောက်နေလဲ၊ ဘယ်သူနဲ့စကားပြောနေလဲ"

"သြော် ဟို ကိုမင်းအုပ်စိုးနဲ့တွေ့ချင်တဲ့သူပါ၊ အေးအေးဆေးဆေးပြောကြပါ၊ ကျွန်မကိုခွင့်ပြုပါဦးရှင်. . ."

မေအုပ်စိုးဆိုရင်း အခန်းထဲမှလှမ်းထွက်ခဲ့လိုက်သည်။ မင်း

အုပ်စိုးမှာ မေအုပ်စိုးထွက်သွားသည့်အသိနှင့် မချင့်မရဲဖြစ်သွားရရှာ၏...

"မေ မေ နေဦးလေ၊ မေ မေ. . ."

"မောင်. .ရည်မွန်ပါ၊ မောင့်ကိုလာတွေ့တာ၊ မောင့်အတွက် ရည်မွန်ဘာလုပ်ပေးရမလဲဟင်. . ."

သူ့လက်ကိုလာရောက်တွဲကိုင်ရင်း ရည်မွန်လှိုင်ဆိုတော့ မင်းအုပ်စိုးသည် ရည်မွန်လှိုင်လက်ကို အတင်းဆွဲဖြုတ်ပစ်ရင်း. . .

"သွား အခုမင်းထွက်သွား၊ မင်းဘာပဲဖြစ်ဖြစ် မင်းအခုသွက်သွားပါ၊ မင်းအိမ်ထောင်ကျတာလည်း ငါသိတယ်၊ ငါလည်းအိမ်ထောင်ကျပြီ၊ စည်းနဲ့ကမ်းနဲ့မင်းနေပါ. . ."

"မောင်ကလည်းကွယ် မေလည်း စိတ်ဆိုးမယ်ဆိုတာ သိပါဘယ်၊ ဒါပေမယ့်. . ."

"အလုပ်သမားတွေ တစ်ယောက်မှ ဒီနားမှာမရှိကြဘူးလား"

"သူဌေး ရှိပါ. . ."

"ရှိရင် ဒီမှာဒီအမျိုးသမီးကို မြန်မြန်ခေါ်ပြီး ခြံထဲကထုတ်ပစ်လိုက်. . ."

မာယာနှင့်ချဉ်းကပ်တော့မည့် ရည်မွန်လှိုင်အား သူက အတင်းဆွဲဖယ်သည်။ ရည်မွန်လှိုင်က အလုပ်သမားတွေကို ဒေါသမျက်နှာထားတင်းတင်းနှင့် ကြည့်ပစ်၍ အလုပ်သမားတွေက မဆွဲရဲပဲနေ၏။ ရည်မွန်လှိုင်မှာ သူ့လက်ကိုအတင်းဆွဲ၍ ကပ်ထားသည်မို့ သူလည်းဒေါသထွက်လာရပြီး. . .

"ဘယ်လိုလဲ အလုပ်သမားတွေမရှိကြဘူးလား. . ."

"ရှိပါတယ် သူဌေး. . ."

"ရှိရင် ဒီမိန်းမကို ဆွဲထုတ်ခေါ်သွားကြလေ. . ."

"ဟုတ်ကဲ့. . ."

စကားအဆုံး အလုပ်သမားအမျိုးသမီးကြီးနှစ်ယောက် သည် ရည်မွန်လှိုင်အား အတင်းဆွဲ၍ခေါ်ထားလိုက်ကြပါတော့၏။ ရည်မွန်လှိုင်ကိုဆွဲခေါ်သွားသည်နှင့် မင်းအုပ်စိုးသည်လည်း မေအုပ်စိုးကို ရှာရန် အခန်းထဲမှတဖြည်းဖြည်း လှမ်းထွက်သွားလိုက်လေ၏။ ခြံတံခါးဝနားရောက်လာသည့် ရည်မွန်လှိုင်သည်လည်း အလုပ်သမားတွေလက်မှ ရုန်းထွက်လိုက်ပြီး အလုပ်သမားတွေကို ဒေါသနှင့် ကြည့်ကာ ခြံထဲမှလှမ်းထွက်သွားပါတော့၏။

× × × × ×

သူ့အိပ်ခန်းကိုသန့်ရှင်းရေးလုပ်နေဆဲ အခန်းထဲသို့ မင်းအုပ်စိုးတစ်ယောက် တုတ်ကလေးနှင့် တစ်ဒေါက်ဒေါက်စမ်းကာ ဝင်ရောက်လာ၏။ အိပ်ယာခင်းတွေအသစ်လဲပေးရင်း မေအုပ်စိုးက သူ့ထံလှည့်ကြည့်သည်။ သူသည်ကတ္တီပါဖူးတစ်ဖူးကို ကိုင်လာပြီး စားပွဲတွင်စမ်း၍ထိုင်လိုက်သည်။ ပြီးတော့ သူသည် ငြိမ်သက်စွာခဏမျှ ထိုင်နေပြီးမှ. . .

"မေ. . ."

"ရှင်. .ဘာလုပ်ပေးရမလဲဟင်. . ."

"ကိုယ့်နားကိုလာခဲ့ပါဦး. . ."

သူခေါ်တော့ မေအုပ်စိုးသည် သူ့အနီးရောက်လာသည်။ သူသည် မေအုပ်စိုးလက်ကလေးဆီစမ်းကိုင်ပြီးမှ. . .

"ဒီဖူးလေးကို ဖွင့်ပေးပါဦး မေ. . ."

သူဆိုတော့ မေ ဖွင့်ပေးလိုက်သည်။

"အထဲက ဖူးနီလေးတစ်ဖူးကိုတွေ့လား၊ အဲဒါကိုယူပေးပါ"

"ဟုတ်ကဲ့ ဒီမှာပါ. . ."

သူ့လက်ထဲဖူးနီလေးကို ထည့်ပေးလိုက်သည်။ မင်းအုပ်စိုးသည် ဖူးနီလေးကိုယူပြီးဖွင့်လိုက်သည်မတော့ အထဲတွင် သုံးရတီကော်မည့်စိန်လက်စွပ်တစ်လုံးတည်းကို မေအုပ်စိုး တွေ့လိုက်ရလေ၏။ မင်းအုပ်စိုးသည် စိန်လက်စွပ်ကိုစမ်းယူလိုက်ပြီး. . .

"မေ. . ."

"ကျွန်မရှိတယ်၊ ရှင်ဘာလုပ်မှာလဲ ကိုမင်းအုပ်စိုး. . ."

သူ မေအုပ်စိုးလက်ကလေးကိုစမ်းကိုင်လိုက်ပြီး လက်စွပ်လေးကိုပေးဝတ်မည်ပြင်တော့ မေသည် လက်တစ်ဘက်နှင့် သူ့လက်ကိုဆွဲထားပြီး. . .

"အို မလုပ်နဲ့၊ မလုပ်ပါနဲ့ရှင်၊ အရမ်းတန်ဖိုးကြီးတယ်၊ ဒီလက်စွပ်ကို ကျွန်မ မဝတ်ရလို့လည်း ဘာမှမဖြစ်ဘူး၊ ရှင်းရှင်းလေးရင် ရှင့်ကြောင့် ကျွန်မဘာဝတစ်ခုလုံး လုံခြုံနေပြီပဲလေ၊ ကျွန်မအတွက် ဘာမှမလိုတော့ဘူး. . ."

"လိုအပ်တယ်၊ ဒီလက်စွပ်က မင်းကိုချစ်ရေးဆိုကတည်းက ဝယ်ထပ်ခွင့်တောင်းတဲ့အချိန်ကတည်းက ကိုယ်ဝတ်ပေးခဲ့ရမှာ၊ ဒါမယ့် ကိုယ့်မှာအဲဒီလက်စွပ်မရှိခဲ့ဘူး၊ ဒါကြောင့် ခုမှကိုယ်ပေးတော်ရတာ၊ ဒါကိုယ်တို့ရဲ့မျိုးစဉ်ဆက်ဝတ်ရတဲ့ လက်စွပ်ပါ၊ ဒါကို မင်းဝတ်ထားမှကိုယ့်အတွက် ပြည့်စုံသွားမယ် မေ. . ."

"မဟုတ်တာ၊ ဒီလိုမှ ပြည့်စုံတယ်မခေါ်ပါဘူးရှင်. . ."

"မေ. .ဒီလက်စွပ်ဟာ ကိုယ်တို့ရဲ့ချစ်ခြင်းနဲ့ ကိုယ်တို့ဝယ်ထပ်ထားတဲ့ သင်္ကေတလက်စွပ်၊ မင်းမဝတ်လို့မရဘူး. .

သူဆိုရင်း မေအုပ်စိုးလက်သူကြွယ်လေးတွင် အတင်းပင်တော်ပေးလိုက်သည်။ ပြီးတော့ မေ့လက်ကလေးကို ကြင်နာမြတ်နိုးစွာ နမ်းကိုင်ထားရင်း. . .

"မေ. . ."

"ရှင်. . ."

"ကိုယ့်ကိုစိတ်ကောက်နေလားဟင်. . ."

"ဘာလို့ကောက်ရမှာလဲ. . ."

"သေချာတယ်နော်. . ."

"သိပ်သေချာတာပေါ့. . ."

"ဒါဖြင့် မေ သဝန်တိုနေလား. . ."

"ဘာလို့သဝန်တိုရမှာလဲ၊ ဘာတွေစဉ်းစားပြီး လိုက်ပ
နေရတာလဲ. . .

"တကယ် မေ သဝန်မတိုဘူးပေါ့. . ."

"ဩော် နေ့လည်က ဟိုအမိုးသမီးလာတဲ့ကိစ္စကြောင့်နဲ့လား

"အင်း၊ သူ မေ့ကိုဘာပြောသွားလဲ. . .

"သူက ကိုမင်းအုပ်စိုးနဲ့ပတ်သက်ခဲ့တဲ့ အကြောင်းတွေ ပြ
သွားပါတယ်. . .

"မေ့ရင်ထဲ ဘယ်လိုမှမနေဘူးလား. . ."

"တစ်ချိန်ကဖြစ်ခဲ့တာတွေကို မေတို့မေ့ထားကြရမယ်မဟုတ်
လား၊ မေတို့အလေးထားရမှာက ခုကစပြီးရှေ့ကိုပါ၊ မေတို့ချင်းမတ
ခင်က ကိစ္စတွေ၊ အမှားတွေရှိကြတာပဲလေ၊ ဒါကိုအပြန်အလှ
နားလည်ခွင့်လွှတ်ပေးရမယ်မဟုတ်လား၊ ဘာဖြစ်ဖြစ် ပြီးတာတွေ
ထုတ်ပစ်လိုက်ကြရအောင်ပါနော်. . ."

"ဟင်း မေ. .မင်းဟာ သိပ်တော်ပြီး သိပ်လိမ္မာတဲ့ မိန်း
တစ်ယောက်ဖြစ်သလို မင်းဟာသိပ်ကြင်နာတွေတတ်တဲ့ မိန်းမတစ်ယော
လည်းဖြစ်တယ်၊ ကိုယ် ကဲကောင်းတယ်၊ တကယ် ကိုယ်ကဲကော
ပြီလို့ စိတ်ချပါရစေ. . ."

"ကိုမင်းအုပ်စိုး. .ယေဘူယျအားဖြင့် ကျွန်မတို့က
ကဲကောင်းပြီလို့ပြောလို့ရပါတယ်၊ ဒါပေမယ့် ဘဝဆိုတာ အခုပြီး
သွားတာမှမဟုတ်ပဲ၊ ကျွန်မတို့လျှောက်ရမယ့်ခရီး ဘယ်လောက်
ရှည်မယ်ဆိုတာ မပြောနိုင်သေးဘူးမဟုတ်လား၊ အဲဒီခရီးမှာ ကျွန်မတို့
ဘာတွေတယ်လိုကြုံတွေ့ရဦးမယ် မသိသေးဘူး၊ ကျွန်မတို့ ဘာတွေ
ရင်ဆိုင်ရဦးမယ် မသိသေးဘူး၊ ကျွန်မတို့ခရီးမှမဆုံးသေးဘဲ၊ ကျွန်မ
တို့ကဲကောင်းတယ်လို့ ပြောလို့မရသေးဘူး၊ ဒါပေမယ့် ကျွန်မတို့
ကဲကောင်းပါစေလို့တော့ ဆုတောင်းလို့ရပါတယ်၊ ကျွန်မပြောတာ
သဘောပေါက်လား. . ."

"ဘာဖြစ်ဖြစ် မင်းကိုချစ်တယ်၊ ထာဝရချစ်သွားမယ်. ."

"ကျွန်မလည်း ရှင့်ကိုအလေးထားတယ်၊ ထာဝရအလေး
ထားသွားပါ့မယ်. . ."

ငြိမ်သက်၍ ချိုအီသော မေ့စကားသံလေးအား သူမျက်ဝန်း
အစုံမှိတ်ရင်း နားထောင်ဖြစ်သည်။ အသံလေးကအစ ရင်ထဲထွေးမွေ့
ထားချင်တယ်ဟုလည်း သူ့ရင်ထဲဆိုနေဖြစ်၏။ ပြီးတော့ သူသည်
အုပ်စိုး၏လက်ကလေးကို တစ်ချက်မျှကြင်နာစွာ နမ်းရှိုက်လိုက်
ဦး. . .

"ကိုယ် ဦးရီးတော်နဲ့ ရုံးခန်းမှာစကားသွားပြောလိုက်ဦးမယ်"

"မေ လိုက်ပို့ပေးမယ်လေ. . ."

"ရတယ်၊ ကိုယ့်ရဲ့အိမ်မှာတော့ ဘယ်လိုဖြစ်ဖြစ် ကိုယ်သွား
နိုင်ရတယ်. . ."

သူဆိုရင်း တုတ်ကလေးနှင့်စမ်းကာ အခန်းထဲမှထွက်သွား
လိုက်သည်။

× × × × ×

"မင်းတို့သားအမိ ဒါကဘယ်သွားမလို့လဲ၊ ငါကြည့်တ
မင်းတို့သားအမိဟား ကုလသမ္မဂ္ဂထက် အလုပ်များတယ်၊ ငါ
လိုက်တိုင်း မင်းတို့သားအမိ အပြင်ကပြန်လာရင်လာ၊ မလာ
အပြင်ကိုထွက်၊ တစ်နေ့ကိုအခေါက်ပေါင်း တစ်ထောင်မကဘူး

ရုံးခန်းထဲ တူဖြစ်သူနှင့် စကားပြောပြီး အပြင်ထွက်လ
သည့် ဦးဇေယျသည် ဇနီးသည်သားအမိကိုတွေ့၍ ပြောလိုက်ခြ
ပါ။ ဧည့်ခန်းတွင်ထိုင်နေသည့် သားဖြစ်သူဂျူးဂျူးက သူ့ကိုမခေ
စိတ်ကောက်နေတုန်း မိခင်နှင့်အစ်မဖြစ်သူကို ဖခင်ကဆူလိုက်
ကျေနပ်အားရသွား၏။ ချူးကဘာမှပြန်မပြောရဲ၍ မသိမသာ
မိခင်နှင့်ကွယ်နေလိုက်သည်။ ဒေါ်လှိုင်လှိုင်သွင်မှာလည်း ခင်ပွန်းသ
စကားကြောင့် မျက်နှာပျက်သွားရသည်။

"အဖေကြီးရယ် အလကားလျှောက်သွားပါ့မလား၊ အခ
သမီးရဲ့အဒေါ်အိမ်ကို သွားမလို့ပါ၊ သူတို့ခရီးထွက်တာ ပြန်ရော
ပြီလားဆိုတာ သိချင်လို့သွားမလို့. . ."

"သွားပါ သွားပါ၊ ကျုပ်က သဘောပြောတာပါ၊ မ
ပါဘူး. . ."

"ဖေဖေ. .သားရော မေမေတို့နဲ့ လိုက်သွားရမလား"

"မလိုက်နဲ့ သား၊ သားက ကိုကိုတို့ရန်ကုန်သွားရင် လ
ရမယ်. . ."

"ဟာ တကယ်လား ဖေဖေ. . ."

"တကယ်ပေါ့ သားရဲ့၊ သားအတွက်တောင် ဖေ
စီစဉ်ထားပြီးပြီ. . ."

"ဟင် အဖေကြီး. .သားလေးကို ရန်ကုန်ကိုတက
ထည့်လိုက်မှာလား ဘယ်တော့သွားမှာလဲ. . ."

"သွားမယ့်ရက်တော့ ငါလည်းသေချာမသိဘူး၊ ငါ့သားလည်း
သွားမှာတော့ သေချာတယ်. . ."

ခင်ပွန်းသည်စကားအတွက် ဒေါ်လှိုင်သွင် မကျေမနပ်ဖြစ်
သွားသည်။ ပြီးတော့ သမီးလက်ကိုဆွဲကာ ဧည့်ခန်းထဲမှ လှမ်းထွက်
သွားလိုက်၏။ ဦးဇေယျနှင့်ဂျူးတို့သားအဖနှစ်ယောက်မှာ ပြုံး၍
ကုန်ခဲ့သည်။ မှန်သည်။ တကယ်တော့ ဦးဇေယျသည် အားလုံးစီစဉ်
ထားသူမို့ မင်းအုပ်စိုးတို့ရန်ကုန်သွားမည့်ရက်ကို သိသော်လည်း
ဇနီးဖြစ်သူအား တမင်ပင်မပြောချင်၍ ဘူးခံလိုက်ခြင်းပါ။ ဒေါ်လှိုင်
သွင်ကလည်း သိသည်၊ ခင်ပွန်းသည်အား ပြန်ပြောမသာ၍ မကျေ
မနပ်နှင့် သမီးလက်ကိုဆွဲ၍ ထွက်သွားခြင်းပါတည်း။

× × × × ×

"မြမြ. .နင်ဘယ်တုန်းကပြန်ရောက်လဲ၊ နင်လည်း ငါ့ဆီ
တောင် ပြန်ရောက်တာအကြောင်းမကြားဘူး၊ ငါလာခဲ့လို့သာပဲ သိ
တော့တယ်. . ."

"မလှိုင်ရေ. .အပြစ်တင်မစောပါနဲ့၊ ခုပဲပြန်ရောက်လာတာပါ၊
ခရီးပမ်းလာလို့ နားထောင်မနားရသေးဘူး၊ ကဲ လာ ထိုင် ထိုင်
ရေမိုးချိုးပြီးတယ်၊ ရေချိုးပြီးရင် မလှိုင်ဆီ ဖုန်းဆက်တော့မလို့ပဲ"

"အင်း ညီးက ငါ့တွေ့မှပြောတဲ့စကား. . ."

"မဟုတ်ပါဘူး မလှိုင်ရယ်၊ ကဲ ဟဲ့ မိချူး. .ထိုင်လေ၊
ညီးက ညီးတို့နေတဲ့တိုက်ကြီးလို မကောင်းလို့ မထိုင်ချင်ဘူးလား"

"မဟုတ်ပါဘူး ဒေါ်လေးကလည်း၊ ချူးက ပန်းချီပုံတွေ
ကြည့်တာပါ. . ."

"သြော် အခုတစ်ခေါက် မိုးကုတ်ကသယ်လာတဲ့ကျောက်တွေ

မလိုင်ကိုပြုရဦးမယ်၊ အခုဈေးတွေက အရမ်းကောင်းနေတာ. . .”

“ကဲ အဲဒါတွေအသာထားစမ်းပါဦးအေ၊ ညီးကိုပြောစရာ ရှိလို့လာတာ၊ ငါလည်း စိတ်ညစ်တယ်၊ ကိုယ်စီစဉ်တာလည်း ဘာမှ မဖြစ်ဘူး၊ အဲဒါ နင့်ကိုရင်လာဖွင့်တာ. . .”

“ဘယ်လိုတွေဖြစ်လို့လဲ မလိုင်ရဲ့. . .”

“တခြားမဟုတ်ဘူးဟေ့၊ မင်းအုပ်စိုးနဲ့နင့်တူမကို ငါက ရာထားတာ၊ ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲပဲဖိတ်တော့ အားလုံးအဆင်ပြေတာပေါ့ မဟုတ်ဘူးလား. . .”

“အေးပေါ့၊ ဟုတ်တာပေါ့၊ ငါ့တူမကောင်းစားရင် ငါတို့လည်း ကောင်းစားတာပေါ့၊ အခုကဘယ်လိုဖြစ်လို့လဲ. . .”

“ဟင်း မပြောလိုက်ချင်ဘူး၊ မင်းအုပ်စိုးက ကောက်ကာငင်ကာ မိန်းမတစ်ယောက်ယူခဲ့ပြီလေ. . .”

“ဟုတ်လား ဘယ်ကမိန်းမလဲ. . .”

“မသိပါဘူး၊ ဇာတိချက်မြုတ် ဘာမှမသိဘူး၊ ကောင်မရုပ်ကလေးကတော့ တော်တော်ချောလှတာအမှန်ပဲ၊ ဒါပေမယ့် သူ့အဆင့်အတန်းနဲ့ သူ့မျိုးရိုးက ဘာမှန်းမသိဘူး. . .”

“မလိုင်ယောကျ်ားကို မေးမကြည့်ဘူးလား. . .”

“မေးလည်း မပြောဘူးဟေ့၊ မပြောဘူးဟဲ့၊ နင်သိတယ် မဟုတ်လား၊ ငါ့ယောကျ်ားမျိုးရိုးက ကြီးကျယ်တဲ့မျိုးရိုးဟဲ့၊ တော်ငါတို့ကိုစာရင်းထဲထည့်တာမဟုတ်ဘူး၊ ငါတို့က သူတို့ရဲ့ အလုပ်သမားတွေလောက်တောင် အရေးမပါဘူး. . .”

“ဒါဆို ဂျူးဂျူးကရေ. . .”

“အေး ဂျူးက သူတို့သွေးဖြစ်နေလို့သာ အရေးပါတာ၊ ဂျူးဂျူးကိုတော့ သူတို့အလေးထားလား. . .”

“အေး ထားတယ်၊ အခုမျက်စိသွားကုရင် သားလေးပါသွားပြီးတော့ နိုင်ငံခြားတောင် ဆက်ပြီးသွားကြမလိုလို သတင်းကြားထားတယ်၊ ဟုတ် မဟုတ်တော့ မသိဘူး၊ အဲဒီမိန်းမအတွက် ထားလိုက်တဲ့ပစ္စည်းတွေကလည်း မနည်းမနောပါပဲအေ . .”

“ဟုတ်လား၊ ဒီမိန်းမကို ဘယ်ကယူခဲ့တာလဲ. . .”

“ပြင်ဦးလွင်ကဆိုလား မပြောတတ်ပါဘူးအေ၊ ကောင်မလေးတော့ တော်တော့်ကိုကောင်းစားနေတာ အမှန်ပဲ၊ ဒီကောင်မကြောင့် ဦးဘ်ကူးတွေ ပျက်သွားရတော့တာပဲ. . .”

“အခု မလိုင်တို့ရဲ့တိုက်ကြီးပေါ်မှာပဲပေါ့. . .”

“အေးပေါ့၊ သူက ကိုယ်တွေထက်တောင် ပိုင်သွားပြီကိုး”

“ဒီကောင်မနာမည်က ဘယ်လိုခေါ်လဲ. . .”

“မင်းအုပ်. . .”

“မဟုတ်ပါဘူး မေမေကလည်း. .မေအုပ်စိုးပါ. . .”

“အေး ဟုတ်တယ်၊ မေအုပ်စိုးတဲ့၊ မင်းအုပ်စိုးနာမည်နဲ့ ဆင်လုံးပဲကွာတယ်. . .”

“ဟင် ဘာ ဒီကောင်မလား၊ ဒီအမျိုးယုတ်မလား. . .”

“ဟင် ဟဲ့ နင်ကသိလို့လား ”

“အို သိယုံတင်ဘက်ကမလဲ၊ ဒီအယုတ်တမာမမပါးကိုတောင် ဖြန်ခဲ့တာ၊ ဒီကောင်မ ငါ့လင်ကိုတောင် လှုခဲ့တာလေ. . .”

“ဟင် ဟုတ်လား၊ ဘယ်လိုဖြစ်ပြီး နင်နဲ့သိနေရတာလဲ”

မမျော်လင့်ပဲ ဒေါ်မြမြသွင်ထံမှ မေအုပ်စိုးအကြောင်းတွေကို ကြုံကြိုက်ကြသည်တွင် ဒေါ်လှိုင်သွင်တို့သားအမိမှာ အံ့သြပျော်ရွှင်ခဲ့ရလေ၏။ သားအမိနှစ်ယောက်၏ မျက်လုံးတွေက အကြောက်လာသလိုမျိုး အရောင်တွေတောက်လာကြသည်။ ဒေါ်မြမြသွင်

ကလည်း မိမိဒေါသကိုလာဆွလိုက်သလိုမို့ ဒေါသတကြီး မေအုပ်ကြီး အကြောင်းအား ပြောနေပုံမှာ ရစရာမရှိတော့အောင်ပါ။

"ဟင် ဒီအမျိုးယုတ်မက ဒီမှာလာပြီး ကောင်းစားနေပြီလေ၊ တွေ့မယ် ငါနဲ့တော့ တစ်ကွေ့မှာထပ်တွေ့ဦးမယ်၊ ငါ့အကြောင်တော့ ကောင်းကောင်းတပ်ပြရသေးတာပေါ့၊ ငါလင်က သူ့ကသားကြီးမယားကြီးရှိပါတယ်ဆိုပဲ့ ပြောတာတောင် သူက လက်မခံဘဲ ငါလင်နဲ့လက်ထပ်ဖို့အထိ ဖိတ်စာတွေရိုက်ပြီး ကုန်တဲ့အထိတောင် ဖြစ်ခဲ့တာလေ. . .

"ဟင် ဟုတ်လား. . ."

"ဟုတ်လိုက်တာမှ ဟိုဘက်တောင်လွန်သေးတယ်၊ ပြောရဦးမယ် မပြီးသေးဘူး၊ အခုလည်း ပြင်ဦးလွင်မှာလည်း ငါ့လင်က ဆက်သွယ်ပြီးခိုန်းကြတာ၊ ငါတွေ့လို့ ဒီကောင်မပါးကို ငါရိုက်သေးတယ်၊ ဒီကောင်မပါးမှာ ငါလက်ချောင်းအရာပျောက်ချင်ပျောက်ဦးမှာ. . ."

"ဟင် ပြင်ဦးလွင်မှာ ဟုတ်လား ဒေါ်လေး. . ."

ချူးချူးက အံ့သြဝမ်းသာစွာနှင့် မေးသည်။

"ဟုတ်ပါတော် ဟုတ်ပါ၊ နှစ်ရက်သုံးရက်ပဲရှိသေးတယ် အသာနေ ချူး၊ ငါတူမဘာမှမပူနဲ့၊ ဒီကောင်မ အဝေးကိုလွှင့်ထွက်သွားအောင် ဒေါ်လေးလုပ်ပြမယ်၊ ဒေါ်လေးတာဝန်ထား၊ ဒီကောင်အကြောင်းတွေ ဗူးပေါ်သလိုပေါ်ပြီး အရှက်ဖြန်းဖြန်းကွဲအောင် ဒေါ်လေးလုပ်ပြမယ်၊ သူ့ယောကျ်ားရဲ့အရှေ့ လူပုံအလည်မှာ ဒေါ်လေးလုပ်ပြမယ်၊ တစ်ခါတည်း အဝေးကိုစင်ထွက်သွားစေရမယ် ငါ့တူမနဲ့မင်းအုပ်စိုးဆိုတယ်သူဌေးလေး ညားကိုညားစေရမယ်၊ မပူး ဒေါ်လေးတာဝန်ထားလိုက်. . .

ဒီလိုမိန်းမမျိုးနဲ့ယှဉ်လို့ကတော့ ငါ့တူမကသာပြီးသားပဲ၊ ဒေါ်လေးကလည်း ဒေါ်လေးယောကျ်ားကို ဒီလောက်လိုက်ကပ်နေတဲ့ မိန်းမပျက်ကို အပြတ်တိုက်ပစ်ချင်နေတာပါ၊ ဒီမိန်းမက ဒေါ်လေးဒီလောက်ပါးရိုက်ထားတာတောင်မှ နှင့်ဦးငယ်ကိုကပ်တုန်း၊ ဒေါ်လေးမသိအောင် တိတ်တိတ်ဆက်သွယ်တယ်လေ၊ နှင့်ဦးငယ်က ယောကျ်ားပဲကွယ့် ကောင်မက ဆက်သွယ်လာတော့လဲ၊ ယောကျ်ားဆိုတာ အလကားရ အလွတ်ပေးပါ့မလား. . ."

"ဟုတ်တာပေါ့ ဒေါ်လေးရဲ့. . ."

"အေး ဒါကြောင့် ဒီလောက်ရဲတင်းတဲ့ မိန်းမယုတ်ကို ဒေါ်လေးကောင်းကောင်း ဆုံးမပြမယ်၊ မလိုင်နဲ့သမီးကသာ ဒေါ်လေးကို သူဘယ်သွားပြီးဘာလုပ်တယ်ဆိုတာတွေပဲ စောင့်ကြည့်ပြီး ပြောပြ၊ ဒီမိန်းမကိစ္စကို ဒေါ်လေးရှင်းပစ်ပေးမယ်. . ."

"အင်း မြရေ. နှင့်ဆီငါ့လာလိုက်တာ မှန်သွားတာပဲ၊ နှင်ပြောသလိုပဲ ငါတို့ဒီကောင်မကို လွှင့်စင်သွားအောင် လုပ်ပစ်ရမယ်၊ စိတ်ချပါ ငါ့ညီမ. နှင့်ဆီငါအမြဲ ဖုန်းနဲ့ဆက်သွယ်နေမယ်"

ဒေါ်လှိုင်သွင်တစ်ယောက် အားရစွာဆိုရင်း သမီးဖြစ်သူကို ကြည့်သည်။ ညီအစ်မ၊ သားအမိတွေမှာ ကိုယ့်အကြံတွေနှင့် ကိုယ် ပျော်ရွှင်နေကြရ၏။ မှန်သည်။ ဒေါ်မြမြသွင်၏အိမ်တွင် ညီအစ်မ၊ သားအမိတွေ ကျိတ်၍ကြံစည်ပြောဆိုနေခဲ့အချိန်များ၌ မင်းအုပ်စိုး၏ တိုက်ကြီးတွင်ကား. . .

"ဟဲလို ပြော သူငယ်ချင်း. . ."

"ဘယ်လိုလဲ၊ ဘယ်နေ့လဲ၊ မျှော်နေတာ လည်ပင်း ရေတကောင်းဖြစ်နေပြီဗျာ့. . ."

"အဟွန်း ဟွန်း ကိုယ်တို့မနက်ဖြန်ရောက်ပြီလေ၊ လေဆိပ်

မှာ မင်းလာကြိုတော့. . ."

"ဟာ မင်းတကယ်ပြောတာလား. . ."

"နောက်ပြောင်နေရဦးမှာလား ဒေးဗစ်ရာ. . ."

"ဟား ဟား ဟား ကိုယ်ပျော်သွားပြီ၊ မင်းရဲ့တိုက်ရော ခြံရော အားလုံးလည်းတောက်ပနေပါပြီဗျာ. . ."

"ကျေးဇူးပဲ သူငယ်ချင်း၊ လာမှပဲစကားပြောတော့မယ်. . ."

"ကောင်းပြီ. . ."

တစ်ဘက်မှ ဖုန်းချသွားသည်တွင် မင်းအုပ်စိုးသည်လည်း ဖုန်းချရင်း ပြုံးဖြစ်လိုက်ရလေ၏။ ။



(တစ်ဆယ်)

ခင်ပွန်းသည်ကိုကြည့်ပြီး ဒေါ်လှိုင်သွင်တစ်ယောက် ပိုင်ပြိုဘုစောအပြုံးနှင့် မဲ့ပြုံးပြုံးလိုက်သည်။ ဦးဇေယျကလည်း ထိုအပြုံးကိုမြင်သည်။ သို့သော်လည်း ဂရုမစိုက်၊ အလုပ်ကိစ္စတစ်ခုပြီးစီးသွား၍ ဦးဇေယျစိတ်ထဲ အေးဆေးသွား၏။ သည့်အတွက် ဦးဇေယျသည် မိမိအလုပ်ခန်းထဲတွင်ပင် အနားယူရန်လှမ်းဝင်သွားမည်အပြု..

"ကိုဇေယျ. . ."

"ပြော. . ."

"ကိုဇေယျကို ကျွန်မစကားပြောစရာရှိတယ်. . ."

"အေးလေ ပြောလို့ ငါပြောနေတာပဲ၊ ဘာလဲ ပြော ဘာကိစ္စလဲ. . ."

"ကိစ္စကအရေးကြီးတယ်ရှင့်၊ မင်းအုပ်စိုးကိစ္စ၊ ရှင့်တူကိစ္စ၊ အရေးကြီးတယ်. . ."

"ငါ့တူ ဘာဖြစ်လဲ၊ မင်းပါးစပ်က အရေးကြီးတယ် အရေးကြီးတယ်ပြောနေတာ၊ ဘာအရေးကြီးလဲသာ မြန်မြန်ပြောဖို့မင်္ကောင်းဘူးလား. . ."

"ပြောပါ့မယ်၊ ပြောပါ့မယ်၊ အခု ရှင်တို့တူဝရီး သဘောကျသွားတဲ့ကောင်မအကြောင်း ရှင်တို့တွေဘာသိလဲ. . ."

"မလိုပါဘူး၊ မင်းအ[illegible]သည်းမဟုတ်ဘူး. . ."

"မလိုဘူး ဟုတ်လာ[illegible]း ရှင်တို့တူဝရီးကလေ တော်ဘာရယ်စရာကောင်းတယ်၊ ကို[illegible]မေပါတက်လာတဲ့ အမျိုးအစားကဘယ်လိုမှန်းမသိပဲနဲ့ များ. . ."

"မလိုင်သွင်. .ကျုပ်တူယူထားတဲ့မိန်းမက ကျုပ်ယူထားတဲ့ မိန်းမထက်တော့ အဆပေါင်းများစွာသာပါတယ်. . ."

"ဟင်း ကိုဇေယျ. . .

"မင်း ငါ့ကိုပြန်ခေါ်စမ်း၊ မင်းလေသံကိုပြင်လိုက်စမ်း. . ."

"ကိုဇေယျရယ် ကျွန်မကစေတနာနဲ့ပြောတာပါ၊ အခု အိမ်ပေါ်မှာရှိနေတဲ့ မိန်းမအကြောင်းတွေကို ရှင်ဘာသိလဲ. . ."

"ငါသိဖို့မလိုပါဘူး၊ ငါ့တူသိတယ်. . ."

ဧည့်ခန်းတွင် မိခင်နှင့်ဦးဇေယျတို့ပြောနေသည့် စကားတွေကို ဘီဒိုအကွယ်မှ ချူးကချောင်းကြည့်နားထောင်နေဖြစ်ရင်း အားမလိုအားမရဖြစ်နေရလေ၏။ မှန်သည်။ မိမိ၏မိခင်က ဦးဇေယျအား ကြောက်ရသည်။ မိခင်ကိုယ်တိုင်ကကြောက်နေမှတော့ မိမိအနေနှင့်က ဦးဇေယျအားပို၍ကြောက်ရသည်မှာ ဆိုဖွယ်မရှိ။ ဦးဇေယျတို့ မင်းအုပ်စိုးတို့သည်က မျိုးရိုးဇာနှင့်လိုက်ဖက်စွာ မာန်ပြင်းသည်။ ပြတ်သားတိကျသည်။ သူတို့စကားတစ်ခွန်းဆို တစ်ခွန်းသာ ပြောဆိုတတ်ကြသည့်လူစားမျိုးတွေဖြစ်၏။ သည့်အတွက် မိမိမိခင်စကား တွေက တော်ရုံဖြင့်တိုးမပေါက်နိုင်အောင် ဖြစ်ရ၏။ သည့်အတွက်လည်း ချူးသည် အကွယ်နေရာမှ အားမလိုအားမရဖြစ်နေခြင်းပါ။

"မင်းအုပ်စိုး သိတယ် ဟုတ်လား၊ မင်းအုပ်စိုး ဘာသိလဲကဲ ပြော. . ."

"မလိုင်သွင် မင်းဘာဖြစ်နေလဲ၊ မင်းဘာစကားတွေပြောချင်နေတယ်ဆိုတာ မင်းမျက်နှာပေါ်မှာ ငါမြင်နေပြီးသားပဲ၊ ဒီမှာ မလိုင်သွင် ငါတို့က ပေါ့ပေါ့ဆဆအလုပ်လုပ်တတ်တဲ့ လူစားမျိုးမဟုတ်ဘူးကွ ဒီမိန်းကလေးကို သူယူဖို့ဆုံးဖြတ်လိုက်ကတည်းကိုက ဒီမိန်းကလေးရဲ့ အကြောင်းကို ထောင့်စေ့အောင်စုံစမ်းပြီးမှယူတာ. . ."

"ဒါဆို ဒီကောင်မ သူများလင်နဲ့ဖြစ်တယ်ဆိုတာကိုပါ သိတယ်ပေါ့. . ."

"အဟွန်း ဟွန်း မလိုင်သွင်. .မလိုင်သွင်. .မင်းညီမရဲ့ အမျိုးသားနဲ့လို့ မင်းပြောလည်းရုပါတယ်. . ."

"ဟင် ရှင်သိတယ်. . ."

သားအမိနှစ်ယောက်လုံး ဦးဇေယျစကားအတွက် အံ့သြသွားကြသည်။

"မင်းကိုပြောသားပဲ၊ မသိတာက မင်းတို့ပါ၊ မလိုင်သွင် မင်းကိုငါပြောမယ်၊ မင်းအေးအေးနေပါ၊ ငါနဲ့မင်းနဲ့ရထားတဲ့ ငါ့သားဆေးဆီမှာ မင်းရဲ့စိတ်ဓာတ်မျိုးတွေ ပါဝင်နေမှာ ငါအစိုးရိမ်ဆုံးပဲ၊ ငါ့သားရှေ့မှာ အခုလိုအမူအယာတွေနဲ့ မင်းကအားမပြောမိစေဖို့ ဆင်ခြင်ပါ၊ ပြီးတော့ ငါ့သားကို မင်းတို့အသိုင်းအဝိုင်းထဲလည်း သုံးဝခေါ်မသွားပါနဲ့၊ မင်းကိုသတိပေးပြောထားတယ်နော်. . ."

"ကောင်းပါပြီရှင်၊ အခုသားကဘယ်ရောက်နေလဲတောင် မသိဘူး. . ."

"အေး မင်းဘယ်သိမလဲ၊ မင်းအလုပ်တွေများနေတာတော့ ငါသိတယ်၊ ငါ့သား အခုသူ့အစ်ကိုတွေနဲ့အတူ ရန်ကုန်သွားပြီ"

"ဘာ ရန်ကုန်သွားပြီ ဟုတ်လား၊ ရှင်သိပ်ရက်စက်တယ်၊ ကျွန်မနဲ့ကျွန်မသားကိုတောင် ရှင်နှုတ်မဆက်ခိုင်းဘူး. . ."

"ဟင် ရန်ကုန်သားကြပြီတဲ့. . ."

ဦးဇေယျနှုတ်မ ပြောလိုက်သည့်စကားကြောင့် ဒေါ်လှိုင်သွင်ရော ချူးချူးပါ အံ့သြသွားလိုက်ရရင်း ချူးချူးသည် အမြန်ဆုံး အပေါထပ်ကြီးတက်ခဲ့ပြီး အခန်းထဲအရောက်၌ အဒေါ်ဖြစ်သူ မြမြသွင်ဆီ ဖုန်းဆက်လိုက်ပါတော့၏။ အောက်ထပ်ဧည့်ခန်းထဲတွင်ကား

ဦးဇေယျသည် ဇနီးသည်အား ဘာမှမပြောတော့ပဲ ရုံးခန်းထဲသို့ တန်းဝင်သွားလိုက်တော့၏။ ဒေါ်လှိုင်သွင်ကလည်း ခင်ပွန်းသည် အရိပ်ပျောက်သွားသည်အထိ မကျေမနပ်နှင့် အကြည့်ဏ်တွေထုတ်ရင်း ရှိနေဈသည်ပါ။

× × × × ×

"ဟဲ့ ကျော်လွင်. .ကျော်လွင်၊ ဘယ်သွားသေနေလဲဟဲ့ မြန်မြန်လာပါ. . ."

"ဗျာ မမ. .ဘာလဲဗျာ၊ ဒီမှာ မောင်က မမအတွက် ဟင်းချက်. . ."

"မချက်နဲ့ ထားခဲ့၊ အခုချက်ချင်းအဝတ်လဲ. . ."

"အဝတ်လဲရမယ် ဟုတ်လား၊ ဘယ်သွားမလို့လဲ. ."

"လျှာမရှည်နဲ့၊ အဝတ်သာမြန်မြန်လဲစမ်း. . ."

မြမြသွင်ဆိုရင်း ခင်ပွန်းသည်ကျော်လွင်ကို ဆွဲလွှဲ၍ ကိုယ်ပေါ်မှအဝတ်တွေကို ဆွဲချွတ်ပြီး အဝတ်တွေကောက်စွပ်ပေးသည်။ ကျော်လွင်က မြမြသွင်လက်ထဲတွင် ဒီလိုကျတော့လည်း အပိုးကျိုးနေသည့် ခွေးတစ်ကောင်နှယ်ရှိ၏။ တခြားနေရာမှဆိုလျှင် ကျော်လွင်က ဖျံ၊ မြမြသွင်နှင့်ကျလျှင် ကျော်လွင်ကပိန်းကောကြီးဖြစ်သွားရသည်။ ခုလည်း ကျော်လွင် ဘာမှမသိသေး၊ မြမြသွင်က အဝတ်တွေ အတင်းလဲခိုင်း၍သာ လဲလိုက်ရသည်၊ ကျော်လွင်ဘာမှမသိ။

"မမ အဝတ်လဲပြီး ဘယ်သွားမလဲ. . ."

"လေဆိပ် လေဆိပ်ဟဲ့၊ အခုကလောလေဆိပ်ကို အမှိသွားရမှာ၊ ကားလည်းငှားရဦးမယ်. . ."

မြမြသွင်ဆိုရင်း စလင်းဘက်ယူ၊ အနွေးထည်ယူ၊ မာဖလာ

ဘစ်ထည်ကိုယူပြီး ကျော်လွင်လက်ကိုပါဆွဲကာ အခန်းထဲမှ ကသောင်းကနင်းထွက်သွားလေ၏။ မြမြသွင်နှင့်ကျော်လွင်တို့ ကားငှားရန် အိမ်မှထွက်သွားသည့်အချိန်၌ပင် မင်းအုပ်စိုး၏တိုက်ကြီးတွင်လည်း ဦးဇေယျသည် အလုပ်ခန်းထဲမှ ပြန်ထွက်ခဲ့ပြီး. . .

"မလှိုင်သွင်. . ."

ရုတ်တရက်ခေါ်သံနှင့်အတူ ဦးဇေယျထွက်လာသည်တွင် နှုံ့ခန်းထဲသားအမိနှစ်ယောက် တီးတိုးစကားပြောနေကြသည်ကို ဦးဇေယျတွေ့လိုက်ရသည်။ သားအမိနှစ်ယောက်မှာ ဖြုံသွားရပြီး မျက်နှာတွေပျက်သွားကြသည်။ ဦးဇေယျကမူ ဘာမှဂရုမစိုက်၊ အပေါ် အကျီကိုကောက်ဝတ်လိုက်ပြီး. . .

"မလှိုင်သွင်. .အခုလေဆိပ်သွားမယ် လုပ်. .မင်းလည်း သားကိုနှုတ်ဆက်ရအောင် . ."

"ဟင် ဪ ဟုတ်ကဲ့. . ."

ဒေါ်လှိုင်သွင် မထွန့်မတက်ရဲ၊ ဦးဇေယျခေါ်သလိုပင် ပြိုက်ပါခဲ့ရသည်။ တစ်အောင့်ခန့်ကြာတွင် ဒရိုင်ဘာမောင်းသောကားလေးသည် တောင်ကြီးမြို့မှထွက်ခဲ့ပြီဖြစ်၏။ လမ်းတစ်လျှောက်ကားပေါ်တွင် ဦးဇေယျကငြိမ်သက်နေသလောက် ဒေါ်လှိုင်သွင်သည်ကတော်တွေလှုပ်ရှားနေရသည်ပါ။ မှန်သည်။ အဘယ်ကြောင့်ဆိုသော် သမီးဖြစ်သူက ညီမဖြစ်သူထံဖုန်းဆက်ထား၍ ညီမဖြစ်သူ မြမြသွင်သည်လည်း လေဆိပ်သို့သွားမည့်အကြောင်း ဒေါ်လှိုင်သွင်သိထားသောကြောင့်ပါတည်း။ တစ်အောင့်ခန့်ကြာသည်တွင် ကလောလေဆိပ်သို့ ရောက်လာသည်။ ကားရပ်လိုက်သည်နှင့်ပင် လေဆိပ်အဆောက်အဦးထဲသို့ ဦးဇေယျနှင့် ဒေါ်လှိုင်သွင်တို့ ဝင်ခဲ့လိုက်ကြသည်။

"ဟာ ကိုကိုကြီးရေ. .ဟိုမှာ ဖေဖေနဲ့ မေမေတို့လည်း လိုက်လာကြတယ်. . ."

"ဟင် ဟုတ်လား. . ."

ဂျူးဂျူးက တွေ့ရ၍ဆိုသည်တွင် မင်းအုပ်စိုးရော မေအုပ်စိုးပါ အံ့သြဝမ်းသာသွားကြရသည်။

"ဖေဖေ . .သားတို့ဒီမှာ. . ."

ဂျူးဂျူးကခေါ်သည်တွင် ဦးဇေယျနှင့် ဒေါ်လှိုင်သွင်တို့ သူတို့အနီးသို့ ရောက်လာကြသည်။

"ဖေဖေကလိုက်မပို့တော့ဘူးဆို၊ ခုတော့လည်း လိုက်လာသားပဲ. . ."

"ဟုတ်တယ်၊ သားတို့အားလုံးကို နှုတ်ဆက်ချင်လို့ ဖေဖေလိုက်လာခဲ့တာ၊ ပြီးတော့ သားလည်း သားမေမေကို နှုတ်ဆက်ရအောင်လို့ပါ. . ."

"မေမေ. .မေမေ. . ."

သားဖြစ်သူက ဒေါ်လှိုင်သွင်ကို ခေါ်နေသော်လည်း ဒေါ်လှိုင်သွင်မှာ ညီမဖြစ်သူမြမြသွင်ကိုသာ ဖော်နှင့်ရှာဖွေနေ၍ သားခေါ်သံကို မကြားနိုင်အောင်ဖြစ်နေရ၏။ ဦးဇေယျသည် ဇနီးသည်ကိုသာ ကြည့်နေလိုက်သည်။ ဘာမှဝင်ပြောခြင်းမရှိ၊ ဂျူးဂျူးကလည်း မိခင်က မိမိခေါ်သံကိုမကြားနိုင်တော့၍ ထပ်မခေါ်ပဲနေလိုက်တော့သည်။ ပြီးတော့ မင်းအုပ်စိုးလက်ကိုသာ သွားဆွဲထားပြီး ဖခင်နှင့်သာ စကားပြောနေဖြစ်တော့၏။

"ဖေဖေ. .ဟိုရောက်ရင် သား ဖုန်းဆက်လိုက်မယ်နော်" ပြီးတော့ ဖေဖေ့ကျန်းမာရေးလည်း ဂရုစိုက်နော်. . ."

"ဟုတ်တယ် ဦးရီးတော်၊ ဂျူးပြောသလိုပဲ ကျန်းမာရေး

ရှိုက်ပါ၊ အလုပ်တွေကို အိပ်ပျက်ခံပြီးလည်းမလုပ်ပါနဲ့၊ သိပ်လည်း အားပန်းမခံပါနဲ့ တော့ဗျာ၊ တော်ရုံအလုပ်တွေကို မန်နေဂျာနဲ့ပဲ လွှဲထားလိုက်ပါ. . ."

"ဦးရီးအတွက်တော့ စိတ်ချ၊ ဦးရီးက မင်းတို့အတွက်ပဲ ဟုတ်ယ်၊ ဘာကြောင့်လဲဆိုတော့ ငါ့တူက မျက်လုံးကမမြင်ရသေးဘူးဟုတ်လား၊ ငါ့တူမကလည်း သိပ်ကိုဖြူစင်ရိုးသားလွန်းတော့ စိတ်ကောင်းမရှိတဲ့ လူတွေရဲ့အကြောင်းကို ဘယ်လိုမှနားလည်နိုင်မှာမဟုတ်ဘူး၊ ဦးရီး မင်းတို့ကိုသေချာမှာလိုက်မယ်၊ ဘာဖြစ်ဖြစ် မင်းတို့ဘဝခိုင်းကိုတစ်ဦး သည်းခံနားလည်ပေးကြပါ၊ ခွင့်လွှတ်နားလည်ပေးကြပါလို့. . ."

"ဟုတ်ကဲ့ပါ ဦးရီးတော်၊ ကျွန်မ ဦးရီးရဲ့စကားကို နာခံမယ်၊ ဦးရီးဆုံးမတဲ့အတိုင်း ဖြစ်စေရပါ့မယ်ရှင့်. . ."

"မင်းအုပ်စိုးလည်း ဦးရီးကို ကတိပေးပါလား. . ."

"စိတ်ချပါ ဦးရီးတော်၊ ကျွန်တော် ကတိပေးပါတယ်. . ."

"ဝမ်းသာတယ် ကလေးတို့ရယ်၊ ဟိုမှာ စိတ်ချမ်းသာသလိုနေကြပါ၊ နိုင်ငံခြားထွက်ရင်လည်း ဖုန်းဆက်ဦးနော်. . ."

"ဟုတ်ကဲ့ ကျွန်တော်ဆက်ပါ့မယ် ဦးရီးတော်. . ."

"ဟော ဟိုမှာ ခရီးသည်တွေသွားကြပြီ ဦးရီးတော်. . ."

"ဟုတ်တယ်၊ ခရီးသည်တွေကို လေယာဉ်ပေါ်တက်ဖို့ခေါ်နေပြီ၊ ကဲ ကဲ သွားကြကွယ့်. . ."

ဦးရီးတော်ကိုနှုတ်ဆက်ပြီး မင်းအုပ်စိုးကိုတွဲကာ လေယာဉ်ပေါ်သို့ ခရီးသည်များနှင့်အတူ လိုက်သွားကြသည်။ ဂျူးက မိခင်ကို နှုတ်ဆက်ရန်ကြည့်သော်လည်း မိခင်က မိမိအားအရေးမလုပ်၍ ဂျူးသည်လည်း ဖခင်ကိုပင်နှုတ်ဆက်လိုက်ပြီး အထဲဝင်သွားလိုက်လေ၏။

"မလိုင်သွင်. . ."

"ဟင်. .ရှင်. . ."

"မင်း ဘယ်သူ့ကို ဒီလောက်တောင် မျော်နေတာလဲ.

"ဟင် ဩော် မမျော်ပါဘူး၊ ဒါနဲ့ သားလေးကော. .

"သွားပြီလေ၊ သူတို့လေယာဉ်ပေါ်တောင် ရောက်နေလော
ကြပြီ. . ."

ဇနီးသည်ထံ စေ့စေ့ကြည့်ပြီး ဦးဇေယျဆိုသည်။ ဒေါ်လှ
သွင်မှာ မျက်လုံးပြူးသွားရ၏။ ထိုအခိုက်ပင် ညီမဖြစ်သူနှင့် ခင်ပွ
ဖြစ်သူကျော်လွင်တို့ အပြေးအလွှားရောက်လာကြပြီး. . .

"မလိုင်. .ဘယ်မလဲ ဟိုကောင်မ. . .

"ဟဲ့ ဩော် ဘာတွေလာပြောနေတာလဲ. . ."

ခင်ပွန်းသည်ရှေ့မှို့ ဒေါ်လှိုင်သွင်က ဟန့်သည်။ မြမြသွ
က သဘောမပေါက်၊ ဇောနှင့်လာခဲ့သည်မို့ ဦးဇေယျကိုလည်း မမြင်
ဦးဇေယျမှာ နားလည်သဘောပေါက်စွာပင် ကြည့်နေလိုက်သည်

"ဟိုကောင်မလေ၊ ဒီကောင်မကို လူပုံအလယ်မှာ ကော
ကောင်းအရှက်ခွဲပစ်ရမယ်၊ ဒါကြောင့် မလိုင်တို့ဆီက ဖုန်းဆက်တာ
ချက်ချင်းအိမ်ကထွက်ခဲ့တာ..."

ဦးဇေယျကား သဘောပေါက်နားလည်လိုက်၍ သက်
ကာ ကားရှိရာသို့ လှမ်းထွက်ခဲ့လိုက်ပါတော့၏။ ခင်ပွန်းသ
ထွက်သွားမှပင် ဒေါ်လှိုင်သွင်မှာ ညီမဖြစ်သူကို ဒေါသနှင့်တွန်း
ရင်း. . .

"အပြောကောင်းမ၊ ဟိုကသွားပြီဟဲ့၊ နင်က ခုမှပေါ်လ
တယ်၊ ဒီလောက်မျက်ရိုပ်ပြလဲမသိဘူး၊ စကားတွေလျှောက်ပြော
တာပဲ၊ ခုနက ငါ့လင်ရှိနေတယ်ဟဲ့၊ နင်ပြောတာတွေ အကုန်ကြ

သွားပြီထင်တယ်. . ."

"ဟင် ဟုတ်လား. . ."

"ခုမှ ဟုတ်လားမနေနဲ့၊ ငါမပြောလိုက်ချင်ဘူး. . ."

"ငါလည်းမသိလို့ပါ မလိုင်ရယ်၊ ဒီလိုလုပ်မယ်လေ၊ ငါတို့
သင်မယားနဲ့ ချွေးနဲ့ ရန်ကုန်ကိုလိုက်သွားမယ်၊ အယုတ်တမာမ
ကဲစွေတွေကို အပြတ်လုပ်မယ်၊ ငါ့တူအတွက် ငါလုပ်ပေးပါ့မယ်၊
နင်စိတ်ချပါ. . ."

မြမြသွင်စကားကို ဒေါ်လှိုင်သွင်က တစ်ချက်စဉ်းစားသည်။
ပြီးမှ. . .

"အေး နင့်အကြံမဆိုးဘူး၊ ဒါပေမယ့် နောက်မှပြောမယ်၊
အခုပြန်ရတော့မယ်၊ သွားပြီ. . ."

"အေး အေး. . ."

အစ်မဖြစ်သူက လေဆိပ်ထဲမှထွက်သွားပြီမို့ မြမြသွင်သည်
သည်း မလှမ်းမကမ်းတွင်ရှိနေသည့် ခင်ပွန်းသည်ကျော်လွင်ကို သွား
ခေါ်ပြီး ပြန်ခဲ့လိုက်ရလေ၏။

× × × × ×

ဘာဖြစ်ဖြစ် ချစ်သူဟောင်းကိုသာ ပြန်ချဉ်းကပ်တော့ရန်
ဆုံးဖြတ်ချက်တွေနှင့် ရည်မွန်လှိုင်တစ်ယောက်သည်လည်း မင်းအုပ်စိုး
ကို တိုက်ကြီးဆီသို့ ထပ်ရောက်လာပြန်ပါ၏။ မှန်သည်။ ခင်ပွန်း
သည် မောင်မောင်ထွန်းက တစ်နေ့ ထက်တစ်နေ့ ဆိုးရွားလာသည့်
အခြေတွေကို ရည်မွန်လှိုင်မခံစားနိုင်တော့ပါ။ တစ်ညတစ်ည သုံးလိုက်
သည့်ငွေတွေက သောက်သောက်လည်၊ ပြီးတော့ ဘယ်ကမှန်းမသိ
သည့် မိန်းမတွေကိုလည်း အိမ်ကိုခေါ်လာသေးသည်။ မိမိကိုလည်း

နှိပ်စက်ကလူပြုလာသည်။ ထိုယောကျ်ားကိုယူမိ၍ ရည်မွန်လှိုင်
နောင်တရနေပြီဖြစ်၏။

သည့်အတွက် ရည်မွန်လှိုင်သည် မောင်မောင်ထွန်းကို ကွ
ရှင်းဖို့ ဆုံးဖြတ်လိုက်ပြီး မင်းအုပ်စိုးအား မရ,ရသည့်နည်းနှ
ပြန်ချဉ်းကပ်ရန် ဆုံးဖြတ်ချက်တွေနှင့် မင်းအုပ်စိုး၏တိုက်ကြီးဆီသ
ရောက်လာခဲ့ခြင်းပါတည်း။ ရည်မွန်လှိုင်သည် ဆင်ဝင်အောက်
ဆိုင်ကယ်ကိုရပ်လိုက်ပြီး တိုက်ကြီးထဲဝင်တော့မည်အပြု တိုက်ထဲ
အလုပ်သမားခေါင်းဆောင် အမျိုးသမီးကြီးထွက်လာပြီး. . .

"ဘယ်သူနဲ့တွေ့ချင်လို့လဲ. . ."

"ရှင် မေးစရာလား၊ ဒီကိုကျွန်မ အချိန်မရွေး ဝင်ထွက်သွ
လာနေကျပဲ၊ ရှင်အလုပ်မပြုတ်ချင်ရင် ရှင့်ပါးစပ်ပိတ်နေပါ. . .

"ကလေးမ. .အဒေါ်က ကိုယ့်ကိုယ်ကို ဘာလဲဆိုတ
သိတယ်၊ ကိုယ့်အလုပ် ကိုယ်လုပ်တာပါ၊ အခုကလေးမ ဘယ်သူ
တွေ့ချင်လဲ၊ အဒေါ်အကြောင်းကြားပေးမယ်. . ."

"ရှင်ပြောသလို ရှင့်အလုပ်ရှင်လုပ်၊ ဘာမှအကြောင်းကြ
ပေးစရာမလိုဘူး၊ ကိုယ့်ဟာကိုယ်သွားနေကျ၊ ဒီတစ်ခြံလုံး တစ်တို
လုံးက ကျွန်မခြေရာချည်းပဲ. . ."

"ဟိုတုန်းက မှန်လိမ့်မယ်၊ အခုဒီလိုမရတော့ဘူး၊ အ
ဒီတိုက်မှာ အိမ်ရှင်မအသစ်ရောက်နေပြီ၊ အပြင်လူက စည်းနဲ့ကမ်း
နေရမယ်. . ."

"ဘာပြောတယ်. . ."

အလုပ်သမားအပြောကို ခံနေရ၍ ရည်မွန်လှိုင်ဒေါသထွ
မဆုံးပါ။ ရည်မွန်လှိုင်အော်တော့ အလုပ်သမားအမျိုးသမီးကြီး
ရယ်၍ပင်ကြည့်၍နေသည်။

"ရှင် အလုပ်ပြုတ်ချင်ပြီလား. . ."

"ပြုတ်ချင်လည်း ပြုတ်ပါစေ၊ အဒေါ်က ကိုယ့်အလုပ်
ကိုယ်လုပ်တာပဲ. . ."

"ဒီမှာ မင်းအုပ်စိုးဆိုတာ ကျွန်မရဲ့ချစ်သူ၊ အခုလည်း
ချစ်သူတွေပဲ၊ ရှင် ကျွန်မကိုဒီလိုဆက်ဆံတာ သူသိရင် . ."

"ကိစ္စမရှိပါဘူး၊ သူဌေးသိလည်း ဘာမှမဖြစ်သလို၊ မသိ
လည်း ဘာမှမဖြစ်ပါဘူး၊ အဒေါ်က ကိုယ့်အလုပ်ကိုယ်လုပ်တာပဲ၊
အခု သူဌေးမရှိဘူး၊ သူ့ဇနီးနဲ့အတူ ရန်ကုန်သွားပြီး မျက်စိသွားကု
တယ်. . ."

"ဟင် ဘာ. .သူ့ဇနီးနဲ့အတူ ရန်ကုန်သွားတယ် ဟုတ်လား၊
တယ်နေ့ကလဲ. . ."

"ဟုတ်တယ်၊ ဒီနေ့ပဲ. . ."

ကြားလုက်ရသည့်စကားအတွက် ရည်မွန်လှိုင် အံ့သြရင်း
ခံရခက်သွားသည်။ တစ်ဆက်တည်းလည်း ရည်မွန်လှိုင်သည် စိတ်တို
ဆိုသထွက်ပြီး ဆိုင်ကယ်ကိုဝုန်းဒိုင်းစီးကာ ပြန်ထွက်ခဲ့လိုက်၏။
အိမ်ပြန်ရောက်သည်နှင့် ရည်မွန်လှိုင်သည် မိတ်ဆွေတစ်ဦးထံမှတဆင့်
ဆေယာဉ်လက်မှတ်တစ်စောင်ကို ဖုန်းဆက်လှမ်းမှာလိုက်သည်။
ပြီးတော့ ချူးချူးထံ ဖုန်းထပ်ဆက်လိုက်၏။

"ဟဲလို ချူးချူး. .မင်းကဒီလိုကျတော့ ငါ့ဆီကို ဘာလို့
ဖုန်းဆက်မပြောတာလဲ. . ."

"× × × × × × ×"

"မင်း မသိဟန်မဆောင်ပါနဲ့၊ ဒီနေ့ပဲသူတို့ရန်ကုန်သွားကြ
ပြီဆို၊ မင်းကပါ သူတို့နဲ့ အလိုတူအလိုပါ ဖြစ်သွားပြီလား. ."

ဒေါသနှင့်ပြောပစ်ပြီး ဖုန်းကိုပိတ်ပစ်လိုက်တော့သည်။

မင်းအုပ်စိုးနှင့် မေအုပ်စိုးတို့ အတူစာကွရန်ကုန်ထွက်သွားကြပြီကို သိ၍ ရည်မှန်လိုင်တစ်ယောက် မခံမရပ်နိုင်သောစိတ်၊ သဝန်တိုသောစိတ်တွေနှင့် အပြင်းအထန်ရိုနေသဲအချိန်များ၌၊ မြမြသွင်နှင့် ကျော်လွင်တို့သည်လည်း လေဆိပ်မှ အိမ်သို့ပြန်ရောက်လာကြလေ၏။ မြမြသွင်မှာ မိမိစိတ်ကူးနှင့် အကြံအစည်များအား တစ်လမ်းလုံးအောင့်လာရသမျှ အိမ်ရောက်သည်နှင့် . . .

"မောင်ရေ. .မောင့်ကို မ ပြောစရာရှိတယ်၊ ဘယ်သူ့အကြောင်းလဲ သိလား. . .

"ဟင့်အင်း မ,ပြောမှပင်သိမှာပေါ့. . ."

ကျော်လွင်လူပါးက မိန်းမအကြိုက် လိုက်ပြောရပေမယ့် နှုတ်ခမ်းကမဲ့နေ၏။ ကျော်လွင်မချော့ခင်ကပင် အရည်ပျော်နေသည့် မြမြသွင်ကဖြင့် မိမိယောကျ်ားက မိမိအပေါ်လူပါးဝနေသည်ကို မသိ။

"ဟိုကောင်မအကြောင်းလေ၊ မောင့်ကိုမရမကဆက်သွယ်ပြီး အတင်းကပ်နေတဲ့ မေအုပ်စိုးဆိုတဲ့ကောင်မအကြောင်းပေါ့. . ."

"ဟင် ဘယ်လို၊ ဘာဖြစ်လို့လဲ. . ."

လျှာခလုတ်ပင်တိုက်မတတ် ကျော်လွင် မေးသည်။ ကျော်လွင်ကလည်း မေအုပ်စိုးသတင်းကိုဖြင့် ကြားချင်နေသည်က အမှန်ပါ။

"ဒီမှာ မောင်၊ အဲဒီကောင်မကို မ,တို့ အပြုတ်တိုက်ပစ်ရမယ်၊ ဒီကောင်မက မခေဘူးနော်၊ မင်းအုပ်စိုးလိုလူကိုတောင် ရအောင် လက်ထပ်နိုင်ခဲ့တာ. . ."

"ဘာ မင်းအုပ်စိုးနဲ့လက်ထပ်လိုက်ပြီ ဟုတ်လား၊ မင်းအုပ်စိုးဆိုတာ မ,တို့နဲ့. . ."

"အေးလေ. .အခု မတို့အစ်မကြီးနေနေတာ မင်းအုပ်စိုးနဲ့ အတူတူပဲပေါ့၊ အစ်မကြီးရဲ့အမျိုးသားက မင်းအုပ်စိုးရဲ့ ဦးလေးအရင်း

ကြီးပေါ့. . ."

"သူတို့တကယ်လက်ထပ်လိုက်ပြီလား. . ."

"လက်ထပ်ပြီးတာတောင်ကြာနေပြီ၊ အခု ဒီနေ့ပဲ ရန်ကုန်ကနေပြီး မျက်စိသွားဈာ်ကြပြီ၊ ဒီကောင်မကို လေဆိပ်မှာအရှက်သွားခံခဲ့ခဲ့ရတာ မမှီလိုက်လို့. . ."

"ဟင် အခုသွားတာ အဲဒီကိစ္စအတွက်လား. . ."

"ဟုတ်တယ်လေ၊ ဒီမှာ မောင့်ကို မ,ပြောမယ်၊ ဒီကောင်မကသူများလင်တွေ၊ သူများရဲ့လူတွေကိုပဲ လိုက်ကုန်နေတဲ့ကောင်မဆိုတော့ ကောင်းမှန်းကန်မှန်းသိအောင်တော့ အကြောင်းပြရမယ်၊ တကယ်တော့ မင်းအုပ်စိုးကို မမရဲ့တူမလေးနဲ့ အားလုံးစီစဉ်ထားပြီးသား၊ ကောင်မက ကြားဝင်သုတ်သွားတာ၊ မမတူမလေးက ဘယ်လောက်ဇောက်မလဲ၊ မ,တို့လည်းမခံနိုင်ဘူး၊ ဒီတော့ ဒီမိန်းမကို အဝေးလွှင့်ပောင် မ,တို့လုပ်ရမယ်၊ ဒါမှ မင်းအုပ်စိုးနဲ့ တူမလေးနဲ့ ပြန်ရကြမှာ. . ."

မြမြသွင်ပြောသမျှ ကျော်လွင်ကစဉ်းစားနားထောင်နေမိသည်။ မင်းအုပ်စိုးနှင့် မေအုပ်စိုးတို့ယူဖြစ်သွားကြသည်ကို ကျော်လွင် စိတ်ဆင်းရဲသွားသည်ကအမှန်။ မင်းအုပ်စိုးနှင့်ယူပြီးပြီဆိုတော့ မေအုပ်စိုးသည် ကျော်လွင်လက်လျှော့ရတော့မလိုဖြစ်နေဆဲ ဇနီးသည်စကားကြားလိုက်ရ၍ ကျော်လွင် အံးတက်သွား၏။ မှန်သည်။ ကျော်လွင်နှင့် မေအုပ်စိုးလို ပညာလည်းတတ်၊ ပစ္စည်းအထိုက်အလျောက်ရှိပြီး ရွှေပန်းချီတမျှလှပတင့်တယ်သည့် အမျိုးသမီးလေးက လက်မလွတ်ချင်သည်က အမှန်ပါ။

ယခင်ကတည်းကလည်း ကျော်လွင်တွင် အကြံကရှိပြီးသား၊ မေအုပ်စိုးကိုရပြီးလျှင် မြမြသွင်မတွေ့နိုင်တော့အောင် ခြေရာဖျောက်

တော့မည်ပါ။ သို့သော်လည်း မေအုပ်စိုး ကံကောင်းဖို့လား၊ သူကံဆိုးဖို့လားမဆိုနိုင်။ ဇနီးသည်မြမြသွင်သွင်သိသွား၍ လက်ထပ်ခါနီး ဆဲဆဲ သူတို့မင်္ဂလာပွဲပျက်သွားရလေ၏။ သူ့အကြောင်းသိသွား၍ မေအုပ်စိုးမှာ သူ့ကိုအရွဲကြီးရွဲကာ ဝေးဝေးရှောင်တော့သည်။ ခုတော့ဖြင့် မေအုပ်စိုးလက်ထပ်ပြီးသွားပြီ၊ သို့သော်လည်း သူ့အတွက်က မျှော်လင့်ချက်ရှိနေပြန်သေး ကျော်လွင်စိတ်ထဲကိုတ်၍ ပြုံးပျော်သွား၏။

"မောင်..မ,ပြောတာ ကြားရဲ့လား။ . ."

"ဗျာ ဟင် ဘာလဲ။ . ."

"မတို့ရန်ကုန်ကို လိုက်သွားမယ်လို့။ . ."

"ဩော် ဒါလည်း မ,သဘောပါ၊ မောင်က မရဲ့ပါမိုဖြည့်ဖက်ဟဲ့ ဟဲ့။ . ."

ကျိတ်ပျော်ရင်း ကျော်လွင်ဆိုသည်။ မြမြသွင်ကလည်း တစ်ချက်ခုတ်နှစ်ချက်ပြတ် အကြံတွေနှင့်ဆိုသည်။

"ချူးကိုပါ ခေါ်သွားရမယ်၊ မတို့သုံးယောက်သွားမယ်ချူးပါမှ မ,တို့ငွေမကုန်တော့ဘူး၊ မလိုင်က အားလုံးအကုန်အကျခံလိမ့်မယ်၊ ရန်ကုန်မှာ မလိုင်ခိုးဝယ်ထားတဲ့ အခန်းတစ်ခန်းရှိတယ်၊ အဲဒီမှာ မတို့နေမယ်၊ သွားရေးလာရေး စားရေးသောက်ရေးကအစ မတို့ငွေမကုန်တော့ဘူး၊ မလိုင်က သူ့သမီးကိစ္စလုပ်ပေးရမှာဆိုတော့ သူပဲအကုန်ခံရမှာပဲလေ၊ မတို့ကစီးပွားရေးလည်းလုပ်၊ လျှောက်လည်းလည် ဖိမ်ပဲ၊ ဒါပေမယ့် ဟိုကောင်မကိုတော့ မအတွက်ရော၊ မတူမလေးအတွက်ပါ ကောင်းကောင်းအကြောင်းပြပြီး မဖြစ်ဖြစ်တဲ့နည်းနဲ့ တိုက်ထုတ်ရမယ်၊ ဒီကောင်မ လွင့်စင်သွားအောင် လုပ်ပစ်ရမယ်၊ ကဲ အခု မောင်အနားယူလိုက်၊ မက မလိုင်ဆီဖုန်းဆက်

သိုက်ဦးမယ်။ . ."

ဆိုရင်း မြမြသွင်တစ်ယောက် ဖုန်းအနီးလျှောက်သွားသည်။ ကျော်လွင်ကလည်း အကြံနှင့် အပီပြုံးနေသည်ပါ။

× × × × ×

လေဆိပ်မှ သူတို့အားလုံး အိမ်ရောက်လာခဲ့ပြီဖြစ်သည်။ မအုပ်စိုးသည် တိုက်ထဲသို့ မင်းအုပ်စိုးကိုတွဲ၍ခေါ်ခဲ့သည်။ ဧည့်ခန်းဆိုဖာဆီအရောက် မင်းအုပ်စိုးကိုထိုင်စေ၏။

"မေ။ . ."

"ရှင်။ . ."

"ဒီတိုက်ကလည်း ကိုယ်နေထိုင်တဲ့ တိုက်ပဲဆိုတော့ တိုက်ဆိုမှာ ကိုယ်သွားလာတတ်ပါတယ်။ . ."

"ဒါနဲ့များ စောစောကပြောပါလား၊ မေက ပစ္စည်းတွေသယ်ခဲ့မှာပေါ့။ . ."

"ကိုယ့်မိန်းမရဲ့ အယုအယခံချင်လို့ ငြိမ်နေလိုက်တာ"

"လူလည်။ . ."

သူတို့စကားပြောဆဲ ပစ္စည်းတွေသယ်ပြီး ဒေးဗစ်နှင့် ကျူးကျူးတို့ တိုက်ထဲဝင်လာကြသည်။ ဧည့်ခန်းတွင်လူစုံတော့ သူငယ်ချင်းနှင့် မင်းအုပ်စိုးက မိတ်ဆက်ပေးသည်။

"ဒေးဗစ်..ဒါ ကိုယ့်ရဲ့ဇနီး မေအုပ်စိုးတဲ့။ . ."

"ဟုတ်ကဲ့ တွေ့ရတာ အံ့လည်းသြ၊ ဝမ်းလည်းသာပါတယ်ဗျာ၊ ကျွန်တော်ခုလောက် မထင်ထားခဲ့တာ အမှန်ပဲ။ . ."

"မေ..သူက ကိုယ့်ရဲ့ငယ်ပေါင်းသူငယ်ချင်း၊ အချစ်ဆုံးသူငယ်ချင်း ဒေးဗစ်တဲ့။ . ."

"ဟုတ်ကဲ့ မေလည်း တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

"ဒေးဗစ်ကလည်း တောင်ကြီးဇာတိပဲလေ၊ ဒေးဗစ်က အင်ဂျင်နီယာလေ၊ ဒီတိုက်ကြီးကို သူဆောက်ထား တာပဲ၊ ဆယ်နှစ် ရှိပြီ၊ အလုပ်နဲ့ ရန်ကုန်မှာနေနေတာ. . ."

"သြော်. . ."

"မေလိုအပ်တာမှန်သမျှ ဒေးဗစ်ကိုပြောနော်. . ."

"ဟုတ်ပါတယ်၊ မမေအုပ်စိုး လိုအပ်တာရှိရင် ကျွန်တော့်ကို ပြောပါ၊ ကျွန်တော်စီစဉ်ပေးပါ့မယ်. . ."

"ဟုတ်ကဲ့ပါရှင်၊ ကျေးဇူးတင်ပါတယ်. . ."

"မမမေ. . ."

"ဟင်. . ."

"လာ ကျွန်တော်တို့ ကိုကို့တိုက်ကြီးကို လျှောက်ကြည့်ကြရအောင်၊ ပြီးတော့ ကျွန်တော်နေရမယ့်အခန်းလည်း သွားကြည့်မယ်. . ."

"အင်း လာလေ. . ."

မေအုပ်စိုးနှင့် ဂျူးဂျူးတို့ ထထွက်သွားသည်နှင့် ဒေးဗစ်သည် မင်းအုပ်စိုးအနီးသွားရောက်ထိုင်လိုက်ပြီး. . .

"မင်းအုပ်စိုး. . ."

"ဟင် ဘာလဲ. . ."

"မင်းကို ဒီတစ်ခါတော့ ကိုယ်ချီးမွမ်းရတော့မယ်ကွာ၊ မင်းက မျက်လုံးမမြင်မှ ပိုတောင်သွက်နေသလားပဲ၊ မင်းမျက်လုံးမမြင်ပဲ ဒီလိုရွှေနတ်သမီးလေးကို ဘယ်လိုရွေးချယ်ခဲ့လဲ. . ."

"အဟွန်း ဟွန်း. . ."

"ကိုဒေးဗစ်. .ကျွန်မနေရမယ့်အခန်းကရော၊ ရှာလို့လည်း

တွေ့ပါလား. . ."

"ဗျာ ဟို ကျွန်တော်က မမေအုပ်စိုးတို့က ဇနီးမောင်နှံဆိုတော့ အိပ်ခန်းတစ်ခန်းတည်းပဲ ပြင်ဆင်ပေးထားတာပါ. . ."

"ရှင် အိုး ဘယ်ဖြစ်မလဲ. . ."

"ဗျာ. . ."

မေအုပ်စိုးမှာ ရုက်လန့်တကြားလေးဆိုတော့ ဒေးဗစ်မှာလည်း အံ့သြနေဆဲ မင်းအုပ်စိုးသည် နေရာမှထကာ မေအုပ်စိုးအနီး တုတ်ကာလေးနှင့်စမ်းသွားပြီး အနီးအရောက်မတော့ မင်းအုပ်စိုးသည် မေအုပ်စိုးကို ခါးလေးမှ သတိပေးသလို ခပ်ညှစ်ညှစ်ကလေး တစ်ချက်ညှစ်ကာ သိုင်းဖက်ထားလိုက်ပြီး. . .

"မေကလည်းကွယ် ကိုယ့်ကိုစိတ်ကောက်နေတုန်းပဲလား၊ ကိုယ်တောင်းပန်တယ်နော်၊ ကျေတော့နော်၊ မေနဲ့ခွဲပြီး ကိုယ်မအိပ်ဘူး. . ."

"အို အော်င်း အင်း. . ."

သူဖက်ထားရင်း သူ့စကားတွေကြောင့် မေအုပ်စိုးမှာ ကြက်သီးတွေထကာ ကိုယ်လေးမှာတောင့်နေရတော့သည်။ ဒေးဗစ်အရှေ့မှိုလည်း မေသည် ပြုံးရမလို့ မဲ့ရမလိုပါ။ ဒေးဗစ်ကလည်း သူ့ကို နှစ်ယောက်ကိုကြည့်ပြီး တစ်ချက်စဉ်းစားသလိုရှိသည်။ မင်းအုပ်စိုးမှာ ငြိမ်သက်သွားသည့်အခြေအနေကြောင့်. . .

"ကဲ မေ လာ၊ ကိုယ့်တို့အခန်းထဲသွားပြီး အနားယူကြရအောင်. . ."

သူဆိုရင်း မေ့ကိုအတင်းဖက်ကာ အပေါ်ထပ်သို့ တက်ခဲ့သည်။ ဒေးဗစ်မှာ စဉ်းစားမရသလိုရှိကျန်ရစ်၏။ အပေါ်ထပ်ရောင်မတော့ အခန်းထဲရောက်လာသည်နှင့် မေသည် သူ့လက်မှ

ဖယ်ရှားထွက်လိုက်ပြီး. . .

"လွတ်တော့. . ."

"ဘာဖြစ်လို့လဲ၊ ကိုယ်တို့က လင်မယားတွေပဲကွာ"

"တော်ပါရှင်၊ ဒီစကားပဲ ထပ်ထပ်ပြီးမပြောပါနဲ့၊ ကျွန်မကို လွယ်တဲ့မိန်းကလေးလို့လည်း ရှင်မထင်ပါနဲ့. . ."

"မင်းကို ကိုယ်သိပ်တန်ဖိုးထားတာပါ မေရယ်၊ မင်းကို ကိုယ်သိပ်ချစ်တယ်။ ကိုယ်ကတိပေးပါတယ်၊ မင်းကို ကိုယ်လက်ဖျားနဲ့မထိပါဘူး၊ ကိုယ်နဲ့ပဲအတူအိပ်ပါ၊ မင်းကတခြားအခန်းမှာ သွားအိပ်ရင် ကိုယ်တစ်ခုခုဖြစ်ရင် ဘယ်လိုလုပ်မလဲ၊ ပြီးတော့ ကိုယ်တို့အကြောင်းကို အပြင်လူတွေသိရင်လည်း မကောင်းပါဘူးကွယ်၊ ကိုယ်တို့အတူပဲ အိပ်ကြရအောင်နော်. . ."

"ဟင်း ဒါဖြင့်လည်း ကောင်းပြီလေ၊ ရှင်ကကုတင်ပေါ်မှာ အိပ်ပါ၊ ကျွန်မက အောက်မှာအိပ်မယ်. . ."

ဆိုရင်း မေအုပ်စိုးသည် ကုတင်ထက်မှခေါင်းအုံးနှင့်စောင်ကိုယူလိုက်ပြီး အောက်တွင် အိပ်ယာဖုံးကိုယူပြီးခင်းလိုက်သည်။ မင်းအုပ်စိုးသည် ကုတင်ထက်ထိုင်ပြီး မေအုပ်စိုး၏လှုပ်ရှားသံလေးတွေကို နားထောင်ရင်း ငြိမ်သက်နေဖြစ်၏။ သူ့မျက်နှာချောချောကဘဝင်မကျသလို မျက်နှာကမကောင်း၊ ပြီးတော့မှ သူသည်အကြံရလိုက်သလိုနှင့် တဖြည်းဖြည်းပြုံးရွှင်လာလေ၏။

× × × × ×

"ဟား ကောင်းလိုက်တာ၊ ပျော်လိုက်တာ၊ ကျွန်တော့်အတွက် အိပ်ခန်းထဲမှာ ကျွန်တော်နှစ်သက်တဲ့ ကစားစရာတွေနဲ့စုံနေတာပဲ၊ ကိုကိုဒေးဗစ်ကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ကျွဲတစ်ယောက် မိမိအတွက်ပြင်ဆင်ထားပေးသည့် အိပ်ခန်းကို သဘောကျလွန်း၍ အရုပ်တွေကိုပြေးဖက်ရင်းကဆိုဖြစ်ခြင်းပါ။ ဒေးဗစ်က ကျွဲပျော်ရွှင်နေသည်ကိုကြည့်ပြီး ကျွဲ၏အိပ်ယာထက် ဆိုင်လိုက်ရင်း. . .

"ကိုကိုဒေးဗစ်ကို ကျေးဇူးတင်စရာမလိုဘူး၊ ကျွဲ ကျေးဇူးတင်ရမှာက ကျွဲရဲ့ကိုကိုမင်းအုပ်စိုးကို တင်ရမှာ၊ သူဖုန်းဆက်တော့ ကျွဲရဲ့အိပ်ခန်းကို အဲဒီလိုပြင်ထားပေးပါဆိုလို့ ကိုကိုက ပြင်ထားပေးတာ. . ."

"ဘာဖြစ်ဖြစ်လေ ကိုကိုတို့နှစ်ယောက်လုံးကို ကျွန်တော်က ကျေးဇူးတင်ပါတယ်. . ."

"ကဲ လာပါဦး၊ ဒီမှာထိုင်ပါဦး၊ ကျွဲကို ကိုကိုမေးစရာရှိတယ်. . ."

"မေးလေ. . ."

သူတို့မျှော်နှာချင်းဆိုင်ထိုင်ရင်း စကားပြောဖြစ်သည်။ ဒေးဗစ်သည် တစ်ချက်မျှစဉ်းစားသလိုရှိပြီးမှ. . .

"ကျွဲ. . ."

"ဗျာ. . ."

"ကိုကိုမင်းအုပ်စိုးနဲ့ မမမေအုပ်စိုးတို့က တကယ်လင်မယားတွေပေါ့နော်. . ."

"ဟား ဟား ဘာလဲတယ်လင်မယားတွေပေါ့ ကိုကိုကြီးကလေ မမမေကိုးခရမ်းချစ်တာ၊ မမမေကလည်း ကိုကိုကြီးကို အရမ်းချစ်တာ၊ ပြီးတော့ သိပ်ဂရုစိုက်တာ၊ ဒါပေမယ့် မမမေကသိပ်ရှက်တတ်တယ်၊ ကိုကိုကြီးက မမမေကိုလက်ထပ်လာတော့ ဖေဖေကလည်း သဘောတူအားပေးခဲ့တယ်၊ မမမေက သိပ်သဘောကောင်း

တယ်၊ သိပ်လည်းချောတယ်မဟုတ်လား၊ ဖေဖေကပြောတယ်၊ မမမေက အရမ်းကိုဖြူစင်ရိုးသားပြီး သိမ်မွေ့တယ်တဲ့၊ ဖေဖေပြောသလို ဟုတ်တယ်မဟုတ်လားဟင်၊ ကိုကိုကရော မမမေကို ဘယ်လိုမြင်လဲဟင်. . ."

"ကိုကိုလည်း ဂျူးရဲ့ဖေဖေမှတ်ချက်နဲ့တစ်ထပ်တည်းပါပဲ၊ ဒါကြောင့်လည်း ကိုကိုဒေးဗစ်က အံ့သြနေတာပေါ့၊ သူ့မျက်လုံးတွေ မမြင်ပဲနဲ့ ဒီလောက်ချောမောလှပပြီး ဒီလောက်သန့်ရှင်းစင်ကြယ်တဲ့ ရွှေနတ်သမီးလေးကို ဘယ်လိုလုပ်ပြီးရခဲ့ပါလိမ့်လို့ တွေးနေမိတာ"

"ဟား ဟား ဟား ကိုကိုဒေးဗစ်. .ကိုကိုကြီးက သိပ်သဘောကောင်းတော့ ကိုကိုကြီးကို ဘုရားပေးတဲ့ဆုပေါ့ဗျာ. ."

"အင်း ကိုကိုလည်းထောက်ခံတယ်၊ ညီလေးပြောတာ အမှန်ဆုံးပဲ၊ ကဲ ကဲ ညီလေးအနားယူလိုက်ဦး၊ ကိုကိုခဏအပြင်သွားလိုက်ဦးမယ်နော်၊ ခဏကြာရင် ထမင်းစားဖို့ လာခေါ်မယ်. . ."

"ဟုတ်ကဲ့. . ."

ဂျူးကိုနှုတ်ဆက်ခဲ့ပြီး အခန်းထဲမှ ဒေးဗစ်ထွက်ခဲ့လိုက်လေ၏။

× × × × ×

စနေနေ့တိုင်း ထရိတ်ဒါးဟိုတယ်တွင် ပင်လယ်စားစရာဘူဖေးရှိသည်မို့ ညစာဘူဖေးစားရန်အစီအစဉ်ဖြင့် သူ့တို့ထွက်လာခဲ့ကြသည်။ ကားကိုဒေးဗစ်ကမောင်းပြီး ရှေ့တွင်ဂျူးကထိုင်သည်။ နောက်တွင်မတော့ မင်းအုပ်စိုးနှင့် မေအုပ်စိုးတို့ကထိုင်သည်။ ဂျူးကကလေးပီပီ လူတွေ ကားတွေနှင့် မီးရောင်အောက်၌ စည်ကားနေသည့် ရန်ကုန်မြို့၏ ညချမ်းအလှကိုသဘောကျစွာကြည့်နေရင်း

ပါလာသည်။ မေအုပ်စိုးသည်လည်း ငါရန်ကုန်ရောက်နေပါရောဟူသည့်အသိဖြင့် မိမိအကြောင်းများအား တွေးတောကာ ငြိမ်သက်စွာရှိနေဖြစ်လေ၏။

မှန်သည်။ တကယ်တော့ မေအုပ်စိုးသည် မိမိရန်ကုန်သို့လာပြီး အလုပ်လုပ်ရန်ဆုံးဖြတ်ထားသည်ပဲ မဟုတ်ပါလား။ သို့သော်လည်း မိမိအစီအစဉ်တွေက တစ်မျိုးပြောင်းလဲသွားရသည်။ အကယ်၍များ ကျော်လွင်လိုလူရမ်းကားကြောင့်မဟုတ်လျှင် မိမိသည် ကိုမင်းအုပ်စိုးနှင့် လက်ထပ်ဖြစ်လိမ့်မည်မထင်ပါ။ တကယ်တော့ ကိုမင်းအုပ်စိုးအား မိမိလက်ထပ်ဖြစ်ခဲ့ခြင်းမှာ ကိုမင်းအုပ်စိုးကိုလည်း ကုညီရာရောက်အောင် မိမိအနေနှင့်လည်း မိမိအားလိုက်၍နှောင့်ယှက်ပေးနေသည့် လူလိမ်လူညာကျော်လွင်လက်မှ လွှတ်ပြောက်ရန်အတွက် တစ်ချက်ခုတ်နှစ်ချက်ပြတ် လက်ထပ်ဖြစ်ခဲ့ခြင်းပါတည်း။

"ဟင် ဘာလဲ၊ ဘာလုပ်ပေးရမလဲဟင်. . ."

မေအုပ်စိုးတစ်ယောက် ငြိမ်သက်လွန်း၍ မင်းအုပ်စိုးသည် သူမလက်ကလေးကို စမ်းကိုင်ကြည့်လိုက်သည်နှင့် မေအုပ်စိုးသည် ဟုပျာသလဲ သူ့ကိုဂရစိုက်အရေးတယူပင် ဆိုမေးလာရှာ၏။ သူသည် မေအုပ်စိုး၏လက်ကလေးဆီ တစ်ချက်ဖျစ်ကိုင်ဖြစ်ရင်း. . .

"မေက တိတ်ဆိတ်လွန်းနေလို့ ကိုယ့်အနားမှာမှရှိသေးရဲ့လားထင်ပြီး စမ်းကြည့်တာပါ. . ."

"အဟင်း မေ ရှိ၊ မေ စဉ်းစားတာလွန်သွားတယ်. ."

"မေ ဘာတွေမှ ဒီလောက်စဉ်းစားနေလဲ၊ မင်းယောကျ်ားဖြစ်တဲ့ ကိုယ့်အကြောင်းရော ပါရဲ့လား. . ."

"အကြောင်းက ရှေ့တန်းကပါတယ်၊ ကဲ ကျေနပ်ပြီလား. ."

"မေက ကိုယ်ကျေနပ်အောင် ပြောတာလား. . ."

"ကဲ အနောက်ကလင်မယား၊ စကားနိုင်လှမနေနဲ့၊ ရောက်ပြီ"

ဒေးဗစ်စကားအဆုံး ကားလေးက ဟိုတယ်၏ဆင်ဝင် အောက်၌ ညင်သာစွာရပ်သွား၏။ ကားရပ်သည်နှင့် ဟိုတယ်ဝန်ထမ်းတွေက ဆီးကြိုပြီး ကားတံခါးကိုဖွင့်ပေးသည်။ မေသည် ကားပေါ်မှ သွက်လက်စွာဆင်းပြီး မင်းအုပ်စိုးကိုဖေးမတွဲကာ ကားပေါ်မှဆင်းစေ၏။ ထိုအခါမှ မင်းအုပ်စိုးကို မျက်လုံးမြင်မှန်းသိသွားပြီး ဟိုတယ်ဝန်ထမ်းကလည်း ဂရုစိုက်ကူညီ၏။

"ကျေးဇူးတင်ပါတယ်၊ ရပါပြီရှင်. . ."

ဟိုတယ်ဝန်ထမ်းကို ကျေးဇူးတင်စကားဆိုပြီး မေအုပ်စိုးသည် မင်းအုပ်စိုးကိုတွဲကာ ဟိုတယ်ထဲသို့ဝင်ခဲ့၏။ တစ်ဘက်က မေကတွဲထားပြီး တစ်ဘက်က တုတ်ကလေးနှင့်စမ်းကာ တစ်လှမ်းချင်း သူတို့လှမ်းဝင်ခဲ့သည်။ ဘူဖေးစားမည့်နေရာအရောက် စားပွဲနေရာတစ်ခုကိုရွေးချယ်ပြီး မေအုပ်စိုးသည် သူ့ကိုထိုင်စေလိုက်သည်၏။ စနေနေ့မို့ ပင်လယ်စာနှစ်သက်သည့်ဧည့်သည်တွေနှင့် ထရိတ်ဒါးက ဘူဖေးစားသောက်ခန်းတွင် စည်ကားနေရလေသည်။ ကားကို နေရာတကျထားခဲ့ပြီး၍ ဒေးဗစ်နှင့် ဂျူးတို့လည်း ရောက်လာကြ၏။ ဒေးဗစ်က ဂျူးဂျူးကို ဂရုတစိုက်ကျွေးသကဲ့သို့ မေကလည်း မင်းအုပ်စိုးကို ဂရုစိုက်ကာစားစေ၏။

မှန်သည်။ ရန်ကုန်မြို့တွင် မင်းအုပ်စိုးတို့လေးယောက်မှာ ညစာစားရင်း အေးဆေးစွာစကားတွေပြောဆိုနေဆဲ အချိန်မျာ်း တောင်ကြီးမြို့ရှိ မော်ဒယ်ရည်မွန်လှိုင်၏တိုက်တွင်ကား ရည်မွန်လှိုင်သည် မိမိအခန်းထဲတွင် အင်္ကျီအစည်တွေနှင့် ခရီးဆောင်သေတ္တာကြီး တစ်လုံးထဲသို့ အဝတ်များထည့်နေ၏။ မှန်သည်။ ရည်မွန်လှိုင်သည်

နှင့်သည်မောင်မောင်ထွန်းတစ်ယောက်မသိအောင် ရန်ကုန်သွားဖို့ ကြောင်ပြင်ဆင်နေခြင်းပါတည်း။ ရည်မွန်လှိုင် လေယာဉ်လက်မှတ် ယူသွားသည်။ လက်မှတ်ရသည်နှင့် ရည်မွန်လှိုင်သည် မောင်မောင်ထွန်းကို ခြေရာဖျောက်၍ပြေးတော့မည်ဖြစ်၏။

သည်တစ်ခါ ရည်မွန်လှိုင်အကြံတွေကဖြင့် ကြီးသည်။ ချစ်သူမောင်း မင်းအုပ်စိုးကို အပီပြန်၍ချဉ်းကပ်မည်။ ပြီးလျှင် နိုင်ငံခြားသို့ ပြေးထွက်ကြမည်ဟူသော စိတ်ကူးဆုံးဖြတ်ချက်တွေနှင့်ပါ။ မောင်မောင်ထွန်းက ကွာရှင်းခိုင်းလျှင် ကွာပေးမည့်သူမဟုတ်၍ သူ့လက်မှ လွတ်မြောက်ရန် ထိုသို့ပင်လုပ်ရမည်ဖြစ်သည်။ မင်းအုပ်စိုးစိတ်ကို သိသည်း ရည်မွန်လှိုင်သိသည်။ သူမက မြူချိုအမူပိုပိုနှင့် နှစ်ခါမည်။ မင်းအုပ်စိုးသည် သူမနောက်သို့ ပါလာမည့်သူဖြစ်သည်။ မောင်မောင်ထွန်းကိုဖြင့် စိတ်ကုန်ပါပြီ၊ ရည်မွန်လှိုင်သည် မောင်မောင်ထွန်းကိုယူမှ၍ နောင်တရသည်။ မင်းအုပ်စိုးကို ပစ်ထားခဲ့မိ၍ နောင်တရသည်။

ကားတိုက်၍ မင်းအုပ်စိုးမျက်လုံးကွယ်သွားစဉ်က မင်းအုပ်သည် သူ့မျက်လုံးတွေဆုံးပြီဖြစ်ကြောင်း၊ ကုန်မရတော့ကြောင်း၊ ကွယ်လူဖြစ်ရုံးပြီဖြစ်ကြောင်း သူမအားပြောခဲ့သည်။ သူမလည်း ယုံပြီးလန့်ကာ သူ့အနီးမှပြေးခဲ့ပြီး မောင်မောင်ထွန်းနှင့် လက်ထပ်တကယ်တော့ မင်းအုပ်စိုးသည် သူမစိတ်ကိုစမ်းသပ်လိုက်ခြင်း သူမသည် အသိတရားမထားနိုင်အောင်ဖြစ်ခဲ့ရလေ၍ ခုဖြင့် နောင်တကြီးစွာရနေရလေ၏။

မည်သို့ဖြစ်စေ အချိန်မနှောင်းသေးဟု ရည်မွန်လှိုင်ထင်သည်။ မင်းအုပ်စိုးကို ပြန်၍ကြိုးစားမည်၊ ဖြစ်သည့်နည်းနှင့် ပြန်ကြိုးစားမည်။ မင်းအုပ်စိုးက မိမိတစ်ချက်ခွဲစရာမလိုကြောင်း မိမိသိသည်။ မိမိတို့ချင်း

အဆင်ပြေသည်နှင့် နိုင်ငံခြားသို့ချက်ချင်းထွက်မည်။ နိုင်ငံခြားတွ
ပျော်ပျော်ကြီးနေပစ်လိုက်မည် စသည်ဖြင့် စိတ်ကူးတွေနှင့် ရည်မှ
လှိုင်သည် အဝတ်တွေကြိုတင်ထည့်ကာ ပြင်ဆင်ထား၏။ မောင်မော
ထွန်းမသိအောင် အိမ်မှထွက်ရမည်မို့လည်း ရည်မွန်လှိုင်သည် လိုအ
သည့် ပစ္စည်းတွေမကျန်ခဲ့အောင် ကြိုတင်စဉ်းစားပြင်ဆင်နေဖြစ်ခြ
ပါတည်း။

ရည်မွန်လှိုင်တစ်ယောက် ရန်ကုန်သွားရန်ပြင်ဆင်နေသ
သို့ မြမြသွင်နှင့်ကျော်လွင်တို့အိမ်တွင်မလည်း မြမြသွင်နှင့် ကျော်လ
သည် ရန်ကုန်သွားရန် အတည်ပြုချက်နှင့် ခရီးဆောင်ပစ္စည်းမ
ထည့်နေကြရင်း. . .

"မ. .မရဲ့တူမလေးလည်း လိုက်ဖြစ်တယ်မဟုတ်လား

"အေး လိုက်ဖြစ်တာပေါ့၊ သူပါမှဖြစ်မှာ၊ သူ့စရိတ်
မတို့ကသွားရမှာ၊ သူရှိနေသရွေ့မပူရဘူး၊ သူ့အမေကလည်း
သမီးအတွက် ငွေကိုလိုသလောက်ပို့ပေးနေမှာလေ၊ ပြီးတော့ မိ
လည်း မင်းအုပ်စိုးနဲ့ရသွားပြီဆိုရင် မတို့လည်း ရွှေဘုံပေါ်စံနေပြီ
အရေးကြီးတာ မင်းအုပ်စိုးနဲ့ချူး မြန်မြန်ရဖို့ပဲ. . ."

"ဒါနဲ့ မ,ပြောတော့ မင်းအုပ်စိုးက မေအုပ်စိုးနဲ့ လက်ထ
ပြီးပြီဆို. . ."

"လက်ထပ်ပစေလေ ဘာဖြစ်လဲ၊ ဒီကောင်မက သူများ
သူများလူတွေပဲလုနေတဲ့ဟာမပဲ၊ သူ့ကိုလည်း ပြန်လုပြမယ် ကြ
နေ၊ ဒီမိန်းမလည်မကို အဝေးကိုလွင့်စင်သွားစေရမယ် ကြည့်
လူဘုံအလယ်ဟာမှာမှ ဒီကောင်မကို အရှက်ခွဲပြောဆိုပစ်မ
မင်းအုပ်စိုး တစ်ခါတည်း စိတ်ကုန်သွားစေရမယ်၊ မရဲ့တူမက အပ
နုနုဖူးဖူးလေးဘက် တစ်ခါတည်းခြေဦးလှည့်သွားစေရမယ်. . .

မင်းအုပ်စိုးကို လက်လွှတ်လိုက်ရလို့ မလှိုင်ကအရမ်းဖြစ်
နေတာ၊ သူ့သမီးနဲ့ပဲ မရရအောင် ပြန်ဖြစ်စေချင်နေတယ်၊ ဒါကြောင့်
မလှိုင်က အစွမ်းကုန်လိုက်လုပ်နေတာပေါ့၊ မင်းအုပ်စိုးက အခုယူစပဲ
ရှိသေးတဲ့ သူ့မိန်းမအတွက်ဝယ်ပေးတဲ့ ပစ္စည်းတန်ဖိုးက သိန်းပေါင်း
မနည်းဘူးတဲ့၊ ပြီးတော့ မျက်စိကုပြီးရင် နိုင်ငံခြားခရီးလည်း ဆက်
သွက်ဦးမယ်တဲ့၊ နောက်ပြီး မလှိုင်ရဲ့သားအငယ်လေးလည်း ရန်ကုန်က
အိုင်အယ်လ်ဘီစီကျောင်းမှာပဲ ထားတော့မယ်ဆိုလား ပြောသေးတယ်"

ဒေါ်မြမြသွင်တစ်ယောက် ဘာတွေပြောနေနေ ကျော်လွင်
ကဖြင့် စိတ်မဝင်စား၊ ကျော်လွင်စိတ်ဝင်စားနေသည်က မေအုပ်စိုး
အကြောင်းပင်ဖြစ်သည်။ သူတို့တွေက မင်းအုပ်စိုးနှင့်မေအုပ်စိုးကို
ကွဲအောင်လုပ်လျှင် မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုသလိုပင်။
ကျော်လွင်ကလည်း အကြံသမားမို့ကြိုက်ပါ၏။ မှန်သည်။ သည်
တစ်ချီဖြင့် ကျော်လွင်ကလည်း မေအုပ်စိုးကို အပိုင်ချဉ်းကပ်ပြီး
မြမြသွင်နှင့်အဝေးဆုံးသို့ လစ်တော့မည်မဟုတ်ပါလား။ ကျော်လွင်၏
ဘုံအနှင့်အကြံတွေကိုဖြင့် မြမြသွင်မသိသေး၊ သိများသိသည့် အချိန်
ကလျှင်ဖြင့် ကျော်လွင်တစ်ယောက် မှုန့်မှုန့်ကြေညက်သွားတော့မည်က
ဆိုးတည်း။

× × × × ×

ချူးတစ်ယောက် မကျေမနပ်နှင့် စိတ်တွေတိုနေရသည်။
ဆီဆီကြည့်လိုက်၊ ဖုန်းလေးဆီကြည့်လိုက်နှင့် သူ့မျက်နှာလေးမှာ
ရှုံ့တ်၍နေ၏။ ထိုအချိန်၌ပင် မိခင်ဖြစ်သူဒေါ်လှိုင်သွင်သည်လည်း
ခေါက်လှည့်တကြည့်ကြည့်ဖြင့် သမီးဖြစ်သူအခန်းထဲသို့ လှမ်းဝင်
ထားခဲ့လေ၏။

"ဟဲ့ သမီး.. .မောင်လေးဆီက ဖုန်းလာပြီးပြီလား.. ."

"ခုထိမလာသေးလို့ပေါ့ မေမေရဲ့၊ တကယ်စိတ်တိုတယ်နော်တာနဲ့ဖုန်းဆက်ပါလို့ အတန်တန်မှာလိုက်ရဲ့သားနဲ့ မဆက်ဘူး"

"ဒါကြောင့်ပြောတာပေါ့၊ သမီးကမောင်လေးနဲ့တည့်အောင်ပေါင်းပါလို့၊ သမီးက သူ့ကိုသည်းခံမှ မောင်လေးကလည်း သမီးကိုအလေးထားမှာပေါ့. . ."

"အို့ .မေမေ့သားကိုက ကြိုးကျယ်တဲ့အကောင်စုတ်လေးပါ"

"ကရင်း ရင်း ရင်း. . ."

"ဟော ဖုန်းလာပြီ. . ."

သားအမိနှစ်ယောက် စကားပြောဆဲ ဖုန်းမြည်လာ၍ ဖုန်းလှမ်းဆို စိတ်ဝင်စားသွားကြသည်။ ချက်ချင်းပင် ချူးသည် ဖုန်းကိုကောက်ကိုင်နားထောင်လိုက်သည်။

"ဟဲလို မမချူးလား – ကျွန်တော် ကျူးပါ. . ."

"အေး ပြော၊ နင်အခုမှ ဘာလို့ဖုန်းဆက်တာလဲ၊ ငါစောနေတာကြာပြီ. . ."

"ကျွန်တော်တို့က ခုမှအိမ်ပြန်ရောက်တာကိုးဗျာ၊ ညက ထွက်စားကြတာ၊ ရန်ကုန်ဆိုတာ ပျော်စရာကြီး၊ လူတွေကားလည်း အများကြီးပဲ၊ နေရာတိုင်းက စည်ကားနေတယ်၊ ကျွန်တော်တို့သိပ်ပျော်တာပဲ. . ."

"ကဲပါ နှင်ပျော်တာအသာထားပါ၊ ဒါနဲ့ ဟိုမေအုပ်စိုးကော ဘယ်လိုလဲ. . ."

"မမမေတို့လင်မယားကတော့ အေးဆေးပဲပေါ့၊ မမမေတကယ်သဘောကောင်းတယ်၊ ကျွန်တော့်ကိုလည်း ဂရုစိုက်တယ်"

"အခု ကိုကိုနဲ့သူနဲ့က ဘယ်မှာလဲ. . ."

"ရှိတာပေါ့ သူတို့အခန်းထဲမှာ၊ အိပ်ယာဝင်ကြပြီထင်တယ်"

"ဟင် ဘာ . .သူတို့က တစ်ခန်းတည်းနေလား"

"ဟုတ်တယ်လေ၊ ကိုကိုနဲ့မမမေက လင်မယားပဲဟာ ဘာစ်ခန်းတည်းပဲနေတာပေါ့၊ ကျွန်တော်ကတစ်ခန်းသီးသန့်နေတယ်၊ အရမ်းပျော်ဖို့ကောင်းတယ်၊ ကျွန်တော့်အခန်းမှာ အရုပ်တွေအများကြီး ပျော်စရာကြီး. . ."

"အေး ပျော် ပျော်နေ၊ နင်သေအောင်ပျော်နေ၊ ဂွပ်. . ."

"ဟဲ့ သမီး. .ဘာလို့ဖုန်းချလိုက်တာလဲ၊ မေမေနဲ့တောင် ပြောရသေးဘူး. . ."

"ပြောမနေနဲ့တော့၊ ဒီကောင်လေးက ဘာမှအသုံးမကျဘူး၊ အို့. .အရမ်းစိတ်တိုတာပဲ၊ မုန်းလိုက်တာ မုန်းတယ်. . ."

ဒေါ်လှိုင်သွင်မှာ သမီးဘာဖြစ်မှန်းမသိ၊ အံ့သြစွာကြည့်နေဆဲ ချူးကားဒေါသတကြီး ပြောဆိုအော်ဟစ်ကာ စောင်ကိုခေါင်းမြီးခြုံအိပ်သိုက်ပါတော့၏။ မှန်သည်။ တောင်ကြီးမြို့တွင် ချူးတစ်ယောက်နှာလို သဝန်တိုစိတ်တွေနှင့် ဗြောင်းဆန်နေဆဲအချိန်များ၌ ရန်ကုန်မြို့ရှိ မင်းအုပ်စိုး၏တိုက်ကြီးထဲတွင်ကား မင်းအုပ်စိုးသည် ရေအိမ်ထဲမှ တုတ်ကလေးနှင့်စမ်းကာ ထွက်လာခဲ့သည်။ တကယ်တော့ မင်းအုပ်စိုး အိပ်၍မပျော်၊ သည့်အတွက် သူ ရေအိမ်သို့တမင်ထသွားခြင်းဖြစ်သည်။ သူ ရေအိမ်ထသွားသည်ကို မေကလည်း သိသည်။

မေအုပ်စိုးသည်လည်း နိုးနေသည်ပါ။ မေအုပ်စိုးက ကုတင်အောက်တွင်ပင် ကွေးကွေးလေးအိပ်သည်။ အခန်းထဲအေးလွန်း၍ ဘယ်လိုမှအိပ်၍မပျော်၊ မေအုပ်စိုး၏အိပ်မရသည့် လှုပ်ရှားသံလေးကို မင်းအုပ်စိုးကလည်းကြားသည်။ မင်းအုပ်စိုးသည် ပြုံးလိုက်ပြီး သူ့တုတ်ကလေးကိုခေါက်ချိုး၍ ခေါင်းရင်းစားပွဲတွင် တင်ထားလိုက်

သည်။ ပြီးတော့ သူ အိပ်ယာထက်၌လဲလိုက်ပြီး. . .

"အား အိပ်ယာကကောင်းလိုက်တာ၊ အိစက်ပြီးနွေးနေတာပဲ ဖိမ်ရှိရှိနဲ့ အိပ်ပစ်လိုက်ရင် အိပ်မက်တောင်မက်မှာမဟုတ်ဘူး. . .

သူ့စကားတွေကို မေအုပ်စိုးမှာ မျက်လုံးလေးဖွင့်ပြီး နားထောင်ဖြစ်သည်။ ပြီးတော့ပြုံးရင်း မျက်လုံးလေးပြန်မှိတ်နေလိုက်သည်။ အတန်ကြာသည်တွင် ကုတင်ပေါ်မှ မင်းအုပ်စိုးငြိမ်သွားသည်။ မေအုပ်စိုးကား အိပ်၍မပျော်နိုင်သေးပါ။ နောက်ဆုံးမတော့ မေအုပ်စိုးသည် အိပ်ယာမှထလိုက်ပြီး အခန်းကိုဖွင့်လိုက်သည်။ ပြီးတော့ အဲယားကွန်းဆီကြည့်တော့ မေအုပ်စိုးမျက်လုံးပြူးသွားရရင်း. . .

"ဟင် တော်တော်ဆိုးတဲ့လူ၊ အဲယားကွန်းနှစ်လုံးစလုံးကို အသကုန်ဖွင့်ထားတယ်၊ ဒါကြောင့် အရမ်းအေးပြီး အိပ်မပျော်အောင် ဖြစ်နေတာ. . ."

မေအုပ်စိုးတီးတိုးဆိုရင်း ကုတင်ထက်မှ အိပ်ပျော်နေသည့် သူ့ကိုကြည့်တော့ သူကဖိမ်နှင့်ကောင်းကောင်းအိပ်ပျော်နေ၏။

"ဟင်း သူကတော့ ဖိမ်ကိုကျနေတာပဲ၊ အိပ်နေလိုက်တာ အေးဆေးပဲ၊ ငါ့ကိုတော့ သူဒုက္ခပေးထားတယ်၊ ဒါတမင်သက်သက် ညစ်ပတ်တာပဲလားမသိဘူး၊ သူက တောင်ကြီးသားဆိုတော့ အဲယားကွန်းတစ်လုံးပိတ်လိုက်ရင် သူနိုးသွားမလားမသိဘူး၊ ငါလည်း ကလေးသူပဲ၊ ဒါပေမယ့် သူ့လောက်တော့ အအေးမခံနိုင်ဘူး၊ သူကတော့ လွန်တယ်. . ."

"အဟမ်း တစ်ယောက်တည်း အတင်းတွေပြောမနေနဲ့ကွာ ကိုယ်လည်း အိပ်ရတာ ဖိမ်မရှိပါဘူး၊ အိပ်လည်းမပျော်ပါဘူးကွာ"

"အွန်. . ."

ရုတ်တရက် သူ့စကားသံကြောင့် မေအုပ်စိုးမှာ လန့်၍

သည်။ သူက စကားဆိုရင်း တစ်ဘက်လှည့်ကာ စောင်းအိပ်လိုက်တော့ မေအုပ်စိုးသည်လည်း သည်လောက်ကျယ်သည့် ကုတင်ပေါ်တွင် တစ်ဘက်စွန်း၌ သူမလည်းအိပ်၍ရတာပါပဲလေဟူသော အတွေးနှင့် ကုတင်စွန်းတွင် ဖြည်းဖြည်းလေးဝင်အိပ်လိုက်လေ၏။

"အဟွန်း. . ."

ကုတင်ပေါ် မေအုပ်စိုး ဝင်အိပ်လိုက်သည်ကို သူသိလိုက်သည်။ ထိုအခါ သူသည် ကြည်နူးစွာပြုံးဖြစ်သွားရလေ၏။

❖ ❖ ❖

(တစ်ဆယ့်တစ်)

အေးလွန်း၍ အချိန်မှန်ထက်စောပြီး မေအုပ်စိုး နိုးလာသည်။ နိုးသည်နှင့် ရေချိုးခန်းထဲဝင်၊ မျက်နှာသစ်၊ သွားတိုက်၊ ကိုယ်လက်သန့်ရှင်းပြီး ညဝတ်အင်္ကျီကိုလဲလိုက်သည်။ ပြီးတော့ အခန်းထဲမှ ထွက်ခဲ့လိုက်သည်တွင် အပြင်မှအနွေးဓာတ်ရမှ အဆင်ပြေသွားရ၏။ မေအုပ်စိုးသည် အောက်ထပ်သို့ဆင်းခဲ့ပြီး မီးဖိုဆောင်ထဲရောက်သည်နှင့် ထမင်းအိုးတစ်လုံးတည်ထားလိုက်သည်။ ပြီးတော့ ဂက်စ်မီးဖို၌ ရေနွေးအိုးတစ်အိုး တည်ထားလိုက်ပြီး နံနက်စာကော်ဖီဖျော်ရန် ပြင်ဆင်ထားလိုက်သည်။

ပြီးတော့ နံနက်စာစားမည့်စားပွဲတွင် ထောပတ်၊ ချိစ်၊

ပေါင်မုန့်၊ ခရမ်းချဉ်သီးနှင့် စတော်ဘယ်ရီယိုဂူးတွေကိုပါ တင်ထား
လိုက်သည်။ ပြီးတော့ ငှက်ပျောသီးတစ်ဖီးကို ဓားနှင့်ဖြတ်ပြီး သေသ
စွာ ပန်းကန်ပြားတွင်ထည့်ပြီး စားပွဲတွင်ထားပေးသည်။ ပြီးတော
လိမ္မော်ရည်ကို နှစ်သက်သည့် မင်းအုပ်စိုးအတွက် လတ်ဆတ်သည့
လိမ္မော်သီးအရည်ကိုညှစ်ပြီး ခရားလေးတစ်ခုထဲတွင်ထည့်ပြီး စ
ထက် အသင့်ပြင်ထားပေးသည်။ ရေနွေးအိုးဆူလာသည်တွင် ကော်
လေးခွက်စာဖျော်ထားလိုက်၏။ ပြီးတော့ ထမင်းပေါင်းအိုးကျက်သည
နှင့် ဘုရားတင်ရန်ဆွမ်းတော်ပွဲပြင်ဆင်လိုက်သည်။

ဆွမ်းတော်ပွဲပြင်ဆင်ပြီး ဆွမ်းတော်တင်ဘုရားရှိခိုးရန် ဘု
ခန်းထဲသို့ ဝင်ခဲ့သည်။ ဆွမ်းတော်တင်ပြီး ဘုရားရှိခိုးလိုက်သည
ဘုရားရှိခိုးပြီး မေအုပ်စိုးသည် အခန်းထဲသို့ပြန်ဝင်ခဲ့ပြီး မင်းအုပ်
နှိုး မနှိုးကြည့်သည်။ ပြီးတော့ ရေချိုးခန်းထဲဝင်ခဲ့ပြီး မင်းအုပ်
အတွက် သွားတိုက်ဆေးထည့်ပေးပြီး သွားတိုက်တံကို အသင့်ထ
ပေးသည်။ ရေနွေးခလုတ်ဖွင့်ပေးထားသည်။ မျက်နှာသုတ်ပုဝါ
ကို သေချာထားပေးသည်။ ပြီးတော့ ညဝတ်အင်္ကျီလဲဝတ်ဖို့ ဝတ်
တစ်စုံကိုလည်း အသင့်ထုတ်ပြီး သူယူနေကျနေရာတွင်ထားပေး
သည့်နောက် မေအုပ်စိုးသည် အခန်းထဲမှထွက်ခဲ့ပြီး အောက်ထပ်
ပြန်ဆင်းလာခဲ့၏။

"ကလင်း. . ."

အောက်ထပ်အရောက် အိမ်ရှေ့မှဘဲလ်သံကြား၍ မေအု
သည် အိမ်ထဲခါးသွားဖွင့်ပေးလိုက်သည်။ ကိုဒေးဗစ်ရောက်လာသ
ကို တွေ့လိုက်ရ၏။

"ဟင် ကိုဒေးဗစ်. .ခြံထဲခါးဘယ်သူဖွင့်ပေးလဲဟင်. .

"ဒီတစ်ခြံလုံးရဲ့သော့တွေက ကျွန်တော့်ဆီမှာ အကုန်ရှိတာ

မင်းအုပ်စိုးက ရန်ကုန်မှာလာမနေသေးတော့ ကျွန်တော်ပဲ အိမ်နှစ်
ဆောင်နဲ့ နေနေရတာ. . ."

"ဩော် အဟင်း အခုလာတာအစောကြီးပါလား၊ သူက
နိုးတောင်မနိုးသေးဘူး. . ."

"ဟင် မနိုးသေးဘူး ဟုတ်လား၊ ဒါဆို ညက သူ အိပ်ရော
အိပ်ရဲ့လား. . ."

"ဟို သူအိပ်ပါတယ်ရှင်. . ."

"မေအုပ်စိုးရော ညကအိပ်ပျော်ရဲ့လား. . ."

"ရှင် ဩော် ဟုတ်ကဲ့၊ အိပ်ပျော်ပါတယ်ရှင်. . ."

"နေရထိုင်ရတာ အဆင်ပြေရဲ့လား၊ ကျွန်တော်လုပ်ပေး
ထားတာ ပြည့်စုံရဲ့လား. . ."

"အားလုံးပြည့်စုံပါတယ်၊ ကျေးဇူးတင်ပါတယ်ရှင်. ."

"ဒေါက် ဒေါက် ဒေါက်၊ ဒေးဗစ်. .အစောကြီးပါလား"

တုတ်သံလေးတစ်ဒေါက်ဒေါက်နှင့် ပြောလာသည့် မင်းအုပ်စိုး
စကားသံကြောင့် မေအုပ်စိုးရော ဒေးဗစ်ပါ သူ့ထံလှမ်းကြည့်လာပြီး
ဒေးဗစ်က. . .

"ကိုယ်လည်း ခုပဲရောက်တာ၊ မင်းနိုးပြီလားလို့၊ အဆင်ပြေရဲ့
လားလို့ တစ်ချက်လာကြည့်တာ၊ ကိုယ်ကိစ္စရှိသေးတယ်၊ သွားလိုက်
ဦးမယ်၊ ပြီးမှပြန်လာမယ်၊ လိုအပ်တဲ့ပစ္စည်းတွေလည်း ထပ်ပြီးဝယ်
လာခဲ့မယ်၊ ပြီးတော့ မင်းရောက်တဲ့အကြောင်း ဆရာဝန်ဆီပါဝင်ပြီး
အကြောင်းကြားခဲ့မယ်၊ ကဲ သွားပြီ. . ."

စကားတွေပြောပြီး ဒေးဗစ်ထွက်သွားသည်တွင် မင်းအုပ်စိုး
သည် မေအုပ်စိုးအနီးဖြည်းဖြည်းလှမ်းလာခဲ့ရင်း. . .

"မေ. . ."

"ရှင်. . ."

"ဒေးဗစ် မေ့ကိုဘာတွေမေးသွားသေးလဲ. . ."

"မမေးပါဘူး. . ."

"ဟုတ်ရဲ့လား၊ ညက အိပ်ပျော်ရဲ့လားလို့ မမေးဘူးလား"

မေ သူ့ကိုမျက်လုံးလေးပြူးကာ ကြည့်မိသည်။ သူသာ မျက်လုံးမြင်နေရလျှင် မေ့မျက်နှာလေးရဲသွားမည်ကအမှန်။ သူ့ကိုပင် သံသယဖြစ်မိသည်။ သူ့မျက်လုံးရှေ့ မေလက်ကလေးနှင့် လှုပ်ရှား ကြည့်တော့မှ မေမှာစိတ်အေးသွားရ၏။

"ကိုယ်ထင်တယ်၊ မေ ညကအိပ်မပျော်ဘူးမဟုတ်လား"

"ပျော်ပါတယ်. . ."

"မယုံဘူး. . ."

"ဘာဖြစ်လို့. . ."

"ကိုယ်မှအိပ်မပျော်တာ. . ."

"မေ ကော်ဖီသွားဖျော်လိုက်ဦးမယ်. . ."

သူ့စကားတွေကြောင့် မေအုပ်စိုးမျက်နှာလေးမှာ ပန်းသွေး ကြွယ်ကာ မီးဖိုခန်းဆီသို့ လှမ်းထွက်သွားပါတော့၏။ မင်းအုပ်စိုး ကား မျက်မှန်တပ်ရင်း ချောမွေ့စွာပြုံးကျန်ရစ်၏။

× × × × ×

"မြမြ. .ညီးကော ပြင်ဆင်ထားပြီးပြီလား၊ ငါလေယာဉ် လက်မှတ်မှာထားပြီးပြီနော်. . ."

"ပြီးတာကြာပြီ၊ ဒါနဲ့ လက်မှတ်က သုံးစောင်မဟုတ်လား မလှိုင်. . ."

"အေးပါတော်၊ ပါလေရာဗြဟ္မာဦးခေါင်းလို ထားစရာနေရာ

ရှိတဲ့ ညီးလင်အတွက်ပါ ပါပါသတဲ့. . ."

"မဟုတ်ပါဘူး မလှိုင်ရယ်၊ မြက ဟိုရောက်ရင် သူ့ကို အလုပ်တွေလည်း ခိုင်းရမှာလေ၊ ယောကျ်ားသားတစ်ယောက်ပါမှ လည်း ကောင်းမယ်မဟုတ်လား၊ စီးပွားရေးလည်းခိုင်း၊ တောက်တို မယ်ရလည်းခိုင်းဖေါ့၊ နေရာတကာ သမီးမိန်းကလေးကပဲ လိုက်လုပ် နေလို့ဘယ်ဖြစ်မလဲ. . ."

"အေးပါ အေးပါ၊ ညီးပဲ ညီးတူမကိစ္စကို အမြန်ဆုံး အဆင်ပြေအောင်လုပ်ပေးပါ၊ ညီးကိုငါစိတ်ချမယ်. . ."

"စိတ်ချပါ မလှိုင်ရယ်၊ ဒီကောင်မ စင်ထွက်သွားစေရမယ်၊ မလှိုင်စောင့်ကြည့်နေ၊ ကိုယ့်တူမနဲ့ကိစ္စကို အမြန်ဆုံးလုပ်မှာပေါ့၊ ကိုယ့်တူမ,ကောင်းစားရင် ကိုယ်ကောင်းစားတာနဲ့ အတူတူပဲမဟုတ် လား. . ."

"ဒါပေါ့ ညီးတူမနဲ့မင်းအုပ်စိုးနဲ့ရမှဖြစ်မှာနော်၊ ဒါကို ညီး သဘောပေါက်ပါတယ်. . ."

"ပေါက်ပါတယ် မလှိုင်ရယ်၊ စိတ်ချပါ. . ."

"ဒါနဲ့နေဦး၊ ဟိုရောက်ရင် ညီးက ဘာတွေဘယ်လိုဆက်လုပ် မာလဲ မမြရဲ့. . ."

"သူတို့ဘယ်မှာနေတယ်ဆိုတာ စုံစမ်းပြီးသွားတွေ့မယ်၊ မင်းအုပ်စိုးရှေ့မှာ အရှက်ခွဲပြီး သူ့အပုတ်တွေအားလုံး ဖော်ထုတ် ပြောဆိုပစ်မယ်၊ သူတို့ဘယ်သွားသွား နောက်ကလိုက်ပြီး လူပုံ အလယ်မှာ အရှက်ခွဲပြမယ်၊ ဒီလိုလုပ်ရင် မင်းအုပ်စိုး သဘော ဘယ်လောက်ကောင်းကောင်း၊ ဘယ်လောက်ခံနိုင်တော့မလဲ. . ."

"အေး ဟုတ်တာပေါ့၊ ငါညီမတော်တယ်၊ ဟိုရောက်ရင် ညီးတို့ငါ့ကိုဖုန်းဆက်ပြီးဆက်သွယ်၊ ငါ့ဆီကလည်း ဘာတွေထူးခြား

တယ်ဆိုတာ ငါဖုန်းဆက်ပြောမယ်၊ ညီးတို့ကလည်း ငါ့ဆီအဖြုန်းဆက် ကြားလား. . ."

"အေးပါ၊ ဒါနဲ့ ချူးကရော အားလုံးပြင်ဆင်ထားပြီးပြီလား"

"ဟုတ်ကဲ့ ပြင်ဆင်ထားပြီးပါပြီ ဒေါ်လေး. . ."

"အေး ငါ့တူမဘာမှအားမငယ်နဲ့၊ စိတ်ဓာတ်လည်းမကျနဲ့ ဒေါ်လေးတစ်ယောက်လုံးရှိတယ်၊ အမြန်ဆုံး အဆင်ပြေစေရမယ်"

"ဟုတ်ကဲ့ ဒေါ်လေး၊ ဟုတ်ကဲ့၊ ဒေါ်လေးကို သမီးကျေးဇူးတင်ပါတယ်. . ."

ချူးတစ်ယောက် စိတ်ကူးရင်အပျော်တွေနဲ့ စိတ်လှုပ်ရှားမဆုံးအောင် ရှိနေရပါတော့၏။ မှန်သည်။ ဒေါ်လှိုင်သွင်၊ ဒေါ်မြသွင်နှင့် ချူးတို့မှာ ကိုယ့်စိတ်ကူး၊ ကိုယ့်အပျော်တွေနဲ့ ရှိနေကြဆဲ အချိန်များ၌ ရန်ကုန်မြို့၊ (× ×)ရပ်ကွက်ရှိတိုက်ကြီးထဲတွင်ကား မင်းအုပ်စိုး၊ မေအုပ်စိုးနှင့် ချူးတို့သုံးယောက်မှာ အပြင်ထွက်ရန် အဝတ်တွေလဲပြီး တိုက်ထဲမှထွက်ခဲ့လိုက်ကြသည်။

"ဒီမှာခဏရပ်ဦးနော်၊ မေ့အိမ်တံခါးပိတ်လိုက်ဦးမယ်"

သူ့ကိုဆင်ဝင်အောက်တွင်ထားပြီး မေအုပ်စိုးသည် အိမ်တံခါးကိုပြန်ပိတ်သည်။ ပြီးတော့ မေအုပ်စိုးသည် သူ့လက်တစ်ဘက်ကို ကိုင်ကာ ဒေးဗစ်ကိုစောင့်ရင်း သုံးယောက်သား ခြံထဲတွင်ပင် လမ်းလျှောက်စကားတွေဆိုနေဖြစ်၏။

"ကိုကိုကြီးရေ့ ချူးကတော့ ရန်ကုန်မှာပဲကျောင်းနေချင်ပြီ ကိုကိုကြီး ဖေဖေ့ကိုပြောပေးပါလားဟင်. . ."

"စိတ်ချ ညီလေး၊ ကိုကိုကြီးလည်း အိမ်ထောင်ကျပြီဆိုတော့ ရန်ကုန်မှာနေဖို့ ဆုံးဖြတ်လိုက်ပြီ. . ."

"ဟင် ကိုကိုကြီး တကယ်ပြောတာလား. . ."

"တကယ်ပေါ့ ညီလေးရ၊ ကိုကိုကြီးက ညီလေးကို လိမ်ဖူးသေးလား. . ."

"ဟေး ဝမ်းသာလိုက်တာဗျာ. . ."

ချူးကပျော်လွန်း၍ အော်ဟစ်ရင်း ခြံထဲလှည့်ပတ်ပြေးနေတော့သည်။ မင်းအုပ်စိုးသည် ငြိမ်သောအသွင်ဖြင့် နေရာတွင်ခြေစုံရပ်ကာ မေအုပ်စိုးလက်ကလေးဆီ ပြန်ဆုပ်ကိုင်ရင်း. . .

"ကဲ မေကရော ဘယ်လိုသဘောရလဲဟင်. . ."

"မေက ဘာပြောရမှာလဲ. . ."

"ရန်ကုန်မှာနေတာ မေ သဘောတူ မတူ ပြောပါ"

"ဒါတော့ ရှင့်သဘောပဲလေ. . ."

"ကိုယ့်သဘော၊ မေဆိုလိုတဲ့အဓိပ္ပါယ်က ဘယ်လိုလဲ၊ မေနဲ့ကိုယ်က ဘာမှမပတ်သက်တဲ့အဓိပ္ပါယ်လား၊ ဒါမှမဟုတ် ကိုယ့်ဆုံးဖြတ်ချက်နဲ့ထပ်တူပါဆိုတဲ့ အဓိပ္ပါယ်လား. . ."

"ဟင်း ရှင်နဲ့မဆိုင်ဘူးလို့တော့ မဆိုလိုပါဘူး၊ ရှင့်ဆန္ဒကိုသိတော့ ရှင့်သဘောလို့ပြောချင်တာပါ. . ."

"မေ. .ကိုယ့်အနေနဲ့လည်း ဆန္ဒထက်လုပ်သင့်တာတွေကိုလုပ်ရတော့မယ်လေ၊ ဦးရီးတော်လည်း အသက်ကြီးလာပြီ၊ လုပ်ငန်းတွေကို ကိုယ်ကဦးဆောင်ရတော့မယ်၊ ကိုယ့်အောက်မှာ အရွယ်ရောက်သေးတဲ့ ချူးကျူးကရှိသေးတယ်၊ နိုင်ငံခြားမှာ ကိုယ့်ရဲ့လုပ်ငန်းတွေရှိသေးတယ်၊ မေနဲ့လက်မထပ်ခင်ကတည်းက မေ့ကိုလက်ထပ်ပြီးရင် ကိုယ်ဘာတွေဆက်လုပ်ရတော့မယ်ဆိုတာ တွေးထားပြီးသားပဲ၊ အရယ် ကိုယ်ရယ် ဒီလုပ်ငန်းတွေကို လက်တွေ့လုပ်ကြရမယ်၊ ကိုယ်သွားလေရာ မေ့ကိုခေါ်မယ်၊ ကိုယ်တို့ရန်ကုန်မှာနေမယ်၊ နိုင်ငံခြားကိုလည်းထွက်မယ်၊ ဒီအစီအစဉ်တွေက ကိုယ့်ရဲ့မျက်လုံးတွေ ပြန်

ကောင်းတဲ့အခါပေါ့. . ."

"တီး တီး တီး. . ."

သူတို့စကားဆိုဆဲ ဒေးဗစ်ကားလေးကို မောင်းဝင်လာတော့ သူတို့စကားစပြတ်သွားပြီး လျှောက်လည်ရန် အားလုံးကားပေါ်တက်လိုက်ကြ၏။

"စောင့်နေရတာ ကြာသွားလား. . ."

"ရပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ ကိုယ်တို့က စကားပြောနေကြတာ. . ."

"စကားပြောတယ်၊ မတွေ့ဖူးကြတဲ့သူတွေမို့လား. . ."

"အဟွန်း အခုကိုယ်တို့ ဘယ်သွားကြမှာလဲ. . ."

"ဥတို့ဂေါက်ကွင်းကိုသွားမယ်၊ အဲဒီမှာ လေကောင်းလေသန့်ရတယ်. . ."

"သဘောပျာ၊ ကိုယ်ကတော့ သဘောတူပါတယ်၊ ဒါနဲ့ ကိုယ့်မျက်လုံးကိစ္စ ဆရာဝန်နဲ့မင်းတွေ့ပြီးပြီလား၊ ရက်ချိန်းယူခဲ့ပြီးပြီလား. . ."

"အေး တွေ့ပြီးပါပြီ၊ အ. . ပြရမယ်၊ ကဲ ရှေ့မှာ ပလာဇာထဲဝင်ရအောင်၊ သစ်သီးဝလံနဲ့ဝယ်စရာရှိတာလေးတွေ ဝယ်တာပေါ့"

ဒေးဗစ်ဆိုရင်း ပလာဇာရှေ့တွင် က ကိုရပ်လိုက်သည်။ ထုံးစံအတိုင်း မေအုပ်စိုးသည် မင်းအုပ်စိုးကိုတွဲပြီး ဒေးဗစ်နှင့်ဂျူးက လက်ဆွဲကာ ပလာဇာထဲဝင်ခဲ့ကြ၏။

"မေ. . ."

"ရှင်. . ."

"တစ်ခုခုဝယ်လေ၊ မေ ကြိုက်တာဝယ်ပါဦး. . ."

"ဒီလောက်ပြည့်စုံနေတာ ဘာဝယ်ဖို့လိုတော့လဲ၊ အစ်ကို

ဘာစားချင်လဲဟင်၊ သစ်သီးဝလံတွေတော့ အစုံရှိတယ်. . ."

"ကိုယ်နှစ်သက်တာကတော့. . ."

"သိပြီ၊ လာ သွားဝယ်ကြရအောင်. . ."

သူတို့စကားတွေဆိုရင်း သစ်သီးဝလံတွေကို သွားဝယ်လိုက်ကြသည်။ သူတို့ဝယ်နေဆဲ ဒေးဗစ်နှင့်ဂျူးတို့လည်း သစ်သီးခြင်းတွေဆွဲပြီး သူတို့အနီးရောက်လာကြ၏။

"ဘာတွေဝယ်နေလဲ၊ မဝယ်နဲ့ ဒီမှာဝယ်ပြီးပြီ၊ လာ သွားကြမယ်. . ."

ဒေးဗစ်ဆိုတော့ မေ့လက်ထဲမှစားစရာတွေကို ပြန်ထားခဲ့ပြီး သူတို့အားလုံး ပလာဇာထဲမှ ငွေရှင်းပြီးထွက်ခဲ့လိုက်ကြ၏။

"ကဲ ဥတို့ကို တိုက်ရိုက်ပဲမောင်းပြီနော်. . ."

ဒေးဗစ်ဆိုရင်း ပလာဇာရှေ့မှ ကားလေးကိုမောင်းထွက်ခဲ့လိုက်လေ၏။

"မျက်လုံးခွဲပြီးရင် ပြည်ပဆက်ထွက်မယ်ဆို. . ."

"အင်း အဲဒီလိုပဲ စီစဉ်ထားတယ်၊ ကိုယ့်လုပ်ငန်းတွေလည်း သွားကြည့်ရင်းပေါ့. . ."

"ကောင်းတာပဲ၊ ကိုယ်လည်း ရုရှားကိုတစ်ခေါက်ထွက်မလားလို့၊ အဲဒီကမှ ပြင်သစ်နဲ့အိန္ဒိယဘက်သွားချင်တယ်"

"အဲဒီအကြံမဆိုးဘူး၊ ကိုယ်သဘောကျတယ်၊ ကိုယ် မျက်လုံးပြီးလို့ အိုကေရင် သွားမယ်၊ ဩော် ဒေးဗစ်. .မင်းကိုပြောရဦးမယ်၊ ကိုယ်တို့ရုန်ကုန်မှာနေဖို့ ဆုံးဖြတ်လိုက်ပြီ. . ."

"ဟာ မင်းတကယ်ပြောတာနော်၊ ကိုယ်တကယ်ဝမ်းသာရဘာမလား. . ."

"တကယ်ပေါ့၊ မယုံရင် မေနဲ့မေးကြည့်. . ."

"ဟုတ်တယ် ကိုကိုဒေးဗစ်ရဲ့၊ ကျွန်တော်တောင် ရန်ကုန်မှာ ကျောင်းနေတော့မှာ. . ."

"ဝမ်းသာတယ်ကွာ၊ ကိုယ်အပျော်ဆုံးပဲ၊ ကိုယ်မျှော်နေတာ အဲဒီအချိန်ပဲ. . ."

စကားတွေဆိုရင်း သူတို့ကားလေးမှာ ခရီးအတန်ကြီးပေါက်ခဲ့ပြီဖြစ်၏။ မှန်သည်။ စကားတွေဆိုရင်း ရယ်မောရင်းဖြင့် ဥတို ဂေါက်ကွင်းသို့ သူတို့ရောက်လာခဲ့ပြီဖြစ်၏။ ဥတိုသို့ သူတို့ရောက်လာခဲ့ကြချိန်တွင် မွန်းတည့်ဆယ့်နှစ်နာရီထိုးနေပြီဖြစ်၏။ ဥတိုဟိုတယ်တွင် သူတို့ဘန်ဂလိုတစ်လုံးငှားလိုက်သည်။ ပြီးတော့ နေ့လည်စာအတွက် ဘန်ဂလိုသို့ပင် သူတို့မှာစားလိုက်သည်။ နေ့လည်စာစားပြီးတော့ တစ်အောင့်တစ်နား လမ်းလျှောက်ပြီး လိုက်ကြည့်ကြမည်စိတ်ကူးနှင့် ဧည့်ကြိုကောင်တာရှိရာ အဆောက်အဦးဆီသို့ သူတို့လာခဲ့ကြသည်။ ဧည့်ကြိုကောင်တာ အဆောက်အဦးထဲရောက်မှပင်

"ဟင် အစ်ကို့. .အစ်ကို့တုတ်လည်း မပါပါဘူး. . ."

"အာ အင်း ဟုတ်တယ်၊ မေ့လက်ကိုကိုင်ထားတော့ ကိုယ်လည်းမေ့ခဲ့ပြီ. . ."

"အို ဘာပြောပြော တုတ်ကလေးက အစ်ကိုရဲ့အရေးပေါ်အဖော်ပဲမဟုတ်လား၊ ဒီမှာခဏနေနော်၊ မေ သွားယူလိုက်မယ်၊ လာ ဟိုအပြင်ဘက်မှာ လေအေးအေးလေးတိုက်တယ်၊ အဲဒီမှာ ထိုင်နေနော်၊ မေ အခုပဲပြန်လာမယ်၊ ဘယ်မှမသွားနဲ့နော် အစ်ကို"

"စိတ်ချပါ အစ်ကို မင်းကိုပဲ ထိုင်စောင့်နေမယ်. . ."

သူ့ကိုအပြင်ဘက်တွင်ရှိသည့် ခုံလေးတစ်ခုတွင်ထိုင်စေခဲ့ပြီး မေအုပ်စိုးသည်လည်း ဘန်ဂလိုသို့ပြန်သွားလိုက်သည်။ မင်းအုပ်စိုးသည် နေရာတွင်ထိုင်နေရင်း စိတ်က ဒေးဗစ်နှင့်ဂျူးတို့ဆီသို့ ရောက်

သည်။ လာတုန်းက အတူတူလာခဲ့ကြပြီး အခုသူတို့ဘယ်ရောက်ကြမှန်းမသိ၍ စဉ်းစားမိသည်။ ထိုအခိုက်ပင် ဒေးဗစ်နှင့် ဂျူးကားသံလိုလိုကြားမိလိုက်၍ မင်းအုပ်စိုးသည် နေရာမှထကာ လျှောလျှောဖြင့် ခြေလှမ်းသုံးဇေးလှမ်းခန့် သွားဖြစ်လိုက်၏။ သူ သတိပြန်ရသွားသည်။ သူ သတိထားလိုက်မိချိန်တွင် သူဘက်သွားရမှန်းမသိဖြစ်နေတော့၏။

မိမိနှင့်စိမ်းနေသည့်နေရာမို့ သူ မခန့်မှန်းနိုင်အောင် ဖြစ်သည်။ ဒေးဗစ်နှင့်ဂျူးတို့အသံတွေလည်း သူ မကြားမိတော့။ ဆုံး သူသည်ဘာလုပ်ရမှန်းမသိ၍ ဆုံးဖြတ်ချက်နှင့် မှန်းဆကာ လမ်းချင်းလှမ်းသွားလိုက်သည်။ တကယ်တော့ သူ့ရှေ့တွင် ရှိသည်။ နောက်ထပ် သူ ခြေလှမ်းသုံးလှမ်းခန့် သွားလျှင် ကျတော့မည်ဖြစ်၏။ ရှေ့မှ အန္တရာယ်ကို သူ မသိ၊ သူသည် ထပ်ခြေနှစ်လှမ်းလှမ်းလျှင် ရောထဲကျပြီ။

"ဟင် အမလေး. .အစ်ကို အစ်ကို အစ်ကိုမင်းအုပ်စိုး.. ရပ် ရပ်နေ၊ ဆက်မသွားနဲ့၊ ရှေ့မှာရောထဲကျမယ်. . ."

သဲတုန်အုတုန်ရင်ထိတ်ဖြာစွာဖြင့် မေအုပ်စိုးသည် သူ့ကို အော်သတိပေးတားမြစ်ရင်း သူ့ထံအပြေးလှမ်းခဲ့သည်။ သူ့အနီးကပ်မတော့ မေအုပ်စိုးသည် စိုးရိမ်ကြီးစွာဖြင့် သူ့ကိုဖက်ထား

"အို အစ်ကိုရယ်. .တော်သေးတယ်၊ နည်းနည်းလေးပဲ ဟုတယ်၊ မေ့မျက်လုံးတွေထဲ ပြာသွားတာပဲရှင်. . ."

သူ့ကိုဖက်ထားရင်း မေအုပ်စိုးသည် စိုးရိမ်ထိတ်လန့်စိတ်နှင့် ဆိုနေခြင်းပါ။

"မေ. .အစ်ကို့အတွက် စိုးရိမ်သွားလားဟင်. . ."

"ဘယ်လိုမေးလိုက်တာလဲ အစ်ကိုရယ်၊ မေ့ကိုစောင့်
မယ်ဆို၊ ဘာဖြစ်လို့ ထသွားရတာလဲ၊ မေသာနည်းနည်းနောက်
ခဲ့ရင် မတွေးရဲတော့ဘူး. . ."

"ဒေးဗစ်တို့အသံကို ကြားလိုက်လို့ပါ၊ အစ်ကိုက ကို
ကိုယ်ကိုမေ့ပြီး သူတို့ကို ထခေါ်လိုက်မိတာ၊ နောက်တော့ ဘယ်ဘာ
လှည့်ရမှန်းမသိတော့ဘူး. . ."

"မေ့ကိုစိုးရိမ်အောင် နောက်တစ်ခါမလုပ်ပါနဲ့ အစ်ကိုရ

"စိတ်ချပါ၊ မင်းရဲ့စကားကို အစ်ကိုအမြဲနားထောင်သွား
မင်းမပါပဲ ကိုယ်ဘာမှမသွားတော့ဘူး. . ."

မေ့ကိုတင်းတင်းလေး ပြန်ဖက်ထားရင်း သူဆို၏။ သူ့
ထဲမတော့ မေ့နှလုံးသားအား မြင်တွေ့လိုက်ရသည့်နယ် ကြည်
ချမ်းမြေ့သွားရသည်ပါ။

× × × × ×

"မသန်း. .မသန်း . . ."

"ရှင် လာပြီ မမလေး. . ."

ရည်မွန်လှိုင်ခေါ်သံကြောင့် အိမ်ဖော်မသန်းတစ်ယော
အပြေးအလွှား ပြေးတက်လာသည်။ ရည်မွန်လှိုင်အခန်းထဲအ
မတော့ ခရီးသွားရန်အသင့်ဖြစ်နေသည့် ရည်မွန်လှိုင်ကိုတွေ့လ
ရ၍. . .

"ဟင် မမလေး. .လေယာဉ်လက်မှတ်ရပြီလား၊ အခု
တော့မလို့လား. . ."

"အေး အခုသွားမလို့၊ ဒါပေမယ့် လေယာဉ်နဲ့မဟုတ်
ဘူး၊ ကားနဲ့ပဲသွားတော့မလို့၊ ဟိုအမူးကောင်ပြန်လာလို့ ငါ့ကို

သိဘူးလို့ပဲပြော ကြားလား. . ."

"ဟုတ်ကဲ့ မမလေး၊ ကျွန်မလည်း မမလေးမရှိရင် ရှာပဲ
ဖြစ်နေတော့မယ်. . ."

"အေး ဒါတော့ နင့်သဘောပဲ. . ."

"တီ. . ."

"ဟော မမလေး၊ ခြံရှေ့ကဘဲလ်သံကြားတယ်၊ ဆရာ
ပြန်လာပြီထင်တယ်. . ."

မြည်လာသည့်ဘဲလ်သံကြောင့် ရည်မွန်လှိုင်ရော မသန်းပါ
ဘုန်သွားကြသည်။ ရည်မွန်လှိုင်မှာ ကပျာကယာ မိမိပစ္စည်းတွေကို
ဖက်ထားလိုက်ပြီး တစ်ချက်စဉ်းစားပြီးမှ. . .

"မသန်း. .ဒီပစ္စည်းတွေအားလုံးဝိုင်းချပေး၊ လေကားအောက်
ဘာ ဝှက်ထား၊ ငါလည်း ပုန်းနေမယ်၊ ငါ့ကိုမေးရင် မရှိဘူးပဲပြော၊
သိလား. . ."

"ဟုတ်ကဲ့. . ."

"ကဲ သွား သွား၊ ခြံတံခါးသွားဖွင့်တော့၊ ခပ်တည်တည်
နေနော်၊ မရိပ်မိစေနဲ့. . ."

"ဟုတ်ကဲ့ ဟုတ်ကဲ့. . ."

ပျာယာခတ်စွာ ပစ္စည်းတွေသယ်ချပြီး ရည်မွန်လှိုင် ပုန်းနေပြီး
မသန်းကိုလွှတ်လိုက်သည်။

"ဟဲ့ မသန်း. .ငါခေါ်နေတာကြာပြီ၊ ဘာလုပ်နေကြလဲ၊
ကောင်မကရော ငါ ဒီလောက်ဘဲလ်တီးနေတာမကြားဘူးလား၊
ဝမ်းမြန်မြန်. . ."

"ဟုတ်ကဲ့ပါ ဆရာ. . ."

အရက်မူးမပြေသေး၍ မောင်မောင်ထွန်းတစ်ယောက် အော်

ဟစ်ပြောဆိုနေ၍ မသန်းမှာ ကပျာကယာခြံတံခါးကိုဖွင့်ပေးလိုက်ရသည်။ ခြံထဲသို့ မောင်မောင်ထွန်းတစ်ယောက် ဒယီးဒယိုင်ဖြင့် ဝင်လာပြီး အိမ်ထဲလှမ်းဝင်သွားသည်။ အပေါ်ထပ်လှေကားမှ ဒယီးဒယိုင်းဖြင့် မောင်မောင်ထွန်းတစ်ယောက်တက်သွားသည်တွင် မသန်းသည် အခြေအနေကိုကြည့်ပြီး လှေကားအောက်မှ ရည်မွန်လှိုင်ဆီ မျက်ရိပ်ပြလိုက်သည်နှင့် ရည်မွန်လှိုင်ကား လှေကားအောက်မှ ပစ္စည်းတွေသယ်ထုတ်ပြီး ခြံထဲမှကပျာကယာ လှမ်းထွက်သွားလိုက်ပါတော့၏။ ရည်မွန်လှိုင်တစ်ယောက်ထွက်သွားသည်နှင့် မသန်းလည်း လစ်ပြေးတော့ရန် မိမိပစ္စည်းတွေကို ကပျာကယာသွားသိမ်းလိုက်သည်။ မိမိအဝတ်ထုပ်ကလေးကိုပိုက်ပြီး မသန်းတစ်ယောက် အပြင်ထွက်လာသည်နှင့်. . .

"မသန်း. .မသန်း. . ."

အပေါ်ထပ်မှခြေသံနှင့် အော်ခေါ်သံကြားသည်နှင့် မသန်းသည် မိမိအဝတ်အိတ်ကို ချောင်ထဲပစ်သွင်းခဲ့ပြီး လှေကားအနီးရောက်လာခဲ့သည်။

"ဆရာ. .ဘာ ဘာဖြစ်လို့လဲ. . ."

"ဟဲ့ မသန်း. .ဟိုကောင်မရော. . ."

"မမလေးမရှိဘူး ဆရာ. . ."

"ဘယ်သွားလဲ. . ."

"ကျွန်မ မသိပါဘူး ဆရာ. . ."

"နင့်ကိုဘာပြောသွားလဲ. . ."

"ဘာမှမပြောပါဘူး ဆရာ. . ."

"တောက် ဒီကောင်မ ဟင်း ငါ့အကြောင်းသိမယ်. ."

မောင်မောင်ထွန်း ကြိမ်းဝါးရင်း အပေါ်ထပ်ပြန်တက်သွား

[illegible]ည်။ မသန်းလည်း မောင်မောင်ထွန်းအပေါ်ပြန်တက်တုန်း ခုနက[illegible]ကြောက်နှင့် မိမိလွှင့်ပစ်လိုက်သည့် မိမိအထုပ်ကို ပြန်ရှာ[illegible]ကပြီး အိမ်ထဲမှပြေးထွက်သွားလိုက်ပါတော့၏။ အပေါ်ထပ်တွင် [illegible]း မောင်မောင်ထွန်းသည် ဒေါသတွေနှင့် ရည်မွန်လှိုင်အခန်းကို [illegible]ကြည့်သည်။ မှန်တင်ခုံပေါ်မှ အလှပြင်ပစ္စည်းတွေကို မတွေ့တော့ [illegible]ငမောင်ထွန်းသည် မျက်မှောင်တွန့်ပြီး ရည်မွန်လှိုင်၏ဘီဒိုတွေ [illegible]သွားဖွင့်ကြည့်လိုက်သည်။ ဘီဒိုထဲတွင် အဝတ်တွေက တစ်ထည် [illegible]ရှိတော့။

"ဩော် ကောင်မက ဒီအချိုးချိုးတာကိုး၊ ဟား ဟား [illegible]ပြေးလွတ်အောင်ပြေး၊ မလွတ်လို့ကတော့ ကောင်မ ငါ့အကြောင်း[illegible]ကောင်းကောင်းသိစေရမယ်. . ."

"မသန်း. .မသန်း. . ."

မောင်မောင်ထွန်းကြိမ်းဝါးရင်း မသန်းကိုခေါ်သည်။ မသန်း[illegible]ည်း ထူးသံမကြားရတော့။

"တောက် ငါ့အကြောင်းသိရဦးမှာပေါ့ မိရည်မွန်ရာ. ."

တက်တစ်ချက်ကိုပြင်းပြင်းခေါက်ပြီး မောင်မောင်ထွန်းသည် [illegible]ကိမသင်ပဲ ထားသည့် ပါးသိုင်းမွေးထူးပျစ်နှင့် မျက်နှာကြီးကို [illegible]ရန်မဲ့ရွဲ့ကာဖြင့် ကြိမ်းဝါးလိုက်၏။ ။

❖ ❖ ❖

(တစ်ဆယ့်နှစ်)

သည်နေ့ ဆရာဝန်နှင့်သွားပြရန် ဒေးဗစ်လာခေါ်မည်မို့ မေအုပ်စိုးသည် မင်းအုပ်စိုးအား နံနက်စာကအစကျွေးထားပြီး အားလုံးအသင့်ဖြစ်အောင် ပြင်ဆင်ထားပေးပြီဖြစ်၏။ ဂျင်းဘောင်းဘီအပြာရင့်ရောင်နှင့် အဖြူစင်းကလေးများပါသည့် အပြာနုရောင်ရှပ်လက်ရှည်ကို တံတောင်ဆစ်အထိသေသပ်စွာခေါက်ပြီး ဝတ်ထားပေးသည်။ ပြီးတော့ အဖြူနှင့်အပြာနှောထားသည့် ဖိနပ်ကိုစီးပေးထား၏။ မေအုပ်စိုးသည် မိမိဆင်ထားသည့် သူ့အသွင်ချောချောဆီ ပြုံးကြည့်နေပြီးမှ . . .

"အစ်ကို. .ဒီမှာ တုတ်၊ ကိုင်ထား၊ ဒီမှာမျက်မှန် တပ်ပေးမယ်နော်. . ."

ကြည်လင်အေးမြသာယာသည့် မေအုပ်စိုးစကားသံလေးနှင့် သူမ၏အပြုအစုတွင် သူသည် လွန်စွာမှ သာယာကြည်နူးခြင်းနှင့် ရင်ခုန်၍နေသည်ပါ။ သူသည် သူ့မအားလွန်စွာတွေ့ချင်မြင်ချင်နေပါပြီ၊ ပြီးတော့ သူမသည် မိမိကို တကယ်ချစ်ရဲ့လားဟုလည်း သိချင်သည်။ သူမမျက်လုံးလေးတွေထဲမှ စစ်မှန်သည့်အဖြေကို သူရှာမွေကြည့်ချင်နေရ၏။ သူတကယ်တောင်းတနေသည့်က သူမ၏စစ်မှန်သည့် ချစ်ခြင်းမေတ္တာနှင့် ပြည့်နေသော သူမ၏နှလုံးသားကိုပါ။ သူသည် ငြိမ်သက်စွာရှိဆဲ မေအုပ်စိုးသည် သူ့မျက်နှာထက် မျက်မှန်လေးကို တပ်ပေးလာ၏။

လှုပ်ရှားနေသောရင်အစုံဖြင့် သူ့လက်တစ်ဘက်သည် သူမ

ခါးလေးဆီကိုင်မိသွားသွားသည်။ မေအုပ်စိုးသည်လည်း သူ့ကို သောမျက်လုံးလေးတွေဝိုင်းကာ ကြည့်နေသည်ပါ။ သူသည် မှန်ကိုပြန်ချွတ်လိုက်ပြီး. . .

"မေ. . ."

"ရှင်. . ."

"ဥတိုမှာတုန်းက ကိုယ်ရေထဲကျသွားမှာကို ကိုယ့်အတွက် ဘကယ်ပဲစိုးရိမ်ခဲ့လားဟင်. . ."

"တကယ်ပေါ့ရှင်၊ ရှင့်ကိုထားခဲ့မိလို့ ကျွန်မကိုယ်ကျွန်မပဲ ခွင့်တင်မိတယ်. . .

"အစ်ကိုလို့ခေါ်ပါ မေရယ်၊ ဘာဖြစ်လို့ ရှင်ဖြစ်သွားရတာလဲ၊ သံယောဇဉ်ကြားကို နွေးနွေးထွေးထွေးခေါ်မှပေါ့ဗျာ. . ."

"အဟင်း. . .

သူဆိုတော့ မေ ရှက်ပြုံးပြုံးသည်။

"မေ့ရဲ့အပြုံးတွေကို မြင်ချင်လိုက်တာ၊ သိပ်လှမှာပဲလို့လည်း ကြည်တယ်. . ."

"တကယ်လို့ မေကရုပ်ဆိုးနေရင်ကော. . ."

"ဒီလိုအသံရှင်ဟာ ဘယ်နည်းနဲ့မှ ရုပ်မဆိုးနိုင်ဘူး. . ."

"ဒါဖြင့် မေ့ကို အစ်ကိုလက်ထပ်တာ ချောလို့လား. . ."

"နည်းနည်းတော့ မှန်တယ်၊ အထူးသဖြင့် မင်းရဲ့ကြင်နာဆွေးမှုတွေကို နှစ်သက်စွဲလမ်းမိတယ်ဆိုရင် ပိုပြီးမှန်မယ်. . ."

"တကယ်လား အစ်ကို. . ."

"သက်သေပြမယ်. . ."

"ဘယ်လိုသက်သေလဲ. . ."

"ငြိမ်ငြိမ်လေးနေ. . ."

သူဆိုရင်း လက်တစ်ဘက်က မေခါးလေးမသိုင်းဖက်ထား၊ လက်တစ်ဘက်က မေမျက်နှာလေးကို စမ်းကိုင်ကာ သူတို့မျက်နှာချင်း နီးစပ်ပူးကပ်တော့မည်အပြု. . .

"အာ ဆောရီးဗျာ. . ."

"ဟင် အို အဟင်း. . ."

"အဟွန်း ဒေးဗစ်. .မင်းတော့လေ. . ."

"ဆောရီးလို့ တောင်းပန်ပြီးပြီပဲလေ၊ သိရင် ကိုယ်ဘယ်ဝင် ခွဲပါ့မလဲ အဟွန်း. .ဟွန်း. . ."

"တော်ပါတော့ရှင်၊ ကဲ အစ်ကို ရော့ ဒီမှာ တုတ်၊ ဒီမှာ မျက်မှန် . . ."

တုတ်တွေ မျက်မှန်တွေကိုပြန်ပေးပြီး မေအုပ်စိုးသည် ရှက် မျက်နှာလေးရဲရဲဖြင့် မီးဖိုထဲဝင်သွားတော့မည်အပြု. . .

"မေအုပ်စိုး. .ခင်ဗျားယောကျ်ားအသင့်ဖြစ်ပြီလား. ."

"ဟုတ်ကဲ့ ဖြစ်ပါပြီ၊ ခေါ်သွားလို့ရပါပြီ. . ."

"အဟွန်း ဟွန်း ကဲ သူငယ်ချင်း. .လာ သွားကြရအောင် သူငယ်ချင်းရေ ကိုယ့်ကြောင့်ရှက်သွားတဲ့ မင်းမိန်းမရဲ့မျက်နှာလေးကို မင်းကိုသိပ်မြင်စေ့ချင်တာပဲ. . ."

"သိပ်လှနေလား ဒေးဗဏ်. . ."

"ဟုတ်တယ်၊ သိပ်လှတယ်၊ မျက်လုံးလေးတွေက တောက်ပြီး မျက်နှာလေးကရဲတွတ်နေတာပဲ. . ."

စကားခံတွေပြောရင်း သူငယ်ချင်းနှစ်ယောက် အိမ်မှထွက်သွား လိုက်သည်။ မင်းအုပ်စိုးနှင့်ဒေးဗစ်တို့ကားလေး ထွက်သွားသည်တွင် မေအုပ်စိုးနှင့် ဂျူးတို့သည်လည်း စျေးသို့ထွက်ခဲ့လိုက်ကြသည်၊ ရပ်ကွက်တွင်းရှိသည့် စျေးမို့လည်း အေးအေးဆေးဆေးသွားလာပြီး

သိခြင်းလို့ရသည်။ စျေးတွင်သစ်သီးဝလံနှင့် ဘုရားပန်းတွေဝယ်ပြီး နှံလာခဲ့ကြ၏။။ အိမ်ရောက်သည်နှင့် မေအုပ်စိုးသည် သစ်သီးတွေကို ရွေးဆေးပြီး ခြင်းကလေးထဲထည့်ကာ ထမင်းစားပွဲတွင် ထားထားသိုက်သည်။ ပြီးတော့ ဘုရားပန်းအိုးကိုယူပြီး သေချာဆေးကြော၊ ပန်းတွေလဲလိုက်သည်။

"မမမေ. . ."

"ပြော ဂျူးဂျူး. . ."

"ကိုကိုကြီးတို့က ဆေးရုံမှာ မျက်စိသွားပြတာလား. ."

"ဟုတ်တယ်လေ၊ မကြာခင် မျက်စိခွဲရတော့မယ်တဲ့. ."

"ကိုကိုကြီးမျက်လုံးတွေ မြန်မြန်ပြန်မြင်လာပါစေ၊ ဒါမှ ဂျူးတို့ဒီထက်ပိုပြီး လျှောက်လည်ကြရမှာ. . ."

"အဟင်း လည်ရမှာပါ မောင်လေးရယ်၊ မပူပါနဲ့ ကိုကိုကြီး အတွက်သာ မျက်စိပြန်မြင်ဖို့ ဆုတောင်းပေးနော်. . ."

"ဟုတ်ကဲ့ပါ. . ."

"ကဲ မမမေ ဘုရားပန်းအိုးတွေသွားတင်လိုက်ဦးမယ်နော်၊ ဦးရင် ထမင်းဟင်းကောင်းကောင်းချက်ကျွေးမှယ်. ."

မေဆိုရင်း ဘုရားပန်းအိုးတွေယူကာ အပေါ်ထပ်သို့ တက်သွားလိုက်လေ၏။

× × × × ×

(× ×)ဟိုစာယ်ထဲသို့ အငှားကားလေးတစ်စီး ဝင်ရောက် လာသည်။ ဆင်ဝင်အောက်အရောက် ဟိုတယ်ဝန်ထမ်းလေးတွေက ကားတံခါးဖွင့်ဆီးကြို၏။ ရည်မွန်လှိုင်ပါ။ မုန်သည်။ ရည်မွန်လှိုင်သည် မိမိရန်ကုန်သို့လာတိုင်း တည်းလေ့ရှိသည့် ဟိုတယ်နှစ်ခု၊

သုံးခုထဲမှ စိတ်ကြိုက်တစ်ခုကိုရွေးချယ်ကာ လာရောက်ခဲ့ခြင်းဖြစ်၏။

"အစ်မ. .မလာတာကြာပြီနော်. . ."

"အေး ဟုတ်တယ်၊ မလာတာကြာတဲ့အတွက် ဒီတစ်ခါ ကြာကြာနေမယ်. . ."

"ဟုတ်ကဲ့ခင်ဗျာ ကြိုဆိုပါတယ်. . ."

ဧည့်ကြိုကောင်တာမှ စိတ်ကြိုက်အခန်းတစ်ခုကိုပြောပြီး အခန်းသော့ကိုယူလိုက်သည်။ အလုပ်သမားလေးတွေက ပစ္စည်းတွေကို အခန်းထဲလိုက်ပို့ကြသည်။ အခန်းထဲအရောက်မတော့ ရည်မွန်လှိုင်သည် အခန်းတံခါးကိုပိတ်လိုက်ပြီး အိပ်ယာကြီးထက် ပစ်လဲအိပ်ချလိုက်လေ၏။

"ဟူး ခုမှပဲ စိတ်အေးသွားတော့တယ်၊ ဟိုအမူးကောင်နဲ့ လမ်းခွဲမယ့်ကိစ္စတွေကိုလည်း လုပ်ရမယ်၊ ပြီးတော့ ကိုမင်းအုပ်စိုးတို့ ဘယ်မှာရှိတယ်ဆိုတာ ကိုဒေးဗစ်ဆီသွားစုံစမ်းရမယ်၊ ဟိုတိုက်ကြီးက ရောင်းလိုက်ပြီလို့ ပြောသံကြားတယ်၊ ဒီတော့ သူတို့အကောင်းစား ဟိုတယ်တွေမှာတည်းနေမှာသေချာတယ်၊ ချူးဆိုတဲ့ကောင်မလေးဆီ ငါဖုန်းဆက်မေးခဲ့ရင်ကောင်းသား၊ အိုး မမေးတာလည်းကောင်းပါ တယ်၊ ငါရန်ကုန်လာတာ သူတို့မသိရင်ပိုကောင်းတယ်၊ ဒီကောင်မ လေးကြည့်ရတာလည်း သိပ်မဟုတ်ဘူး၊ ကဲ ပင်ပန်းတယ်၊ တစ်ရေး အိပ်လိုက်မယ်၊ ညနေလောက်မှ ကိုဒေးဗစ်နဲ့သွားတွေ့မယ်. . ."

(× ×)ဟိုတယ်တွင် စိတ်ကူးပျော်တွေနှင့် ရည်မွန်လှိုင် တစ်ယောက် ရှောင်ရှိနေဆဲအချိန်များ၌ မင်းအုပ်စိုး၏တိုက်ကြီးတွင်ကား မေအုပ်စိုးသည် မီးဖိုထဲ ထမင်းဟင်းတွေကို စမတ်ကျကျလေး ချက်ပြုတ်နေသည်ပါ၊ မီးဖိုထဲ ထမင်းဟင်းချက်နေသည့် မေအုပ်စိုး အသွင်က တစ်ချို့အိမ်ရှင်မတွေလို ဖရိုဖရဲမရှိ။ ထမင်းဟင်းတွေ

နေသော်လည်း မေအုပ်စိုးအသွင်လေးက စတိုင်လှလှ စမတ် ကျရှိ၏။ မေအုပ်စိုးတို့သုံးယောက်စလုံးက အချက်ကိုမကြိုက်၊ ဆေးလိပ်နှင့်အကင်ကိုသာကြိုက်ကြသည်မို့ မေအုပ်စိုးသည် သားငါး ကိုပဲပါင်းသည်၊ ကင်သည်။ အဆီနည်းနည်း အသားများများ ကိုက်ဖက်သည့် ဝက်သားကို အမွေးအကြိုင်နှင့် အရောင်တွေသုတ် သင်ပြီး ကင်စက်ထဲထည့်လိုက်သည်။ ကြက်သားစွပ်ကိုလည်း ဆင်ပြီး စက်ထဲပင်ထည့်လိုက်သည်။ ပြီးတော့ ခရမ်းချဉ်သီးအစိမ်း သုပ်ဖို့ပြင်ဆင်ထားသည်။ ပုဇွန်ထုပ်ကိုကြက်သွန်နီအကွင်းလိုက် အချို်ကြော်ထားပြီးပြီဖြစ်၏။

"တီး. . ."

"ဟော မမမေရေ. .ကိုကိုတို့ပြန်လာကြပြီ၊ ကျွန်တော် တံခါးဖွင့်ပေးလိုက်မယ်. . ."

ဂျူဂျူးဆိုရင်း တံခါးသွားဖွင့်ပေးသည်။ မင်းအုပ်စိုးနှင့် ဒေးဗစ်တို့နှစ်ယောက် တိုက်ထဲသို့ဝင်ခဲ့သည်တွင် မေအုပ်စိုးသည် ဧည့်ဆောင်ထဲမှ ထွက်လာပြီး မင်းအုပ်စိုးကိုကြိုဆိုတွဲခေါ်ကာ ဧည့်ခန်း အကြီးတွင်ထိုင်စေလိုက်၏။ သူတို့အားလုံး ဧည့်ခန်းတွင်ထိုင်ဖြစ် သည်တွင် မေအုပ်စိုးသည် ဒေးဗစ်ထံကြည့်ရင်း. . .

"ကိုဒေးဗစ် ဆရာဝန်ကဘာပြောလဲဟင်. . ."

"မျက်စိခွဲဖို့ ဆယ့်ငါးရက်လောက်ကြာဦးမယ်၊ ဒီကြားထဲ ဆေးစစ်ထားရမယ်. . ."

"ဩော် ဟုတ်ကဲ့၊ ဆေးရုံတက်ဖို့ လိုအပ်တာတွေအားလုံး ပြင်ပြင်ဆင်ထားပါ့မယ်၊ အစ်ကို .ဘာမှစိတ်မပူနဲ့နော်၊ စိတ်အေး အေးထား၊ စိတ်မလှုပ်ရှားနဲ့နော်၊ အစ်ကို့အတွက် ဆုတောင်းပေးမယ်"

သူ့လက်ကိုဆုပ်ကိုင်ကာ မေအုပ်စိုး အားပေးစကားဆိုတော့

သူသည် မေအုပ်စိုးဇော်ထိုသို့သော နွေးထွေးမှုကွေကို နှစ်သက်ရသော်ပါ။ မေအုပ်စိုးဇော်လက်ကလေးတွေကို သူ နမ်းလိုက်သည်။ ပြီးတော့ သူ့ရင်ခွင်တွင် မေဇော်လက်ကလေးကို ဖိကပ်ထားလိုက်ဇော်။ ဒေးဗစ်သည်လည်း မင်းအုပ်စိုးနှင့် မေအုပ်စိုးတို့ထံပြုံးရွှင်ကြည်နေဖြစ်သည်။ မှန်သည်။ မင်းအုပ်စိုးဘဝတွင် ထိုမျှချောမောလှပသလောက် စိတ်သဘောထားဖြူစင်ဖြောင့်မတ်ပြီး ကြင်နာနွေးထွေးမှုပေးနိုင်သည် မိန်းမချောအား ရွေးချယ်ရရှိသွားသည့်အတွက် ဝမ်းမြောက်ကျေနပ်ဖြစ်ရခြင်းပါတည်း။

× × × × ×

"ကိုဒေးဗစ်. . ."

"ဟင် ရည်မွန်လှိုင်. . ."

မိမိခြံထဲဝင်တော့မည့်ဆဲဆဲ နောက်မှခေါ်လိုက်သံကြောင့် ဖြတ်ခနဲ ဒေးဗစ်လှည့်ကြည့်ဖြစ်သည်။ ရည်မွန်လှိုင်ကိုတွေ့သည်တွင် ဒေးဗစ်မှာ နွတ်ခမ်းဟဟဖြစ်သည်အထိ အံ့သြသွားဖြစ်ရဇော်။ ရည်မွန်လှိုင်မှာ ဒေးဗစ်အနီးလှမ်းလာရင်း. . .

"ရည်မွန်.ကိုမြင့်တာနဲ့ ဘာကြောင့်ဒီလောက်အံ့သြသွားရတာလဲ. . .

"အံ့သြတာပေါ့၊ မင်းပျောက်နေတာကြာပြီပဲ၊ ဒါနဲ့ မင်းအိမ်ထောင်ကော အဆင်ပြေရဲ့လား. . ."

"မပြေဘူး၊ ကွဲနေတာကြာပြီ. . ."

"သြော် ဒါနဲ့ မင်းဒီကိုဘာလာလုပ်တာလဲ. . ."

စဉ်းစားမိသလို တွေးမိသလိုနှင့် ဒေးဗစ်မေးသည်။ ရည်မွန်လှိုင်ကလည်း မိမိအားမလိုလားကြောင်း ဒေးဗစ်မျက်နှာကိုကြည့်ခြင်း

အားဖြင့်သိသည်ပါ။ သို့သော်လည်း ရည်မွန်လှိုင်က မျက်နှာပြောင်ကြောင်ပင်ထားရင်း. . .

"ကိစ္စရှိလို့လာတာပါ၊ ဒါနဲ့ ကိုမင်းအုပ်စိုးလည်း မိန်းမရသွားပြောတယ်. . ."

"ဟုတ်လား ကိုယ်တော့မသိဘူး၊ သူနဲ့ အဆက်အသွယ်မရှိတာနေတာကြာပြီ၊ ဒါနဲ့ မင်းက ဒီကိုဘယ်တုန်းကရောက်လာလဲ"

"မကြာသေးပါဘူး၊ ကိုဒေးဗစ်ကိုသတိရတာနဲ့ လာခဲ့တာ"

"အဟုန်း သတိရတယ်ဆိုလို့ ဝမ်းသာပါတယ်ဗျာ၊ ကိုယ်သည်းပဲမအားပါဘူး၊ အဝတ်ပြန်လဲတာ ညစာစားပွဲသွားရဦးမယ်"

"အမလေး ကိုဒေးဗစ်အိမ်ထဲလည်း မဝင်ပါဘူးနော်"

"ငါလည်း မင်းကိုဧည့်မခံအားပါဘူး. . ."

"တစ်ခုမေးမလို့. . ."

"ဘာလဲ. . ."

"ဟို ကိုမြင့်အုပ်စိုးရဲ့တိုက်ကြီးကို ရောင်းလိုက်ပြီဆိုတာဟုတ်လား. . .

"အေးလေ၊ ရောင်းလိုက်တာကြာပြီပဲ၊ နင်ကအခုမှသိလား"

"သတင်းကြားတာပါ၊ မယုံလို့မေးကြည့်တာ၊ အခုသူတို့နေကုန်လာကြတယ်ဖြောတယ်. . ."

"ဟုတ်လား၊ ငါနဲ့တောင်မဆက်သွယ်သေးပါလား၊ ဆက်သွယ်ဆက်သွယ်မယ်နဲ့ကုတယ်၊ သူ မျက်စိလာကုတာပဲဖြစ်မယ်"

မှင်သေသေနှင့်ဆိုနေသည့် ဒေးဗစ်မျက်နှာကို ရည်မွန်လှိုင်သည်း ကောင်းကောင်းချက်ချိနေသည်။ ပြီးမှ. . .

"သွားတော့မယ်. . ."

"သွား သွား. . ."

မကျေမနပ်နှင့် သူ့ကိုမျက်စောင်းထိုးကာ ရည်မွန်လှိုင်ထွက်သွားလိုက်တော့၏။ တစ်ဆက်တည်းပင် သူကလည်းအိမ်တံခါးဖွင့်ကာ ပြေးဝင်ခဲ့ပြီး မင်းအုပ်စိုးထံဖုန်းဆက်လိုက်၏။

"ဟဲလို မင်းအုပ်စိုး. . ."

"ပြော ကိုယ်ပဲ. . ."

အနီးမှဖုန်းလေးမြည်လာ၍ ဖုန်းလေးကိုစမ်းကိုင်ပြီး မင်းအုပ်စိုးဆိုသည်။

"မင်းအုပ်စိုး. .မင်းနဲ့ ရည်မွန်လှိုင်အခြေအနေက ဘယ်လိုလဲ"

"ဘာအခြေအနေလဲ၊ သူနဲ့ကိုယ့်အကြောင်းတွေက အပေါ်ယံတင်ပါဗျာ၊ ဘာများအလေးအနက်ရှိလို့လဲ၊ သူ ကိုယ့်ကိုတွဲတာ ဂုဏ်ဒြပ်ကြောင့် ကိုယ်ကလည်း အားနာမှုနဲ့အပျင်းပြေပါပဲ၊ အရေးမပါပါဘူး. . ."

"ဒါတော့ ကိုယ်မသိဘူး၊ လူအတော်များများက မင်းနဲ့ သူ့အကြောင်းတွေကို သိကြတာပဲလေ. . ."

"အင်းလေ သူနဲ့ကိုယ် အကြောင်းရှိခဲ့တာ ကိုယ်လည်း မငြင်းပါဘူး၊ အခုက ဘာဖြစ်လို့လဲ. . ."

"ဖြစ်မဖြစ်တော့မသိဘူး၊ သူ ရန်ကုန်ရောက်နေတယ်၊ ခုလေးတင် သူ ကိုယ့်ဆီလာပြီး မင်းအကြောင်းတွေစုံစမ်းနေတယ်၊ သူက သိပ်လျင်တဲ့အမျိုးသမီးနော်၊ မင်းကိုတစ်ချက်ညာတာနဲ့ မင်းပျော်သွားမှာ၊ သူ့ကိုကြည့်ရတာ မင်းကို ပြန်ကပ်မယ့်ပုံပဲ. . ."

ဒေးဗစ်စကားတွေနားထောင်ပြီး မင်းအုပ်စိုးသည် တစ်ချက်ဖြင့် စဉ်းစားသွားရသည်။ ပြီးမှ. . .

"ကိုယ် လုံးဝစိတ်မဝင်စားဘူး၊ အရေးမပါတဲ့လူတွေကိုလည်း ဘယ်တော့မှခေါင်းထဲထည့်ပြီး စဉ်းစားမှာမဟုတ်ဘူး၊ ဒါပဲ . . ."

စကားအဆုံး သူ ဖုန်းကိုချပစ်လိုက်သည်။ သူ ဖုန်းချလိုက်သည်နှင့် သူ့အနီးသို့ မေအုပ်စိုးရောက်လာပြီး. . .

"အစ်ကို. .အပေါ်တက်မယ်နော်၊ အဝတ်လဲမယ်. . ."

မေအုပ်စိုးသည် ကြည်လင်တောက်ပသော အပြုံးတွေနှင့် သူ့မျက်နှာချောချောဆီကြည့်ပြီး သူ့ကိုဖေးမတွဲခေါ်ကာ အပေါ်ထပ်သို့ တက်ခဲ့လိုက်လေ၏။ မင်းအုပ်စိုးရင်ထဲမလည်း အသည်းကြားမှာ မေတစ်ယောက်တည်းကိုသာ မြတ်နိုးတွယ်တာရသည်က အမှန်ပါဟူသောအသိနှင့် ရင်ခုန်ကြည်နူးနေဖြစ်ရသည်ပါ။

× × × × ×

"သမီး ချူး. .ခုကတည်းက စဉ်းစားပြီး လိုအပ်တဲ့ပစ္စည်းတွေ သေချာထည့်ထားနော်. . ."

"မင်းပါ အမေရဲ့၊ ချူးတို့ကို လေဆိပ်ဘယ်သူလိုက်ပို့မလဲ"

"အမေအားလုံးစီစဉ်ထားပြီးပါပြီ၊ အမေတော့ လိုက်မပို့တော့ဘူး၊ တော်ကြာ သမီးဦးလေးက ရိပ်မိနေဦးမယ်. . ."

"အမေလိုက်မပို့လည်းရပါတယ်၊ ကားစီစဉ်ပေးရင်တော်ပြီ"

"အားလုံးစီစဉ်ထားပြီးပြီ၊ မပူနဲ့၊ အမေ့ဘက်ကတော့ အားလုံးသပ်ပေးလိုက်ပြီးပြီနော်၊ သမီးကသာ ဟိုရောက်ရင် ဘယ်လိုကြိုးစားမလဲဆိုတာသိတယ်မဟုတ်လား. . ."

"စိတ်ချပါ မေမေရယ်၊ ချူးကိုယ်တိုင်က ကိုကို့ကိုစိတ်ဝင်စားတယ်၊ ရအောင်ကြိုးစားမယ်. . ."

"အေး အဲဒီစိတ်မွေးရမယ်၊ ဒါမှငါ့သမီး ကြီးပွားချမ်းသာကွယ်၊ သမီးသိတယ်မဟုတ်လား၊ မင်းအုပ်စိုးက ဘယ်လောက်

ာတော့ ရည်မွန်လှိုင်သည် အကြံတစ်ခုရသွားဟန်ဖြင့် တစ်ကိုယ်
ာည်း ကျိတ်ပြုံးဖြစ်သွားရလေ၏။

❖ ❖ ❖

(တစ်ဆယ့်သုံး)

(× ×)ဆိပ်ယာ ဆောက်လုပ်ရေးခြံဝင်းကြီးထဲရှိ လုံးချင်း
နှစ်ထပ်တိုက်လှလှလေးထဲမှ ဒေးဗစ်သည် ကားသော့လေးကိုင်ကာ
သွက်လာ၏။ ဒေးဗစ်သည် မိမိခြံရှေ့မှစိုက်ထားသည့် ပန်းအိုးလေး
တွေဆီကြည့်ပြီး အနီးတွင်ပင်ထားသည့် ရေပန်းခရားပုံးကိုယူကာ
ရေနည်းနည်းဆီလောင်းပေးလိုက်သည်။ ထိုအချိန်များ၌ ဒေးဗစ်ခြံနှင့်
ကပ်စောင်းထိုးခြံရှေ့တွင် ရပ်ထားသည့် အငှားကားထဲမှ ရည်မွန်
လှိုင်သည် မနက်စောစောကပင်ရောက်လာပြီး ဒေးဗစ်၏သွားလာ
လှုပ်ရှားမှုတွေကို စိတ်ရည်လင်္ကာရည်နှင့် စောင့်ကြည့်နေသည်ပါ။

ဟင်း သူ မသိဘူးဆိုတာ ငါမယုံဘူး၊ သူသိကိုသိရမယ်၊
ဘမင် ငါ့ကိုမပြောပြပဲနေတာပဲဖြစ်မှာ၊ သိပ်မုန်းဖို့ကောင်းတဲ့လူ၊
မင်းအုပ်စိုးနဲ့သူနဲ့က ငယ်ငယ်ကတည်းကတွဲလာကြတဲ့လူတွေ၊ ဘာ
လှုပ်လုပ် တိုင်ပင်ကြတဲ့သူတွေ၊ မင်းအုပ်စိုး ရန်ကုန်လာမယ်ဆိုက

ချမ်းသာတယ်ဆိုတာ၊ မင်းအုပ်စိုးနဲ့ငါ့သမီးရရင် မေမေအညာပြန်ပြီး
တစ်လလုံးလုံး ထမင်းရေချောင်းစီးအောင် အလှူလုပ်ပြီးကြွေးပစ်လိုက်
လိုက်မယ်. . . "

"စိတ်ချ စိတ်ချ၊ ဒေါ်လေးကလည်း ကြိုးစားပေးမှာပါတဲ့
မေမေကြွားရစေ့မယ်. . . "

"အေး ဒီလိုမှပေါ့၊ ဒါနဲ့သမီး ရည်မွန်လှိုင်ဆီကို ဖုန်းဆက်
သေးလား. . . "

"မဆက်တော့ဘူး၊ ဒါပေမယ့် ကိုကိုတို့ရန်ကုန်မှာ ဆေး
သွားကုမယ့်အကြောင်းတော့ ပြောပြထားမိတယ်. . . "

"ရပါတယ်၊ ဒီမိန်းမက ဒီလောက်အရေးမပါပါဘူး၊ ကဲ
ရော့ သမီး ဒီမှာ အိမ်ခန်းသော့၊ လေယာဉ်လက်မှတ်သုံးစောင်နဲ့
ငွေထုပ်၊ ငွေလိုရင်မေမေ့ဆီ ဖုန်းဆက်မှာလိုက်. . . "

"ဟုတ်ကဲ့ မေမေ၊ ငွေကတော့ ကုန်မှာပဲ၊ ချူးက ဘယ်
သွားသွား ကားပဲငှားစီးရမှာဆိုတော့ ကားခကြွေချည်းပဲ အရမ်းကုန်မှာ"

"အေးပါ ဘယ်လောက်ကုန်ကုန်၊ ငါ့သမီးသာ မင်းအုပ်စိုး
ကို ရသွားရင် မေမေတို့ရင်းနှီးထဲ ရတာတွေက ပမ္မားပဲ. . . "

"ဟား ဟား ဟား. . . "

ခရီးသွားဖို့ပြင်ဆင်ရင်း ဒေါ်လှိုင်သွင်တို့သားအမိနှစ်ယောက်
မှာ ကိုယ့်အကြံကိုယ့်စိတ်ကူးတွေနဲ့ အားရကျေနပ်စွာ တဟားဟား
ရယ်မောနေဖြစ်ကြ၏။ မှန်သည်။ တောင်ကြီးမြို့တွင် ဒေါ်လှိုင်သွင်
တို့သားအမိနှစ်ယောက်မှာ တဟားဟားအော်ရယ်ပွဲဆင်နေကြဆဲ
အချိန်များ၌ ရန်ကုန်မြို့ရှိ (× ×)ဟိုတယ်တွင်းကား ရည်မွန်လှိုင်
တစ်ယောက်မှာ မင်းအုပ်စိုးအား မည်သို့ရှာဖွေရမှန်းမသိဖြစ်ကာ
စိတ်ကိုယ်တည်းစိတ်တွေတို့ ဒေါသဓာတ်ထွက်နေရလေ၏။ နောက်ဆုံး

တည်းက သူသိနေမှာပဲ၊ မင်းအုပ်စိုးက သူ့ဆီကိုဖုန်းမဆက်ပဲ
မဟုတ်ဘူး၊ ဟင်း ငါ့ကိုတမင်သက်သက် လိမ်လိုက်တာ၊ စိတ်
မရှိတဲ့ဘူ၊ မေအုပ်စိုးဆိုတဲ့မိန်းမနဲ့ကျတော့ သူ့သူငယ်ချင်းနဲ့ သ
တူတယ်ပေါ့လေ၊ ငါနဲ့တုန်းက ပွဲဖျက်တဲ့အထဲမှာ သူတောင်ပါ
တယ်၊ ဒေးဗစ်စုတ် သိမယ် ငါ့အကြောင်း၊ ငါနဲ့မင်းအုပ်စိုး
အဆင်ပြေမှ သူ့ကိုအပြတ်ခွာထုတ်ပစ်မယ်၊ ဟော ဟော့ .ဒီလော
အစောကြီး အိမ်ကထွက်တာ မင်းအုပ်စိုးဆီသွားတာပဲဖြစ်ရမယ်
"ကားဆရာ. .အခုထွက်လာတဲ့ကားနောက်က မျက်
မပြတ် လိုက်မယ်နော်. . ."

ရည်မွန်လှိုင်တွေးဆဲ ဒေးဗစ်ကားလေး ခြံထဲမှမောင်းထွ
လာ၍ ရည်မွန်လှိုင်သည် ကားဆရာကိုပြောပြီး ဒေးဗစ်ကားနောက်
လိုက်ခဲ့၏။ ဒေးဗစ်မှာ လုံးဝသတိမထားမိ၊ ရည်မွန်လှိုင်တစ်ယော
အကြံကြီးကြီးနှင့် ထိုမျှဒုက္ခခံလိမ့်မည်ဟုလည်း တွေးထင်မထား
ပါ။ ဒေးဗစ်ကားလေးသည် ရှေ့မှမှန်မှန်မောင်းနှင်နေသည်။ ရည်
လှိုင်စီးလာသည့် အငှားကားဆရာကလည်း နောက်မှ မှန်မှန်လိုက်
မောင်း၏။ မီးပွိုင့်တွေကို တစ်ခုပြီးတစ်ခု ကျော်ဖြတ်ခဲ့သည်
တက္ကသိုလ်ရိပ်သာလမ်းမကြီးပေါ်ရောက်တော့ ရည်မွန်လှိုင်
သဘောပေါက်သွားရပြီဖြစ်၏။

"ဩော် လက်စသတ်တော့ သက်သက်အမှားသတင်း
လွှင့်ထားတာကိုး၊ ဟိုတိုက်ကြီးကို ရောင်းမှမရောင်းတာ၊ တ
ငါ့ကိုလှည့်စားထားတာပဲဖြစ်ရမယ်၊ ဟင်း ခုတော့ ဘာတတ်နိုင်
လဲ. . ."

မဲ့ရွဲ့ကာ ရည်မွန်လှိုင်တွေးနေဆဲ ရှေ့မှ ဒေးဗစ်ကားလေးသည်
မင်းအုပ်စိုး၏ကြီးမားကျယ်ဝန်းလှသည့် ခြံကြီးထဲသို့ မောင်းဝင်သွ

ကိုက်ပြီကိုတွေ့လိုက်ရလေ၏။

"ကားဆရာ. .အဲဒီမှာပဲရပ်ပါ၊ ကျွန်မ ခဏစောင့်ကြည့်ဦး
မယ်. . ."

ကားဆရာကိုဆိုရင်း ရည်မွန်လှိုင်သည် ကားထဲတွင်ပင်
နေရင်း ခြံကြီးထဲသို့ချောင်းကြည့်သည်။ ခြံပြင်တွင် ရည်မွန်လှိုင်
တစ်ယောက် စိတ်ကူးကြံစည်မှုတွေနှင့် ရှိနေဆဲအချိန်များ၌ မင်းအုပ်
စိုး၏တိုက်ကြီးထဲတွင်ကား. . .

"ကဲ ကိုယ်ရောက်ပြီဗျာ၊ အားလုံးပြီးကြပြီလား၊ အသံပေး
ပြီးမှ ဝင်လာတာနော် အဟတ် ဟတ်. . ."

"ကိုဒေးဗစ်ရယ် ဒီလိုမပြောပါနဲ့ရှင်၊ အားလုံးအဆင်သင့်ပါ"

မေအုပ်စိုးမှာ မျက်နှာလေးပန်းသွေးကြွယ်ကာဆိုရင်း ဂျူး
အတွက် ကျောပိုးအိတ်ကလေးနှင့် ဦးထုပ်ကိုယူပေးပြီး မင်းအုပ်စိုး
ကို မျက်မှန်တပ်ပေးသည်။ ပြီးတော့ မင်းအုပ်စိုးလက်ထဲ တုတ်ကို
ထည့်ပေးပြီး ထိုင်ရာမှဖေးမထစေ၏။

"အစ်ကို. .မေ ကားနားအထိလိုက်ပို့မယ်နော်. . ."

"ရပါတယ်၊ ကျွန်တော် တွဲသွားပါ့မယ်. . ."

"ငါ့မိန်းမပဲ ငါ့ကိုလိုက်ပို့ပါစေကွာ၊ မင်းကလည်း အလိုက်
ကိုမသိဘူး. . ."

"ဩော် မှားပါတယ် ကိုယ်တော်ရယ်. . ."

"အဟွန်း. .ဟွန်း. . ."

သူတို့ရယ်လိုက်ကြသည်။ ပြီးတော့ ကားထုတ်ထားသည့်
ဆင်ဝင်အောက်ဆီသို့ သူတို့ထွက်ခဲ့ကြ၏။ မေအုပ်စိုးက သူ့ကို
ကားပေါ်ကောင်းမွန်စွာတင်ပေးသည်။ မင်းအုပ်စိုးသည် မေအုပ်စိုး
လက်ကလေးဆီသို့ ပြန်လည်ဆုပ်ကိုင်လိုက်ပြီး. . .

"မေ. .ကိုယ့်အတွက် စိတ်မပူနဲ့နော်၊ အစ်ကိုပြန်လာရ
မေချက်ထားတဲ့ ထမင်းဟင်းတွေကို ကောင်းကောင်းစားမယ်၊ အစ်
မြန်မြန်ပြန်လာမယ်၊ အစ်ကို့ကိုမျှော်နေနော်. . ."

"အဟင်း ဟုတ်ကဲ့ပါ. . ."

"သဲတယ်ဗျာ၊ ဆရာဝန်ဆီခဏလေးသွားမယ့်ကိစ္စကို
နေလိုက်တာ. . ."

"မင်းကပြောမှာပေါ့၊ ချစ်ရတဲ့မိန်းမမှမရှိသေးတာ. . .

"ထားပါတော့ဗျာ၊ ကဲ အခုဘယ်လိုလဲ၊ စကားပြောဦး
လား၊ မောင်းရတော့မလား. . ."

"အဟင်း ဟင်း ကိုဒေးဗစ်ရယ် မောင်းပါတော့ရှင်. . .

"မမမေ. .တာ့တာ. . ."

ရယ်မောစွာ သူတို့နှုတ်ဆက်ပြီး ဒေးဗစ်သည် ကားဘေး
အား မောင်းထွက်သွားလိုက်ပါတော့၏။ ဒေးဗစ်ကားလေး ခြံဝင်
အရောက်မတော့ စောင့်ကြည့်နေသည့် ရည်မွန်လှိုင်သည် ကားထဲ
ဘယ်သူတွေပါသွားသည်ကို သေချာစေ့စေ့လှမ်းကြည့်လိုက်ပြီး ကျေ
စွာပြုံးဖြစ်သွားလိုက်ရလေ၏။ ထို့နောက် ရည်မွန်လှိုင်သည် ခြံ
သို့ဝင်ခဲ့လိုက်၏။ ဆင်ဝင်အောက်အရောက်၌ ရည်မွန်လှိုင်သ
တစ်ချက်မျှ နှုတ်ခမ်းစေ့ကာ စဉ်းစားသလိုရှိပြီးမှ လူခေါ်ဘဲလ်ကို
ကိုနှိပ်လိုက်လေ၏။

"ကရင်း ရင်း ရင်း. . ."

လူခေါ်ဘဲလ်သံကြောင့် မေအုပ်စိုးသည် အိမ်သန့်ရှင်း
တွေ လုပ်နေရင်းမှ တစ်ခုခုမေ့ကျန်ခဲ့၍ မင်းအုပ်စိုးတို့ တစ်ခုခုမေ့
ခဲ့၍ ပြန်လာကြသည်အထင်နှင့် အိမ်တံခါးကိုအပြေးကလေး သွ
ရောက်ဖွင့်ပေးလိုက်သည်။ ထိုအခါ ရည်မွန်လှိုင်ကို မမျှော်လင့်

လိုက်ရသည်တွင် မေအုပ်စိုးသည် လွန်စွာအံ့သြသွားရရှာ. .

"သြော်. . ."

သြော်ဟုဆိုကာ ဘာဆက်ပြောရမှန်းမသိပဲ ကြောင်ကြည့်နေ
ရည်မွန်လှိုင်သည် နှုတ်ခမ်းတွန့်ကာ အထက်စီးနှင့်မေအုပ်စိုးထံ
ကြည့်ရှာ. . .

"ဘာလဲ တို့ကအိမ်ထဲဝင်ခွင့်မရှိဘူးလား၊ တို့က ဒီအိမ်မှာ
နေခဲ့ဖူးတဲ့သခင်မပါ. . ."

"အို ဟို မဟုတ်ပါဘူး၊ ဝင်ပါရှင်. . ."

အေးဆေးအားနာစွာနှင့် မေအုပ်စိုးဆိုတော့ ရည်မွန်လှိုင်သည်
အုပ်စိုးထံ မလိုတမာနှင့် နှိမ့်ချသောအကြည့်တွေနှင့်ကြည့်ကာ
အိမ်ရှင်မကြီးစတိုင် ခပ်ကျော့ကျော့ပင် တိုက်ထဲသို့ဝင်ရောက်သွား
ခဲ့လေ၏။ တိုက်ထဲအရောက်၌ ကောင်းပေ့ဆိုသော ဖိမ်ခံပစ္စည်း
ဘွနှင့်သာပြည့်နေသည့် ဧည့်ခန်းကြီးဆီကြည့်ပြီး ရည်မွန်လှိုင် အံ့သြ
ခြင်းဖြစ်သည်။ တကယ်တော့ ရည်မွန်လှိုင်သည် ထိုတိုက်ကြီးဆီသို့
လှည့်သည်အနေနှင့် တစ်ကြိမ်တစ်ခါရောက်ဖူးခဲ့ခြင်းပါတည်း။ ရည်
မွန်လှိုင်သည် မိမိနေထိုင်ခဲ့ဖူးသည့်အိမ်ကဲ့သို့ ဟန်လုပ်ရင်း မေအုပ်စိုးထံ
ဆောလိုစိတ်၊ မကျေနပ်စိတ်တွေဖြင့် မသိမသာစွေကြည့်ရင်းက. .

"မောင်တို့ကော ဘယ်သွားလဲ၊ မောင် အိပ်ယာကနိုးပြီလား၊
ကော်လုံးရောပြပြီးပြီလား၊ ဘယ်နေ့ခွဲမလဲ. . ."

"အပြင်သွားကြပါပြီ၊ မျက်လုံးတော ပြနေတယ်ပြောတယ်၊
သေချာတော့ မေလည်းမသိသေးပါဘူး၊ စောင့်နေပါ၊ သူတို့ မကြာခင်
ပြန်လာကြမှာပါ. . ."

အေးဆေးစွာပင် မေအုပ်စိုးဆိုသည်။ မှန်သည်။ မေအုပ်စိုး
သည် မင်းအုပ်စိုးနှင့်ရည်မွန်လှိုင်တို့၏ ပတ်သက်ခဲ့ကြပုံတွေကိုလည်း

သိထားပြီးပြီမို့ စိတ်ထဲအထွေးအထူးဖြင့်မရှိ၊ သည့်အတွက် အေးဆေးစွာပင် ပြောဆိုဆက်ဆံဖြစ်သည်။ ရည်မွန်လှိုင်သည်က မေအုပ်စိုး၏ ထိုသို့သောအေးစက်မှုကလေးနှင့် နပျိုလှပသိမ်မွေ့မှုကလေးတွေဆီ ကြည့်ပြီး ပို၍ပို၍မနာလိုမချစ်မခံဖြစ်ရသည်ပါ။ မေအုပ်စိုးသည် သူတို့ချင်း ရင်နှီးကျွမ်းဝင်ပြီးသားသူတွေမို့ အထူးပြောစရာမလိုတော့ဟုထင်ကာ မီးဖိုဆောင်ဘက်သို့ ဝင်ရောက်သွားလိုက်သည်။ ဧည့်ခန်းထဲတွင် ရည်မွန်လှိုင်သည်က တိုက်ကြီး၏ဧဧမ်ခံပစ္စည်းတွေဆီ တအံ့တသြကြည့်ရင်း မေအုပ်စိုးအပေါ် သဝန်တိုစိတ်တွေကြီးထွားရင်းက မင်းအုပ်စိုးအား ပြန်ရရှိဖို့ မည်သို့ကြံဖန်ရမည်ဟူသော အကြောင်းများအား စဉ်းစားဆွေးတောအကြံတွေထုတ်နေဆဲ. . .

"ကရင်း ရင်း ရင်း. . ."

အိမ်ရှေ့မှဘဲလ်မြည်လာ၍ ရည်မွန်လှိုင်သည် အတွေးများပြတ်တောက်သည်အထိ လန့်ဖြန့်သွားရင်း ရုတ်ချည်းပင်လည်း နေရာမှထကာ အိမ်ရှေ့တံခါးကိုသွားရောက်ဖွင့်ပေးလိုက်ပြီး. . .

"ဟင် ပြန်လာကြပြီလား၊ မြန်သားပဲ. . .

ရည်မွန်လှိုင်၏ဆီးကြိုသံကြောင့် မင်းအုပ်စိုးမျက်နှာချောချော သည် သုန်မှုန်တင်းမာသွားရပြီး. . .

"အခုပြောတာ ဘယ်သူလဲ. . ."

"မောင်. .ရည်မွန်ပါ၊ ရည်မွန့်အသံတောင် မောင်မမှတ်မိတော့ဘူးလား၊ ကဲ လာပါ ရည်မွန်တွဲပါ့မယ်. . ."

"ရည်မွန်လှိုင်. .မင်းဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

ဒေးဗစ်က ဝင်မေးသည်။ ရည်မွန်လှိုင်က အရေးမလုပ်သလို နှင့် မင်းအုပ်စိုးကိုဖက်သလို တွဲသလိုနှင့် ဖက်တွဲတွဲကာ အိမ်ထဲဝင်မည်ပြုတော့ မင်းအုပ်စိုးသည်တွန်းပစ်လိုက်ပြီး ဒေးဗစ်ကိုသာ

မ်းဆွဲနေ၍ ဒေးဗစ်သည်ပင် သူ့ကိုတွဲထားလိုက်ရပြီး. . .

"ရည်မွန်လှိုင်. .မင်းကိုတော့ ငါအံ့သြတယ်. . ."

ထိုမျှသာ ဒေးဗစ်ဆိုပြီး မင်းအုပ်စိုးကိုတွဲကာ တိုက်ထဲဝင်သွားတော့ ရည်မွန်လှိုင်သည် ဆင်ဝင်အောက်တွင်ပင် ကျန်ရစ်ခဲ့လေသည်။ ဤကား ရည်မွန်လှိုင်ဝင်မလာနိုင်အောင် တံခါးကိုပိတ်ပစ်ခဲ့သည်။ ဧည့်ခန်းထဲအရောက်မတော့ မေအုပ်စိုးသည် ဒေးဗစ်လက်ထဲမှ သူ့ကိုသွားရောက်တွဲကာခေါ်သည်။ မင်းအုပ်စိုးသည် မျက်နှာထားကြီးနှင့် မေအုပ်စိုးလက်ကလေးဆီ မချင့်မရဲဆွဲကိုင်ထားလိုက်လေ၍...

"အစ်ကို စိတ်ဆိုးနေတာလားဟင်. . ."

"ဟင်း. . ."

မေအုပ်စိုးကမေးသည်တွင် မင်းအုပ်စိုးကမဖြေ၊ ဒေးဗစ်ကသက်မမောကိုချပြီး. . .

"မမေအုပ်စိုး. .ဟိုအမျိုးသမီးဘယ်တုန်းကရောက်တာလဲ၊ ဘယ်လိုရောက်လာတာလဲ၊ ဘာတွေပြောသေးလဲ. . ."

"ဘယ်လိုရောက်လာတာလဲတော့ မေလည်း မသိဘူး၊ သူရောက်လာတာကတော့ ကိုဒေးဗစ်တို့ထွက်သွားတာနဲ့ ရောက်လာတာပဲ. . ."

"ဒါဆိုကြာပြီပဲ. . ."

"အင်း ဆိုပါတော့. . ."

"သူ မေအုပ်စိုးကို ဘာတွေပြောသေးလဲ. . ."

"တခြားတော့ ဘာမှမပြောပါဘူး. . ."

အားလုံးက ရည်မွန်လှိုင်အား မလိုလားလသို့ မေအုပ်စိုးကို့လိုက်၍ စိတ်ထဲတစ်မျိုးဖြစ်သွားရသည်။

"မေ. .မင်းဘာဖြစ်လို့ သူ့ကိုအိမ်တံခါးဖွင့်ပေးရတာလဲ"

"ရှင်. .သူဟာ ကျွန်မအတွက် ဧည့်သည်မဟုတ်ဘူးလား ပြီးတော့ သူက ကျွန်မထက် ဒီအိမ်နဲ့ပိုပြီးရင်းနှီးတဲ့သူ၊ ကျွန်မ သူ့ကိုတံခါးမဖွင့်ပေးပဲထားရင် ဘယ်လိုဖြစ်မလဲ. . ."

"ဘာပြောတယ်. . ."

"ကျွန်မ မသိဘူး. . ."

ထို့မျှသာပြောပြီး စိတ်ရှုပ်ထွေးစွာဖြင့် မေအုပ်စိုးသည် နေရာမှ ထထွက်သွားလိုက်လေတော့၏။ သည်တော့လည်း မင်းအုပ်စိုးသည် စိုးရိမ်တကြီးဖြင့် ထိုင်ရာမှထရပ်လိုက်ပြီး. . .

"မေ. . .

"မင်းအုပ်စိုး. .ညကျမှပဲချော့ပါကွာ၊ ကဲ ကိုယ် ဟိုအမျိုးသမီးကို စကားနည်းနည်းသွားပြောလိုက်ဦးမယ်. . ."

ဒေးဗစ်ဆိုပြီး အပြင်သို့ထွက်ခဲ့လိုက်သည်။ ခြံထဲမတော့ ရည်မွန်လှိုင်ကား ရှိနေဆဲပါပင်၊ ဒေးဗစ်သည် ရည်မွန်လှိုင်ထံ စိတ်ပျက်စွာကြည့်လိုက်ပြီး. . .

"မင်းဘယ်လိုရောက်လာတာလဲ. . ."

"ရှင်ကဘာဖြစ်လို့ လိမ်လဲ. . ."

"ငါလိမ်တာကို မင်းသဘောပေါက်ရမှာပေါ့ကွ"

"အိုး ရည်မွန်က ဘာဖြစ်နေလို့လဲ. . ."

"ဒါတော့ မင်းကိုယ်မင်းအသိဆုံးပေါ့၊ အခု ငါပြောချင်တာက မင်းဒီမှာလာပြီး စိတ်အနှောင့်အယှက်မပေးပါနဲ့၊ သူက ရောလာကုတာ၊ မင်းအခုသွားပါ. . ."

"ဟိုမိန်းမက ကျွန်မအကြောင်း ဘာပြောလဲ. . ."

"မေအုပ်စိုးက မင်းအကြောင်းဘာသိလို့ ပြောရမှာလဲ မင်းဟာမင်းမလုံဖြစ်နေတာလား၊ ကဲ မင်းထွက်သွားပါ၊ ဒီကို မလာ

ပါနဲ့၊ မင်းအုပ်စိုး စိတ်ဆိုးနေတယ်. . ."

ဒေးဗစ်စကားအတွက် ရည်မွန်လှိုင်သည် မကျေမနပ်ဖြစ်ကာ နှုတ်ခမ်းကိုက်ထားဖြစ်၏။ ဒေးဗစ်ကလည်း ဂရုမစိုက်၊ ပြောပြီးသွက်သွားလိုက်၏။

× × × × ×

ညအိပ်ယာဝင်ကြတော့မည်မို့ မေအုပ်စိုးသည် ကုတင်အောက်၌ မိမိအိပ်ယာလေးကို ခင်းလိုက်သည်။ ဂွမ်းကပ်ပါးပါးခင်းပြီး ခေါင်းအုံးနှင့်စောင်ကိုယူချလိုက်သည်။ ပြီးတော့ မေအုပ်စိုးသည် အသက်နှင့်ထားသည့် အဲယားကွန်းတွေဆီ စိတ်ညစ်စွာမော့ကြည့်ပြီး စောင်ခြုံကာကွေးကွေးလေးအိပ်လိုက်ရပါတော့၏။

ထိုအချိန်၌ပင် အခန်းထဲသို့ တဒေါက်ဒေါက်နှင့် မင်းအုပ်စိုး ဘစ်ယောက် ဝင်ရောက်လာသည်။ မင်းအုပ်စိုးသည် အိပ်ယာနံဘေးနားအရောက် သူသည် ထိုင်လိုက်ပြီး တုတ်ကိုခေါက်ကာ ခေါင်းရင်းဘားပွဲထက် တင်ထား လိုက်သည်။ ပြီးတော့ သူသည် အိပ်ယာထက်သို့အိပ်လိုက်သည်နှင့် လက်တစ်ဘက်က အလိုအလျောက် မေအုပ်စိုးနေရာလေးအား စမ်းမိ ပြီးသားဖြစ်၏။

"ဟင် မေ. . ."

မေအုပ်စိုးမရှိသည်တွင် သူ မနေတတ်အောင်ခေါ်လိုက်သည်။ သူ့အသံကြား၍ မေအုပ်စိုးကားကြောက်လွန်း၍ မျက်နှာလေးကို ရှုံ့မဲ့၍ထားကာ တိတ်တိတ်တိတ်ကလေးနေ၏။ သူက မေ အနားတွင် မရှိ၍ မနေတတ်သလိုဖြစ်ကာ မေ့ကိုလိုက်၍စမ်းသည်။ ကုတင်ခေါင်းရင်း၊ ခြေရင်းတွေလိုက်စမ်းပြီး ကုတင်အောက်ကိုစမ်းလိုက်သည်မတော့ ကုတင်မေါ်မှလျှောကာ မေအုပ်စိုးပေါ်သို့ ကျသွားရပါတော့

၏။

"အား အမလေး သေပါပြီ. . ."

"ဟာ မေ မေ. .ဘာဖြစ်သွားလဲဟင်. . ."

"ဟင် လူပေါ်ပြုတ်ကျတာတောင် မဆင်းပဲ ဘာမေးနေတာလဲ. . ."

"အဟွန်း ခြုံထားတဲ့ဂွမ်းကပ်ကြီးက ထူလွန်းလို့ မွေ့ယာထင်နေတာ. . ."

"အပြောကောင်း၊ အောက်ကလူက သေတော့မယ်၊ ရာသီဥတုက အေးပါတယ်ဆိုမှ အဲယားကွန်းဖွင့်ထားတာက နှစ်လုံးပြိုင်၊ လူကိုသေကြောင်းကြံနေတာ၊ အို. .ဘာလုပ်နေတာလဲ၊ ရှင့်ကုတင် ရှင်တက်အိပ်တော့လေ. . ."

"မေက ဘာလို့ ကိုယ်နဲ့ကုတင်ပေါ်မှာ မအိပ်တာလဲ"

"မအိပ်ချင်ပါဘူး၊ ရှင်က ဒီလောက်အအိပ်ဆော့တာ၊ ခြေတင်လိုက်၊ လက်တင်လိုက်နဲ့ တိုးတာကလည်း အရမ်းပဲ. ."

"အဟွန်း ဟွန်း ဟုတ်တယ်၊ ကိုယ်ကအအိပ်ဆော့တယ်၊ တော်ကြာ ကုတင်ပေါ်ကထပ်ပြီးပြုတ်ကျနေဦးမယ်၊ မထူးပါဘူး၊ မေနဲ့အတူ အောက်မှာပဲအိပ်လိုက်တော့မယ်၊ ပိုနွေးတာပေါ့. ."

"အို အောက်မှာတော့မအိပ်ပါနဲ့၊ အားနာစရာကြီး. ."

"ဒါဖြင့် မေပါ အပေါ်တက်အိပ်. . ."

"မအိပ်ဘူး. . ."

"မအိပ်ရင် ကိုယ်လည်း မအိပ်ဘူး၊ ဒီလိုပဲအိပ်တာ ပိုကောင်းတယ်. . ."

သူဆိုရင်း မေ့ကိုဖက်ထားလိုက်သည်။ မေကရုန်း၍ သူ့ကို တွန်းသည်။ သူကပို၍တိုးဖက်သည်။ နှစ်ဦးသား၏မျက်နှာချောချော

ဆေးတွေကဖြင့် ရှက်ပြုံးလေးတွေကိုယ်စီနှင့်ပါ။ တိုးရင်း ရုန်းရင်းကပင် သူတို့နှစ်ဦးသည် အိပ်ပျော်သွားကြလေ၏။

❖ ❖ ❖

(တစ်ဆယ့်လေး)

ဒေါ်မိုးသွင်တစ်ယောက် သမီးကိုလေဆိပ်ပို့မည့်အရေးအတွက် ခင်ပွန်းသည်ဦးဇေယျအရိပ်ကို ချောင်းနေရ၏။ ဦးဇေယျမှာ ဧည့်ခန်းတွင်သတင်းစာဖတ်နေသည်မို့ သားအမိနှစ်ယောက်မှာ အိမ်ထဲက မထွက်သာပဲဖြစ်နေရ၏။ ဒေါ်လှိုင်သွင်က မှင်သေသေနှင့် ဧည့်ခန်းထဲထွက်လိုက်သည်။ ချူးက အခန်းထဲမှ အရိပ်အခြေကို ချောင်းကြည့်နေ၏။ ဦးဇေယျကလည်း သတင်းစာဖတ်နေ၍ ဂရုမစိုက်ပါ။ ထိုအခိုက်ပင် အလုပ်သမားတစ်ယောက်က အိမ်ထဲဝင်လာပြီး. . .

"ဒေါ်လေး. .အချိန်နီးပြီ၊ ကားပေါ်လည်းပစ္စည်းတွေတင်ပြီးပါပြီ၊ သွားဖို့အသင့်ဖြစ်နေပါပြီ. . ."

"ဟင် ဘယ်သွားဖို့ အစီအစဉ်ရှိလို့လဲ. . ."

ထိုအခါမှ ဦးဇေယျတစ်ယောက် အံ့သြပြီးမေးတော့ ဒေါ်လှိုင်သွင်မှာ ဖုံးမရတော့သည့်အဆုံး. . .

"ဟို သမီး. .ချူးကရန်ကုန်ကို သူ့အဒေါ်တွေနဲ့ သွားမလို့ပါ ကိုဇေယျရယ်. . ."

"သူ့အဒေါ်တွေနဲ့ဆိုတာ သေချာရဲ့လား. . ."

"သေချာပါတယ်. . ."

"အေး သေချာရင်ပြီးတာပဲ၊ မင်းအုပ်စိုးနားတော့ သွားမရှုပ်စေနဲ့၊ ငါ ဒါပဲပြောလိုက်မယ်. . ."

"မရှုပ်ပါဘူး စိတ်ချပါ. . . ."

ဦးဇေယျ သတင်းစာကိုပြန်ဖတ်နေလိုက်သည်။ ထိုအခါမှပင် ဒေါ်လှိုင်သွင်နှင့် ချူးတို့လည်း တိုက်ထဲမှထွက်ခဲ့ဖြစ်ရပါတော့၏။ မှန်သည်။ သည်နေ့ ချူးတစ်ယောက် အဒေါ်ဖြစ်သူ မြမြသွင်တို့လင်မယားနှင့်အတူ ရန်ကုန်သို့လာရန် လေဆိပ်သို့ထွက်လာနေကြဆဲ အချိန်များ၌ ရန်ကုန်မြို့တွင်ကား မင်းအုပ်စိုးမျက်လုံးမခွဲခင် ချောင်းသာဆို့ နေ့ချင်းသွားကြမည့်အစီအစဉ်တွေနှင့် အားလုံးမှာတက်ကြွစွာ ပြင်ဆင်နေကြသည်ပါ။ မှန်သည်။ ကျောပိုးအိတ်နှင့် စားသောက်စရာခြင်းတွေကိုဆွဲပြီး သူတို့အိမ်ထဲမှထွက်လိုက်သည်နှင့်. . .

"ဟင် ရည်မွန်လှိုင်. .မင်းရောက်လာပြန်ပြီလား. ."

ဒေးဗစ်စကားကြားတော့ မင်းအုပ်စိုးမျက်နှာချောဇောချာမှာ တင်းမာသွားလိုက်ရလေ၏။ မေအုပ်စိုးသည်က အေးဆေးသောအပြုံးနှင့် ငြိမ်းငြိမ်းချမ်းချမ်းလေးပင်ရှိသည်။ မင်းအုပ်စိုးနှင့် ဒေးဗစ်တို့က မလိုလားကြသော်လည်း မေအုပ်စိုးသည်က အားနာနေမိ၍.

"သြော် မရှည်မွန်လှိုင်. .ကျွန်မတို့ချောင်းသာသွားကြမလို့၊ လိုက်ဦးမလား. .

"လိုက်ရမှာပေါ့၊ ဘာဖြစ်ဖြစ် မောင့်မျက်လုံးလည်း ခွဲမှာဆိုတော့ မောင့်ကိုဂရုစိုက်ဖို့ ရည်မွန့်မှာလည်း တာဝန်ရှိပါတယ်"

ရည်မွန်လှိုင်ဆိုရင်း မင်းအုပ်စိုးကို သွားရောက်တွဲသည်။ မင်းအုပ်စိုးသည်က စကားကိုနှောင့်သွားမလွတ် အကြောကြီးနှင့်ဆိုကတည်းက တင်းနေရပြီဖြစ်၍ ရည်မွန်လှိုင်လာတွဲသည်နှင့် ဘွန်းပစ်လိုက်ပြီး. . .

"ရှုပ်လိုက်တာကွာ၊ မေ ဘယ်မှာလဲ. . ."

"မေရှိပါတယ်၊ လာလေ. . ."

မေအုပ်စိုးဆိုရင်း သူ့ကိုကားထဲထည့်မည်အပြု ဒေးဗစ်က ဆွဲထားလိုက်ပြီး ရည်မွန်လှိုင်ထံမေးဆတ်ပြသည်။ နောက်တွင် ရည်မွန်လှိုင်က မင်းအုပ်စိုးနှင့်တွဲထိုင်ရန် ဦးစွာဝင်ထိုင်နှင့်နေပြီကို တွေ့လိုက်ရ၍ ဒေးဗစ်သည် မင်းအုပ်စိုးကိုရှေ့တွင်ထိုင်စေလိုက်ပြီး. .

"ကဲ ချူးရေ. .ချူးက အလည်ကထိုင်လိုက်နော်. ."

"ဟုတ်ကဲ့ ခင်ဗျာ. . ."

ဒေးဗစ်အစီအစဉ်အတိုင်း ချူးက အလည်တွင်ဝင်ထိုင်ပြီး မေအုပ်စိုးက ဘေးတွင်ဝင်ထိုင်လိုက်သည်တွင် မခံမရပ်နိုင်ဖြစ်သွားရသည်က ရည်မွန်လှိုင်ပါ။ ဒေးဗစ်ကား ကားလေးအားမောင်းထွက်သွားလိုက်ပြီဖြစ်၏။ ချူးချူးမှာ အလည်ကထိုင်ပြီး ရည်မွန်လှိုင်ဆီကြည့်လိုက်ရင်း. . .

"အစ်မရည်မွန်. .ကျွန်တော်က ကားစီးတိုင်း အိပ်ပျော်တယ်၊ သည်းခံနော်. . ."

ချူးဆိုတော့ ရည်မွန်လှိုင်တစ်ယောက် ချူးထံမလိုမလားကြည့်ဖြစ်သည်။ မေအုပ်စိုးသည်က ဘယ်သူတွေဘာပြောပြော အေးအေးဆေးဆေးပင်၊ သိမ်မွေ့ငြိမ်းချမ်းသော အပြုံးလှလှဖြင့်ရှိ၏။

ကားသွားရင်း နာရီဝက်ခန့်ကြာသည်မတော့ ဂျူးကားအိပ်ဝိုက်ပါပြီး ဂျူး၏ခေါင်းက ရည်မွန်လှိုင်လက်မောင်းကို မှီထားသည်။ ရည်မွန်လှိုင်မှာ ဂျူးကိုတွန်းထားသော်လည်းမရ။ ဂျူးတစ်ယောက် အိပ်မောကျသည်နှင့်အမျှ ရည်မွန်လှိုင်ပေါ်သို့သာ လုံးလုံးလျားလျား မှီကျနေပါတော့၏။

× × × × ×

လေဆိပ်မှ ရန်ကုန်မြို့ထဲရောက်လာသည်နှင့် ဒေါ်လှိုင်သွင်ခိုးဝယ်ထားသည့် (× ×)လမ်းမှ တိုက်ခန်းဆီသို့ ဂျူး၊ ဒေါ်မြမြသွင်နှင့် ကျော်လွင်တို့ သုံးယောက်ရောက်လာခဲ့ကြပြီဖြစ်၏။ ဂျူးက အိမ်သော့ဖွင့်လိုက်သည်နှင့် ဒေါ်မြသွင်သည် ဖုံတသောသောနှင့် အိမ်ခန်းကို စိတ်ပျက်စွာကြည့်လိုက်ပြီး. . .

"ကဲ ဟဲ့ ဂျူး. .ညီးနဲ့ ညီးဦးလေးနဲ့သန့်ရှင်းရေးလုပ်ကြငါတော့ မောနေပြီ၊ ဟဲ့ ဂျူး. .ဟိုကပစ္စည်းတွေလည်း အထဲသွင်းလိုက်ဦး. . ."

"ဟုတ်ကဲ့ ဒေါ်လေး. . ."

"သြော် ဟဲ့ ဂျူးရေ. .ဒီနေ့တော့ ချက်ပြုတ်ချိန်မရတော့ဘူး ဝယ်ပဲစားလိုက်မယ်၊ အဲဒါညီးပဲသွားဝယ်လိုက်. . .

"ဟုတ်ကဲ့ ဒေါ်လေး. . ."

"အေး အေး ညီးအိမ်ကို မြန်မြန်သန့်ရှင်းရေးလုပ်လိုက်ဦး ငါ အသက်ရှူမဝတော့ဘူး. . .

"ဟုတ်ကဲ့ ဟုတ်ကဲ့. . ."

အဒေါ်နှင့်လာတော့ ဂျူးတစ်ယောက် အဒေါ်ခိုင်းသလို လုပ်ပေးရသည်။ အဒေါ်အတွက်တင်မဟုတ်၊ အဒေါ်ယောကျ်ား

အတွက်ပါ ဂျူး လုပ်ပေးရသည်။ အဒေါ်ယောကျ်ားက သူ့အဝတ်အိတ်ပင် သူ မသယ်၊ ဂျူးက အားလုံးသယ်၍နေရာချပေးရသည်။ ကိုကျော်လွင်မှာ လက်ကြောမတင်း၊ ရေပေါ်ဆီ၊ ယောင်ခြောက်ဆယ် သူလည်ဖျံကျသမားပီပီ၊ ယောကျ်ားပိုင်းလုံးပီပီ တိုက်ခန်းထဲဝင်လာကတည်းက တိုက်ခန်းတစ်ခုလုံးဆီ လိုက်ကြည့်သည်။ ပြီးတော့ အောပမ်းနေသည့် မိန်းမကြီးကို အရိပ်အခြေကြည့်ပြီး အိမ်သန့်ရှင်းရေးတွေလုပ်နေသည့် ဆယ်ကျော်သက်အရွယ် ဂျူးထံသို့ မျက်စိစားပွဲကျနေ၏။ အဒေါ်ယောကျ်ားမို့ ဂျူးကလည်း ဘာမှသတိမထားမိ။ ဒေါ်မြသွင်ကလည်း မိမိ၏တူမနှင့် ယောကျ်ားလည်းဖြစ်၊ မိမိဘစ်ယောက်လုံးလည်းရှိနေသည်မို့ ဘာမှဂရုမထားဖြစ်ပဲ မျက်လုံးခဲတ်ကာ အမောအပမ်းဖြေနေလေ၏။

"ကဲ ဦးလေး. .သန့်ရှင်းရေးလုပ်ပြီးပြီ၊ ကျွန်မသမင်းဟင်း နဲ့ ဈေးနည်းနည်းသွားဝယ်လိုက်ဦးမယ်. . ."

"ဟင် သြော် အေး အေး၊ ဦးလေးလည်း လိုက်ရမလား၊ ဂျူးတစ်ယောက်တည်းရပါ့မလား. . ."

"ရတယ်၊ ရတယ် မောင်၊ သူ့တစ်ယောက်တည်းပဲ သွားပါစေ၊ ကလေးပဲ၊ လာ မောင်က အနားယူဦး၊ ဟဲ့ ဂျူး. . ."

"ရှင်. .ဒေါ်လေး. . ."

"အစားအသောက်ကောင်းကောင်းဝယ်လာနော်၊ လမ်းဘေးက တွေ့ကရာတွေမဝယ်လာနဲ့. . ."

"ဟုတ်ကဲ့ပါ ဒေါ်လေး. . ."

အဒေါ်ဖြစ်သူဇီမ်ကောင်းပုံကိုကြည့်ပြီး ဂျူးကား မောပမ်းဘဖြင့် ဈေးသို့ထွက်ခဲ့လိုက်ရပြန်ပါလေ၏။ သို့သော်လည်း ဂျူးကား ဒီမိအတွက် အကျိုးဆောင်ပေးမည့် ကျေးဇူးရှင်ဒေါ်လေးတစ်ယောက်မို့

ဘယ်လိုမှအပြစ်မမြင်၊ တနည်းအားဖြင့် ချူးသည် မလိမ်မိုးမလိမ်မှာ အရွယ်လေးလည်းဖြစ်၊ စိတ်ကစားတတ်သည့်အရွယ်လေးလည်းဖြစ်၊ မိခင်ကလည်း ဖိအားပေးထားသည်ကတစ်ကြောင်းမို့ ချူး၏စိတ်တွင် မင်းအုပ်စိုးမှမင်းအုပ်စိုးဖြစ်နေရခြင်းပါ။ မင်းအုပ်စိုးကလည်း တကယ့်မင်းသား၊ တကယ့်ကိုလူချောကြီးမို့ ချူးသည် မင်းအုပ်စိုးအပေါ် စိတ်လှုပ်ရှားရခြင်းလည်းမည်၏။

အမေကလည်း သဘောတူသည်၊ မဖြစ်ဖြစ်အောင်လည်း ကြိုးစားပေးသည်။ အဒေါ်ကလည်း မဖြစ်ဖြစ်အောင် ပုံပိုးကူညီ ကြိုးစားပေးနေသည်ဟူသောအသိ၊ မင်းအုပ်စိုးအား ရကိုရရမည်ဟူသောအသိနှင့် ကိုမင်းအုပ်စိုးနှင့်ရလျှင်ဟူသော စိတ်ကူးပျော်လေးများဖြင့်သာ ချူးတစ်ယောက် မမောနိုင်မပမ်းနိုင်ရှိနေဆဲအချိန်များ၌ ချောင်းသာကမ်းခြေတွင်ကား ရည်မွန်လှိုင်သည် ကြံရာမရသလို ကမ်းခြေတွင်တစ်ကိုယ်တည်း စဉ်းစားကာရှိနေဆဲ၊ ဒေးဗစ်နှင့်ဂျူးကတစ်တွဲ၊ မင်းအုပ်စိုးနှင့်မေအုပ်စိုးကတစ်တွဲ ကမ်းခြေတွင်လမ်းလျှောက်နေဖြစ်ကြ၏။

တကယ်လှုပလိုက်ဖက် တင့်တယ်လွန်းသည့် မင်းအုပ်စိုးနှင့် မေအုပ်စိုးတို့ထံ ရည်မွန်လှိုင်သည်လှမ်းကြည့်ရင်း သွားကိုစေ့ကာ စိတ်ကူးအကြံထုတ်နေမိသည်။ မေအုပ်စိုးနှင့်မင်းအုပ်စိုးတို့က အေးဆေးစွာလမ်းလျှောက်ရင်း ထမင်းစားပြီး၍ စပျစ်သီးလေးတွေကို ဖဲ့ကာ မေအုပ်စိုးသည် မင်းအုပ်စိုးကိုကျွေးနေလေ၏။ မင်းအုပ်စိုးကလည်း မေအုပ်စိုး၏နွေးထွေးမှု၊ နူးညံ့မှုနှင့် ဂရုစိုက်မှုများတွင် လွန်စွာမှကြည်နူးချမ်းမြေ့ရသည်ပါ။ ထိုအခိုက် ကြည်နူးမှုတွေကို ဖျက်စီးမည့်သူက ဘွားခနဲရောက်လာ၏။

"မေအုပ်စိုးရေ .တို့ မေအုပ်စိုးနဲ့မောင်တို့ လမ်းလျှောက်လာ

ပုံလေးကို ရိုက်ပေးမယ်နော်၊ ဒီမှာကြည့် ဒီမှာကြည့်၊ အဲ ဟုတ်ပြီ၊ ပြုံးဦး၊ သိပ်လှတာပဲ ရိုက်ပြီ – ပြီးပြီ. . ."

"ကျေးဇူးတင်ပါတယ် မရည်မွန်လှိုင်. . ."

မေအုပ်စိုးက ဆိုသည်။ မင်းအုပ်စိုးသည်က နှုတ်ဆိတ်၍ တည်တည်ငြိမ်ငြိမ်ဖြင့်သာရှိ၏။

"ကဲ မေအုပ်စိုးကလည်း ရည်မွန်နဲ့မောင့်ကို တစ်ပုံလောက် ခဏရိုက်ပေးနော်. . ."

"ဟုတ်ကဲ့ ရိုက်ပေးပါ့မယ်. . ."

စိတ်တိုသွားပေမယ့် သူ မတတ်နိုင်၊ နေရာဌာပင်ရပ်နေဆဲ ရည်မွန်လှိုင်သည် သူ့အနီးရောက်ကာ သူ့ကိုပွန်းတီးစွာ တွယ်ဖက်လေ၏။ မေအုပ်စိုးသည်က သူတို့ကိုကင်မရာနှင့်ခိုန်နေဆဲ ဒေးဗစ်နှင့်ဂျူးတို့က လှမ်းမြင်လိုက်သည်နှင့် သူတို့ထံပြေးလာကြ၏။

"ကဲ ရိုက်မယ်နော်၊ ပြုံးပါ၊ အို အစ်ကို့မျက်နှာကလည်း ခဲနေမှန်နေတာပဲ၊ ပြုံးပါအစ်ကိုရဲ့၊ ဓာတ်ပုံရိုက်မလို့. . ."

"မင်းအလုပ်မဟုတ်ပါဘူး. . ."

"ဟေး. .ကဲ မေအုပ်စိုးရေ ရိုက် ရိုက်၊ ကိုယ်တို့လည်း ဘယ်ဗျာ. . ."

"ဟုတ်တယ် ဟုတ်တယ် ကျွန်တော်လည်းပါတယ်"

ဆိုရင်း ဒေးဗစ်နှင့်ဂျူးတို့က ပြေးလာပြီး မင်းအုပ်စိုးကို ဖယ်ဖက်လိုက်သည်။ ထိုအခါမှ မင်းအုပ်စိုးမျက်နှာကလည်း ပြုံးလာ ရည်မွန်လှိုင်သည်က မကျေမနပ်ဖြစ်သွားသည်။ မှန်သည်။ ရည်မွန်လှိုင်သည် မိမိနှင့်မင်းအုပ်စိုးကြားထဲသို့ ဒေးဗစ်နှင့်ဂျူးတို့ ရောက်လာ၍ မိမိကအေားရောက်သွားလိုက်ရသည် မဟုတ်ပါ သားး။ မေအုပ်စိုးကလည်း ဓာတ်ပုံရိုက်လိုက်ပြီဖြစ်သည်။ စိတ်တို

"မအိပ်ပါဘူး. . ."

"သဘောပဲ. . ."

ပခုံးတွန့်ကာ ဒေးဗစ်ဆိုရင်း ထွက်သွားတော့ ရည်မွန်လှိုင်သည် အခြေအနေတွေကိုကြည့်လိုက်ပြီးနောက် မင်းအုပ်စိုးကို ရှာဖွေကြည့်လိုက်သည်။ မင်းအုပ်စိုးသည် ညဝတ်အင်္ကျီလဲထားပြီး၍ လသာဆောင်တွင်ထွက်နေသည်ကိုတွေ့လိုက်ရ၍ ရည်မွန်လှိုင်သည် မင်းအုပ်စိုးနောက်သို့သွားပြီး မင်းအုပ်စိုးကိုဖက်ထားလိုက်၏။

"ဟင် ရည်မွန်လှိုင်. .မင်း ဒါဘယ်လိုလုပ်တာလဲ. . ."

လန့်ဖြန့်ကာရုန်းထွက်ရင်း မင်းအုပ်စိုးဆိုတော့ ရည်မွန်လှိုင်သည် မင်းအုပ်စိုး၏ချောမောလွန်းသည့် မျက်နှာဆီမော့ကြည့်ရင်း...

"ဒီလောက်အထိ မစိမ်းကားပါနဲ့ မောင်၊ မောင် ရည်မွန်. . . လွယ်လွယ်နဲ့တော့မမေ့နိုင်ပါဘူးလေ. . ."

"မင်း ဘာတွေပြောနေတာလဲ၊ မင်းထွက်သွားစမ်း. . ."

မင်းအုပ်စိုးမှာ မိမိထွက်သွားရအောင်ကလည်း မျက်လုံးကစဉ်၍ အခက်ဖြစ်နေရသည်။ ထိုအခိုက်ပင် အိပ်ယာပြင်ခင်းပေးပြီး မအုပ်စိုးသည် အခန်းထဲမှထွက်ခဲ့သည်တွင် ဝရံတာမှမင်းအုပ်စိုး ရည်မွန်လှိုင်တို့ကို လှမ်းတွေ့လိုက်သည်။ ရည်မွန်လှိုင်ကလည်း အကွက်ကိုပင် လိုချင်နေသည်မို့ မေအုပ်စိုးကိုမြင်သည်နှင့် မင်းအုပ်စိုးခွင်ထဲတိုးဝင်ဖက်ထားကာ ပြုံး၍နေလိုက်လေ၏။ မေအုပ်စိုးသည်း ရည်မွန်လှိုင်၏အပြုံးကိုလှမ်းမြင်လိုက်ရလေ၍ နှစ်ဦးသားသဘောပေါက်ပြေသည်ဟူသောအထင်နှင့် အခန်းထဲသို့လှမ်းဝင်သွားလိုက်လေ၏။

တစ်ဆက်တည်းပင် ဒေးဗစ်ကလည်း မေအုပ်စိုးတစ်ယောက်အခန်းထဲလှမ်းဝင်သွားမှုနှင့် ဝရံတာဘက်မှ မင်းအုပ်စိုးအား ရည်မွန်

တို့နှင့် ရည်မွန်လှိုင်သည် တစ်ဘက်သို့လှမ်းထွက်သွားလိုက်လေ၏။

ဒေးဗစ်မှာ ရည်မွန်လှိုင်ထံလှမ်းကြည့်ကာပြုံးရင်း. . .

"ဟေ့ ရည်မွန်လှိုင်. .ခဏကြာရင်ပြန်မှာ၊ တို့ကတော့ လိုက်ရှာမှာလည်းမဟုတ်ဘူး၊ စောင့်မှာလည်းမဟုတ်ဘူးနော် ဒါပဲ"

လှမ်းပြောလိုက်သည့် ဒေးဗစ်စကားများအတွက် ရည်မွန်လှိုင်သည် ဒေးဗစ်အား တေးကြည့်ကြည့်ပစ်လိုက်၏။

× × × × ×

နေ့ချင်းပြန်မို့ မောပမ်းနွမ်းနယ်စွာပင် အိမ်သို့ပြန်ရောက်လာခဲ့ကြသည်။ အိမ်ပြန်ရောက်လာချိန်တွင် ညဉ့်နက်နေပြီမို့ ရည်မွန်လှိုင်ပါ မင်းအုပ်စိုးတိုက်ကြီးတွင် အိပ်ဖြစ်ရတော့၏။ အိမ်ရောက်သည်နှင့် အားလုံးမှာရေနွေးနှင့် ရေချိုးကြသည်။ ပြီးတော့ အဝတ်တွေလဲပြီး ကော်ဖီနှင့်မုန့်ကိုစားလိုက်ကြ၏။ စားသောက်ပြီးသည်တွင် မေအုပ်စိုးသည် ရည်မွန်လှိုင်နှင့်ဒေးဗစ်တို့အတွက် အခန်းတွေပြင်ပေးသည်။ အိပ်ယာတွေပြင်ပေးသည်။ မေအုပ်စိုးသည် ဦးစွာ ရည်မွန်လှိုင်အတွက် အိပ်ယာခင်းပေးနေဆဲ ဒေးဗစ်သည် အခန်းဝင်ရပ်လာရင်း. . .

"မေအုပ်စိုး. .ကိုယ့်အတွက် အိပ်ယာမခင်းနဲ့၊ ကိုယ်ဇ ဂျူးဂျူးနဲ့အတူအိပ်လိုက်မယ်. . ."

"ဟုတ်ကဲ့. . ."

ဒေးဗစ်ဆိုရင်း အခန်းထဲမှထွက်သွားလိုက်တော့ ရည်မွန်လှိုင်နှင့်ဆုံသည်။

"ရည်မွန်လှိုင်. .မင်းအတွက် ဟိုအခန်းမှာ မေအုပ်စိုး အိပ်ယာခင်းပေးနေတယ်၊ မင်းအိပ်ချင်ရင် သွားအိပ်တော့. . .

လှိုင်ကမရမကလိုက်ဖက်နေပြီး မင်းအုပ်စိုးကရန်းကာ တုတ်ကလေ
နှင့် စမ်းပြီးထွက်သွားသည်ကို လှမ်းမြင်နေရ၍ သက်မမောကိုချွေး
လိုက်ရလေ၏။ ဒေးဗစ်မှာရည်မွန်လှိုင်၏လှုပ်ရှားမှုတွေကို စောင့်ကြည့်
နေရတော့သည်။ မင်းအုပ်စိုးတစ်ယောက် အခန်းထဲဝင်ရောက်သွား
လေမှ ဒေးဗစ်သည်လည်း စိတ်မောစွာဖြင့် အခန်းထဲသို့ လှည့်ဝင်ခဲ့
ရလေ၏။ မင်းအုပ်စိုးနှင့်မေအုပ်စိုးတို့ အခန်းထဲတွင်ကား. . .

"မေ. .မေ. .အခန်းထဲရောက်နေပြီလား. . ."

သူမေးသော်လည်း မေအုပ်စိုးကမဖြေပဲ သူ့ကိုသာ ငေးကြည့်
နေ၏။ မင်းအုပ်စိုးမှာ အိပ်ယာထက် ညင်သာစွာထိုင်ကာ ဟိုဒီစမ်းရင်း

"မေ. .မညာပါနဲ့၊ မေ အခန်းထဲမှာရှိနေတယ်၊ မေ့
ကိုယ်သင်းနဲ့လေးတွေကို ကိုယ် ရှုံ့ရှိုက်နေရတယ်. . ."

"ဟင်း. .မေရှိပါတယ်၊ ရှင့်ကိုကြည့်နေတာ. . ."

"ဘာကြောင့်ရုတ်တရက်ကြီး စိမ်းကားသွားရတာလဲ မေ
ရယ်. . ."

"မေလည်း အခြေအနေတွေက ဘာဖြစ်မယ်ဆိုတာမသိတော့
ဘယ်လိုပြောရမလဲတောင်မသိတော့ပါဘူးရှင်. . ."

"ဘာအခြေအနေတွေလဲ မေ၊ မေ ဘာဖြစ်လို့ကိုယ့်ကို
လာမခေါ်တာလဲ၊ ကိုယ်ဝန်ရတာမှာစောင့်နေတယ်၊ ဟိုအမျိုးသမီးရော
လာလို့ ကိုယ်စိတ်ညစ်ပြီးထွက်ခဲ့ရတယ်၊ မေ ဘာကြောင့် ကိုယ့်ကို
ပစ်ထားတာလဲ၊ ဘာလဲ သဝန်တိုနေတာလား၊ ကိုယ့်ယောကျ်ားနဲ့
သူစိမ်းအမျိုးသမီးကို ဘာလို့ပစ်ထားတာလဲ. . ."

"ကျွန်မလည်းမပြောတတ်တော့ဘူး၊ ကျွန်မ ရှင့်တို့ကို ဘာ
မလည်နိုင်တော့လို့ပါ. . ."

"သဝန်တိုတာလား. . ."

"ဘာလို့သဝန်တိုရမှာလဲ. . ."

"ဒီစကားကို ကိုယ်သဘောမကျဘူး၊ ပြန်ပြင်ပြောပါ. ."

"ဘာပြင်ပြောစရာရှိလဲ. . ."

"ကိုယ့်ယောကျ်ားအပေါ် သဝန်မတိုဘူးဆိုတာ သဘာဝမ
တာ၊ ဒီနားလာဦး. . ."

"မလာဘူး. . ."

"တကယ်ပြောတာ၊ ဒီမှာဇက်ကြောတွေတက်နေလို့ ဆေး
ပါဦး. . ."

"ယောကျ်ားဖြစ်ပြီး မာယာတော့မများနဲ့နော်. . ."

ဆိုရင်း မေအုပ်စိုးသည် သူ့ကိုဆေးတိုက်ရန် လှမ်းလာသည်
သူသည် မေအုပ်စိုးအားဆွဲဖက်ကာ နမ်းပစ်လိုက်ပါတော့၏။

"အို မျက်လုံးကမမြင်လို့သာပဲ၊ ဟန်ဆောင်နေသလားတောင်
ရတယ်. . ."

"အဟွန်း ဟွန်း အဲဒါ အချစ်ရဲ့စွမ်းအားတွေလေ. . ."

"သိပ်မာယာများတာပဲ. . ."

"ကြားဖူးတယ်မဟုတ်လား၊ ယောကျ်ားမာယာ သဲကိုးဖြာတဲ့"

"အို မဟုတ်ပဲနဲ့၊ အဲဒါမိန်းမမာယာပါ. . ."

"ဩော် ယောကျ်ားမာယာက ဘယ်လိုတုန်းဗျာ. . ."

"မန်ကျည်းကိုးပင်တောင်. . ."

"အေးလေ၊ မန်ကျည်းကိုးပင်ဆိုလည်း မန်ကျည်းကိုးပင်ပေါ့"

"တော်ပြီ၊ တော်ပြီ လွတ်ပါတော့. . ."

သူဆိုရင်း မေအုပ်စိုးကိုယ်လေးအား သိမ်းကြုံးထွေးဖက်ကာ
နှုံခြင်းများစွာဖြင့် အိပ်လိုက်ကြရပါတော့သတည်း။

❖ ❖ ❖

(တစ်ဆယ့်ငါး)

"တောက်. .တကယ်ဒေါသထွက်ဖို့ကောင်းတယ်၊ ဟွန်
သိရဉီးမှာပေါ့ ငါ့အကြောင်း၊ ဒင်းတို့ကပဲရွဲ့နိုင်မလား၊ ငါက
မျက်နှာပြောင်တိုက်နိုင်မလားဆိုတာ ကြည့်သေးတာပေါ့. . ."

ခြံထဲတွင် ရည်မွန်လှိုင်တစ်ယောက် တစ်ကိုယ်တည်း စကား
တွေကြိုးဝါးနေဆဲ တိုက်ထဲမတော့ အားလုံးသည် မနက်စာစား
ပြင်ဆင်နေကြလေ၏။ မေအုပ်စိုးလည်း ကော်ဖီ၊ ပေါင်မုန့်မီးကင်
ထောပတ်သုတ်နှင့် နံပြားပဲပြုတ်တွေအပြင် ထမင်းကိုပါ ပဲဆီ၊ မုန်လာ
အနီ၊ ပုစွန်တို့ဖြင့်ထပ်ကြော်ထားသည်။ မေအုပ်စိုးကို ဒေးဗစ်နှင့်
ဂျူးဂျူးတို့က ဝိုင်းကူညီကြသည်။

"ကဲ. .ဂျူးရေ၊ အားလုံးပြီးပြီ မရည်မွန်လှိုင်ကို သွားခေါ်
လိုက်နော်. . ."

"ဟုတ်ကဲ့. . ."

ရည်မွန်လှိုင်ကိုခေါ်ရန် ဂျူးကပြေးထွက်သွားသည်တွင်
မင်းအုပ်စိုးသည် စိတ်ပျက်သွားရင်း. . .

"ဒေးဗစ်. .ဒီအမျိုးသမီးက မပြန်သေးဘူးလား. . ."

"ဟင်း သူ့စိတ်ကို ကိုယ်လည်း နားမလည်နိုင်တော့ဘူး
မင်းအုပ်စိုးရာ. . ."

"ဘာဖြစ်လဲ အစ်ကို၊ သူလည်းပဲရုပ်ဆွေရုပ်မျိုးပဲမဟုတ်လား
ကူညီတယ်လို့ပဲ သဘောထားလိုက်ပါ၊ ကဲ အစ်ကိုက ဒီမှာထိုင်နေ
ကိုဒေးဗစ်လည်း ထိုင်လေ၊ ထမင်းကြော်ခတ်လာမယ်. . ."

ဆိုရင်း မေအုပ်စိုးသည် ထမင်းကြော်ပန်းကန်တွေကို ခူး

ည်း ချပေးသည်။ အားလုံးပြင်ဆင်ပြီးမတော့ ရည်မွန်တစ်ယောက်
ရောက်လာ၏။ ရည်မွန်လှိုင်သည် မနက်စာစားပွဲကိုကြည့်လိုက်ပြီး
ခင်းအုပ်စိုးအနားတွင် မေအုပ်စိုးတစ်ယောက် ထိုင်တော့မည်အပြု
ရည်မွန်လှိုင်သည် လျင်မြန်စွာသွားရောက်ထိုင်လိုက်လေ၍ ဒေးဗစ်က
ရောက်နှာပျက်သွားရသည်။ ရည်မွန်လှိုင်က ဘာမှ ဘယ်သူမှဂရုမစိုက်၊
မေအုပ်စိုးကလည်း ဘာရယ်မဟုတ်သလိုပင် အေးဆေးစွာနှင့်ပင်
ရည်မွန်လှိုင့်နံဘေးရှိခုံတွင် သွားရောက်ထိုင်လိုက်၏။ မိမိနံဘေး၌
ရည်မွန်လှိုင့်အသံကြား၍ မင်းအုပ်စိုးမျက်နှာချောချောက စောစော
ကနှင့်မတူ တင်းမာသွားရသည်။ ဒေးဗစ်နှင့်ဂျူးဂျူးမှာ မေအုပ်စိုးကို
ကြည့်ပြီး အားနာနေရ၏။ ပြီးတော့ ဂျူးနှင့်ဒေးဗစ်သည် တစ်ယောက်
ကိုတစ်ယောက်ကြည့်လိုက်ပြီး. . .

"ဩော် ရည်မွန်လှိုင်. .မင်းရဲ့ယောကျ်ားကော ဘယ်လိုလဲ၊
အခြေအနေကောင်းရဲ့လား. . ."

"ဒီလူ့အကြောင်းကိုမသိဘူး၊ ဒီလူနဲ့လည်းကွဲနေတာကြာပြီ"

"ဟင် အစ်မရည်မွန် ဟုတ်လို့လား၊ ကျွန်တော်ကြားတာ
ကိုတစ်လောလေးကပဲ အစ်မယောကျ်ားအတွက် (× ×)စားသောက်
ဆိုင်ကို လျော်ကြေးပေး,ပေးရသေးတယ်ဆို. . ."

"ဒီချာတိတ်လေးတော့လေ မဟုတ်တာတွေ ပြောတော့မယ်"

ဂျူးကိုဒေါသထွက်သော်လည်း ရည်မွန်လှိုင်တစ်ယောက်
သိန်း၍ဆိုရသည်။ ဒေါသကိုထိန်းလိုက်ရသည့်အတွက် ရည်မွန်လှိုင်
သည် ကော်ဖီပူပူကို သောက်ချမိကာ အတင်းမြိုချလိုက်ရ၏။

"ဟား ဟား ဟား. . ."

ရည်မွန်လှိုင်အဖြစ်ကိုတွေ့၍ ဒေးဗစ်နှင့်ဂျူးတို့သည် သဘော
ကျစွာရယ်ပစ်လိုက်ကြရလေ၏။

"ဒေါ်လေး. .ချူးတို့က ဒီမှာနေမှာကြောဦးမယ်ဆိုတော့ နေ့ဘဲညပြန် အလုပ်သမားတစ်ယောက်တော့ ငှားမှဖြစ်မယ်၊ အဝတ်တွေလျှော်ရလွန်းလို့ ချူးလက်တွေနာကုန်ပြီ. . .

"သြော် အေးပါကွယ်၊ ဒေါ်လေးရှာပါ့မယ်၊ အခုမရသေးခင် ပဲကြား သမီးလုပ်ထားပါဦး၊ သမီးကမိန်းကလေးပဲ၊ အိမ်မှုကိစ္စဘဲတာ တတ်ထားရတယ်သမီးရဲ့၊ ကဲ မောင်. .ပြီးရင် ထ၊ အိမ်ရှေ့မှာ အချိုပွဲသွားစားပြီး စကားပြောမယ်. . .

ချူးကိုပြောခဲ့ပြီး ခင်ပွန်းသည်ကိုပါ ဒေါ်မြမြသွင်လက်ဆွဲခေါ်ထုတ်သွားလိုက်သည်။ ချူးကား သက်မမောကြီးသာချကျန်ရစ်လေ၏။ မည်သို့ဖြစ်စေ ချူးတစ်ယောက် စားပြီးသောက်ပြီးသည်နှင့် ထမင်းပွဲကိုသိမ်းဆည်းလိုက်ရလေ၏။ မိခင်နှင့်အတူနေရစဉ်က ကျွေးကျွေးမွေးမွေးနှင့် အပျင်းထူနေခဲ့သမျှ မရမက ယောကျ်ားလိုချင်ခဲ့လင်ဖမ်းရေးအတွက် အဒေါ်ကိုယ့်ကြည်အားကိုးမှုတွေနှင့် ထွက်လာခဲ့ကာမှ အဒေါ်လင်မယားတို့၏ ခိုင်းဘတ်ဘဝလုံးလုံးဖြစ်နေရသည့် ချူးပါ။ ထမင်းစားခန်းထဲသိမ်းဆည်းပြီးသည်တွင် ချူးသည် ခြေလက်ဆေးရန် ရေချိုးခန်းထဲဝင်ခဲ့သည်မတော့. . .

"ဟင် အဝတ်ကြီးတစ်ပုံ၊ ဒီအဝတ်တွေက. . ."

ရေချိုးခန်းထဲ အဝတ်တစ်ပုံတွေ့တော့ ချူးစိတ်ညစ်သွားသည်။ ချူးသည် အဝတ်တွေကိုစိတ်ညစ်စွာကြည့်နေဆဲပင် ဒေါ်မြမြသွင် ရောက်လာပြီး. . .

"ချူးရေ. .ဒေါ်လေးနဲ့ဦးလေးအဝတ်တွေ လျှော်ပါဦးကွယ်၊ ဒေါ်လေးတို့က မအားဘူးလေ၊ အခုအပြင်ထွက်ရတော့မှာ. .

"ဒေါ်လေးကလည်း ဟိုနေ့ကပဲ အများကြီးလျှော်ပြီးတယ်၊ အခုက ဘယ်လိုဖြစ်လို့. . ."

"ကဲ မရည်မွန်လို့င်. .ခင်ဗျားစားပါ၊ စားပြီးပြန်ပါ၊ ခင်ဗျားရှိတာ ကျုပ်တို့မိသားစုငြိုးငွေ့တယ်. . ."

မင်းအုပ်စိုးပြောလိုက်သည့်စကားအတွက် ရည်မွန်လို့င် ရှက်သွေးသလို မျက်နှာပျက်သွားရသည်။ မေအုပ်စိုးမှာ အားနာသွားရသည်။ ရည်မွန်လို့င်ကား ရှက်ဒေါသထွေနှင့် နေရာမှထကာ ထွက်သွားလိုက်ပါတော့၏။

× × × × ×

"ဟင်း. .ခုထိပင်ပန်းကို မပြေသေးဘူး၊ ကဲ ကဲ ချူး. . စား စား၊ စားပြီးသေချာဆေးကြောသိမ်းဆည်းဦး. . ."

ကျော်လွင်၊ မြမြသွင်နှင့် ချူးတို့သုံးယောက် ထမင်းစားကြသည်။ ချူးနှင့်ကျော်လွင်တို့က မပြီးသေးခင် အစားအသောက်ပြန်သည့် မြမြသွင်က စားပြီး၍ ရေသောက် နှုတ်ခမ်းသုတ်ရင်းဆို၏။ ချူးမှာ မိမိအဒေါ်ဖြစ်သူကို မသိမသာကြည့်လိုက်သည်။ ရန်ကုန်ရောက်ကတည်းက ဇိမ်နှင့်ပင်နေနေသည်။ သူ့ပိုက်ဆံဆိုလို့လည်း တစ်ပြားမှမထုတ်၊ ဈေးသွား ချက်ပြုတ် အိမ်သန့်ရှင်းရေးလည်းလုပ်၊ အဝတ်တွေလျှော်ဖွတ်၊ အလုပ်တွေအားလုံး ချူးတစ်ယောက်တည်းပင်လုပ်နေရသည်။ ဒေါ်လေးက ချူးကိုလည်း ဘာတစ်ခုမှဝိုင်းမကူသည့်အပြင် သူတို့လင်မယားကို ထမင်းပွဲရှေ့ရောက် ချူးကပင်ခူးခပ်ကျွေးနေရ၏။

"ဒေါ်လေး. .ချူးလည်း အပြင်လေးဘာလေးထွက်ရဦးမယ်၊ ချူးတို့ကိုလည်း ရှာရဦးမယ်. . ."

"ဘာရှာစရာလို့လို့လဲ၊ ဖုန်းဆက်ရင်ရတာပဲ သမီးကလည်း၊ ကဲ စားပြီးရင် သိမ်းဆည်းလိုက်. . ."

"ဘယ်လိုဖြစ်ရမလဲ၊ ညီးလေးကိစ္စနှင့် ဒေါ်လေးတို့က ကောက်ကာငင်ကာ လိုက်ခဲ့ရတော့ အဝတ်ပေတွေအားလုံး ထည့်ခဲ့လိုက်ရတာပေါ့၊ ကဲ ဒီတစ်ပုံပြီးရင် ကုန်ပါပြီလေ၊ လျှော်ပါ၊ အခု ဒေါ်လေးသွားနေတာက ညီးအတွက်၊ ညီးကိစ္စတွေနော်၊ ညီးကိစ္စတွေကြောင့်လည်း ဒီကိုလိုက်လာမေးတာ၊ ညီးက သိသိတတ်တတ်လုပ်မေးမှပေါ့၊ မဟုတ်ရင် ဒါတွေ ညီးဦးလေးအကုန်လျှော်ရမှာ၊ ညီးဦးလေးကိုလည်း ဒေါ်လေးကအပြင်ခေါ်ရသေးတော့ လျှော်ခိုန်ဘယ်ရမလဲ၊ ကဲ ဒေါ်လေး အခုပင်ပန်းနေတယ်၊ ခဏနားပြီး အပြင်ထွက်လိုက်ဦးမယ်သိလား.. . ."

ဒေါ်မြမြသွင်ဆိုရင်း အိမ်ထဲပြန်ဝင်သွားလိုက်သည်။ ချူးမှာ ဒေါ်လေးကိုလည်း ပြန်မပြောရဲ၊ ပင်ပန်းလွန်း၍ စိတ်ဆင်ရဲလွန်းနေရတော့၏။ ချူးမှာအဝတ်တစ်ပုံကြီးကိုကြည့်ပြီး ရေချိုးခန်းထဲမှ ထွက်ခဲ့လိုက်သည်။ ပြီးတော့ ချူးသည် တိတ်တိတ်တိတ်ကလေး အိမ်တံခါးဖွင့်ပြီး အပြင်ထွက်ခဲ့လိုက်၏။ တကယ်တော့ ချူးတစ်ယောက် မိခင်ထံ ဖုန်းလာဆက်ခြင်းပါ။

"ညီမလေး.. .နယ်လား၊ မြို့တွင်းလား.. . ."

"နယ်ပါ၊ တောင်ကြီးခေါ်ချင်လို့ပါ. . ."

"ဖုန်းနံပါတ်ပြော ညီမလေး.. . ."

ချူး ဖုန်းနံပါတ်ပြောလိုက်သည်တွင် ဖုန်းစောင့်သည့် အမျိုးသမီးကြီးက ကိုယ်တိုင်ခေါ်ပေးသည်။

"ရပြီ ညီမလေး.. . ."

"ဟုက်ကဲ့. . ."

ချူး ဖုန်းကိုင်ပြီးနားထောင်လိုက်သည်။ တစ်ဘက်မှ ဖုန်းက အော်တိုဝင်နေတုန်း ကိုင်မည့်သူကမရှိသေး။ မှန်သည်။ တစ်ဘက်မှ

တောင်ကြီးမြို့မှ မိခင်ဖြစ်သူဒေါ်လှိုင်သွင်ကလည်း သမီးချောထံမှ ဖုန်းအဆက်အသွယ်ကို မျှော်နေသည်မှာစက္ကန့်နှင့်အမျှပါ။ အခုဖုန်းသံကြားတော့ ဒေါ်လှိုင်သွင်မှာ ခင်ပွန်းသည်အရိပ်ကို တစ္ဆေတစောင်းကြည့်ပြီး ကပျာကယာ ဖုန်းခိုးပြောရသည်။

"ဟဲလို ဟဲလို. .သမီးချူးလား.. . ."

"ဟဲလို မေမေ. .ချူးပါ. . ."

"သမီးဘယ်လိုလဲ၊ အဆင်ပြေရဲ့လား၊ သမီးစကားပြောတာ ဘယ်လိုဖြစ်နေလဲ၊ ပျာနေတာပဲ၊ ဖြည်းဖြည်းပြောပါ၊ သမီး အခု ဘာလုပ်နေလဲ. . ."

"မေမေ. .အချိန်မရဘူး၊ စကားတွေရှည်ရှည်ဝေးဝေး မပြောပါနဲ့၊ ချူးအတွက် ဟဲန်းဖုန်းတစ်လုံးဝယ်ပေးဖို့ အမြန်လုပ်ပါ"

"အေး အေး ပြီးတော့ရော၊ အဆင်ပြေရဲ့လား၊ နင့်ဒေါ်လေးကော. . ."

"ဒေါ်လေးအကြောင်းတော့ မပြောနဲ့၊ သူက ဖိမ်မင်းသမီးကြီး.. . ."

"ဩော် သမီးကလည်း.. .သမီးဒေါ်လေးအကြောင်းလည်း သမီးသိတာပဲမဟုတ်လား၊ သည်းခံရုံမှာပေါ့ သမီးရယ်၊ ကိုယ်က သူ့အကူအညီလိုနေတဲ့သူမဟုတ်လား.. . ."

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ သည်းခံပါသတဲ့၊ ကဲ မေမေ.. ဖုန်းပဲဝယ်ပေးဖို့ စီစဉ်ပေးပါ၊ နောက်မှပြန်ဆက်တော့မယ်၊ ဒါပဲနော်"

"ဟဲလို ဟဲလို. .သမီး သမီး. .ဩော် ဒီကလေးမှ ဘာမှလဲ မပြောရသေးပဲ ဖုန်းချသွားပြီ ဟင်း.. . ."

တစ်ဘက်မှ ဒေါ်လှိုင်သွင်တစ်ယောက် မချင့်မရဲဖြစ်ကျန်ရစ်အဲ့အချိန်၌ ချူးကား ဒေါ်လေးမရိပ်မိစေရအောင် ဆပ်ပြာမှုန့်တွေ

ဝယ်ပြီး အိမ်ကိုအမြန်ဆုံးပြန်လာခဲ့လိုက်ရလေ၏။

× × × × × ×

ဒေးဗစ်တစ်ယောက် သက်မမောအားချဖြစ်လိုက်ရသည်။ ရည်မွန်လှိုင်ကိစ္စ ဘယ်လိုလုပ်ရမည်ကိုလည်း စဉ်းစားနေဖြစ်ရ၏။ နောက်ဆုံး ဒေးဗစ်သည် ဆုံးဖြတ်ချက်တစ်ခုနှင့် ၎င်းအုပ်စိုးရှိရာသို့ လှမ်းခဲ့ပြီး. . .

"သူငယ်ချင်း. . ."

"ပြော ဒေးဗစ်. . ."

"မင်းကတော့ ဘာမှမမြင်ရတော့ နေသာတာပေါ့၊ ကိုယ်ကတော့ မြင်တွေ့နေရတာ တော်တော်ဒေါသထွက်နေပြီကွာ. . ."

"ဟု အမျိုးသမီးကိစ္စလား၊ ကိုယ်လည်း အသံကြားနေရလို့ ဒေါသထွက်နေတာပါ. . ."

"ဒါကြောင့် ကိုယ်အစကတည်းက တားခဲ့တယ်မဟုတ်လား၊ ဒီအမျိုးသမီးနဲ့မပတ်သက်ပါနဲ့လို့၊ အခုသူကပတ်သက်လို့မဆုံးတော့ ဘူးဖြစ်နေပြီမဟုတ်လား၊ သူ့မှာလည်း လင်ငတ်တုတ်နဲ့. . ."

"ကိုယ်သိတာတော့ သူလိုအပ်နေတာ ငွေပါကွာ. . ."

"ငွေလည်းမပေးနိုင်ဘူးလေ၊ ဘာကြောင့်ပေးရမှာလဲ၊ ကိုယ်နဲ့ ဘာဆိုင်လို့ အသားလွတ်ပေးရမှာလဲ၊ မင်းက ဒါလောက်ပဲထင်တာပါ၊ ကိုယ်ထင်တာ မင်းစည်းစိမ်အားလုံးပဲ၊ ဒါကြောင့် မင်းကိုမရမက ပြန်ကပ်နေတာပေါ့. . ."

"ကိုယ်မျက်လုံးမြင်သေးတော့ သူလုပ်ချင်သလိုလုပ်နေမှာပေါ့. . ."

"ဟုတ်တယ်၊ မအုပ်စိုးနောက်ကွယ်မှာ သူ မင်းကိုချဉ်းကပ်

နေတဲ့ပုံစံ မင်းမျက်လုံးမမြင်လို့သာပဲတော်တော့တယ်၊ တော်တော်ရဲတင်းပြီး အရှက်နည်းတယ်၊ ဘာဖြစ်ဖြစ် ဒီနေ့တော့သူ့ကိုဆွဲထုတ်သွားရမယ်၊ ဒါပေမယ့် သူကလည်း အရှက်နည်းနည်းနဲ့ပြန်ဝင်လာမှာပဲ၊ အခုတောင်ကြည့်ပါလား၊ ပေကပ်ဇောင်တိုက်ပြီး နေနေတာ၊ ရည်မွန်လှိုင်က မွေမှာနော်၊ ဒီအတိုင်းတော့နေမှာမဟုတ်ဘူး၊ မင်းနဲ့ မအုပ်စိုးကြားမှာ ပြဿနာတွေဖြစ်လာနိုင်တယ်. . ."

"သူ ဘာလုပ်လုပ် ကိုယ် သူ့ကိုမယုံပါဘူး၊ သူ့အကြောင်း ကိုယ်သိနေတာပဲ. . ."

"မထင်နဲ့နော် မင်းအုပ်စိုး၊ လူတွေကိုအားနည်းတဲ့အချိန် တစ်ချိန်နဲ့ တိုက်ဆိုင်မှရှိလာရင် ဆိုးဝါးတာတွေဖြစ်လာတတ်တယ်"

"အင်း ဒီတော့. . ."

"ကိုယ်အခုရည်မွန်လှိုင်ကို ကားပေါ်ဆွဲတင်ပြီး ခေါ်ထုတ်သွားတော့မယ်. . ."

"အင်း. . . အဟွန်း. . ."

မင်းအုပ်စိုးပြုံးနေဆဲ ဒေးဗစ်သည် ထိုင်ရာမှထခဲ့လိုက်သည်။ မအုပ်စိုးထံသွားကြည့်တော့ ရည်မွန်လှိုင်တစ်ယောက် မအုပ်စိုးနှင့် စကားပြောနေသည်ကို တွေ့ရ၏။ ဒေးဗစ်ကိုတွေ့သည်တွင် ရည်မွန်လှိုင်က မျက်နှာပျက်သွားသည်။

"မေ. . ."

"ရှင် အစ်ကို၊ လာပြီ. . ."

မင်းအုပ်စိုးလှမ်းခေါ်သံကြား၍ မအုပ်စိုးသည် နေရာမှ ထသွားပြီး မင်းအုပ်စိုးရှေ့အရောက်. . .

"အစ်ကို. .ဘာလို့ချင်လို့လဲဟင်. . ."

"ဒီနားထိုင်ပါဦး. . ."

သူဆိုရင်း မေအုပ်စိုးလက်ကိုဆွဲကာ သူ့အနားတွင် ထိုင်စေပြီး သူ့ပခုံးလေးကို သိုင်းဖက်ထားလိုက်သည်။ မေအုပ်စိုးမှာ ဧည့်ခန်းဆီထွက်လာကြသည့် ဒေးဗစ်နှင့်ရည်မွန်လှိုင်တို့ကိုတွေ့၍ ရုက်ဗာန်ဝဲဝဲနှင့် အနေခက်သွားရပြီး သူ့လက်ကိုမသိမသာလေးဖယ်ချတော့ မင်းအုပ်စိုးမှာ မေအုပ်စိုးပခုံးထက်မှလက်ကို ဖက်လိုက်ပြီး မေအုပ်စိုးခါးလေးမှသိုင်းဖက်ကာ သူ့အနီးပို၍ဆွဲကပ်လိုက်၏။

"အို. .အစ်ကိုကလည်း. . ."

သူတို့နှစ်ဦးဆီကြည့်ပြီး ဒေးဗစ်ကပြုံးသည်။ ရည်မွန်လှိုင်က မျက်နှာပျက်သဝန်တိုနေ၏။ ထိုအခိုက်ပင် ဒေးဗစ်သည် ရည်မွန်လှိုင်လက်ကို ဆတ်ခနဲဆွဲခေါ်ရင်း. . .

"ကဲ ရည်မွန်လှိုင်. .ခင်ဗျားလည်း ပြန်ဖို့သင့်ပြီ၊ လာ ကိုယ်လိုက်ပို့မယ်၊ ခင်ဗျားအိမ်အထိတော့မဟုတ်ဘူး၊ နီးတဲ့နေရာမှာ ချပေးခဲ့မယ်၊ ကိုယ်လည်း အလုပ်ရှိသေးတယ်. . ."

"အို မလိုက်ဘူး၊ မသွားဘူး၊ ကိုဒေးဗစ်. .ရှင်နဲ့ဘာဆိုင်လို့လဲ၊ ရည်မွန်.ဟာရည်မွန် ဒီမှာနေတာ. . ."

"ဒီမှာက မင်းနေစရာ..း၊ မင်းနဲ့ဘာဆိုင်လို့လဲ. . ."

ဒေးဗစ်ကဆွဲခေါ်သည်။ ရည်မွန်လှိုင်က ရှန်းကန်ရင်း ပြောရင်းနှင့် ဒေးဗစ်ဆွဲခေါ်ရာ ဒေါသတွေနဲ့ လိုက်ပါသွားလိုက်ရပါတော့၏။ အသံတွေကိုနားထောင်ရင်း မင်းအုပ်စိုးက ပြုံး၍နေသည်။ မေအုပ်စိုးမှာ ရည်မွန်လှိုင်ကိုအားနာရင်း မင်းအုပ်စိုး၏ပြုံးနေသည့် မျက်နှာဆီကြည့်ရင်း. . .

"ယောကျ်ားများဟာ ကြောက်စရာပဲ. . ."

"ဘာဖြစ်လို့ ကြောက်စရာလဲ. . ."

"သူဟာ အစ်ကိုရဲ့ချစ်သူပဲမဟုတ်လား. . "

"ချစ်သူ၊ ဘာချစ်သူလဲ၊ ချစ်သူဆိုတဲ့စကားက သူက ပြောသွားတာမဟုတ်လား၊ သူ့ကိုပြန်မေးကြည့်ပါဦး၊ ကိုယ့်ဆီက ချစ်တယ်ဆိုတဲ့စကား သူ ဘယ်တုန်းကကြားခဲ့ဖူးလဲလို့၊ သူက ကိုယ့်ကိုလာတဲ့သို့ ကိုယ်ကလည်းအပျင်းပြေတွဲခဲ့တာ၊ ကိုယ်နဲ့သူက အတွဲပဲဖြစ်ခဲ့တာ

"ဘာဖြစ်ဖြစ်လေ၊ အစ်ကိုအလိုရှိစဉ်က သူနဲ့တွဲခဲ့တာပဲမဟုတ်လား၊ ခုလိုတော့ သဲ့ကိုနင်မထုတ်သင့်ပါဘူး အစ်ကိုရယ်"

"သဘောမကောင်းသင့်တဲ့နေရာမှာ သဘောမကောင်းစမ်းပါနဲ့. မေရယ်၊ ဟိုတုန်းက ကိုယ်တို့ကလွတ်လပ်သူတွေ၊ ခုကကာမပိုင်တွေနဲ့ဖြစ်နေကြပြီ။ မဆင့်တော်တော့ဘူး၊ သူက အနေမတတ်ဘူး၊ အထင်လွဲစရာတွေဖြစ်ကုန်ရင် ကိုယ်တို့အိမ်ထောင်ရေးမှာ ထိခိုက်ဘာမခံနိုင်ဘူး. . ."

"အံမယ်. .ဘာအိမ်ထောင်ရေးလဲ၊ လူနာနဲ့လူနာကိုကြည့်ဖို့ ..းထားတဲ့သူပါနော်. . ."

"ဒါဖြင့်လက်ထပ်စာချုပ်က ဘာလဲ. . ."

"အဲဒါကယာယီ၊ အစ်ကိုမျက်လုံးကောင်းရင် ပျက်ပြယ်သွားမှာ. . ."

"ဟင် ဘာပြောတယ်. . ."

မေအုပ်စိုးကား သူ့အနားမှ လစ်ပြေးသွားလေပြီဖြစ်၏။

"မေ. .မင်း အစ်ကို့ကို ဘာစကားပြောတာလဲ၊ အေး.. သဘောရင် မင်းကောင်းသိမယ်. . ."

မင်းအုပ်စိုးကား မချင့်မရဲအော်ခေါ်ရင်း စကားတွေအော်ပြောနေသမျှ မေအုပ်စိုးသည် မလှမ်းမကမ်းမှ သူ့ထံပြုံး၍လှမ်းကြည့်နေဖြစ်လေ၏။

× × × × ×

"ဟေ့ ဘယ်မှာလဲ မင်းအုပ်စိုးဆိုတဲ့သူဌေး၊ ထွက်ခဲ့စမ်း"

မောင်မောင်ထွန်းတစ်ယောက် အရက်ရှိန်တွေမပြေသေးပုံနှင့် မင်းအုပ်စိုးတိုက်ကြီးဆီသို့ ရောက်လာခဲ့သည်။ ဘယ်သူက တံခါးဖွင့်ပေးလို့က်သည်မသိ၊ မောင်မောင်ထွန်းမှာ ဧည့်ခန်းထဲသို့ပင် ဝင်ရောက်လာပြီး အော်ကြီးဟစ်ကျယ်လုပ်နေ၍ ဦးဇေယျသည် ထိုင်ရာမှ ထကာ အံ့သြစွာကြည့်နေလိုက်လေ၏။ တစ်ဆက်တည်းလည်း တိုက်ထဲမှ အလုပ်သမားတွေပါထွက်လာကြပြီး မောင်မောင်ထွန်းကို ကြည့်နေကြသည်။

"နေပါဦး ခင်ဗျားက ဘယ်သူလဲ. . ."

ဦးဇေယျ မေးသည်။ မောင်မောင်ထွန်းသည် ဦးဇေယျအနီးမယိုင်တယိုင်ဖြင့် လှမ်းခဲ့ပြီး ဦးဇေယျထံစေ့စေ့ကြည့်ရင်း. . .

"ကျုပ်ကိုမမေးနဲ့၊ ခင်ဗျား ပြော၊ ခင်ဗျားကဘယ်သူလဲ၊ မင်းအုပ်စိုးနဲ့ဘယ်လိုပတ်သက်လဲ၊ အခုမင်းအုပ်စိုး ဘယ်မှာလဲ ပြော"

"မင်းက ငါတို့ပိုင်နက်ထဲ ရမ်းရမ်းကားကားဝင်လာပြီး ရမ်းရမ်းကားကား စကားတွေပြောနေရတာ၊ မင်း ဘာကောင်လဲ"

"ဩော် ဒီမှာအဘိုးကြီး စကားမရှည်နဲ့နော်၊ မယားခိုးမှုနဲ့ တရားစွဲပစ်လိုက်မယ်၊ ဘာမှတ်သလဲ. . ."

"မယားခိုးမှု၊ ဘာမယားခိုးမှုလဲ၊ ဘယ်သူက ဘယ်သူ့မယားကို ခိုးတာလဲ. . ."

"ကျုပ်မယားကို ကျုပ်မယားကို ကဲ သိပြီလား၊ ထပ်ပြောမယ်၊ ကျုပ်မယားကို မင်းအုပ်စိုးဆိုတဲ့သူဌေးက ခိုးသွားတယ်၊ ရှင်း. . . ဘယ်လိုရှင်းမလဲ. . ."

"အသရေဖျက်မှုနဲ့တော့ မင်းထောင်ကျတော့မယ်နော်၊ မင်းထွက်သွားရင်ကောင်းမယ်၊ သူဌေးမင်းအုပ်စိုးက လက်ထပ်ပြီးတာ

ကြာပြီ၊ အဲဒါမင်းသိလား၊ အခုသူတို့လင်မယား မျက်စိသွားကုပြီးရင် ငါ့ခြေခြားအထိထွက်မှာ. . ."

"ခင်ဗျားမဟုတ်တာတွေမပြောနဲ့၊ အဲဒါ ကျုပ်မိန်းမကို ခိုးသွားတာ၊ ကျုပ်မိန်းမက အိမ်ကသူ့အဝတ်တွေ အကုန်သယ်ပြီးသွားပြီ၊ အဘိုးကြီး. . .ခင်ဗျားဘာသိလဲ. . ."

"ဟင်. . ."

"ဟာ. . ."

မောင်မောင်ထွန်းဆိုရင်း ဦးဇေယျကို ရင်ဘတ်မှအင်္ကျီစ ဆွဲ၍တွန်းပစ်လိုက်သည်တွင် ဦးဇေယျသည် ဆိုဖာထက် ပစ်ကျသွားရ၏။ အလုပ်သမားတွေမှာလည်း မိမိတို့သူဌေးကိုထိပြီမို့ ကြည့်နေတော့ပါ။

"ဟေ့ ဒီလူမိုက်ကိုဆွဲထုတ်ပြီး ထောင်ချပစ်မယ်. . ."

"ဘာမှမလုပ်နဲ့၊ သူမူးနေတာ အပြင်ပဲဆွဲထုတ်လိုက်ကြ"

အလုပ်သမားတွေက ထိုးကြိတ်ကန်ကျောက်ပြီး အချုပ်ထဲ မည်ပြုနေ၍ ဦးဇေယျသည် လူကြီးလူကောင်းပီပီ ဝင်ရောက်ပြောသွက်ခြင်းပါ။ အလုပ်သမားတွေမှာ မောင်မောင်ထွန်းကိုဆွဲထုတ်ခဲ့ပြီး ပြင်သို့တွန်းထုတ်ပစ်လိုက်သည်။ ထိုအခါမှပင် မောင်မောင်ထွန်းသဘောက် အမူးရှိန်ပြေသွားသလိုရှိ၍ အိမ်သို့ပြန်ခဲ့လိုက်၏။ သူ့အိမ်ရောက်မတော့ လှေကားခုံတွင်ပင်ထိုင်ရင်း မောင်မောင်ထွန်း သေချာစဉ်းစားဖြစ်သည်။

"ဟင်း. . .သိပြီ၊ ဒီမိန်းမလည်မ ငါ့ကိုလူလည်လုပ်သွားတာ၊ ကိုတစ်ကွက်ကျော်သွားတာ၊ ရမယ်များမှတ်နေလားမသိဘူး၊ ငါ့ကို ငွေမရှိဘူးဆိုပြီး ဒီကောင်မအထင်သေးသွားတာ၊ ဟား ဟား ဟား သူ့ကိုကောင်းကောင်းခိုင်းစားတတ်တဲ့ ယောကျ်ားပါ၊ သိမယ်

သိမယ် ဒီကောင်မ၊ ငါက သူ့ကို ရှာမတွေ့တော့မယ့်အတိုင်းပဲ၊ မင်းအုပ်စိုးကို ဒီကောင်မပြန်ချဉ်းကပ်မှာတော့ သေချာတယ်၊ ငါကမှ ငွေမရှာနိုင်တော့ပဲ၊ ကဲ မိရည်မွန်လှိုင်. .ညီး ပြေးစမ်း၊ ငါလာပြီ ဟား ဟား ဟား. . ."

စိတ်ကူးတွေကို နှုတ်မှရေရွတ်ရင်း မောင်မောင်ထွန်း တစ်ယောက် တဟားဟားအော်ရယ်ပစ်တော့၏။ ။

❖ ❖ ❖

(တစ်ဆယ့်ခြောက်)

သည့်နေ့ ဈေးတွေလျှောက်သွားကြမည်မို့ အားလုံးအိမ်ထဲက ထွက်လိုက်သည်နှင့် ရည်မွန်လှိုင်တစ်ယောက် ရောက်နှင့်နေသည်ကို တွေ့သည်တွင် မေအုပ်စိုးမှလွဲ၍ အားလုံးမှာစိတ်ညစ်သွားလိုက်ရလေ၏။ သနားကြင်နာအားနာတတ်သည့် မေအုပ်စိုးကပင် အခြေအနေကို ထိန်းလိုက်ရသည်။

"ဩော် မရည်မွန်လှိုင်. .အစောကြီးရောက်နေတာလား အားနာစရာကောင်းလိုက်တာ၊ ဘဲလ်တီးရောပေါ့ရှင်. . ."

"အစောကြီးမဟုတ်ပါဘူး၊ ခုပဲရောက်တာ၊ အခုဘယ်သွား

ကြမလို့လဲဟင်. . ."

"ဒီလိုပဲဈေးတွေလျှောက်ကြည့်မလို့ပါပဲ၊ လာလေ မရည်မွန် တစ်ယောက်တည်း ပျင်းနေမှာပေါ့၊ အတူသွားကြမယ်. . ."

"အင်း ကျေးဇူးပဲ၊ ရည်မွန်လည်းတစ်ယောက်တည်း ပျင်းတာ နဲ့ ဒီပဲလာစရာရှိလို့ လာခဲ့တာပါ. . ."

"ဟုတ်ကဲ့ လာခဲ့ပါရှင်၊ ကြိုဆိုပါတယ်၊ ကိုယ့်ရဲ့ရပ်ဆွေ ရပ်မျိုးတွေပဲမဟုတ်လား. . ."

မေအုပ်စိုးစကားတွေအတွက် မင်းအုပ်စိုးနှင့် ဒေးဗစ်တို့မှာ ဝိတ်ညစ်နေကြတော့သည်။ မေအုပ်စိုးကကြိုဆိုနေမှတော့ ဘယ်သူမှ ဘာမှမပြောလိုတော့၊ အားလုံးကားပေါ်တက်ပြီး ဈေးဘက်သို့ထွက်ခဲ့ လိုက်ကြ၏။ လမ်းတစ်လျှောက်တွင် မေအုပ်စိုးသည် အေးချမ်းသော အပြုံးနှင့်ရှိရင်း ချက်ပြုတ်စရာတာတွေဝယ်ရမည်ကို စဉ်းစားလာခဲ့ သမျှ ရည်မွန်လှိုင်သည်က အားလုံး၏အနေအထားတွေဆီ ကြည့်ပြီး နောက်ဆုံးအကြံတစ်ခုကိုရသွား၏။ မှန်သည်။ ရည်မွန်လှိုင်သည် မေအုပ်စိုး၏သည်းခံ၊ ကြင်နာသဘောပြည့်သည့် အားနည်းချက်တွေ ကို ကောင်းစွာအသုံးချမှသာ မိမိအကြံတွေအဆင်ပြေမည့်အရေးအား သီမြင်နားလည်တွက်ဆလိုက်ရလေပြီ မဟုတ်ပါတကား။

တစ်အောင့်ကြာသည်တွင် ပလာဇာတစ်ခုသို့ ရောက်လာ သည်။ ကားပေါ်မှဆင်းသည်တွင် မေအုပ်စိုးက မင်းအုပ်စိုးကိုတွဲပြီး ပလာဇာထဲဝင်ခဲ့သည်။ ဒေးဗစ်နှင့်ဂျူးဂျူးတို့ကတစ်တွဲ၊ ရည်မွန်လှိုင် သည်က အားလုံး၏မှားကွက်ကိုသာစောင့်ကြည့်ရင်း အဆင်ပြေသလို မိုးစင်ကြည့်ကမည့်လူစားမို့ မသိမသာနှင့်ရှိနေ၏။ တစ်နေရာအရောက် မတော့ မေအုပ်စိုးသည် မင်းအုပ်စိုးကိုအားနာသနားလာရ၍. . .

"အစ်ကို့. .နည်းနည်းရှင်းတဲ့နေရာလေးမှာ အစ်ကိုထိုင်နေခဲ့

မလား၊ ဈေးဝယ်ပြီးမှ အစ်ကို့ကို မေ ပြန်လာခေါ်မယ်နော်၊ ဟို အထည်ဆိုင်က ညီမလေးတစ်ယောက်နဲ့ မေ အပ်ခဲ့မယ်. . .”

“အင်း အစ်ကိုလည်း ဒီလိုပဲစဉ်းစားမိတယ်. . .”

သူသဘောတူစာဆိုတော့ မေအုပ်စိုးသည် အထည်ဆိုင်မှ ညီမလေးတွေကို သွားပေးကူအညီတောင်းလိုက်သည်။ မျက်မမြင်ကိုလူချောမို့ အထည်ဆိုင်မှ ညီမလေးတွေကလည်း ကူညီကြ၏။ မင်းအုပ်စိုးအတွက် ထိုင်ခုံတစ်ခုပေးပြီး ထိုင်ထားစေသည်။ သည်နောက်မှ မေအုပ်စိုးသည် ဈေးဝယ်ဖို့ထွက်လာခဲ့လိုက်၏။ မေအုပ်စိုးတစ်ယောက် စားသောက်စရာတွေဝယ်နေသည်တွင် ဒေးဗစ်နှင့်ဂျူတို့ကလည်း လိုချင်တာတွေလိုက်ကြည့်ပြီး ဝယ်နေကြသည်ကို ရည်မွန်လှိုင်က လိုက်ကြည့်ထား၏။ သည်နောက် ရည်မွန်လှိုင်သည် မေအုပ်စိုး သားငါးတွေဝယ်ပြီးသည်နှင့် သူမကလည်း ပုဇွန်တစ်ဗူး သွားဝယ်ထားလိုက်ပြီး ငွေရှင်းကောင်တာတွင် ကြိုတင်အပ်ထားလိုက်သည်။

ဈေးဝယ်ပြီးသည်နှင့် မေအုပ်စိုးသည် မင်းအုပ်စိုးကို သွားရောက်ခေါ်ပြီး ငွေရှင်းကောင်တာတွင် ငွေရှင်း၍ ကားရပ်ထားရာ ဆီသို့ပြန်လာခဲ့၏။ ထွက်ပေါက်နားရောက်ခါနီးတော့ ဒေးဗစ်နှင့် ဆုံ၍ ဒေးဗစ်က မေအုပ်စိုးဈေးခြင်းကို ကိုင်လာခဲ့သည်။

“ဘာတွေဝယ်ခဲ့လဲဗျာ့. . .”

ဒေးဗစ်ကမေးရင်း ခြင်းကိုလည်းမွှေနောက်ကြည့်သည်။ ဂျူကပါ ခြင်းထဲမှစားသောက်စရာတွေကို ငုံ့ကြည့်သည်။

“အစုံပဲ ကိုဒေးဗစ်ရေ. . .”

“မမမေ. .ကျွန်တော်ကြိုက်တဲ့ ငါးသေတ္တာဘူး ပါတယ် မဟုတ်လား. . .”

“ပါတာပေါ့ မောင်လေးရဲ့. . .”

စကားတွေဆိုရင်း သူတို့ကားပေါ်တက်ကြသည်တွင် ရည်မွန်လှိုင်သည်လည်း ကြွပ်ကြွပ်အိတ်အမဲနှင့် ဘာလိုလိုညာလိုလိုမျိုး ထုတ်သားသည့် အထုပ်ကလေးတစ်ထုပ်ကိုကိုင်ပြီး ကားပေါ်တက်လိုက်၏။ သည်နောက် သူတို့အိမ်သို့ပြန်ခဲ့လိုက်၏။

× × × × ×

“ဟူး မောလိုက်တာ ဒေါ်လေးရယ်. . .”

“ညီးက ကလေး၊ ဒီလောက်ဖြစ်နေရင် ငါကပိုဆိုးတာပေါ့၊ ကဲ ကဲ ရေသွားဝယ်ပါဦး၊ ရေသောက်ရအောင်. . .”

“ဒေါ်လေးကလည်း ဒီနေရာက ဆိုင်နဲ့အဝေးကြီးဟာ၊ ဘယ်လိုလုပ်ဝယ်မှာလဲ. . .”

“ကဲ ဒါဖြင့်လည်းစားသောက်ဆိုင်ပဲသွားပြီး စားသောက်ကြမယ်၊ ငါဗိုက်လာပြီ၊ ရေလည်းငတ်တယ်၊ ဟဲ့ ယောကျ်ားလေး. . .”

“ဗျာ. .မ. .ဘာလဲ၊ မောင် ဘာလုပ်ပေးရမလဲ. . .”

“ကားငှား – မြန်မြန်သွားမယ်၊ ရှာရဖွေရတာ အရမ်းပင်ပန်းနေပြီ. . .”

“အင်း အင်း. . .”

ကားငှားဖို့ ကျော်လွင်တစ်ယောက် ထွက်သွားသည်တွင် ချူးသည် ဒေါ်လေးကိုစိတ်ပျက်စွာကြည့်ရင်း. . .

“ဒေါ်လေးသိတဲ့လိပ်စာက မှားနေလို့ပေါ့. . .”

“အေး ညီးအမေကလည်း ပေးမှမပေးလိုက်ပဲ. . .”

“မေမေလည်း သိပုံမရပါဘူး. . .”

“ဟဲ့ မသိလည်း သိအောင်လုပ်ရတာပေါ့၊ ညီးတို့က တစ်

အိမ်တည်းနေတာပဲ၊ ညီးအမေကိုက ညံ့တာ၊ ငါနဲ့များလဲလိုက်ချင်တယ်၊ ညီးအမေနေရာမှာ ငါဆိုရင်ပွဲသိမ်းပြီ. . ."

"ဒေါ်လေး. .ရန်ကုန်မှာ ဒီလိုစမ်းတဝါးဝါးရှာနေလို့တော့မရဘူး၊ မေမေ့ဆီဖုန်းဆက်ပြီး လိပ်စာရှာခိုင်းမှဖြစ်မယ်. . ."

"အဲဒီလိုဆိုလည်း ညီးစောစောကတည်းက ဖုန်းဆက်ပါလား၊ သက်သက်ငါ့ကိုဒုက္ခပေးတယ်. . ."

တူဝရီးနှစ်ယောက် စကားပြောဆဲ ကျော်လွှင်တစ်ယောက် ကားငှားပြီးပြန်ရောက်လာသည်။ ထို့နောက် နေရာမှစားသောက်ဆိုင်တစ်ဆိုင်ကို မောင်းခိုင်းလိုက်၏။ စားသောက်ဆိုင်တစ်ဆိုင်ရောက်သည်မတော့ ချူးသည် ဒေါ်မြမြသွင်တို့လင်မယားကို ဆိုင်တွင်ထားခဲ့ပြီး ချူးကဖုန်းထွက်ဆက်သည်။

"ဟဲလို မေမေလား. . ."

"အေး သမီး ပြော၊ အခုဘယ်လိုလဲ. . ."

"ဘယ်လိုလဲမမေးနဲ့၊ အမေ့ညီမကြောင့် သမီးကသေတော့မယ်၊ အမေငွေလွှဲပြီး ဖုန်းမြန်မြန်ဝယ်ဖို့လုပ်ပေးပါ. . ."

"အေးပါ၊ အမေလည်း နင့်ဦးလေးအလစ်ကိုစောင့်နေတာပဲ"

"ပြီးတော့ အမေ. .ကိုကို့ရဲ့အိမ်လိပ်စာကို ရှာပေးဦး၊ လိပ်စာမသိတော့ လိုက်ရှာနေရတာ၊ ပိုက်ဆံသိပ်ကုန်တယ်၊ အမေ့ညီမလင်မယားကလည်း အကောင်းမှစားတာ. . ."

"သမီးရယ် ဒါတော့သည်းခံရမှာပေါ့. . ."

"သိပါတယ် သိပါတယ်၊ မပြောပါနဲ့တော့၊ ကိုကိုတို့လိပ်စာပဲ မေမေမြန်မြန်ရှာပါ၊ ချူးမနက်ဖြန် ဖုန်းထပ်ဆက်မယ်. . ."

"သမီး နေဦး၊ အခု နင့်ဦးလေးမရှိဘူး၊ အမေ အခုရှာပေးလိုက်မယ်၊ ခဏစောင့်. . ."

"မြန်မြန်လုပ်၊ ဖုန်းကအငှားဖုန်း. . ."

"အေးပါ၊ အို အဆင်ပြေလိုက်တာ တွေ့ပြီ၊ တွေ့ပြီ၊ အမေလည်း အဲဒီလိပ်စာပဲ ညီး ဦးရီးမရှိတိုင်းရှာနေတာ၊ ခုမှပဲတွေ့တော့တယ်. . ."

"ကဲ ပြော ပြော. . ."

ဖုန်းပိုင်ရှင်တွင် စာရွက်နှင့်ဘောပင်တောင်းပြီး တစ်ဘက်မှ လိပ်စာကိုမှတ်ပြီး ဖုန်းချလိုက်တော့၏။

× × × × ×

သည်နေ့အားလုံးက ထမင်းမစားချင်ဆိုသဖြင့် ဆလာမီနှင့် ဟမ်ဘာဂါတွေလုပ်စားကြသည်။ မီးဖိုထဲ မေအုပ်စိုးတစ်ယောက် အလုပ်တွေများနေသလောက် ရည်မွန်လှိုင်သည်က အခြေအနေတွေကို ကြည့်ပြီး အကြံနှင့်သာရှိနေ၏။ မှန်သည်။ ရည်မွန်လှိုင်သည် သိပ်ပင်ပင်ပန်းပန်းမလုပ်တော့၊ အနေအထားနှင့်အခြေအနေပေါ်ကြည့်ပြီး ဟိုလိုဖြစ်လျှင် ဟိုလိုလုပ်မည်၊ ဒီလိုဖြစ်လျှင် ဒီလိုလုပ်မည်ဟူသော အတွေးနှင့်အကြံက အသင့်ရှိထားပြီမို့ ရည်မွန်လှိုင်သည် ဒေးဗစ်သံသယမရှိအောင်နေပြသည်။ မင်းအုပ်စိုးနားလည်းမကပ်၊ မေအုပ်စိုးနားလည်းမကပ်၊ အလိုက်သင့်ကလေးသာ ပြောဆိုသည်။

မေအုပ်စိုးက မီးဖိုဆောင်ထဲအလုပ်တွေများနေချိန်တွင် ရည်မွန်လှိုင်သည်က ခြံထဲတွင်အေးဆေးစွာ တစ်ကိုယ်တည်းစာဖတ်နေ၏။ ဒေးဗစ်က လိုက်ကြည့်ပြီးစဉ်းစားရင်း သက်မချသည်။ ပြီးတော့ မီးဖိုဆောင်ထဲဝင်ခဲ့ပြီး. . .

"မေအုပ်စိုးရေ. .ဘာတွေကူညီရမလဲဗျာ. . ."

"မကူညီရပါဘူးရှင်၊ ဒါတွေက မေ လုပ်နေကျအလုပ်တွေပါ၊

ဆာကြပြီလား၊ အားလုံးလည်းပြီးပါပြီ. . ."

"အင်း ပြီးနေပြီပဲ၊ စားပွဲပေါ်မှာ တန်းစီနေတာပဲ၊ ကြက်သွန်ခရမ်းချဉ်သီး၊ ဆလတ်ရွက်နဲ့ အသားတွေ၊ ဟင် ငါးသေတ္တာလည်း ပါတာပဲ. . ."

"ဟုတ်တယ် ဝက်နဲ့စားစား၊ ကြက်နဲ့စားစား၊ ငါးသေတ္တာနဲ့စားစား၊ ကြိုက်တာနဲ့စားလို့ရအောင် လုပ်ထားတယ်၊ ဒီမှာ ပန်းကန်တွေထဲမှာ ပေါင်မုန့်တွေထဲမှာ အသားညှပ်ပေးထားတယ်၊ ကဲ ကဲ ကိုဒေးဗစ်ရေ. .အိမ်ရှေ့ကလူတွေအားလုံးခေါ်တော့. . ."

"ကောင်းပြီ. . ."

ဒေးဗစ်ဆိုရင်းထွက်သွားသည်တွင် မေအုပ်စိုးသည် အားလုံးပြင်ဆင်ပြီး၍ အချိုရည်ဗူးလေးများပင် ဖောက်ပေးထားပြီဖြစ်၏။

"အစ်ကို လာ၊ ဆာပြီလားဟင်. . ."

"ဆာတာပေါ့၊ ကိုယ့်မိန်းမလက်ရာကို စားချင်နေတာ. . ."

သူ့စကားအတွက် မေသည် ရှက်ပြုံးလေးပြုံးရင်း သူ့ကို နေရာချပေးသည်။ အားလုံးစားပွဲတွင် နေရာအသီးသီးထိုင်လိုက်ကြသည်။ အားလုံးက မေအုပ်စိုးညှပ်ပေးထားသည့်အတိုင်း ဟမ်ဘာဂါကို စားကြသည်။ ရည်မွန်လှိုင်သည်က အကြိုရှိသူပီပီ ဟမ်ဘာဂါထဲ ပုစွန်စိမ်းနှစ်ကောင်ကို မသိမသာထည့်လိုက်ပြီး ပါးစပ်ထဲ တကောင်တည်းစားပစ်လိုက်သည်။ ပြီးမှ ဟမ်ဘာဂါကို ဟန်မပျက် ကိုက်စားသည်။ ပုစွန်စိမ်းစားသည်နှင့် အဖုအပိန့်ထွက်ပြီး ယားယံတတ်သည့် ရည်မွန်လှိုင်သည် ဟမ်ဘာဂါလည်းတစ်ဝက်ကျိုးသည်နှင့် ယားယံလာတော့၏။

ရည်မွန်လှိုင်တစ်ယောက် စားသောက်ရင်း ဟိုကုတ်ဒီကုတ်ဖြစ်လာပြီ၊ ဒေးဗစ်မှလွဲ၍ ကျန်သည့်လူတွေက အမှတ်တမဲ့ပင် ဖြစ်

သည်။ နောက်ဆုံး ဒေးဗစ်မှာ ရည်မွန်လှိုင်ကို မသက်ာတော့၍ မေးဖြစ်တော့သည်။

"ရည်မွန်လှိုင် ဘာဖြစ်နေတာလဲ၊ တစ်ခုခုလုံးကုတ်နေတော့ ဘာပဲ. . .

"မသိဘူး ယားလားလို့၊ ဟင် ဒီဟမ်ဘာဂါထဲမှာ ပုစွန်စိမ်းတွေထည့်တယ်ဟုတ်လား၊ မကြားဖူးပါဘူး၊ ရည်မွန်က ပုစွန်စိမ်းနဲ့ မတည့်ဘူး၊ စားမိရင် ချက်ချင်းယားတယ်. . .

"အို မထည့်ပါဘူး၊ အသားပဲထည့်ထားပါရှင်. . ."

ရည်မွန်လှိုင်စကားအတွက် မေအုပ်စိုးလန့်၍ဆိုသည်။ ပုစွန်စိမ်းတွေပါသည့်ဆိုသည့် စကားအတွက် မင်းအုပ်စိုးကလည်း အံ့သြ၍နေသည်။ ဒေးဗစ်ကလည်း ရည်မွန်လှိုင်စားသည့် ဟန်ဘာဂါထဲမှ ပုစွန်စိမ်းကိုမြင်၍ အံ့သြရင်းကြည့်နေဖြစ်၏။ ဣုးကလည်း ကလေးပီပီ ကြည့်၍သွေးနေသည်။

"အသားပဲထည့်တာဆိုရင် အသားပဲရှိမှာပေါ့၊ အခုဒီမှာ ပုစွန်စိမ်းတွေမမြင်ဘူးလား၊ ဒါသက်သက် ရည်မွန့်ကိုလုပ်ကြံတာလား၊ ရည်မွန်အလှပျက်အောင် တမင်လုပ်တာလား၊ ရည်မွန့်ကို ဖိတ်ခေါ်တာက စိတ်ထဲကမပါပဲ ဟန်ဆောင်တာလား၊ ရည်မွန်လာနေတာ တကယ်တမ်းကျတော့ မကြိုက်လို့ ဒီလိုလုပ်တာလား"

"အိုး မဟုတ် မဟုတ်ရပါဘူးရှင်၊ မေလည်း မရည်မွန်နဲ့ ပုစွန်မတည့်တာလည်း မသိဘူး၊ ဟမ်ဘာဂါမှာလည်း ပုစွန်မပါပါဘူးရှင်. . .

"ဒါဖြင့် ရည်မွန့်ဟမ်ဘာဂါမှာ ပုစွန်ပါနေတာက ဘာသဘောလဲ၊ ရည်မွန့်ကို ရှင်လုပ်ကြံတာပဲ မဟုတ်လား. . ."

"အိုး. . .

ရည်မွန်လှိုင်သည်က ဒေါသတကြီးပြောဆိုပြီး ထွက်သွားလေပြီ၊ မေအုပ်စိုးသည်လည်း ဘာပြောရမည်မသိအောင် ဖြစ်ကျန်ရစ်ခဲ့သည်။ ပြီးမှ မေအုပ်စိုးသည် မင်းအုပ်စိုးနှင့်ဒေးဗစ်တို့ထံကြည့်ပြီး-

"ယုံပါ မေ မလုပ်ပါဘူး၊ မေ ဒီလိုမလုပ်တာအမှန်ပါ။ မေ ဈေးဝယ်တုန်းကလည်း ပုစွန်မဝယ်ပါဘူး၊ အိမ်မှာလည်း ပုစွန်မရှိပါဘူး. . .

မေ့စကားကိုနားထောင်ပြီး ဒေးဗစ်က ဈေးဝယ်ပြန်လာသည်က မေဝယ်သည့်ပစ္စည်းတွေကို ကြည့်ထားသည်ကို ပြန်အမှတ်ရလိုက်သည်။ သည့်အတွက် ဒေးဗစ်သည် တစ်ခုခုတော့မှားယွင်းနေပြီဖြစ်ကြောင်း နားလည်လိုက်၏။ မင်းအုပ်စိုးမှာလည်း စဉ်းစားရင်း နေရာမှ ထလိုက်ပြီး. . .

"ဒေးဗစ်. .လာ၊ ရည်မွန်လှိုင်ဆီသွားရအောင်၊ ကိုယ့်ဘက်ကမှားယွင်းသလိုဖြစ်နေတော့ မကောင်းဘူးပေါ့. . ."

ဒေးဗစ်မှာ မေအုပ်စိုးထံကြည့်ပြီး မင်းအုပ်စိုးကိုတွဲခေါ်သွားသည်။ ရည်မွန်လှိုင်အခန်းဆီအရောက်မတော့ ရည်မွန်လှိုင်သည် မှန်ရှေ့တွင်ထိုင်ပြီး နီရဲနေသည့် ဘုတွေထွက်လာသည့် မျက်နှာလည်ပင်းတွေဆီကြည့်ပြီး ဒေါသတွေထွက်နေသည်ကိုတွေ့လိုက်ရ၏။

"ဒါသက်သက် ရည်မွန် ဒုက္ခရောက်အောင်လုပ်တာ၊ အလှပျက်အောင်လုပ်တာ၊ ရည်မွန်လာတာမကြိုက်လို့ လုပ်တာ၊ အပေါ်ယံကတော့ ရည်မွန့်.ကိုဟန်လုပ်ကြိုဆိုနေတာပေါ့၊ စိတ်ထဲကတော့ ရည်မွန့်.ကို မလိုလားတာ အခုပေါ်နေတာပဲမဟုတ်လား. . ."

ပြောဆိုတတ်သည့် ရည်မွန်လှိုင့်စကားတွေအတွက် မင်းအုပ်စိုးနှင့် ဒေးဗစ်တို့လည်း ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်နေရ၏။ မင်းအုပ်စိုးသည်က ရည်မွန်လှိုင်စကားတွေကို မိန်းမချင်းဆိုတော့

ဖြစ်တန်ရာသည်ဟူသောအတွေးနှင့် ရည်မွန်လှိုင်အား အားနာနေမိ၏။ ဒေးဗစ်သည်က ရည်မွန်လှိုင်ကိုကြည့်ပြီး စဉ်းစား၍သာနေသည်ပါ။

ထမင်းစားခန်းထဲတွင်ကား မေအုပ်စိုးသည် မိမိကြိုးစားပမ်းစား စီစဉ်လုပ်ကိုင်ထားရသည့် စားပွဲလေးပျက်သွားရသည်ကိုလည်း စိတ်မကောင်း၊ ရည်မွန်လှိုင်အတွက်လည်း စိတ်မကောင်းဖြစ်နေရသည်ပါ။ ထိုအချိန်၌ပင် ရည်မွန်လှိုင်ထံမှ မင်းအုပ်စိုးနှင့် ဒေးဗစ်တို့ပြန်ရောက်လာကြသည်။

"အစ်ကို. . ."

"မေ. .အဲဒီလောက်အထိတော့ မေ လုပ်ဖို့.မကောင်းဘူး"

"အို မေမလုပ်ဘူး အစ်ကို၊ မောယ်လိုပြောရမလဲ. ."

"မေ. .အစ်ကိုနားလည်ပါတယ်၊ မင်း သူ့.ကိုတောင်းပန်လိုက်ပါ. . ."

"အစ်ကို့.မေ့ရဲ့.ကိုယ်ကျင့်တရားနဲ့ သိက္ခာကို မစော်ကားပါနဲ့၊ မထိခိုက်ပါနဲ့၊ ဖြစ်ရခြင်းအကြောင်းတရားကိုမသိလို့ မေလည်းခံတ်မကောင်းဖြစ်နေရတာပါ၊ မှောက်က ရိုးသားစွာတောင်းပန်နိုင်ပေမယ့် ဒီလိုမျိုးနဲ့.တော့ မေ မတောင်းပန်နိုင်ဘူး အစ်ကို. . ."

"မင်း တောင်းပန်. . ."

"မတောင်းပန်ဘူး. . ."

"မင်းမလုပ်ရင် ဒီပုစွန်တွေက ခြေထောက်ပေါက်ပြီး ရောက်နေတာလား. . ."

သူ အော်ပစ်လိုက်သည်။ မေအုပ်စိုးသည် သူ့.ကိုကြည့်ပြီး ပမ်းနည်းသွားရရင်း. .

"အစ်ကို. .မောာမှမသိလို့ မောာမှမရှင်းပြနိုင်တော့ဘူး၊ အဟင့် ဟင့် ဟင့်. . ."

စကားအဆုံး မေအုပ်စိုးကား ငိုရှိုက်ကာ ထွက်သွားလိုက်ပါတော့၏။ ထိုစကားသံတွေကို ချောင်းနားထောင်နေ[illegible]ည့် ရည်မွန်လှိုင်ကား ကျိတ်၍ဝမ်းသာရင်း တစ်ကိုယ်တည်းအာ[illegible]စွာ ပြုံးနေဖြစ်လေ၏။

× × × × ×

"ကိုကိုဒေးဗစ်. . ."

"ဟင်. . ."

"မမမေကို ကျွန်တော် သိပ်သနားတာပဲ၊ ကျွန်တော် စဉ်းစားမိတာပြောပြရမလား. . ."

"အင်း ပြောပါဦး. . ."

ဖြေရှင်းရန်အကူအညီလိုနေ၍ ဂျူးစကားတွေကို မျှော်လင့်ချက်တွေနှင့် ဒေးဗစ်နားထောင်လိုက်သည်။

"မမမေ ဈေးဝယ်တုန်းက ပုစွန်မပါတာ ကျွန်တော်သိတယ်၊ ကျွန်တော်ကားပေါ်တက်ခါနီးမှာ ကြည့်လိုက်တာပဲ. . ."

"အင်း ဟုတ်တယ်၊ ကိုကိုလည်း ကြည့်လိုက်တယ်..."

"ပြီးတော့ မရည်မွန် ကားပေါ်တက်လာတော့ သူ့လက်ထဲမှာ အထုပ်တစ်ထုပ်ပါတယ်၊ ညှီစိမ်းစိမ်းအနံ့ရတယ်၊ ဘာလဲတော့မသိဘူး၊ ပြီးတော့ မရည်မွန် ဈေးဝယ်တာ ကျွန်တော်တွေ့လိုက်တယ်၊ အသားလား၊ ပုစွန်လားတော့ မသိဘူး၊ ကျွန်တော်ထင်တာ ပုစွန်ပဲဖြစ်မယ်၊ သူသာ မမမေကိုမကောင်းကြံတာ၊ မမမေက ပုစွန်ထည့်ရအောင် သူနဲ့ပုစွန် တည့်မှန်း မတည့်မှန်းမှ မသိတာ. . ."

"ဟား အဲဒါတွေအားလုံး ဟုတ်တာပေါ့၊ ကားပေါ်တက်တော့ ရည်မွန်လှိုင်လက်ထဲမှာ ကြွပ်ကြွပ်အိတ်အမဲကိုင်ထားတာ ကိုကို

[illegible]ည်းမြင်တယ်၊ လာ အဲဒါသွားရှာမယ်၊ အမှန်တရားကို ဖော်ထုတ်[illegible]ယ်၊ ဟိုလင်မယားက စိတ်ထိခိုက်နေကြပြီ. . ."

ဒေးဗစ်နှင့်ဂျူးတို့ စကားတွေဆိုနေဆဲအချိန်များ၌ မင်းအုပ်[illegible]းသည် မေအုပ်စိုးက ရည်မွန်လှိုင်ကို မတောင်းပန်၍ သူကိုယ်တိုင်[illegible]င် ရည်မွန်လှိုင်ကိုတောင်းပန်ဖို့ အခန်းထဲဝင်ခဲ့လိုက်၏။ သူ အခန်း[illegible]ထဲဝင်လာသည်ကိုတွေ့သည်နှင့် ရည်မွန်လှိုင်က တမင်ပင် အခန်း[illegible]ကံခါးကို ဟင်းလင်းကြီးမြင်နိုင်အောင် ဖွင့်ထားလိုက်သည်။ ထိုအချိန်[illegible]ပင် မေအုပ်စိုးသည်လည်း အခန်းရှေ့မှအဖြတ် ရည်မွန်လှိုင်သည် မေအုပ်စိုးမြင်အောင် မင်းအုပ်စိုးအား ဖက်ထားလိုက်လေ၏။ မြင်[illegible]သော်လည်း မေအုပ်စိုးသည် အေးဆေးစွာပင် ထွက်သွားလိုက်သည်။

"ဟာ ဟာ. .မင်းလွှတ်စမ်း၊ မင်းကိုဒါတွေပဲ ငါမုန်းတာ၊ [illegible]မိန်းမကိုယ်စား မင်းကို ငါလာတောင်းပန်တာကွ၊ လွှတ်စမ်း"

"မင်းအုပ်စိုး. .သူ့ကိုဘာမှအရေးလုပ်ပြီး တောင်းပန်စရာ[illegible]လိုပါဘူး၊ ဒီမှာမှကောင်းကြံတာကသူ၊ သူ့ကိုယ်သူပဲ ဒုက္ခရောက်[illegible]အောင်လုပ်တာ၊ ဒီပုစွန်က သူ့ဟာသူဝယ်ခဲ့တာ၊ သူ့ဟာသူဒုက္ခ[illegible]စ်အောင်စားဖို့ တစ်ဘက်သားကိုချောက်ချဖို့ သူ့ဟာသူဝယ်ခဲ့တာ"

"ဟုတ်တယ် ကျွန်တော်မြင်တယ်. . ."

"ဒီအထုပ်ကိုင်လာတာ ကိုယ်လည်းမြင်တာပဲ. . ."

"သွား. .ရှင်တို့ကို ဘယ်သူကဖော်ကောင်လုပ်ခိုင်းလဲ၊ သွား[illegible]. . ."

"မင်းယုတ်မာလှချည်လား၊ တောက်. . ."

"ပြောမနေနဲ့တော့၊ သွားမယ်. . ."

သူအော် ကိုယ်အော် အားလုံးအော်ပစ်ပြောဆိုကြပြီး မင်း[illegible]ပ်စိုးကိုတွဲကာ အခန်းထဲမှခေါ်ထုတ်ခဲ့လိုက်၏။ သည့်နောက် မင်း

(တစ်ဆယ့်ခုနစ်)

သည်နေ့ဖြင့် လိပ်စာအမှန်နှင့် မင်းအုပ်စိုး၏တိုက်ကြီး ဆီသို့ ကျော်လွင်၊ မြမြသွင်နှင့် ချူးတို့ရောက်လာခဲ့ကြသည်။ ခြံတံခါး က ပွင့်နေ၍ သူတို့ခြံထဲဝင်ခဲ့ကြသည်။ ဆင်ဝင်အောက်အရောက် ဘိုက်တံခါးပိတ်ထားသည်မို့ ကျော်လွင်က လူခေါ်ဘဲလ်ကိုနှိပ်လိုက်၏။ သို့သော်လည်း တံခါးကမပွင့်လာ၊ လေးငါးကြိမ်ထက်မနည်းနှိပ်သော် သည်း မပွင့်လာ၍ ကျော်လွင်မှာ ခြံတံခါးပွင့်နေသည်ကို စဉ်းစားသွား ဖြစ်ရင်း. . .

"မ. .သူတို့မရှိကြဘူးထင်တယ်၊ ဒါကြောင့် ခြံတံခါးပွင့်နေ ဘာပေါ့၊ လာ မောင်တို့လက်ဘက်ရည်ဆိုင်မှာ သွားစောင့်မယ်၊ သူတို့လာတာတွေ့မှ ပြန်ဝင်လာကြမယ်. . ."

"မနဲ့မျှော်ပဲသွားမယ်၊ ချူးက ဒီမှာပဲရပ်စောင့်ပြီးကျန်ခဲ့၊ ဒါမှ မတို့လာတဲ့အခါ ပိုအဆင်ပြေမှာ . . ."

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ သွားပါ သွားပါ၊ ဘယ်သူမှလိုက်မယ် မပြောပါဘူး. . ."

ချူးမှာ အဲဒေါ်ကိုခပ်ချင်ချင်ဖြစ်နေ၍ ဆိုလိုက်သည်။ ကျော်လွင်တို့လင်မယားထွက်သွားပြီးနောက် အတန်ကြာသည်အထိ ချူးတစ်ယောက်စောင့်နေရ၍ ချူးလည်း စောင့်နေရသည်ကိုငြီးငွေ့လာ ပြီး ခြံထဲမှထွက်သွားလိုက်တော့၏။ ချူးတစ်ယောက် ထွက်သွားချိန် တွင်မှ အမှိုက်တွေသွားပစ်ပြီး မေအုပ်စိုးသည် နောက်ဘက်ခြံတံခါး ပေါက်မှ ပြန်ရောက်လာ၏။ မေအုပ်စိုးပြန်လာသည်ကို ရည်မွန်လှိုင်က သိုမှုန်းထားအကြည့်တွေနှင့် မီးဖိုဆောင်ပြူတင်းတစ်ခုမှ လှမ်းကြည့်

အုပ်စိုးကို သူတို့အိပ်ခန်းထဲသွင်းပေးခဲ့ပြီး ဒေးဗစ်တစ်ယောက် ပြုံး၍ ဆင်းသွားလိုက်လေ၏။ အခန်းထဲမတော့ မေအုပ်စိုးသည် မင်းအုပ်စိုး ဝင်လာသည်ကိုတွေ့သည်နှင့် အခန်းထဲမှထွက်သွားရန် တံခါးဝဆီ အရောက် မင်းအုပ်စိုးသည် မီရာလှမ်းဆွဲလိုက်သည်တွင် မေအုပ်စို အား အမိအရဖက်မိသွားလိုက်ရပါတော့သတည်း။

"အိုး. .အစ်ကို. ."

"အစ်ကိုတောင်းပန်ပါတယ်ကွယ်. . ."

စကားအဆုံး သူသည် မေနှင့် မျက်နှာချင်းပူးကပ်ထားဖြစ် လိုက်လေ၏။

❖ ❖ ❖

နေသည်။ ထိုအချိန်၌ပင် ခြံစောင့်ဇနီးဆည်,သည် သတင်းစာ တစ်စောင်ကိုင်လာပြီး မေအုပ်စိုးကိုပေးရင်း စကားပြောပြီးထွက်သွား သည်ကိုပါတွေ့လိုက်သည်။

မေအုပ်စိုးသည် သတင်းစာလေးကိုင်ကာ အိမ်ထဲဝင်လာချိန် တွင် သတင်းစာထဲမှ စာအိတ်လေးတစ်အိတ် ထွက်ကျသွားသည်ကို ရည်မွန်လှိုင်တွေ့လိုက်၍ စိတ်ဝင်စားသွား၏။ မေအုပ်စိုးသည်ကဖြင့် စာအိတ်ထွက်ကျသွားသည်ကိုမသိ၊ သတင်းစာလေးသာယူပြီး အိမ်ထဲ ဝင်ခဲ့၏။ ရည်မွန်လှိုင်သည်က သတင်းစာထဲမှကျကျန်ခဲ့သည့် စာအိတ် လေးကို မေအုပ်စိုးမမြင်အောင် လျင်မြန်စွာသွားကောက်လိုက်ပြီး ကြည့်လိုက်သည်။ ရင်နှီးသည့် မျက်စိဆရာဝန်ထံမှစာမှန်း သိလိုက် ရသည်တွင် ရည်မွန်လှိုင်သည် တစ်ချက်မျှစဉ်းစားကာ မဲ့ပြုံးပြုံးလိုက် ပြီး အိမ်ထဲပြန်ဝင်ခဲ့၏။

မေအုပ်စိုးသည်က သတင်းစာကို ဧည့်ခန်းစားပွဲတွင် ထား ပေးပြီး အိမ်သန့်ရှင်းရေးတွေဆက်လုပ်သည်။ အားလုံးပြီးတော့ မီးဖို ဆောင်ဝင်ပြီး ချက်ပြုတ်ရန်စီစဉ်၏။ ရည်မွန်လှိုင်သည်က မေအုပ်စိုး၏လုပ်ရှားမှုတွေကိုသာ နောက်မှတကောက်ကောက်ချောင်းရှုကြည့် သည်။ မေအုပ်စိုးတစ်ယောက် မီးဖိုဆောင်ထဲဝင်ပြီးချက်ပြုတ်ရန် စီစဉ်နေမှ ရည်မွန်လှိုင်သည် ကပျာကယာ အပေါ်ထပ်ပြေးတက်ခဲ့ပြီး မင်းအုပ်စိုးတို့အိပ်ခန်းထဲသို့ဝင်ခဲ့၏။ အခန်းထဲအရောက်မတော့ ရည်မွန်လှိုင်သည် ဆရာဝန်ဆီမှစာနှင့်စာအိတ်လေးကို ဆုပ်ချေလုံးထွေး ပြီး အမှိုက်ပုံးထဲ ပစ်ထည့်ထားလိုက်သည်။ သည့်နောက် အခန်းထဲမှ ရည်မွန်လှိုင်ပြန်ထွက်ခဲ့လိုက်လေ၏။

"တီး. . ."

ရည်မွန်လှိုင်တစ်ယောက် အပေါ်ထပ်မှ ဆင်းခဲ့ချိန်တွင်

ရှေ့မှဘဲလ်မြည်လာသည်နှင့် တိုက်ဆိုင်သွားသည့်တွင် ရည်မွန် သည် အိမ်တံခါးကို အပြေးသွားဖွင့်ပေး၏။ မီးဖိုဆောင်ထဲမှ အုပ်စိုးကလည်း ဘဲလ်မြည်သံကြား၍ တံခါးဖွင့်ရန် အိမ်ရှေ့ ကိုလာသည်တွင် ရည်မွန်လှိုင်ပြေးထွက်သွားသည်ကိုတွေ့၍ ဆက် သွားတော့ပဲ မီးဖိုထဲပြန်ဝင်ခဲ့၍ ချက်ပြုတ်နေလိုက်သည်။ မင်းအုပ်စိုး၊ ဇနီးနှင့် ဂျူးတို့သည်က ရည်မွန်လှိုင်ဖွင့်ပေးသည့် တံခါးမှ အိမ်ထဲ ဝင်ကြသည်။ မျက်နှာတွေကဖြင့် သိပ်မကြည်၊ ဧည့်ခန်းထဲအရောက် အားလုံးထိုင်လိုက်ကြပြီး မင်းအုပ်စိုးကို ဂျူးက ရေနွေးကြမ်း ခွက် ငဲ့တိုက်သည်၊ ဒေးဗစ်က သတင်းစာကိုဖတ်နေဆဲ. . .

"လူတွေက သိပ်ရယ်ရတာပဲ. . ."

ရည်မွန်လှိုင် စကားစသည်နှင့် ဘာမွှေဦးမလဲမသိဘူးဟူသော ကြည့်နှင့် ဒေးဗစ်ကလှမ်းကြည့်သည်။ မင်းအုပ်စိုးကမူ အရေးမစိုက် သို့ရှိ၏။ ရည်မွန်လှိုင်သည်က မဲ့ကာရွဲ့ကာဖြင့် စကားဆက်ဆို သည်။

"ဟန်ဆောင်ကောင်းတဲ့သူတွေကို သိပ်အထင်ကြီးတတ်ကြ သဲ၊ အသေးအမွှားကိုကျတော့ ပုံကြီးချဲ့ချင်တယ်၊ အရေးကြီးတဲ့ ဟာတွေကျတော့ ချောင်ထိုးထားတယ်၊ ဒါဟာ ဘာသဘောလဲ၊ သံလိုမျိုးစိတ်ဓာတ်လဲလို့ ပြောရမလဲ. . ."

ရည်မွန်လှိုင်. .မင်းဘာပြောချင်တာလဲ၊ ရှင်းရှင်းပြော၊ ကတော့ တကယ်ဗြောင်ကျလွန်းတယ်၊ မင်းကိုနှင်ချလည်း မဆင်း၊ ဆင်းထုတ်လည်းမသွား၊ ဆွဲချထားတာတောင် အရှက်မရှိပြန်တက် သေးတယ်၊ ပြီးတော့ တစ်ချိန်လုံး သူများမိသားစုကို ပြဿနာ ရှာနေသေးတယ်၊ မင်းကိုယ်မင်းလည်း ပြန်စဉ်းစားသုံးသပ်ပါဦး"

ဒီမှာ ကိုဒေးဗစ်. .ရှင်က ကျွန်မကို အမြဲမကောင်းပဲမြင်နေ

တဲ့လူစားဆိုတော့ ကျွန်မလုပ်သမျှ မကောင်းတာချည်းပဲပေါ့. . .

"ကောင်းရော ကောင်းလို့လား. . ."

"ကောင်းတာတွေရော မရှိဘူးပြောနိုင်မလား၊ အခု ရှင်တို့အတွက် အရေးကြီးတဲ့ကိစ္စကို ရှင်တို့သိပ်ယုံကြည်အားကိုးနေတဲ့လူက ချောင်ထိုးထားတယ်၊ တော်သေးတာပေါ့ ကျွန်မတွေ့လို့"

"ဘာလဲ၊ မင်း ဘာကိုပြောချင်တာလဲ. . ."

"ပြမယ်၊ လက်တွေ့ပြမယ်. . ."

ရည်မွန်လှိုင်ဆိုရင်း အပေါ်ထပ်တက်သွားသည်။ ဒေးဗစ်နှင့် ကျူးတို့က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ အပေါ်ထပ်တွင်းကား ရည်မွန်လှိုင်သည် စောစောက သူမအမှိုက်ပုံးထဲထည့်ပစ်ခဲ့သည့် စာရွက်နှင့် စာအိတ်ကို အမှိုက်ပုံးသွန်ချပြီး ပြန်ယူထုတ်ခဲ့သည်။ ပြီးတော့ အောက်ထပ်သို့ဆင်းလာခဲ့ပြီး ဒေးဗစ်ထံ ထိုးပြလိုက်ရင်း. . .

"ကဲ ရော့. .ဒီစာက ဘာစာလဲ၊ ဖတ်ကြည့်၊ ဖတ်ကြည့်၊ အရေးကြီးလား မကြီးဘူးလားပြော၊ မျက်စိဆရာဝန်ဆီက ပို့လိုက်စာကို လုံးချေပြီး အမှိုက်ပုံးထဲပစ်ထည့်ထားတာက ဘယ်လိုစိတ်ကူးလဲ ဒါ မောင့်မျက်လုံးကို သူပြန်မမြင်စေချင်လို့ပဲဖြစ်ရမှာပေါ့၊ မောင့်ဒုက္ခိတအဖြစ်နဲ့ပဲ သူထားသွားမယ်၊ ဒါမှ မောင့်ကိုသူကြိုးကိုင်နိုင်မယ်၊ သူပြောသမျှဖြစ်နေမယ်၊ သူ ချုပ်ခြယ်ချင်တိုင်း ချုပ်ခြယ်ထားရမယ်ဆိုတဲ့စိတ်နဲ့ မဟုတ်ရင် ဘာလဲ၊ ရှင်ပြောစမ်းပါ. . .

ရည်မွန်လှိုင်ပြောသွားသည့်စကားတွေကို မင်းအုပ်စိုး အတော်ထား၍ နားထောင်ဖြစ်သွားရသည်။ ဒေးဗစ်ထံမှလည်း အသံတိတ်နေ၏။ မှန်သည်။ ဒေးဗစ်သည်လည်း ဆရာဝန်ထံမှပို့လိုက်သည့်စာဖြစ်ပြီး၊ ထိုစာကို မေအုပ်စိုးက ဘာကြောင့်အမှိုက်ပုံးထဲ

သည့်ထားရသည့်အကြောင်းအား စဉ်းစားနေဖြစ်ခြင်းပါ။

"ဒီစာကို မင်းဘယ်လိုတွေ့လဲ. . ."

"ခြံစောင့်မိန်းမကြီးက လာပေးသွားတာ၊ မေအုပ်စိုးလက်ထဲ တိုက်ရိုက်ထည့်ပေးသွားတာ. . ."

မင်းအုပ်စိုးသည် ထိုင်ရာမှထလိုက်ပြီး. . .

"ကျူးကျူး. . ."

"ဗျာ. . ."

"ကိုကို့ကို လိုက်ပို့စမ်း. . ."

ကျူးလက်ကိုဆွဲပြီး တစ်ဘက်ကတုတ်နှင့်စမ်းကာ ခြံထဲဆင်းသည်။ ခြံစောင့်တန်းလျားဆီအရောက်မတော့ ခြံစောင့်အလုပ်သမားငယ်မယားနှစ်ယောက်စလုံးကို သူခေါ်လိုက်၍ ကျူးကသွားခေါ်ပေးရသည်။ ခြံစောင့်လင်မယားရောက်လာတော့ သူမေးသည်။

"မျက်စိဆရာဝန်ဆီက စာရောက်လာလား. . ."

"ဟုတ်ကဲ့ ရောက်လာပါတယ်၊ ပေးလိုက်ပါပြီ. . ."

"ဘယ်သူ့ကိုပေးလိုက်တာလဲ. . ."

"သူဌေးရဲ့ဇနီးကိုပါ. . ."

အမေးအဖြေက ထိုမျှသာဖြစ်ပြီး မင်းအုပ်စိုးသည် စိတ်ဒဏ်ခြင်းများစွာဖြင့် ပြန်လာခဲ့လိုက်ရလေ၏။ တိုက်ထဲအရောက်တော့ ဒေးဗစ်နှင့်ကျူးတို့က တစ်ယောက်ကိုတစ်ယောက်ကြည့်သည်။ မျက်လုံးချင်းအခြေအနေကို မေးကြသည်တွင် ကျူးကမျက်နှာမကောင်းသွား၍ ဒေးဗစ်သည်လည်း ပို၍စဉ်းစားမရဖြစ်သွားရလေ၏။ မေးအုပ်စိုးသည်လည်း စိတ်ထဲထိခိုက်ခြင်းတွေနှင့် မျက်နှာမကောင်းရှာ၍. . .

"ဒေးဗစ်. .ဆရာဝန်ပေးလိုက်တဲ့စာ ကိုယ့်ကိုပေးပါ. . ."

သူတောင်းတော့ ဒေးဗစ် ပေးလိုက်သည်။ ပြီးတော့ သူ အပေါ်ထပ်သို့ တစ်ယောက်တည်းစမ်း၍တက်သွားလိုက်၏။ ထိုအချိန်၌ပင် မေအုပ်စိုးသည် ထမင်းပွဲပြင်ပြီး၍ ထမင်းစားရန်လာခေါ်သည်။

"ကဲ ထမင်းစားကြရအောင်၊ ဟင် အစ်ကိုရော ကိုဒေးဗစ်"

"သူ အပေါ်တက်သွားတယ်. . ."

"ဒါဆို မေ သွားခေါ်လိုက်မယ်နော်. . ."

မေအုပ်စိုးဆိုရင်း အပေါ်ထပ်တက်သွားသည်တွင် ဒေးဗစ်က လှမ်းကြည့်သည်။ ရည်မွန်လှိုင်ကလည်း မဲ့ရွဲ့ကာလှမ်းကြည့်သည်။ အခန်းထဲရောက်လာသည့် မေအုပ်စိုးကား ကုတင်ပေါ်တွင် ငေးငိုင်စွာထိုင်နေသည့် မင်းအုပ်စိုးကိုတွေ့သည်တွင် စိုးရိမ်သွားပြီး. . .

"ဟင် အစ်ကို. .ဘာဖြစ်လို့လဲဟင်. . ."

မေအုပ်စိုးအသံကြားသည်တွင် မင်းအုပ်စိုးသည် စိတ်မကောင်းသည်ကိုထိန်းရင်း. . .

"မေ. .အစ်ကို့ဆီကို ဆရာဝန်ပေးလိုက်တဲ့စာ ရောက်လာလား. . ."

"စာ. .မရောက်သေးဘူး အစ်ကို၊ မေ့ဆီတော့ ဘာစာမှ မရောက်လာသေးပါဘူး၊ ဟင် ဟိုအခန်းထောင့်က အမှိုက်ပုံးကို ဘယ်သူလာလုပ်လို့ မှောက်နေရတာလဲ. . ."

မေအုပ်စိုးဆိုရင်း ပွစာကျဲနေသည့် အမှိုက်တွေကို လှဲကျင်းစုစည်းပြီး အမှိုက်ပုံးထဲပြန်ထည့်ကာ အမှိုက်ပစ်ရန် အမှိုက်ပုံးကိုပါ အောက်ထပ်သို့ယူသွားလိုက်သည်။ အမှိုက်ပုံးနှင့် မေအုပ်စိုး အောက်ထပ်သို့ဆင်းလာသည်တွင် အပေါ်ထပ်သို့ ရည်မွန်လှိုင်တက်သွား၍ ဒေးဗစ်နှင့်ကျူးတို့ပါ နောက်မှလိုက်တက်သွားကြသည်။ သူတို့အားလုံး အခန်းထဲရောက်လာသည်နှင့် မေအုပ်စိုးသည်လည်း အမှိုက်ပစ်ပြီး

အမှိုက်ပုံးလေးပြန်ယူကာ အခန်းထဲသို့ပြန်ရောက်လာ၏။ အခန်းထဲအရောက်၌ လူတွေအားလုံးကိုတွေ့လိုက်ရ၍ အံ့သြနေဆဲ. . .

"မေအုပ်စိုး. . ."

"ရှင်. . ."

"နင် အမှိုက်သွားပစ်လိုက်ပြီပေါ့. . ."

"ဟုတ်တယ်. . ."

"ဆရာဝန်ဆီက ပို့လိုက်တဲ့စာလေ၊ နင် မောင့်ကို အသိမပေးပဲ အမှိုက်ပုံးထဲထည့်လိုက်တယ်မဟုတ်လား. . ."

"အို မဟုတ်တာရှင်၊ စာတောင်မရောက်သေးပါဘူး၊ စာရောက်ရင် ကျွန်မသိမှာပေါ့၊ အရေးကြီးတဲ့စာကို ကျွန်မက ဘာဖြစ်လို့ အလွဲသုံးစားလုပ်ရမှာလဲ. . ."

"တော်တော့ မေ၊ မင်းဟန်ဆောင်မနေနဲ့၊ ဒီမှာ ဆရာဝန်ဆီကပေးလိုက်တဲ့စာက၊ မင်းအမှိုက်ပုံးထဲ ပစ်ထည့်လိုက်လို့ ပြန်ကောက်ထားရတာ၊ မင်းဘာသဘောလဲ၊ ကိုယ့်ကို ဒီလိုပဲ ကန်းနေစေချင်လို့လား၊ ပြောပါ မင်းကန်းနေစေချင်ရင် ကိုယ်မခွဲတော့ပါဘူး"

"အို အစ်ကိုရယ် ဘယ်လိုပြောလိုက်တာလဲ၊ မေ မသိဘူး၊ မေ လုံးဝမသိပါဘူး၊ ဒီစာရောက်တာ မေ လုံးဝမသိတာအမှန်ပါ"

"တော်ပြီ မေ၊ မင်းဆက်မပြောနဲ့တော့. . ."

ဆိုရင်း မင်းအုပ်စိုးသည် အခန်းထဲမှထွက်သွားလိုက်သည်တွင် ရည်မွန်လှိုင်သည် မင်းအုပ်စိုးကိုသွားရောက်ဆွဲကိုင်ပြီး မေအုပ်စိုးထံပြန်လှည့်ကြည့်သည်။ မေအုပ်စိုးမှာ အံ့သြခြင်း၊ ဝမ်းနည်းခြင်းတွေနှင့် မျက်ရည်တွေစီးကျရင်း. . .

"ကိုဒေးဗစ်ရယ်. .မေ့ တကယ်မသိရပါဘူး၊ တကယ်မသိရတာပါ၊ ကျူး. .မမမေ ဘယ်လိုပြောရမလဲ မသိတော့ပါဘူးကွယ်၊

ဒီစာရောက်တာ မမမေ မသိတာအမှန်ပါ၊ မမလက်ထဲရောက်လာရင် မမဒီလိုလုပ်ပါ့မလားကွယ်၊ မမလည်း စာပေမတတ်တဲ့သူမှ မဟုတ်တာ့. . .”

မအုပ်စိုး ငိုရှိုက်ရင်းဆိုတော့ ဒေးဗစ်နှင့်ဂျူးတို့သည် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြပြီး မအုပ်စိုးထံပြန်ကြည့်ကာ စဉ်းစားရင်း သက်မဟောများအား ချဖြစ်လိုက်ကြရလေ၏။

× × × × ×

ဆရာဝန်နှင့်သွားတွေ့ပြီး ဆေးခန်းမှ သူတို့အားလုံး အိမ်သို့ ပြန်ရောက်လာကြသည်။ ကားရပ်သည်နှင့် ဂျူး၊ ဒေးဗစ်နှင့် မင်းအုပ်တို့ ကားပေါ်မှဦးစွာဆင်းပြီး အိမ်ထဲသို့ဝင်သွားကြ၏။ မအုပ်စိုးသည် မင်းအုပ်စိုးအတွက် ပြုစုပေးရန် အိမ်ထဲသို့ဝင်မည်အပြု ရည်မွန်လှိုင်သည် မအုပ်စိုးလက်ကိုဆွဲထားလိုက်ပြီး. . .

“ဒီမှာ. .မောင့်စိတ်ကို ငါအသိဆုံးပဲ၊ နင် ခုကစပြီး မောင့်နားကိုမကပ်ပါနဲ့တော့၊ မောင်က နင့်ကိုတော်တော်စိတ်ပျက်သွားပြီပြီးတော့ နင့်ကိုပြောရဦးမယ်၊ တကယ်တော့ ခြံစောင့်မိန်းမကြီးက နင့်ကိုသတင်းစာလာပေးရင်း သတင်းစာထဲမှာ ဆရာဝန်ပေးလိုက်တာ စာ ထည့်ပေးလိုက်တာ. . .”

“ဟင် ကျွန်မကိုလည်း မပြောပါလား၊ ပြောဖို့မေ့သွားတာတူတယ်၊ ဒါကိုရှင်မြင်တယ်ပေါ့ ဟုတ်လား. . .”

“ဟုတ်တယ်လေ၊ ငါမြင်လိုက်လို့ပဲ မျက်လုံးခွဲရမယ့်ကိစ္စကို သိတာပေါ့၊ သတင်းစာထဲကနေ ဓာတ်ထွက်ကျသွားတာ၊ နင်မသိလိုက်ဘူးလေ. . .”

“ကျွန်မကိုမပြောတော့ ကျွန်မလည်း သတိထားမိပါ့မလား

ရှင်ကဘာကြောင့် ခုလိုပြဿနာတွေဖြစ်အောင်လုပ်တာလဲ. . .”

“ဟွန့်. . .

မအုပ်စိုးမေးတော့ ရည်မွန်လှိုင်သည် မအုပ်စိုးအား မုန်းတီးသောအကြည့်နှင့် မျက်စောင်းထိုးကာ အိမ်ထဲဝင်သွားလိုက်ပါတော့၏။ မအုပ်စိုးသည်လည်း စိတ်မကောင်းစွာဖြင့် အိမ်ထဲသို့ဝင်ခဲ့လိုက်သည်။ ဧည့်ခန်းထဲအရောက်မတော့ မင်းအုပ်စိုးကား အပေါ်ထပ်ဘက်သွားပြီဖြစ်၍ မတွေ့ရတော့ပါ။ မအုပ်စိုးသည်လည်း အပေါ်ထပ်တက်မည်အပြု ဒေးဗစ်ရောက်လာပြီးခေါ်လာ၍. . .

“မအုပ်စိုး. . .”

“ရှင်. . .”

“စိတ်မကောင်းဖြစ်ပါနဲ့၊ တစ်ခုခုလွဲနေလို့ပဲဖြစ်မှာပါ၊ မင်းအုပ်စိုးက မအုပ်စိုးမခွဲစေချင်ရင် သူ့မျက်လုံးတွေမခွဲဘူးပဲပြောနေတယ်၊ မျက်လုံးက မနက်ဖြန်ပဲခွဲရတော့မယ် မဟုတ်လား”

“ကျွန်မစိတ်အနည်းရဆုံးက အစ်ကိုက ကျွန်မကိုအထင်သေးသွားတာပါပဲ၊ ဒါပေမယ့် ဒီကိစ္စတွေဖြစ်ရခြင်းအကြောင်းရင်းကို ကျွန်မသိပြီးပါပြီ. . .”

“ဗင် ဘယ်ကသိလဲ. . .”

“ရည်မွန်လှိုင်ကိုယ်တိုင်ပဲ ပြောပြတာ၊ ကျွန်မလည်း ရည်မွန်လှိုင်ရဲ့စိတ်ကို နားမလည်တော့ဘူး. . .”

“ရှင်းနေတာပဲ၊ သူက မင်းတို့လင်မယားကို ကွဲအောင်လုပ်နေတာ၊ သူတို့လင်မယားက အဆင်မပြေဘူးလေ၊ ခုမှ မင်းအုပ်စိုးကို အမိအရပြန်ဖမ်းနေတာ. . .”

“ကျွန်မဘာမှနားမထောင်ချင်တော့ဘူး၊ အစ်ကို မနက်ဖြန် မျက်လုံးခွဲရတော့မယ်၊ ဘာဖြစ်ဖြစ် အစ်ကို့ကိုပဲ ဂရုစိုက်ရမယ်”

စကားအဆုံး မေအုပ်စိုး အပေါ်ထပ်သို့တက်သွားသည်တွင် ဒေးဗစ်သည် ဂျူးကိုခေါ်ပြီး ခြံထဲဆင်းသွားလိုက်သည်။ မေအုပ်စိုးသည် အခန်းထဲဝင်လာသည်တွင် ကုတင်ပေါ်တွင် ငုတ်တုတ်ထိုင်နေသည့် မင်းအုပ်စိုးကိုမြင်သည်တွင် ဝမ်းနည်းသွားရ၏။ မေအုပ်စိုးသည် မင်းအုပ်စိုးအနီးသို့ ညင်သာစွာလှမ်းခဲ့ပြီး. . .

"အစ်ကို. .မနက်ဖြန် မျက်လုံးခွဲရမယ်၊ အစ်ကို စိတ်ရှည်ကိုယ်ပါ အနားယူပါတော့ အစ်ကိုရယ်. . ."

"မေ. .အစ်ကိုမခွဲပါဘူး၊ မေက မခွဲစေချင်ဘူးမဟုတ်လား" ထိုစကားအတွက် မေအုပ်စိုးသည် မျက်ရည်တွေစီးကျသည်။ ရင်ထဲမလည်း နာကျင်ရသည့်ဖြစ်ခြင်းပါ။

"အစ်ကိုရယ် ဒီလိုပဲထင်ရက်သလား. . ."

"ကိုယ် မင်းကိုဘယ်လောက်ချစ်လဲဆိုတာ မင်းသိစေမေ. . ."

"အဟင့် ဟင့် အစ်ကို၊ မေ ဘာမှမပြောချင်တော့ဘူး ဒါပေမယ့် မနက်ဖြန် အစ်ကို့မျက်လုံးခွဲရမယ်၊ အစ်ကို့ဘဝအတွက် အစ်ကို့မျက်လုံးတွေ ပြန်မြင်မှကိုဖြစ်မယ်. . ."

"မင်းကိုသိပ်ချစ်ပေမယ့် မင်းရဲ့ဟန်ဆောင်စကားတွေကိုတော့ မုန်းတယ်. . ."

"အဟင့် ဟင့် မုန်းနိုင်ပါတယ် အစ်ကို၊ အစ်ကိုနဲ့မေ့ တကယ်ပဲ ကာရံမည်တဲ့ကဗျာတစ်ပုဒ်ပါ. . ."

စကားအဆုံး မေအုပ်စိုးသည် မျက်ရည်တွေစီးဆင်းဆဲ အနားမှတိတ်တိတ်ကလေး ထွက်သွားလိုက်လေ၏။ မေတစ်ယောက် အခန်းထဲမှငိုရှိုက်ရင်း ထွက်သွားသည်ကို ဂျူးက ချောင်းကြည့်နေ အခန်းထဲမှ ဒေးဗစ်ကိုပြေးချဝင်ပြောသည်။ ထိုအခါ ဒေးဗစ်သည်

လည်း သက်မမောကိုချပြီး. . .

"ဂျူး. . ."

"ဗျာ. . ."

"ကိစ္စတွေရှင်းပြီဆိုတာ အစ်ကို မေအုပ်စိုးကို သွားပြောပြလိုက်မယ်. . ."

"ဟုတ်ကဲ့ ကိုကိုဒေးဗစ်. . ."

ဒေးဗစ်အခန်းထဲမှ ထွက်ခဲ့လိုက်သည်။ အောက်ထပ်သို့ဆင်းခဲ့သည်တွင် ဧည့်ခန်းထဲတွင် မေအုပ်စိုးတစ်ကိုယ်တည်းရှိနေသည်ကို တွေ့လိုက်ရ၍ ဒေးဗစ်သည် ဧည့်ခန်းတွင်ဝင်လာထိုင်ရင်း. .

"မေအုပ်စိုး. .ကိုယ် ခြံစောင့်မိန်းမနဲ့ သေချာသွားတွေ့ပြီးပြီ၊ အားလုံး စေ့စေ့စပ်စပ် သေသေချာချာမေးလာခဲ့တယ်၊ သူ သတင်းစာထဲ ညှပ်ထည့်ပြီး မေ့လက်ထဲပေးလိုက်တာမှန်ပေမယ့် သူ စာပါတဲ့အကြောင်း မပြောဖြစ်လိုက်ဘူးတဲ့. . ."

"ဒီကိစ္စတွေမပြောပါနဲ့တော့ ကိုဒေးဗစ်ရယ်၊ အစ်ကိုက မေ့ကို ကောင်းကောင်းအထင်လွဲနေပါပြီ. . ."

"သူ မင်းကိုသိပ်ချစ်တာပါ၊ မင်းအတွက်ဆိုရင် သူ့ဘဝတောင် သူ ဆုံးရှုံးခံရဲတာ. . ."

"အထင်လွဲနေတဲ့ သူ့အချစ်တွေကို မေ မခံယူချင်ပါဘူး.."

"မကြာခင်တော့ သူနားလည်သွားမှာပါ မေ. . ."

"နေပါစေတော့ ကိုဒေးဗစ်ရယ်၊ အစ်ကိုထင်ချင်သလို ထင်ပါစေတော့. . ."

ဆိုရင်း မေအုပ်စိုးသည် နေရာမှထခဲ့လိုက်သည်။ ဒေးဗစ်သည်လည်း စဉ်းစားပြီး ရည်မွန်လှိုင်နှင့်စကားပြောရန် နေရာမှထခဲ့လိုက်၏။ မေအုပ်စိုးသည် အခန်းထဲသို့ ညင်သာစွာဝင်ခဲ့သည်။

မင်းအုပ်စိုးသည် အိပ်ယာပေါ်တွင်မအိပ်ပဲ ဆိုဖာတွင်သာအိပ်ပျော်နေ၏။ မေအုပ်စိုးသည် သူ့အနီးတွင်သွားရောက်ထိုင်ပြီး သူ့ကိုကြည့်ကာ မျက်ရည်တွေသာ တသွင်သွင်စီးဆင်းကျနေရလေ၏။ တစ်ဆက်တည်းပင် ရည်မွန်လှိုင်၏အခန်းတွင်မလည်း ဒေးဗစ်သည် ရည်မွန်လှိုင်အခန်းတံခါးကိုခေါက်ပြီး သူမအခန်းတံခါးလာဖွင့်သည်နှင့် အခန်းဝတွင်သာ စကားဆိုဖြစ်နေခြင်းပါ။

"ရည်မွန်လှိုင်. .မင်းရဲ့ရည်ရွယ်ချက်ကို ငါသိတယ်၊ ဒါပေမယ့်မရဘူး၊ မင်းက လောင်းမယ်ဆိုရင် ငါလည်း လောင်းရဲတယ်၊ မင်း ဒီကနေပြန်ရင်ပြန်၊ မပြန်ရင် မင်းယောကျ်ားဆီကို ငါအကြောင်းကြားလိုက်မယ်. . .

"စိတ်ကောင်းမရှိတဲ့လူ. . ."

"ဟား ဟား ရယ်လိုက်ချင်တယ် ရည်မွန်လှိုင်၊ ဟား ဟား ဟား. . ."

ရည်မွန်လှိုင်၏ မကျေမနပ်ဒေါသတွေနှင့်ကြည့်ပြီး ပြောလာသည့် စကားအတွက် ဒေးဗစ်သည် အော်ရယ်ပစ်လိုက်ပါတော့၏။

❖ ❖ ❖

(တစ်ဆယ့်ရှစ်)

ဆေးရုံသွားဖို့ပြင်ဆင်ကြပြီး အားလုံးကားပေါ်တက်လိုက်ကြချိန်တွင် မေအုပ်စိုးသည် မတ်တပ်ကလေးရပ်နေ၍ ဒေးဗစ်မှာ မေအုပ်စိုးထံကြည့်ပြီး. . .

"မေအုပ်စိုး တက်လေ. . ."

"ဟုတ်ကဲ့. . ."

ဒေးဗစ်ဆိုတော့ မေအုပ်စိုး ကားပေါ်တက်လိုက်ရသည်။ မင်းအုပ်စိုးသည်က ရှင်ဝယ်ထိခိုက်နာကျင်နေ၍ မေအုပ်စိုးကို ဆေးရုံလိုက်ဖို့လည်းမခေါ်၊ စကားလည်းမဆိုပဲ ဆိတ်ဆိတ်သာရှိနေ၏။ မေအုပ်စိုးသည်က သူ့အနီးဝင်ထိုင်ပြီး သူ့ကိုစိတ်မကောင်းစွာဖြင့်သာကြည့်နေမိသည်။ ဒေးဗစ်သည်လည်း စိတ်မကောင်းစွာနှင့်ပင် ကားလေးကို မောင်းထွက်ခဲ့လိုက်လေ၏။ တစ်အောင့်ခန့်ကြာသည်တွင် ဆေးရုံသို့ရောက်လာကြသည်။ ဆေးရုံရောက်သည့်တိုင် စကားမဆို၊ မင်းအုပ်စိုးသည် ဒေးဗစ်နှင့်ဂျူးတို့ကိုသာ စကားပြောနှုတ်ဆက်ပြီး ခွဲခန်းထဲသို့ ဆရာမနှင့်အတူ ဝင်ရောက်သွားလိုက်လေ၏။

မေအုပ်စိုးမှာ ဝမ်းနည်းနေသော မျက်ဝန်းနီနီလေးတွေနှင့်သာ မင်းအုပ်စိုးထံလှမ်းကြည့်ကျန်ရစ်ခဲ့လေ၏။ ဒေးဗစ်နှင့်ဂျူးတို့က မေအုပ်စိုးထံစိတ်မကောင်းစွာဖြင့်သာ ကြည့်နေဖြစ်ပြီးမှ မေအုပ်စိုးအနီး လှမ်းခဲ့ကြပြီး. . .

"မမမေ. .ကိုကိုကြီးမျက်လုံးခွဲပြီးသွားတဲ့အခါ မမကိုတွေ့တာနဲ့ ပျောက်သွားမှာပါ၊ ပြီးတော့ ကိုကို့ကို ဂျူးလည်းဟိုကိစ္စတွေရှင်းပြီလိုက်ပါ့မယ်. . ."

"ဟုတ်တယ် မေအုပ်စိုး၊ ဂျူးပြောတာတွေမှန်တယ်၊ မင်းအုပ်စိုးမျက်လုံးခွဲပြီးလို့ မျက်လုံးမြင်တာနဲ့ မေ့ကိုတွေ့ရင် သူ့ယောကျာ်းသွားမှာပဲ၊ ဟိုကိစ္စတွေကို ကိုယ်ကမပြောသေးတာ သူ့ကိုတမင်ခံစားရအောင် ထားထားတာ. . ."

"မပြောပါနဲ့တော့ရှင်၊ ပြီးတာတွေလည်း ပြီးပါစေတော့၊ အစ်ကိုသိတဲ့အတိုင်းပဲ ထားလိုက်ပါ၊ အစ်ကို့မျက်လုံးတွေပြန်မြင်သွားပြီဆိုရင်လည်း ကိစ္စတွေက ပြီးပါပြီလေ. . ."

မင်းအုပ်စိုးတစ်ယောက် ခွဲခန်းထဲဝင်နေဆဲ အပြင်တွင် သူတို့သုံးယောက်စောင့်ရင်း စကားတွေပြောနေဖြစ်ခြင်းပါ။

"ဒါနဲ့ ကိုဒေးဗစ် .မရည်မွန်ကို ဘာဖြစ်လို့ဆေးရုံမခေါ်ခဲ့တာလဲ. . ."

"မမမေ မသိဘူးလား၊ သူအစောကြီးကတည်းက ညောင်းသွားပြီ. . ."

"ဟင် သူဘယ်သွားလဲ၊ အစ်ကိုမျက်လုံးခွဲမှာ သူသိတာပဲ"

"ဟုတ်တယ် မေ၊ သူ့ကို ကိုယ်စိမ်ခေါ်ပြီး မောင်းထုတ်လိုက်တာ၊ ဒါပေမယ့် ဒီမိန်းမက အကြောင်းရှာပြီး ပြန်ဝင်လာဦးမှာပဲ သတိတော့ထားရမယ်. . ."

"ကိစ္စမရှိပါဘူး ကိုဒေးဗစ်ရယ်၊ မေက မေ့အလုပ်မလုပ်တာပါ၊ အရေးကြီးတာက မေ့ရဲ့အရှက်နဲ့ဂုဏ်သိက္ခာကို မထိခိုက်စေဖို့ပဲ. . ."

"အဟွန်း မေက သိပ်ရိုးဖြောင့်လွန်းပါတယ်၊ ရည်မွန်လိုင်လို အမျိုးအစားက သူတပါးရဲ့ဂုဏ်သိက္ခာကိုချပြီးမှ သူ့သိက္ခာကို ခေါ်ပြန်တင်တတ်တာ၊ ကဲ ကိုယ်တို့ဒီလိုပဲထိုင်နေလို့ မဖြစ်ဘူး၊ တစ်ခုခုသွားစားမယ်. . ."

"ကိုဒေးဗစ်တို့ပဲသွားပါ၊ မေ ဒီမှာပဲစောင့်နေမယ်. . ."

"ကောင်းပြီ၊ ဒါဖြင့် ကိုယ်တို့အပြင်ခဏသွားမယ်. . ."

ဒေးဗစ်နှင့်ဂျူးတို့ ဆေးခန်းမှထွက်သွားသည်တွင် မေအုပ်စိုးသည် ခွဲခန်းရှေ့တွင် စိတ်လှုပ်ရှားစွာဖြင့် တစ်ကိုယ်တည်းထိုင်စောင့်နေဖြစ်လေ၏။

× × × × ×

"ဒေါက်. .ဒေါက်. . ."

အခန်းတံခါးခေါက်သံကြား၍ လျှောပြီးအဝတ်တွေ ဟိုတယ်မှ လာပေးသည်အထင်နှင့် ရည်မွန်လိုင်သည် အခန်းတံခါးအား သွားရောက်ဖွင့်ပေးလိုက်သည်မတော့. .

"ဟင်. . ."

ခင်ပွန်းသည် မောင်မောင်ထွန်းအား တွေ့လိုက်ရသည်တွင် ရည်မွန်လိုင်သည် အလွန်အမင်းထိတ်လန့်တုန်လှုပ်ရင်း အကြီးအကျယ်မျက်နှာပျက်သွားလိုက်ရလေ၏။ တစ်ဆက်တည်းလည်း အောင်မြင်မှုမရရှိပဲ လိုင်းကြောင်သွားသည် မော်ဒယ်မင်းသမီးတစ်ယောက်မို့ ရည်မွန်လိုင်သည် မျက်နှာကိုအလှဆုံးပြုံးလိုက်ပြီး. .

"မောင် လိုက်လာပြီလား၊ ထင်သားပဲ မောင်လိုက်လာမှာပဲလို့၊ ရည်မွန်ကလည်း မောင်ဘယ်နေ့လိုက်လာမလဲဆိုတာ စောင့်နေတာ အဟင်း ဟင်း. . ."

"ငါ့မိန်းမကတော့ မင်းသမီးလို့မပြောရဘူး၊ တကယ်ကျွမ်းကျင်တယ်၊ ဘာပဲဖြစ်ဖြစ်လေ အခု မင်းနဲ့ငါတွေ့ပြီဆိုတော့

လည်း လင်မယားဟာ လင်မယားပဲပေါ့. . ."

တွေ့သည်နှင့် နှစ်ဦးလုံးက အခြေအနေအရ စကားတွေ ဆိုပြီး တစ်ဦးကိုတစ်ဦး ဖက်လိုက်ကြသည်။ ပြီးတော့ မောင်မောင်ထွန်းသည် ရည်မွန်လှိုင်ကိုပွေ့ချီကာ နှစ်ဦးသားအိပ်ယာထက် ပစ်လဲကျသွားသည်တွင် ရည်မွန်လှိုင်သည် မျက်နှာထားတစ်ချက်တင်းသွားရပြီးမှ မောင်မောင်ထွန်းကို အလိုက်သင့်ပြန်ဖက်ထားဖြစ်ရင်း. . .

"ဒါနဲ့နေပါဦး၊ မောင် ဘယ်နေ့ကလိုက်လာတာလဲ. . ."

"ရန်ကုန်ကိုရောက်နေတာ တစ်ပါတ်ရှိပြီ၊ မင်းကပုန်းနေလို့ လိုက်ရှာနေတာ. . ."

"မောင်ကလည်းပြောတော့မယ်၊ ရည်မွန်ကဘာပုန်းစရာရှိလဲ၊ ရည်မွန်.ဖုန်းကိုဆက်လိုက်ပါလား. . ."

"ခက်တာပဲ၊ မင်းဖုန်းက အမြဲပိတ်ထားတယ်၊ ရည်မွန်.. မင်းအကြောင်းကို ငါကနောကျကျအောင် သိတယ်နော်. . .

ရည်မွန်လှိုင် မေးမှပင့်ကာ ပါးနှစ်ဘက်ကိုညှစ်ကိုင်ပြီး မောင်မောင်ထွန်းဆိုတော့ ရည်မွန်လှိုင်မှာ ဟန်ဆောင်အပြုံး၊ စိတ်ထဲကဖြင့် ဆဲဆိုနေဖြစ်ရင်း. . .

"ယောကျ်ားရယ် . .လင်မယားပဲ၊ တစ်ယောက်အကြောင်း တစ်ယောက်သိတာပေါ့၊ ဒါများဆန်းလို့လား. . ."

ယောကျ်ားကိုအချိုသတ်ပြီး စိတ်မပါပဲ ရည်မွန်လှိုင်ဆိုရသည်။ မောင်မောင်ထွန်းကလည်း ပါးပါးလေးလူစားမို့ ရည်မွန်လှိုင်အပြောလောက်ကဖြင့် ဘာမှအရာမထင်၊ ဘယ်လိုအကွေ့မှာ ဘယ်တက်နှင့်လှော်ရမည်ကို မောင်မောင်ထွန်းလိုလူက ကျွမ်းပြီးသား။ သည်အတွက် စကားတွေရမယ်ရှာမပြောလိုတော့၊ မိန်းမကိုသာ ဖက်ပြီး နမ်းလိုက်သည်။ ရည်မွန်လှိုင်ကလည်း သူ့ကိုပြန်ဖက်ထားသည်။

သို့သော်လည်း ရည်မွန်လှိုင်ကမှာနှာထားသည်က ဒေါသဖြင့်တင်းမာနေရလေ၏။

× × × × ×

မျက်လုံးခွဲပြီးသွား၍ မင်းအုပ်စိုးအား ခွဲခန်းထဲမှထုတ်ခဲ့ပြီဖြစ်သည်။ မင်းအုပ်စိုးကား သတိမရသေးပါ၊ သူ့အနီးတွင် မေအုပ်စိုး၊ ဒေးဗစ်နှင့်ဂျူးတို့စောင့်နေကြသည်။ သူ သတိရလာမည့်အချိန်ကို မျှော်လင့်ရင်း မေအုပ်စိုးမျက်နှာလေးက မကောင်းရှာပါ။ ဒေးဗစ်မှာ မေအုပ်စိုးထံပြုံးရွှင်ကြည့်ရင်း. . .

"မေအုပ်စိုး စိတ်ပူနေလား. . ."

"ဟုတ်တယ် ကိုဒေးဗစ်၊ မေ စိတ်ပူတယ်၊ ဘဝမှာ မေ့ကိုယ်မေတောင် ဒီလောက်အထိ စိတ်မပူခဲ့ဘူး၊ သူ့မျက်လုံးပြန်မြင်နိုင်ပါ့မလားလို့ စိုးရိမ်ပြီး မေစိတ်ပူနေရတာ. . .

"စိတ်အေးအေးထားပါ မေရယ်၊ ဆရာဝန်လည်း ကိုယ်တိုင်ကိုရှင်းပြမှာပါ၊ ဆရာဝန်နဲ့တွေ့ပြီးရင်လည်း မျက်လုံးခွဲပြီးကြောင်း ဦးရီးတော်ဆီ ဖုန်းဆက်ရမယ်. . ."

သူတို့စကားပြောနေဆဲပင် အခန်းထဲသို့ ဆရာဝန်ဝင်လာသည်။

"ဩော် ဆရာ. .အခြေအနေလေးသိပါရစေ. . ."

"ရှိသေယဉ်ကျေးနေလိုက်တာ ဒေးဗစ်ရယ်၊ ကိုယ်လည်းအကျိုးအကြောင်းပြောဖို့ပဲလာတာပါ၊ အခြေအနေက ကောင်းပါတယ်၊ သူ့မျက်လုံးတွေ ပြန်မြင်မှာပါ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ သူ့မျက်လုံးတွေကို အရမ်းအာရုံစိုက်ပြီး သိပ်စဉ်းစားရတာမျိုး၊ အထူးသဖြင့် စိတ်တွေမလှုပ်ရှားဖို့၊ စိတ်ဖိအားတွေ သိပ်မဖြစ်စေဖို့ သတိထားရ

လိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ သူစိတ်တွေသိပ်လှုပ်ရှားပြီး အာရုံတွေ စူးစိုက်ရတာမျိုး၊ စိတ်ဖိအားတွေ အရမ်းများလာတာမျိုး သူခံစားရရင် မျက်လုံးတွေပြန်ကွယ်သွားနိုင်တယ်၊ အဲဒါအခါ သူထပ်ပြီးခွဲရလိမ့်မယ်။ "သူ့ကိုဂရုစိုက်ပါ။ . . ."

"ဟင် နေပါဦး ဘုရဲ၊ သူ အဲလိုဖြစ်လို့ ပြန်ခွဲခဲ့ရရင်ကော ပြန်မြင်နိုင်ပါ့မလား။ . .

"မြင်နိုင်ပါတယ်၊ ခြောက်လတစ်နှစ်မပြည့်မချင်း သူ့ကို ဂရုတော့စိုက်ရမယ်၊ ကိုယ်ပြောတာတွေမမေ့နဲ့နော်။ . ."

"စိတ်ချပါ၊ ဂရုစိုက်ပါ့မယ်။ . ."

"ကိုယ်လည်း ဒီလကုန်ရင် နိုင်ငံခြားထွက်ရဦးမယ်"

"ဟင် ဟုတ်လား၊ ဘုရဲ့ .မင်းဘယ်လောက်ကြာမှာလဲ"

"မကြာပါဘူး၊ သုံးလလောက်ပါပဲ။ . ."

"ဟား ဘုရဲ့ .မင်းမရှိရင် သူ့အခြေအနေ။ . ."

"ဟင် မင်းကိုခုပဲပြောထားတယ်လေ၊ ဆေးမှန်မှန်တိုက်၊ သူ့ကိုဂရုစိုက်လို့၊ ကိုယ်ပြောသလို ဂရုစိုက်ရင် အခြေအနေအားလုံး ကောင်းတယ်၊ ဘာမှပြောစရာမရှိဘူး။ . .

ဒေါက်တာဘိုရဲ့ပြောသည့်စကားများအား မေအုပ်စိုးသည် အသက်ပင်မရှူရဲအောင် နားထောင်နေဖြစ်ရသည်။ တစ်ဆက်တည်းလည်း မေအုပ်စိုးသည် သတိမရသေးသည့် မင်းအုပ်စိုးထံ လှမ်းကြည့်ပြီး အနားသို့ကပ်သွားလိုက်သည်။ ပြီးတော့ မင်းအုပ်စိုးလက်တစ်ဘက်ကိုဆုပ်ကိုင်ရင်း။ . .

"ဘာဖြစ်ဖြစ် မေ ဂရုစိုက်ပါ့မယ် အ ကို၊ အစ်ကို ဘာမှ ပြန်မဖြစ်စေရဘူးနော်။ . ."

မေအုပ်စိုးစိတ်ထဲ၌ ဆိုဖြစ်နေခြင်းပါ။

"မေအုပ်စိုး။ . ."

"ရှင်။ .ဆရာဝန်ထွက်သွားပြီလား။ . ."

"အင်း သွားပြီ၊ ဘာလဲ မေအုပ်စိုး သိပ်စိတ်ပူသွားလား"

"ဟင်း ဘာဖြစ်ဖြစ် ကျွန်မ အစ်ကို့ကိုဂရုစိုက်မှာပါ ကိုဒေးဗစ်ရယ်။ . ."

"အင်း မေအုပ်စိုးကိုယုံပါတယ်ဗျာ၊ ကဲ ကိုယ်နဲ့ဂျူး အိမ်ခဏပြန်ပြီး တောင်ကြီးကိုဖုန်းဆက်လိုက်ဦးမယ်။ . ."

"ဟုတ်ကဲ့ . . ."

ဒေးဗစ်နှင့်ဂျူးတို့ ထွက်သွားသည်တွင် မေအုပ်စိုးသည် သူ သတိရလာရင်ဟူသောအတွေးနှင့် စိုးရိမ်မှုတွေဖြင့် အနားမှ တစ်ဖဝါးမခွာပဲရှိနေရှာပါ၏။

× × × × ×

"ဟဲလို ဦးရီးတော်လားခင်ဗျာ၊ ကျွန်တော် ဒေးဗစ်ပါ။ ."

"ဟဲလို ဒေးဗစ်ရေ . .အခြေအနေတွေ ဘယ်လိုလဲ၊ မင်းအုပ်စိုးမျက်လုံးရော ခွဲပြီးပြီလား။ အောင်မြင်ရဲ့လား။ . ."

"ဟုတ်ကဲ့ ခွဲပြီးပါပြီ ဦးရီးတော်၊ အဆင်ပြေပါတယ်၊ ကျွန်တော်တို့ဆီကတော့ အားလုံးအိုကေပါတယ်၊ ဦးရီးတော်စိတ်မပူပါနဲ့။ . .

"အေးကွာ ဒေးဗစ်ရှိလို့ပဲ၊ ဒီမှာတော့ နည်းနည်းစိတ်အနှောင့်အယှက်တွေဖြစ်ရသေးတယ် ဒေးဗစ်ရေ။ . .

"ဗျာ ဘာဖြစ်လို့လဲ၊ ဘာကြောင့်လဲ ဦးရီးတော်။ ."

"ဟိုးတုန်းက မင်းအုပ်စိုးနဲ့ပတ်သက်ခဲ့ဖူးတဲ့ မိန်းကလေးရဲ့ ယောကျ်ားလေ၊ အိမ်အထိလာပြီးသောင်းကျန်းနေလို့ကွာ၊ မူးနေတော့

လည်း အခက်သားလား၊ တော်တော်ကြီး ဆွဲထုတ်လိုက်ရတယ်"

"ဟင် ဒီအထိတောင်ပဲလား ဦးရီးတော်. . ."

"အေး ပြောသွားသေးတယ်၊ မယားခိုးမှုနဲ့ မင်းအုပ်စိုးကို တရားတောင်စွဲဦးမတဲ့. . ."

"တော်တော်ရိုင်းတာပဲဗျာ. . ."

"ကဲ ဒါတွေထားပါတော့၊ အခု မင်းအုပ်စိုးအခြေအနေတွေ ပြောပါဦး. . ."

"ကောင်းပါတယ်၊ ကျွန်တော်တို့လာတော့ သတိမရသေးပါဘူး၊ ခုလောက်ဆို သတိရပြီလားမသိဘူး၊ သူ့ဇနီးက တော်တော်တော်တဲ့အမျိုးသမီးပဲ၊ သူ့ကိုလည်း သိပ်ဂရုစိုက်တယ်. . ."

"အေး အဲဒါက မင်းအုပ်စိုးရဲ့ဖူးစာအမှန်ပဲ ဒေးဗစ်ရေ၊ သူတို့ချင်းနာမည်ကအစတူကြတယ်လေ၊ မေအုပ်စိုးက နူးညံ့သိမ်မွေ့သလောက် ရိုးသားဖြူစင်တယ်. . ."

"ဟုတ်ကဲ့ ဦးရီးတော်က ကျွန်တော်တို့ထက် ပိုပြီးလူကဲခတ်တတ်မှာပါ၊ ကျွန်တော်လည်း မေအုပ်စိုးကို ချီးမွမ်းမိတာတော့ အမှန်ပါပဲ၊ ဩော် ဦးရီးတော်ရေ ဒီမှာဂျူးလည်းရှိတယ်၊ ပြောလိုက်ပါဦး"

ဒေးဗစ်ဆိုရင်း ဂျူးလက်ထဲ ဖုန်းပေးလိုက်သည်။ ဂျူးမှာ ဖခင်နှင့်စကားပြောရ၍ ပျော်ရွှင်သွားရပြီး. . .

"ဟဲလို ဖေဖေ နေကောင်းလားခင်ဗျာ၊ အခု ကိုကိုဒေးဗစ်အိမ်ကနေ ဖုန်းပြောနေတာ. . ."

"ဟုတ်လား သားရေ၊ ဖေဖေနေကောင်းတယ်၊ သား ကိုကိုကြီးအနားမှာ လိမ်လိမ်မာမာနေနော်၊ ကိုကိုကြီးကို စိတ်အနှောင့်အယှက် မပေးရဘူးနော် သိလား. . ."

"စိတ်ချပါ ဖေဖေ၊ မမမေကလည်း သားကိုသိပ်ချစ်တယ်

[illegible]စအရာရာ လိုလေသေးမရှိအောင် လုပ်ပေးတယ်၊ မမမေကတော့ [illegible]ကယ်သနားဖို့ကောင်းပါတယ်. . ."

"ရှူး. . ."

မပြောရန် နှုတ်ခမ်းပေါ်လက်ညှိုးတင်ပြီး ဒေးဗစ်တားလိုက်[illegible]သည်။

"မမမေ ပင်ပန်းလို့ပြောတာပါ ဖေဖေ. . ."

"မမမေကို သားကဝိုင်းကူပေါ့. . ."

"ဟုတ်ကဲ့ပါ ဖေဖေ. . ."

တစ်ဘက်မှ ဦးဇေယျမှာ သားဖြစ်သူနှင့် စကားပြောနေဆဲ [illegible]းသည်အရိပ်ကိုတွေ့လိုက်ရသည်နှင့်. . .

"ဩော် ကဲ ကဲ ဒါပဲနော်. . ."

ကောက်ကာငင်ကာပင် ဦးဇေယျ ဖုန်းကိုချလိုက်တော့သည်။ [illegible]လှိုင်သွင်မှာ ခင်ပွန်းသည်ထံကြည့်ပြီး. . .

"ကိုဇေယျ. .ဘယ်ကဖုန်းလဲ၊ ဘယ်သူနဲ့ပြောနေတာလဲ"

"မင်းမေးစရာလား၊ အလုပ်ကိစ္စပြောနေတာပေါ့ကွ . ."

ဦးဇေယျဆိုရင်း တည်ကြည်ထည်ဝါသောအသွင်ဖြင့် ထ[illegible]ကသွားလိုက်တော့သည်။ တစ်ဘက်တွင်မလည်း ဂျူးမှာ ဖခင်နှင့် [illegible]းပြောနေဆဲ ဖုန်းပြတ်သွားသလိုလိုကြောင့် မချင့်မရဲဖြစ်ရင်း. .

"ကိုကိုဒေးဗစ်ရေ. .ဘာဖြစ်လို့ ဖုန်းပြတ်သွားလဲ မသိဘူး"

"ဟုတ်လား၊ ဒါဆိုလည်း နောက်မှပဲ ပြန်ခေါ်တာပေါ့၊ [illegible]ဆေးရုံသွားရဦးမယ်မဟုတ်လား၊ ဂျူးက ဒီမှာပဲတစ်ခါတည်း [illegible]ချိုးအဝတ်ပါလဲသွားတော့နော်. . ."

"ဟုတ်ကဲ့၊ ကိုကိုဒေးဗစ်အိမ်က သိပ်ကောင်းတယ်ဗျာ"

"ဟုတ်လား ကောင်းတာပေါ့၊ ကိုကိုဒေးဗစ်က အင်ဂျင်

နီယာပဲလေ. . ."

"ဒါဆို ကိုကိုဒေးဗစ်ဆောက်တာလား . . "

"မဟုတ်ဘူး၊ သူများဆောက်ထားတာကို ကိုကိုက မွမ်
ထားတာ၊ ကဲ ရေချိုး အဝတ်လဲ၊ ပြီးရင် ထမင်းစားပြီးသွားမယ်

"မမမေကရော. . ."

"ထမင်းချိုင့်ယူသွားမယ်လေ. . ."

"ဟုတ်ကဲ့ ကျေးဇူးပဲ ကိုကိုဒေးဗစ်. . ."

စကားတွေဆိုရင်း နှစ်ဦးသား ဆေးရုံသို့သွားရန် အလ
စလို ပြင်ဆင်လိုက်ကြလေ၏။

× × × × ×

"ဟဲ့ မိချူး. .နှိပ်လေ၊ အဆက်မပြတ်နှိပ်ပါလား. . .

"နှိပ်နေတာပဲ၊ အထဲမှာ လူမရှိလို့ပေါ့၊ လူရှိရင် လာဖွင့်ပြီ
ဒေါ်လေးရဲ့. . ."

တူဝရီးနှစ်ယောက် စကားများကြပြန်ပြီ။ ကျော်လွင်က နာ
လွန်းသည့်အကြည့်နှင့် ကြည့်သည်။ ဟတော့ မဟရဲ၊ ကျော်လွ
နည်းနည်းဟကြည့်၊ တစောင်းထက်သည့် မြမြသွင်နှုတ်ခမ်းနှင့် ကျေ
သွားမည်ဖြစ်၏။

"ဟင်း မိချူး. .ညီးလည်းတကယ်အသုံးမကျတာ"

"ချူးက ဘာအသုံးမကျဘူးလဲ၊ ချူးလည်း ဒီကိုလာနေတာ
လာတိုင်း တွေ့မှမတွေ့တာ ဘယ်တတ်နိုင်မလဲ. . ."

"အေး ညီးမတတ်နိုင်လို့ အသုံးမကျဘူးပြောတာ
တကယ်ဆိုရင် ညီးအပင်ပန်းတော့ နည်းနည်းပါးပါးခံရမှာပေါ့

"ဒါဆို ချူးက ဒီမှာပဲမိုးလင်းမိုးချုပ် ငုတ်တုတ်ထိုင်

ရမှာလားဒေါ်လေးရဲ့. . ."

"အေးပေါ့ စောင့်တန်ရင်လည်း စောင့်ရမှာပေါ့၊ ဒီကိစ္စတွေက
ညီးအတွက်တွေပဲနော်၊ ငါက တကူးတကလိုက်လုပ်ပေးနေရတာ၊
ကောင်မကိုတွေ့မှ ငါ့အလုပ်ကစရမှာ. . ."

ဒေါ်လေးစကားအတွက် ချူးတစ်ယောက် မကျေမနပ်နှင့်
ကမမောအားချလိုက်ရ၏။ ပြီးမှ စိတ်တိုတိုနှင့် ချူး ပြောပစ်
ကသည်။

"ကဲ စောင့်မယ်၊ စောင့်မယ်၊ ဒီမှာပဲ လနဲ့ချီထိုင်စောင့်နေ
တော့မယ်. . ."

"အေးပေါ့၊ စောင့်ရမှာပေါ့၊ သူတို့ကိုတွေ့ရင် ညီး ဖုန်းဆက်
ကိုက်၊ ငါချက်ချင်းကိုလာမယ်၊ ကဲ ငါသွားတော့မယ်၊ ပင်ပန်းတယ်၊
ခမ်ပြန်အနားယူလိုက်ဦးမယ်၊ မောင် လာ သွားမယ်. . ."

စကားအဆုံး ဒေါ်မြသွင်သည် ယောကျ်ားအကျီစကိုဆွဲကာ
ထဲမှလှမ်းထွက်သွားလေပြီဖြစ်၏။

× × × × ×

မင်းအုပ်စိုးနံဘေးတွင် မေအုပ်စိုးတစ်ယောက် ထမင်းမစား
ပင်းမစား၊ ရေမသောက်ပဲ ထိုင်စောင့်နေဆဲ ဒေးဗစ်နှင့် ဂျူးတို့
ပြန်ရောက်လာကြသည်။

"မမမေ. .ဒီမှာထမင်းဂျိုင့် . . ."

"မမမေ မစားပါဘူး မောင်လေးရယ်. . ."

"မေအုပ်စိုး. .သူသတိရပြီလား. . ."

"မရသေးဘူး. . ."

"ဟင် ခုထိမရသေးဘူးလား၊ ဟုတ်ရဲ့လား. . ."

စိုးရိမ်စိတ်ပူစွာဖြင့် မင်းအုပ်စိုးအနီး ဒေးဗစ်ထိုင်လိုက်ချိန်း မင်းအုပ်စိုးသည် လှုပ်ရှားလာသည်ကိုတွေ့လိုက်ကြရလေ၏။ ထိုအခ မှမှင် အားလုံးမှာ ဝမ်းသာသွားကြရပြီး. . .

"အစ်ကို. .အစ်ကို. .အစ်ကိုမင်းအုပ်စိုး နိုးပြီလား၊ ကောင် ကောင်းသတိရပြီနော်. . ."

"မင်းအုပ်စိုး. .ကိုယ်တို့.ရှိတယ်၊ သတိရပြီမဟုတ်လား"

"အင်း. . ."

သူ့ထံမှ အင်းသံကိုကြားလိုက်ရသည်။ အားလုံးမှာ ပြုံးထွေ သွားကြသည်။ သူသတိရလာသည်တွင် ဆရာဝန်ဆရာမတွေ တစ်ခေါက်လာကြည့်သည်။ ပြီးတော့ သူ့ကိုအားပေးစကားတွေ ပြော သွားကြ၏။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ. . ."

ကျေးဇူးတင်စကား သူဆိုသည်တွင် ဆရာဝန် ဆရာမတွေ အခန်းထဲမှပြန်ထွက်သွားလိုက်ကြသည်။ သူသတိရပြီမို့ ဒေးဗစ်နှ ဂျူးတို့သည်လည်း အပြင်ထွက်သွားလိုက်ကြလေ၏။ မေအုပ်စိုး သာ သူ့ထံမှကပ်နာလေးညှိုးငယ်စွာနှင့် ကြည့်နေဖြစ်ရင်း. . .

"အစ်ကို. .ဘာလိုအပ်လဲဟင်. . ."

"ဘာမှမလိုအပ်ဘူး၊ ကိုယ့်မျက်လုံးတွေ ပြန်မြင်လာဖို့လည် မလိုအပ်ဘူး၊ မင်းကိုယ်တိုင်လည်း ဒီအနေအထားကို မလိုအပ်ဘ မဟုတ်လား. . ."

သူ့စကားတွေအတွက် မေအုပ်စိုးသည် ဝမ်းနည်းစွာ မှာ ရည်များစီးကျလာရလေ၏။ မိမိရှိနေလျှင် အစ်ကိုစိတ်ဆင်းရဲနေရ မည်ဟူသော အတွေးဖြင့် ဆရာဝန်စကားကိုအမှတ်ရပြီး မေအုပ် သည် အခန်းထဲမှလှမ်းထွက်သွားမည်အပြု. . .

"မေ. . ."

သူ့ခေါ်သံကြောင့် မေအုပ်စိုးသည် သူ့အနီးပြန်တိုးသွား ရရင်း . . .

"ရှင့်. .မေ ဘာလုပ်ပေးရမလဲ အစ်ကို. . ."

"ဘာမှမလိုဘူး၊ မင်းကိုပဲသိစေချင်တယ်၊ ဒီမျက်လုံးတွေကို ကိုယ်မခွဲချင်ဘူး၊ ဒေးဗစ်ကြောင့်ခွဲလိုက်ရတာ၊ ဘာဖြစ်ဖြစ် မင်းဆန္ဒတွေ ကိုပဲ ကိုယ်ဖြည့်ဆီးပေးချင်တာပါ၊ ဒါဟာ ငါ မင်းကိုချစ်လွန်းတဲ့ အချစ်တွေပါ. . ."

"အင့်"ခနဲရှိုက်သံတစ်ချက်ဖြင့် မေအုပ်စိုးကား အခန်းထဲမှ လှမ်းထွက်သွားလိုက်ပါတော့၏။ အခန်းပြင်အရောက်မတော့ မေအုပ် စိုးသည် သူ့ကိုစိတ်မချပြန်၍ ပြန်လှည့်ကြည့်ဖြစ်ရသေးသည်။ သူ ငြိမ်သက်နေသည်ကိုတွေ့မှ မေအုပ်စိုးသည် စင်္ကြန်ဘက်တွင် တစ်ကိုယ် တည်း အားရပါးရသွားရောက်ငိုဖြစ်ရ၏။ ထိုအချိန်၌ပင် ဂျူးသည် မင်းအုပ်စိုးအခန်းဆီ သွားရောက်ချောင်းကြည့်သည်မတော့ မေအုပ် စိုးကိုမတွေ့ရ၍ မျက်မှောင်လေးတွန့်.ကာ အံ့သြသွားရရင်း ဒေးဗစ် ဆီ အပြေးလှမ်းသွားလိုက်ပြီး. . .

"ကိုကိုဒေးဗစ်. .မမမေ အခန်းထဲမှာမရှိဘူး. . ."

"ဟင် ဟုတ်လား၊ ဒါဖြင့် ဂျူးက မမမေကိုလိုက်ရှာနော်"

"ဟုတ်ကဲ့ . . ."

စိတ်ပူပြီး ဒေးဗစ် အခန်းထဲဝင်ခဲ့သည်။ အခန်းထဲအရောက် မင်းအုပ်စိုး၏ငြိမ်သက်နေပုံဆီ ဒေးဗစ်သည် လှမ်းကြည့်အကဲခတ် နေပြီးမှ. . .

"မင်းအုပ်စိုး. . ."

"ဟင့်. . ."

"မေအုပ်စိုးရော. . ."

"ကိုယ်ပြန်လွှတ်လိုက်ပြီ. . ."

"မဟုတ်တာကွာ၊ သူဘယ်လောက်မင်းအတွက် စိတ်ဆင်းရဲနေရလဲဆိုတာ မင်းမှမမြင်ပဲ၊ မင်းဘယ်သိမလဲ၊ ကိုယ်ပြောလည်း အပိုပဲဖြစ်နေမယ်. . .

"မင်းထင်လို့ပါ၊ သူက ဟန်ဆောင်ကောင်းတာပဲ. . ."

"မင်းက သူ့ကိုဘယ်တုန်းက အကဲခတ်တတ်သွားတာလဲ"

"သူ့လုပ်ရပ်ကိုပဲ မင်းကြည့်လေ၊ ငါ သူ့ကိုသိပ်ချစ်လို့ ဖြည့်ဆီးပေးပါတယ်. . ."

"မုန်းမိအောင်မပြောနဲ့ကွာ. . ."

"မင်းက သူ့အတွက်နာတာလား. . ."

"နာတယ်၊ ခံရခက်တယ်၊ အပြစ်မရှိတဲ့သူတစ်ယောက်၊ ဖြူစင်ရိုးသားတဲ့သူတစ်ယောက်ကို သူများလုပ်ကြံတဲ့ စကားတစ်ခွန်းနဲ့ မင်းက တစ်သက်လုံးအထင်လွဲ၊ အထင်သေးနေတော့မှာလား. . ."

"ဘာပြောတယ် ဒေးဗစ်. . ."

အခန်းထဲ သူတို့နှစ်ယောက် စကားတွေအခြေအတင် ပြောဆိုနေကြဆဲ အပြင်ဘက်တွင် မေအုပ်စိုးအားလိုက်ရှာနေသည့် ဂျူးလည်း မေအုပ်စိုးကိုတွေ့ပါပြီ။

"မမမေ. . ."

"ဟင်. . ."

ဂျူးအသံလေးကြားသည်တွင် မေအုပ်စိုးသည် မျက်ရည်တွေ သုတ်ပစ်လိုက်ပြီး ထူးရင်းက ဂျူးထံလှည့်ကြသည်။ မေအုပ်စိုးသည် ဂျူးကိုပြုံးရယ်ကာ ကြည့်လာရင်း. . .

"မောင်လေး. .လာ လာ၊ ဒီနားနေ၊ ဒီနားမှာ လေကောင်း

လေသန့်ရှူရတယ်၊ မမလည်း ဆေးရုံအနံ့မခံနိုင်လို့ ဒီနားမှာလာ ရပ်နေတာ. . ."

"မမမေ. .မမငိုနေတာ ဂျူးသိပါတယ်၊ ကိုကိုက စိတ်ဆိုးနေလို့ပါ၊ မမမေလိုက်ခဲ့ပါ၊ လာပါ၊ ကိုကို့ကိုတစ်ယောက်တည်း ပစ်မထားပါနဲ့နော်. . ."

"မမမေ သွားမှာပါ၊ ပစ်မထားပါဘူး ဂျူးရယ်. . ."

"ဟင့်အင်း အခုလာခဲ့၊ အခုသွားမယ်. . ."

ဂျူးဆွဲခေါ်တော့ မေအုပ်စိုးသည် အပြုံးမပျက် လိုက်ပါလာခဲ့ရာ၏။ သူတို့အခန်းထဲအရောက်မတော့ ဒေးဗစ်ကလှည့်ကြည့်လာရင်း

"မေအုပ်စိုး ဘယ်သွားနေတာလဲ. . ."

"သြော် ဟို. . ."

"မမမေက နည်းနည်းလေအေးအေးလေး သွားရှူနေတာပါ ကိုကိုဒေးဗစ်. . ."

ဂျူးကဝင်ဆိုသည်။ သို့သော်လည်း ဂျူးသည် ငိုနေကြောင်း လက်ဟန်နှင့် ဒေးဗစ်ကိုလုပ်ပြနေ၍ ဒေးဗစ်မှာပြုံးဖြစ်ရရင်း . .

"သြော် မင်းအုပ်စိုး. .ဆာနေလား၊ ကော်ဖီသောက်မလား၊ တစ်ခုခုပေါ့. . ."

"ဟင့်အင်း မဆာဘူး. . ."

"မမမေလည်း ခုထိထမင်းမစားသေးဘူး၊ မိုးပဲချုပ်တော့မယ်"

"ဟင် ဟုတ်တာပဲ၊ မေအုပ်စိုး ထမင်းစားလေ၊ ကိုယ်တို့ ရှိနေပြီပဲ၊ အေးဆေးစားပါ. . ."

"မေ မဆာသေးလို့ပါ၊ ကော်ဖီတော့ နည်းနည်းသောက် ထားပါတယ်. . ."

"ကိုကိုဒေးဗစ်. .မမမေက ဆေးရုံမှာ ထမင်းမစားတတ်ဘူးနဲ့

(တစ်ဆယ့်ကိုး)

သည်နေ့ဆိုလျှင် တစ်ပတ်ပြည့်ပြီ။ ရည်မွန်လှိုင်ကား ဒေါသတွေကြီတ်ထွက်နေရသည်မှာလည်း တစ်ပတ်လုံးဖြစ်နေပြီမဟုတ်ပါတကား။ မှန်သည်။ အဘယ်ကြောင့်ဆိုသော် ရည်မွန်လှိုင်သည် ခင်ပွန်းသည်မောင်မောင်ထွန်းတစ်ယောက် ရောက်လာကတည်းက မလွတ်လပ်တော့သောကြောင့်ပါတည်း။ ကြံထားသမျှတွေလည်း မအောင်မြင်သေး၊ လုပ်ချင်တာတွေလည်း စိတ်လက်ရှိတိုင်း မလုပ်ရှားနိုင်ပဲဖြစ်နေရ၍ ရည်မွန်လှိုင်သည် မပေါင်းချင်တော့သည့် ခင်ပွန်းသည်အား ဒေါသတွေထွက်နေရခြင်းပါတည်း။ ခုလည်း ရည်မွန်လှိုင်သည် အပြင်ထွက်ချင်နေသည်။ သို့သော်လည်း တည်းခိုခန်းထဲ၌ပင် ခင်ပွန်းသည်နှင့်အတူ စားသောက်နေရ၏။

စားသောက်ရင်း ရည်မွန်လှိုင်သည် အကြံထုတ်နေသည့် မျက်လုံးတွေနှင့်ရှိနေ၏။ မောင်မောင်ထွန်းကလည်း ဇနီးသည် မိန်းမလည်မလေးကို မသိဟန်ဖြင့်စောင့်ကြည့်နေသည့်သူပါ။ မင်းသမီးပီပီ ရည်မွန်လှိုင်ကလည်း မြိန်ယှက်စွာစားသောက်ပြရင်း ပျော်ရွှင်ဟန်နှင့် ပြုံးရယ်ပြရင်းက. . .

"မောင်. .ဒီညရုပ်ရှင်သွားကြည့်မလား. . "

"ဘာသွားကြည့်ဖို့လိုလဲ၊ ဒီမှာ တီဗွီ၊ စလောင်းရှိနေတာပဲ၊ မင်းငြိမ်ငြိမ်နေစမ်းပါကွာ၊ ငါအလုပ်စဉ်းစားနေတာ. . .

"မောင်ကလည်း ရုံမှာက အကြီးကြီးကြည့်ရတာပေါ့၊ ဘယ်တူမလဲ၊ ရပါတယ်၊ မောင် မသွားချင်လည်း..ရည်မွန်ကလည်း မောင်အပြင်ထွက်ချင်မလားဆိုပြီး ပြောတာပါ. . .

တူတယ်. . ."

"အင်း ဖြစ်နိုင်တယ်၊ နောက်နေ့ကျရင် မေ့ကို အိမ်ပြန်စားခိုင်းမယ်. . .

ဒေးဗစ်နှင့်ဂျူးတို့စကားပြောနေဆဲ မေအုပ်စိုးသည်ကမင်းအုပ်စိုး၏မျက်နှာဆီ လှမ်းကြည့်နေရာ၏။ ခိုးကြည့်သလို ဖြစ်နေသည့် မေအုပ်စိုးအကြည့်လေးတွေကို ဒေးဗစ်ကမြင်သွားပြီး. . .

"မင်းအုပ်စိုး. .မင်းကို မေက ခိုးကြည့်နေတယ်၊ မင်းသိလား. . . "

"အိုး. .ကိုဒေးဗစ်ကလည်း. . . "

မေအုပ်စိုး၏ရုက်သံထွေးထွေးလေးကြောင့် မင်းအုပ်စိုးသည် အသံကြားရာလှမ်းကြည့်သော်လည်း သူ့မျက်နှာသည် တစ်ဘက်သို့လှည့်သလိုဖြစ်သွားလိုက်ရလေ၏။

❖ ❖ ❖

ဆိုရင်း ရည်မွန်လှိုင်သည် မနက်စာစားပြီး၍ ပန်းကန်တွေ သိမ်းဆည်းသလိုနှင့် နေရာမှထခဲ့လိုက်သည်။ ပြီးတော့ ရေအိမ်ထဲ ဝင်ခဲ့၏။ ရေအိမ်ထဲရောက်မှ ယောကျ်ားအပေါ် အောင့်ထားရသည့် ဒေါသတွေကျိတ်ထွက်ပစ်လိုက်၏။ ဒေါသထွက်ပြီးအကြာတစ်ခုရသလို ရည်မွန်လှိုင်မျက်လုံးတွေ ကျယ်သွားသည်။ မှန်သည်။ ရည်မွန်လှိုင်သည် ခိုးထွက်ရန်အကြံရလိုက်သောကြောင့်ပါတည်း။ ဘာဖြစ်ဖြစ် ခိုးထွက်တော့မည်ဟု ဆုံးဖြတ်ချက်ဖြင့် ရည်မွန်လှိုင်တစ်ယောက် ရေအိမ်ထဲမှတိတ်တိတ်တိတ်ထွက်ပြီး မသိမသာ ပြင်ဆင်ထားလိုက်သည်။

မောင်မောင်ထွန်းကလည်း ရိပ်မိသည်။ စားသောက်ပြီး အခန်းဝနားခဏ သတင်းစာဖတ်လိုက်၊ မဂ္ဂဇင်းဖတ်လိုက်နှင့်ရှိနေ၏။ ရည်မွန်လှိုင်ကလည်း ခင်ပွန်းသည်အရိပ်ကိုချောင်းကြည့်ပြီး ဒေါသတွေ ဖြစ်မဆုံးပါ။ တစ်နာရီခန့်ကြာသည်တွင် မောင်မောင်ထွန်းသည် ထိုင်ခုံပေါ်မှ လက်နှစ်ဘက်ကိုမြှောက်ကာ အကြောဆန့်လိုက်ပြီး...

"အား.. .ဇက်ကြောတွေတက်လိုက်တာကွာ၊ စာဖတ်လိုက်လို့ ဖြစ်မယ်၊ မိန်းမရေ– –လာကွာ၊ စားသောက်ပြီး မျက်လုံးစင်းလာပြီ၊ မောင့်ကို ဇက်ကြောနှိပ်ပေးစမ်းပါဦး၊ လာ လာ. .အမယ် ငါမိန်းက တယ်လှနေပါလား၊ ကဲ လာ လာ မောင့်ကိုနှိပ်ပေးစမ်းကွာ၊ ဇက်ကြော တက်လွန်းလို့ပါ. . ."

မောင်မောင်ထွန်းဆိုရင်း ရည်မွန်လှိုင်ကို လက်ဆွဲ၍ အခန်းထဲသို့ခေါ်သွားတော့သည်။ ရည်မွန်လှိုင်ကား ဟန်ဆောင်၍မျှပင် မပြုံးနိုင်ရှာသလို ခင်ပွန်းသည်အား အစိမ်းလိုက်ဝါးစားချင်အောင် ဒေါသတွေထွက်နေရတော့သည် မဟုတ်ပါတကား။

× × × × ×

"ညော် ဒီကအခန်းနံပါတ်က လူနာရှင်နော်. . ."

"ဟုတ်ကဲ့ ဆရာမ၊ ဘာဖြစ်လို့လဲ. . ."

ကော်ဖီသောက်ပြီး ဒေးဗစ်နှင့်ဂျူးတို့နှစ်ယောက် ဆေးရုံထဲဝင်လာသည်နှင့် ဆရာမတစ်ယောက်နှင့်တွေ့ပြီး ဆိုလာသောစကားကြောင့် ဒေးဗစ်မှာစိုးရိမ်စိတ်ဖြင့် ဆိုမေးဖြစ်ခြင်းပါ။

"ဘာမှမဖြစ်ပါဘူး၊ ရှင်ကလည်း စိုးရိမ်တတ်ရန်ကော. ."

"ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း ဘာမှန်းမသိလို့ပါ"

"ဒီနေ့ ဆယ်နာရီဆိုရင် မျက်လုံးပတ်တီးဖြေဖို့ ဆရာက ပြောခိုင်းထားလို့ပါ. . ."

"ဟင် ဟုတ်လား၊ ဒါနဲ့ ဘိုရဲ၊ အဲလေ ဒေါက်တာဘိုရဲကရော. . ."

"ဆရာက မနက်ဖြန် နိုင်ငံခြားထွက်ဖို့ ပြင်ဆင်နေရပြီ၊ သူ့လူနာတွေကို လက်စသတ်သွားတာ. . ."

"ညော် ဟုတ်သားပဲ၊ သူ ဒီလကုန်ရင်သွားမယ်လို့ ပြောထားတာပဲ၊ ကောင်းပြီ ဆရာမ၊ ဝမ်းသာပါတယ်၊ ကျွန်တော် သူတို့ ဝမ်းသာအောင်သွားပြောပြလိုက်ဦးမယ်. . ."

ဆိုရင်း ဂျူးလက်ကိုဆွဲကာ မင်းအုပ်စိုးတို့ရှိရာ အခန်းဆီသို့ ဒေးဗစ်အပြေးပင်ဝင်ရောက်ခဲ့သည်။ အခန်းထဲအရောက် မေအုပ်စိုးက မင်းအုပ်စိုးအား မနက်စာကျွေးပြီး ဆေးတိုက်နေသည်ကို တွေ့ရ၏။

"မေအုပ်စိုးရေ. .ဒီနေ့ဆယ်နာရီ မျက်လုံးပတ်တီးဖြေဖို့ ဆရာမကခုပဲပြောလိုက်တယ်. . ."

"ဟင် ဟုတ်လား၊ ဝမ်းသာစရာပဲ၊ အစ်ကို့မျက်လုံးတွေ ပြန်ကောင်းပြီ၊ ဝမ်းသာလိုက်တာ. . ."

မေအုပ်စိုး ဝမ်းသာစွာဆိုသည်တွင် မင်းအုပ်စိုးလည်း ပြုံး

နေဖြစ်သည်ပါ။

"ကဲ ကိုကိုကြီးရေ. .ဒီနေ့တော့ ကျွန်တော်တို့ကို ထမင်းတစ်ပွဲ အကောင်းဆုံးကျွေးရတော့မယ်နော်. . ."

"ဒါပေါ့ ဒါပေါ့ ဘယ်ရမလဲ၊ သူကျွေးရမှာပေါ့၊ ဂျူး. . လာ ကိုကိုတို့ခုကတည်းက အကောင်းဆုံးဆိုင်မှာ နေ့လည်စာ စားဖို့ကြိုတင်သွားမှာထားမယ်. . ."

"ဟုတ်ကဲ့၊ ကိုကိုကြီးရေ. .သွားပြီနော်၊ မမမေ. .တာ့တာ"

ပျော်ရွှင်စွာဖြင့် ဒေးဗစ်နှင့်ဂျူးတို့က ထွက်သွားကြလေပြီ၊ အခန်းထဲမတော့ မင်းအုပ်စိုးနှင့် မေအုပ်စိုးတို့နှစ်ဦးသာ ကျန်ခဲ့သည်။ မေအုပ်စိုးသည် မနက်စာစားထားသည့် ပန်းကန်မကို ဆေးကြော နေဆဲ မင်းအုပ်စိုး၏မျက်နှာချောချောသည်က ပြုံးကစားပြဖြင့် ငြိမ်လျက်ရှိနေ၏။ အပြင်သို့ထွက်ခဲ့ကြသည့် ဒေးဗစ်နှင့် ဂျူးတို့မှာလည်း နေ့လည်စာ ဘယ်မှာစားရင်ကောင်းမလဲဟူသော အတွေးနှင့် နောက်ဆုံး (× ×)ဟိုတယ်ရှေ့၌ ကားလေးရပ်သွားလိုက်သည်။ ထိုအချိန်၌ပင် စားသောက်စရာသစ်သီးဝလံများ ထွက်ဝယ်ကြသည့် မောင်မောင်ထွန်းနှင့် ရည်မွန်လှိုင်တို့သည်လည်း ဟိုတယ်ရှေ့မှအဖြတ် ရည်မွန်လှိုင်သည် ဟိုတယ်ထဲသို့ဝင်ရောက်သွားကြသည့် ဒေးဗစ်နှင့် ဂျူးတို့ကို လှမ်းမြင်လိုက်သည်တွင် အတွေးမျက်လုံးဖြင့် ကြည့်ဖြစ်သွားလိုက်ရလေ၏။

× × × × ×

အားလုံးကဖြင့် အသင့်ရှိပါပြီ။ ဒေါက်တာဘိုရဲနဲ့ နှစ်လည်းရှိသည်။ မေအုပ်စိုး၊ ဒေးဗစ်နှင့် ဂျူးလည်းရှိသည်။ မင်းအုပ်စိုးသည်လည်း ဝိုးချဲပေါ်တွင် အသင့်ရှိနေ၏။ ဆရာဝန်နှင့် ဆရာမမှလွဲ၍

အားလုံးကဖြင့် ရင်ခုန်စိတ်တွေလှုပ်ရှားနေကြသည်မှာအမှန်ပါ။ မှန်သည်။ မင်းအုပ်စိုးအား ခုပင်မျက်လုံးပတ်တီးဖြေတော့မည် မဟုတ်ပါလား။

"ဒေးဗစ်. .နေကာမျက်မှန်လည်း အသင့်ရှိတယ်နော်၊ အစတော့ နေကာမျက်မှန်တပ်ထားရဦးမယ်. . ."

"အင်း ရှိပါတယ်၊ အသင့်ပဲ. . ."

"ကဲ ကိုမင်းအုပ်စိုး. .မျက်လုံးနှစ်ဘက်ကို အုပ်ထားတဲ့ ပလာစတာက စ,ခွာပြီနော်၊ အားလုံးခွာပြီးတဲ့အခါမှ မျက်လုံးကို ဖြည်းဖြည်းချင်းဖွင့်ပါ၊ စိတ်ကိုငြိမ်ငြိမ်ပဲထားပါ. . ."

ပလာစတာကိုခွာရင်း ဒေါက်တာဘိုရဲက တစ်ခွန်းချင်းလည်း ဆိုသွားသည်။ ဒေါက်တာဘိုရဲ့ ပလာစတာခွာသည်ကိုကြည့်ပြီး မေအုပ်စိုး၊ ဒေးဗစ်နှင့် ဂျူးတို့မှာ အသက်ပင်မရှူဖြစ်အောင် ကြည့်နေဖြစ်ကြရ၏။

"ကဲ မျက်လုံးကိုအုပ်ထားတာတွေ ဖယ်လိုက်ပြီ၊ ဖြည်းဖြည်းချင်းဖွင့်ပါ. . ."

ဒေါက်တာဘိုရဲ့ဆိုတော့ မင်းအုပ်စိုးသည် မျက်လွှာများ အနည်းငယ်ရုန်းရွရွ် မျက်ဝန်းကိုဖြည်းဖြည်းဖွင့်ကြည့်သည်။ ပြီးတော့ ပြန်ပိတ်သွားသည်။ ပြီးမှတစ်ခါ ဖြည်းဖြည်းချင်းဖွင့်ကြည့်သည်။ အားလုံးမှာ စိတ်လှုပ်ရှားမှု၊ စိုးရိမ်မှုတွေဖြင့်ကြည့်နေလေ၏။ အထူးသဖြင့် မေအုပ်စိုးသည် စိတ်လှုပ်ရှားလွန်း၍ ပါးလေးနှစ်ဘက်မှာ ရဲနေရရှာသည်ပါ။ ဒေါက်တာဘိုရဲက သူ့ရှေ့တွင် လက်ဝါးကို ဝှေ့ယမ်းပြသည်။ မင်းအုပ်စိုးသည် မျက်ဝန်းအစုံအား ဖွင့်ချည်ပိတ်ချည် နှစ်ကြိမ်သုံးကြိမ်ခန့်ပြုပြီးမှ ဖြည်းဖြည်းချင်းပြန်ဖွင့်ကြည့်သည်။ ထိုအခါ လှုပ်ရှားနေသောအရိပ်နှင့် ငြိမ်နေသောအရိပ်တွေကို သူမြင်လိုက်ရ၏။

မေအုပ်စိုးသည် စိုးရိမ်ကြီးစွာဖြင့် သူ့အနားသို့ ပို၍တိုးကပ်လာပြီး သူ့ရှေ့တွင် ဒူးတုတ်ကာသူ့ကိုမော်ကြည့်လာရင်း . .

"အစ်ကို. .အစ်ကို မြင်ရလား၊ မြင်ရရဲ့လားဟင်. . ."

မင်းအုပ်စိုးကား သူ့မျက်လုံးထဲ ဝင်းခနဲအရာတစ်ခု ဝင်ရောက်လာသကဲ့သို့ ခံစားလိုက်ရသလိုပါ။ ပါးအို့လေးနှစ်ဘက်က ဂဲ့၍နေသည်။ ရွှေပန်းခိုအလား တင်စားရမည့် မျက်နှာလေး၊ ထိုအလှအား သူ့စိတ်ကူးနှင့် အမျိုးမျိုးပုံဖော်မှန်းဆကြည့်ဖြစ်ခဲ့ရသည်မှာ အကြိမ်ပေါင်းမရေမတွက်နိုင်ခဲ့ပါ။ ခုဖြင့် သူမှန်းဆ၍မတတ်အောင် ဖြစ်ရသည့်လှချက်၊ ရွှေပန်းခိုတစ်ချပ်ပေပဲဟု ရှင်းရှင်းလေးသာ တင်စားပြောဆိုရတော့မည့် မျက်နှာလေးမို့ သူ မှင်သက်ငေးငေးရှိသွားလိုက်ရပါတော့၏။

"အစ်ကို. .အစ်ကို ပြောဦးလေ၊ မြင်ရလား၊ မြင်ရရဲ့လားဟင်. . ."

စိုးရိမ်မှု၊ စိတ်လှုပ်ရှားမှုတွေကြောင့် မျက်ရည်တွေပင် ဝဲနေရကာ မေအုပ်စိုးသည် သူ့ကိုမော့ကြည့်ရင်း တတွတ်တွတ်ဆိုနေသည်။ သူသည်ကဖြင့် မျက်တောင်ပင်မခတ်နိုင်အောင် မေအုပ်စိုး၏ လှတစ်မျက်နှာ၌ နစ်မျောနေရသည်ပါ။ သူ၏ငြိမ်သက်မှုတွေကြောင့် ဒေါက်တာဘိုရဲပင် စိတ်ပူသွားရပြီး သူ့မျက်လုံးရှေ့ လက်နှင့်ထပ်ပြီး ဝှေ့ရမ်းကြည့်သည်။

"ကိုမင်းအုပ်စိုး. .မြင်ရလား၊ မြင်ရရဲ့လား. . ."

ဆရာဝန်မေးသံကြားမှ သူ သတိရလာသလိုရှိပြီး သူ့စိတ်ကို ငြိမ်အောင်ပြန်စုစည်းလိုက်သည်။ ပြီးမှ သူ့မျက်လုံးတွေကို ကိုင်မလိုလို၊ လက်တွေက ဟိုစမ်းဒီစမ်းလုပ်ရင်း. . .

"မမြင်ရဘူးဗျာ. . ."

"ဟင်. . ."

"အိုး. . ."

အားလုံးမှာ အံ့သြသွားကြသည်။ မေအုပ်စိုးသည်က မျက်ဝန်းထဲ မိုက်ခနဲဖြစ်မတတ်ရှိကာ သူ့ဒူးထက်မျက်နှာလေး မှေးတင်ရင်း မျက်ရည်များကျဖြစ်သွားရပါတော့၏။ တစ်ခဏမျှ အားလုံးက ငြိမ်သက်သွားသည်။ ပြီးမှ ဒေါက်တာဘိုရဲမှာ အလေးအနက်စဉ်းစားရင်း. . .

"ကဲ ဒေးဗစ်တို့အားလုံး ကိုယ့်အခန်းလာပါဦး၊ ဆွေးနွေးစရာရှိလို့ပါ၊ သူ့ကိုအခန်းထဲမှာပဲ ထားခဲ့ပါ၊ ရပါတယ်. . ."

ဒေါက်တာဘိုရဲစကားအဆုံး၌ အခန်းထဲမှ လူတွေအားလုံး ထွက်သွားလိုက်ကြသည်။ အားလုံးထွက်သွားသည်နှင့် မင်းအုပ်စိုးကား ဝိုးခဲ့ပေါ်မှထပြီး ရေအိမ်ထဲတစ်ချက်ဝင်သည်။ ပြီးတော့ ပြန်ထွက်လာပြီး အခန်းထဲရှိသမျှအားလုံးလိုက်ကြည့်သည်။ ပြီးတော့ သူသည် အံ့ဆွဲခွဲမှမှန်လေးကိုယူပြီး မျက်နှာကို အနီးကပ်ကြည့်လိုက်သည်။ သူ့ရုပ်ပုံချောချောအားမြင်ရခိုက် ကြည်နူးစွာပြုံး၏။ မှန်ကြည့်ပြီး သူ့မျက်ဝန်းထောင်ကလေးတွေမှ အနည်းငယ်ညိုနေသည့် ဒဏ်ရာလေးတွေကို သူကိုင်ကြည့်သည်။ ထိုအခိုက်ပင် အခန်းထဲဝင်လာသည့် ခြေသံလိုလိုကြားသည်မတော့ သူသည် မှန်လည်းပြန်မထားတော့ပဲ လက်မှလွတ်ချပစ်လိုက်တော့သည်။

"ချွမ်း. . ."

"ဟင် အို အစ်ကို. .အစ်ကို. .မှန်ကွဲတွေစူးကုန်မယ်။ ငြိမ်ငြိမ်နေ၊ ငြိမ်ငြိမ်နေရပ်နေဦးနော်၊ ကဲ လာ ကုတင်ပေါ်မှာထိုင်နေဦး၊ မေ မှန်ကွဲတွေရှင်းလိုက်ဦးမယ်၊ ဒါကြောင့် မေ စိတ်မချလို့ မြန်မြန်ပြန်လာခဲ့တာ၊ မေ့စိတ်ထဲထင်သလိုဖြစ်နေတာပဲ. . ."

ကောက်ကာငင်ကာသိမ်းဆည်းရင်း မေအုပ်စိုး ဆိုနေသမျှ သူသည် စကားတစ်ခွန်းမှပြန်မဆိုပဲ ငြိမ်၍သာကြည့်နေလေ၏။ သူ့ရင်ထဲမတော့ လွန်စွာကြည်နူးချမ်းမြေ့နေရသည်ပါ။ ဖြစ်နိုင်လျှင် သူ မဲ့ကို သွားရောက်ထွေးဖက်ထားလိုက်ချင်နေရပါ၏။ သူသည် ရင်ထဲကြည်နူးနေဆဲ အခန်းထဲသို့ ဂျူးနှင့်ဒေးဗစ်တို့ပါ ဝင်ရောက်လာပြီး အကြောင်းစုံကို မေကပြောပြသည်တွင် အားလုံးစိုးရိမ်သွားလိုက်ကြရပြီး. . .

"မင်းအုပ်စိုး. .ဆောရီးကွာ၊ ကုတင်ပေါ်မှာပဲ လဲအိပ်နေလိုက်ဦးနော်. . ."

ဂရစိုက်စွာနှင့် ဒေးဗစ်က သူ့ကိုအိပ်ယာတွင်ပြန်၍ လဲနေစေလိုက်သည်။ သူ ဒေးဗစ်မျက်နှာကိုကြည့်သည်။ ဒေးဗစ်မျက်နှာလည်း မကောင်း၊ သူလိမ်ထားသည်ကို စိတ်ထဲမကောင်းပေမယ့် မေအုပ်စိုးထံလှမ်းကြည့်တော့ စိတ်ထဲပြုံးဖြစ်ရလေ၏။

× × × × ×

"ဘယ်လို. .ခွဲစိတ်တာမအောင်မြင်ဘူး ဟုတ်လား. ."

"ဟုတ်ပါတယ် ဦးရီးတော်၊ ကျွန်တော်တို့လည်း စိတ်မကောင်းဘူး၊ ဆရာဝန်ကိုယ်တိုင်လည်း အံ့သြပြီး တော်တော် စိတ်မကောင်းဖြစ်နေတယ်၊ သူ စိတ်လှုပ်ရှားပြီး စိတ်ဖိစီးမှုတွေတော်တော် ဖြစ်သွားတယ်နဲ့တူပါတယ်. . ."

"ဘယ်လိုမျိုး စိတ်ဖိစီးမှုလဲ. . ."

"သြော် ဒါက ကျွန်တော့်အထင်ပြောတာပါ. . ."

"ထပ်ခွဲရင်ရော မရဘူးလား. . ."

"ရပါတယ် ဦးရီးတော်၊ ဆရာဝန်က ထပ်ခွဲပေးပါ့မယ်တဲ့၊

ဒါပေမယ့် သူက နိုင်ငံခြားထွက်ဦးမှာမို့ သူပြန်လာမှ ထပ်ပြီးစစ်ဆေးပေးမယ်ပြီး ခွဲပေးမယ်တဲ့. . ."

"ဘယ်လောက်ကြာမလဲ. . ."

"သူပြောတော့ သုံးလလို့ပြောတာပဲ. . ."

"ဟင်း အင်း. .အခု မင်းအုပ်စိုးဘယ်လိုနေနေလဲ. . ."

"သူလည်းစိတ်ဓာတ်ကျလို့လားတော့ မသိဘူး၊ ငြိမ်နေတယ်"

"ဆေးရုံကဆင်းပြီလား. . ."

"ဟုတ်ကဲ့ ဒီနေ့ပဲဆင်းပါတယ်. . ."

"အေးလေ သုံးလလောက်တော့ စောင့်ကြည့်သေးတာပေါ့၊ ဒါမှမဟုတ်လည်း နိုင်ငံခြားမှာသွားခွဲရင်ကော. . ."

"ဒီလောက်ကြီးလည်း အလျင်မလိုပါနဲ့ ဦးရီးတော်၊ ကျွန်တော့်သူငယ်ချင်းဆရာဝန်ကလည်း သိပ်တော်တဲ့သူပါ၊ သူပြန်လာဘာနဲ့ သေချာစစ်ဆေးကြည့်ပြီးမှ သူပဲခွဲပေးဖို့ ပြောထားပါတယ်၊ ဒါပဲနော် ဦးရီးတော်၊ ကျွန်တော်ဖုန်းချလိုက်တော့မယ်. . ."

"အင်း. . ."

အင်းရှည်ကြီးကိုဆွဲချရင်း ဦးဇေယျသည်လည်း ဖုန်းလေးကိုချလိုက်၏။ အိမ်ဖော်အမျိုးသမီးကြီးမှာ သူ့ဌေးမျက်နှာဆီကြည့်ပြီး...

"ဦးရီးတော်. .မျက်နှာလည်းမကောင်းပါလား၊ ဘယ်လိုသတင်းမျိုးကြားလို့လဲ. . ."

"မင်းအုပ်စိုးမျက်လုံးခွဲတာ မအောင်မြင်ဘူး. . ."

"ဟင် ဟုတ်လား၊ ဒါဆိုရင်တော့ သူဌေးအတွက် စိတ်မကောင်းစရာပဲပေါ့ ဦးရီးတော်ရယ်. . ."

"ဟင်း. . ."

ဟယ်တော့. .မင်းအုပ်စိုးမျက်လုံးခွဲတာ မအောင်မြင်ဘူးဆိုပဲ၊

ဟင်း ဒါဆိုရင်. .အင်းလေ ဒါလည်းကောင်းတာပါပဲ. . .။

အခန်းထဲမှထွက်မည့်ဆဲဆဲ ဦးရီးတော်စကားများအား ကြား လိုက်ရသည့် ဒေါ်လှိုင်သွင်တစ်ယောက် အံ့သြတုန်လှုပ်သွားရရင်း တဖြည်းဖြည်းစဉ်းစားပြီးမှ ကိုယ့်စိတ်ကူးနှင့်ကိုယ် ကျေနပ်သွားဟန် ရှိ၏။ သည့်နောက် တစ်ဆက်တည်းပင် အခန်းထဲပြန်ဝင်ပြီး သမီး ဖြစ်သူထံ ဖုန်းလှမ်းဆက်လိုက်သည်။ သမီးဖြစ်သူကို ဟဲန်းဖုန်းဝယ် ထားပေးပြီးပြီမို့ သားအမိနှစ်ယောက် ဆက်သွယ်ရေးက အဆင်ပြေ နေရ၏။ ဒေါ်လှိုင်သွင်ဖုန်းခေါ်လိုက်သည်နှင့် ချူးဟဲန်းဖုန်းလေးမြည်သံ ကို ဒေါ်လှိုင်သွင် ကြားနေရသည်။ ရန်ကုန်မြို့ရှိ ချူးတို့နေသည့် တိုက်ခန်းတွင်မလည်း ဒေါ်မြမြသွင်နှင့် ကျော်လွင်တို့မှာ ချူး ဖုန်းလေး မြည်လာသည်နှင့် စိတ်ဝင်စားသွားကြပြီး ချူးထံလှမ်းကြည့်လိုက်ကြ သည်။

"ဟဲလို မေမေလား၊ ဟင်. .မျက်လုံးခွဲပြီးပြီ၊ မမြင်ဘူး ဟုတ်လား မေမေ. . ."

တစ်ဘက်မှကြားလိုက်ရသည့် သတင်းအတွက် ချူးရော ဒေါ်မြသွင်နှင့် ကျော်လွင်တို့ပါ အံ့သြမျက်လုံးပြူး၍နေကြလေ၏။ ချူးမှာ မိခင်နှင့်ဖုန်းပြောပြီး စိတ်ပျက်စွာငေးငိုင်သွားသည်တွင် ဒေါ်မြသွင်သည် ချူးထံကြည့်ပြီး. . .

"ဟဲ့ ချူး. .ဘာငိုင်စရာလိုလဲ၊ အရေးကြီးတာ မျက်စိမဟုတ် ဘူး၊ သူ့ပစ္စည်းပဲ၊ အဓိက ညီး သူ့ကိုရဖို့ပဲ၊ သူ့ကိုရရင် ညီးတင်မက တစ်ဆွေလုံးတစ်မျိုးလုံး ရွှေဘုံပေါ်စံရပြီ၊ အဓိက ဒါပဲ. . ."

"အို ဒေါ်လေးကလည်း ဝမ်းသာစရာမဟုတ်တာ ဝမ်းသာ နေပြန်ပြီ၊ လူ့ဘဝဟာ မျက်လုံးမမြင်မှတော့ ဘာထူးမှာလဲ၊ ကိုယ်ချင်းပဲ စာပါဦး. . ."

"ဟဲ့ နင်ကငါ့ကို အော်စရာလား၊ ညီး သိထားဖို့က ညီးအမေလိုချင်တာကလည်း သူ့စည်းစိမ်ပဲ၊ ညီးကဘာလဲ. . ."

"ချူးက ကိုကို့အပေါ်မှာ မေတ္တာတကယ်ထားတာပါ ဒေါ်လေးရဲ့၊ ဘာဖြစ်ဖြစ် ကိုကို့ဘဝဟာ နှမျောစရာတော့ကောင်းပါ တယ်၊ ဒေါ်လေးကိုယ်ချင်းစာကြည့်ပါလား. . ."

"မစာဘူး မစာဘူး၊ ဘာကိုယ်ချင်းမှ ငါမစာတတ်ဘူး၊ ငါတို့က ငွေကိုကိုးကွယ်တာ၊ အချစ်ကိုခိုင်းစားတာ၊ ညီးမှတ်ထား"

"မ,ကလည်း ဘာတွေလျှောက်ပြော. . ."

"တိတ်စမ်း ထပ်မပြောနဲ့. . ."

ငှက်ဆိုးထိုးသံနှင့်မခြား၊ စူးရှစွာ ဒေါ်မြမြသွင်အော်လိုက် တော့ ကျော်လွင်တစ်ယောက် ကုတ်သွား၏။

× × × × ×

ညစာပဲစားစား၊ ဆေးပဲတိုက်တိုက်၊ ဘယ်သွားသွား၊ ဘယ် လာလာ၊ ဘာလုပ်လုပ်၊ မင်းအုပ်စိုးကား မေအုပ်စိုးအား ကြည့်၍မဝ နိုင်အောင် ငေးမောနေရသည်ပါ။ မျက်မှန်အောက်ကနေ တစ်ချိန်လုံး သူကြည့်နေရသည်ကိုပင် အားမရနိုင်၊ တစ်ချီတစ်ချီဖြင့် သူသည် မေအုပ်စိုးမသိအောင် မျက်မှန်ချွတ်သလိုလိုနှင့် ခိုးကြည့်သည်။ မျက်လုံး နှစ်လုံးဖွင့်ပြီးကတည်းက သူကြည့်လာခဲ့သည်မှာ ခုထိကြည့်၍မဝ၊ မြင့်ညမိုးချုပ်ပြီမို့ သူ မျက်မှန်ချွတ်ထားပြီး ကြည့်သည်။ ရင်ထဲ၌ လုပ်ခတ်ရလွန်းပါ၏။

"အစ်ကို အိပ်တော့မလားဟင်၊ ဆေးလည်းသောက်ပြီးပြီ ဆိုတော့ ဒီနေ့အဖို့ အနားယူတော့နော်၊ အစ်ကိုလည်း စိတ်ပင်ပန်း နေမှာပေါ့. . ."

အင်း ဟုတ်တယ်၊ ကိုယ်တကယ်စိတ်ပင်ပန်းနေရတာ မင်းကြောင့်၊ မင်းကိုသိပ်ချစ်လို့. . .။

သူစိတ်ထဲမှ ဆိုနေဖြစ်ခြင်းပါ။ နှုတ်မှမူ သူ တစ်ခွန်းမှ မဆို၊ သူသည် စကားမဆို၊ မျက်လုံးတွေနှင့်သာ အလုပ်တွေ လုပ်နေသလိုရှိတော့၏။ သူစကားမဆို၍ အားလုံးက သူစိတ်ဓာတ်ကျပြီး စိတ်ထိခိုက်နေသည့်အထင်နှင့် သူ့ကိုအလိုက်သိစွာထားကြသည်။ တကယ်တော့ သူက မျက်လုံးတွေနှင့် အလုပ်လုပ်သွားရန် ဆုံးဖြတ်ချက်ချထားပြီးသူဖို့ပါ။ မေအုပ်စိုးသည် သူ့ကိုအိပ်ယာထက် ကြင်နာစွာသိပ်ပြီး မီးကိုပိတ်လိုက်သည်။ ပြီးတော့ ညအိပ်မီးရောင်လေးအောက်တွင် မေအုပ်စိုးသည်လည်း ကုတင်အောက်ရှိ သူမအိပ်ယာလေးတွင် သွားရောက်အိပ်လိုက်၏။ မေအုပ်စိုးအိပ်သည်နှင့် သူကထထိုင်ပြီး ကုတင်အောက်နားမှ မေအုပ်စိုးမျက်နှာလေးဆီ ခိုးကြည့်သည်။

ထိုအခိုက် မေအုပ်စိုးမျက်ဝန်းလေးအစုံ ဖြတ်ခနဲပွင့်လာတော့ သူ့မျက်ဝန်းပြူးပြူးကြီးတွေကို တွေ့လိုက်ရ၍ မေအုပ်စိုးမှာ လန့်သွားရပြီး ချက်ချင်းထထိုင်ဖြစ်ရင်း. . .

"ဟင် အစ်ကို ဘာဖြစ်လဲဟင်၊ ဘာဖြစ်လို့လဲဟင်. . .

စိုးရိမ်လွန်းစွာ မေအုပ်စိုး မေးရှာသည်။ မေအုပ်စိုးကလည်း မပါးနပ်သူမို့ မိမိမျက်လုံးဖွင့်ကြည့်စဉ်က သူလန့်ပြီး မျက်လုံးအစုံပြူးကျယ်သွားသည်ကို သတိမထားမိ၊ သူ့ကိုစိုးရိမ်စိတ်တစ်ခုတည်းဖြင့်သာ ဂရုတစိုက်မေးနေရှာ၏။ သူကလည်း မျက်လုံးကြီးပြူးနေသည်ကို ယီးတီးယားတားလုပ်ပစ်၍ မေအုပ်စိုးကလည်း အကင်းမပါးသူမို့ ကိုက်ညီသွားရ၏။

"အစ်ကို အိပ်မပျော်လို့လား၊ အစ်ကိုဘယ်လောက်ထိ စိတ်ဆင်းရဲနေမယ်ဆိုတာ မေ သိပါတယ်၊ ဒါပေမယ့် အစ်ကို စိတ်အား

မငယ်ပါနဲ့နော်၊ အစ်ကို့နားမှာ မေ ရှိပါတယ်. . ."

"မင်းက အစ်ကို့နားမှာရှိနေတယ်သာဆိုတယ် ကိုယ်လိုက်စမ်းတာ မင်းကိုမတွေ့လို့ ကျတော့မလိုဖြစ်သွားတာ. . ."

"တောင်းပန်ပါတယ် အစ်ကိုရယ်၊ အစ်ကို့ကိုစိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ. . ."

"မင်းရှိရင် ကိုယ်အားမငယ်ပါဘူး. . ."

"တကယ်လား အစ်ကို. . ."

"မင်း အစ်ကိုနဲ့ပဲအိပ်ပါ၊ မင်းကိုလိုက်မရှာပါရစေနဲ့. . ."

"အင်း ကောင်းပါပြီ အစ်ကို. . ."

သူဆိုတော့ မေအုပ်စိုးမှာ စောင်နှင့်ခေါင်းအုံးတွေကို ကုတင်ပေါ်ပြန်တင်ရသည်။ ပြီးတော့ မေအုပ်စိုးသည် သူ့ကိုဦးစွာ လှဲသိပ်လိုက်ပြီးမှ ကုတင်စွန်းနားတွင်ဝင်အိပ်ဖြစ်သည်။

"မေ. . ."

"ရှင်. . ."

"ဆရာဝန်က ဘာပြောလဲ. . ."

"သူ နိုင်ငံခြားကပြန်လာမှပဲ ထပ်ပြီးစစ်ဆေးပေးပါမယ်တဲ့၊ ဒါပေမယ့် သူကြိုပြောထားတဲ့ စကားတော့ရှိတယ် အစ်ကို. . ."

"ဘာလဲ. . ."

"အစ်ကို့ရဲ့အာရုံကြောတွေကို သိပ်ပြီးဖိအားမပေးရဘူးတဲ့၊ စိတ်တွေလည်း မလှုပ်ရှားစေနဲ့တဲ့၊ မျက်စိခွဲပြီးစအချိန်မှာ စိတ်ဖိစီးမှုဒဏ်တွေ သိပ်များရင် အစ်ကို့မျက်လုံးတွေကို ပြန်ထိခိုက်သွားနိုင်တယ်တဲ့၊ ဒါဆိုရင် ပြန်ခွဲရလိမ့်မယ်တဲ့. . ."

"သြော် ဒီလိုပြောလား. . ."

"အင်း. . ."

တစ်ဘက်စောင်းအိပ်ရင်းက မင်းအုပ်စိုး ပြုံးလိုက်သည်။ အဆင်ပြေမှုတွေအတွက် သူကျေနပ်သွားရခြင်းပါ။

❖ ❖ ❖

(နှစ်ဆယ်)

မေအုပ်စိုး၏အလှတွေကိုကြည့်ဖို့ စောစီးစွာပင် သူနိုးလာသည်။ မေအုပ်စိုးသည်က အိပ်ပျော်နေရှာဆဲပါ။ သူသည် မေအုပ်စိုးအလှကို ငေးကြည့်ရာမှ ရင်ဝယ်လွန်စွာမှ ကြင်နာမြတ်နိုးလာ၍ မေအုပ်စိုးမျက်နှာလေးဆီ ဖွဖွကိုင်မည်အပြု မေအုပ်စိုးနိုးလာသည်နှင့် ဆုံသွားရ၍ သူသည် မျက်လုံးကိုတည့်တည့်နှင့် ငြိမ်ငြိမ်ထားပြီး မေမျက်နှာထက် သူ့လက်ဖဝါးတွေနှင့် စမ်းရှာသလို ကိုင်လိုက်တော့၏။

"အို. .အစ်ကို ဘာလဲ၊ ဘာဖြစ်လို့လဲ၊ နိုးနေပြီလား၊ ဘယ်တုန်းကနိုးနေတာလဲ. . ."

"ကိုယ်ရေအိမ်သွားမလို့၊ မေ့ကိုနှိုးဖို့စမ်းနေတာ. . ."

သူဆိုတော့ မေအုပ်စိုးနိုးလာပြီး သူ့ကိုရေအိမ်ပို့ပေးသည်။ ရေအိမ်ထဲအရောက် သူကသဘောတွေကျကာ ပြုံးရယ်နေ၏။ မေအုပ်စိုးသည်က သူ့ကိုဆေးတိုက်ဖို့ပြင်ဆင်ထားသည်။ သူ ရေအိမ်ထဲမှ

ထွက်လာတော့ မေအုပ်စိုး သူ့ကိုဆေးတိုက်၏။

"ကဲ အစ်ကို. .ကိုယ်လက်သန့်စင်ပြီး အဝတ်တွေလဲမယ်နော်. . ."

"အင်း. . ."

မေသည် သူ့ကိုကြင်နာခြင်းများစွာဖြင့် လိုလေသေးမရှိပြုစုလုပ်ကိုင်ပေးရှာ၏။ အပေါ်ထပ်တွင် သူတို့ကိုယ်စီ အောက်ထပ်ဆင်းရန် ပြင်ဆင်နေဆဲအချိန်၌ အောက်ထပ်တွင် ဒေးဗစ်နှင့်ဂျူးတို့ကနေပြီး သူတို့ဆင်းလာကို စောင့်နေကြ၏။ အပေါ်ထပ်မှ မင်းအုပ်စိုးနှင့် မေအုပ်စိုးတို့ကလည်း အောက်ထပ်ဆင်းဖို့ ပြင်ဆင်ရင်း...

"ဒီနေ့ မေ ဈေးသွားရမယ်အစ်ကို၊ အိမ်မှာဘာမှမရှိတော့ဘူး. . ."

"အင်း သွားပေါ့. . ."

"ဒီမှာ အစ်ကို့တုတ် ကိုင်ထား. . ."

"မျက်မှန်ရော. . ."

"တပ်ပေးပါ့မယ်. . ."

ဆိုရင်း မေအုပ်စိုး မျက်မှန်တပ်ပေးသည်။

"ကဲ အားလုံးပြီးပြီ။ လာ အောက်ဆင်းမယ်. . ."

သူကိုတွဲကာ မေအုပ်စိုးဆိုရင်း အခန်းထဲမှထွက်မည်ပြင်တော့

"နေဦးလေ မေ၊ ပိုက်ဆံအိတ်ယူလိုက်ဦး. . ."

"ဩော် ဟုတ်သားပဲ. . ."

မေဆိုရင်း မှန်တင်ခုံထက်တင်ထားသည့် ပိုက်ဆံအိတ်ကိုသွားယူရင်း 'ဟင် ငါပိုက်ဆံအိတ်ကျန်တာ သူဘယ်လိုသိတာပါလိမ့်' ဟု စဉ်းစားမိသည်။ သူကလည်းမေ့ပြီး ပြောလိုက်မိသည့် စကားအတွက် မေ့နောက်ကျောလေးဆီကြည့်ပြီး ပြုံးနေဆဲ မေကလည်း

စဉ်းစားရင်း ပြန်လှည့်ကြည့်တော့ သူသည် အကြည့်ကို မသိမသာ လွဲလိုက်လေ၏။ ပိုက်ဆံအိတ်ယူပြီး မေ သူ့အနားပြန်လာတော့ သူသည် မေ့လက်ကိုစမ်းကိုင်ရင်း. . .

"မေ. .ပိုက်ဆံအိတ်ပါပြီလား၊ မေ ဈေးသွားမယ်ဆို"

"အင်း အစ်ကိုသတိပေးလို့ပဲ၊ မေ မေ့တော့မလို့. . ."

သူ့စကားနှင့်အပြုအမူတွေအတွက် မေသည် သူမလက်ကို စမ်းစဉ်က ပိုက်ဆံအိတ်မစမ်းမိ၍ ပြောတာဖြစ်မည်ဟု မေ့အတွေးမှာ သူ့အတွက် အံဝင်ဂွင်ကျသွားလိုက်ရပြန်ပါ၏။

× × × × ×

"အို့ စိတ်ညစ်လိုက်တာ၊ အိမ်တံခါးကြီးက သော့ခတ်ထားပြန်ပြီ၊ ဘယ်များသွားနေကြလဲမသိပါဘူး၊ ငါလာတိုင်း တစ်ခါမှမတွေ့ဘူး၊ ငါလာနေတဲ့အခေါက်ပေါင်းလည်း မနည်းတော့ဘူး. . ."

လူခေါ်ဘဲလ်ကို အကြိမ်ကြိမ်နှိပ်ရင်း ချူးတစ်ယောက် စိတ်ပျက်စွာဖြင့် တစ်ကိုယ်တည်း ညီးညူပြောဆိုနေဖြစ်ခြင်းပါ။ မှန်သည်။ ချူးတစ်ယောက် ရောက်လာတိုင်း မတွေ့ရဘဲ အိမ်ပြန်ပြန်သွားလိုက်ရလေ၍ ဒေါ်လေးနှင့်စကားတွေများနေရသည်မှာလည်း စိတ်ဆင်းရဲလှပြီဖြစ်၏။

"ကဲ ဒီလောက်ဖြစ်တာ၊ ငါ ဒီသော့ခလောက်ကြီးကိုဖျက်ပြီးပဲ အိမ်ထဲဝင်တော့မယ်၊ ရန်ကုန်ရောက်လာတာက တစ်လတောင်ရှိပြီ။ ခုထိ ချူးနဲ့လည်းအဆက်အသွယ်မလုပ်နိုင်ဘူး၊ ချူးနဲ့အဆက်အသွယ်လုပ်နိုင်မှ ငါ ဒီအိမ်ထဲကို ဝင်လို့ရမှာ၊ ဟိုအဘွားကြီးနဲ့ ရန်ဖြစ်စကားများနေရတာလည်း နေ့တိုင်းပဲ၊ ရန်ကုန်ရောက်လာကတည်းက သူတို့လင်မယားရဲ့ ကျွန်ဖြစ်နေတော့တာပဲ၊ ကိုယ့်အမေကိုတောင်

ဒီလိုမလုပ်ပေးခဲ့ရသေးဘူး၊ မေမေကတော့ ဘာမှမသိဘူး၊ သူ့ညီမကို သိပ်ယုံကြည်အားကိုးနေတာ၊ သိပ်မုန်းတာပဲ. . ."

ချူးတစ်ယောက် စိတ်ထဲမှရေရွတ်ရင်း အာမခံသော့ခလောက်ကြီးကို ကိုင်တွယ်က ငုံ့ကြည့်နေဆဲ. . .

"ဟေ့ ဘယ်သူလဲ. . ."

"ဟင်. .၊ ဟယ် ဘယ်ကလူလဲမသိဘူး၊ ငါတော့်မှားပြီထင်တယ်. . ."

အော်သံကြောင့် ချူး အလန့်တကြားလှည့်ကြည့်လိုက်သည်မတော့ ဒေးဗစ်ကိုတွေ့လိုက်သည်တွင် ချူးသည် ဒေးဗစ်ကို တစ်ခါမှမမြင်ဖူး၍လန့်ပြီး ထွက်ပြေးပါတော့၏။

"ဟေ့ မပြေးနဲ့. . ."

"ဟင် ကျွန်မ သူခိုးမဟုတ်ပါဘူး. . ."

ချူးဆိုရင်း ပြေးသည်။ ဒေးဗစ်ကလည်း ပြေးလိုက်သည်။

"သူခိုးမဟုတ်ရင် မပြေးနဲ့ပေါ့ကွ. . ."

ဒေးဗစ်ဆိုရင်း ချူးလက်ကလေးကိုဆွဲမိသွားသည်။ ချူးမှာ ရုက်လန့်ကြောက်ရွံ့စွာဖြင့် လက်အုပ်ချီရင်း. . .

"တောင်းပန်းပါတယ်၊ တကယ်သူခိုးမဟုတ်ပါဘူး၊ အိမ်မှာထားပါ. .ခဲ့"

"အိမ်မှားတာ၊ မင်းက ဘယ်အိမ်ရှာတာလဲ. . ."

"ကိုကိုမင်းအုပ်စိုး အိမ်ပါ၊ ချူးရဲ့မောင်လေး ဂျူးလည်းရှိပါတယ်၊ ဂျူးနဲ့တွေ့ဖို့လာတာပါ. . ."

"ဩော် ဟင်း. ,မင်းကွာ. ,စောစောထဲက အဲဒီလိုပြောပါလား၊ မင်းမမှားပါဘူး၊ ဒါမင်းအုပ်စိုးရဲ့အိမ်ပါပဲ၊ ကဲ လာ အထဲဝင်"

ဒေးဗစ်ဆိုရင်း ချူးကိုပြန်ခေါ်ခဲ့သည်။ အိမ်ရှေ့အရောက်

သော့ဖွင့်ပြီး အိမ်ထဲပါခေါ်သွားပြီး အမောပြေအအေးတစ်ခွက်နှင့် ဧည့်ခံလိုက်၏။

"နေပါဦး၊ ဂျူးရဲ့အစ်မဆိုတော့ ဘယ်လိုတော်တာလဲ. . ."

"ချူးက မေမေဒေါ်လှိုင်သွင်ရဲ့သမီးပါ. . ."

"ဩော် သိပြီ၊ နားလည်ပြီ၊ မင်းကို ကိုယ်က တစ်ခါမှ မမြင်ဖူးတော့ စိတ်မရှိနဲ့နော်. . ."

"ဟုတ်ကဲ့ပါ၊ အစ်ကိုကရော ဘယ်လို. . ."

"ကိုယ်နဲ့မင်းအုပ်စိုးနဲ့ ပတ်သက်ပုံလား၊ ကိုယ်တို့က မွေးကတည်းက အတူကြီးပြင်းလာတဲ့ ငယ်သူငယ်ချင်းတွေ၊ ကိုယ်တို့နိုင်ငံခြားမှာ ပညာသင်ခဲ့တာလည်းအတူတူပဲ၊ မြန်မာပြည်ပြန်လာတော့ ကိုယ်က ရန်ကုန်မှာပဲနေပြီး အလုပ်လုပ်တယ်၊ မင်းအုပ်စိုးကတော့ တောင်ကြီးမှာ ဦးရီးတော်ရှိသေးတော့ အားနာပြီးပြန်နေတာ၊ အစ်ကို့နာမည်က ဒေးဗစ်၊ မင်းနာမည်က. . ."

"ချူးချူးပါ. . ."

"ဩော် မနက်ကတည်းက သူတို့လျှောက်လည်ကြတာ၊ အပြင်မှာပဲ ထမင်းစားကြမယ့်အစီအစဉ်နဲ့ပဲ၊ ကိုယ်က သူတို့ကို ကစားကွင်းပို့ခဲ့ပြီး အလုပ်ကိုသွားတာ၊ သူတို့အိမ်ပြန်ရောက်နေမလားဆိုပြီးဝင်ကြည့်တာ၊ သူတို့မရောက်သေးတော့ သူတို့ကိုပြန်ခေါ်ရမယ်၊ မင်းလိုက်ခဲ့ပေါ့. . ."

"ဩော် ဒီတစ်ခါတော့ နေပါစေတော့ အစ်ကိုဒေးဗစ်၊ ချူးမလိုက်တော့ဘူး၊ ဂျူးဆီဖုန်းဆက်ပြီးမှပဲ ချူး ဒီကိုထပ်လာခဲ့မယ်"

"ဖုန်းနံပါတ်သိလား. . ."

"ဟင့်အင်း. . ."

"ရော့ ယူသွား. . ."

"ဟုတ်ကဲ့ ကျေးဇူးပါပဲ အစ်ကိုဒေးဗစ်၊ ဒါဆို ချူးပြန်တော့မယ်နော်. . ."

"ကောင်းပြီ. . ."

ဒေးဗစ်ကိုနှုတ်ဆက်ပြီး ချူး ပြန်ခဲ့လိုက်သည်။ ပျော်ရွှင်လွန်း၍ အငှားကားနှင့်ပြန်ခဲ့လိုက်သည်။ အိမ်ရောက်သည်နှင့် ဒေါ်လေးက မတွေ့ခဲ့ဘူးမဟုတ်လား ဟူသော ပုံစံနှင့်ကြည့်နေလေ၍ ချူးကလည်း အထင်သေးမခံချင်ပုံနှင့် ဧည့်ခန်းတွင်ဝင်ထိုင်လိုက်ပြီး. . .

"ချူး အဆက်အသွယ်ရခဲ့ပြီ၊ ဒါပေမယ့် အခု သူတို့မရှိဘူး၊ အပြင်ထွက်နေကြတယ်၊ မောင်လေးဆီဆက်ဖို့ ဖုန်းနံပါတ်ရခဲ့တယ်"

"ဟုတ်လား၊ ညီးတကယ်ပြောတာလား. . ."

"ဒေါ်လေးကို အားအားရှိလိမ်မလား. . ."

"မကလည်း ချူးကအမှန်ပြောတော့ လက်မခံပြန်ဘူး. ."

"တိတ်စမ်း ကျော်လွင်၊ နင်ဝင်ပါစရာလား. . ."

ချူးမေကြည့်ပြီး ကျော်လွင်တိတ်သွားသည်။ ချူးကား သူတို့လင်မယားကိုဂရုမစိုက်၊ ကိုယ့်အတွေးနှင့်ကိုယ် ပြုံးပျော်ရင်း အခန်းထဲသို့ ဝင်ရောက်သွားလိုက်လေ၏။

× × × × ×

မီးဖိုထဲ ညနေစာကို မေအုပ်စိုးတစ်ယောက် စီစဉ်ချက်ပြုတ်နေဆဲ အပေါ်ထပ်ရှိ အိပ်ခန်းထဲမတော့ မင်းအုပ်စိုးသည်လည်း စိတ်ရှိလက်ရှိတစ်ယောက်တည်း လှည့်ပတ်လျှောက်ကာ ဘီဒိုတွေ အားလုံးကိုလိုက်ရှာဖွေကြည့်နေသည်ပါ။

"ဟင် ငါပေးထားတဲ့လက်စွပ်ကို မဝတ်ပဲ သူချွတ်ထားတာယ်၊ တော်တော်ခက်တဲ့မိန်းမပဲ၊ မဖြစ်ဘူး ပြန်ဝတ်ခိုင်းရမယ်"

သူဆိုရင်း လက်စွပ်ကလေးကို နေရာတွင်ပင်ပြန်ထားပြီး ဘီဒိုကိုပြန်ပိတ်လိုက်သည်။ ထိုအခိုက်ပင် အပြင်ဘက်မှ ခြေသံလိုလို ကြားရ၍ သူသည် တုတ်တွေလည်းမှေ၊ မျက်မှန်တွေလည်းမှေပြီး ကုတင်ပေါ်ပြေးရ၍ ခုန်တက်လိုက်၏။ အခန်းထဲသို့ တံခါးခေါက်သံနှင့်အတူ မေအုပ်စိုး ရောက်လာချိန်တွင် သူသည်ကုတင်ထက်၌ ကွန်ဒေ့အပြည့်နှင့် ထိုင်နေပြီဖြစ်၏။ ရင်တွေကတော့ ခုန်၍နေသည်။ ရယ်ချင်စိတ်ကို မြိုသိပ်ထားရ၏။

"ဟင် အစ်ကို အိပ်ယာကနိုးလာတာလား၊ မေကသတိရလို့ ဆေးလာတိုက်တာ၊ ခြောက်နာရီထိုးရင် ထမင်းစားမယ်နော်၊ အားလုံးတော့ ကျက်ပြီ၊ ဆေးနဲ့ကြက်သားပေါင်းအိုးပဲ မီးဖိုပေါ်တင်ထားခဲ့တယ်. . ."

မေအုပ်စိုးဆိုရင်း သူ့ကိုဆေးတိုက်တော့ သူသောက်လိုက်ရသည်။ ဆေးသောက်ပြီး ရေခွက်ကိုပြန်အပေး၊ မေ့လက်ကလေးကို သူဆွဲကိုင်ထားလေ၍. . .

"ဘာလဲ အစ်ကို. . ."

"ရေအိမ်သွားမလို့ပါ. . ."

သူဆိုရင်း မေ့လက်ကလေးတွေကို သူမြတ်နိုးစွာ ကိုင်ရင်း စမ်းရင်းက သူသည် မျက်မှောင်သဘာတွန့်သွားရပြီး. . .

"ဟင် မေ. .မေ့လက်မှာလက်စွပ်လည်းမရှိပါလား၊ အစ်ကို ပေးထားတဲ့လက်စွပ်လေ၊ မေ မဝတ်ဘူးလား၊ ဘာဖြစ်လို့မဝတ်တာလဲ၊ အစ်ကို့ကိုမချစ်လို့လား. . ."

"အို မဟုတ်ပါဘူး အစ်ကိုရယ်၊ မေ ရေချိုးလို့ ခဏချွတ်ထားတာ၊ မေ့သွားလို့ ပြန်မဝတ်ဖြစ်တာပါ၊ ပြီးတော့ ဒီလောက် အဖိုးတန်ကြီးကိုလည်း မေ အိမ်နေရင်း မဝတ်ထားချင်လို့ပါ"

"အစ်ကို့ရဲ့အချစ်တွေ၊ အစ်ကိုရဲ့နှလုံးသားထက်ပဲ ဒီလက်စွပ်က တန်ဖိုးကြီးနေသေးလား မေ. . ."

"အို အစ်ကိုရယ် အဲဒီလိုတော မပြောပါနဲ့၊ မေ အခုသွားယူတော်ထားပါ့မယ်. . ."

မေဆိုရင်း ဘီဒိုဆီသွားဖွင့်ပြီး လက်စွပ်ကလေးကိုထုတ်ကာ ဝတ်မည်ပြုဆဲ ဘီဒိုပေါ်မှ မင်းအုပ်စိုး၏မျက်မှန်ကို တွေ့လိုက်ရတော့ မေသည် မျက်မှောင်လေးတွန့်သွားလိုက်ရ၏။ မေ သူ့ကိုလှမ်းကြည့်တော့ သူသည် မသိမသာအကြည့်ကိုလွဲပြီး ငြိမ်၍ရှိနေ၏။ လက်စွပ်ကလေးကိုစတ်ပြီး မေ သူ့ဆီလှမ်းခဲ့သည်။ ပြီးတော့ မေ သူ့ကို ကြည့်သည်။ မေ့အကြည့်လေးတွေက ဇဝေဇဝါရယ်ရှိနေ၏။

"မေ လက်စွပ်ဝတ်ထားပြီးပြီလား. . ."

သူ စမ်းကိုင်ပြီးမေးကြည့်သည်။

"ဟုတ်ကဲ့. . ."

"နောက်ဘယ်တော့မှ မချွတ်ရဘူးနော်. . ."

'ချွတ်ရခြင်း မချွတ်ရခြင်းဟာ မေ့အပေါ်မှာမူတည်တာမဟုတ်ဘူး အစ်ကိုရယ်'ဟူသော ရင်ထဲမှစကားလေးများနှင့်အတူ မေအုပ်စိုးသည် ပင့်သက်လေးတိတ်တိတ်ချကာ သူ့ကိုငြိမ်ငြိမ်လေးကြည့်နေလိုက်မှ တိုးတိုးလေးဆို၏။

"ဟုတ်ကဲ့ပါ အစ်ကို. . ."

"ကဲ အစ်ကို့ကို ရေအိမ်ကိုပို့ပေး. . ."

"တုတ်ကော အစ်ကို. . ."

"အိမ်ထဲနေတာပဲကွာ၊ မလည်းရှိတာပဲ မလိုပါဘူး. . ."

သူပြောတော့လည်း မှန်နေသည်မို့ မေသည် သူ့ကို ရေအိမ်ထိပေးလိုက်သည်။ ရေအိမ်ထဲအရောက်မတော့ သူသည် မှန်ထဲ

ကြည့်ကာ အားရပါးရကြီး ရယ်ပြုံးနေဖြစ်ရပါသတည်း။

× × × × ×

ကိုယ်ဝန်ရှိမရှိကိုအကြောင်းပြပြီး ခင်ပွန်းသည်မောင်မောင်ထွန်းနှင့်အတူ ရည်မွန်လှိုင်သည် ဆေးရုံသို့ရောက်လာ၏။ တကယ်တော့ ထိုဆေးရုံတွင် မင်းအုပ်စိုး မျက်စိခွဲသည်ကိုသိထား၍ ရည်မွန်လှိုင်ရောက်လာခြင်းပါ။ မျက်လုံးခွဲပြီးမပြီး၊ မျက်လုံးပြန်မြင်မမြင် အခြေအနေကို ရင်ခုန်စွာ ရည်မွန်လှိုင်တစ်ယောက် သိချင်နေ၏။ ထို့အတွက် ခင်ပွန်းသည်ကိုအကြောင်းပြပြီး လာစုံစမ်းခြင်းဖြစ်၏။ ဆေးရုံထဲ ဟိုဒီလျှောက်သွားပြီး ရည်မွန်လှိုင်သည် ဘယ်ဆရာမကို မေးရမည်မှန်းမသိဖြစ်နေရသည်။ အနီးမှ မောင်မောင်ထွန်းကလည်း မခွာပဲကပ်ပါနေ၍ ရည်မွန်လှိုင် ဒေါသထွက်၊ အခက်လည်းဖြစ်နေရ၏။

"ရည်မွန်း .မင်းအပေါ်တက် အောက်ဆင်းနဲ့ ဘာလုပ်နေတာလဲ၊ ငါ ခြေညောင်းလှပြီ. . ."

"မောင်ကလည်း ခြေညောင်းရင် အောက်မှာပဲထိုင်စောင့်နေခဲ့လေ၊ ရည်မွန်က ရည်မွန့်အသိ ဆရာဝန်မကို လိုက်ရှာနေတာ. . "

"မစောင့်ဘူး၊ ကဲ မင်းအသိဆရာဝန်မကိုပဲ ရှာ. . ."

ရည်မွန် စိတ်တိုသွားသည်။ ခင်ပွန်းသည်ကို ကြမ်းတမ်းစွာလည်း မပြော၍၊ မောင်မောင်ထွန်းက မိန်းမကိုပို၍ကြိုးကိုင်တတ်သည်ဟုပင် ပြောရမလားမဆိုနိုင်၊ ရည်မွန်လှိုင်သည် မောင်မောင်ထွန်းအားလန့်ရသည်ကဖြင့်အမှန်ပါ။

"ကဲ မောင်ရယ် .ဆရာဝန်မကိုလည်းမတွေ့ဘူး၊ သူထိုင်အချိန်ပဲ မှားနေလို့လားမသိဘူး၊ ကဲ ပြန်မယ်. . ."

"ဟင်း အချိန်ကုန်တာပဲရှိတယ်. . ."

မောင်မောင်ထွန်းဆိုရင်း ဇနီးသည်လက်ကိုဆွဲ၍ ပြန်ခဲ့လိုက်လေ၏။ ရည်မွန်လှိုင်သည်ကလည်း ဒေါသတွေကျိတ်ထွက်ရင်း မောင်မောင်ထွန်းလစ်မည့်အချိန်ကိုပင် စောင့်ရင်းကြုံဝါးနေသည်ပါ။

× × × × ×

ညအိပ်ယာဝင်ရတော့မည်ဖို့ မင်းအုပ်စိုးသည် မှန်ထဲကြည့်ပြီး မျက်နှာက အပြုံးချောချောတွေနှင့် တစ်ခုခုကိုကြံစည်နေပြန်၏။ သို့အခိုက်ပင် အပြင်မှခြေသံကြား၍ သူ ကုတင်ပေါ်ပြန်ထိုင်နေလိုက်ပြီး ဟိုကုတ်ဒီကုတ်လုပ်နေလိုက်သည်။

"အစ်ကို ဘာဖြစ်လို့လဲ၊ ယားနေလို့လား၊ ဘာလုပ်ပေးရမလဲဟင်. . ."

"အင်း တစ်ကိုယ်လုံးယားနေတယ်ကွာ၊ ဘာဖြစ်လဲမသိဘူး"

"ချွေးထွက်နေလို့လား အစ်ကို. . ."

မေဆိုရင်း သူ့နောက်ကျောနှင့် လည်ပင်းတွေဆီ စမ်းကိုင်ကြည့်သည်။

"ချွေးလည်းမထွက်ပါဘူး၊ အစ်ကို ဘာဖြစ်လို့ယားနေတာလဲ. . ."

"မသိဘူး၊ အား. .ယားတယ်ကွာ. . ."

သူ ဆက်၍ကုတ်ပြသည်။ သူ့ကိုကြည့်ပြီး မေအုပ်စိုးမှာ ဘာလုပ်ပေးရမည်မှန်းမသိဖြစ်နေ၍. . .

"အစ်ကို ရေထပ်ချိုးမလားဟင်၊ ရေနွေးသွားဖွင့်လိုက်မယ်"

"မိုးချုပ်ပြီ၊ ရေတော့မချိုးချင်တော့ဘူးကွာ၊ မေ အစ်ကို့ကို ရေပတ်တိုက်ပေးနော်၊ ရေပတ်တိုက်ရင်လည်း ဖြစ်ပါတယ်. . "

"ဩော် ဟုတ်ကဲ့. . ."

ရေပတ်တိုက်ဖို့ သူ့ကိုတွဲပြီး ရေချိုးခန်းထဲ မေအုပ်စိုးခေါ်ခဲ့သည်။ ပြီးတော့ သူ့ကို ခုံတစ်လုံးတွင် ခြေဆင်းထိုင်ခိုင်းထားပြီး မေအုပ်စိုးသည် သန့်ရှင်းဖြူဖွေးနေသည့် မျက်နှာသုတ်ပုဝါတစ်ထည်ကို ရေဇလုံထဲထည့်ပြီး ရေညှစ်၍ သူ့ကိုရေပတ်တိုက်ပေးရ၏။ သူ့ကိုရေပတ်တိုက်ပေးရင်း ရှက်နေသည့် မေ့မျက်နှာလေးဆီ သူကြည့်ပြီး ရယ်ချင်နေမိသည်။ သူ့လက်နှစ်ဘက်နှင့် လည်ပင်း၊ လည်ဂုတ်တွေဆီ မေအုပ်စိုး ရေပတ်နှင့်ပွတ်ပေးသည်။ သူက ခိုးကြည့်ရင်း ကြည်နူးနေ၏။

"ကဲ တော်ပြီ. . ."

"ဟင် ရင်ပတ်နဲ့နောက်ကျောတွေဆီ သုတ်ပေးဦးလေ၊ အဲဒီမှာလည်း ယားနေတာ . . ."

သူဆိုတော့ မေ့မှာ ပါးအို့လေးနှစ်ဘက်ရဲကာ သူ့ကိုရေပတ်ထပ်သုတ်ပေးရ၏။ သူ့ရင်ခွင်ဖွေးဖွေးကြီးကို မေ့မှာမရဲတရဲကြည့်ပြီး ကပျာကယာရေပတ်သုတ်ပေးပြီးနောက် မျက်နှာသုတ်ပုဝါတစ်ထည်နှင့် ခြုံပေးလိုက်ပြီး. . .

"ကဲ အအေးမိမယ်၊ အိပ်တာက အဲကွန်းနဲ့၊ တော်ကြာဖျားနေဦးမယ်. . ."

"ဖျားလည်း အစ်ကို့နားမှာ မေရှိတာပဲကွာ၊ အစ်ကိုကတော့ မပူပါဘူး အဟွန်း. . ."

သူပြုံးပြီးဆိုတော့ မေအုပ်စိုးမှာ အသံတိတ်ကလေးနှင့်ပြုံးပြီး ရေချိုးခန်းထဲမှ သူ့ကိုဆွဲခေါ်ထုတ်လာ၏။ ပြီးတော့ အဝတ်လဲပေးပြီး သူ့ကိုနွေးနွေးထွေးထွေးလေး သိပ်လိုက်သည်။ ပြီးတော့ မေအုပ်စိုးသည် စာအုပ်တစ်အုပ်ဖတ်နေလိုက်၏။ တစ်နာရီခန့် စာဖတ်ပြီးမှ

မေအုပ်စိုးသည် သူ့ထံလှမ်းကြည့်သည်။ သူငြိမ်သက်နေသည်ကိုတွေ့၍ မေအုပ်စိုးလည်း အိပ်ယာဝင်ရန် ပြင်ဆင်ရ၏။ သူ့အနီး မေ တိုးခဲ့ပြီး သူ့ကိုစေ့စေ့ကြည့်သည်။ ပြီးတော့ သူ့မျက်နှာရှေ့ လက်ကလေးကို ဆွဲ့ရမ်းကြည့်သည်။ သူကငြိမ်သက်ဆဲပါ၊ သူအိပ်ပျော်နေသည်မှာ သေချာနေပြီမို့ မေသည်လည်း ကုတင်စွန်းတွင် ညင်သာစွာဝင်အိပ်လိုက်လေ၏။

ထိုအခါ သူကပြုံးရယ်နေဖြစ်လေ၏။ မှန်သည်။ မင်းအုပ်စိုးကား အိပ်မပျော်သေးပါ။ မေ လာအိပ်မည့်အချိန်ကို သူစောင့်နေခြင်းဖြစ်၏။ မင်းအုပ်စိုးသည် တစ်ချက်ပြုံးလိုက်ပြီး စောင်းအိပ်နေရာမှ ပက်လက်လှန်လိုက်သည်။ ပြီးတော့ လက်တစ်ဘက်ကို မေ့ရင်ပတ်ပေါ် ဘုတ်ခနဲတင်ပစ်လိုက်သည်။

"အမေ့. .ဟယ် လက်ကြီးရောက်လာတယ်. . ."

မေသည် မျှက်နှာလေးရှုံ့မဲ့သွားရပြီး သူ့လက်ကို အသာကိုင်ကာ ဖယ်ချပေးသည်။ မင်းအုပ်စိုးမှာ ဘယ်လက်ကို မေအုပ်စိုးက ဖယ်ရှားလိုက်တော့ ကိုယ်ကိုစောင်းပြီး ညာလက်နှင့် မေအုပ်စိုးကို ဖက်သလို လက်တစ်ဘက်တင်လာပြန်၍ မေအုပ်စိုးမှာစိတ်ညစ်ပြီး အသာကိုင်ကာ ဖယ်ရှားလိုက်ရပြန်၏။ သူကလည်းမလျှော့၊ အင်းအဲ လုပ်ပြီး မေအုပ်စိုးကိုယ်ပေါ် လက်ပြန်တင်သည်။ မေအုပ်စိုးစိတ်ရှည်ရှည်ထား၍ ဖယ်ချရပြန်၏။ သူကပြန်တင်သည်။ ဘယ်တင်လိုက်၊ ညာတင်လိုက်နှင့် နှစ်ခါသုံးခါဖြစ်လာတော့ မေသည် သူ့ကိုယ်လုံးကြီးကိုပါ တစ်ဘက်သို့တွန်းပစ်လိုက်လေ၍ သူ တစ်ဘက်သို့ပြန်လှည့်သွားလိုက်ရလေ၏။ သည်တော့ တစ်ဘက်လှည့်နေပြီး သူပြုံးသည်။ ပြုံးရင်း ဘာလုပ်ရမည်ကို သူကြံပြန်သည်။ မေ တစ်ဘက်သို့လှည့်အိပ်နေသည်ကို လှည့်ကြည့်ပြီးပြုံးရင်းက သူ

တဖြည်းဖြည်း နေရာရွှေ့လာသည်။ နောက်ဆုံး မေအုပ်စိုးကျောလေးနှင့် သူ့ကျောထိအောင် ကပ်ထားလိုက်သည်။ အိပ်ပျော်မည့်ဆဲဆဲ မေအုပ်စိုးမှာ မျက်လုံးလေးပြူးရင်း နိုးလာရပြန်၏။

သူ့ကိုအားနာ၍ မေအုပ်စိုးမှာ ကျောလေးနည်းနည်းတွန့်ကာ ရွှေ့ပေးသည်။ သူက ထပ်ကပ်သည်။ မေအုပ်စိုးက ရွှေ့ပေးပြန်သည်။ သူက လူးလွန့်ရင်းထပ်ကပ်သည်။ နောက်ဆုံး သူကပ်လွန်း၍ မေ့မှာ ကုတင်ပေါ်ကပင့် ပြုတ်ကျရပါတော့၏။

"အား.. . ."

"ဘုံး.. . ."

"ဟင် အယ်. . ."

မေအုပ်စိုး ကျသံကြားတော့ သူ မျက်လုံးပြူးသွားရင်း သူ တစ်ချက်ကုတင်အောက်သို့ ငုံ့ကြည့်လိုက်သည်။ ပြီးတော့ သူသည် အိပ်ယာထက်၌ ပြောင်းပြန်ဆံခတ်အိပ်ပျော်နေသည့် ပုံစံနှင့် ဟောက်သံပင်ပေးကာ အိပ်ပြလိုက်၍ မေအုပ်စိုးမှာ ခါးလေးကိုနှိပ်ကာ ထရပ်ပြီး သူ့ကိုကြည့်လိုက်သည်။ သူသည် ကုတင်ထက်၌ ကန့်လန့်ကြီးဖြစ်နေ၍ မေအုပ်စိုးမှာ အိပ်ယာပေါ်ဘယ်လိုမှ တက်အိပ်၍မရတော့၊ သူ့ကိုလည်း နိုးသွားမည်စိုး၍ မရွှေ့တော့ပဲ ထိုညအဖို့ မေအုပ်စိုးသည် သေချင်အောင်စိတ်ညစ်ညစ်နှင့် မျက်နှာလေးရှုံ့မဲ့ကာ အေးအေးဆေးဆေး ကုတင်အောက်၌ပင် အိပ်လိုက်ရပါတော့၏။ သည်လိုကျတော့လည်း သူ နောင်တရသွားသည်။ ထခေါ်လျှင်လည်း သူ ဟန်ဆောင်သည်ကို သိတော့မည်မို့ မင်းအုပ်စိုးကား ရင်ထဲ ဟာဇာတာဖြင့် ဇွတ်နှစ်အိပ်ပစ်လိုက်ရပါတော့သတည်း။

❖ ❖ ❖

(နှစ်ဆယ့်တစ်)

မနက်စာစားပွဲကို မေအုပ်စိုးပြင်ဆင်နေဆဲ အပေါ်ထပ်မှ မနက်စာစားရန် မင်းအုပ်စိုးတစ်ယောက် မျက်မခြင်စတိုင်နှင့် ဆင်းလာခဲ့သည်။ နေကာမျက်မှန်အောက်မှ သူ လူရိပ်လူကဲတွေကိုကြည့်ပြီး ဆင်းခဲ့သည်။ ဘယ်သူမှမရှိလျှင် သူ ခပ်ပေါ့ပေါ့ပင်သွားလာပြီး လူတွေရှေ့ရောက်ခါနီးလျှင် မျက်မခြင်စတိုင်နှင့် သူလုပ်တတ်၏။ ခုလည်း သူသည် အိမ်ပေါ်မှဆင်းလာတော့လည်းအကောင်း၊ ဧည့်ခန်းမှ ထမင်းစားခန်းထဲဝင်လာတော့လည်း အကောင်း၊ ထမင်းစားခန်းထဲတွင် မေအုပ်စိုးတစ်ယောက် စားဖို့ပြင်ဆင်နေသည်ကိုတွေ့မှ သူ ကန်းသွားတော့၏။

"အို အမ္မေ့. .ဟင် အစ်ကို ဆင်းလာပြီလား.. . ."

မေအုပ်စိုးကို သူ မမြင်လို့တိုက်မိသည့်ပုံစံနှင့် တမင်တိုက်ပြီး နောက်မှသိုင်းဖက်ထားလိုက်လေ၍ မေအုပ်စိုးမှာ ထမင်းစားစားပွဲပေါ်ယိုင်သွားရပြီး အလန့်တကြားလေးဖြစ်ကာ သူ့ကိုဆိုဖြစ်လိုက်ခြင်းပါ။

"အင်း ဆောရီး၊ မေ နာသွားလား၊ ဘယ်ထိသွားသေးလဲ ဟင်. . ."

သူဆိုရင်း မေ့တစ်ကိုယ်လုံးဆီ သူလိုက်စမ်းနေ၍ မေ့မှာ သူ့လက်အစုံကို ဆွဲကိုင်ဖမ်းထိန်းထားလိုက်ရပြီး. . .

"မနာပါဘူး အစ်ကို၊ ဘာမှမဖြစ်ပါဘူး၊ လာ လာ ဒီမှာ ထိုင်၊ ဒီနေရာက အစ်ကို့နေရာ. . ."

မေဆိုရင်း သူ့ကိုနေရာမှာ ထိုင်စေလိုက်သည်။

"ကိုကိုကြီးရေ. .ဒီမှာ ကျွန်တော် ဂျင်မ်နဲ့ ထောပတ်ဘူးတွေ ဝယ်ထားတယ်. . ."

ဂျင်မ်နှင့်ထောပတ်ဘူးတွေကိုငဲ့ပြီး ဂျူးလည်း မနက်စာစားဖို့ ရောက်လာသည်။

"ဟုတ်လား ဒါကြောင့် ငါ့ညီလေးကတော်ပါတယ်လို့ ပြောပြောနေရတာ အဟွန်း ဟွန်း. . .

သူဆိုရင်း ဂျင်မ်နှင့်ထောပတ်ဘူးတွေကို ဖွင့်လိုက်သည်။ ပြီးတော့ ပေါင်မုန့်တစ်ချပ်ကိုယူပြီး ထောပတ်ကိုအရင်သုတ်လိုက်သည်။ ပြီးတော့ အပေါ်ကဂျင်မ်ထပ်ထည့်သည်။ ပြီးတော့ သကြားထပ်ဖြူးသည်။ အမှတ်တမဲ့ သူလုပ်နေပုံတွေကို ဂျူးဂျူးကအံ့သြစွာကြည့်ရင်း စဉ်းစားနေဖြစ်သည်။ မေအုပ်စိုးသည်ကလည်း တခြားအလုပ်လုပ်နေ၍ သတိမထားဖြစ်ပဲရှိ၏။ မင်းအုပ်စိုးသည် ပေါင်မုန့်နှစ်ချပ်ပေးပြီး ဂျူးထံပေးရင်းပြုံးကြည့်သည်။ ဂျူးကလည်း ပေါင်မုန့်ပေး၍ လှမ်းယူရသည့်တိုင် သူ့မျက်နှာချောချောကိုသာ စဉ်းစားအံ့သြရင်း ကြည့်နေဖြစ်ဆဲရှိ၏။ ဒီအထိ မင်းအုပ်စိုးတစ်ယောက်လည်း သတိမထားမိ၊ ဂျူးထံထပ်ပြီးပြုံး၍ပင် ကြည့်လိုက်သေး၏။

× × × × ×

"ဟဲလို ဒေးဗစ်. .ကိုယ်ပါ၊ အကူအညီတစ်ခု တောင်းချင်လို့. . ."

"ပြော အခု ဘယ်ကဆက်နေတာလဲ၊ ဘာလုပ်နေလဲ"

"အိမ်ကပဲဆက်နေတာ၊ အခန်းထဲကပဲဆက်နေတာ၊ ဘယ်မသွားဘူး၊ မင်းကော အခုဘယ်မှာလဲ၊ ကော်ဖီသောက်ပြီးပြီလား"

"ကိုယ်အခုအလုပ်ထဲမှာ. . ."

"ဟင် အစောကြီးပါလား. . ."

"ဟုတ်တယ် အလုပ်သမားတွေကို လက်စသတ်မယ့် တိုက်နှစ်လုံးအတွက် လိုအပ်တာတွေ လာပြောပြနေရတာ၊ ခဏကြာရင် ကိုယ်လာခဲ့မယ်၊ မင်းဘာမှာချင်လို့လဲ. . ."

"အားတော့နာတယ် သူငယ်ချင်းရယ်. . ."

"လုပ်မနေနဲ့ ပြော ဘာလဲ. . ."

"(× ×)ရတနာဆိုင်က ပစ္စည်းဘူး သုံးဘူးလောက် ယူလာခဲ့ပေးပါလို့. . ."

"ဘယ်လိုပစ္စည်းတွေလဲ. . ."

"ကိုယ်ဖုန်းဆက်မှာထားပြီးပါပြီ၊ မင်းသွားယူတာနဲ့ ဆိုင်ကပေးလိုက်လိမ့်မယ်. . ."

"ကောင်းပြီ၊ ဒါပဲမဟုတ်လား. . ."

"အင်း၊ မြန်မြန်လည်း လာနော်. . ."

"စိတ်ချ. . ."

အလုပ်သမားတွေနှင့် အလုပ်ကိစ္စတွေစကားပြောဆိုဆဲ မင်းအုပ်စိုးထံမှ ဖုန်းလာ၍ ဒေးဗစ် ဖုန်းပြောလိုက်ရသည်။ဖုန်းပြောပြီးသည်နှင့် လုပ်စရာရှိသည့် အလုပ်တွေကို ပြောဆိုမှာကြားခဲ့ပြီး ဆိုက်ထဲမှထွက်ခဲ့လိုက်၏။ ကားကိုမောင်းထွက်လာဆဲ ဂျူးဂျူးအစ်မ ချူးကို သတိရလိုက်၍ သူ ဖုန်းဆက်လိုက်သည်။

"ကရင်း ရင်း ရင်း. . ."

လည်ပင်းတွင်ဆွဲထားသည့် ဖုန်းလေးမြည်သည်နှင့် ချူးတစ်ယောက် ချက်ပြုတ်ကြော်လှော်နေဆဲမှ ကပျာကယာဖုန်းလေးဖွင့်ကာ နားထောင်ဖြစ်ရ၏။

"ဟဲလို. . ."

"ဟဲလို ချူး. .ကိုယ် ဒေါ်ဇစ်ပါ. . ."

"ဟုတ်ကဲ့ အစ်ကို၊ ပြော အခု မောင်လေးတို့ အိမ်မှာရှိကြလား. . ."

"အင်း ရှိတယ်၊ ချူးအားရင် သွားတွေ့လိုက်လေ၊ အစ်ကိုလည်း ချူးကိစ္စ ဂျူးကိုရော မင်းအုပ်စိုးကိုပါ ပြောပြဖို့မေ့နေတယ်၊ အခုသွားမှပဲပြောပြတော့မယ်၊ ခုမှ မင်းကိစ္စခေါင်းထဲဝင်လာလို့ မင်းဆီဖုန်းဆက်လိုက်တာ၊ ကဲ ဒါပဲနော်. . ."

"ဟုတ်ကဲ့ အစ်ကို၊ ဟုတ်ကဲ့ ဟုတ်ကဲ့. . ."

မီးဖိုထဲ တိုးတိုးတိတ်တိတ် ဖုန်းပြောပြီး ကပျာကယာဖုန်းလေးကို ချူးပိတ်လိုက်သည်။ ပြီးတော့ ဟိုလင်မယားကို တစ်ချက်ချောင်းကြည့်လိုက်ပြီး ချူးသည် မနက်စာရော နေ့လည်စာအတွက်ပါ တစ်ခါတည်း ချက်ပြုတ်လုပ်ကိုင်နေရခြင်းပါ။ ချူးမှာ တစ်နေ့တစ်နေ့ မအားရ၊ အပြင်ထွက်စရာရှိလျှင် အလုပ်တွေပြီးမှသွားရသည်။ တစ်နေ့တစ်နေ့ သူတို့လင်မယားစားဖို့သောက်ဖို့နှင့် အဝတ်တွေလျှော်ရ၊ မီးပူတိုက်ပေးရ၊ အိမ်သန့်ရှင်းရေးလုပ်ရနှင့် နားရသည်ပင်မရှိအောင် ဖတ်ဖတ်မောနေရရှာပါ၏။

အပြောကောင်းမကြီး၊ အမေကတော့ သူ့ညီမအကြောင်း မသိဘူး၊ သူ့ညီမက ဒီမှာလာပြီး ဇိမ်ကျနေတာ၊ အပျင်းမကြီး သူ့လင်ကိုလည်း နိုင်တဲ့ပုံမျိုး၊ ဟင်း တကယ်တော့ သူ့လင်က သူ့ကိုကြောက်ချင်ဟန်ဆောင်နေတာ၊ တကယ့်လူလည်လင်မယားတွေ၊ စောင့်ကြည့်ရသေးတာပေါ့၊ ငါ့အတွက် ဘာအကျိုးဆောင်ပေးတယ်ဆိုတာ. . .

ချူးတစ်ယောက် အဒေါ်လင်မယားအပေါ် မကြေမချမ်းပြောဆိုရင်း လုပ်စရာရှိသည့်အလုပ်တွေကိုလည်း အဆက်မပြတ်

လုပ်ကိုင်နေဖြစ်ရလေ၏။ မှန်သည်။ ချူးတစ်ယောက်လည်း ကိုယ့်အကြံအစည်တွေနှင့်ကိုယ် ကြိုးစားနေသည့်တိုင် ခုထိဖြင့် မှန်းချက်နှင့် နှမ်းတွက်မကိုက်သေးပဲရှိနေသေးသမျှ (× ×)ဟိုတယ်ရှိ ရည်မွန်လှိုင် တစ်ယောက်သည်လည်းပဲ မင်းအုပ်စိုးအား အသေရရ၊ အရှင်ရရ ပြန်ချဉ်းကပ်တော့မည်ဟု ဆုံးဖြတ်ထားခါမှ ခင်ပွန်းသည်မောင်မောင်ထွန်းတစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက်ကကြီး ရောက်ရှိလာသည့်အတွက် ထင်သလောက် ခြေလှုမ်းမသွက်နိုင်ဖြစ်နေရလေ၏။

လူလည်မောင်မောင်ထွန်းကလည်း ဇနီးဖြစ်သူ မိန်းမလည်မရည်မွန်လှိုင်အကြောင်းအား နောကျေအောင်သိထားသူမို့ နည်းနည်းလေးမှပင် မျက်ခြေပြတ်မခံ၊ မောင်မောင်ထွန်းက မျက်ခြေပြတ်မခံလေ၊ ရည်မွန်လှိုင်တစ်ယောက် လှုပ်၍မရလေအဖြစ်အတွက် ခင်ပွန်းသည်အား သေအောင်မုန်းတီးပြီး သေအောင်ဒေါသထွက်နေရသည်။ သို့သော် ရည်မွန်လှိုင်သည် ခင်ပွန်းသည်အား နည်းနည်းလေးမှ မဆန့်ကျင်ရဲ၊ သို့တိုင် မည်သို့ဖြစ်စေ ရည်မွန်လှိုင်သည် မလျှော့သောဇွဲနှင့် ခင်ပွန်းသည်အလစ်ကို ချောင်းနေဆဲပါတည်း။

× × × × ×

(× ×)ရတနာရွှေဆိုင်မှ မင်းအုပ်စိုးမှာလိုက်သည့် ပစ္စည်းတွေယူပြီး ဒေါ်ဇစ်တစ်ယောက် မင်းအုပ်စိုးရှိရာ တိုက်ကြီးဆီသို့ ရောက်လာပြီဖြစ်၏။

"ကိုယ်ရောက်ပြီ မင်းအုပ်စိုး. . ."

ဧည့်ခန်းထဲဝင်လာရင်း ဒေါ်ဇစ်ဆိုတော့ မင်းအုပ်စိုးသည် ဧည့်ခန်းဆိုဖာကြီးတွင် တစ်ကိုယ်တည်းထိုင်ကာ ငြိမ်လျက်ရှိ၏။ ပုံစံကမျက်မမြင်ပုံစံအပြည့်ပင်၊ နေကာမျက်မှန်အောက်မှ မင်းအုပ်စိုး

သည် ဒေးဗစ်၏ ကျောပိုးအိတ်တစ်လုံးလွယ်ထားသည်ကို အပီကြည့်ကာ ရင်ထဲ ပြုံးချင်နေသည်ကိုထိန်းရင်း. . .

"ပစ္စည်းသွားယူခဲ့လား. . ."

"ယူခဲ့တာပေါ့၊ ရော့. .ဖွင့်ကြည့်ဦး၊ ကိုယ်ဆိုင်ရောက်တော့ မင်းဆီဖုန်းဆက်သေးတာပဲလေ. . ."

"ဒီလောက်လည်း တိကျစရာမလိုပါဘူးကွာ. . ."

"မလိုတဲ့နေမလား၊ အဖိုးတန်ပစ္စည်းတွေဥစ္စာ၊ ဒါနဲ့ ဒီပစ္စည်းတွေက မေအုပ်စိုးအတွက်မဟုတ်လား၊ စစ်ဆေးကြည့်လိုက်ဦးဇလ"

"စစ်ဆေးကြည့်ရအောင် ကိုယ်ကမျက်လုံးမြင်နေရလို့လား"

"အဟွန်း ဆောရီး၊ လက်နဲ့စမ်းကြည့်ကွာ၊ ကိုယ်ဖွင့်ပေးမယ်. . ."

"ရပါပြီ၊ ထားလိုက်ပါ၊ အခု မင်းဘယ်သွားစရာရှိသေးလဲ"

"ကိုယ်အလုပ်ပြန်သွားရဦးမယ်၊ ညော် ဒါနဲ့ မင်းကိုပြောပြရဦးမယ်၊ ဟိုနေ့က မင်းတို့ဈေးလျှောက်ဝယ်ပြီး လျှောက်လည်တဲ့နေ့က ကောင်မလေးတစ်ယောက် ဒီအိမ်ကိုရောက်လာတယ်၊ ကိုယ်မေးကြည့်တော့ ဂျူးရဲ့အစ်မတဲ့. . ."

"ဟင် ညော် ဟုတ်လား၊ ဦးရီးတော်ဇနီးရဲ့သမီးပဲ. . ."

"အေး ဟုတ်တယ်၊ သူလည်းပြောပြတယ်. . ."

"သူက ဘယ်မှာနေလဲ. . ."

"ဒါတော့ ကိုယ်လည်းမေးဖို့မေ့သွားတယ်၊ ရန်ကုန်ရောက်လာတော့ သူ့မောင်လေးနဲ့ တွေ့ချင်လို့ထင်ပါတယ်. . ."

"ဒါဆိုလည်း ဂျူးကိုပြောပြပြီး ဆက်သွယ်ခိုင်းလိုက်လေ"

"ကိုယ်နောက်မှ ပြန်လာခဲ့မယ်၊ အခု ကိုယ်သွားစရာရှိသေးတာ သွားလိုက်ဦးမယ်. . ."

"ကောင်းပြီ. . ."

ဒေးဗစ်တစ်ယောက် ပြောဆိုရင်း ပြန်သွားသည်တွင် အပေါ်ထပ်မှ မေအုပ်စိုးသည် အိပ်ယာခင်းတွေလဲပြီး အောက်ထပ်သို့ဆင်းလာသည်ကို သူသည် မျက်မှန်အောက်မှ လှမ်းကြည့်နေဖြစ်လေ၏။ မေအုပ်စိုးသည်လည်း လျှော်မည့်အိပ်ယာခင်းတွေကို ခြင်းထဲထည့်ကာ ယူဆင်းလာဆဲ ငြိမ်နေသည့် မင်းအုပ်စိုးထံလှမ်းကြည့်ရင်း. . .

"အစ်ကို ပျင်းနေလားဟင်၊ ဒါမှမဟုတ် အစ်ကို ဘာတွေတွေးနေလဲဟင်. . ."

"အစ်ကို မပျင်းပါဘူး မေ၊ အစ်ကိုပျော်နေတာပါ၊ မင်းပြောသလိုပဲ မင်းအကြောင်းကိုတွေးနေတာ. . ."

"ဘာအကြောင်းများလဲဟင်၊ မေ့အပေါ် အစ်ကိုအထင်လွဲနိုင်ပါတယ်၊ ဒါပေမယ့် အစ်ကို့ရဲ့ကျန်းမာရေးကိုတော့ မထိခိုက်မိပါစေနဲ့နော်. . ."

"မေ. .ဒီနားလာထိုင်ပါဦး. . ."

သူခေါ်ရင်း သူ့အနီးလာထိုင်ရန် လက်နှင့်ပုတ်ပြသည်။ မေအုပ်စိုးသည်လည်း သူ့အလိုကျပြုံး၍ သူ့အနီးတွင်လာရောက်ထိုင်၏။ သူသည် မေအုပ်စိုး၏ လက်ကလေးတစ်လျှောက်နှင့် လည်ပင်း၊ မျက်နှာလေးအနှံ့ဆီ မျက်မမြင်လိုကိုင်စမ်း၍ မျက်မှန်အောက်မှ အကြိုက်ကိုကြည့်နေဖြစ်သည်ပါ။ မေသည်က သူ့အလိုကို လိုက်သည့်သဘောလေးနှင့် ပြုံး၍ငြိမ်နေဖြစ်၏။ မင်းအုပ်စိုးသည်က မေ့မျက်နှာလေးဆီ ဖွဖွကိုင်ရင်းမှ သူ့ရင်ထဲမတော့. .

အချစ်ဆိုတာ တကယ်ထူးဆန်းတာ ကိုယ်လည်း ခုမှသိတယ်၊ မင်းကိုချစ်ရတဲ့အချစ်က ဘာနဲ့မှကို နှိုင်းမပြနိုင်အောင်ပဲ၊

မင်းရဲ့ သံစဉ်လေးတွေကို စပြီးကြားလိုက်ရကတည်းက ကိုယ့်ရင်တွေ တုန်ခါခဲ့ရတယ်၊ အချစ်ကိုနည်းနည်းသဘောပေါက်မိတယ်၊ အချစ်ဆိုတာ မဲမြင်ရပေမယ့် အဝေးတစ်နေရာမှာတော့ အတူတူရှိနေပါတယ်မရယ်. . .။

"အဟင်း အစ်ကို. .ဘာဖြစ်လို့လဲ၊ မေ့မျက်နှာကို အလွတ်ဖတ်နေတာလားဟင်. . ."

"ဒါပေါ့ ကိုယ်ကမျက်လုံးမမြင်ရတော့ ကိုယ့်မိန်းမပျောက်သွားရင် ရှာလို့ရအောင်ပေါ့. . ."

"အစ်ကိုကလည်း ဒီလိုအားငယ်တဲ့စကားမျိုး မပြောပါနဲ့၊ အစ်ကို့မျက်လုံးတွေ တစ်နေ့မှာတကယ်ပြန်မြင်လာမှာပါ အစ်ကိုရယ်၊ စိတ်မပျက်နဲ့နော်. . ."

"မေ အစ်ကို့နှာမှာရှိရင် အစ်ကိုဘယ်တော့မှ စိတ်မပျက်ပါဘူး. . ."

"စိတ်ချပါ အစ်ကို၊ မေ အစ်ကို့ကို မျက်လုံးတွေပြန်မြင်လာတဲ့အချိန်အထိ အကောင်းဆုံးပြုစုစောင့်ရှောက်သွားမှာပါ၊ မေ့ကိုယုံကြည်ထားပါနော်. . ."

"ဟင် မေ့စကားက ဘယ်လိုလဲ၊ အစ်ကိုမျက်လုံးတွေပြန်မြင်လာရင်တော့ မေက အစ်ကို့နှားမှာမနေတော့ဘူးဆိုတဲ့ သဘောလား၊ အစ်ကိုတို့က လက်ထပ်ထားတာနော်၊ လင်မယားဆိုတာ မမေ့နဲ့၊ လက်ထပ်တယ်ဆိုတာ အပျော်တမ်းကစားတဲ့အလုပ် မဟုတ်ဘူးဗျာ. . ."

"မေသိပါတယ် အစ်ကိုရယ်၊ မေဆိုလိုလိုတာက အစ်ကို့မျက်လုံးတွေမြင်မှ၊ အစ်ကို မေ့ကိုမြင်တွေ့ရမှ မေနဲ့အစ်ကို့ရဲ့အိမ်ထောင်ရေးကိုစဖို့ပါ၊ အခုလိုကတော့ တစ်ဘက်သတ်ဆန်နေလိမ့်မယ်. . ."

"ဘာကိုတစ်ဘက်သတ်ဆန်တာလဲ. . ."

"မေက မျက်လုံးမြင်တယ်၊ အစ်ကိုကမမြင်ဘူးလေ၊ အစ်ကို့မျက်လုံးတွေမြင်လာမှ မေ့ကိုပေါင်းဖို့ဆုံးဖြတ်ပါ၊ အစ်ကို့မျက်လုံးတွေမြင်တဲ့အခါ မေ့ကိုမနှစ်သက်ခဲ့ရင် အားလုံးစိတ်ဆင်းရဲကြရမယ်မဟုတ်လား၊ အဆုံးစွန့်တဲ့ခံစားမှုတွေ မေ မခံစားချင်ဘူး အစ်ကို"

"ဟင်း. . ."

မေ့စကားများအတွက် သူသက်မမောကို ကြိတ်ချသည်။ ကိုယ့်ဒုက္ခနှင့်ကိုယ်မို့လည်း သူ့ရင်ဝယ်မချင့်မရဖြစ်သွားရ၏။

"ကဲ ထားပါတော့ဗျာ၊ သြော် မေ. .ဒီမှာ ဒီအိတ်ကို ဖွင့်ကြည့်ပါဦး. . ."

"ဘာလဲ အစ်ကို. . ."

ကျောပိုးအိတ်ကို မေ့အနီးတိုးပေးရင်း သူဆိုတော့ မေအုပ်စိုးသည် စဉ်းစားရန်းပြန်မေးဖြစ်သည်။

"ဖွင့်ကြည့်လေ၊ ပြီးရင် ဒီထဲကဘူးတွေထုတ်လိုက်. . ."

"သြော် ကတ္တီပါဘူးတွေ အစ်ကို. . ."

"ဘယ်နှစ်ဘူးလဲ. . ."

"ငါးဘူးပါ. . ."

မေ ထုတ်ယူရင်းဆိုသည်။ မေ့အသွင်လေးက ငြိမ်၍အေးဆေးလွန်းနေ၏။ သူသည် မေ့မျက်နှာလှလှလေးဆီ မျက်တောင်ပင်မခတ်ဖြစ်အောင် စူးစိုက်ကြည့်နေပြီးမှ. . .

"မေ. .ကတ္တီပါဘူး ငါးဘူးလုံးကို ဖွင့်ကြည့်ပါဦး. . "

သူဆိုတော့ မေဖွင့်ကြည့်လိုက်သည်။ ထိုအခါ မေသည် နှုတ်ခမ်းလေးဟဟရှိကာ အံ့သြင်းလွှားရရင်း. . .

"အိုး အစ်ကို. .အဖိုးတန်ရတနာတွေပဲ၊ ဒါတွေကို အစ်ကို ဘာလုပ်ဖို့လဲ. . ."

"မင်းအတွက်ပေါ့၊ ဘာဖြစ်ဖြစ် မင်းဟာ အစ်ကို့ရဲ့မိန်းမပဲ မဟုတ်လား၊ ခင်ပွန်းက ဇနီးကိုဆင်မြန်းပေးတာ. . ."

"အိုး ခက်လိုက်တာ အစ်ကိုရယ်၊ ဒီပစ္စည်းတွေကြောင့်လည်း မေ ဒီထက်ပိုပြီး မလှလာနိုင်ပါဘူး၊ ဒီပစ္စည်းတွေကိုပေးမှ မေ အစ်ကို့ကိုဂရုစိုက်မှာလည်းမဟုတ်ဘူး၊ ဒီပစ္စည်းတွေက ဘာလုပ်ဖို့လဲ၊ မေတော်လည်း အစ်ကိုကဒုက္ခိတဖြစ်နေတာ၊ အစ်ကိုမြင်နိုင်မှာတဲ့လား၊ မေ့အတွက် အရေးကြီးဆုံးက အစ်ကို့မျက်လုံးတွေ ပြန်မြင်လာဖို့ပဲ လိုအပ်တယ်၊ ဒါတွေ မေ့အတွက်မလိုအပ်ဘူး အစ်ကို၊ ဒီပစ္စည်းတွေကြောင့် မေ မပျော်ဘူး၊ အစ်ကိုမျက်လုံးမြင်မှ မေ ပျော်ရွှင်နိုင်မယ်"

"စကားတွေအများကြီး မပြောပါနဲ့ မေ၊ ခင်ပွန်းကဆင်မြန်းပေးတဲ့ပစ္စည်းတွေကို မင်းအနေနဲ့ တန်ဖိုးရှိရှိ မရှိရှိ မြတ်မြတ်နိုးနိုး သိမ်းထားပါ. . ."

မျက်ရည်တွေဝဲရင်း သူ့ကိုနားမလည်နိုင်အောင် ကြည့်နေသည့် မေအုပ်စိုးအသွင်လေးဆီကြည့်ကာ သူဆိုရင်း ထိုင်ရာမှထကာ တုတ်ကလေးနှင့်စမ်းရင်း လှမ်းထွက်သွားပါတော့၏။ မေအုပ်စိုးသည်က ဝမ်းနည်းခြင်း၊ စိတ်ရှုပ်ထွေးခြင်းတွေဖြင့် ပစ္စည်းတွေနှင့်ကျန်ရစ်ခဲ့ရလေ၏။

× × × × ×

တစ်နေပင်ကုန်တော့မည်၊ အိမ်သန့်ရှင်းရေးလုပ်နေရသည်မှာ ခုထိမပြီးသေး၊ မှန်သည်။ ထမင်းစားပြီးကတည်းက ဒေါ်မြမြသွင်တို့လင်မယားက ဧည့်ခန်းတွင်တီဗီထိုင်ကြည့်ပြီး အိပ်ပျော်နေကြပြီ ဖြစ်

သည်။ ချူးကဖြင့် အိမ်သာ၊ ရေချိုးခန်းတွေကို အဝတ်လျှော်ပြီး၍ ဘိုက်တုန်း ချွတ်တုန်း ဆေးကြော်ရတုန်းပါ။

"ကရင်း ရင်း ရင်း. . ."

အိမ်သာတွေတိုက်ချွတ်ဆေးကြောနေဆဲ ဖုန်းလေးမြည်လာ၍ အိပ်ပျော်နေရာမှ ဒေါ်မြမြသွင်နိုးသွားရပြီး .. .

"ဟဲ့ ချူးရေ. .ညီးဖုန်းမြည်နေတယ်၊ လာကိုင်လိုက်ဦး၊ ညီးဖုန်းကြောင့် အိပ်ပျော်နေတာတောင် နိုးရတယ် ဟင်း. . ."

ဒေါ်မြမြသွင်ဆိုပြီး တစ်ဘက်လှည့်ကာ ပြန်အိပ်လိုက်သည်။ အိမ်သာထဲမှထွက်လာပြီး ချူးကဖုန်းလေးကိုဖွင့်ကာ စကားပြောရ၏။

"ဟဲလို . . ."

"ဟဲလို မမချူးလား၊ ကျူးပါ. . ."

"ဟယ် မောင်လေး ကျူး ဝမ်းသာလိုက်တာ. . ."

"မမ အခုဘာလုပ်နေလဲ. . ."

"ဘာမှမလုပ်ပါဘူးဟယ်၊ တစ်နေ့တစ်နေ့ ငါမှာပျင်းနေတာနဲ့ပဲ အချိန်ကုန်နေတာ. . ."

"မမရောက်နေတာ အစ်ကိုဒေးဗစ်ပြောပြမှ သိရတာ၊ ကဲ အခုလိပ်စာပြော၊ လာခေါ်မယ်. . ."

"ဟင် တကယ်လား ကျူး. . ."

"တကယ်ပေါ့ ပြော. . ."

"အေး အေး. .(× ×)လမ်း၊ အထက်ဘလောက်၊ အိမ်(× ×)၊ လာခေါ်နော် ဘယ်တော့လာခေါ်မလဲ. . ."

အားရပါးရနှင့် ပျော်ရွှင်စွာဖုန်းပြောနေသည့် ချူး၏စကားသံတွေကြောင့် ဒေါ်မြမြသွင်ရော ကျော်လွင်ပါနိုးလာပြီး စိတ်ဝင်စားနားထောင်နေဖြစ်ကြ၏။

"ကောင်းပြီ ကောင်းပြီ စောင့်နေမယ်နော် . . ."

စကားအဆုံး ချူး ဖုန်းလေးပိတ်လိုက်သည်။ ချူးမှာ မိမိအတွက် လမ်းစပွင့်သွားရပြီမို့ ဝမ်းသာအားရဖြစ်သွားရရင်း. . .

"ဒေါ်လေး. .မောင်လေးက ကိုဒေးဗစ်အားတဲ့အချိန် လာခေါ်မယ်တဲ့၊ ချူး အရင်လိုက်သွားလိုက်မယ်. . ."

"အေးပေါ့ လိုက်ရမှာပေါ့၊ ဟိုရောက်တဲ့အခါ သူတို့ရဲ့အခြေအနေနဲ့အကြောင်းအရာတွေကို လေ့လာပြီး သမီးက ဒေါ်လေးဆီ ဖုန်းဆက်၊ သမီးဟိုအိမ်မှာရှိနေမှ ဒေါ်လေးလည်း အဝင်ကောင်းသွားမယ်. . ."

အကြံသမားတူဝရီးလူစုမှာ အခြေအနေတွေကောင်းလာပြီမို့ မိမိတို့အကြံကိုယ်စီနှင့် စိတ်ထဲပျော်ရွှင်နေကြရသည်က အမှန်ပါတည်း။

× × × × ×

ရေချိုးပြီး၍ မင်းအုပ်စိုးသည် အဝတ်တစ်စုံယူလဲလိုက်သည်။ အားလုံးပြီးစီးတော့ သူသည် မေအုပ်စိုးအရိပ်ကိုရှာဖွေရင်း. . .

"မေ. .မေ. .မေရေ. . ."

မေအုပ်စိုးကို သူခေါ်သည်။ ထူးသံမကြားတော့ သူသည် သူ့အဝတ်ဘီဒိုကို သွားဖွင့်ကြည့်လိုက်သည်။ သူ့အဝတ်ဘီဒိုထဲမှ ရတနာဘူးတွေ အထပ်လိုက်တင်ထားသည်ကိုမြင်တော့ သူသည် စိတ်ညစ်ကာ အလိုမကျဖြစ်သွား၏။ သည်နောက် သူသည် ဟန်ကောင်းကောင်းနှင့် တုတ်ကလေးနှင့်စမ်းကာ အောက်သို့ဆင်းခဲ့လိုက်လေ၏။ အောက်ထပ်ဧည့်ခန်းတွင်မတော့ မေအုပ်စိုးသည် ပန်းအိုးတွေထိုးရင်း အိမ်အလှဆင်နေသည်ကိုတွေ့လိုက်ရ၍ သူသည် တုတ်

ကလေးနှင့်စမ်းကာ မေအုပ်စိုးအနီးလှမ်းခဲ့ရင်း. . .

"မေ. . ."

"ရှင် အစ်ကို. . ."

"အစ်ကိုနဲ့အိမ်ပေါ်ခဏလိုက်ခဲ့ပါဦး. . ."

"ဘာဖြစ်လို့လဲ အစ်ကို၊ အစ်ကိုလည်း ရေချိုးပြီးပြီပဲ"

"ခဏလေးပါ . . ."

သူဆိုတော့ သူနှင့်အတူပင် အပေါ်ထပ်သို့ တက်လိုက်ဖြစ်ရသည်။ အပေါ်ထပ်အိပ်ခန်းထဲအရောက်မတော့ မင်းအုပ်စိုးသည် မေ့ကိုကိုင်ကာ မျက်နှာချင်းဆိုင်အနေအထားနှင့် ရပ်လိုက်သည်။ ပြီးတော့ မေ့မျက်နှာ၊ နားရွက်နှင့် လည်ပင်းတွေဆီစမ်းကိုင်ရင်း...

"မေ. .နောက်ဆိုရင် မကြာခဏ အစ်ကိုနဲ့တွဲပြီး ပွဲထိုင်တွေဘက်ရလိမ့်မယ်၊ အခုဆိုရင် အစ်ကိုရန်ကုန်ရောက်နေတာ အစ်ကို့အသိုင်းအဝိုင်း အတော်များများက သိကြပြီ၊ ဧည့်ခံပွဲတိုင်း သူတို့ဒိတ်ကြတော့မယ်၊ ဒီတစ်ခါ မသွားမဖြစ်သွားကြရမယ်၊ အစ်ကိုသွားရင် မေမပါလို့လည်းမဖြစ်ဘူးမဟုတ်လား၊ ဒါကြောင့် အစ်ကို့မှာဆင်မြန်းပေးတဲ့ ပစ္စည်းတွေဝတ်ပါ၊ အခု အစမ်းအနေနဲ့ အစ်ကိုကိုယ်တိုင် မေ့ကိုပေးဝတ်ကြည့်ချင်တယ်၊ မေ သွားယူလိုက်နော်"

သူဆိုတော့ မေအုပ်စိုးသည် သက်မမောလေး မသိမသာခဲကာ ဘီဒိုထဲမှ ရတနာဘူးတွေကို သွားယူခဲ့လိုက်ရသည်။ ရတနာဘူးတွေယူလာပြီး အိပ်ယာပေါ်တင်ပေးလိုက်သည်။

"အားလုံးဖွင့်လိုက်လေ မေ. . ."

သူ ခိုင်းသလို မေဖွင့်လိုက်တော့ စိန်၊ မြ၊ နီလာ၊ ပုလဲနှင့် ဘွဲ့များတွေက ဖြတ်ဖြတ်ခါသွားရလေ၏။ မှန်သည်။ ပစ္စည်းတွေအားလုံးက စိန်နှင့်ခြယ်ထားသည့် ပစ္စည်းတွေချည်းမို့ အဖိုးထက်မက

ထိုက်တန်လှပလွန်းပါ၏။ မေသည်က သူ့ကိုကြည့်ပြီး ဆိတ်ဆိတ်ပင်နေတော့သည်။

"မေ. .အစ်ကိုကိုယ်တိုင် နားကပ်ကိုအရင်ပေးဝတ်မယ်နော်"

"ဟင်း. .အစ်ကို့သဘောပါ. . ."

သူဆိုရင်း မေ့နားလေးဆီတစမ်းစမ်းနှင့် စိန်နားကပ်တစ်လုံးတည်းကြီးကို ပေးဝတ်လိုက်သည်။

"သိပ်လှတာပဲ မေရယ်. . ."

"ရှင် အစ်ကိုကမြင်ရလို့လား. . ."

"အဟွန်း အစ်ကိုက ကိုယ့်မိန်းမကို အမြဲတမ်းစိတ်နဲ့ကြည့်နေတာ၊ အကျင့်ဖြစ်သွားပြီလေ. . ."

"အဟင်း အစ်ကိုပြောလိုက်ပုံက မြင်နေရသလိုပဲ. ."

"အဟွန်း ဟွန်း ကဲ ဒီပစ္စည်းတွေတစ်စုံပြီးတစ်စုံ ဝတ်ကြည့်မယ်နော်၊ အစ်ကိုက လက်နဲ့ကိုင်စမ်းပြီး ဝေဖန်မယ်. . ."

သူဆိုရင်း မေအုပ်စိုးကို ပစ္စည်းတွေတစ်ဆင်ပြီးတစ်ဆင် ဝတ်ပေးပြီး မျက်မှန်အောက်မှ အကြိုက်ကြည့်သည်။ ပြီးတော့ သူ့လက်တွေက မေအုပ်စိုး၏လည်တိုင်ကျောကျောနှင့် ရင်ညွန့်သားလေးတွေဆီ ကိုင်စမ်း၏။ တစ်ချိန်မတော့ သူသည် မေ့မျက်နှာလေးကို ကိုင်ကာ မျက်နှာချင်းပူးကပ်မည်အပြု မေက မျက်နှာလေးကို မသိမသာလွဲလိုက်၍ ချော်သွားရ၏။ သူကလည်း ငါးမရ ရေချိုးပြန်မည်လူစားမျိုးမို့ မေ့မျက်နှာလေးနှင့် လွဲချော်သွားသည်တွင် မေ့ကိုရင်ခွင်ထဲ ဆွဲဖက်ထားလိုက်ပြီး သူ့မျက်နှာချောချောသည်က မေမမြင်အောင် ပြုံးရယ်နေဖြစ်လေ၏။

"ဟို အစ်ကို. .မေ ပစ္စည်းတွေ ပြန်သိမ်းလိုက်ဦးမယ်"

မေဆိုသော်လည်း သူကမလွတ်၊ မေ့ကိုနမ်းဖို့ သူထ

ကြိုးစားသည်။ မေကလည်း မသိမသာလေးရှောင်ဖယ်သည်။ သူ့စိတ်ထဲ အားမလိုအားမရဖြစ်ရ၏။ နောက်ဆုံး သူ မေ့ကိုယ်လေးအား တင်းကျပ်စွာထွေးဖက်ထားသည်တွင် မေသည် မျက်လုံးလေးပြူးသွားရရင်း...

"ဟို ဟိုလေ အစ်ကို. .အောက်မှာကျူးတို့ပြန်ရောက်နေကြပြီလားမသိဘူး၊ မေလည်း ပန်းအိုးတွေလုပ်ထားတာ တန်းလန်းကြီး၊ မေ ဒါတွေသိမ်းပြီး အောက်ဆင်းလိုက်ဦးမယ်နော်. . ."

အသံလေးတုန်တုန်၊ ရင်လေးခုန်ခုန်ဖြင့် မေဆိုရင်း သူ့ရင်ခွင်ထဲမှ ထွက်မည်ပြင်တော့ သူကမလွတ်၊ ကြောက်ရွံ့လှုပ်ရှားနေပုံလေးနှင့် ကတုန်ကရင်ဖြစ်နေသည့် မေ့အသွင်လေးဆီကြည့်ပြီး သူသည် သဘောကျကျေနပ်နေဖြစ်ရ၏။ နောက်ဆုံးသော် မေကား သူ့ရင်ခွင်ဝယ် ကြောက်ကြောက်နှင့် မျက်လုံးလေးတွေစုံမှိတ်ကာ မျက်နှာလေးကို ဖွက်၍နေဖြစ်ရာပါသတည်း။ မေ့အသွင်လေးအား သူကကြည့်ပြီး သဘောကျစွာ ပြုံးနေဖြစ်ရပါလေ၏။

× × × × ×

တိုက်ကြီးထဲသို့ဝင်လိုက်သည်နှင့် ချူးတစ်ယောက် အံ့သြဘနန်းဖြစ်သွားရ၏။ မှန်သည်။ တိုက်ကြီးထဲတွင် ရှေးဟောင်းပစ္စည်းများနှင့် ခေတ်ပေါ်ပစ္စည်းအသုံးအဆောင်တွေနှင့်သာ စနစ်ကျလှပစွာရှိနေရသည်မဟုတ်ပါလား။ ပစ္စည်းအားလုံးကလည်း တန်ဖိုးကြီးမားလှသည်ကို ချူးကောင်းစွာသိသည်။ တစ်ချို့ပစ္စည်းတွေဆိုလျှင် ချူးပင်မမြင်ဖူး၊ ထူးဆန်းအဲ့သြခြင်းကြီးဖြင့် ချူးသည် ကိုယ်ကိုလှည့်ပတ်၍ပင် ကြည့်ဖြစ်ရပါလေ၏။

"ကဲ မမချူး. .ဒါကိုကိုကြီးရဲ့တိုက်ပဲ၊ ကျူးတို့က တောင်ကြီး

ကိုမပြန်တော့ဘူး၊ ဒီရန်ကုန်မှာပဲနေတော့မှာ. . ."

"ဟင် ဟုတ်လား. . ."

ဂျူးစကားကြောင့် ချူးအံ့သြစိုးရိမ်သွားသည်။ ချူးမှာ တိုက်ကြီးထဲတွင် မျက်စိသူငယ် နားသူငယ်ကဲ့သို့ဖြစ်နေရသည်ကို ဒေးဗစ်သည် ပြုံးရွှင်ကြည့်ရင်း. . .

"ကဲ ဂျူးရေ. .မင်းမမကို မင်းအခန်းခေါ်သွားပြီး စကားသွားပြော၊ လွတ်လွတ်လပ်လပ် ပြောလို့ရတာပေါ့. . ."

"ဟုတ်ကဲ့ ကိုကိုဒေးဗစ်. . ."

ဂျူးဆိုရင်း အစ်မဖြစ်သူကို လက်ဆွဲခေါ်သွားသည်။ ဂျူးအခန်းထဲကိုဝင်လိုက်တော့လည်း ချူးမှာအံ့သြသဘောကျမဆုံးပါ။ မှန်သည်။ ဂျူးအိပ်ခန်းကြီးထဲတွင်လည်း ဂျူးကြိုက်တတ်သည့် ကစားစရာများနှင့် တီဗီ၊ အဲယားကွန်း၊ ရေခဲသေတ္တာတွေနှင့် ကွန်ပျူတာတွေပါ ပြည့်စုံအောင် ထားထားပေးသည်မဟုတ်ပါတကား။

"ဟယ် ကောင်းလိုက်တာ ဂျူးရယ်၊ တောင်ကြီးက အိပ်ခန်းအတိုင်းပဲ စုံပလုံစေ့နေတာပဲ၊ ဂျူးက တကယ်ကံကောင်းတယ်ဟယ်"

"ဂျူးက ဒီမှာပဲကျောင်းနေတော့မှာ. . ."

"ဟုတ်လား ကောင်းတာပေါ့၊ ဒါနဲ့ ကိုကို့အိပ်ခန်းကဘယ်မှာလဲဟင်. . ."

"ကိုကိုနဲ့မမမေတို့အိပ်ခန်းက ဟိုဘက်မှာ၊ အရမ်းလှတယ်၊ အရမ်းကောင်းတယ်၊ ကျယ်လည်းအကျယ်ကြီးပဲ၊ ကိုကိုက မမမေကို သိပ်ချစ်တာ၊ မမမေကလည်း ကိုကို့ကိုသိပ်ချစ်ပြီး သိပ်ဂရုစိုက်တာ. . ."

ဂျူးပြောပြသည့်စကားတွေကို နားထောင်ပြီး ချူးစိတ်ထဲမကျေမနပ်နှင့် မနာလိုသဝန်တိုနေဖြစ်၏။ ဂျူးအိပ်ခန်းထဲတွင်

မောင်နှမနှစ်ယောက် စကားတွေပြောဆိုရင်း ချူးကလည်း အကြဲနှင့် ဂျူးထံမှစကားနှိုက်၊ အခန်းတွေကိုလည်းလိုက်ကြည့်ပြီး စိတ်ထဲကြံစည်နေဆဲအချိန်များ၌ မင်းအုပ်စိုးနှင့်မေအုပ်စိုးတို့သည်လည်း သူတို့အခန်းထဲမှထွက်ခဲ့ကြပြီး အောက်ထပ်သို့ဆင်းခဲ့လိုက်ကြလေ၏။ အောက်ထပ်အရောက် ဧည့်ခန်းတွင်တစ်ကိုယ်တည်းထိုင်ကာ ကော်ဖီသောက်နေသည့် ဒေးဗစ်ကိုတွေ့သည်တွင် မေသည် အံ့သြသွားရင်း...

"ဟင် ကိုဒေးဗစ်. .ရောက်နေပြီလား၊ ဂျူးတို့မောင်နှမရော"

"ရောက်နေတာက ခုဆိုရင် တစ်နာရီလောက်ရှိတော့မယ်၊ ခင်ဗျားတို့လင်မယားက ခုမှဘယ်ကထွက်လာတာလဲ. . ."

ဒေးဗစ်စကားအတွက် မေသည် မလုံမလဲဖြစ်သွားရရင်း...

"ဟို အစ်ကိုက မေ့ကို အခန်းထဲခေါ်ပြီး ပစ္စည်းတွေဝတ်ပေးနေတာပါ. . ."

"ငါ့မိန်းမနဲ့ငါနဲ့ ချစ်တင်းနှီးနှောနေတယ်ဆိုတဲ့စကားမျိုး ခင်းကြားချင်နေတယ်မဟုတ်လား ဒေးဗစ်. . ."

"အို အစ်ကိုကလည်း. . ."

"ဟား ဟား ဟား. . ."

မေအုပ်စိုးတစ်ယောက် ရှက်သွားပုံလေးအတွက် သူတို့အော်ရယ်ဖြစ်လိုက်ကြ၏။

"ကိုဒေးဗစ်. .အစ်ကိုနဲ့နေဦးနော်၊ မေ ဂျူးအစ်မအတွက် အခန်းသွားပြင်ပေးလိုက်ဦးမယ်. ."

မေဆိုရင်း အပေါ်ထပ်ပြေးတက်သွားသည်တွင် ဒေးဗစ်သည် သဘောကျ၍ မေ့နောက်ကျောလေးဆီ လှမ်းကြည့်ပြုံးနေဖြစ်ရ၏။ ဒေးဗစ်အပြုံးအား မင်းအုပ်စိုးက မျက်မှန်အောက်မှကြည့်ပြီး မိမိမိန်းမကို လှမ်းကြည့်နေ၍ ခံရခက်ခက်ရှိကာ ပြောရခက်ခက်ကြီးလည်း

ဖြစ်၍ ငြိမ်နေရပါတော့၏။ အောက်ထပ်ဧည့်ခန်းတွင် သူငယ်ချင်းနှစ်ယောက် စကားတွေဆိုနေကြဆဲအချိန်မျှာ၌ အပေါ်ထပ်တွင်ကား ဂျူးနှင့်အတူ တိုက်ကြီးကိုလိုက်လေ့လာနေသည့် ချူးနှင့် မေအုပ်စိုးသည် မိမိအိပ်ခန်းရှေ့တွင်ပင် ဆုံတွေ့ဖြစ်ကြရင်း. . .

"ဩော် ညီမလေး လာ၊ ညီမလေးအတွက် ညဝတ်မယ့် အဝတ် မမထုတ်ပေးမယ်. . ."

"မမမေ. .ဒါဆို ကျွန်တော်အောက်ဆင်းတော့မယ်နော်"

"ကောင်းပြီ မောင်လေး. . ."

ဂျူးတစ်ယောက် အောက်ထပ်ဆင်းသွားသည်တွင် မေအုပ်စိုးသည် ချူးကိုမိမိတို့အိပ်ခန်းထဲခေါ်ခဲ့ပြီး ချူးအတွက် ဝတ်စုံတစ်စုံကို သွားရောက်ထုတ်ယူနေဆဲ ချူးသည်က တစ်ခန်းလုံးကိုလေ့လာလိုက်ကြည့်နေသူမို့ ဘီဒိုပေါ်မှတန်းစီတင်ထားသည့် ရတနာဘူးတွေကို တွေ့မြင်သွားရသည်တွင် အံ့သြတကြီးဖြစ်ကာ ဘာတွေလဲဟု ကြည့်ချင်မြင်ချင်သွားရ၏။ သည်အတွက် တစ်ဆက်တည်းလည်း ချူးသည် မေအုပ်စိုးအဝတ်ယူနေတုန်း ကပျာကယာ ပစ္စည်းဘူးတွေကို သွားရောက် ဖွင့်ကြည့်လိုက်သည်မတော့. . .

အိုး လှလိုက်တာ၊ တကယ့်တန်ဖိုးကြီးတဲ့ ရတနာတွေပဲ၊ ကြည့်စမ်း ဒီမိန်းမက ကောင်းစားနေလိုက်တာ၊ မတန်မရာပဲ၊ ငါက ဒီမိန်းမထက်အသက်ငယ်တယ်၊ ကိုကို့ကို ငါရရင် ကိုကိုက ငါ့ကို ပိုပြီးတောင်အလိုလိုက်ဦးမှာ၊ မဖြစ်ဘူး မဖြစ်ဘူး၊ ငါ ကိုကို့ကို အမြန်ဆုံးရအောင်ကြံရမယ်၊ ဒေါ်လေးကိုပြန်ပြောပြရမယ်. . .။

ရတနာဘူးတွေဆီကြည့်ကာ သွားရည်တွေကျ၊ လောဘစိတ်တွေနှင့် ချူးတစ်ယောက် စိတ်ထဲကြံစည်ရေရွတ်ပြီး ရတနာဘူးတွေကို ကပျာကယာ ပြန်ပိတ်ထားလိုက်ပြီး ဟန်မပျက်နေလိုက်သည်။

ဆိုအချိန်တွင် ဝတ်စုံတစ်စုံထုတ်ပြီး မေအုပ်စိုးသည်လည်း ရောက်လာ၏။ ချူးသည် မေအုပ်စိုး၏အသွင်လှလှလေးဆီ စူးစိုက်ကြည့်ပြီး သဝန်တိုစိတ်တွေမှာ တဖွားဖွားဖြစ်ပေါ်နေရသည်။ မေအုပ်စိုးသည်က ချူးထံပြုံး၍ကြည့်လာရင်း. . .

"ရော့ ညီမလေး. .အဝတ်လဲလိုက်ဦး၊ ညီမလေးအတွက် အိပ်ခန်းလည်း ပြင်ထားပြီးပြီ၊ ပြီးရင် အောက်ထပ်ဆင်းကြရအောင်"

မေဆိုတော့ အင်း အဲမလုပ်၊ မေ့လက်ထဲမှဝတ်စုံကိုယူပြီး ချူး သွားလဲဝတ်လိုက်သည်။ ပြီးတော့ မေအုပ်စိုးနှင့်အတူ အောက်ထပ်ဧည့်ခန်းဆီသို့ဆင်းလာခဲ့ကြပြီး စကားတွေပြောဖြစ်ကြ၏။

"ချူးက ဘယ်တုန်းက ရန်ကုန်ရောက်နေတာလဲ. ."

မင်းအုပ်စိုး မေးသည်။

"ခုဆိုရင်တော့ တစ်လပြည့်တော့မယ်ထင်တယ် ကိုကို"

"ဦးရီးတော်က ဘာမှာလိုက်သေးလဲ. . ."

"ဦးရီးတော်ကတော့ အထွေအထူးမမှာပါဘူး၊ မေမေကတော့ ကိုကို့ကို အနီးကပ်ပြစုစောင့်ရှောက်ဖို့ တတွတ်တွတ်မှာနေတာ"

"မင်းလုပ်ပေးစရာမလိုပါဘူးကွာ၊ သူ့မိန်းမရှိနေတာ မင်းအနေသာကြီးပါ၊ မင်းအမေကလည်း. . ."

အေးလေ မမကလည်း. .မမကရော ဘာလုပ်ပေးတတ်လို့လဲ ဟား ဟား ဟား. . .

ဒေးဗစ်ဆိုတော့ ဂျူးကပါ ထောက်ခံဆိုရင်းရယ်သည်။ ချူးက မသိမသာမျက်နှာပျက်ရင်း ဂျူးကိုပါစိတ်တိုသွားရ၏။

"မသိပါဘူး၊ မေမေက မမေအုပ်စိုးပဲ ကိုကို့ကိုကြည့်နေရတော့ အားနာရမယ်တဲ့၊ ဒါကြောင့် ချူးကို ဝိုင်းကြည့်ဖို့ ပြောတာ၊ ကိုကို့ကိုဂရုစိုက်တဲ့၊ မမေအုပ်စိုးက ဘယ်လိုလုပ် ဘယ်လိုကိုင်ပြောပြ

ရင် ချူးလည်းကြည့်တတ်ပါတယ်. . ."

ချူးပြောသည့်စကားတွေကို မင်းအုပ်စိုးနှင့်မေအုပ်စိုးတို့မှာ ငြိမ်သက်နားထောင်နေဖြစ်ကြသည်။ သည့်နောက် မေအုပ်စိုးသည် ထိုင်ရာမှထကာ ပြုံးရင်း. . .

"စကားပြောဦးနော်၊ မေ ကော်ဖီသွားဖျော်လာခဲ့မယ်. ."

မေဆိုရင်း ကော်ဖီဖျော်ရန် ထလာခဲ့သည်။ ထမင်းစားခန်းထဲ အရောက် ကော်ဖီဖျော်ရင်း မေသည် ချူးပြောသည့်စကားတွေကို ပြန်လည်ကြားယောင်ရင်းက တောင်ကြီးတိုက်တွင် နေထိုင်ခဲ့စဉ်က မိမိအား ချူးတို့သားအမိနှစ်ယောက်စလုံး မလိုလားကြသည့်ပုံရိပ်တွေ ကိုသာ ပြန်လည်အမှတ်ရမြင်ယောင်နေဖြစ်ရလေ၏။ ထိုအခါ မေ သည် စဉ်းစားရင်း စိတ်ထဲမကောင်းဖြစ်မိရလေ၏။

❖ ❖ ❖

(နှစ်ဆယ့်နှစ်)

"သမီး ပြန်လာပြီ၊ ကဲ ပြောပါဦး ဟိုအိမ်ကအကြောင်း၊ ဟိုကောင်မအခြေအနေ. . ."

တူမဖြစ်သူချူးတစ်ယောက် ပြန်လာသည်နှင့် အငမ်းမရ ဒေါ်မြမြသွင်မေးသည်။ ချူးကလည်း တစ်ကိုယ်တည်းကျေနပ်အားရမှု တွေနှင့် အိမ်ထဲဝင်လာပြီး ဧည့်ခန်းတွင်ထိုင်ဖြစ်ကြရင်း. . .

"အမလေး ဒေါ်လေးရယ် ပြောချင်စရာတွေချည်းပဲဖြစ်နေလို့ ဘယ်ကစပြီးပြောရမလဲတောင် မသိဘူး. . ."

"ဟိုမှာ တစ်ညအိပ်လာတော့ တိုက်ကြီးရဲ့အခြေအနေကို လေ့လာခဲ့တယ်မဟုတ်လား. . ."

"လေ့လာတာပေါ့ ဒေါ်လေးရဲ့၊ အမလေး တိုက်ကြီးကဖြင့် တကယ့်ကိုကြီးကျယ်ခမ်းနားပါဘိ၊ အထဲကပစ္စည်းတွေကလည်း ကောင်းပေ့ညွှန့်ပေဆိုတာတွေချည်းပဲ၊ တစ်ချို့ပစ္စည်းတွေဆိုရင် ချူး တောင်မမြင်ဖူးဘူး၊ တိုက်ကြီးတစ်ဆောင်လုံးကတော့ လှသလား မမေးနဲ့ ဒေါ်လေးရေ၊ တကယ် တကယ်. . ."

"ဒါနဲ့ ဟိုကောင်မကရော ဘယ်လိုလဲ. . ."

တူဝရီးနှစ်ယောက်ပြောသည့်စကားတွေကို ကျော်လွင်က သတင်းစာဖတ်နေသလိုနှင့် မသိမသာနားထောင်၍နေသည်။

"ပြောမယ် ပြောမယ် သိပ်ပြောချင်နေတာ၊ မေအုပ်စိုးက အခုသိပ်ဇိမ်ကျနေတာ ဒေါ်လေးရဲ့၊ ရွှေဘုံပေါ်မှာစံတဲ့ မင်းသမီးဖြစ် နေတာလေ၊ ကိုကိုမင်းအုပ်စိုးက သူ့အတွက်ဝယ်ပေးထားတဲ့ လက်ဝတ်ရတနာတွေများ အံ့မခမ်းပဲ ဒေါ်လေးရယ်၊ ကြည့်ရတာ

စည့်ခံပွဲတွေရှိမယ်နဲ့တူတယ် ဒေါ်လေးရဲ့. . .”

ချူးစကားအတွက် ဒေါ်မြမြသွင် တစ်ချက်စဉ်းစားလိုက်သည်။ ပြီးမှ. . .

“အင်း. .ဖြစ်နိုင်တာပေါ့၊ တောင်ကြီးသူဌေးမကြီး ဒေါ်ချယ်ရီက မကြာခဏစည့်ခံပွဲတွေ လုပ်နေတာ၊ မင်းအုပ်စိုး ရန်ကုန်မှာရှိတယ် ဆိုတာသိရင် ဖိတ်မှာသေချာတယ်၊ သူတို့တွေက သိပ်ရင်းနှီးတဲ့သူတွေ ဆိုတာ ဒေါ်လေးသိတယ်. .နေဦး၊ မောင်ရေ. . .”

“ဗျာ. . .”

“မ အကြံရပြီ၊ ဒီနေ့ပဲ ဒေါ်ချယ်ရီဆီကိုသွားမယ်၊ ရောင်းမယ့် ပစ္စည်းတွေကိုဝတ်ပြသွားမယ်၊ ဒါမှသူဌေးမကြီးက သူ့ပွဲလုပ်တဲ့နေ့ ကျရင် မတို့ကိုဖိတ်မှာ. . .”

“ဟုတ်တယ် ဟုတ်တယ်၊ ဒေါ်လေးအကြံကောင်းတယ်၊ ဒါပေမယ့် ခုတော့ ကိုကို့အိမ်ကိုပဲ နေ့တိုင်းသွားကြရအောင်၊ နောက်မှ ဒေါ်ချယ်ရီအိမ်ကို ဒေါ်လေးတို့သွားနော်. . .”

“အေးပါ၊ ငါ့တူမအတွက်ပဲ အရင်လုပ်မယ်၊ ကဲ ကဲ အဝတ်လဲကြ သွားမယ်၊ မေအုပ်စိုးဆိုတဲ့မိန်းမ ငါနဲ့တွေ့လို့ကတော့ ငယ်ကျိုးငယ်နာဖော်ပြီးကို အရှက်ခွဲပစ်မယ်၊ သူ့အကြောင်းတွေသိတာနဲ့ မင်းအုပ်စိုးကခွာပစ်မှာပဲ၊ ငါ့တူမ ဘာမှမပူနဲ့၊ ဒေါ်လေးရှိတယ်၊ ငါ့တူမနဲ့မင်းအုပ်စိုးအမြန်စိုးရရစေမယ်၊ နောက်မှ ဒေါ်လေးကိုတော့ မမေ့နဲ့နော်. . .”

“မေ့စရာလား၊ ဒေါ်လေးကလည်း. . .”

စိတ်ကူးယဉ်အိပ်မက်တွေနှင့် တူဝရီးတွေ စကားတွေပြောဆိုရင်း ပြင်ဆင်ကြသည်။ ဘာပဲဖြစ်ဖြစ် သဘောအခွေ့ဆုံးဖြစ်နေရသူက ကျော်လွင်ပင်ဖြစ်၏။ တူဝရီးတွေ အဝတ်တွေလဲပြီး ချူးက

ခေါင်းဆောင်၍အိမ်မှထွက်ခဲ့ကြသည်။ ကားငှားပြီးလာသည်မို့ သိပ်မကြာလိုက်၊ မင်းအုပ်စိုးတို့နေထိုင်သည့်တိုက်ကြီးဆီသို့ ရောက်လာ၏။

“ဟောတော် ဒေါ်လေးရေ. .အိမ်တံခါးသော့ခတ်သွားကြပြန်ပြီ. . .”

အားလုံး ကားပေါ်မှဆင်းလိုက်ကြပြီး၍ ငှားလာသည့်ကားလေး မောင်းထွက်သွားလိုက်လေမှ အိမ်တံခါးသော့ခတ်ထားသည်ကို ချူးတစ်ယောက် စိတ်ပျက်စွာတွေ့လိုက်ရ၍ဆိုဖြစ်၏။

“ခဏစောင့်လိုက်တာပေါ့. . .”

“စောင့်လို့လည်းဖြစ်မှာမဟုတ်ဘူး ဒေါ်လေးရဲ့၊ သူတို့က အပြင်ထွက်ရန် တစ်နေကုန်တာ. . .”

“ဟင် ဒီတော့ ဘယ်လိုလုပ်မလဲ. . .”

“ချူးလည်း ဘယ်ပြောတတ်တော့မလဲ. . .”

“ကဲ ဒါဖြင့်လည်း ဒီလိုလုပ်၊ ညီးကအိမ်ပြန်နေ၊ ငါတို့က ဒေါ်ချယ်ရီဆီ ပစ္စည်းသွားပြသလိုနဲ့ သူ့စည့်ခံပွဲဖိတ်အောင် လမ်းကြောင်းသွားလုပ်ထားမယ်၊ ပြောနေကြာတယ် သွားမယ် ဟင်း..”

ဒေါ်မြင့်သွင်အစီအစဉ်အတိုင်း အားလုံးပြန်ထွက်ခဲ့လိုက်ကြသည်။ ကျော်လွင်သည်က နောက်လိုက်သမားပီပီ နောက်မှပင်လိုက်နေ၏။ ဒေါ်မြမြသွင်မှာ လမ်းလျှောက်နေရ၍ စိတ်တွေကတိုနေ၏။ ဒေါက်ဖိနပ်အမြင့်ကြီးစီးထား၍ ရေရှည်လမ်းလျှောက်၍မကောင်းဖြစ်နေရသည်။ သည့်အတွက် ခင်ပွန်းသည်ကျော်လွင်လက်ကို သွားရောက်တွဲလျှောက်သည်တွင် ကျော်လွင်က စိတ်ပျက်၍ရုံ့မဲ့နေရသည်။ သို့သော်လည်း ကျော်လွင်မှာမပြောရဲ၍ ကြပ်ပြုံးပြုံးနေဖြစ်ရလေ၏။

× × × × ×

မင်းအုပ်စိုး၊ မေအုပ်စိုးနှင့် ဂျူးတို့ဈေးမှပြန်ရောက်လာသည်တွင် အိမ်ရှေ့တွင် ဒေးဗစ်နှင့်ဆုံသည်။ ဒေးဗစ်မှာ သူတို့ဆီပြုံး၍ ကြည့်ရင်း. . .

"ဘယ်အချိန်ထဲက ဈေးသွာတာလဲ. . ."

"ကိုကိုဒေးဗစ် ခုနစ်နာရီခွဲကတည်းက ဂျူးတို့ဈေးသွားတာ၊ အခုပြန်ရောက်တာပဲ. . ."

"ဘာလို့ဒီလောက်စောစောပြန်လာကြတာလဲ၊ နောက်တစ်ရက်မှ ပြန်လာကြပါလား. . ."

မွန်းလွဲနှစ်နာရီအချိန်ကို ပြနေပြီမို့ နာရီဆိုကြည့်ပြီး ဒေးဗစ်ဆိုသည်။ ဒေးဗစ်ဆိုတော့ အားလုံးမှာ ပြုံးနေဖြစ်၏။ ဒေးဗစ်မှာ မေအုပ်စိုးနှင့် မင်းအုပ်စိုးတို့လက်ထဲမှ အထုပ်တွေကိုဆွဲပြီး အိမ်ထဲဝင်သွားသည်တွင် မေအုပ်စိုးသည် မင်းအုပ်စိုးကိုတွဲပြီး နောက်မှလိုက်ဝင်ခဲ့၏။ ဧည့်ခန်းထဲအရောက်မတော့ သူတို့အားလုံးအနားယူထိုင်ပြီး အေးဆေးစွာစကားတွေဆိုဖြစ်၏။

"ဒါနဲ့ မျက်လုံးကြည့်ရတာ ဘယ်လိုနေလဲ၊ ကိုက်လား နာလား. . ."

"မနာပါဘူး၊ ဘာမှမမြင်ရတော့လည်း ဒီလိုပါပဲ. ."

သူ့စကားအတွက် ဂျူးက သူ့ထံတွေးတွေးဆဆဟန်လေးဖြင့် စဉ်းစားသလိုကြည့်သည်။

"ဆေးရော မှန်မှန်သောက်ရဲ့လား. . ."

"မေ တိုက်ပါတယ် ကိုဒေးဗစ်၊ ဒါနဲ့ ဆရာနိုင်ငံခြားသွားတာကြာမယ်နဲ့တူတယ်နော်. . ."

"အင်း ပညာတော်သင်ဆိုတော့ ကြာတော့ကြာမှာပေါ့၊ သူပြန်လာရင်တော့ ပြန်ပြီးခွဲပေးမှာပါ. . ."

"ဟင်း အစ်ကို့အတွက် မေတကယ်စိတ်မကောင်းပါဘူး၊ ကဲ မေ အအေးသွားဖျော်လိုက်မယ်နော်၊ စကားပြောဦး. . ."

မေဆိုရင်း ထိုင်ရာမှထကာ အအေးသွားဖျော်သည်။ သူတို့ကို အအေးတိုက်ထားပြီး မေသည် ဝယ်လာသည့်ပစ္စည်းတွေကို သိမ်းဆည်းသည်။ ပြီးတော့ အိမ်သန့်ရှင်းရေးနှင့် အလှအပတွေကို လုပ်ကိုင်နေဖြစ်၏။

"ဒီည ဒေါ်ချယ်ရီအိမ်က ဖိတ်ထားတယ်မဟုတ်လား"

"အင်း အဲဒီအတွက် လက်ဆောင်လေးတွေလည်း သွားဝယ်လာတာ၊ ကိုယ်တို့ရှစ်နာရီလောက်သွားပြီး စောစောပဲ ပြန်လာကြတာပေါ့နော်. . ."

"ဒေါ်ချယ်ရီက မင်းကိုစောစောပြန်လွတ်ရင်တော့ ကောင်းတာပေါ့၊ ပြီးတော့ မေအုပ်စိုးကိုလည်း ခုမှတွေ့ရမှာဆိုတော့ ကောင်းကောင်းစကားပြောနေဦးမှာ သေချာတယ်. . ."

ဧည့်ခန်းထဲ မင်းအုပ်စိုးနှင့် ဒေးဗစ်တို့စကားတွေပြောဆိုနေဆဲ အချိန်မျာ၌ ဂျူးသည် ဆိုဖာပေါ်တွင်မောပမ်း၍ နှစ်ခြိုက်စွာ အိပ်ပျော်နေပြီဖြစ်လေ၏။

× × × × ×

မိုးကုတ်ထွက်ပတ္တမြားတစ်ဆင်စာကို ရဲပဒေါင်းခတ်အောင်ဝတ်ဆင်ထားပြီး ကြွားကြွားရွားရွားပုံစံကြီးဖြင့် ဒေါ်ချယ်ရီ၏ ဧည့်ခံပွဲကျင်းပသည့်တိုက်ကြီးဆီသို့ မြမြသွင်နှင့်ကျော်လွင်တို့ ရောက်လာကြလေ၏။ ပညာတတ် အထက်တန်းလွှာ လူ့မလိုင်ခဲတွေသာစုဝေးတက်ရောက်ရာ [illegible]မို့ ဒေါ်ချယ်ရီ၏မင်္ဂလာညချမ်းဧည့်ခံပွဲသည် ဂုဏ်သရေရှိစွာ စည်ကားစ၍တင့်တယ်နေရလေ၏။ လူချမ်းသာ၊

လူ့ယဉ်ကျေးများပွဲမို့ စကားအပြောအဆိုနှင့် လှုပ်ရှားမှုတွေကအစ ညင်သာယဉ်ကျေးသိမ်မွေ့လှပါပေ၏။

ထိုအထဲမှ မြမြသွင်တစ်ယောက်သည်က ကျီးတစ်ကောင်နှယ် ဖြစ်နေရသည်။ အသားကမည်းမည်း၊ ဝတ်ဆင်လာသည့် ဝတ်စုံနှင့် လက်ဝတ်ရတနာတွေက တရဲရဲဖြစ်နေ၏။ ခင်ပွန်းသည်နှင့်အတူတွဲ၍ ခြံထဲဝင်လာကတည်းက မြမြသွင်အကြည့်တွေက ကျီးကန်းတောင်းမှောက်ဖြစ်နေရသည်ပါ။ သွားကတစေ့စေ့၊ အံကတတင်းတင်းနှင့် မဲ့ရွဲ့ရင်း ခင်ပွန်းသည်နှင့်လည်း တိုးတိုးပြောဆိုဖြစ်ရသေး၏။

"ဟိကောင်မရောက်နေပြီလား မသိဘူး၊ ဒီကောင်မက သူ့အကြောင်းမသိဘူးဆိုပြီး လူတွေရှေ့မှာ ကြွားဝါနေဦးမှာ၊ မ,ကိုမြင်ရင် ဒီကောင်မ ဘယ်လောက်ထိတ်လန့်သွားမလဲလို့၊ ကောင်းကောင်း အကြောင်းပြလိုက်မယ်၊ မနက်က မင်းအုပ်စိုးအိမ်မှာ အရှက်ခွဲပြောဆို ပစ်မယ်လုပ်ထားတာ မဖြစ်ခဲ့ဘူး၊ တကယ့်ပွဲလည်ခေါင်မှာမှ ဖြစ်တော့တယ်၊ ဒီကောင်မ ပိုပြီးအရှက်ကွဲစေဖို့ ဖြစ်ရတာပဲ၊ အဟင်း လာမောင်. .ဟိုဘက်ဘေးကနေ ကပ်လျှောက်ပြီး တိုက်ထဲဝင်မယ်"

ယောကျ်ားလက်ကိုဆွဲပြီး ကျော်လွှ မြမြသွင်တို့ တိုက်ထဲဝင်ခဲ့ကြသည်။ ဧည့်ခန်းထဲဝင်မည်အပြု ဧည့်ခန်းထဲမှထွက်လာသည့် အပျိုကြီးဒေါ်ချယ်ရီနှင့် တွေ့လိုက်ရ၏။

"ဩော် မြမြသွင်တို့ ပါလားကွယ့်. . ."

"ဟုတ်ကဲ့ အခုပဲရောက်တာပါ၊ လက်ဝတ်ရတနာတွေ ဘာဝတ်ရမလဲဆိုတာ ရွေးနေတာနဲ့ပဲ အချိန်တွေကြာသွားတယ်၊ နောက်ဆုံးတော့လည်း ကိုယ့်နိုင်ငံထွက်ရတနာကိုပဲ အမွန်းတင်ပြီး ဝတ်ခဲ့ရတော့တယ်. . ."

"ဒါပေါ့ မြမြသွင်ဝတ်လာတဲ့ ပတ္တမြားဝမ်းဆက်လေးက

သိပ်လှပါတယ်၊ အရောင်ကိုရဲနေတာပဲ၊ အလုံးလေးပဲ နည်းနည်းသေးတယ်၊ ကဲ ကဲ ခြံထဲကိုလာကြ၊ ခြံထဲမှာလုပ်တာ တိုက်ထဲမှာ ဘယ်သူမှမရှိဘူး. . ."

ဒေါ်ချယ်ရီဆိုရင်း မြမြသွင်တို့ဇနီးမောင်နှံကို ခြံထဲခေါ်ခဲ့သည်။ ထိုအချိန်၌ပင် ဒေါ်ချယ်ရီခြံထဲသို့ ကားတစ်စီးသည် မောင်းဝင်ခဲ့ပြီး တစ်နေရာအရောက် ကားကိုရပ်လိုက်သည်။ ကားပေါ်မှဆင်းလာသူတွေက နိုင်ငံခြားသားဧည့်သည်တွေမို့ ဒေါ်ချယ်ရီသည် မြမြသွင်တို့လင်မယားကိုထားခဲ့ပြီး နိုင်ငံခြားသားဇနီးမောင်နှံကို သွားရောက်ကြိုဆိုဖြစ်ရ၏။ မှန်သည်။ ဒေါ်ချယ်ရီတစ်ယောက် ရောက်လာကြသည့် ဧည့်သည်တွေကို အဆက်မပြတ်ကြိုဆိုကာ ဧည့်ခံနေရဆဲ အချိန်များ၌. . .

မင်းအုပ်စိုး၏တိုက်ကြီးတွင်လည်း ဒေါ်ချယ်ရီ၏ဧည့်ခံပွဲသို့ တက်ရောက်ရန်အတွက် မင်းအုပ်စိုးနှင့် မေအုပ်စိုးတို့သည် ပြင်ဆင်နေကြသည်ပါ။ မေအုပ်စိုးသည် မင်းအုပ်စိုးအတွက် ဦးစွာပြင်ဆင်မေးထားပြီး ဧည့်ခန်းတွင် ဒေးဗစ်၊ ဂျူးတို့နှင့်အတူ ထိုင်စောင့်နေစေ၏။ ပြီးမှ မေသည်အခန်းထဲတွင် တစ်ကိုယ်တည်း ပြင်ဆင်လိုက်သည်။ ပင်ကိုယ်ကလှပကျော့ရှင်းကာ ဝင်းပနေသူလေးမို့ ထူးထူးခြားခြား အလှမပြင်ရပါ။ မိတ်ကပ်ပါးပါးလူးပြီး ပွဲထိုင်ဝတ်စုံနှင့် မင်းအုပ်စိုးဝတ်စေခဲ့သည့် စိန်နှင့်ရွှေ ပုလဲတစ်ဆင့်စာကို ဝတ်ဆင်လိုက်သည်။ ပြီးတော့ ကြိုးသိုင်းဒေါက်ဖိနပ်အသားရောင်လေးကို စီးပြီး ရွှေရောင်လက်ကိုင်အိတ်ကလေးကို ကိုင်ကာ အခန်းထဲမှထွက်ခဲ့လေ၏။

"ဟား . ပ်လှတာပဲ၊ မိုးပေါ်ကကျလာတဲ့ နတ်သမီးလေးလားလို့ တောင်ထင်ရတယ်၊ အရမ်းလှတာပဲဗျာ၊ ကိုကိုကြီးကို

ပေးမြင်စေချင်လိုက်တာ၊ ဖြောင်း ဖြောင်း ဖြောင်း. . ."

လက်ခုပ်လက်ဝါးတီးပြီး ဂျူးကထိုင်ရာမှထကာ အားပါးတရ ဆိုလိုက်သည်။ ဒေးဗစ်ကပြုံး၍လှမ်းကြည့်သည်။ ဘယ်သူမှသတိ မထားလိုက်သည့်အချိန်ကတည်းကပင် မင်းအုပ်စိုးကား လှေကားမှ ဆင်းလာသည့်ရွှေမင်းသမီးလေးထံကြည့်ကာ ခါးပင်မတ်သွားရသည် အထိ လှုပ်ရှားသွားလိုက်ရလေသည် မဟုတ်ပါလား၊ တစ်ဆက် တည်းလည်း မျက်မှန်ချတ်ထားသည့် သူ့မျက်လုံးအစုံ၏အကြည့်တွေ သည် ရွှေမင်းသမီးလေးထံ တည့်မတ်စွာ ရောက်ရှိနေရလေ၏။ သူသည် မျက်တောင်ခတ်ဖို့ပင်မေ့လျော့နေသည်ပါ။ သူသည် သတိ လက်လွတ်ဖြင့် မှင်သက်စွာငေးမောကြည့်နေဆဲ သူ့ပခုံးထက် ဒေးဗစ် ကိုင်လာသည့်အတွေ့ကြောင့် သူသည် မသိမသာလေးအကြည့်ကို လွှဲလိုက်ရလေ၏။

"ကဲ မေအုပ်စိုးဆင်းလာပြီ၊ သွားကြရအောင် သူငယ်ချင်း"

ဒေးဗစ်ဆိုရင်း သူ့ကိုရှေ့မှတွဲခေါ်ခဲ့သည်တွင် သူ့မျက်ဝန်း များထဲ မေ၏လှပုံရိပ်လေးသည် စွဲထင်ပါလာရလေ၏။ ထိုအခါ သူသည်ပျော်ရွှင်စွာဖြင့်-တစ်ကိုယ်တည်းကျိတ်ပြုံးဖြစ်ရလေ၏။ တစ် အောင့်ကြာသည်တွင် ဒေးဗစ်မောင်းလာသည့် ကားလေးသည် ဒေါ်ချယ်ရီခြံထဲသို့ရောက်လာသည်။ ဒေးဗစ်သည် သင့်တော်သည့် နေရာတွင် ကားကိုရပ်ပေးပြီး ကားပေါ်မှ မင်းအုပ်စိုးအားတွဲခေါ်ဆင်း နေချိန်တွင် ဒေါ်ချယ်ရီသည် ဝမ်းမြောက်ပျော်ရွှင်သောအပြုံးတွေနှင့် ရောက်လာရင်း. . .

"လာ လာ မင်းအုပ်စိုးရေ၊ မျှော်နေတာကြာပြီ၊ အိုး ဒါလေး က မင်းအုပ်စိုးဇနီးဆိုတာလေးလားကွယ့်. . ."

"အဟွန်း ဟုတ်ပါတယ် ဒေါ်ချယ်ရီ၊ ဘယ်လိုလဲ ကျွန်တော့်

ဇနီး လှရဲ့လားခင်ဗျာ၊ ကျွန်တော်ကတော့ မမြင်ရတော့ မကြွားရဲ ပါဘူး. . ."

"အိုး လှပါ့၊ လှပါ့၊ လှပါ့ကွယ်၊ လှလိုက်တာမှ အရမ်း လှပချောမောတဲ့အပြင် ချစ်စရာလည်းကောင်းသေးတယ်ကွယ့် မျက်လုံးမမြင်မှပဲ မင်းအုပ်စိုးက အရှာတော်တော့တာပဲကိုး၊ ကဲ လာ လာ မင်းအုပ်စိုးတို့အတွက် သီးသန့်အခန်းကြီးတစ်ခန်း ပြင် ထားပေးတယ်၊ အေးအေးဆေးဆေးစကားပြောကြမယ်နော်၊ မတွေ့ တာလည်း ကြာပြီမဟုတ်လား. . ."

ဒေါ်ချယ်ရီဆိုရင်း မေအုပ်စိုးကိုလက်ကလေးကိုင်ကာ ရှေ့မှ ဦးဆောင်ခေါ်သွားတော့ ဒေးဗစ်သည် မင်းအုပ်စိုးကိုတွဲ၍ နောက်မှ လိုက်ခဲ့၏။ အခန်းတစ်ခုထဲရောက်သည်တွင် မင်းအုပ်စိုးကို နေရာ ချပေးသည်။ မေအုပ်စိုးနှင့် မင်းအုပ်စိုးသည် အတူတူထိုင်ကြပြီး ဒေးဗစ်နှင့်ဒေါ်ချယ်ရီက မျက်နှာချင်းဆိုင်ဆိုဖာများတွင် ထိုင်၏။ ထိုအချိန်များ၌ မြမြသွင်နှင့် ကျော်လွင်တို့သည် ကိုယ့်အကြံနှင့် ကိုယ် မင်းအုပ်စိုးတို့အလာကို စောင့်ကြည့်ရှာဖွေနေကြသည်ပါ သီးသန့်ခန်းထဲတွင်မတော့ ဒေါ်ချယ်ရီသည် ဝမ်းသာစွာစကားတွေ ပြောဆိုနေဖြစ်၏။

"ဒေးဗစ်ရေ. . .".

"ခင်ဗျာ. . ."

"မင်းအုပ်စိုးက မျက်လုံးမမြင်ပဲ ဇနီးချောချောလေးကို ရအောင်ယူနိုင်တာ၊ ဒါသူ့ရဲ့ဖူးစာဖက်လို့ပဲဆိုရမယ်ကွယ့်. . ."

"ဟုတ်ကဲ့ ခင်ဗျာ. . ."

"ညီမလေးကလည်း လှပါ့ဟယ်၊ ဒါနဲ့နာမည်လေးက..."

"မေအုပ်စိုးပါရှင်. . ."

"ဟယ် ကြည့်စမ်း၊ သူတို့က လူတင်ပုံကဖက်တာမှ မဟုတ်ပဲ၊ နာမည်တွေပါ လိုက်ဖက်နေတာကိုး၊ အဟင်း ဟင်း ကောင်းလိုက်တဲ့စုံတွဲလေး၊ ကြည့်ရတာ ကျက်သရေကိုရှိနေတာပဲ"

"ဒါနဲ့ မျက်လုံးခွဲပြီးတာ မအောင်မြင်ဘူးလို့သတင်းကြား တယ်. . ."

"ဟုတ်ကဲ့ ခင်ဗျာ၊ ဆရာဝန်က ပြန်ခွဲပေးမှာပါ. ."

"ပြန်ခွဲရင်တော့ အောင်မြင်မယ်တဲ့လား. . ."

"ဟုတ်ကဲ့ ပြန်ခွဲရင် အောင်မြင်မယ်တဲ့လား. . ."

"အေး ပြန်မြင်ပါစေကွယ်၊ မေအုပ်စိုးလေးကို သနားတယ်"

ဒေါ်ချယ်ရီစကားများအတွက် မေအုပ်စိုးက ပြုံးရှဲနေသည်။ မင်းအုပ်စိုးသည်က မျက်မှန်ကိုကောက်တပ်ထားပြီး မျက်မှန်အောက်မှ လူတွေအားလုံးကို အကြိုက်ကြည့်ကာ လေ့လာနေ၏။ ထိုအခိုက် အပြင်ဘက်တွင် ကျော်လွင်သည်အခန်းထဲမှ စကားသံတွေကြားနေရ၍ တံခါးကိုဟကာ အတွင်းသို့ချောင်းကြည့်နေဆဲ ကျော်လွင်နောက်သို့ မြမြသွင်တစ်ယောက် ရောက်လာပြီး. . .

"ဟဲ့ ဘာချောင်းကြည့်နေတာလဲ . . ."

"ဟာ ဟင်. . .

"အို. . ."

မြမြသွင်၏မထိန်းသိမ်းတတ်သော စကားသံနှင့် နောက်မှ တွန်းလိုက်သည့်အရှိန်ကြောင့် ကျော်လွင်သည်လည်း လန့်ဖြန့်ကာ အခန်းတံခါးပွင့်ပြီး အခန်းထဲသို့ ဝင်ရောက်သွားသလိုရှိသွားလိုက် ရလေ၏။ ကျော်လွင်တို့လင်မယားကိုတွေ့လိုက်ရ၍ အခန်းထဲမှ လူတွေအားလုံးမှာလည်း အံ့သြမှင်သက်သွားကြရသည်။ မှင်သက်ရာမှ စိတ်ဆင်းရဲမှုတွေနှင့် ထိတ်လန့်သွားရသူက မေအုပ်စိုးပါတည်း။

ကျော်လွင်က မိမိ၏ခိုးကြောင်ခိုးဝှက်လုပ်ရပ်ကြောင့် မျက်နှာပူ၍နေသည်။ မြမြသွင်သည်က မေအုပ်စိုးကိုတွေ့လိုက်ရ၍ ဘီလူးသဘက် လင်လုဘက်လိုမျက်နှာထားကြီးက ဆိုးဝါးစွာ ပြောင်းလဲသွားရရှာ၏....

"ဟင် ဟဲ့ ဟိုကောင်မ. .ညော့် ညီးက ဒီတောင်ရောက်နေ တာလား၊ အုံပါရဲ့တော် ညီးတော်တော်သတ္တိကောင်းတာပဲကိုး၊ လင်တွေ တစ်ယောက်ပြီးတစ်ယောက်ပြောင်းပြီး ချူစားမြှူစားတဲ့မိန်းမယုတ်၊ သူများလင်တွေကိုမှ လိုက်မြှူတဲ့မိန်းမလည်မ၊ ခုတော့ ညီးမျက်နှာက တော်တော်ဟန်ဆောင်ကောင်းတာပဲ. . ."

"အို. . ."

ကြမ်းတမ်းလွန်းသော မကြားဝံ့မနာသာ စကားတွေကြောင့် မေအုပ်စိုးသည် မျက်ဝန်းလေးအစုံမှိတ်ကာ ခေါင်းလေးငုံ့နေလိုက်၏။ မိမိကြောင့် အရှက်ကွဲနေရသည့် မင်းအုပ်စိုးနှင့် ဒေးဗစ်တို့ကိုလည်း အားနာ၍မဆုံးပါ။ ဒေးဗစ်၊ ဒေါ်ချယ်ရီနှင့် မင်းအုပ်စိုးတို့သည်က မြမြသွင်နှင့် ကျော်လွင်တို့ထံလှမ်း၍ကြည့်နေကြသည်။ မင်းအုပ်စိုး သည်က ဒီလိုအသံမျိုးနှင့် ဒီလိုစကားမျိုးတွေ ပြောတတ်သည့် မြမြသွင် အား အသံကြားသည်နှင့် မှတ်မိနေသည်ပါ။

"ဒီမှာ. .ခင်ဗျား ဒီလိုတွေလာမပြောသင့်ဘူး၊ ခင်ဗျား ဘာ သဘောနဲ့ပြောတယ်ဆိုတာ မသိပေမယ့် ခင်ဗျားဘယ်လောက် နိုင်းစိုင်းနေတယ်ဆိုတာကတော့ အားလုံးကလက်ခံနိုင်တယ်. ."

"ဟုတ်တယ်ကွယ်၊ မြမြသွင် ဒီလိုတော့ မပြောသင့်ပါဘူး၊ ညည်းနည်းပါးပါးထိန်းမှပေါ့. . .

"အို. .မမချယ်ရီ၊ မထိန်းနိုင်ဘူး၊ သူ့ကိုမြင်ရင် သိပ်ဒေါသ ဖောက်တာ၊ ကျွန်မအနေနဲ့ ဒေါသမထွက်ပဲ ခံနိုင်မလား၊ မမချယ်ရီ စဉ်းစားကြည့်ပါ၊ ဒီကောင်မက မိန်းမလည်၊ အစက ကျွန်မယောက်ျား

နဲ့ လက်ထပ်မယ့်ဆဲဆဲ ကျွန်မသိသွားလို့ပေါ့. . .”

“ဟင် ဘယ်လို. . .”

ဒေါ်ချယ်ရီ အံ့သြသွားသည်။ မအုပ်စိုးသည်က မျက်ရည်တွေကျရင်း. . .

“ဒီကိစ္စတွေက ပြီးခဲ့ပြီပဲရှင်၊ ဒီကိစ္စတွေဖြစ်ရတာကလည်း ကျွန်မ မရိုးသားတာမှမဟုတ်ပဲ၊ ကျွန်မသာမရိုးသားတဲ့မိန်းမဆိုရင် ဒီလိုတောင်ဖြစ်မယ်မထင်ဘူး. . .

“ဟဲ့ နင်ကဟန်ဆောင်ကောင်းတဲ့မိန်းမပဲ၊ နင် ဒီလိုပဲပြောမှာပေါ့. . .”

“ကဲ တော်လောက်ပြီဗျာ၊ နားထောင်ရသလောက် ခင်ဗျားအနေနဲ့သိပ်လွန်နေပါတယ်၊ ခင်ဗျားတို့ အခုဒီကထွက်သွားပါ”

“မ. .လာ သွားမယ်၊ မပြောနဲ့တော့၊ လာ လာပါ သွားရအောင်. . .”

“မဆွဲနဲ့၊ ငါပြောကိုပြောရမယ်၊ မိန်းမလည်၊ မိန်းမရွံပ်မ၊ မာယာများတဲ့မိန်းမ၊ ဟန်ဆောင်ကောင်းတဲ့မိန်းမ. . .”

“လာပါ မရယ်၊ မကောင်းပါဘူး၊ ဟိုမှာလူတွေ ဝိုင်းကြည့်ကုန်ပြီ. . .”

ကျော်လွင်ဆိုရင်း ဇနီးသည်ကို အတင်းဆွဲထုတ် ခေါ်သွားလိုက်ရတော့သည်။ ဒေါ်ဇစ်မှာ မအုပ်စိုးထံတစ်ချက်လှမ်းကြည့်သည်။ စဉ်းစားသည်၊ ထို့အတူပင် ဒေါ်ချယ်ရီနှင့် မင်းအုပ်စိုးတို့သည်လည်း မအုပ်စိုးထံကြည့်သည်။ မအုပ်စိုးသည် မျက်ရည်စလေးတွေနှင့် လောကကြီးအား ရှက်ကြောက် စိတ်ပျက်စိတ်ကုန်နေဟန်လေးဖြင့် ငြိမ်သက်စွာရှိနေရလေ၏။

× × × × ×

ရုက်လန့်ခြောက်ခြားခြင်း၊ နာကြင်ခြင်း၊ ဝမ်းနည်းခြင်း စိတ်ပျက်စိတ်ဓာတ်ကျခြင်းတွေဖြင့် အိမ်သို့ပြန်ရောက်လာခဲ့လေ၏။ ဇည့်ခန်းထဲအရောက်မတော့ မအုပ်စိုးသည် တိတ်ဆိတ်ငြိမ်သက်နေသည့် မင်းအုပ်စိုးထံကြည့်ပြီး. . .

“တောင်းပန်ပါတယ် အစ်ကို၊ မေ့ကြောင့် အစ်ကိုအရှက်ကွဲခဲ့ရပြီ၊ ဂုဏ်သိက္ခာထိခိုက်ခဲ့ရပြီ၊ စိတ်မကောင်းပါဘူး အစ်ကို၊ တောင်းပန်ပါတယ်. . .”

တောင်းပန်စကားတွေဆိုခဲ့ရင်း မအုပ်စိုးသည် မျက်ရည်လေးများ ကြွေသက်ကာ အပေါ်ထပ်သို့ပြေးတက်ခဲ့လိုက်လေ၏။ အပေါ်ထပ်သို့အရောက်မတော့ မအုပ်စိုးသည် ဝမ်းနည်းစွာ ငိုရှိုက်နေဖြစ်၏။ အောက်ထပ်တွင်ကား ဒေးဗစ်သည် သက်မမောကိုချကာ မင်းအုပ်စိုးထံကြည့်ရင်း. .

“မင်းအုပ်စိုး. .သူ့ကိုနှစ်သိမ့်နိုင်မယ်ဆိုရင် သွားနှစ်သိမ့်လိုက်ပါ၊ ကိစ္စတွေကိုတော့ ဖြည်းဖြည်းလေးလာပြီးမှ စဉ်းစားဆုံးဖြတ်တာပေါ့. . .”

ဒေးဗစ်ဆိုတော့ သူ အပေါ်ထပ်သို့ တုတ်နှင့်စမ်းပြီး တက်ခဲ့လိုက်သည်။ အခန်းထဲအရောက်မတော့ မင်းအုပ်စိုးသည် မအုပ်စိုးအနောက်တွင်ရပ်လိုက်ပြီး. . .

“သူပြောသလို တကယ်ဖြစ်ခဲ့သလား မေ. . .”

သိထားပြီးကိစ္စဖြစ်သော်လည်း မသိဟန်ဆောင်၍ သူ ဆိုးသည်။ တစ်နည်းအားဖြင့် မအုပ်စိုး၏စိတ်ကို သူသိချင်၍ပင် မအုပ်စိုးထံမှပြောလာမည့် စကားတွေကို သူနားထောင်ချင်၍ပင် သူ မေးတော့ မသည် မျက်ရည်တွေရွဲနှစ်နေသည့် မျက်နှာလှလှလေးနှင့် သူ့ထံမော့ကြည့်လာပြီး. . .

"ကျွန်မရဲ့ဘဝမှာ ဘယ်သူ့ကိုမှ ဘာမှလိမ်ညာစရာအကြောင်း မရှိခဲ့ပါဘူး၊ သူပြောတာမှန်ပါတယ်၊ ဒါပေမယ့်. . ."

"တော်ပြီ၊ မင်းဝန်ခံရင်ရပြီ၊ နောက်ကိုသူတို့နဲ့ မဆက်သွယ်ရင် ပြီးတာပါပဲ၊ ကိုယ်ခွင့်လွှတ်ပါတယ်. . ."

"ဒီလိုမပြောပါနဲ့ အစ်ကို၊ မေ့စကားကိုဆုံးအောင် နားထောင်ပါ၊ အဖြစ်မှန်တွေကို အစ်ကိုသိဖို့လိုမယ်ထင်ပါတယ်၊ သူတို့ကြောင့် မေ ရေထဲခုန်ချဖို့လုပ်နေတုန်းမှာ အစ်ကိုနဲ့စပြီး တွေ့ခဲ့တာပါပဲ၊ တကယ်တော့ ကိစ္စတွေအားလုံးက မေ နဲ့လို့၊ အလို့၊ ယုံကြည်လွယ်မိလို့ ဖြစ်ခဲ့ရတဲ့ကိစ္စတွေပါ၊ မေ့ကိုယ်မေလည်း ခွင့်မလွှတ်ချင်ဘူး၊ မေ နည်းနည်းလေးမှ အသုံးမကျလို့ ခုလောက်ထိအရှက်ကွဲခဲ့ရတာပါ၊ ဒီလင်မယားက မေ့ကိုအမြဲတမ်းလိုက်ပြီး အရှက်ခွဲနေမှာပဲ၊ မေ့အတွက် နေစရာနေရာမရှိတော့ဘူးနဲ့တူပါတယ်ရှင်၊ အဟင့် ဟင့် ဟင့်. . ."

စကားအဆုံး ဝမ်းနည်းစွာငိုရှိုက်ရင်း အခန်းထဲမှ ပြေးထွက်သွားလိုက်တော့သည်။ မင်းအုပ်စိုးသည်လည်း စိတ်မကောင်းဖြစ်စွာနှင့် ကျန်ရစ်ခဲ့သည်ပါ။ ထိုညကဖြင့် တိုက်ကြီးတစ်ဆောင်လုံးသည် တိတ်ဆိတ်၍နေသည်။ သူတို့ကိုယ်စီ အိပ်ယာဝင်တော့လည်း တိတ်ဆိတ်၍ ငြိမ်သက်နေကြ၏။ မင်းအုပ်စိုးသည်လည်း ပက်လက်စန့်စန့် အိပ်၍ မျက်နှာချောချောသည် ငြိမ်သက်ကာ ဘာတွေစဉ်းစားနေမည်မသိသော်လည်း မေအုပ်စိုးသည်က မြမြသွင်၏ မတရားစွပ်စွဲလွန်းသော စကားတွေနှင့် မင်းအုပ်စိုး၏ မိမိအပေါ်၌ သဘောထားကြီးကြီးနှင့် ခွင့်လွှတ်စွာပြောသည့်စကားတွေကိုသာ ရင်နာစွာဖြင့် ကြားယောင်နေဖြစ်ရပါသတည်း။

× × × × ×

ကြွေရုပ်ကလေးတစ်ဖျ လုပနနယ်လွန်းသည့် မေအုပ်စိုး၏ အလှတရားတွေကို မြင်လိုက်ရသည့် ကျော်လွင်တစ်ယောက်သည်က အိပ်ယာထဲဝင်သည့်တိုင် အိပ်မပျော်နိုင်အောင်ဖြစ်နေရသည်ပဲမှန်သည်။ ကျော်လွင်သည် မေအုပ်စိုး၏ ဝင်းပနေသောအလှတွေကိုသာ မြင်ယောင်ရင်း စိတ်ကူးဖြင့် ဇနီးသည်ဒေါ်မြမြသွင်ဘက် မသို့မသာ ငဲ့ကွက်ကြည့်ဖြစ်လိုက်သည်။ မြမြသွင်သည်က ဒေါသတွေဖြင့် အိပ်ပျော်နေဟန်ပါ။ ကျော်လွင်သည် ဇနီးသည်မစွာတေးလန်မကြီးနှစ်ခြိုက်စွာ အိပ်ပျော်သွားသည့်အချိန်ကိုစောင့်ရင်း နာရီဆီလှမ်းကြည့်နေဖြစ်လေ၏။

အချိန်ကား ည၌နာရီပြန်တစ်ချက်ထိုးပြီဖြစ်၏။ စိတ်ဆင်းရဲမှုတွေနှင့် မေအုပ်စိုးသည်လည်း အိပ်၍မပျော်ပါ။ နောက်ဆုံး မေအုပ်စိုးသည် မင်းအုပ်စိုးထံတစ်ချက်ကြည့်ပြီး အိပ်ယာမှဖြည်းညင်းစွာ ထကာ အခန်းထဲမှထွက်သွားလိုက်သည်။ မေအုပ်စိုး အခန်းထဲမှထွက်သွားသည်နှင့် မင်းအုပ်စိုးသည်လည်း မျက်ဝန်းအစုံပွင့်ကာ မေအုပ်စိုးထံလှမ်းကြည့်၏။ တစ်ဆက်တည်းမှာပင် မင်းအုပ်စိုးသည် စိတ်ကသဝန်တိုခြင်းနှင့် မယုံစားရဲသလိုအတွေးဖြင့် ငြိမ်သက်စွာနိုးကြားနေခဲ့သည်။

ထိုအချိန်များ၌ မေအုပ်စိုးသည်က ထမင်းစားခန်းထဲတွင် မိမိအဖြစ်များအတွက် ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ မိမိကိုယ်မိမိ ဆင်ခြင်ခြင်းနှင့် မျက်ရည်တွေစီးကျရင်း ကော်မီတစ်ခွက်မော့သောက်ပြီးနောက် မေအုပ်စိုးသည် ငိုရှိုက်ရင်း၊ မျက်ရည်တွေသုတ်ရင်းဖြင့် ကော်ဖီခွက်လေးယူကာ ခြံထဲတွင်အေးဆေးစွာဆင်းနေမည်ဟူသော ဆုံးဖြတ်ချက်ကလေးနှင့် အိမ်ရှေ့တံခါးကိုဖွင့်နေဆဲအချိန်များ၌ ခြံထဲသို့

ကျော်လွင်တစ်ယောက်ကား ဘယ်အချိန်ကတည်းက ရောက်လာမှန်း မသိရောက်လာပြီး မေအုပ်စိုးနှင့်တွေ့ရန် ကြံစည်ကြိုးစားနေဆဲ...

တိုက်ကြီး၏အပေါ်ထပ်တွင် မင်းအုပ်စိုးသည်လည်း မေ့အပေါ်၌ သဝန်တိုခြင်း၊ နားမလည်နိုင်ခြင်း၊ မယုံကြည်နိုင်ခြင်းနှင့် စိတ်ထဲမွန်းကျပ်ခြင်းတို့ဖြင့် အိပ်ယာမှထကာ ဝရံတာဘက်သို့ ထွက်ခဲ့လိုက်လေ၏။ ဝရံတာဘက်အရောက်၌ မင်းအုပ်စိုးသည် ဝရံတာတွင်ရပ်ကာ ခြံထဲသို့ငေးကြည့်နေဆဲ ရက်စက်သောတိုက်ဆိုင်မှုသည်က မေအုပ်စိုးသည် အိမ်ရှေ့တံခါးကိုဖွင့်ကာ ခြံထဲသို့ဆင်းအလာ မေ့ကိုမြင်လိုက်ရ၍ ကျော်လွင်သည်လည်း ဝမ်းသာအားရ ပန်းပင်ကွယ်များကြားမှအထွက် ဝရံတာတွင်ထွက်ရပ်နေသည့် မင်းအုပ်စိုးသည် ထိုမြင်ကွင်းအားတွေ့မြင်လိုက်ရလေသော် မင်းအုပ်စိုးသည် အံ့ဩရင်း၊ ကိုယ်ကိုကွယ်ရပ်ကာ စိတ်ထိခိုက်ခြင်းနှင့် ဒေါသတွေဖြင့် မောဟိုက်လှုပ်ရှားနေဖြစ်ရပါတော့၏။

"ဟာ မေ. . ."

"အမေလေး. .ဟင် ရှင် ရှင် ဒါ ဒါဘာလုပ်တာလဲ၊ အိုကြည့်စမ်း ရှင်တို့တော်တော်ဒုက္ခပေးတဲ့လူတွေပါလား၊ သွား သွား"

ပန်းပင်ခြုံအကွယ်မှ ရုတ်တရက်ထွက်လာပြီး အသံခပ်အုပ်အုပ်နှင့်ခေါ်လိုက်သည့် ကျော်လွင့်ခေါ်သံကြောင့် မေအုပ်စိုးသည် ကျော်လွင်ကိုတွေ့သည်တွင် အမှန်ပင်လန့်ဖြန့်သွားလိုက်ရလေ၏။ တစ်ဆက်တည်းလည်း မေအုပ်စိုးသည် အံ့ဩမုန်းတီးစွာဆိုရင်း အိမ်ထဲသို့ပြန်ပြေးဝင်ကာ တံခါးကိုပိတ်ပစ်လိုက်သည်။

"မေ. .မေ. .တံခါးဖွင့်ပါ၊ ကိုယ့်ကိုထွက်တွေ့ပါဦး၊ ကိုယ်မေ့ကိုတွေ့ချင်လွန်းလို့ သတိရလွန်းလို့ ဒီအချိန်ကြီးထွက်ခဲ့ရတာပါ၊ မေ ကိုယ့်ကိုထွက်တွေ့ပါ. . ."

"ကိုကျော်လွင်. .ရှင်ဟာ တော်တော်ယုတ်မာတာပဲ၊ ရှင့်မှာ အိမ်ထောင်ရှိရက်နဲ့ ဘာဖြစ်လို့ သူတပါးကိုလိုက်နှောင့်ယှက်နေရတာလဲ၊ ရှင် ယုတ်မာလို့မဝသေးဘူးလား. . ."

ပြူတင်းမှ မေအုပ်စိုးလှမ်းပြောလိုက်ပြီး ပြူတင်းတံခါးကိုပြန်ပိတ်ကာ မီးခလုတ်တွေပါ ပိတ်ပစ်လိုက်တော့သည်။ ထိုအခါမှ ကျော်လွင်တစ်ယောက်လည်း စိတ်ဓာတ်ကျကာ ခြံထဲမှပြန်ထွက်သွားလိုက်တော့၏။ အပေါ်ထပ်မှလှမ်းကြည့်နေသည့် မင်းအုပ်စိုးသည်က ဆံတစ်ပင်တင်း ချစ်ခြင်းမယားဟူသော ခံစားချက်တွေဖြင့် တစ်ကိုယ်တည်း ကြိတ်မှိတ်ခံစားနေရသည်ပါ။ ။

တော့-စာဝေ
ဒရက်ဆက်ခ ( ) ကျမ်

❖ ❖ ❖